http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်
ရေးသားတော်မူသော

# လယ်တီဝိပဿနာ

အမှတ် (၁၄)

သာသနာတော်နှစ် - ၂၅၅၃ ကောဇာသက္ကရာဇ် - ၁၃၇၁ ခရစ်နှစ် - ၂၀၀၉

http://www.dhammadownload.com



## ရတနာစဝ်( ၇ )ပါး

- စကြာမင်းဖြစ်ပေါ်လာမှသာ 'စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ငွေး၊ သား' စတဲ့ ရတနာခုနှစ်ပါးဖြစ်ပေါ်သလိုမြတ်စွာဘုရားပွင့်တော်မူလာမှသာလျှင် ဗောဇ္ဈင်(၇)ပါး တရားရတနာဖြစ်ပေါ်လာတယ်။

- တစ်ပါးတည်းသော အာနာပါနတရားမှသည် လေးပါးသော သတိပဋ္ဌာန်တရား
သတိပဋ္ဌာန်လေးပါးမှသည် ဗောဇ္ဈင်တရား(၇)ပါး
ဗောဇ္ဈင်တရားမှသည် ဝိဇ္ဇာ+ဝိမုတ္တိမည်သော မဂ်လေးပါးဖိုလ်လေးပါး ရနိုင်၏။
(၁)မှသည်(၄)၊ (၄)မှသည်(၇)၊ (၇)မှသည်(၈)။

တစ်ပြည်လုံးဖြန့်ချိရေး မိခင်ရောဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ် လယ်တီဝိပဿနာ အမှတ်(၁၄)

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# လယ်တီဘဒ္ဒန္တ တာဂရာဘိဝံသမဟာထေရ်

ပြုစုရေးသားတော်မူသော

# လယ်တီဒီဝိပဿနာ

အမှတ် (၁၄)

မိခင်စာအုပ်အမှတ် (၉၄)

| သာသနာနှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၅၃ | ၁၃၇၁ | ၂၀၀၉ |

http://www.dhammadownload.com

အမှန်တရားသည်အောင်ခြင်း

သစ္စာ မေတ္တာ

မိခင်ရောဝတီ

# ပုံနှိပ်မှတ်တမ်း

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာ ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/ ၀၂၄၀၅)၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ဟောကြားသည့် လယ်တီဝိပဿနာ အမှတ်(၁၄)စာအုပ်ကို စာအမှတ်-၁၁၉/၀၁ (ပုံနှိပ်) သသန-၀၉ အရ ထုတ်ဝေပါသည်။

| | |
|---|---|
| စီစဉ်သူ | ဒေါ်ရွှေဝါစိုး (မိခင်ရောဝတီ) |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း (မြ-၀၃၉၈၁) |
| ပုံနှိပ်သူ | ရွှေခြသေ့်ပုံနှိပ်တိုက် (မြ-၀၅၄၁၇) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၃၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | အောင်ကိုမင်း (ပုံရိပ်သစ်) |
| အတွင်းဖလင် | ကိုဦး |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |

မိခင်ရောဝတီစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေဖြန့်ချီသည်။


http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

ဇာဂရာဘိ ဇာဂရန္တံ၊
ဇာဂရာတ္တာယ ဝါစကံ၊
ဇာဂရံ ဇာဂရာဘိဝံသံ၊
ဇာဂရတ္တံ နမေ အဟံ။

အဟံ - ဆရာနုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် " ဇာဂရ" ဟူသော အကျွန်ုပ်သည်၊ ဇာဂရတ္တာယ - မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ၊ ဝါစကေ - သနားခြင်း ကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျက် အထူးသိမြင် ဟောကြားတော်မူတတ်ပါကုန်သော၊ ဇာဂရာဘိ ဇာဂရန္တေ - အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူပြီး နိုးကြားစေတော်မူတတ်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ ဇာဂရံ - အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါးပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကို လည်းကောင်း၊ ဇာဂရာဘိဝံသံ - အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကို လည်းကောင်း၊ ဝါ၊ စံညာဂုနန် ဆင့်ရန် တတွေ သူဌေ သုပဏ်ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူဆရာတော်၊ ရွှေရေးဆောင် ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော် ၊လားရှိုးဆရာတော်၊ ကုန်းသာရွာသိရီမင်္ဂလာကျောင်း ဆရာတော် စသော မဟာထေရ်မြတ်အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္တံ - ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ပြား ငါးပါးနီဝရဏ အိပ်မောကျ လွတ်ကင်း၍ အစိုးတရပိုင်သနိုင်းနင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အား ကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းကျိုးငှါ၊ နမေ - ခြေလက်နဖူး တတောင် ဒူးဟု ငါးဦးတည်ရှိုး ကော်ရော်မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ ဘုရား။

http://www.dhammadownload.com



http://www.dhammadownload.com



# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာ စခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိ ကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီး နောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့ သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ် ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန် သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင် ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါ လိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာ ကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com

## (ခ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ "လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဖြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မှီတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်း တစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

http://www.dhammadownload.com



ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- "ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ

http://www.dhammadownload.com



နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏”ဟူ၍ အာသဘိဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်းပြု၍ လယ်တီဂိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့၊ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရဂ်တတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

http://www.dhammadownload.com



လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဗွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိ ဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် "သူမတူ" တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ "သူမတူ" တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၇/က) လယ်တီကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပရာတွင် ပဋ္ဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရား စခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေမွေ့ဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

http://www.dhammadownload.com

## (စ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲ၊ နဝမတွဲ၊ ဒသမတွဲကို ဓမ္မဒါနထုတ်ဝေပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် လယ်တီဝိပဿနာ အမှတ်(၁၁)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်ကရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြှင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြှင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

http://www.dhammadownload.com



ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့ဩစွာ တွေ့ရှိရပါသည်။

- ပဝါရဏာ
- အသုံးချတဲ့နည်း (၄)မျိုး
- လောဘကင်းအောင် အားထုတ်နည်း
- ခါဏုကောဏ္ဍညထေရ်
- သဗ္ဗဒါသထေရ်

http://www.dhammadownload.com

## (၉) ကျမ်းဦးမှတ်ဖွယ် အမှာစကား

- သာမညဖလအခါတော်နေ့
- သေတာကိုပင်ကုသိုလ်ရအောင်အသုံးချနည်း
- နယ်ချဲ့အောက်မှလွတ်ရအောင်
- သံယောဇဉ်ဆိုတာ
- သရက်ချိုပင်
- အမြတ်ဆုံး

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံ နာထံ**
**ဉေယျသာဂရ ပါရဂုံ**
**ဝန္ဒေနိပုဏ ဂမ္ဘီရံ**
**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္တ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဉ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

http://www.dhammadownload.com



(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံ ပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပဌမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္တဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသော စကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

http://www.dhammadownload.com

## (ည) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုမ်ရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့်ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

http://www.dhammadownload.com



(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးငွေ့သွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမ တော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင် ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေ ရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်သွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်း ပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုတ်လုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူ လေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

http://www.dhammadownload.com



- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။
ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

http://www.dhammadownload.com



**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ဧကမူလာ ဧကက္ခန္ဓော၊ တထောသာခါ ပဘိဇ္ဇရေ<br>
တထာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ<br>
နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ<br>
သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော<br>
သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

http://www.dhammadownload.com



သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျားခွဲမှုကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + ဩနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အည + ဩနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ-တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

လယ်တီဘာဒ္ဒန္တကုဏ္ဍလ
အဂ္ဂမဟာပဏ္ဍိတ
ပဓာန နာယကဆရာတော်
အရှေ့လယ်တီတိုက်၊ မုံရွာမြို့။

XXXXX

http://www.dhammadownload.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလှိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏
ပါဠိစာပေအဆင့်မြှင့်တင်ရေးအကြံပြုကော်မတီ ဥက္ကဋ္ဌ
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ
၏

## ဘဝဖြစ်စဉ်

**ဇာတိဋ္ဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဥ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

http://www.dhammadownload.com

# (တ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

http://www.dhammadownload.com



အရှင်ဩဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)

အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)

အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)

- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော် ဩဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

http://www.dhammadownload.com

## (ဒ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

### ရဟန်းဒါယကာ ဒါယိကာမများ

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ ဂနလ်ာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (ခြောက်)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံး ရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

### ပခုက္ကူစာသင်နည်း

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျှက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီတိုက်"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာယိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

http://www.dhammadownload.com



တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၀ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓိရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် "ပထမ"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် "ပထမငယ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

http://www.dhammadownload.com

## (န) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရ ကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမ အဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင် ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန် နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် **"ပါရာဇိကဏ်"**ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ် သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံ လက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သိရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေ စာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

http://www.dhammadownload.com



ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်းအောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဝိနယကောဝိဒ"** ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီနိကာယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဉက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဉက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

http://www.dhammadownload.com



ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ပြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"

"လူအည့်စား ကိုယ့်အားမပိုင်"

"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"

"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရနှင့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က "**အဂ္ဂမဟာဂန္ထဝါစက**" ပထမစာချဘွဲ့တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် "ရာပြည့်အထိမ်းအမှတ်" "**မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ**

http://www.dhammadownload.com



ဂဏအနု နာယက” ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် “မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာနာယက” ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးသည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား “ပရိယတ္တိသာသနဟိတဓရ”ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

http://www.dhammadownload.com

## (ဘ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

### ကျမ်းဂန်ရေးသားပြုစုခြင်း

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သဖြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့သည်။

### ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ် ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

### စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထား ကိုးကွယ်ခြင်း

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသဖြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့၊ မြသိန်းတန် စာသင်တိုက်၊

http://www.dhammadownload.com



- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မဂ်လာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယရေ စာသင်တိုက်၊
- ဗဟန်း၊ ယောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောမွေ့ရိပ်သာ၊
- မန္တလေးမြို့၊ သမဂ္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးဗြဲ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com



## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပဋ္ဋိပတ္တိသာသနာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ် ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ **“ကျောင်း”**အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

ရှင်တစ်ထောင် အလှူတော်ပွဲ

ဦးဌေးအောင်+ဒေါ်ဌေးဌေးညွန့် သားကြီးမောင်သိန်းသန်းဌေး၊ သားငယ်သိန်းသန်းအောင်

(Sakura)မိသားစုတို့၏ ရှင်ပြုအလှူတော်မင်္ဂလာ ၁၁·၄·၂၀၀၈



http://www.dhammadownload.com

http://www.dhammadownload.com



၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၌ “ဝ”ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

http://www.dhammadownload.com

# (လ) သာသနာပြုလုပ်ငန်းများ

ကလေးသူငယ်များအား "စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ" ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျှက် ရှိသည်။

## နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်းတစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခေတ်အလင်းရောင်ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၁၅)ကြိမ်၊ အခြားဌာနပေါင်း (၁၄၀)ကျော်တို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးချီးမြှင့်တော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

http://www.dhammadownload.com



**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

၀၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

http://www.dhammadownload.com



တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဥ္စမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇)နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံထမ်းဆောင်တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခေတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူလျက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါနပြုတော်မူသည်။ မစိုးရိမ်ရာပြည့်ပွဲ ၌ ဒီပနီပေါင်းချုပ် အင်္ဂလိပ်-မြန်မာ (၃)ကျမ်းတွဲကို အုပ်ရေ(၂၀၀၀) ရိုက်နှိပ် ဓမ္မဒါနပြုတော်မူခဲ့သည်။

**လယ်တီဝိပဿနာပြန့်ပွားအရေးအဖွဲ့**

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၁၄၀)ကျော် တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

http://www.dhammadownload.com



**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အထက်တန်းကျောင်းခွဲဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက် ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်း စောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျွတ္တဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ဓုတင်္ဂရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

http://www.dhammadownload.com

## (ဠ) သာသနာပြုလုပ်ငန်းများ

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမျာ း လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာ သာသနာအကျိုး မျှော်ကိုးပြီး -

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံသာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေးစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးလျှက် ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျှက် ပညာရင်နို့ သောက်စို့စေတော်မူသည်။

http://www.dhammadownload.com



**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြု ဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်"ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေး အားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့်တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း"ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကို ခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံ သင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်"ဟူသော ဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အဂ္ဂိထောင့် (၂)ကေခန့်ရှိ မြေနေရာ၌ "နယ်စပ်ဒေသနှင့်တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီး သီလရှင်သင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင် ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

http://www.dhammadownload.com



ကျန်းမာပညာ” တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျှက်ရှိသည်။

အဆိုပါသုံးဌာနတို့၌ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သောကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ( ၃၄)ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “ဥတ္တမပုရိသဒီပနီသုံးထပ်ကျောင်းဆောင်”အတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော “သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း”

ဦးမောင်မောင်ခဆွေ + ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီးကေခိုင်ခ တို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စက်ဘုပ္ပရွှေကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက်အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အနွယ်တော်ဝင် ထိန်းသိမ်းစောင်ရှောက်ရေး နာယကဆရာတော်များ အဖွဲ့အားနောက်ဆံမတင်းရန် အသီးသီးနယ်မြေ သတ်မှတ်ခွဲခြား လှူဒါန်းလွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံ အုပ်ချုပ်ရေးကျင့်သားရအောင်ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

http://www.dhammadownload.com



ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေ့ဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာစာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမ ကျောင်းတိုက် ဆရာတော်ကြီး၏ ခွင့်ပြုမှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

http://www.dhammadownload.com



၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရုံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ တောင်ကြီးမြို့၊ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။

၁၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဝေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့ ဒေ့စည်း အဆင့်မြင့် (၄၇) စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုခ်သင် အဆုံးအဖြတ် ခံယူ၍ လယ်တီဝိပဿနာ(၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက်ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့်ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အန္တယ်တော်ဝင် ဘုရားကျောင်းကန်စေတီပုထိုး (၁၇) ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ အသီးသီး တာဝန်ခွဲဝေကာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်အုပ်ချုပ်ရန် စီမံလွှဲအပ်လှူဒါန်းပြီး ဖြစ်သည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ (ကဃ)

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်၏အမိဋ္ဌာန် (၁)**

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငါ့ကြောင့်
အေးစေမည်။ ။

**ဆရာတော်၏အမိဋ္ဌာန် (၂)**

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟူ၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငါ့တန်ခိုးဖြင့်
ငါ့မျိုးငါ့ဆွေ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ ငါ့ခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

xxxxx

http://www.dhammadownload.com



# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ ယေက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

http://www.dhammadownload.com



သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ်အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉ္စလောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ င် အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

http://www.dhammadownload.com



## နိဒါန်း

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဥ္စာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်မထ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမှု ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့် ရာ၏။

http://www.dhammadownload.com



၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေငှာ ဗောဓနေယျံ ဂါထာပြန်လျှင် အံဝင်ခွင်ကျ ဖြစ်ကြမည်ခရေး မျှော်ထောက်တွေး -

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**

**ခဏေန ဥပဂန္တွာ၊ ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင် ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

✕✕✕✕✕

http://www.dhammadownload.com

(ကဗျ) နိဒါန်း

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမှူးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဘိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

XXXXX

## "ဤခေတ်ဖွားရှင် သတိဆင်လော့"

ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်

http://www.dhammadownload.com


## နိဒါန်း (ကည)

ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ခေတ်မှန်ခေတ်တည့်
လျှပ်စစ်လွှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှီးသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွှဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

XXXXX

http://www.dhammadownload.com

# ခြသေ့်ပုံမှီ မြတ်ယောဂီ



တိတ္ထိအယူမှား ရောင်ကြွဥ်ရား၍
ဘုရားသာသနာ ကြည်ညိုလာသည့်
ဓမ္မာသောက မင်းမြတ်လှသည်
ရွှင်ပြုကြည်ပွား ယုံကြည်အားကြောင့်
တရားအစု အာရုံပြုရည်
စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်
ကျောင်းပေါင်း ရှစ်သောင်းလေးထောင်
ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်
များမြောင်ဒါန ပြုပြီးမှလျှင်
တတိယသင်္ဂါယနာ ဒါယကာခံယူ ကျောက်စာထွင်းခဲ့
ဘုရားသာသနာ ပြုကြရာဝယ်
လေးဖြာဝန်ထမ်း ပုံရိပ်မှန်းဖို့
ထူးဆန်းအံ့လောက် ပုံတည်ဆောက်စေ့
ခြသေ့်ဂုဏ်ရှိန် ချင့်နှိုင်းချိန်သော်

၁။ ရောင်ရှိန်ဖြူဖွေး ညစ်ကြေးမထင် သန့်ရှင်းစင်သို့
မတင်ညစ်ကြေး ဖြူဖြူဖွေးသည့် ညစ်ကြေးကင်းရှင်း
ဖြူစင်စိတ်ထား ယုံမှားတွေဝေ ကင်းစင်စေ၏။
၂။ လေးချောင်းအခြေ ရဲရင့်လေ၍ မသွေလမ်းကြောင်း
သွားလာမောင်းသို့ ခြေကောင်းရှုဒ္ဓိ လေးအင်ရှိရ။
၃။ လှပတင့်တယ် ရှစ်ဖွယ်တည့် လည်ဆံရှိသို့ လှဘိသီလ။
၄။ သက်မျှသေစေ မညွှတ်လေသို့ လေးထွေပစ္စည်း
ရှားပါးနည်းလည်း မညီသည့်အောက်မျှ မညွှတ်ရော။
၅။ ရလာသမျှ ပစ္စည်းမသိမ်းဆည်း ရောင်ကြွဥ်။

http://www.dhammadownload.com



၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာဝန်မျှရုံ သုံးဆောင်တုံ၏။

၇။ ရတုံမရ ပူတောင့်တကင်း ခြသေ့်မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

သန္တုဋ္ဌောယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန
ပိဏ္ဍပါတေန ဣတရီတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ
ဝဏ္ဏဝါဒီ၊ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ
အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊
လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော
အာဒီနဝဒဿဝီ နိဿရဏပညော ပရိဘုဉ္ဇတိ။

စရိုဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေး အလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

xxxxx

http://www.dhammadownload.com



မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာဓာတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

## 'ပိဋကတ်သုံးပုံ ဓမ္မစေတီ'
## ဘုရားရှိခိုးကြီး

တေန ဘဂဝတော ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊
၂။ မဇ္ဈေ ကလျာဏာနိ၊
၃။ ပရိယောသာန ကလျာဏာနိ၊
၄။ သာတ္ထာနိ၊
၅။ သဗျဉ္ဇနာနိ၊
၆။ ကေဝလပရိပုဏ္ဏာနိ၊
၇။ ပရိသုဒ္ဓါနိ၊
၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊
၉။ အတ္ထဂမ္ဘီရာနိ၊
၁၀။ ဓမ္မဂမ္ဘီရာနိ၊
၁၁။ ဒေသနာဂမ္ဘီရာနိ၊
၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊
၁၃။ သီလက္ခန္ဓဘာဇနာနိ၊
၁၄။ သမာဓိက္ခန္ဓဘာဇနာနိ၊

http://www.dhammadownload.com



၁၅။ ပညက္ခန္ဓ ဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္ဗောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယောသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓ ဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္ဗောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တနိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

http://www.dhammadownload.com

## (ကဃ) မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

### မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

**ဝိနယ**

| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ |
| | ၂၂၆၀ |

♣♣♣♣♣

**မဇ္ဈိမနိကာယ**

| | |
|---|---|
| ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| | ၁၂၀၆ |

♣♣♣♣♣

**ဒီဃနိကာယ**

| | |
|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ |
| | ၇၇၉ |

♣♣♣♣♣

**သံယုတ္တနိကာယ**

| | |
|---|---|
| ၁၂။ သံယုတ္တပါဠိ (ပ) | ၄၇၂ |
| ၁၃။ ။ (ဒု) | ၅၆၇ |
| ၁၄။ ။ (တ) | ၄၁၅ |
| | ၁၄၅၄ |

♣♣♣♣♣

## မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ (ကတ)

### အင်္ဂုတ္တရနိကာယ


| | | | |
|---|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ | (ပ) | ၅၈၀ |
| ၁၆။ | ။ | (ဒု) | ၅၁၃ |
| ၁၇။ | ။ | (တ) | ၅၅၈ |
| | | | ၁၆၅၁ |


♣♣♣♣♣

### အဘိဓမ္မာ


| | | | |
|---|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | | ၄၅၃ |
| ၂၀။ | ဓာတုကထာ | | |
| | ပုဂ္ဂလပညတ္တိ | | |
| ၂၁။ | ကထာဝတ္ထုပါဠိ | | ၄၅၄ |
| ၂၂။ | ယမကပါဠိ | (ပ) | ၂၆၅ |
| ၂၃။ | ။ | (ဒု) | ၃၁၆ |
| ၂၄။ | ။ | (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ | (ပ) | ၄၆၄ |
| ၂၆။ | ။ | (ဒု) | ၄၉၃ |
| ၂၇။ | ။ | (တ) | ၆၀၅ |
| ၂၈။ | ။ | (စ) | ၆၃၆ |
| ၂၉။ | ။ | (ပဉ္စ) | ၄၈၈ |
| | | | ၄၉၈၇ |


♣♣♣♣♣

### ခုဒ္ဒကနိကာယ


| | | | |
|---|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ | | |
| | ဓမ္မပဒပါဠိ | | |
| | ဥဒါနပါဠိ | | |
| | သုတ္တနိပါတပါဠိ | | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ | | |
| | ပေတဝတ္ထုပါဠိ | | |
| | ထေရဂါထာပါဠိ | | |
| | ထေရီဂါထာပါဠိ | | ၄၃၅ |
| ၃၃။ | အပဒါနပါဠိ | (ပ) | ၄၄၅ |
| ၃၄။ | ။ | (ဒု) | |
| | ဗုဒ္ဓဝံသပါဠိ | | |
| | စရိယာပိဋကပါဠိ | | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ | (ပ) | ၄၀၀ |
| ၃၈။ | ။ | (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ | | |
| | ပေဋကောပဒေသပါဠိ | | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | | ၄၀၈ |
| | | | ၄၄၁၈ |


♣♣♣♣♣

# အဋ္ဌကထာကျမ်းစာများ


## ဝိနယအဋ္ဌကထာ

၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) ၃၄၆
၂။ ။ (ဒု) ၃၁၂
၃။ ပါစိတျာဒိအဋ္ဌကထာ ၄၃၇
၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ ၂၆၅
၅။ ဝိနယသင်္ဂဟအဋ္ဌကထာ ၄၆၈
၆။ ကင်္ခါဝိတရဏီအဋ္ဌကထာ ၃၇၅
၂၁၈၅

## ဒီဃနိကာယ

၇။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၃၃၈
၈။ မဟာဝဂ္ဂအဋ္ဌကထာ ၄၀၃
၉။ ပါထိကဝဂ္ဂအဋ္ဌကထာ ၂၅၁
၉၉၂

## မဇ္ဈိမနိကာယ

၁၀။ မူလပဏ္ဏာသအဋ္ဌကထာ(ပ) ၃၉၈
၁၁။ ။ (ဒု) ၃၂၀
၁၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၃၀၉
၁၃။ ဥပရိပဏ္ဏာသအဋ္ဌကထာ ၂၅၄
၁၂၈၁

## သံယုတ္တနိကာယ

၁၄။ သံယုတ္တအဋ္ဌကထာ (ပ) ၃၂၅
၁၅။ ။ (ဒု) ၃၂၄
၁၆။ ။ (တ) ၃၄၁
၉၉၀

## အင်္ဂုတ္တရနိကာယ

၁၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ) ၄၁၆
၁၈။ ။ (ဒု) ၃၉၇
၁၉။ ။ (တ) ၃၅၇
၁၁၇၀

## အဘိဓမ္မာ

၂၀။ အဋ္ဌသာလိနီအဋ္ဌကထာ ၄၅၄
၂၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ ၅၀၈
၂၂။ ပဉ္စပကရဏအဋ္ဌကထာ ၄၉၉
၁၄၆၁

## ခုဒ္ဒကနိကာယအဋ္ဌကထာ

၂၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) ၃၄၅
၂၄။ ။ (ဒု) ၃၂၃
၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ ၂၁၆
၂၆။ ဓမ္မပဒအဋ္ဌကထာ (ပ) ၄၄၇
၂၇။ ။ (ဒု) ၄၅၆
၂၈။ ဥဒါနအဋ္ဌကထာ ၃၉၂
၂၉။ ဣတိဝုတ္တကအဋ္ဌကထာ ၃၅၅
၃၀။ သုတ္တနိပါတအဋ္ဌကထာ (ပ) ၃၁၄
၃၁။ ။ (ဒု) ၃၂၄
၃၂။ ဝိမာနအဋ္ဌကထာ ၃၃၅
၃၃။ ပေတဝတ္ထုအဋ္ဌကထာ ၂၇၀
၃၄။ ထေရဂါထာအဋ္ဌကထာ(ပ) ၄၈၅
၃၅။ ။ (ဒု) ၅၄၆
၃၆။ ထေရီဂါထာအဋ္ဌကထာ ၃၀၅
၃၇။ အပဒါနအဋ္ဌကထာ(ပ) ၃၅၂
၃၈။ ။ (ဒု) ၃၀၃
၃၉။ ဗုဒ္ဓဝံသအဋ္ဌကထာ ၃၅၄
၄၀။ စရိယာပိဋကအဋ္ဌကထာ ၃၂၈
၄၁။ မဟာနိဒ္ဒေသအဋ္ဌကထာ ၄၁၉
၄၂။ စူဠနိဒ္ဒေသအဋ္ဌကထာ ၁၃၉
နေတ္တိအဋ္ဌကထာ ၂၇၆
၄၃။ ဇာတကအဋ္ဌကထာ (ပ) ၅၃၈
၄၄။ ။ (ဒု) ၄၀၈
၄၅။ ။ (တ) ၅၀၇
၄၆။ ။ (စ) ၅၀၄
၄၇။ ။ (ပဉ္စ) ၅၅၃
၄၈။ ။ (ဆ) ၃၃၂
၄၉။ ။ (သ) ၃၈၇
၅၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) ၃၇၀
၅၁။ ။ (ဒု) ၃၅၆
၁၁၃၂၉

# ဋီကာကျမ်းစာများ

## ဝိနယဋီကာ

| | | |
|---|---|---|
| ၁။ | ဝဇိရဗုဒ္ဓိဋီကာ | ၅၈၅ |
| ၂။ | သာရတ္ထဒီပနီဋီကာ (ပ) | ၄၆၀ |
| ၃။ | ။ (ဒု) | ၄၄၈ |
| ၄။ | ။ (တ) | ၄၉၆ |
| ၅။ | ဝိမတိဝိနောဒနီဋီကာ (ပ) | ၃၆၂ |
| ၆။ | ။ (ဒု) | ၃၃၂ |
| ၇။ | ကင်္ခါဝိတရဏီပုရာဏဋီကာ | |
| | ကင်္ခါဝိတရဏီအဘိနဝဋီကာ | ၄၈၉ |
| | | ၃၇၈၂ |

## ဒီဃနိကာယဋီကာ

| | | |
|---|---|---|
| ၈။ | သီလက္ခန္ဓဝဂ္ဂဋီကာ | ၄၀၅ |
| ၉။ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ပ) | ၄၃၇ |
| ၁၀။ | ။ (ဒု) | ၅၀၀ |
| ၁၁။ | မဟာဝဂ္ဂဋီကာ | ၃၅၈ |
| ၁၂။ | ပါထိကဝဂ္ဂဋီကာ | ၂၉၂ |
| | | ၁၉၉၂ |

## မဇ္ဈိမနိကာယဋီကာ

| | | |
|---|---|---|
| ၁၃။ | မူလပဏ္ဏာသဋီကာ (ပ) | ၃၉၄ |
| ၁၄။ | ။ (ဒု) | ၃၂၄ |
| ၁၅။ | မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | ၄၄၂ |
| | | ၁၁၆၀ |

## သံယုတ္တဋီကာ

| | | |
|---|---|---|
| ၁၆။ | သံယုတ္တဋီကာ (ပ) | ၃၄၅ |
| ၁၇။ | ။ (ဒု) | ၅၅၁ |
| | | ၈၉၆ |

## အင်္ဂုတ္တရဋီကာ

| | | |
|---|---|---|
| ၁၈။ | အင်္ဂုတ္တရဋီကာ (ပ) | ၂၈၈ |
| ၁၉။ | ။ (ဒု) | ၃၉၆ |
| ၂၀။ | ။ (တ) | ၃၇၁ |
| | | ၁၀၅၅ |

## အဘိဓမ္မာဋီကာ

| | | |
|---|---|---|
| ၂၁။ | ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| | ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ | ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| | ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ | ပဉ္စပကရဏမူလဋီကာ | ၂၄၈ |
| | ပဉ္စပကရဏအနုဋီကာ | ၃၂၃ |
| | | ၁၄၅၈ |

## ကျန်ဋီကာ

| | | |
|---|---|---|
| ၂၄။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) | ၄၆၁ |
| ၂၅။ | ။ (ဒု) | ၅၃၅ |
| ၂၆။ | နေတ္တိဋီကာ | |
| | နေတ္တိဝိဘာဝိနီဋီကာ | ၃၅၆ |
| | | ၁၃၅၂ |

http://www.dhammadownload.com

# (က၈) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

**သင်ရိုး ပိဋက**

**ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ**

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| စုစုပေါင်း | ၂၀ | ၈၀၂၆ | ၁၀ | ၃၈၁၃ | ၁၄ | ၆၁၂၃ |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည့် ဓမ္မစေတီတော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျှက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန်ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com



**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်ဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူ့ပြည်ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရားကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုမ်ဆောင်တော်မူခဲ့ကြပါသည်။

http://www.dhammadownload.com

## (ကပ) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နှုတ်ဖြင့်ဆောင်သည် ရင်နှီးရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

အဖြေကား- နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဉ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျောက်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

http://www.dhammadownload.com



**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာဇည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ပြတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင် မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

http://www.dhammadownload.com

## (၈၉)  ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက်ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန်အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော်များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သတည်း။

♣♣♣♣♣

http://www.dhammadownload.com

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (ကဘ)

**မြန်မာနိုင်ငံ**
**လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်**

| အထက် | အလယ် | အောက် |
| --- | --- | --- |
| ၁ | ၂ | ၃ |

(၁) မြန်မာပြည်အထက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၂) မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၃) မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

### တည်နေရာ

**ဗဟိုအဖွဲ့ချုပ်**
- မုံရွာမြို့၊ သုဓမ္မစာရီဗိမာန်တော်၊

**အထက်ပိုင်းအဖွဲ့ချုပ်**
- ယင်းမာပင်မြို့နယ်၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊

**အလယ်ပိုင်းအဖွဲ့ချုပ်**
- နေပြည်တော် ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်၊

**အောက်ပိုင်းအဖွဲ့ချုပ်**
- ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်

### နယ်နိမိတ်

(၁) **အထက်ပိုင်းနယ်မြေ**
- စစ်ကိုင်းတိုင်း

http://www.dhammadownload.com

(ကမ) လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

- ကချင်ပြည်နယ်
- ချင်းပြည်နယ်
- မကွေးတိုင်း

(၂) အလယ်ပိုင်းနယ်မြေ

- နေပြည်တော်တိုင်း
- မန္တလေးတိုင်း
- ပဲခူးတိုင်း
- ကရင်ပြည်နယ်
- ကယားပြည်နယ်

(၃) အောက်ပိုင်းနယ်မြေ

- ရန်ကုန်တိုင်း
- ဧရာဝတီတိုင်း
- ရခိုင်ပြည်နယ်
- မွန်ပြည်နယ်
- တနင်္သာရီတိုင်း

(၄) ဗဟိုအဖွဲ့ချုပ်သီးခြားနယ်မြေ

- ရှမ်းပြည်နယ်

♣♣♣♣♣

http://www.dhammadownload.com



## တရားစခန်းဌာနများ

### မြန်မာပြည်အထက်ပိုင်းလယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | မုံရွာမြို့၊ သုဓမ္မစာရီဗိမာန် | ၂၇ ကြိမ် |
| (၂) | ရေကြည်ပင်၊ ယင်းမာပင် | ၆ ကြိမ် |
| (၃) | မုံရွာ၊ ညောင်ပင်ဇောက် | ၃ ကြိမ် |
| (၄) | အောင်တော်မူ၊ မုံရွာ | ၁၆ ကြိမ် |
| (၅) | အောင်သာရွာ၊ ဘုတလင် | ၇ ကြိမ် |
| (၆) | ဆူးလကုန်း၊ မုံရွာ | ၅ ကြိမ် |
| (၇) | နှင်းတောကျောင်း၊ ဆားလင်းကြီး | ၈ ကြိမ် |
| (၈) | ရန်အောင်မြင်ဘုရား၊ ဘုတလင်မြို့ | ၉ ကြိမ် |
| (၉) | အောင်နိမိတ်ကျောင်း၊ တမူးမြို့ | ၁၂ ကြိမ် |
| (၁၀) | မင်းကင်း | ၆ ကြိမ် |
| (၁၁) | ခင်းကင်း စသာ | ၅ ကြိမ် |
| (၁၂) | ဆယ်ရွာချောင်း (ပွင့်ကား) ကနီမြို့နယ် | ၅ ကြိမ် |
| (၁၃) | မန်ကျည်းခွ (ချောင်းဦး) | ၅ ကြိမ် |
| (၁၄) | ရတနာစိန်ပန်း (ကနီ) | ၂ ကြိမ် |
| (၁၅) | ကုန်းသာ သီရိမင်္ဂလာကျောင်း (ကနီ) | ၁၀ ကြိမ် |
| (၁၆) | ကင်းရွာ (ကနီ) | ၁၀ ကြိမ် |
| (၁၇) | ယင်းရွာ (ကနီ) | ၂ ကြိမ် |
| (၁၈) | ရွှေတောင်ဦး | ၁၅ ကြိမ် |
| (၁၉) | ပုလဲမြို့၊ ဗုဒ္ဓဝိဟာရဓမ္မာရုံ | ၈ ကြိမ် |
| (၂၀) | သရက်မြို့၊ ကျိုက်ဒေးရုံစေတီ | ၉ ကြိမ် |
| (၂၁) | ယင်းမာပင်၊ အင်ကြင်းတောင်ပုပ္ပါးကျောင်း | ၅ ကြိမ် |
| (၂၂) | လက်ပန်းတောင်းတောင်၊ ဆားလင်းကြီး | ၆ ကြိမ် |
| (၂၃) | သမ္မောခိ၊ မုံရွာမြို့နယ် | ၅ ကြိမ် |

http://www.dhammadownload.com

# (ကရ) တရားစခန်းဌာနများ

| | | |
|---|---|---|
| (၂၄) | ဘန့်ဘွေးကုန်း၊ ယင်းမာပင် | ၃ ကြိမ် |
| (၂၅) | ကလေးမြို့၊ ချင်းဆိုင်ရွာ၊ ကမ္ဘာ့ရန်ကင်းကျောင်း | ၆ ကြိမ် |
| (၂၆) | ရွာလယ်ရွာ၊ ဘုတလင် | ၂ ကြိမ် |
| (၂၇) | ဝါးရောင်းရွာ၊ အရာတော် | ၅ ကြိမ် |
| (၂၈) | ဟိုပင်မြို့၊ အရှေ့ကျောင်းကြီး၊ ကချင် | ၇ ကြိမ် |
| (၂၉) | ဆယ်ဇင်းရွာ၊ ဟုမ္မလင်း/ဖားကန့် | ၂ ကြိမ် |
| (၃၀) | မင်းဘူးမြို့၊ ဓာတ်တော်ကုန်းစေတီတော် | ၇ ကြိမ် |
| (၃၁) | ပွင့်လျှက်၊ ကလေး | ၉ ကြိမ် |
| (၃၂) | မင်းကင်း၊ တောင်ယာတော | ၂ ကြိမ် |
| (၃၃) | ဘော်ဂါ၊ ဘုတလင် | ၁ ကြိမ် |
| (၃၄) | သမန္တာ၊ ဘုတလင် | ၁ ကြိမ် |
| (၃၅) | သကြားစက်၊ ရွှေစုရွာ၊ ယင်းမာပင် | ၅ ကြိမ် |
| (၃၆) | ထူးကြီး၊ ဘုတလင် | ၃ ကြိမ် |
| (၃၇) | ဓမ္မရိပ်၊ ဆုတောင်းပြည့်၊ မုံရွာ | ၂ ကြိမ် |
| (၃၈) | ကြေးနင်းကြီးရွာ၊ ပုလဲ | ၃ ကြိမ် |
| (၃၉) | ကြောရွာ၊ ဂန့်ဂေါ | ၃ ကြိမ် |
| (၄၀) | နဂါးတွင်းရွာ၊ မုံရွာ | ၃ ကြိမ် |
| (၄၁) | စိုင်ပြင်ကြီး၊ တောရကျောင်း လယ်တီဝံသ | ၂၀ ကြိမ် |
| (၄၂) | စိုင်ပြင်ကြီး၊ ဇာတိမဟာအောင်မြေ၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၃) | နှော၊ မင်္ဂလာရွာသစ်၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၄) | ချင်းတွင်း၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၅) | ကံသာရွာ၊ ဘုတလင် | ၁ ကြိမ် |
| (၄၆) | လည်ပင်းရွာ၊ မြင်းမူ | ၄ ကြိမ် |
| (၄၇) | မြို့မ တောင်တွင်းဒေသ၊ မင်းကင်း | ၂ ကြိမ် |
| (၄၈) | မယ်မဲ၊ မင်းကင်း | ၃ ကြိမ် |
| (၄၉) | ရေအောက်တောင်၊ သီရိရတနာ၊ ဖောင်းပြင် | ၂ ကြိမ် |

http://www.dhammadownload.com

| တရားစခန်းဌာနများ | | (ကလ) |
|---|---|---|
| (၅၀) | သင်္ဂါရွာ၊ ဖောင်းပြ | ၁ ကြိမ် |
| (၅၁) | ကျောက်ထုံးကြီး၊ ကသာ | ၁ ကြိမ် |
| (၅၂) | ထန်းပင်ကုန်း၊ ချောင်းဦး | ၁ ကြိမ် |
| (၅၃) | ညောင်ပင်အိုင်တောရ၊ ဆားလင်းကြီး | ၂ ကြိမ် |
| (၅၄) | ကမ္ဘာ့ရန်ကင်း၊ နံ့သာကုန်းရွာ၊ ယင်းမာပင် | ၁ ကြိမ် |
| (၅၅) | ကျောက်စာကုန်းရွာ၊ ရေဦး | ၁ ကြိမ် |

## မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | မဟာလယ်တီစ်ကျောင်းတိုက်၊ ပျဉ်းမနား | ၁၀ ကြိမ် |
| (၂) | တပ်ကုန်း၊ သာသနာ့ဗိမာန် | ၉ ကြိမ် |
| (၃) | ရှားတောရိပ်သာ၊ ပျော်ဘွယ် | ၁၀ ကြိမ် |
| (၄) | ရမည်းသင်း၊ မြို့လှ၊ ရွှေမင်းဝံ | ၂၇ ကြိမ် |
| (၅) | ဇလာမြို့ | ၁ ကြိမ် |
| (၆) | ဝင်းခနောင်၊ တောင်ညို | ၁ ကြိမ် |
| (၇) | မဟာကြီးစေတီ၊ ပဲခူး | ၉ ကြိမ် |
| (၈) | ရွှေဂူလေးစေတီ၊ ပဲခူး | ၉ ကြိမ် |
| (၉) | ကောမြတ်ကြီး၊ လှိုင်းဘွဲ့၊ ကရင် | ၁၀ ကြိမ် |
| (၁၀) | မိုးပြဲ၊ စည်ပင်-၂၊ ကယား | ၉ ကြိမ် |
| (၁၁) | အောင်မင်္ဂလာ၊ ကျက်သရေကုန်းတောရ၊ ပြည် | ၁ ကြိမ် |
| (၁၂) | ရေဇင်း၊ နေပြည်တော် | ၁ ကြိမ် |

## မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | နာဂလိုဏ်ဂူကလေးဝတောရ၊ ရန်ကုန် | ၉ ကြိမ် |
| (၂) | လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်း၊ ရန်ကုန် | ၁၂၁ ကြိမ် |
| (၃) | တွံတေး၊ ညောင်တံခါးကျောင်း | ၅ ကြိမ် |
| (၄) | တွံတေး၊ ဝိဇ္ဇာညီနောင်၊ လယ်တီရိပ်သာ | ၉ ကြိမ် |

http://www.dhammadownload.com



## တရားစခန်းဌာနများ

| | | |
|---|---|---|
| (၅) | ထန်းတပင်ကျောင်း၊ အင်းစိန်၊ ရန်ကုန် | ၁၂ ကြိမ် |
| (၆) | ပြည်၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ တိုက်ကြီး | ၁၂ ကြိမ် |
| (၇) | ဝတ္တလစ်၊ လွတ်လပ်ရေးကျောင်း၊ ရန်ကုန် | ၇ ကြိမ် |
| (၈) | မြင်သာမြို့ဦးကျောင်း၊ တ/ဥက္ကလာ၊ ရန်ကုန် | ၁၀ ကြိမ် |
| (၉) | မင်္ဂလာရာမကျောင်း၊ မ/ဒဂုံ၊ ရန်ကုန် | ၉ ကြိမ် |
| (၁၀) | ၃၅-ညီမူရာမမွှာရုံ၊ မ/ဒဂုံ၊ ရန်ကုန် | ၉ ကြိမ် |
| (၁၁) | ဘိုကလေးမြို့၊ ကျော်ဇံကျောင်း | ၁၀ ကြိမ် |
| (၁၂) | ရွှေကြာရုံစေတီ၊ လယ်တီရိပ်သာ၊ လှည်းကူး | ၉ ကြိမ် |
| (၁၃) | နန္ဒရသီကင်းရုံကျောင်း၊ ဂွမြို့၊ ရခိုင် | ၇ ကြိမ် |
| (၁၄) | ကုလားတန်းကျေးရွာ၊ ကျောက်တန်း | ၆ ကြိမ် |
| (၁၅) | မော်လမြိုင်၊ ပညာရာမပရိယတ္တိစာသင်တိုက် | ၁၀ ကြိမ် |
| (၁၆) | ငါးဘတ်အိုင်ရွာကျောင်း၊ ဓနုဖြူ | ၅ ကြိမ် |
| (၁၇) | အုန်းပင်စုရွာကျောင်း၊ ဓနုဖြူ | ၄ ကြိမ် |
| (၁၈) | ညောင်ပင်ကွင်းရွာ၊ ကျုံပျော် | ၄ ကြိမ် |
| (၁၉) | ဝဲပုံကျောင်းစာသင်တိုက်၊ မြန်အောင် | ၁ ကြိမ် |
| (၂၀) | သာရဝေါသီလရှင်စာသင်တိုက်၊ ဗဟန်း | ၅ ကြိမ် |
| (၂၁) | ရွှေဘုန်းပွင့်ကျောင်းကြီးကျောင်း၊ ပေါင် | ၃ ကြိမ် |
| (၂၂) | ကေမ္မာ ကရင်စုကျောင်း၊ ပေါင် | ၃ ကြိမ် |

### မြန်မာနိုင်ငံလယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | အောင်သပြေစွယ်တော်ကမ္မဋ္ဌာန်းတိုက် တောင်ကြီးမြို့နယ်၊ ရှမ်း/တောင် | ၅ ကြိမ် |

♣♣♣♣♣

http://www.dhammadownload.com

တရားစခန်းဌာနများ (ကသ)

## လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
## နှစ် (၁၀)ပြည့် စာရင်းချုပ်ဇယား

| စဉ် | အဖွဲ့ချုပ် | ဌာန | အကြိမ် | ယောဂီ | အသုံးစရိတ် |
|---|---|---|---|---|---|
| ၁ | ဗဟို | ၁ | ၅ | ၁၀၀၀ | ၁၆၀ သိန်း |
| ၂ | အထက် | ၆၁ | ၂၈၅ | ၅၇၀၀၀ | ၉၁၂၀ သိန်း |
| ၃ | အလယ် | ၁၂ | ၉၀ | ၁၈၀၀၀ | ၂၈၈၀ သိန်း |
| ၄ | အောက် | ၂၂ | ၂၀၀ | ၄၀၀၀၀ | ၆၄၀၀ သိန်း |
| | စုစုပေါင်း | ၉၆ | ၅၈၀ | ၁၁၆၀၀၀ | ၁၈၅၆၀ သိန်း |

♣♣♣♣♣

http://www.dhammadownload.com

## (ကဟ) ရုံးအမိန့်စာအမှတ် (၁၀/၂၀၀၈)

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
### နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့
### ကမ္ဘာအေး-ရန်ကုန်မြို့

ရက်စွဲ- ၁၃၇၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်

## ရုံးအမိန့်စာအမှတ် (၁၀/၂၀၀၈)

၁။ ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေအဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဆရာတော်များ၊ ပညာရှင်ဆရာကြီးများက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြရာ (၆-၈-၂၀၀၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် စတုတ္ထအစည်းအဝေးဆုံးဖြတ်ချက်အရ ပါဠိစာပေအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ပါဠိစာပေအဆင့်မြှင့်တင်ရေး အကြံပြုတော်မတီကို ဖွဲ့စည်းလိုက်ပါသည်-

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (က) | ဘဒ္ဒန္တဇာဂရာဘိဝံသ | ဒုတိယဥက္ကဋ္ဌဆရာတော် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ | ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (ဂ) | ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (င) | ဘဒ္ဒန္တကုမာရ | ဒု-ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (စ) | ဘဒ္ဒန္တဉာဏာ လင်္ကာရာဘိဝံသ | ဒု-ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) | အဖွဲ့ဝင် |
| (ဆ) | ဘဒ္ဒန္တထေရိန္ဒ | ဌာနမှူး၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (ဇ) | ဘဒ္ဒန္တဉာဏိန္ဒ | ဌာနမှူး၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) | |
| (ဈ) | ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ | မဟာဌာနမှူး အပြည်ပြည်ဆိုင်ရာထေရဝါဒ၊ ဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |

http://www.dhammadownload.com



(ည) ဒေါက်တာမျိုးမြင့် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဋ) ဦးမျိုးကျော် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(ဌ) ဦးအောင်သိန်းညွန့် ညွှန်ကြားရေးမှူး အတွင်းရေးမှူး
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဍ) ဦးစံသင်းလှိုင် ဒု-ညွှန်ကြားရေးမှူး တွဲဖက်အတွင်း
သာသနာတော်ထွန်းကား ရေးမှူး
ပြန့်ပွားရေးဦးစီးဌာန

၂။ ယင်းကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နှီးနှောဖလှယ်ပွဲတွင် တင်သွင်းသောစာတမ်းများကို စာအုပ်အဖြစ် ရိုက်နှိပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) သာသနာ့တက္ကသိုလ်များ သင်ရိုးညွှန်းတမ်း သင်ကြားနည်းစနစ်၊ မေးခွန်းထုတ်စနစ် စသည်များ၊ ပထမပြန်စာမေးပွဲပြုပြင် ပြောင်းလဲရေး အကြံပြုချက်များ စီစဉ်ရေးဆွဲ၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်၊

(ဂ) သာသနာ့တက္ကသိုလ်များတွင် သက္ကတဘာသာ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်ကောင်စီများသို့ တင်သွင်းပြီး အတည်ပြုချက်ရရေးဆောင်ရွက်ရန်၊

http://www.dhammadownload.com



(ဃ) သက္ကတဘာသာကို အထူးပြုလေ့လာမည့် ရဟန်းနှင့်လူ ပုဂ္ဂိုလ်များကို နိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊

( င) ပါဠိစာပေသင်ကြားရေးကို အထောက်အကူပြုသော သုတေသနစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( စ) သင့်လျော်သောအချိန်တွင် ပါဠိသင်ကြားရေးဆိုင်ရာ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်ရန်၊

၃။ အဆိုပါကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဘဒ္ဒန္တတေဇနိယ)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်

စာအမှတ်၊ ၀၆၄/၂၉/နပသ(ဗဟို)/၂၀၀၈
ရက် စွဲ ၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်

<u>ဖြန့်ဝေခြင်း</u>

အဖွဲ့ဝင်များအားလုံး

မိတ္တူကို - သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
- သာသနာရေးဦးစီးဌာန
- သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး
- အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
- သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
- လက်ခံ

http://www.dhammadownload.com



(၇၈) [illegible]

[illegible] (ဃ)
[illegible]
[illegible]

[illegible] (င)
[illegible]
[illegible]

[illegible] (စ)
[illegible]
[illegible]

[illegible]
[illegible]

[illegible]
[illegible]
[illegible]

[illegible]
[illegible]

[illegible]

[illegible]
[illegible] -
[illegible] -
[illegible] -
[illegible] -
[illegible] -
[illegible] -
[illegible] -

http://www.dhammadownload.com

# လယ်တီဝိပဿနာအမှတ်(၁၄)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံတရားတော် | ၁ |
| လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ ပို့ချချက် | ၁၆ |
| - ဘုရားထံသို့ ကိုယ်စိတ်နှစ်ပါး လှူဒါန်းခြင်း | ၁၉ |
| - ကမ္မဋ္ဌာန်းတောင်းခံပုံ | ၂၀ |
| - ဝါကြီးဝါငယ် | ၂၄ |
| - အရှင်ဥပါလိ၏ ဝိနည်းစာဝါ | ၂၇ |
| - သမားတော်ကြီးဇီဝက၏ စာသင်နည်း | ၂၈ |
| - တိုက်တွန်းခြင်းဥယျောဇဉ် | ၃၁ |
| - ဝိသိဋ္ဌတိပိဋကဓရ ဆရာတော် | ၃၅ |
| - သူရူးပမာ | ၃၈ |
| - ပွဲမနိုင်သော လှေသူကြီးပမာ | ၄၀ |
| - ကျေနပ်မနေနဲ့ | ၄၀ |
| - စိတ်အစိုးရမှု အမျိုးမျိုး | ၄၂ |
| - (၁၈) မျိုး | ၄၄ |
| - ပထဝီမြေကသိုဏ်း | ၄၅ |
| - နိမိတ်သုံးပါးထင်ပုံ | ၄၅ |
| - ဥဂ္ဂဟနိမိတ် | ၄၇ |
| - နိမိတ်ယူရာ၌ | ၄၉ |
| - ပဋိဘာဂနိမိတ် | ၅၀ |
| - ဆောင်ပုဒ် | ၅၀ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | | |
|---|---|---|
| - | တရားတစ်ပါး အားထုတ်က | ၅၇ |
| - | (၇)ရက်စခန်း | ၆၂ |
| - | ဗောဇ္ဈင် (၇)ပါး | ၆၆ |
| - | ကမ္မဋ္ဌာန်းအလုပ်ခွင်တည်ခန်း | ၆၉ |
| - | နေရာယူမှန်ဖို့လို | ၇၀ |
| - | မသိုးကျောင်း | ၇၂ |
| - | စွန့်ဝံ့မှသာ အောင်ကြောင်းဖြာ | ၇၅ |
| - | ကျန်သွားတဲ့စကား | ၇၇ |
| - | အိမ်ယာမြေကြွန် | ၇၈ |
| - | ဘယ်လိုထိုင်ရ အားထုတ်ရမလဲ | ၈၀ |
| - | ပထမနေ့အားထုတ်ပုံ | ၈၂ |
| - | ဒါနသုံးမျိုး (၂. ၅. ၂၀၀၇) | ၈၇ |
| - | ဒုတိယနေ့ကျင့်စဉ် | ၉၈ |
| - | ဂေါသိင်္ဂအင်ကြင်းတော | ၁၀၀ |
| - | ပေတဂ္ဂိမ္မကထိက | ၁၀၇ |
| - | အရှင်မဟာကဿပ | ၁၁၀ |
| - | ဘုရားရှင်၏ဆုံးဖြတ်ချက် | ၁၁၃ |
| - | မုချစကား | ၁၁၄ |
| - | စူဠဂေါသိင်္ဂသုတ်တော် | ၁၁၉ |
| - | ရဟန်းတော်သုံးပါး | ၁၁၉ |
| - | နာတိကရွာ | ၁၂၀ |
| - | ဂိဉ္စကာဝသထအုတ်ကျောင်း | ၁၂၂ |
| - | ဂေါသိင်္ဂသာလဝန | ၁၂၃ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| - ဒါယသည် တော၏အမည် | ၁၂၃ |
| - သာမဂ္ဂိရသာကို ခံစားကြကုန်လျက် | ၁၂၄ |
| - တစ်ပါးတည်း ကြွတော်မူခြင်း | ၁၂၄ |
| - အဘယ်ကြောင့် ကြွပါသနည်း | ၁၂၅ |
| - မြတ်စွာဘုရား အကြံဖြစ်ပုံ | ၁၂၅ |
| - နောင်အခါ အတုယူကြရန် | ၁၂၆ |
| - ဘုရားရှင်တို့သည် တရားကို လေးစားကြကုန်၏ | ၁၂၇ |
| - တောစောင့်သူ | ၁၂၇ |
| - မိမိအကျိုး မလိုလားသူ | ၁၂၈ |
| - မိမိအကျိုး လိုလားသူ | ၁၂၈ |
| - တောစောင့်၏စိတ်အထင် | ၁၂၉ |
| - ဘုရားရှင်ကို မသိ၍ တားမြစ် | ၁၃၀ |
| - တောစောင့်ကို ဟန့်တားခြင်း | ၁၃၂ |
| - တေဒဝေါစ | ၁၃၃ |
| - အတူတကွ စကားပြောနေပါလျက် ဘုရားဟုမသိ | ၁၃၄ |
| - မြတ်စွာဘုရား ကြွလာပါပြီ | ၁၃၅ |
| - ဘာကြောင့် ခရီးဦးမကြိုသလဲ | ၁၃၆ |
| - ညီညွတ်မှုကို ပြခြင်းငှါ | ၁၃၆ |
| - ကေစိဝါဒ | ၁၃၇ |
| - အဘိက္ကမထ အဓိပ္ပါယ် | ၁၃၈ |
| - ဘုရားခန္ဓာကိုယ်၌ မျှအညစ်အကြေးမရှိ | ၁၃၉ |
| - အရှင်အနုရုဒ္ဓါ အကြီးဆုံး | ၁၄၀ |
| - ဘိက္ခာစာရဝတ်ကို မေးမြန်းခြင်း | ၁၄၁ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| - ရဟာန်းနှင့်ဆွမ်းခံဝတ် | ၁၄၂ |
| - သာမဂ္ဂိရသကို မေးတော်မူခြင်း | ၁၄၂ |
| - ခီရောဒကီဘူတာ | ၁၄၄ |
| - ပိယစက္ခု | ၁၄၅ |
| - အရှင်အနုရုဒ္ဓါက လျှောက်ထားခြင်း | ၁၄၅ |
| - ညီညွတ်ပုံအကြောင်း မေးမြန်းခြင်း | ၁၄၆ |
| - ယထာ ကထံ ပန အဝိပ္ပါယ် | ၁၄၆ |
| - ကာယကံ မေတ္တာ | ၁၄၇ |
| - မျက်မှောက်အတူနေ မျက်ကွယ်ခွဲခွါ | ၁၄၇ |
| - မျက်မှောက် ကာယကံ မေတ္တာ | ၁၄၈ |
| - မျက်ကွယ် ကာယကံ မေတ္တာ | ၁၄၈ |
| - မျက်မှောက် ဝစီကံ မေတ္တာ | ၁၄၉ |
| - မျက်ကွယ် ဝစီကံ မေတ္တာ | ၁၄၉ |
| - မျက်မှောက်, မျက်ကွယ် မနောကံ မေတ္တာ | ၁၄၉ |
| - ခန္ဓာကိုယ်ကွဲသော်လည်း စိတ်မှာမကွဲပြား | ၁၅၀ |
| - နာနာဟိ ခေါ် နော ဘန္တေ ကာယာ | ၁၅၁ |
| - ဧကဉ္စ ပန မညေ စိတ္တံ | ၁၅၁ |
| - တစ်စိတ်တည်းရှိပုံ အကျယ် | ၁၅၂ |
| - မမေ့မလျော့ နေထိုင်ကြကုန်၏လော့ | ၁၅၃ |
| - အရှင်အနုရုဒ္ဓါက ပြန်လျှောက်ခြင်း | ၁၅၄ |
| - နေပုံနေနည်း မေးမြန်းခြင်း | ၁၅၅ |
| - နေထိုင်ကြပုံ အခြေအနေ | ၁၅၆ |
| - သာဓု သာဓု အနုရုဒ္ဓါ | ၁၅၈ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | |
|---|---|
| - ညီညွတ်မှု ရနိုင်ခဲလှ၏ | ၁၅၉ |
| - ကစ္စိ ပန ဝေါ | ၁၅၉ |
| - အမှာကံ စသည် အဖွင့် | ၁၆၀ |
| - ဆွမ်းစားကျောင်း၌ ကျင့်ဝတ်များ | ၁၆၁ |
| - ပဌမထေရ် | ၁၆၁ |
| - ဒုတိယထေရ် | ၁၆၂ |
| - တတိယထေရ် | ၁၆၂ |
| - ကျောင်းတွင်းကျင့်ဝတ် အဖွင့်များ | ၁၆၄ |
| - နှုတ်ဖြင့်မခေါ် လက်ယပ်၍ခေါ်၏ | ၁၆၅ |
| - ဘာကြောင့် အသံမပြုသနည်း | ၁၆၅ |
| - ပဉ္စာဟိကံ အဓိပ္ပါယ် | ၁၆၇ |
| - ဗာဟိရကိစ္စတို့၌လည်း မမေ့မလျော့ | ၁၆၈ |
| - ပဌမစျာန်ကို မေးမြန်းခြင်း | ၁၆၉ |
| - ဥတ္တရိမနုဿဓမ္မ အဓိပ္ပါယ် | ၁၇၁ |
| - အလမရိယဉာဏဒဿနဝိသေသော | ၁၇၁ |
| - ကိံ ဟိ နော သိယာ | ၁၇၂ |
| - ဒုတိယစျာန် စသည် | ၁၇၂ |
| - သမတိက္ကမာယ စသည် | ၁၇၃ |
| - နိရောဓသမာပတ်ကို မေးခြင်း | ၁၇၄ |
| - အရှင်အနုရုဒ္ဓါ လျှောက်ပြခန်း | ၁၇၅ |
| - နိရောဓသမာပတ်ထက် လွန်သောချမ်းသာ မရှိ | ၁၇၆ |
| - ဝေဒယိတသုခထက် အဝေဒယိတသုခက မွန်မြတ်၏ | ၁၇၇ |
| - မြတ်စွာဘုရား ပြန်ကြွသည့်အခါ | ၁၇၇ |

http://www.dhammadownload.com


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| - ဓမ္မိယာ ကထာယ | ၁၇၈ |
| - သာမဂ္ဂိရသကိုသာ ဟောရခြင်းမှာ | ၁၇၈ |
| - လိုက်ပို့ရာမှ ပြန်လာကြပုံ | ၁၇၉ |
| - အရှင်အနုရုဒ္ဓါအား အပြစ်တင်ကြပုံ | ၁၈၀ |
| - အဘိညာဉ်ဖြင့် သိခြင်း | ၁၈၁ |
| - နတ်တို့က လျှောက်ထားခြင်း | ၁၈၂ |
| - မြတ်စွာဘုရားမေး၍ ဖြေခြင်းဖြစ်သည် | ၁၈၂ |
| - နတ်ဘီလူးက ကြေညာခြင်း | ၁၈၃ |
| - ဒီဃပရဇန နတ်ဘီလူး | ၁၈၄ |
| - ဝုဏ်ကို နှမြောကြကုန်၏ | ၁၈၅ |
| - ရှည်မြင့်စွာ ချမ်းသာသုခ ဖြစ်လေရာ၏ | ၁၈၆ |
| - ပုဒ်အဖွင့်များ | ၁၈၆ |
| ဓမ္မိကာရုံ ဆရာတော် ဘဒ္ဒန္တဓမ္မိက (၂. ၅. ၂၀၀၇) | ၁၈၈ |
| အရှေ့လယ်တီဆရာတော်ဘဒ္ဒန္တကုဏ္ဍလ(၂. ၅. ၂၀၀၇) | ၁၉၉ |
| လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ (၃. ၅. ၂၀၀၇) | ၂၁၇ |
| - ဖိုးပျားအုံ | ၂၃၃ |
| ဘဒ္ဒန္တကုဏ္ဍလ (၄. ၅. ၂၀၀၇) | ၂၄၈ |
| - သင်ပုန်းကြီးနဲ့မင်္ဂလသုတ် | ၂၅၆ |
| - ဓဝံ မေ သုတံ | ၂၅၉ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ (၄. ၅. ၂၀၀၇) | ၂၇၃ |
| - စကားပူ | ၂၈၄ |
| - စိတ်ရဲ့ကရွတ်ခွေ | ၂၉၀ |
| - အာနာပါနဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၂၉၄ |
| - ပဥ္စမကဏ္ဍ-ပထမခန်း | ၂၉၄ |
| - ဒုတိယကဏ္ဍ-ဒုတိယခန်း | ၂၉၄ |
| - တတိယကဏ္ဍ-တတိယခန်း | ၂၉၄ |
| - စတုတ္ထကဏ္ဍ-စတုတ္ထခန်း | ၂၉၅ |
| - ပထမခန်း | ၂၉၇ |
| - ဒုတိယခန်း | ၂၉၇ |
| - တတိယခန်း | ၂၉၈ |
| - စတုတ္ထခန်း | ၂၉၈ |
| - အဋ္ဌကထာကြီးတို့နည်း | ၂၉၈ |
| - ဝါရအကြိမ်ပြု၍ ဂဏနာ ရေတွက်နည်း | ၂၉၉ |
| - အနုဗန္ဓနာနည်း | ၃၀၀ |
| - ပဋိဘာဂနိမိတ် | ၃၀၂ |
| - ဌာပနာနည်း | ၃၀၂ |
| - အသပ္ပါယ (၇)ပါး | ၃၀၃ |
| - အပ္ပနာကောသလ္လ (၁၀)ပါး | ၃၀၃ |
| - နိမိတ် (၃)ပါး၊ ဘာဝနာ (၃)ပါး ခွဲနည်း | ၃၀၄ |
| - ပါဠိတော်နှင့် အဋ္ဌကထာ နှိုးနှောပုံ | ၃၀၆ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ (၅. ၅. ၂၀၀၇) | ၃၂၀ |
| - ခတ်ကြီး (၄)ပါး ထင်ရှားပုံ | ၃၂၆ |
| - ကြိယာလေးချက် | ၃၂၈ |
| - သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ | ၃၂၉ |
| - သူညဆိုက်အောင်ကြည့် | ၃၃၂ |
| - သူညတကမ္ဘာန်း | ၃၃၃ |
| - ကလေး လူကြီး | ၃၃၃ |
| ဘဒ္ဒန္တတေဇနိယ (၄. ၅. ၂၀၀၇) | ၃၃၆ |

http://www.dhammadownload.com

## ❀ လယ်တီဝိပဿနာ ❀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော

## အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်

**ဘဝကို သတိပြုသင့်ပုံ**

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆိုကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ လူ့ဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှားနေကြရပါတယ်။ မသိ (၅)မျိုးက -

http://www.dhammadownload.com



၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည် ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချ မြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါ တယ်။ သတိပြုဖို့ သင့်ပါတယ်။

**ဘဝငြိမ်းချမ်းရေးလမ်းညွှန်**

အကြောင်းသုံးမျိုးကြောင့် ဖြစ်လာကြရာမှ အမိဝမ်းသို့ သက်ရောက်စ ကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရားလောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝကလောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာ များနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါ အားလုံးတို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ထူးထူး ခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် ရဟန္တာ အရှင်မြတ်ကြီးတွေက

http://www.dhammadownload.com



အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေး အဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ် ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းဓာတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

## စိတ်အစိုးရမှု

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်းကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ

http://www.dhammadownload.com



အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီး စစ်စစ် ဖြစ်ပါတယ်။

အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ်တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရှူးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို “စိတ်ကိုအစိုးရမှု” လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ “အစိုးရမှု” တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသော အကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခံ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခံ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ

http://www.dhammadownload.com



အထွတ်အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်း ရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရ လေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

## အာနာပါန တစ်ခုတည်းဖြင့်

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက် ဝင်သက်၊ ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ် တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကို ပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနသတိသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှုရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက် ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှုကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနသတိ၌ တည်ပြီး တော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ် ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ

http://www.dhammadownload.com



သိသာပါတယ်။

ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မှာလဲ အာနာပါနဿတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနဿတိကို လက်လွှတ် တော်မမူကြပါ။

**အလွယ်ဆုံး**

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်း သည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာ သတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ "မဟာပုရိသဘူမိ" လူသာမန် ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာ ဘုံဟု မိန့်တော်မူကြပါတယ်။

**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ**

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်-

http://www.dhammadownload.com



- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နွားဆိုးနွားမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ ခိုင်မှ အသီးများ တည်ရှိနိုင်ပါတယ်။ ဒါကြောင့် -

"အမြတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရသို့ စိတ်ဟုမည်ငြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏" လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှူရှိုက်ထုတ်မှုတ်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမဲ့လို့ ရှေးကတွေ့ဖူး ကြုံဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုးပါပဲ၊ စိတ်ဆိုတာက -

http://www.dhammadownload.com



အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည် တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာ ပါပဲ။ ဒါပေမဲ့လို့ ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

**"ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ"**

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့် မယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ် ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက "သတိမြဲရာ ပထမာ" ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

## ဒုမှာ ရှည်တိုသိ

"ဒုမှာရှည်တိုသိ" ဆိုတဲ့ ဒုတိယနည်းက အဲဒီထွက်လေ ဝင်လေ ရှူရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနှေးအမြန်ကို သိအောင်အားထုတ် ရပါမယ်။ လေကြော မြန်တာ၊ အတို။ နှေးတာ အရှည်ပါ။ အတို၊ အရှည် သိအောင် အားထုတ်ပါ။

http://www.dhammadownload.com



**လုံးစုံလင်းရာ တ,၌သာ**

"လုံးစုံလင်းရာ တ,၌သာ" ဆိုတဲ့နည်းမှာ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင် ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလည်ခရီးက ရင်၊ အဆုံး ခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာ သိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။ ပင်ပန်းတတ်ပါတယ်။

**စ,မှာ ငြိမ်းစေဘိ**

"စ,မှာငြိမ်းစေဘိ" ဆိုတဲ့ စတုတ္ထနည်းမှာ ရုန်းရင်းတဲ့ ထွက်သက်ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွား အောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ် တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရား အာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွ ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

http://www.dhammadownload.com



အငယ်ဆုံးမထေရ်ကို "ငါ့ရှင့်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ်လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ" လို့မေးတော့ "ဘုရား တပည့်တော်၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက်အောင် ထိန်းနိုင်ခဲ့ပါတယ်ဘုရား"တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ "တပည့်တော် သီတင်းသုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား"တဲ့။

မထေရ်ကြီးကို မေးတော့ "ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင် မထွက်ဘူး"တဲ့။

ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူဖွယ် ကောင်းလှပါတယ်။

**ဝိပဿနာသို့**

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင်ပါတယ်။

(ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှလည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင်နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏ ချင်း အားထုတ်လို့ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

http://www.dhammadownload.com



၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည့်ထဲက အလိုရှိတဲ့ ရုပ်နာမ်ဓမ္မကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌-

**အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊**

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမမြဲပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမမြဲပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှူရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှူ မရှိုက် မသွင်းပဲ အနိစ္စမမြဲပုံထင်အောင်ရှု၍ ရှူမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှူတိုင်း, ရှူတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမမြဲပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ်ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

http://www.dhammadownload.com



**ခေတ်ပေါ်မှု နာမ်ကရှု**

ခန္ဓာကိုယ်မှာ ခေတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာခေတ်ပေါ်သလဲ ရုပ်ခေတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ခေတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ခေတ်၊ အဲဒီ ရုပ်ခေတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။

တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပသာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြဲတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ခေတ်စု ခေတ်ပုံ ခေတ်ခဲ ကြီးအထိ မြင်အောင်ရှုရမှာကိုး။

ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးထဲမှ ဝါယောခေတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာနူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ခေတ်ကြီးလေးပါးပဲ။ ခေတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

http://www.dhammadownload.com



ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်းတွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

**သတိပဋ္ဌာန်လေးပါးလုံး**

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီးသား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ် ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြားဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစားနေတော့ ဝီရိယသမ္ဗောဇ္ဈင်။

http://www.dhammadownload.com



ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်၊

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်၊ သမာဓိသမ္ဗောဇ္ဈင်၊

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။ နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။ ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါးရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန်လေးပါး ရဖို့ရာ အာနာပါနဿတိ ထွက်လေဝင်လေ ရှုမှတ်လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

http://www.dhammadownload.com



နေတ္တိကာ= သမ္မာအာဇီ သက်မွေးမှီလျှက် ဝသီမူဟောင်း ရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမား တို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာ သွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြှားသမား တို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြှားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။ တစ္ဆကာ= သစ်ရွေးသမား လက်သမားတို့သည်၊ ဒါရုံ= အလိုအလျှောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်း ကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက် ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ် ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ, ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္ထ= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြ၍ ဆုံးမသွင်သင် 'အလှဆုံးပြင်ဆင်နိုင်ကြပါစေကုန် သတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ ပို့ချချက်

တရားစခန်း စည်းကမ်းတွေမှာ စာမကြည့်နဲ့၊ စာမရေးနဲ့၊ စည်းကမ်းပါရှိပါတယ်။ အခု သင်တန်းကတော့ အဲဒီလို မဟုတ်ပါဘူး။ စာဖြင့်မှတ်ရမည့်အချိန်လဲ ဒီနေရာမှာ မှတ်ရမှာပါဘုရား။

ဒါကြောင့် စာအုပ်စာတမ်းများလဲ ဆရာတော်များစီ ရောက်ရှိနေပါပြီ။ အခုဟာက သင်ကြားရေးအပိုင်းဆိုတော့ စာအုပ်ကိုင်တာ ရေးတာ၊ မှတ်တာတွေပါရှိနေတာ၊ ရိုးရိုးတရားစခန်းနဲ့ မတူပါဘူး ဘုရား။ တရားစခန်းနဲ့ တူတဲ့အချက်ကတော့ "စကားမပြောရ" ဆိုတဲ့ အချက်ပါပဲ။

စကားမပြောရဆိုတာက တစ်ယောက်နဲ့တစ်ယောက် တိုးတိုး၊ တိုးတိုးနဲ့ စကားပြောနေရင် တိုးတိုးအသံတွေက လွှမ်းမိုးလာတတ်တဲ့အတွက် စကားမပြောရလို့ စည်းကမ်းသတ်မှတ်ထားခြင်းပါဘုရား။

စကားမပြောရဆိုတဲ့ စည်းကမ်းက အရှင်မဟာမောဂ္ဂလာန်မထေရ် တရားအားထုတ်နေတဲ့အခါ မြတ်စွာဘုရားက စကားမပြောဖို့ အထူးညွှန်ကြားချက်ပေးတာကို တွေ့ရပါတယ်။

"စကားမပြောရ"ဆိုတဲ့ စည်းကမ်းက ဒီသင်တန်းမှာ သင်ကြားရေးအပိုင်း၊ အားထုတ်ရေးအပိုင်းတိုင်းမှာ ခါတိုင်းလိုပဲ မူသေထားပြီးတော့ ဆောင်ရွက်တော်မူကြရမှာ ဖြစ်ပါတယ်ဘုရား။

ဂင်္ဂါတီရိယထေရ်၏ ထုံးကို သတိမူကြပါ။ ရဟန္တာမဖြစ်သေးသမျှ စကားမပြောပြီဟု ဆောက်တည်ကာ စကားမပြောပဲ တစ်နှစ်နေ၏။ ဒုတိယနှစ်၌ ဆွမ်းခံရွာမှ အမျိုးသမီးက နွားနို့လောင်းထည့်၍ "နှမတော် တော်လောက်ပြီ"ဟု တစ်ခွန်းပြောမိ၏။ တတိယနှစ်၌ စကားမပြောပဲ ဆက်လက်အားထုတ်သော် ရဟန္တာဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com



ဘုရားတပည့်တော်တို့ တတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း ယောဂီသူတော်စင်များ သရဏဂုံယူရန် ကန်တော့ခန်းက စပြီးတော့ ဦးတေဇနိယက ဆောင်ရွက်ပေးပါ။

"ပရိကမ် ပြုကြပါသည်။"

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

**ဓမ္မံ သရဏံ ဂစ္ဆာမိ။**

**သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ။**

**ဗုဒ္ဓဂုဏော အနန္တော။**

**ဓမ္မဂုဏော အနန္တော။**

**သံဃဂုဏော အနန္တော။**

**မာတာပိတုဂုဏော အနန္တော။**

**အာစရိယဂုဏော အနန္တော။**

အနန္တောအနန္တငါးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ ဘုရား။

(၃၁)ဘုံ ကျင်လည်ကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ကျွန်ုပ်တို့၏ ဘဝအဆက်ဆက်မှစ၍ ယနေ့ထက်တိုင်အောင် ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ကောင်းမှု အစုစုတို့ကို အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြ ပါကုန်လော့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဆရာတော်ဘုရားများ တရားစခန်းတွေမှာ ရှေးဦးစွာ ယောဂီများတရားအားထုတ်တော့မယ်ဆိုလို့ရှိရင် အကြိမ်တိုင်း အကြိမ်တိုင်းမှာပဲ ဒီသရဏဂုံသုံးပါး၊ အနန္တော အနန္တငါးပါး ဘုရားရှိခိုးမှုဟာ အင်မတန်လွယ်ကူပြီးတော့ ယောဂီများကိုလဲ တာဝန်မတက်စေတဲ့ ပရိကမ်ပါဘုရား။

တပည့်တော်တို့ ဒီနေ့ အနန္တော အနန္တငါးပါးအား ရှေးဦးစွာ ရှိခိုးပြီး ယောဂီသူတော်စင်များ ရှေ့ဆက်သွားတတ်ဖို့ မေတ္တာပို့ရန် နှုတ်ကရွတ်ဆိုပြီး မေတ္တာပို့ရန် ဖြစ်ပါတယ်ဘုရား။

**“မေတ္တာပို့ပါ။”**

မေတ္တာပို့ပြီးတော့ တရားအားထုတ်တဲ့အခါ တရားစခန်းခရီးစဉ် ဖြောင့်ဖြူးနိုင်ပါတယ်ဘုရား။

မေတ္တာပိုတဲ့အခါမှာလဲ အားလုံးသိတော်မူကြတဲ့အတိုင်း ဩဓိ၊ အနောဓိ လို့ နှစ်မျိုးရှိတာထဲက အနောဓိမေတ္တာနဲ့ ခြုံငုံပြီးတော့ ပွားများတဲ့နည်း။ တရားအားထုတ်တဲ့အခါမှာ အနှောင့် အယှက် အဆီးအတား မဖြစ်အောင် အချိန်တိုတိုနဲ့ သတ္တဝါအားလုံး နှံ့စပ်သွားအောင် မေတ္တာပို့တဲ့နည်းကို ရှေးဦးစွာပြုရမည့် ကိစ္စတွေထဲမှာ ထည့်သွင်းထားပါတယ်ဘုရား။

ဩဓိမေတ္တာ ပွားမယ်ဆိုရင်တော့ ဩဓိမေတ္တာဟာ အင်မတန် များပြားပြီးတော့ အင်မတန်ရှည်လျားပါတယ် ဘုရား။ မိမိတို့ တစ်ပါးတည်းပွားများရာတို့ ပြည့်ပြည့်စုံစုံ ပွားများတဲ့နေရာတို့မှာ ဩဓိမေတ္တာ ပွားသင့်ပြီး၊

တရားအားထုတ်တဲ့နေရာမှာ ယောဂီများ ဒီအတိုင်း အပြည့်စုံဆုံးနဲ့ အကျဉ်းဆုံးမေတ္တာပို့နည်း သုံးစွဲမှာဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com



"အမျှပေးဝေပါ။"

ဤဆောင်ရွက်မှုကတော့ အားလုံးဆရာတော်များ သိရှိတော်မူကြပြီးတဲ့အတိုင်း "အမျှပေး၊ အမျှယူ" ပါပဲဘုရား။ "ပတ္တိဒါန ပတ္တာနုမောဒန" အမျှပေးဝေတဲ့အခါမှာလဲ ခြုံငုံပြီး အသုံးချထားတာ ဖြစ်ပါတယ်ဘုရား။

သာဓု သုံးကြိမ်ကတော့ ပတ္တာနုမောဒန အမျှယူခြင်းသဘော ဖြစ်ပါတယ်ဘုရား။ အမျှပေးရန်ဆိုတဲ့နေရာမှာ အမျှပေး၊ အမျှဝေ၊ အမျှယူခြင်း ကိစ္စတွေ ပါဝင်ပါတယ်ဘုရား။

**ဘုရားထံသို့ ကိုယ်စိတ်နှစ်ပါး လှူဒါန်းခြင်း**

**ဗုဒ္ဓါနံ ဘန္တေ ဩဝါဒါယ ဇီဝိတံ မေ ပရိစ္စဇာမိ။**

ဘန္တေ= ရှင်တော်မြတ်ဘုရား၊ အဟံ= တပည့်တော်သည်၊ ဗုဒ္ဓါနံ= သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့အား၊ ဩဝါဒါယ= မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကမ္မဋ္ဌာန်း ဝင်သူကဲ့သို့ ဆိုဆုံးမရန်၊ မေ= တပည့်တော်၏၊ ဇီဝိတံ= ရုပ်နာမ် နှစ်ထွေ ဇီဝိတိန္ဒြေကို၊ ပရိစ္စဇာမိ= စွန့်လွှတ်လှူဒါန်းပါ၏ ရှင်တော်မြတ်ဘုရား။

ဒါကလဲ သရဏဂုံတစ်မျိုးပါပဲ ဘုရား။ မြတ်စွာဘုရားကို အသက်ပေးပြီး ကိုးကွယ်တဲ့နည်းနဲ့ ဒီနေရာမှာတော့ အထူးသဖြင့် တရားတောင်းတာလေးလဲ ပါရှိပါတယ်။

မြတ်စွာဘုရား ရှိတော်မူစဉ်ကတော့ တစ်ပါးခြင်း ကမ္မဋ္ဌာန်း ပေးတာလဲ ရှိပါတယ်ဘုရား။ ဆရာတော်များ သိတော်မူကြတဲ့အတိုင်း အများစု ရဟန်းတော်များကတော့ တစ်နေ့ (၂)ကြိမ် မြတ်စွာဘုရားစီ လာရောက်ကြတယ်။ ဝါဆိုဦးတစ်ကြိမ်၊ သီတင်းကျွတ်တစ်ကြိမ်၊

http://www.dhammadownload.com



ဝါဆိုဦးအချိန်မှာ ရဟန်းတော်များ မြတ်စွာဘုရားစီလာခြင်းရဲ့ အကြောင်းကတော့ ကမ္မဋ္ဌာန်းတောင်းဖို့ ဖြစ်ပါတယ်ဘုရား။

ဝါဆိုကာနီးပြီဆိုရင် ဟိုဟိုဒီဒီ ကျောင်းများ တောတောင်စခန်းများမှ ရဟန်းတော်များ မြတ်စွာဘုရားစီ လာကြတယ်။ လာကြပြီး-

**"ကမ္မဋ္ဌာနံ နော ဘန္တေ ဒေထ။"**

"မြတ်စွာဘုရား တပည့်တော်တို့အား ကမ္မဋ္ဌာန်းပေးတော်မူပါဘုရား"လို့ ကမ္မဋ္ဌာန်းတောင်းကြ။ တောင်းပြီးယူသွားကြ။ တစ်ဝါတွင်းလုံးအားထုတ်။

အားထုတ်ပြီးတော့ သီတင်းကျွတ်မှာတစ်ကြိမ် ဘုရားစီရောက်လာကြပြန်တယ်။ အဲဒီအခါကျတော့ မိမိတို့ရရှိတဲ့တရားထူးကို လျှောက်ထားဖို့ရာပါ။

ရဟန်းတော်များ မြတ်စွာဘုရားထံ ချဉ်းကပ်တဲ့အကြိမ်တွေပါ။ အခါအားလျော်စွာ တစ်ပါးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ တရားတောင်းတာတွေကတော့ အများကြီးရှိပါတယ်။

အထူးသဖြင့် ဝါဆိုဦးအချိန်ကာလနှင့် သီတင်းကျွတ်အချိန်မှာ လာရောက်တဲ့အနေအထားကတော့ ထုံးစံလိုဖြစ်နေပါတယ်ဘုရား။

ဝါဆိုဦးမှာ ရဟန်းတော်များ မြတ်စွာဘုရားစီ ကမ္မဋ္ဌာန်းတောင်းဖို့ လာကြတယ်။ သီတင်းကျွတ်မှာ မိမိရရှိထားတဲ့ တရားထူးကို လျှောက်ထားဖို့ ကြွလာကြပါတယ်။

ဒီဃနိကာယ် သုတ်ပါထေယျ အဋ္ဌကထာမှာ ဒီအကြောင်းများကို ဖွင့်ဆိုထားပါတယ် ဘုရား။

မိမိတို့လဲ စာတတ်၊ ပေတတ်တွေဆိုတော့ ဘယ်နားဘာရှိတယ်ဆိုတာကို ပြည့်ပြည့်စုံစုံ ပြောတော့မယ်ဆိုတဲ့အခါ အကိုး

http://www.dhammadownload.com



အကား သာမကနဲ့ ပြောကြရတာကိုး။

တပည့်တော်များ တစ်ခါတစ်ရံကျတော့ အကိုးအကားနဲ့၊ တစ်ခါတစ်ရံကျတော့ စာအုပ်ညွှန်းပြီးတော့ သင်ကြားရေးအပိုင်းမှာ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ဘုရား။

**ကမ္မဋ္ဌာန်းတောင်းခံပုံ**

**အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သမထကမ္မဋ္ဌာန် (ဝိပဿနာကမ္မဋ္ဌာန်) ယာစာမိ။**

ဘန္တေ= ရှင်တော်မြတ်ဘုရား၊ အဟံ= တပည့်တော်သည်၊ သံသာရဝဋ္ဋဒုက္ခတော= သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ၊ မောစနတ္ထာယ= ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ သမထကမ္မဋ္ဌာန်= သမထကမ္မဋ္ဌာန်းကို၊ ယာစာမိ= တောင်းပန်လျှောက်ထားပါ၏. ရှင်တော်မြတ်ဘုရား။

ဒါက မြတ်စွာဘုရားထံက သမထကမ္မဋ္ဌာန်း တောင်းခံတာပါ ဘုရား။ ဝိပဿနာလဲ ဒီအတိုင်းတောင်းရမှာပါပဲဘုရား။

တရားစခန်းတွေမှာ “**အဟံဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သမထကမ္မဋ္ဌာန် ယာစာမိ**= ယောဂီက သံသရာဝဋ်က ကျွတ်လွတ်ဖို့ရာအတွက် သမထကမ္မဋ္ဌာန်း ပေးတော်မူပါဘုရား”လို့ သာမညတောင်းတာ ဘယ်ကမ္မဋ္ဌာန်းရယ်လို့ မလျှောက်ဘူး။ သမထကမ္မဋ္ဌာန်း (၄၀)လုံးကို တောင်းသလို ဖြစ်နေတယ်။

မကြာသေးခင်က ဗင်္ကာပူနိုင်ငံမှာ သူတို့အခေါ်ကတော့ ပညာရှင်တွေပေါ့။ လေးငါးယောက် ရောက်လာတယ်။ ရောက်လာတော့ သူတို့က တရားကျင့်နည်းသိချင်ပါတယ်။ တပည့်တော်တို့

http://www.dhammadownload.com



ညွှန်းပြတော်မူပါတဲ့။

တရားအားထုတ်တဲ့နည်းကတော့ စိတ်ကိုငြိမ်အောင် အားထုတ်တဲ့နည်းရယ်၊ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ဓာတ်သားတွေကိုမြင်အောင် ကြည့်တဲ့ ရှုပွားတဲ့နည်းရယ် (၂)နည်း ရှိတယ်။

စိတ်ကိုငြိမ်သက်အောင် အားထုတ်တဲ့နည်းက (၄၀) ရှိပါတယ်။ အဲဒီတော့ သူတို့ကဖြတ်ပြီးတော့ လျှောက်တယ်။ **"အဲဒီ နည်း (၄၀)ထဲက အကောင်းဆုံးနည်းကို ပေးတော်မူပါဘုရား"**။

အဲဒါနဲ့ သမထ (၄၀)ထဲက **"အာနာပါနအလျော်ကျ မောဟ ဝိတက်သာ"** ဆရာတော်ဘုရားကြီးက သဂြိုဟ်ကျမ်းစရိုက်ခြောက်ပါး ထဲမှာ လင်္ကာလေး ပြုလုပ်ထားတာပါ။

(၄၀)ထဲက ဘာကမ္မဋ္ဌာန်းပေးမလဲ။ တောင်းတာက သမထ (၄၀)ကို တောင်းတာ။ ကမ္မဋ္ဌာနာစရိယများက ဘာပေးမလဲဆိုတော့ **"အာနာပါနကမ္မဋ္ဌာန်း"**ကို ပေးကြတယ်။

**"အာနာပါန အလျော်ကျ မောဟဝိတက်သာ"** အာနာပါန ကမ္မဋ္ဌာန်းဟာ ဝိတက်များသူတွေနဲ့ မောဟများသူတွေ သင့်တော် တယ်။

ဆရာတော်ဘုရားကြီးက **"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"**တဲ့။ မိုက်တယ်, မဲတယ်, မှောင်ကျတယ်၊ ဘာမှ မသိဘူး။ ဒါဟာ အဝိဇ္ဇာပဲတဲ့။

တရားအားထုတ်ဖို့လာတဲ့ ယောဂီသူတော်စင်များဟာ မောဟ ပိတ်ဆို့နေတဲ့အတွက် ဒီအာနာပါနကမ္မဋ္ဌာန်းနဲ့ လျော်တယ်ဆိုပြီးတော့ (၇)ရက် တရားစခန်းများမှာ သမထကမ္မဋ္ဌာန်း (၄၀)ထဲက အာနာပါန

http://www.dhammadownload.com



ကမ္မဋ္ဌာန်းကို ပေးမှာပါဘုရား။

အဲလို အာနာပါနကမ္မဋ္ဌာန်းပေးတဲ့အခါ အပြည့်အစုံ အာနာပါနဒီပနီမှာ ညွှန်းပြထားတာရှိတော့ အဲဒီအခန်းကျမှ ဒါကို ဆက်လက်လျှောက်ထားမှာ ဖြစ်ပါတယ်ဘုရား။

**"ပထမလယ်တီဆရာတော်ဘုရားကြီးအား ကန်တော့ရန်"**

"သံဃဂုဏော အနန္တောဟု ကျော်ဇောထင်ရှား များပြားစုံညီ ဂုဏ်ပေါင်းတည်သည့် လယ်တီမဟာထေရ်ဆရာကို ဝန္ဒနာ ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။"

ဒါကတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရား ကြီး ဖွင့်ဆိုခဲ့တဲ့ ကမ္မဋ္ဌာန်းအားထုတ်နည်း အားထုတ်ကြမှာဆိုတော့ ပင်ရင်းဖြစ်တဲ့ ဗုဒ္ဓဘုရား၊ ဗုဒ္ဓဘုရားပြီးတော့ အနန္တကျေးဇူးတော်ရှင် ကမ္မာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးအား ရှိခိုးတဲ့နည်း အကျဉ်းချုပ်လေးပါပဲ။ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ဝန်းဝန်း ဆရာတော် ဘုရားကြီးဂုဏ်ကို ရှိခိုးမယ်ဆိုရင်တော့ ဘုန်းကြီးတို့ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော်ရေးထားတဲ့ **"ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ အံ့ဖွယ်တော်များ ဂါထာတွေ"**နဲ့ ရှိခိုးရမှာပါဘုရား။

ဒါကြောင့် ဆရာတော်များ မိမိတို့ဒေသရောက်ကြလို့ အဂ္ဂမဟာပဏ္ဍိတ **"မဟာသုတဒီပနီ"** ကျမ်းပြုဖြစ်တော်မူတဲ့ အရှေ့ လယ်တီဆရာတော်ဘုရား ရေးသားထားတဲ့ **"အနန္တကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ မဟာထေရဂုဏဝန္ဒနာ"** ဆိုတဲ့ ဂါထာမျိုးတွေကို အရယူပြီးတော့ အကျယ်တဝင့် ရှိခိုးနိုင်ပါတယ်။

http://www.dhammadownload.com



(၇)ရက်တရားစခန်းမှာတော့ ဆရာတော်ဘုရားကြီးအား ရှိခိုးတာ အကျဉ်းချုပ်လေးပါ။ အားထုတ်ဖို့ အချိန်ပေးချင်လို့ပါပဲ။ ဒါကြောင့် အကျဉ်းချုပ်လေး ရှိခိုးတာပါ။

**"ဘုရားနည်းတူ ဆရာများသို့ ရုပ်နာမ်နှစ်ပါး အပ်နှင်းပုံ"**

သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို သင်ကြားပို့ချ ဆိုဆုံးမသည့် ဆရာသခင် ကျေးဇူးရှင်တို့အား "ဗုဒ္ဓါနံ ဘန္တေ သြဝါဒါယ ဇီဝိတံမေ ပရိစ္စဇာမိ" ဆိုသည့်အတိုင်း မဆိုင်းမတွ ရိုတုပ်ကွလျှက် ဗုဒ္ဓနည်းတူ အသက်နှင့်ခန္ဓာကိုယ်ကို ပေးလှူပါ၏ အရှင်ဘုရား။

ဒါကတော့ (၇)ရက်တရားစခန်းမှာ ကမ္မဋ္ဌာန်းအားထုတ် တော့မယ်ဆိုရင် ယောဂီသူတော်စင်များ ဆိုဆုံးမနိုင်ဖို့အတွက် ဆရာများအား အသက်နှင့်ခန္ဓာကိုယ်ကို လှူဒါန်းပါ၏လို့ လှူဒါန်းတဲ့ အစီအစဉ်ပါပဲ။

### ဝါကြီးဝါငယ်

ကမ္မဋ္ဌာန်းပေးတဲ့ ပုဂ္ဂိုလ်လို့ ဆိုတဲ့နေရာမှာ တပည့်တော်တို့ စာပေက တော်တော်ပြည့်စုံတယ်။ ထူးထူးခြားခြားတွေ၊ ညွှန်ကြား ချက်တွေ ပါဝင်ပါတယ်။

ဥပမာ- ပိဋကတ်သုံးပုံဆောင် အရှင်ပေါဋ္ဌိလမထေရ်ကြီးဟာ မဟာသတိပဋ္ဌာန် သုတ္တန် အပါအဝင် ပိဋကတ်သုံးပုံကို မွှေနှောက်ပြီး နေတဲ့ အရှင်မြတ်ကြီးပဲ။

တစ်နေ့ကျတော့ ရဟန်းငယ်လေးတစ်ပါးထံ လက်အုပ်ချီပြီး ကမ္မဋ္ဌာန်းတောင်းတာ သိပ်ပြီးတော့ သဘာဝကျပါတယ်။

http://www.dhammadownload.com



ပိဋကတ်သုံးပုံဆောင်ပင် ဖြစ်စေကာမူ ကမ္မဋ္ဌာန်းတောင်းတဲ့ အခါကျတော့ လက်အုပ်ချီပြီး တရားတောင်းတာ။ ရှိရှိသေသေလေး တောင်းယူပြီးတော့ သူအားထုတ်တာပါပဲ။

ယောဂီသူတော်စင်တွေ (၇)ရက်တရားစခန်း တရားပြရာမှာ အရှင်ဘုရားများထက် အသက်၊ သိက္ခာကြီးတော်မူကြတဲ့ ပုဂ္ဂိုလ်တွေ ပါရှိချင်ပါရှိမယ်။ မိမိအောက် သိက္ခာငယ်ပြီး တတ်သိကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ပါရှိချင် ပါရှိမယ်။ အဲလိုပါရှိတဲ့ အခါမျိုးမှာ ရှိရှိသေသေနဲ့ ကိုယ်ရဲ့အသက်ကို လျှော့ချိန်းပြီး တရားတောင်းတယ်ဆိုတော့ ဆိုဆုံးမ ရတာ အဆင်ပြေပါတယ်ဘုရား။

ရန်ကုန်မြို့၊ ပြည်လမ်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း မှာ တရားစခန်း ဖွင့်လာတာ အကြိမ် (၁၀၆)ကြိမ် ဘုရားတပည့်တော် တို့လဲ တစ်ခါတစ်လေ အားတုံ့အားနာနဲ့ တရားပေးကြရတာ။

ဘာကြောင့်လဲဆိုတော့ ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူကြတဲ့ အရှင်မြတ်များက အသက်ကငယ်ငယ်၊ သိက္ခာကငယ်ငယ်၊ ဟိုရန်ကင်းမြို့နယ်ထဲက လွတ်လပ်ရေးကျောင်းတိုက် ဆရာတော်ကြီး က သက်တော် (၇၈)နှစ်။

ဘာမှမသိရင်တော့ အကြောင်းမဟုတ်ဘူး။ ဘုရားတပည့် တော် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း ပြန်ဆိုတဲ့အခါ၊ ဝိနည်းငါးကျမ်း ပြန်ဆိုတဲ့အခါတွေမှာ ဒီဆရာတော်ကြီးက စာထောက်စာမ လုပ်ခဲ့ဘူး တယ်။ ဘုရားတပည့်တော်တို့ လက်အုပ်ချီပြီးတော့ ဝိနည်းငါးကျမ်းနဲ့ အဘိဓမ္မာရှေ့ပိုင်း ပြန်ဆိုတဲ့အခါ ရှေ့ကနေ ကုလားထိုင်ကြီးပေါ်က စာအုပ်ကြီး ကြည့်နေတယ်။

http://www.dhammadownload.com



လယ်တီဝိပဿနာကျောင်းလာပြီး တရားအားထုတ်တော့ ဟာ-ခက်တော့တာပဲ။ ဟိုတုန်းက ငါ့စာထောက်စာမ လုပ်ပေးခဲ့ဘူးတဲ့ ဆရာတော်ကြီးပဲ။ ငါက ညဥ့်စဥ်လဲ တရားကဟောနေတာ။ ဘယ်လိုများ လုပ်ရပ့ါမလဲ။

ဆရာတော်ကြီးတော့ ပါရှိတယ်။ မိမိလုပ်ငန်းသဘောအရပဲ လုပ်ရတော့မှာပဲဆိုပြီး (၇)ရက်လုံးလုံး တရားဟောတယ်။ ဆရာတော်ကြီးကတော့ စင်မြင့်ပေါ်မှာ တရားအားထုတ်နေတယ်။ အခြားယောဂီတွေကတော့ အနိမ့်ပိုင်းမှာ အားထုတ်ပါတယ်။ ယောဂီတွေကိုပဲ ကြည့်ပြီး တရားပေးရတယ်။

တရားယူတဲ့အထဲမှာ သက်တော် (၇၈)နှစ် ရှိတော်မူတဲ့ ဆရာတော်ကြီး နှစ်ပေါင်းများစွာ တရားအားထုတ်ဘူးမှာပါပဲ။ သို့သော်လဲ ဒီစခန်းအားထုတ်ရတာ ကျေနပ်တော်မူတယ်တဲ့။

ဒီလယ်တီဝိပဿနာ အာနာပါနအားထုတ်နည်းကို လယ်တီဆရာတော်ဘုရားကြီးက တစ်ဆင့်၊ အနာဂါမ်ဆရာသက်ကြီးတို့ အဆင့်ဆင့် ပေါက်မြောက်သွားတာကို အဲဒီဆရာတော် သိတော်မူတယ်။ သိတဲ့အတိုင်း ကြိုးစားမင်းစား အားထုတ်တော်မူတယ်။ နောက်တစ်နှစ် ပျံလွန်တော်မူတာပါပဲ။ ဆရာတော်က ကျေနပ်တယ်တဲ့။ လယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယနဲ့ အားထုတ်ရတာ ကျေနပ်တယ်တဲ့။

ဆရာတော်ကြီးက ကျေးဇူးတင်တယ်။ ကျေနပ်တော် မူတယ်။ အဲဒီတော့ မိမိတို့စီမှာ လာရောက်ပြီးတော့ အားထုတ်ကြမည့် ပုဂ္ဂိုလ်များထဲမှာ စာတတ်ပေတတ် ဆရာတော်တွေ၊ စာသင်တိုက်ကြီးတွေကဆရာတော်တွေ ရောက်လာကြမှာပဲ။ မိမိတို့ သင်ကြား

http://www.dhammadownload.com



အားထုတ်ထားတဲ့ ကမ္မဋ္ဌာန်းနည်းအတိုင်း ရဲရဲရင့်ရင့်သာ ကမ္မဋ္ဌာန်း ပေးတော်မူကြပါ။

ပိဋကတ်သုံးပုံဆောင် အရှင်မြတ်ကြီးများသည်ပင်လျှင် ရှင်ငယ်များထံ ကမ္မဋ္ဌာန်းတောင်းတဲ့ ထုံးတွေရှိပါတယ်။ အဲဒီထုံးတွေကို အသုံးပြုပြီးတော့ ရဲရဲရင့်ရင့် မိမိတို့အားထုတ်ထားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ ကမ္မဋ္ဌာန်းတရားကို ပြတော်မူကြပါ။ ဖြန့်ဝေတော်မူကြပါလို့ လျှောက်ထားလိုပါတယ်။

## အရှင်ဥပါလိ၏ ဝိနည်းစာဝါ

တစ်ချိန်က မြတ်စွာဘုရားက အကြောင်းအမျိုးမျိုးနဲ့ ဝိနည်းစကား မိန့်ကြားပါတယ်။ ဝိနည်းဂုဏ်ကျေးဇူး၊ ဝိနည်းသင်ကြားခြင်း၏ ဂုဏ်ကျေးဇူး၊ ဝိနည်းတတ်ဇတဒဂ်ရ အရှင်ဥပါလိ၏ ဂုဏ်ကျေးဇူးပါ ထည့်ဟောပါတယ်။ ရဟန်းတော်များက ဝိနည်းတတ်သိရေး အားကျလာကြပါတယ်။ ဝိနည်းသင်ကြားပေးတဲ့ စာလိုက်ရဟန်းတွေက ထေရ နဝ မဇ္ဈိမအကျော် အစုံပါဝင်ပါတယ်။ အရှင်ဥပါလိရဲ့ စာဝါက ထေရ်ကြီးက မတ်တတ်ရပ်စာလိုက် အရှင်ဥပါလိကလဲ မတ်တတ်ရပ် ပို့ချနဲ့ ပင်ပန်းကြပါတယ်။

(က) စာချဆရာတော်က ငယ်နေပါလျှင် တရားကို ရိုသေသောအားဖြင့် တူညီသောနေရာ၌လည်းကောင်း၊ မြင့်သောနေရာ၌ လည်းကောင်း နေထိုင်နိုင်ပါတယ်။

(ခ) စာသင်သားက ဝါကြီးနေပါလျှင် တရားကို ရိုသေသောအားဖြင့် တူညီသောနေရာ၌လည်းကောင်း၊ နိမ့်သောနေရာ၌ လည်းကောင်း နေထိုင်နိုင်ပါတယ်။

http://www.dhammadownload.com



အလွတ်သဘောအားဖြင့် နေထိုင်ကြရာ အခါ၌ နှစ်ဝါကြီး နှစ်ဝါငယ် နေရာတူညီရာ၌ နေထိုင်နိုင်ပါတယ်။ ဒီညွှန်ကြားချက် အတိုင်း လိုက်နာကျင့်သုံး ပို့ချသင်ယူကြဖို့ပါပဲ ဘုရား။

## သမားတော်ကြီးဇီဝက၏ စာသင်နည်း

တပည့်တော်တို့ ဒီသင်တန်းက (၁၅)ရက်မျှသာ ကြာမှာဆို တော့ ဗဟုဥ္စဂဏှာတိ- များများလည်းသင်၊ လဟုဥ္စဂဏှာတိ- မြန်မြန် လည်းသင်၊ သုဋ္ဌုစဥပဓာရေတိ- သေသေချာချာလဲ မှတ်ဆောင်၊ ဂဟိတဥ္စဿန သမ္မုဿတိ- သင်ယူပြီးသားလဲ မပျောက်ပျက်ဆိုတဲ့ သမားတော်ကြီး ဇီဝကရဲ့ သင်ကြားနည်းနဲ့ပဲ ကမ္မဋ္ဌာန်းစာ သင်ရမှာပါဘုရား။

**"ဝေနေယျသတ္တဝါများနှင့် အပြန်အလှန်တောင်းပန်ကြပုံ"**

(၃၁)ဘုံ၌ ကျင်လည်ကြကုန်သော အလုံးစုံသော လူနတ် ပြဟ္မာ သေက္ခာ သေက္ခ ဖြစ်ကုန်ကြသော အရိယာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တို့အား အစအဦး အမျိုးထား၍ များစွာဝေနေ သဗ္ဗေသတ္တာ သတ္တဝါတို့ အတိတ်ကာလ ရှေးဘဝက ယနေ့ကျအောင် (အကျွန်ုပ်က) ပြစ်မှားမိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို (အသင်တို့က) ခွင့်ပြုသည်းခံတော်မူကြပါ။

(အသင်တို့က) ပြစ်မှားမိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံ မှုတို့ကို (အကျွန်ုပ်က) ခွင့်ပြုသည်းခံပါ၏။

ဒါကတော့ ခွင့်လွှတ်ခြင်း တောင်းပန်ခြင်းဆိုတာ အရှင်ဘုရား တို့ သိပြီးသား ဖြစ်ပါတယ်။ "သာမညဖလသုတ်"တော် အဇာတသတ် မင်း မြတ်စွာဘုရားထံ-

http://www.dhammadownload.com



"အစ္စယောမံ ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠှံ ယထာ အကုသလံ၊ တဿ မေ ဘန္တေ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု"

"ဝုမှိဟော တွံ မဟာရာဇ အရိယဿဝိနယေ၊ ယော အစ္စယံ အစ္စယတော ဒိသွာ ယထာ ဓမ္မံ ပဋိကရောတိ" ဆိုတဲ့ စကားရဲ့ အဖွင့်၊ ဒီအဖွင့်ဟာ တောင်းပန်မှုနဲ့ ပတ်သက်ပြီး တပည့်တော်တို့ ဒကာ ဒကာမများအား အသိပေးဖို့ လိုပါတယ်ဘုရား။

အဲဒီမှာ အဇာတသတ်မင်းဟာ မြတ်စွာဘုရားထံမှာ ယခုလို တောင်းပန်လိုက်တဲ့အတွက် အဝီစိငရဲမှာ နှစ်အတိုင်းအတာမရှိ ကျမည့်အရေးမှ လွတ်မြောက်ပြီးတော့ "လောဟကုမ္ဘီငရဲ"မှာပဲ အနှစ် (ခြောက်သောင်း) ကျမယ်။ အဝီစီငရဲက လွတ်မြောက်တယ်။ လောဟကုမ္ဘီငရဲမှာပဲ ခံရတယ်။

ယခုလိုဖြစ်ခြင်းဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကြီးမားတဲ့ ရာဇဝတ်မှုကြီး၊ ဥပမာ- လူသတ်မှု ကျူးလွန်တယ်။ ပန်းလေးတစ်ပွင့် လာဘ်ထိုးလိုက်တာနဲ့ လွတ်မြောက်သွားသလိုပဲလို့ ဥပမာပေးပါတယ်။

တောင်းပန်မှုဟာ အင်မတန် အရေးကြီးတယ်၊ အရာရောက် တယ်။ ဝိနည်းမှာဆိုရင် ဆရာတပည့် အပြစ်ရှိက တောင်းပန်ရမည်။ တောင်းပန်လာက လက်ခံကျေနပ်ရမည်။ မတောင်းပန်လက်မခံက ဒုက္ကဋ်အာပတ် သင့်ပါတယ်ဘုရား။ အဇာတသတ်မင်းဟာ ပိတုဃာတက ကံထိုက်တယ်။ ဒေဝဒတ်ကို မြတ်စွာဘုရား သတ်ဖို့ အရေး သူအားပေးခဲ့တာ၊ အင်မတန် အကုသိုလ်ကြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပါပဲ။

http://www.dhammadownload.com



သို့သော်လဲ မဟာဝါမဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာမှာ ဖွင့်ဆိုတာက "ပုထုဇ္ဇနသဒ္ဒါယပန တေနသဒိသော နတ္ထိ" ပုထုဇဉ်ထဲမှာဆိုရင် အဇာတသတ်မင်းရဲ့ သဒ္ဓါတရားနဲ့တူသူ မရှိပါဘူးတဲ့။

အဲဒီတော့ အဇာတသတ်မင်းဟာ ကြီးမားတဲ့အပြစ်တွေ ကျူးလွန်သော်လဲ ပန်းပွင့်လေးတစ်ပွင့် လာဘ်ထိုးလိုက်တာနဲ့ အပြစ်မှ လွတ်မြောက်သွားသလို မြတ်စွာဘုရားထံမှာ တောင်းပန်လိုက်တာနဲ့ အဝိစီငရဲက လွတ်မြောက်တယ်။ အစုန်သုံးသောင်း၊ အဆန်သုံးသောင်း (ခြောက်သောင်း)သာ လောဟကုမ္ဘီငရဲမှာ ကျခံရပါတယ်။

တောင်းပန်မှုဟာ အင်မတန်အရေးပါပါတယ်။ ရှင်မဟာကစ္စည်းထံ တောင်းပန်သလို၊ တပည့်တော်တို့ တောင်းပန်တဲ့ ကိစ္စဟာ တရားအားထုတ်တဲ့နေရာမှာ အင်မတန် အရေးပါပါတယ်။

ခြုံပြီးတော့ ပြောမယ်ဆိုရင် တပည့်တော်တို့ ရှေးဟောင်းသြကာသ ကန်တော့ချိုးကြီးဟာ တောင်းပန်တဲ့သရုပ်ကို ဖေါ်ထုတ်ထားတဲ့ ကန်တော့ချိုးကြီး ဖြစ်ပါတယ်။ သြကာသကန်တော့ချိုးကြီးဟာ အကျဉ်းချုပ်ပြီး အပြန်အလှန် တောင်းပန်ခြင်း ဖြစ်ပါတယ်။

တပည့်တော်တို့ ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့် အချက်ကတော့ သမထကမ္မဋ္ဌာန်း တောင်းထားတဲ့အတိုင်း တရားပေးတဲ့ အဆင့်ရောက်ပါပြီဘုရား။

အာနာပါနဒီပနီ ပထမဆုံး အဘိယာစကနဲ့ ပဋိညာဉ်ဆိုတဲ့ အခန်း၊ ဒီအခန်းလေး ကြည့်မယ်ဆိုရင် မြန်မာသက္ကရာဇ် ၁၂၆၅ ခု၊ တပေါင်းလဆုတ် (၁၁)ရက်နေ့ အာနာပါနကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး တော့-

http://www.dhammadownload.com



စပြီးတော့ ကင်းဝန်မင်းကြီးအိမ်မှာ ဟောကြားတော်မူခဲ့တဲ့ နှစ်အပိုင်းအခြားကို သိအောင်လို့ အဘိယာစကနဲ့ ပဋိညာဉ်အပိုင်း လေးကို ဖတ်တော်မူကြပါ။

**တိုက်တွန်းခြင်း ဥယျောဇဉ်**

တိုက်တွန်းခြင်း ဥယျောဇဉ်မှာ-

**တိဏ္ဏ မညတရံ ယာမံ၊**

**ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

ဘုရားရှင်က ယမ်သုံးခု၊ ပထမယမ်၊ ဒုတိယမ်၊ တတိယမ်၊ ဒီလို တစ်နေ့တစ်ရက်ကို ပိုင်းခြားထားတာ ရှိပါတယ်ဘုရား။ အဲဒီမှာ ထူးထူး ခြားခြား ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ဆိုပြီးတော့-

ပဏ္ဍိတော= ပညာရှိသူမှန်ပေမူကား၊ တိဏ္ဏံ= အရွယ်သုံးပါး တို့တွင်၊ အညတရံ ယာမံ= တစ်ပါးပါးသော အရွယ်၌၊

(အများသိထားတာက ပုရိမယာမ၊ မဇ္ဈိမယာမ၊ ပစ္ဆိမယာမ၊ ပုရိမယမ်၊ မဇ္ဈိမယမ်၊ ပစ္ဆိမယမ် လို့ ဒီလိုသိကြပါတယ်။)

ဆရာတော်ဘုရားကြီးက အညတရံ ယာမံ= တစ်ပါးပါးသော အရွယ်၌၊ ပဋိဇဂ္ဂေယျ= ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်သုတ်သင်ရာ ၏။ အရွယ်သုံးပါးနဲ့ အများသိနိုင်တဲ့အရွယ်ကို အများသိနိုင်တဲ့ စကားနဲ့ ဆရာတော်ဘုရားကြီးက ဘာသာပြန်ပေးထားတာ သတိပြုမိကြမှာ ပါဘုရား။ အရွယ်သုံးပါးဆိုတော့ လူတို့သက်တမ်း တစ်ရာတမ်းမှာ-

ပထမ - ၃၃ နှစ်နဲ့ ၄ လ ပထမအရွယ်၊

ဒုတိယ - ၃၃ နှစ်နဲ့ ၄ လ ဒုတိယအရွယ်၊

တတိယ- ၃၃ နှစ်နဲ့ ၄ လ တတိယအရွယ်၊

http://www.dhammadownload.com



အဲလို သတ်မှတ်ပြီးတော့ ထားကြပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကတော့ "ယခုအခါမှာ မူကား သေလွယ်ပျောက်လွယ်သော ဝိပတ္တိကာလ ဖြစ်၍ အသက် (၅၀)နှစ်ကိုသော်လည်းကောင်း၊ (၅၅)နှစ်ကိုသော်လည်းကောင်း ဘောဂသမ္ပတ္တိနယ် စည်းစိမ်ရှာနယ် ခံစားနယ် အဆုံးထားရာ၏။"

ဒီစကားလေးဟာ အင်မတန် အရေးကြီးပါတယ်ဘုရား။ အသက်တစ်ရာတန်းဆိုပေမယ့် အသက်တစ်ရာ နေရတဲ့ပုဂ္ဂိုလ်က တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက် မရှိပါဘူး။

ဒါကြောင့် ဘောဂသမ္ပတ္တိ ဆိုတာကတော့ အိမ်ရာစီးပွား၊ လူမှုစီးပွား စသည်တို့ပါပဲ။ ဘောဂသမ္ပတ္တိ ဆောင်ရွက်ရမည့်နယ်က (၅၀)၊ (၅၅)နှစ် အဆုံးထားပါ။

အဲဒီ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီးတော့ ဘဝသမ္ပတ္တိ ဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအကျိုးများကို ဆောင်ရွက်ရာ၏။ ဆရာတော်ဘုရားကြီးက တိုက်တွန်းထားပါတယ်။

တစ်နေရာမှာ ဆရာတော်ဘုရားကြီး တိုက်တွန်းထားတာလဲ ရှိပါသေးတယ်။ "အသက် (၅၀)သို့ရောက်လျှင် ရှင်ရှင်လူလူ ဆင်ခြေ လက်ခြေမပေးဘဲ တရားဘာဝနာများ ကြိုးစားအားထုတ်ရမည်"လို့ ဒီလိုသတိပေးတော်မူပါတယ်။

အသက် (၅၀)ကျော်ရင် ဆင်ခြေတွေ မပေးနဲ့တဲ့။ သားသမီး တွေ အရွယ်မရောက်သေးလို့၊ သူတို့ပညာရေး မစုံသေးလို့၊ သူတို့ အိုးနဲ့အိမ်နဲ့ မပြည့်စုံသေးလို့ စသည်စသည်ပါ။ ဘယ်တော့မှ ပြည့်စုံမှာ မဟုတ်ပါဘူး။

http://www.dhammadownload.com



သာသနာနဲ့ ပတ်သက်ပြီး ကျေးဇူးရှင်ဆရာတော်ဘုရားကြီးတွေက မိမိတို့ တည်ထောင်ထားတဲ့ ကျောင်းတိုက်ကြီးတွေ တရားစခန်းကြီးတွေ ဆရာတော်ဘုရားကြီးတို့ရဲ့ မျှော်လင့်ချက်ကတော့ အဲလိုမဟုတ်ဘူး။

ဘုရားတပည့်တော်တို့ မုံရွာ၊ သပြေပင်တောရကျောင်းတိုက် ကျေးဇူးရှင်ဆရာတော်ကြီးက မိန့်ဖူးတယ်။ "ဇာဂရတို့ စာချနေတာ ငါးနှစ်လောက်မြင်ရလျှင် ဒို့သေပျော်ပြီ"လို့ မိန့်ဖူးပါတယ်။

သာသနာကိုကြည့်တာ။ စာသင်တိုက်ဆိုတာ ဆက်လက်ပြီး စာချနိုင်မည့်ပုဂ္ဂိုလ် နေနိုင်မည့်အချိန်ကို ဆရာတော်ဘုရားကြီးတွေ မျှော်လင့်ကြတာ။ ပဋိပတ္တိသာသနာ့ဝန်ဆောင် ဆရာတော်ကြီးတွေကျတော့၊ တရားရိပ်သာကြီးတွေကျတော့ ဆက်လက်တရားပြသွားမည့်ပုဂ္ဂိုလ်တွေရဲ့အချိန်ကို အလိုရှိကြတယ်။

ဒါသုံးလောကထွဋ်ထား မြတ်ဘုရားရဲ့နည်းပါပဲ။ အားလုံးသိတော်မူကြတဲ့အတိုင်း မြတ်စွာဘုရား ပွင့်တော်မူကာစ ရှိသေးတယ်။ မာရ်နတ်က ပရိနိဗ္ဗာန်စံဖို့ လာလျှောက်တော့-

"တပည့်သား သာဝကတွေ၊ ဘိက္ခု ဘိက္ခုနီတွေ၊ ဥပါသကာ ဥပါသိကာတွေ၊ ငါဘုရားတရားတော်တွေ ကျကျနန မသိကြသေးဘူး။ သူတစ်ပါးတို့က ဝါဒတင်စီး ကပ်ကပ်သပ်သပ် မေးလာသမျှ မဖြေရှင်းနိုင်ကြသေးဘူး။ တပည့်သားသာဝကတွေ ငါဘုရားရဲ့တရားတွေကို ကျကျနန မသိသေးသမျှ ကျကျနန မဟောပြနိုင်သေးသမျှ ကျကျနန မဝေခွဲနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး"လို့ ဒီစကား မိန့်တော်မူတာ။ သက်တော် (၈၀)ပြည့်နေဖို့ရာ အခြေခံအကြောင်း တစ်ရပ်ပါပဲ။

http://www.dhammadownload.com



ဘာဝသမ္ပတ္တိဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအကျိုးများကို အားထုတ်သင့်ကြောင်း ဆိုတဲ့နေရာမှာ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ဆိုပြီးတော့ တေမိမင်းတို့၊ ဟတ္ထိပါလမင်းတို့ ဥပမာတွေ ပေးထားတာတွေ ဖတ်လိုက်ရင် သိနိုင်ပါတယ်။

အထူးသဖြင့် စာမျက်နှာ(၄)မှာ "ရွှေပေလွှာကိုရေးသား၍ ရာဇဂြိုဟ်ပြည်ဘုရင် စေလွှတ်သော အာနာပါနအစီအစဉ်ကို တွေ့မြင်ရာ ဘုံ(၇)ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ဧကစာရ တစ်ယောက်တည်း နေတော်မူ၍ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်၍ အာနာပါန စတုတ္ထစျာန်တိုင်အောင် ပေါက်ရောက် ထမြောက်တော်မူပေသော တက္ကသိုလ်မင်း၏ နည်းလမ်းကတစ်မျိုး၊ ဘယ်မှ တောမထွက်ပဲ တရားအားထုတ်တယ်။

ဒါလေးကို ဆရာတော်ဘုရားကြီးက အတုယူဖို့လေးတွေ ညွှန်ပြထားတာပါပဲ။ တောမထွက်နိုင်ဘူး။ ဘယ်မှထွက်မသွားနိုင်ဘူး ဆိုရင် မိမိနှစ်သက်တဲ့ ဆိတ်ငြိမ်တဲ့နေရာလေးမှာ အားထုတ်နိုင်တယ်။

တော်တော်ကြာ အလုပ်ခွင်တည်ခန်းမှာလဲ အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရဂတောဝါ လို့ အကျယ်တဝင့် ရှင်းပြပါ လိမ့်ဦးမယ်ဘုရား။

ရှေးအဖို့၌ ဘောဂသမ္ပတ္တိ စီးပွားကို လိုက်စားခံစံပြီးလျှင် နောက်အခါ၌ ဘောဂသမ္ပတ္တိနှင့်စပ်သော ကြောင့်ကြစိုက်မှု သမာဓိ ဘာဝနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အိမ်ရာကိစ္စ အပြဟ္မစရိယအမှု အပေါင်းအဖေါ်နှင့်စပ်သော အမှုများကို လွတ်ကင်းအောင် ကြဉ်ရှောင်၍၊

http://www.dhammadownload.com



ဒါအထူးသဖြင့်တော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ ပုဂ္ဂိုလ်များ မိမိတို့အိုးအိမ်ကိစ္စ၊ ကျောင်းတိုက်ကြီးနဲ့ နေကြတဲ့ ပုဂ္ဂိုလ်များလဲ မိမိတို့ရဲ့ကျောင်းတိုက်ကိစ္စ ကြောင့်ကြစိုက်မှုကို ရှောင်ပါ။

သမာဓိဘာဝနာနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အိမ်ရာကိစ္စ အပြဟ္မ စရိယကိစ္စ အပေါင်းအဖေါ်နဲ့ ပတ်သက်တဲ့ ကိစ္စများကိုရှောင်ပါ။

ဧကစာရ တစ်ယောက်တည်းနေထိုင်မှု ပွဲတော်စာဆက်သွင်းသော လူယောက်ျားတစ်ဦးနှင့်သာ ဆက်ဆံ၍ ဆွမ်းပို့တဲ့ပုဂ္ဂိုလ်၊ အာဟာရပို့တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထဲသာ အတွေ့ခံပါ။

## ဝိသိဋ္ဌတိပိဋကရေ့ ဆရာတော်

ဘုန်းကြီးတို့ ဝိသိဋ္ဌ တိပိဋကရေ့ ဓမ္မဘဏ္ဍာရိက အရှင်မြတ်ကြီး ပခုက္ကူ ဦးနေမိန္ဒ ဘုန်းကြီးတို့ နေ့စဉ်က သံဝေဂဉာဏ်နဲ့ အနေများ ပါတယ်။ ဘုန်းကြီးက စာစာကပရိယတ္တိစာသင်တိုက်ကြီးတွေ ဆောင်ရွက်ပြီး လုပ်ကိုင်မှုနဲ့ ပတ်သက်ပြီးတော့ လိုချင်သလောက် မျှော်မှန်းသလောက် အောင်မြင်မှုမရှိလို့ စိတ်မကောင်း ဖြစ်နေခဲ့တာ။

အခြားအခြား တိပိဋကဆရာတော်ကြီးတွေက ကျောင်းတိုက်ကြီးတွေနဲ့ တပည့်တပန်း လက်ဝဲလက်ယာ ဘယ်လက်ရုံး ညာလက်ရုံးကြီးတွေနဲ့ ပရိသတ်ကြီးတွေနဲ့ နေသွား။ ဒို့ဆရာတော် ပိဋကတ်သုံးပုံဆောင်ကြီးဖြစ်ပြီးတော့ ကျောင်းတိုက်လဲ တူတူတန်တန် မရှိသေးဘူး။ တပည့်တပန်းတွေနဲ့ ဘယ်လက်ရုံး ညာလက်ရုံးကြီးတွေနဲ့ ပြည့်ပြည့်စုံစုံမရှိသေးဘူးဆိုပြီး အတော်အားမလိုအားမရ ဖြစ်နေခဲ့တာ။

နောက်ဆုံး ပျံတော်မူမည့်ဝါမှာ နယုန်လပြည့် ပျံတော်မူတယ်ဆိုတော့ ဝါဆိုဦးကစပြီးတော့ မော်လမြိုင် မဟာဝိသုတာရာမ

http://www.dhammadownload.com



ဗိမာန်ကျောင်းတိုက် သိမ်ထဲမှာ တစ်ပါးတည်း သီတင်းသုံးတယ်။ ဆွမ်းပို့တဲ့ ကိုရင်တစ်ပါးက ပို့ရတယ်။ တစ်ဝါတွင်းလုံး အပြင်မထွက်တော့ဘူး။ ဆွမ်းပို့လာရင် တံခါးလေး အသာဖွင့်ပြီးတော့ ဆွမ်းချိုင့်အကပ်ခံယူလိုက်တယ်။ ဆွမ်းဘုဉ်းပေးပြီး တံခါးဖွင့်ပြီးတော့ ဆွမ်းချိုင့်ပြန်ချထားလိုက်တယ်။

တစ်ပါးထဲ (၃)လ သီတင်းသုံးတဲ့အခါကျတော့ ဦးနှောက်ဘရိန်းကြူးမားရောဂါ ဖြစ်တယ်ပြောပါတော့။ သို့ပေမယ့် ကျေနပ်တယ်။ ဆရာတော်ဘုရားက မကြာမှီ ပျံတော်မူမှာကို သိလို့လားမသိဘူး။ တစ်ပါးထဲ ကေစာ၊ အခု ဆရာတော်ဘုရားကြီးရဲ့ မိန့်တော်မူချက်အတိုင်း ကျောင်းတိုက်ကြီးလဲ ကြောင့်ကြမစိုက်ဘူး။ ကေစာကျင့်တော်မူတယ်။ ဆွမ်းဘုဉ်းပေးဖို့ တစ်ပါးစာလေးလာပို့တာကိုဘုန်းပေးပြီး သုံးလတိုင်တိုင် ကြိုးစားသွားတော်မူတာ။ တဖြည်းဖြည်းစဉ်းစားပြီးကြည့်တော့မှ အားရလိုက်တာ၊ ကျေနပ်လိုက်တာ၊ ကြည်ညိုလိုက်တာ ဆရာတော်ဘုရား အတွက်လေ။

ဒုတိယဆရာတော်ဘုရားတစ်ပါးက ရောဂါအသည်းအသန်ဖြစ်တော့ သူပျံတော်မမူခင် လေးလလောက်အလိုမှာ သူ့သွားနှုတ်ဆက်တယ်။ ဆေးဖိုးဝါးခ လှူရင်းနဲ့ ရောက်ပါတယ်။

"ဘယ်လိုနေလဲ ကိုယ်တော်" ဆိုတော့ "ကျန်းမာပါတယ်ကိုယ်တော်၊ တပည့်တော် စာလဲရေးနိုင်ပါတယ်"လို့ ပြောတယ်။ သူရေးထားတဲ့ စာအုပ်ကလေးတွေလဲ ပေးတယ်။

ဟိုတုန်းက ပခုက္ကူဆရာတော်ဘုရား (၃)လ တစ်ပါးထဲနေပြီးတော့ တရားအားထုတ်သွားတာလဲ စဉ်းစားမိတယ်။

http://www.dhammadownload.com



ဒီတိပိဋကဆရာတော်တစ်ပါးထဲနေပြီး မကျန်းမာတဲ့အထဲက စာရေးနိုင်တာကိုလဲ စဉ်းစားမိတယ်။

စဉ်းစားမိပြီး စိတ်မကောင်းဖြစ်မိတယ်။ "ဩော် သူကျန်းမာပါတယ်၊ စာရေးနိုင်ပါတယ်လို့ ပြောတာကို တရားသာ အားထုတ်စမ်းပါ"လို့ မပြောဖြစ်ခဲ့ဘူး။ နောက်ထပ်လဲ မတွေ့ရတော့ဘူး၊ အဲဒီနှစ်မှာ ပျံတော်မူတယ်။

ပျံတော်မူတော့ ပိုပြီးတော့ စိတ်မကောင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ "တရားသာ အားထုတ်ပါ"လို့ မပြောခဲ့မိလို့ပါပဲ။ သတိလဲ မပေးခဲ့မိဘူး။ တရားအားထုတ်တာကို အားမသန်ဘူးနဲ့တူတယ်။ နှမြောလိုက်တာ။

ဒါလောက်ကြီးကျယ်တဲ့ ဉာဏ်ကြီးရှင်ကြီးတွေ ဒီလိုဘဝမျိုးရောက်လာပြီးတော့ ပိဋကတ်သုံးပုံဆောင်တယ်။ ဧကစာကျင့်ပြီး တရားအားထုတ်မသွားရတာ ဘဝမှာအင်မတန်နှမြောဖို့ကောင်းတယ်။ မိတ်ဆွေ ဘုန်းကြီးတွေကိုရော သူတပည့်တွေကိုရော ဒီစကားပြောဖြစ်ပါတယ်။ ဒါလဲ ငါ့ချို့ယွင်းချက်ကွာ။ ငါမပြောခဲ့မိဘူး။ အကယ်၍များ ငါသတိပေးဖြစ်ရင် ဆရာတော် တရားအားထုတ်ဖြစ်မှာ အမှန်ပဲ။ ဒကာဒကာမတွေအား အသိပေးဖို့ စာအုပ်ရေးဖို့ပဲ စိတ်ရောက်နေတယ်။

ရေးနိုင်လောက်တဲ့ ကျန်းမာရေးရှိရင် စာအုပ်ပဲရေးတာပဲ။ ဒကာ ဒကာမတွေ ဘယ်လိုနေ ဘယ်လိုထိုင် အစရှိသည်ဖြင့်ပေါ့လေ။

ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော်ဘုရားအပေါ် စောစောတုန်းက အားမလိုအားမရဖြစ်နေတာ၊ အခုမှတွေးတွေးကြည့်လိုက်တိုင်း ဆရာတော်ဘုရားရဲ့ "ဓမ္မဝိဟာရီ"အဖြစ်ကို စဉ်းစားလိုက်တိုင်း အတော့်ကို ကျေနပ်မိတယ်။

http://www.dhammadownload.com



**သူရူးပမာ**

အာနာပါနဒီပနီ နံပါတ် (၅)မှာတော့ "စိတ်ကိုအစိုးမရ၍ သံသရာမျောပုံ စိတ်ကို အစိုးမရတဲ့ သူရူးဥပမာဆိုပြီးတော့-

စိတ်မနိုင်နင်းရင် အမှုမတွင်ကျယ်ဘူးတဲ့။ ပွဲမနိုင်နင်းသော လှေသူကြီးဥပမာ။

ဒီတရားအားထုတ်မှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရဖို့က အင်မတန်အရေးကြီးပါတယ်။

"ဣတိပိသော" တစ်ပုဒ်မှ စိတ်ငြိမ်ငြိမ်ထားပြီး အပြီးမသတ်နိုင်ပုံ"ကိုလဲ ဆရာတော်ဘုရားက စာမျက်နှာ(၆)မှာ "လောက၌ ပကတိစိတ်ကောင်း နှလုံးကောင်းနဲ့ ပြည့်စုံကြသော ပကတိလူကောင်း သူကောင်းတို့သည်လဲ သိမ်မွေ့လှစွာသော သမထစျာန် ဝိပဿနာ ပညာအလုပ်တို့၌မူကား မိမိစိတ်ကို မိမိအစိုးမရသော် သူရူးသူနှမ်း အရာ၌ ကျရပြန်၏။"

ဆရာတော်ဘုရားကြီးက လူကောင်းလို့သာ ပြောရတယ်တဲ့။ စိတ်အစိုးမရရင် အရူးစာရင်းတောင် ပါဝင်တာတဲ့။ တပည့်တော်တို့ တတွေ အရူးစာရင်း မပါဝင်ဖို့လိုပါတယ်။ စိတ္တဇဆေးရုံ အပို့ခံရတဲ့ အရူးတွေနဲ့စာရင်တော့ ကောင်းသလိုပါပဲ။

အရူးကလဲ အင်မတန်ပေါတယ်။ တရုတ်ပြည်မှာ စိတ်မနှံ့တဲ့လူ အရူးလို့ သမုတ်ခံရတဲ့သူပေါင်းက သန်း (၅၀)ကျော်ရှိတယ်။ တစ်နေ့က သတင်းတစ်ပုဒ်ထဲမှာ အိန္ဒိယပြည်မှာလဲ သန်း(၅၀)ကျော် ရှိတယ်။ ဆေးရုံပို့သူတွေက လိပ်စာအမှန်ပင် မပြောကြဘူးတဲ့။ စင်္ကာပူနိုင်ငံ လူမှုရေး၊ စီးပွားရေး အင်မတန်ကောင်းပါတယ်။ အသုံးအဆောင်တွေ မော်တော်ကားတွေဆိုလဲ အပေါင်းမရှိဘူး။ သိပ်ကောင်း။

http://www.dhammadownload.com



သို့သော်လဲပဲ လူယခင်က သုံးသန်း၊ ယခု ငါးသန်းကျော် လောက်ရှိတဲ့ နိုင်ငံလေးမှာ မြေအောက်ရထားကလဲ ကောင်းလိုက်တာ သိပ်ကောင်းတာပဲ။

ဒါပေမယ့် စိတ်ကိုအစိုးမရတဲ့ လူတွေက အင်မတန်များပါတယ်။ အဲဒီ မြေအောက်ရထားပေါ်က ခုန်ချပြီးသေတဲ့လူ တစ်နှစ် ငါးယောက်လောက်ရှိတာ။

တပည့်တော်တို့ မြန်မာနိုင်ငံမှာ မြို့ပတ်ရထားပေါ်က ခုန်ချပြီး သေတာ တစ်နှစ်တစ်ယောက် ရှိခဲ့တယ်။

စင်္ကာပူမှာ တပည့်တော်တို့ မြန်မာပြည်က အမျိုးသမီး တစ်ယောက်က လျှောက်တယ်။ "ဆရာတော် ဒီနိုင်ငံကလူတွေက စီးပွားရေးတာ ကောင်းတာ။ တစ်ယောက်ထဲ စကားပြောသွားတဲ့ လူတွေ အတော်များတယ်"။

လမ်းသွားရင်း တစ်ယောက်ထဲ စကားပြောသွားတာ။ အဲဒါ ဘာကြောင့်လဲဆိုရင် စိတ်ကိုအစိုးမရလို့။

ဘုန်းကြီးတို့တတွေ စင်္ကာပူက လူတွေလို တစ်ယောက်ထဲ စကားပြောသွားတဲ့လူတွေထဲမှာ မပါပါဘူး။

ကိုယ်ဟာကိုယ် လုပ်ငန်းလုပ်ကြည့်တဲ့အခါ တစ်ခါတစ်ရံ ပုတီးသာစိပ်လိုက်ရတယ်။ ပုတီးသာ တစ်ပတ်ပြည့်သွားတယ်။ ဂုဏ်တော်ပုတီးချတာနဲ့ စိတ်ထဲက အာရုံပြုတာနဲ့ အံကိုက်မဟုတ်ပဲနဲ့ သွားတာတွေ အများကြီးပဲ။ ဆရာတော်များလဲ သိတော်မူကြတဲ့ အတိုင်းပဲ။ တစ်သက်လုံးမှ ပုတီးတစ်လုံးပဲရတယ်ဆိုသလိုပေါ့။

ဒီတော့ ဟိုအရှုတွေစာရင်တော့ အကောင်းပဲတဲ့။ ဆရာတော် ဘုရားကြီးက အဲဒီအရှုတွေစာရင်တာ ကောင်းတယ်။ တကယ်တော့

http://www.dhammadownload.com



"ပကတိ လူကောင်းတို့ဟာလဲ သမာဓိဘာဝနာ ပညာ ဘာဝနာမှုတို့၌ မိမိစိတ်ကို မိမိအစိုးမရကြသော် သူရူးသူနှမ်းအရာ၌ တည်ကြပါတယ်" တဲ့။

## ပဲ့မနိုင်သော လှေသူကြီးပမာ

သမထဘာဝနာ ဝိပဿနာဘာဝနာနဲ့ ပတ်သက်လို့ရှိရင်တော့ တပည့်တော်တို့ဟာ သူရူးသူနှမ်းတွေလိုပါပဲ။

အဲဒီမှာပဲ ဆရာတော်ဘုရားကြီးက စိတ်မနိုင်နင်းလို့ရှိရင် အမှုမတွင်ကျယ်ပုံ ပဲ့မနိုင်သော လှေသူကြီး ဥပမာဆိုပြီးတော့ တော်တော်များများ စိတ်ကိုအစိုးမရမှုနဲ့ ပတ်သက်ပြီးတော့ ရေးထားတာရှိပါတယ်။

## ကျေနပ်မနေနဲ့

အထူးသဖြင့် စာမျက်နှာ (၉)မှာ "ရတနာသုံးပါးကို ကြည်ညို ကိုးကွယ် ဖူးမျှော်ချီးမွမ်းကာ ဘုရားဒကာ ဘုရားအမ၊ ကျောင်းဒကာ ကျောင်းအမ၊ ပစ္စည်းလေးပါးဒကာ ဒကာမ၊ သာမညရဟန်း ကျမ်းဂန် တတ်ရဟန်းအကျော် တံဆိပ်ရဆရာတော်ဖြစ်တာနဲ့ သုညကမ္ဘာ သံသရာပြင်ကြီးသို့ လွင့်ကာ လွင့်ကာ လာကြသည်ကို မှတ်ရာ၏"။ ဒီအချက်ဟာ တော်တော်အရေးကြီးတဲ့ အချက်ပါပဲ။

သာသနာနဲ့တွေ့လာတော့ အများစုအားဖြင့် တောရောမြို့ပါ ဘုရားဒကာဖြစ်ရင် အတော်ဟန်ကျလှပြီ ထင်တယ်။ ကျောင်းဒကာ ဖြစ်ရင် တော်တော်နိပ်ပြီ။

http://www.dhammadownload.com



ရဟန်းတော်များမှာ စာပေကျမ်းဂန်တတ်မြောက်လာပြီ။ ဘွဲ့တံဆိပ်တွေရလာရင် ရဟန်းဖြစ်ကျိုးနပ်သလောက် ထင်နေကြတာ။

အဲဒါကို ဆရာတော်ဘုရားကြီးက သတိပြုတော်မူကြပါတဲ့။ ကျောင်းဒကာဖြစ်ရုံနဲ့ မပြီးသေးပါဘူးတဲ့။

မြတ်စွာဘုရား အနာထပိဏ်သူဌေးကြီး ဦးဆောင်တဲ့ ဥပါသကာ (၅၀၀)အား မိန့်ကြားထားတာရှိသားပဲ။

**"တုမှေ ခေါ ဂဟပတိ မယံ ဘိက္ခုသံဃံ ပစ္စုပ္ပဋ္ဌိတာ စီဝရ ပိဏ္ဍပါတဘေသဇ္ဇ ပရိက္ခာရေန"၊**

ငါတို့ဟာ သံဃာများကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ခဲ့ပြီ၊ ပြုစုခဲ့ပြီ။ "နခေါတာဝတကေန တုဋ္ဌိကရဏီယာ" အဲလောက်ကလေးနဲ့ ကျေနပ်မနေပါနဲ့။

**"တသ္မာတိဟ ဂဟပတိ၊ ဧဝံ သိက္ခိတဗ္ဗံ "ကိန္တိမယံ ကာလေန ကာလံ ပဝိဝေကံ ပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမ" တိ"**

ကျောင်းဒကာ ဘယ်နည်းနဲ့များ တစ်နေ့နေ့ တစ်ချိန်ချိန် ဆိတ်ငြိမ်မှုကြောင့် ရရှိတဲ့ပီတိ၊ နီဝရဏကင်းလို့ ရရှိတဲ့ပီတိ၊ အာနာပါန ကမ္မဋ္ဌာန်း စသည် အားထုတ်ခြင်းကြောင့် ရရှိတဲ့ ပီတိမျိုး တစ်ခါ တစ်လေ ဘယ်တော့များ ရပြီးနေနိုင်မလဲလို့ အဲဒီလို စိတ်ထားရမယ်။ ကျောင်းဒကာကြီးကို ဆုံးမတာ။

အရှင်ဘုရားတို့ တပည့်တော်တို့လဲ ကျောင်းတိုက်တာ အသီးသီးမှာ ကျောင်းထိုင်နေကြတယ်။ စာတတ်တယ်၊ ဘွဲ့တံဆိပ်တွေ ရတယ်၊ သံဃာ့အဖွဲ့အဆင့်ဆင့်မှာ ရာထူးထိုက်တန်သလောက် ရကြတယ်။ အဲဒီလောက်နဲ့ ကျေနပ်နေဖို့ မသင့်တော်ပါဘူး။

http://www.dhammadownload.com



တပည့်တော်တို့ ကျေနပ်နေရင် တပည့်တော်တို့ နစ်မွန်းရုံ ရှိမှာပဲ။ ပဝိဝေကပီတိတော့ ရရှိအောင်အားထုတ်ကြရမယ်။ (၁၅)ရက် တာကာလမှာ အဲဒီပဝိဝေကပီတိ ရရှိအောင် အားထုတ်နေကြမှာ ဖြစ်ပါတယ်။ အဲဒီကနေ ဝိပဿနာတက်ရမှာပါ။ အနာထပိဏ်သူဌေး ကြီး အမှူးပြုတဲ့ ဥပါသကာ (၅၀၀)အား မြတ်စွာဘုရား မိန့်ကြားတဲ့ ဩဝါဒနဲ့လဲ ညီပါတယ်။

အဲဒီလို အားထုတ်တဲ့အခါမှာ ဘယ်ကမ္မဋ္ဌာန်းကို အရင်ဆုံး အားထုတ်ရမလဲဆိုရင် ကာယဂတာသတိကို ရှေးဦးစွာ အားထုတ် ပါတဲ့။ ကာယဂတာသတိနဲ့ ပတ်သက်ပြီး ဘုရားရှင်ကိုယ်တော်တိုင် ကာယဂတာသတိ ချွတ်ချော်က နိဗ္ဗာန်နဲ့လွဲပြီး ကာယဂတာသတိ မချွတ်ချော်က နိဗ္ဗာန်နှင့်မလွဲပါ။

**"အမတံ တေသံ ဝိရဒ္ဓံ၊**

**ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။**

**အမတံ တေသံ အဝိရဒ္ဓံ၊**

**ယေသံ ကာယဂတာသတိ အဝိရဒ္ဓါ။"**

စသည်ဖြင့် ဟောတော်မူပါတယ်။ (အင်္ဂုတ္တိုရ်ပါဠိတော်)

**နံပါတ်(၁၁)မှာ-**

**စိတ်အစိုးရမှု အမျိုးမျိုး**

"လောက၌ အရှုံးအနှမ်း မဟုတ်မူ၍ ပကတိတည်ကြည်သော စိတ်နှင့် ပြည့်စုံလျက် လူရေးလူရာ၌ နေရာတကျရှိသည်ကိုလည်း စိတ်ကို အစိုးရမှုခေါ်၏။"

http://www.dhammadownload.com



ပထမဆုံး စိတ်ကိုအစိုးရကြတယ်။ အရှင်ဘုရားတို့ တပည့်တော်တို့ သင်တန်းသူ သင်တန်းသားများဟာ တစ်ယောက်ထဲ စကားပြောသွားနေတာ မဟုတ်တော့ လူရေးလူရာဝင်တယ်ပေါ့။

စောစောက အိန္ဒိယနိုင်ငံက အရူးအနှမ်း သန်း(၅၀)၊ တရုတ်နိုင်ငံ သန်း(၅၀)၊ တပည့်တော်တို့ စိတ္တဇဆေးရုံက အရူးအနှမ်းတွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ လူရေးလူရာ မဝင်ကြဘူး။

အဲဒီတော့ အရူးအနှမ်းတွေ စာရင်တော့ အကောင်းတွေ။ လူတစ်ယောက်ပြောသလို "ငါက ငါ့ထက်မိုက်တဲ့လူနဲ့ စာရင် လူလိမ္မာဗျ"တဲ့။ သူ့ထက်မိုက်တဲ့လူနဲ့စာရင် သူဟာလူလိမ္မာပါပဲ။

အရူးအနှမ်းတွေနဲ့ စာရင်တော့ တပည့်တော်တို့က လူကောင်းတွေပဲ။ ဒါဘာကြောင့်လဲ "စိတ်ကိုအစိုးရလို့"။ စိတ်ကိုအစိုးရတဲ့ လူထဲမှာ လောကအနေနဲ့သာ ပါတာ။ သာသနာနဲ့ကြည့်မယ်ဆိုရင်တော့ ဒီလောကနဲ့ ရှိသမျှလူတွေ၊ အရူးအနှမ်းမဟုတ်တဲ့လူတွေ၊ စိတ်အစိုးရမှုရှိတဲ့ လူတွေဟာ တကယ်တမ်း စိတ်ကိုအစိုးရတဲ့ လူတွေ မဟုတ်သေးဘူး။

သာသနာတော်မှာ-

၁။ ဣန္ဒြိယသံဝရသီလ လုံခြုံမှုသည် အစိုးရမှုတစ်ပါးပင် ဖြစ်၏။ ခိုင်ခံ့သော အစိုးရမှုကား မဟုတ်သေး။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ထိန်းသိမ်းပြီးတော့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာနှလုံးမှု မဖြစ်အောင် စောင့်စည်းတာ။

ဒီတံခါး (၆)ပေါက်ကို လုံအောင်ပိတ်မှုဟာ အင်မတန်ခက်ပါတယ်။ အဲလို ဣန္ဒြိယသံဝရသီလ ဣန္ဒြေစောင့်သုံးပြီးတော့

http://www.dhammadownload.com



မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒီတံခါးတွေကို အကုသိုလ် အဘိဇ္ဈာ ဒေါမနဿ မဝင်ဖို့ လုံအောင် ပိတ်ထားနိုင်တယ်ဆိုရင်လဲ အစိုးရမှုတစ်ခုတော့ ဖြစ်တယ်။

သို့သော်လဲ ခိုင်ခံ့သော အစိုးရမှုကား မဟုတ်သေး။ ဒါကို သတိထားရမယ်။ ဣန္ဒြိယသံဝရသီလ ဖြစ်ဖို့တောင် အင်မတန်ခက်တာ ကိုး။ ဆွမ်းခံသွားစဉ် အဆင်း၊ အသံ အစရှိတဲ့ အာရုံတွေ၊ အာရုံတွေက လွှမ်းမိုးဖိစီးနေမှု မခံရအောင် သတိထားရမယ်။

ဆွမ်းခံသွားတယ်။ အဆင်း, အသံ အစရှိတဲ့ အာရုံတွေက လွှမ်းမိုးဖိစီးမှု မခံရအောင် စောင့်စည်းထိန်းသိမ်းပြီး ထားရတယ်။

လွယ်တော့ မလွယ်ဘူး။ မလွယ်တဲ့ ဣန္ဒြိယသံဝရသီလ တောင်မှ တပည့်တို့သာသနာတော်မှာ စိတ်ကို အစိုးရမှုဟာ ခိုင်ခံ့တဲ့ စောင့်စည်းမှု မဟုတ်သေးဘူးတဲ့။

ကာယဂတာသတိ ဘာဝနာ တည်မှုသည်ကား သမထ ဝိပဿနာ၏ ပဒဋ္ဌာန်ဖြစ်၍ ခိုင်ခံ့သော အစိုးရမှု ဖြစ်၏။

ဒါအရှင်ဘုရားတို့ လုပ်ရမည့်အလုပ် ဖြစ်ပါတယ်။ ကာယ ဂတာသတိ ဘာဝနာ တည်မှုဆိုတာ နောက်နားကျတော့ ဆရာတော် ဘုရားကြီးက ကာယဂတာသတိ အပြား (၁၈)ပါးလာပုံကို ပြထား ပါတယ်။

## (၁၈)မျိုး

နံပါတ် (၁၂)၊ (၁၃)မှာ ကာယဂတာသတိ အမျိုးအစား (၁၈)မျိုး ရှိပါတယ်။ အဲဒီ ကာယဂတာသတိ ဘာဝနာတည်မှု အာနာပါန ကမ္မဋ္ဌာန်း အားထုတ်မှု အဓိကအားဖြင့် အာနာပါနကမ္မဋ္ဌာန်း သမထ

http://www.dhammadownload.com



(၄၀)ထဲက အာနာပါနကမ္မဋ္ဌာန်းသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ၏ ပဒဋ္ဌာန်ဖြစ်၍ သမထဝိပဿနာရဲ့ နီးသောအကြောင်းဖြစ်တဲ့အတွက် ခိုင်ခံ့သော အစိုးရမှုဖြစ်တယ်။

ခိုင်ခံ့သောအစိုးရမှု ရရှိအောင် တပည့်တော်တို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြမှာ ဖြစ်ပါတယ်ဘုရား။

**ပထဝီမြေကသိုဏ်း**

အခုကြားဖြတ်ပြီး ပထဝီ-မြေကသိုဏ်း ပွားများအားထုတ်ပုံကို ဖတ်ပြပါဦးမည်။ ကသိုဏ်း (၁၀)ပါးတို့တွင် ပထဝီ-မြေကသိုဏ်း ပွားများလိုသူသည် မဝါလွန်း၊ မနီလွန်းတဲ့မြေကို နယ်၊ တစ်ထွာလောက် လှည်းဘီးသဏ္ဌာန်လုပ်၊ ကျောက်ပျဉ်လိုလုပ်၊ စည်မျက်နှာလို ညီးစေ၊ ဒန်ပူတစ်ပြားခန့် အဖြူ-အစိမ်း ဆေးမင်နဲ့ အနားပတ်သုတ်လိမ်း၊ ဘုရားဓာတ်တော်ကဲ့သို့ ရိုသေပါ။

ထို့ထက် ဥပစာရသမာဓိမှုသည် ခိုင်ခံ့၏။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်လိုက်တဲ့အခါ ဥပစာရသမာဓိ ရရှိလာပါလိမ့်မယ်။

ဥပစာရသမာဓိဆိုတာ ဘာလဲ။ ရှင်းရှင်းသိရအောင် ကမ္မဋ္ဌာန်းကျမ်းကြီး ကသိုဏ်းကို ပြဆိုခန်းကို ကြည့်ပါ။ အဲဒီအခန်း၌ နိမိတ်သုံးပါး ထင်ပုံပါရှိတယ်။ နိမိတ်သုံးပါး ထင်အောင် သိအောင် အားထုတ်ပါ။

**နိမိတ်သုံးပါးထင်ပုံ**

ဥပမာတစ်ခု ပြောရလျှင် မြေကသိုဏ်း ပွားများရန် တစ်ထွာခန့်မြေဝန်းကသိုဏ်း ပြုလုပ်ပါ။

http://www.dhammadownload.com



သားငှက်တိရစ္ဆာန်၊ လူသံ ဆိတ်ငြိမ်အချိန် အေးမြသော မြို့ပြ ပြည်ရွာ အိမ်ဂေဟာ၌လည်းကောင်း၊ လူရှင်မနှော ဆိတ်ငြိမ်သော တောအုပ်၌လည်းကောင်း တစ်ယောက်တည်း ချမ်းသာစွာ တင်ပလ္လင် ဖွဲ့ခွေထိုင်ပါ။

ကသိုဏ်းဝန်းကို မနီးမဝေး ရှေ့လက်လှမ်းမီလောက်မှာ ငုံ့လည်း မငုံ့ရ၊ မော့လည်း မမော့ရအောင် မျက်စိနှင့် ပဏာရအောင် ထောင်ထားပါ။ ဘုရားရှင်ဂုဏ်တော် အနည်းငယ် အောက်မေ့ ရှိခိုးပါ။ ငါ့ပတ်ဝန်းကျင်ရှိ သတ္တဝါအားလုံး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ၊ အခါခပ်သိမ်း ကောင်းမြတ်တဲ့အာရုံတို့ကို တွေ့မြင်ကြပါစေဟု စူးစူး စိုက်စိုက် မေတ္တာပို့ပါ။

'ငါသည် မချွတ်ဧကန် အမှန်သေရမည်။ ဘယ်တော့ သေရမည် မသိ။ မသေခင် မသေမီ ကိုးကွယ်ရာကို ရအောင် လုပ်မှ' ဟု အတန်ငယ် အနည်းငယ် သေခြင်းမရဏာသတိကို ဖြစ်စေရမည်။

ဒီကသိုဏ်းအကျင့်သည် ဘုရားပစ္စေကဗုဒ္ဓါ အရိယာပညာရှိ သူတော်ကောင်းတို့၏ ကျင့်စဉ်လမ်းကြောင်းတည်းဟု အောက်မေ့ ဆင်ခြင်လျှက် ကသိုဏ်းဝန်း၌ ရိုသေခြင်းကို ဖြစ်စေပါ။ ဤအကျင့် ဖြင့်ပင်လျှင် ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့သည် အိုနာသေ ရေး ဒုက္ခဘေးတို့မှ လွတ်ကြပေပြီ။ ငါသည်လည်း ဤအကျင့်ဖြင့်ပင် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်အံ့သောငှါ ဤအကျင့် ဤကသိုဏ်းဝန်းသည် ငါ၏ကိုးကွယ်ရာ အစစ်တည်းဟု ဆင်ခြင်၍ ကသိုဏ်းဝန်း၌ အလွန်မြတ်နိုးနှစ်သက်လျှက် အလွန်လိုချင်သော အာသာဆန္ဒဖြင့် အဆိုပါမြေကသိုဏ်းဝန်းကို ကြည့်ရှုပါလေ။

ဒါက ပရိကမ္မနိမိတ် ထင်ပုံပါ။

http://www.dhammadownload.com



## ဥဂ္ဂဟနိမိတ်

ယခုအခါ ဥဂ္ဂဟနိမိတ် ထင်ပုံကို ပြဆိုပါ့မယ်။

သံခိပ်၊ ပရိကမ္မ ဥဂ္ဂဟတည့်၊ ပဋိဘာဂါ ဤသုံးဖြာထင်လာ နိမိတ်တည်း။ အဆိုပါမြေကသိုဏ်းဝန်းကို မျက်စိနဲ့ မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍နေအောင် ကသိုဏ်းဝန်း၌ စိတ်ကို တစ်စိတ် တစ်ဒေသ၌သာ မထားဘဲ၊ ကသိုဏ်းဝန်းတစ်ခုလုံးကို အကုန်အနှံ့ စိတ်နှင့်ငုံ၍ ကြည့်ရှုပါ။ စိတ်ကိုသန်သန် ခိုင်ခိုင်ထား၍ သတိပညာဖြင့် ခိုင်ခိုင်မြဲမြဲ မှတ်၍ ကသိုဏ်းမြေကြီးဝန်း တစ်ခုလုံးကို စိတ်၌ အကုန်လုံး စွဲကပ်ထင်မြင်၍ ပါလာအောင် ပြူးပြူးစိစိ ကြည့်ရှု၍ ယူပါ။ စိတ်၌ စွဲလောက်ပါလောက် ရလောက်ချိန်တန်လျှင် မျက်စိကိုမှိတ်၍ စမ်း၊ မျက်စိမှိတ်သောအခါမှာလည်း ဖွင့်၍ကြည့်နေတုန်းကလို မြေကြီးဝန်း တို့ ထင်မြင်၍နေလျှင် မြေကြီးကသိုဏ်း။ ဥဂ္ဂဟနိမိတ် ရပြီဟု မှတ်ပါ။

မရသေးလျှင် မျက်စိကိုဖွင့်၍ ကြည့်မြဲတိုင်းပင် ကြည့်ရှု၍ ယူရပါတယ်။ မျက်စိကို ခဏခဏမှိတ်၍လည်း မစမ်းပါနဲ့။ မစမ်းသင့်။ ကြာနိုင်သမျှ ကြာအောင် ကြည့်ရှု၍ ယူရတယ်။ ကြည့်ရှုဖန်များ၍ ကြာလျှင် ရပါ၏။

ဥဂ္ဂဟနိမိတ်ရအောင် ကြည့်ရှု၍ ယူရာမှာ ပါးစပ်က '**ပထဝီကသိဏံ ပထဝီကသိဏံ**' ဟု တတွတ်တွတ် မရွတ်ဆိုရ။

ပထဝီဆိုတာ ပါဠိစာသား၊ မြန်မာတို့က မြေကြီးဟု ခေါ်သည်။ ဒီမြေကြီးဝန်းကို ကြည့်ရှု၍ ယူသောအခါ စိတ်ကိုတစ်ခြမ်း တစ်စိတ် တစ်ဒေသတွင်သာ မထားမူ၍ မြေကြီးဝန်းတစ်ခုလုံးကို အကုန်အနှံ့ ငုံ၍ ကြည့်ရှုရတယ်။ အဲဒီလို အကုန်လုံးငုံ၍ အနှံ့ကြည့်ရှုအပ်သော ကြောင့် "**ပထဝီကသိုဏ်း**"လို့ ခေါ်တာပါ။

http://www.dhammadownload.com



အကြွင်းအကျန်မရှိ အနှံ့ငုံ၍ ကြည့်ရှုအပ်သောကြောင့် "ကသိဏ" မည်သော ဤမြေကြီးအဝန်းကို စိတ်ထဲကသာ 'မြေ-မြေ'ဟု မှတ်လျှက် မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် မျက်စိဖြင့်သာ ကြည့်ရှု၍နေရတယ်။

ကြည့်ရှုတဲ့အခါမှာလည်း မျက်စိကို မှေးတုတ်တုတ်လုပ်၍ မကြည့်ရ။ အိပ်ချင်တတ်သည်၊ စိတ်ပျော့တတ်သည်၊ ရခဲတတ်သည်။ ဒါကြောင့် မျက်စိကို ဖွင့်နိုင်သမျှ ဖွင့်၍ကြည့်ရသည်။ မျက်တောင်ကိုလဲ မခတ်ပဲ နေနိုင်သမျှ နေ၍ ကြည့်ရသည်။ ကြာလျှင် အိပ်ချင်တတ်သည်၊ အိပ်ချင်လေလေ မျက်စိကို ပြူးလေလေ ပြူးရသည်။

အိပ်ချင်လာသောအခါ မျက်စိကိုမှေး၍ မှိန်၍ စိတ်သညာကို ပျော့စေ၍ ကြည့်သော်လည်းကောင်း ကသိုဏ်းဝန်းနှစ်ခုဖြစ်၍ ဖြစ်၍ နေတတ်သည်။ မနေစေအပ်။ စိတ်သည် စိတ်အမှတ်ကို သန်သန် ခိုင်ခိုင် ထား၍ ကြည့်အပ်၏။

သတိပေါ့လွတ်လျှက် စိတ်သည် ကသိုဏ်းဝန်း၌ မနေပဲ၊ အခြားအာရုံကို ကြံစည်၍ ကြံစည်၍လည်း နေတတ်တယ်။ မနေစေအပ်။ ကသိုဏ်းအာရုံမှတစ်ပါး ဘယ်ကိုမှ မထွက်ပြေးစေအပ်။ ကြပ်ကြပ် သတိပြုအပ်ပါတယ်။

စိတ်ဝိတက် အကြံအစည်ကို ကြပ်ကြပ်နှိပ်ကွပ်၍ ကသိုဏ်း အာရုံ၌သာ မြဲစွာသတိဖြင့် ဖွဲ့ထားအပ်၏။ ကြာသောအခါ စိတ်မောစ် ဝီရိယလျော့ပြီး ပျင်းလာတတ်တယ်။ မပျင်းစေအပ်။ အကျိုးအပြစ် တို့ကို ဆင်ခြင်၍ စိတ်ဝီရိယထက်သန်စေတတ်သော အာရုံများကို ဆင်ခြင်၍ မြင်းမိုရ်တောင်ကြီးကို ဖြိုချမည့် ယောကျ်ား၏ စိတ်ဝီရိယ ကဲ့သို့ စိတ်ဝီရိယကို အားကောင်းထက်သန်စေလျှက် မရလျှင် မနေဘူး

http://www.dhammadownload.com



ဟပ်ခဲ့လို့ အံ့သွားခဲ၍ စိတ်ခါးတောင်းကျိုက်၍ ကြည့်ရှုရာ၏။ စိတ်မောသဖြင့် ကိုယ်ပါမော၍ ပျင်းရိ၍ ခဏခဏ နားချင်တတ်သည့်ပြင် တော်ရာကိုထ၍ လုပ်ချင်တတ်၏။ ခဏခဏ မနားအပ်။ ကြပ်ကြပ်ဖွဲ့ကောင်းရာ၏။ အသည်းကောင်းရာ၏။

**နိမိတ်ယူရာ၌**

(၁) အချို့သောသူတို့မှာ မကြာခင် အလွယ်တကူဖြင့်ပင် နိမိတ်ရနိုင်သည်။ အချို့သောသူတို့မှာကား ပင်ပင်ပန်းပန်း သက်စွန့်ကြိုးစား အားထုတ်၍ ကြာမြင့်မှပင် ရသည်။ စိတ်ထဲ၌ ယူ၍ရသော နိမိတ်ကို ဥဂ္ဂဟနိမိတ် ခေါ်သည်။ ပြင်ဘက်ကသိုဏ်းဝန်းကိုကား ပရိကမ္မနိမိတ်ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်ကား ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူ၏။ ဒီဥဂ္ဂဟနိမိတ် ရသောအခါ စိတ်သည် သံလိုက်ကောင်းကောင်းကို အပ်တွယ်ဘိသကဲ့သို့ ဒီမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍နေတော့၏။ ဘယ်ကိုမျှ များစွာ မပြေးတော့ပြီ။

(၂) မျက်စိကို ဖွင့်ထားလျှင်ကား ရှေ့တူရူရှိ အဆင်းတို့ကို မြင်၏။ မျက်စိကို မှိတ်လိုက်စေကာမူ ဘယ်ကိုမျှမမြင်ပဲ ဤမြေကသိုဏ်းဝန်းကိုသာ မြင်၍နေတော့၏။ မျက်စိကိုမှိတ်၍ ပက်လက်နေလျှင် မျက်နှာပေါ်က ကသိုဏ်းမြေချပ်ဝန်းကြီး မိုးလျှက်နေ၏။ မှောက်၍နေလျှင် အောက်ကကြမ်းရယ်၊ ဖျာရယ် မမှတ်ပဲ ကသိုဏ်းမြေဝန်းချပ်ကြီးကိုသာ မြင်နေတော့၏။

(၃) ရေထဲငုပ်၍နေလျှင်လည်း မျက်နှာရှေ့က ရေရယ်လို့ မမှတ်ပဲ ကသိုဏ်းမြေဝန်းကြီးကိုသာ ရှိ၍မြင်၍နေတော့၏။ မျက်နှာကို လုံလုံ လက်ဝါးပိတ်ဖုံး၍ နေလျှင်လည်း လက်ဝါးဟူ၍ အမှတ်မထားဘဲ

http://www.dhammadownload.com



ကသိုဏ်းမြေချပ်ဝန်းကြီးကိုသာ မြင်၍နေတော့၏။

(၄) ညဉ့်အိပ်သောအခါမှာလည်း တစ္ဆေ၊ မသာ အလွန်ကြောက်တတ်လျှက် မလွဲသာ မသာလောင်းကို ကိုင်တွယ်ရသဖြင့် မသာလောင်း ဥဂ္ဂဟနိမိတ်ကြီး ထင်မြင်၍နေသောသူကဲ့သို့ ကသိုဏ်းမြေချပ်ဝန်းကြီးကိုသာ ထင်မြင်၍နေတော့၏။ အိပ်၍ မပျော်နိုင်တော့ပြီ။ ကြုပ်ကြုပ်အားထုတ်လေ၊ နှလုံးသွင်းလေ၊ မျက်စိကျယ်လေ ဖြစ်၍နေတော့၏။ အိပ်၍ပျော်စေချင်သဖြင့် အားထုတ်၍ နှလုံးမသွင်းပဲနေ၍ တဖြည်းဖြည်း စိတ်နှံ၍ ကသိုဏ်းမြေဝန်းကြီးကို မြင်ရာက မေ့ခနဲဖြစ်၍ ဘဝင်ကျ၍ အိပ်ပျော်သွားလေ၏။

(၅) အိပ်ရာမှနိုးပြန်လျှင်လည်း မြေချပ်ကသိုဏ်းဝန်းကြီးကိုပင် ထင်မြင်၍ နိုးလာ၏။ မျက်နှာရှေ့က မြေချပ်ကသိုဏ်းဝန်းကြီး ဆီးလျှက်သာ နေတော့၏။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ် ရ၍ အတော်ခိုင်သော ရင့်သောအခါ ခပ်မှောင်မှောင် အခန်းထဲများမှာ မျက်စိမမှိတ်ဘဲ ဖွင့်၍ထားလျှင် မြေချပ်ကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့၏။ စင်္ကြန်သွားရင်လည်း ရှု၍ဖြစ်တော့၏။ ဥဂ္ဂဟနိမိတ် ထင်သည်မှစ၍ အိပ်ချင်ထိုင်းမှိုင်းသော ထိနမိဒ္ဓတို့သည် အတန်ငယ်ကွာလျှက် တဖြည်းဖြည်း နည်း၍ပါး၍ ရှား၍ငုပ်၍ သွားကြလေ၏။

ဤကား ဥဂ္ဂဟနိမိတ်ထင်ပုံတည်း။

**ပဋိဘာဂနိမိတ်**

ဥဂ္ဂဟနိမိတ်ရသောအခါ ပြင်ဘက်ပရိကမ္မနိမိတ် ပထဝီမြေကသိုဏ်းဝန်းကို တော်ရာမှာသိမ်းထား၍ စိတ်ထဲပါရသော ဥဂ္ဂဟ

http://www.dhammadownload.com



နိမိတ်ကိုသာ အစွဲအမြဲ ကြည့်ရှုရာ၏။ ထိုသို့ အစွဲအမြဲ အားထုတ်ကြည့်ရှုဖန်များသောအခါ ဤဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်းသိမ်မွေ့၍ သိမ်မွေ့၍ အနာအဆာ အကြောင်းပြု၍မရှိဘဲ မှန်သားများကဲ့သို့ ရသစ်စ ဥဂ္ဂဟနိမိတ်ထက် အဆတစ်ရာမက အလွန်ချောညက်သိမ်မွေ့၍ နူနယ်၍လာ၏။ အလွန်နှစ်သက် ပျော်မွေ့ဖွယ်ကောင်းသော အဖြစ်သို့ရောက်၍လာ၏။ စိတ်သည် ဘယ်လောက်ပင်ကြာအောင် ကြည့်၍နေသော်လည်း ပျင်းမုန်းခြင်း၊ အားရခြင်း မရှိတော့ပြီ။

ထိုကဲ့သို့သော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

**ဆောင်ပုဒ်ကား**

**ပဋိဘာဂ ထင်လာက နီဝရဏကွာ။**

အဲဒီ ပဋိဘာဂနိမိတ်သို့ ကျသောအခါ-

(၁) ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ၊

(၂) အမျက်ဒေါသဟူသော ဗျာပါဒနီဝရဏ၊

(၃) ငိုက်မျည်းထိုင်းမှိုင်းခြင်း ဟူသော ထိနမိဒ္ဓနီဝရဏ၊

(၄) ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းဟူသော ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊

(၅) ဤကဲ့သို့ ပထဝီကသိုဏ်းကို ကြည့်ရှုအားထုတ်လျှင် ဤကဲ့သို့ဖြစ်သည်၊ ဖြစ်သည်ဟု ရေးသောဆရာ၊ ဟောပြောသောဆရာသည် အဟုတ်တကယ် မမှန်ပဲသိ၍ရေးလေသလား၊ ဟောလေသလား၊ ပြောလေသလား၊ အမှန်မသိဘဲ စမ်းရမ်းရေးလေသလား၊ ဟောလေသလား၊ ပြောလေသလား၊ မှန်မှမှန်ပါလေလား၊ အမှားများလေလားဟု ကမ္ဘဋ္ဌာန်းလမ်းကြောင်း၌လည်းကောင်း၊ ယုံမှားခြင်း ဝိစိကိစ္ဆာ နီဝရဏ၊

http://www.dhammadownload.com



ဤနီဝရဏ ငါးပါးတို့သည် စိတ်သန္တာန်၌ ပါးလျှက် တစ်ခါတည်း ကွာ၍၊ ကွယ်ငုပ်၍၊ ဝပ်၍ သွားကြတော့တယ်။ မဖြစ်ပေါ် မထကြွကြတော့ပြီ။

ကြွင်းသောအကုသိုလ် နီဝရဏတရားတို့ ဆိုသည်လည်း စိတ်သန္တာန်၌ ဝပ်၍ ငုပ်၍ ကုန်ကြတော့၏။ မပေါ်က မထကြွကြတော့ပြီး။

ဆောင်ရန်လင်္ကာတို့ကိုလဲ ရေးသားတော်မူခဲ့၏။

**နီဝရဏ ကွာတုံက ဥပစာရလာ။**

**ထိုနောက်ဖန်ဖန် ပွားတုံပြန် ပ-စျာန်အပ္ပနာ။**

**အာဝဇ္ဇန် အာပဇ္ဇန် ဓိဋ္ဌာန် ဝုဋ္ဌာန။**

**ပစ္စဝေက္ခန် ဤငါးတန် လျှင်မြန်လိုတိုင်းရ။**

**ရှေးရှေးစျာနင် ပယ်စွန့်လျှင် အစဉ်နောက်စျာန်ရ။**

(၁) စိတ်ကို အာရုံပေါ်သို့ တင်၍ ရောက်အောင်လွှင့်တင်ခြင်း သဘောဟူသော ဝိတက်၊

(၂) ဝိတက်တင်၍ အာရုံပေါ်ရောက်ပြီးသော စိတ်ကို ထိုအာရုံပေါ်မှ ဆုတ်လန်၍ မလာရအောင်၊ မကျရအောင် ဝိုင်းဝန်းဖေးမ ကာဆီးပင့်တင်ခြင်း အနုမဇ္ဇနသဘောဟူသော ဝိစာရ၊

(၃) နှစ်သက်ခြင်းဟူသော ပီတိ၊

(၄) ကိုယ်စိတ်အေးမြ ရွှင်လန်းချမ်းသာခြင်း ဟူသော သုခ၊

(၅) စိတ်၏ငြိမ်သက် တည်ကြည်ခြင်း ဧကဂ္ဂတာ၊ ဤစျာန် (၅)ပါးတို့သည် အတန်ငယ် အားကောင်းထင်ရှား၍ ပေါ်လာကြတယ်။

http://www.dhammadownload.com



ဒီစျာန်အင်္ဂါတို့သာ မဟုတ်၊ စျာန်အင်္ဂါတို့နှင့် လိုက်လျောနိုင်သော ကြွင်းသော စေတသိက်တရားတို့လဲ အားကောင်းထင်ရှား၍ ပေါ်၍လာကြကုန်၏။

ထိုအခါ သတိတရားများ အလွန်ထင်၏။ ယခုအခါမှစ၍ အမိရင်ခွင်တွင်း နောက်ဆုံးပိတ်နို့စို့သည့်အခါ ကျအောင် ဤအတွင်း ပြုဘူးသမျှ ကိစ္စတွေကို ယခုပြုနေရဘိသကဲ့သို့ အကုန်လုံးပြန်၍ အမှတ်ရ၏။ စိတ်များလည်း အလွန်ကြီးထွား၏၊ လျှင်မြန်၏။ စကြာဝဠာတံတိုင်းပေါ်သို့ စိတ်နှင့်ပြေးသွားလျှောက်ပတ်လိုက်လျှင် လက်ဖျစ်တစ်တွက်အတွင်းမှာပင် ပတ်မိ၏။ အကွင်းကြီးထင်၍ လိုက်၏။ စိတ်ရှုရာ သွားရာအရပ်မှာ မှန်ကိုစိတ်သွားနှင့် ခြစ်ရာကဲ့သို့ အကြောင်းထင်၍ လိုက်၏။ ဝိတက်သန်ပုံများမှာလည်း အလိုရှိရာ အရပ်ကို လွှတ်လိုက်တိုင်း တန်းခနဲ ပြေးရောက်၏။ ပျော့ညွတ်ကွေးကောက်၍ မနေပြီ။

သမထလမ်း၌ ဤကဲ့သို့ ပဋိဘာဂနိမိတ် အရာဌာနသို့ ရောက်နိုင်လျှင် ထိုပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ဟု မှတ်ကြ။ တိဟိတ်ပုဂ္ဂိုလ်တို့မှသာလျှင် ဤနေရာဌာနသို့ ဆိုက်ရောက်နိုင်သည်။ တိဟိတ်ပုဂ္ဂိုလ်မဟုတ်လျှင် မဆိုက်ရောက်နိုင်ပြီ။ မဆိုက်ရောက်နိုင်ဆိုတယ်လို့ အားမထုတ်လို့ မဆိုက်ရောက်တာကိုလည်း မမှတ်ရ။ အားထုတ်ပါလျက် ဆိုက်ရောက်ချိန်သင့်ပါလျက် မဆိုက်ရောက်မှသာ တိဟိတ်မဟုတ်ဟု မှတ်ရမည်။

အားထုတ်ရာမှာလည်း အချို့မှာ အနှစ် (၂၅)၊ (၃၀)ပင် ကြာမှ ဤနေရာတို့သို့ ရောက်နိုင်ကြသည်။ စျာန်မဂ်ဖိုလ် တရားထူးတို့ကို ရရှိနိုင်ကြသည်။ ဤနေရာဌာနတို့သည် ဒွိဟိတ်၊ တိဟိတ် ခွဲသော

http://www.dhammadownload.com



နေရာတို့တည်း။ ဤနေရာဌာနတို့သို့ ဆိုက်ရောက်၍ တိဟိတ်မှန်ခဲ့လျှင် ထိုပုဂ္ဂိုလ်တို့သည် အလိုဆန္ဒရှိက ဈာန်မဂ်ဖိုလ်တရားထူးကို ဧကန်မုချရနိုင် ယူနိုင်တော့၏။

ဤကား ပဋိဘာဂနိမိတ် ထင်ပုံတည်းလို့ ဆိုထားတာကြည့်ပါ။ ပဋိဘာဂနိမိတ် ထင်အောင် အားထုတ်ပါ။

ဥပစာရသမာဓိက အာနာပါနကမ္မဋ္ဌာန်း အားထုတ်စက ရရှိသော သမာဓိထက် တစ်ဆင့်တက်လာတဲ့ ခိုင်ခံ့မှု။ အဲဒီလို ပဋိဘာဂနိမိတ် ထင်ပြီဆိုတော့ အဲဒီဥပစာရသမာဓိကို စကြာမင်းကိုယ်ဝန်ကို စောင့်ရှောက်သောမိခင်ကဲ့သို့ စောင့်ရှောက်သွားရန် မိန့်ကြားချက်လဲ ပါဝင်ပါတယ်။

အဲဒီထက် အပ္ပနာသမာဓိသည် ခိုင်ခံ့၏။ အရှင်ဘုရားများ သိကြသည့်အတိုင်းပဲ ထပ်ပြီးတော့လဲ မှတ်သားလွယ်ကူအောင် ရှင်းလင်းချက်ကလေးတွေ ပြောကြဦးမှာပါ။

အပ္ပနာသမာပတ်တို့သည် တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ကြကုန်၏။

အပ္ပနာသမာပတ် (၈)မျိုးကတော့ တစ်ဆင့်ထက် တစ်ဆင့် ခိုင်ခံ့မှုဖြစ်ပါတယ်။ အဘိညာဉ်မှုသည် သမထကိစ္စတွင် အထွတ်အထိပ် ဖြစ်သော အစိုးရမှုဖြစ်၏။

ဟော . . . စိတ်ရဲ့ခိုင်ခံ့မှုတွေ အဆင့်ဆင့်ရှိပါတယ်။

- အရှုံးအနှမ်းထက် ပကတိလူရာဝင်နေကြတဲ့ ပုဂ္ဂိုလ်တွေက စိတ်ခိုင်ခံ့ပါတယ်။
- အဲဒီထက် ဣန္ဒြေ (၆)ပါး တံခါးခြောက်ပေါက်ကို ပိတ်ဆို့ပြီး စိတ်ကို ထိန်းသိမ်းမှုက စိတ်ခိုင်ခံ့ပါတယ်။

http://www.dhammadownload.com



- ဒီထက် အာနာပါနသမာဓိမှုက ခိုင်ခဲ့တယ်။
- ဒီထက် ဥပစာရသမာဓိက ခိုင်ခဲ့တယ်။
- ဒီထက် အပ္ပနာသမာဓိက ခိုင်ခဲ့တယ်။
- ဒီထက် အပ္ပနာသမာပတ် (၈)မျိုး။
- ဒီထက် အဘိညာဉ်မှု သမာဓိက ခိုင်ခဲ့တယ်။

အဘိညာဉ်မှုဟာ သမထကိစ္စ၏ အထွတ်အထိပ် ဖြစ်၏။

အဘိညာဉ်မှုကတော့ သမထကိစ္စ အထွတ်အထိပ် ရောက်တဲ့ အစိုးရမှုကြီး ဖြစ်တယ်။ ဒါကြောင့်-

**ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တ ဝိဇာနနံ။**

**ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။**

ဆိုပြီးတော့ ဒီအဘိညာဏ်အဆင့်ဆင့် ရရှိတာဟာ သမထ သမာဓိ အထွဋ်အထိပ် ရရှိတဲ့ ပုဂ္ဂိုလ်များမှ ရနိုင်ပါတယ်ဘုရား။

စိတ်ကို အစိုးရမှု အဆင့်ဆင့်ပါ။ ဤကား ကာယဂတာသတိ ဘာဝနာမှုမှ သမထလမ်းသို့တက်သော **"သမထယာနိကလမ်းတည်း"**။

ကာယဂတာသတိ ဘာဝနာမှုမှ ဝိပဿနာသို့တက်သော လမ်းသည် **"ဝိပဿနာယာနိကလမ်းတည်း"**။

ဆရာတော်ဘုရားကြီးက သမထယာနိက၊ ဝိပဿနာယာနိက ကို ခွဲပြီးတော့ မိန့်ကြားတော်မူပါတယ်။

ဤသည်ကား သမထအလုပ်၊ ဝိပဿနာအလုပ်တို့၏ ရှေ့အဖို့၌ ကာယဂတာသတိအလုပ်ကို ရှေးဦးစွာ တည်ထောင် အားထုတ်ရခြင်း၏ အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုလိုက်သော အခန်းတည်း။

http://www.dhammadownload.com



တပည့်တော်တို့ အားထုတ်မည့် ကာယဂတာသတိ (၁၈)မျိုး တို့တွင် တစ်ပါးအပါအဝင်ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်း ရှေးဦးစွာ အားထုတ်ရပုံကို ညွှန်းပြတဲ့ ဆရာတော်ဘုရားကြီးရဲ့ စကား ဖြစ်ပါ တယ်ဘုရား။

ပြီးတော့ ကာယဂတာသတိ (၁၈)မျိုးထဲကမှ အာနာပါန ကမ္မဋ္ဌာန်းကို ဆွဲထုတ်ပြီး ပြထားပါတယ်။

ယခုအခါ ဗုဒ္ဓသာသနာ၌ ကြုံကြိုက်ကြသူ ရဟန်းရှင်လူ အပေါင်းတို့သည် မိမိစိတ်ကို မိမိအစိုးမရရှိနေကြသည်ကို ထိတ်လန့် ကြကုန်၍ မိမိစိတ်ကို မိမိအစိုးရသော အဖြစ်၌ စောစောစီးစီးရှိပြီး ဖြစ်ကြစေခြင်းငှာ မဟာသတိပဋ္ဌာနသုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိအလုပ်ကို အားထုတ်ကြကုန်ရာ၏။ သတိပဋ္ဌာန် အားထုတ်ဖို့ပါပဲဘုရား။

အဲဒီ ကာယဂတာသတိဟာ ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာသတိသုတ်မှာ-

(၁) အာနာပါနပိုင်း
(၂) ဣရိယာပထပိုင်း
(၃) သမ္ပဇညပိုင်း
(၄) ပဋိကူလပိုင်း
(၅) ဓာတုဝတ္ထာနပိုင်း
(၆) သိဝထိကကိုးပါးနှင့်တကွ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ကာယဂတာသတိ (၁၈)ပါးလာ၏။

http://www.dhammadownload.com



**တရားတစ်ပါးအားထုတ်က**

ဂုင်းပါဠိတော် အာနာပါနသုတ်၌ကား အာနာပါနကမ္မဋ္ဌာန်း ဂုဏ်ကျေးဇူးများကို ညွှန်ပြထားပါတယ်ဘုရား။

အာနာပါနကမ္မဋ္ဌာန်းဟာ ကာယဂတာသတိ (၁၈)မျိုးထဲမှာ ပါတယ်လို့ဆိုတဲ့ ဒီမှတ်ချက်ကလေးတစ်ခု ရရှိပါလိမ့်မယ်ဘုရား။

ကာယဂတာသတိထဲမှာပါတဲ့ အာနာပါနအလုပ်ကို လုပ်လိုက်တာနဲ့ ဘာတွေများ အကျိုးတွေရပါသလဲလို့ဆိုတော့ မြတ်စွာဘုရားကိုယ်တော်တိုင် တပည့်တော်တို့ ဥပရိပဏ္ဏာသပါဠိတော်မှာ လာတဲ့ ကာယဂတာသတိသုတ်မှာ အကျိုးတွေပြထားပါတယ်။

ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ္တန်မှာတော့ ရည်ရွယ်ချက် အကျိုး(၇)မျိုး။ နောက်ပါရာဇိကဏ် တတိယပါရာဇိကမှာတော့ အာနာပါနသတိကြောင့်ရရှိတဲ့ သမာဓိရဲ့ အကျိုးဂုဏ်ကျေးဇူးတွေ မြတ်စွာဘုရား ကိုယ်တော်တိုင် ညွှန်ပြထားတာရှိပါတယ်ဘုရား။

အဲဒီတော့ ကာယဂတာသတိထဲ အပါအဝင်ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်း အလုပ်တစ်ခုထဲ အားထုတ်လိုက်တာနဲ့ ဘယ်လောက်များ အရာရောက်သလဲ။

စာမျက်နှာ (၁၃) မှာ-

- အာနာပါနအလုပ်တစ်ခုနှင့်ပင် ကာယဂတာသတိ ဘာဝနာကိစ္စ၊
- အပ္ပနာစျာန် (၄)ပါးဟူသော သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊
- ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော မဂ္ဂဘာဝနာကိစ္စ၊
- ဖလသစ္ဆိကိရိယကိစ္စတို့သည် အပြီးတိုင်လာကုန်၏။

http://www.dhammadownload.com



အာနာပါနအလုပ်တစ်ခုကို လုပ်တာနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဟူသော သမထဘာဝနာကိစ္စ၊ ဝိပဿနာကိစ္စတွေလဲ ပြီးနိုင်ပါတယ်။ သမထရော ဝိပဿနာပါ အစုံပြီးနိုင်ပါတယ်။

ဝိဇ္ဇာဝိမုတ္တိခေါ်တဲ့ မဂ္ဂဘာဝနာလဲ ပြီးစေပါတယ်။

ဖလသစ္ဆိကရိယာ ဖိုလ်မျက်မှောက်ပြုခြင်း ကိစ္စတွေလဲ အပြီးတိုင်လာပါတယ်။ ဒါတွေဟာ အကျိုးတရားတွေပါပဲ။

အာနာပါနကမ္မဋ္ဌာန်း ပွားများအားထုတ်လိုက်ရင် ကာယဂတာ သတိကိစ္စ၊ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကိစ္စ ဖိုလ်ကိစ္စတွေ ပြီးစီးစေနိုင်ပါတယ်လို့၊

မြတ်စွာဘုရား အာနာပါနကမ္မဋ္ဌာန်းရဲ့ အကျိုးသွားကို အဲဒီလို ပြပြီးတဲ့အခါကျတော့ စာလုံးမဲလေးနဲ့ ညွှန်းပြထားတာကပိုပြီး မှတ်သားဖို့ ကောင်းပါတယ်။

**"ခပ်သိမ်းသော မြတ်စွာဘုရား တို့သည် အာနာပါနသတိ၌ တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာ ဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်ပြီးသော အခါ၌လည်း အာနာပါနသတိကို အသက်ထက်ဆုံး မစွန့်ကြကုန်ပြီ။"**

ဒီစာပိုဒ်လေးက တပည့်တော်တို့ကို များစွာအားတက်စေ ပါတယ်။ အခုအားထုတ်ကြတာ လယ်တီနည်း၊ လယ်တီနည်းလို့သာ ပြောကြရတာ။ လွယ်အောင်ပြောတဲ့စကားပါပဲ။ တကယ်တမ်း ကျတော့ မြတ်စွာဘုရားနည်းပါပဲ။

ဘုရားဖြစ်တယ်။ အနီးကပ် ဘယ်တရား အားထုတ်ပြီးတော့ ဘုရားဖြစ်သလဲ။

http://www.dhammadownload.com



ဗုဒ္ဓဂါယာ အပရာဇိတ အောင်ပလ္လင်မှာ ပု-ဒိ-အာ ခေါ်တဲ့ ဝိဇ္ဇာဉာဏ်သုံးပါး ရရှိတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။

အနီးကပ် အဘယ်ကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဘုရားဖြစ်သလဲမေးရင် ဘုရားရှင်အားလုံး အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဘုရား ဖြစ်တယ်လို့ ဖြေရမှာပါ။

ဘုရားအဖြစ်ရောက်အောင်တောင် ပို့နိုင်တဲ့ ကမ္မဋ္ဌာန်းဆိုတော့ တပည့်တော်တို့ အရိယာအဆင့်ရောက်အောင် ပို့နိုင်ပါတယ်ဆိုတဲ့ နေရာမှာတော့ ဘာမှတွေးတောစရာ၊ ပြောစရာမလိုတော့ဘူး။

မြတ်စွာဘုရား အဘယ်ကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဘုရား ဖြစ်သလဲ။

အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီး ဘုရားဖြစ်တယ်။

ဒီ့အားထုတ်တဲ့ ကမ္မဋ္ဌာန်းက ဘုရားအဖြစ်သို့ပင် ပို့ဆောင်နိုင်တဲ့ ကမ္မဋ္ဌာန်းပါလား ဆိုပြီးတော့ အားထုတ်တဲ့အခါမှာ အားတက်ဖွယ်ဖြစ်ပါတယ်။

ဘုရားတော့ဖြစ်ပြီ။ ဘုရားဖြစ်ပြီး အာနာပါနကမ္မဋ္ဌာန်းကို စွန့်လွှတ်လိုက်ရောလားဆိုတော့၊

ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ၌လည်း အသက်ထက်ဆုံး အာနာပါနဿတိကို မစွန့်လွှတ်ကြကုန်ပြီ။

အဲဒီတော့ တစ်ဆူထဲလား ဆိုတော့ "ခပ်သိမ်းသော ဘုရားရှင်တို့သည်"လို့ ဆိုတဲ့အတွက် ဘုရားတိုင်း၊ ဘုရားတိုင်း အနီးကပ်အားဖြင့် အဘယ်ကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဘုရားဖြစ်သလဲ။ အာနာပါနကမ္မဋ္ဌာန်းပါပဲ။

http://www.dhammadownload.com



ဘုရားရှင်တိုင်း အသက်ထက်ဆုံး မစွန့်လွှတ်ပဲ အားထုတ်တဲ့ ကမ္မဋ္ဌာန်းက ဘယ်ကမ္မဋ္ဌာန်းလဲဆိုရင် အာနာပါနကမ္မဋ္ဌာန်းပါပဲ။

အားထုတ်ဖို့ သိပ်ပြီးကောင်းတယ်။ သိပ်ပြီး အားကျဖို့ ကောင်းတယ်။ ဒီအာနာပါနက မြတ်စွာဘုရားရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်း ဖြစ်တယ်။

စကြာပူက ဒကာလေးတစ်ယောက်က အကောင်းဆုံးနဲ့ အလွယ်ဆုံးကမ္မဋ္ဌာန်း ပေးတော်မူပါတဲ့။

ဘယ်ကမ္မဋ္ဌာန်း ပေးရမလဲ။ အာနာပါနကမ္မဋ္ဌာန်း ပေးခဲ့တာပါပဲ။ အာနာပါနကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲ အားထုတ်ဖို့ရာ အလွယ်ဆုံး ဖြစ်၏။ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ ယောဂီတွေပါ သိရှိကြပြီးသားပဲ။

တစ်ခါတစ်ရံ တစ်အောင့်လေး အိပ်မယ်ဆို အတွေးနယ်ချဲ့ပြီး အိပ်မရဘူး။ အာနာပါနကမ္မဋ္ဌာန်းကိုသာ အားထုတ်ပြီးနေလိုက်ရင် ရှည်ရှည်ဝေးဝေး မတွေးတော့ဘဲ အေးမြသွားမယ်။ အိပ်ပျော်သွားနိုင်တာပဲ။ ဒါတွေ တွေ့ဖူးနေကြတာပဲ။

အစဉ်စွဲမြဲ အားထုတ်ဖို့ရာ အလွယ်ဆုံးဖြစ်၏။ မြတ်စွာဘုရားသည် အာနာပါနကမ္မဋ္ဌာန်းကို အထွတ်အထိပ်ထား၍ များစွာ ချီးမွမ်းတော်မူ၏။

မြတ်စွာဘုရား ကိုယ်တော်တိုင် **"အာနာပါနဿတိ သမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတော စ၊ အသေစနကော၊ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေဌာနသော အန္တရ ဓာပေတိ"**။

ဒီအညွှန်းလေးတွေ၊ အာနာပါနကမ္မဋ္ဌာန်း ပွားများသင့်ပုံ၊ အာနာပါနသတိကြောင့် အာနာပါနကို အားထုတ်လို့ ရရှိလာတဲ့

http://www.dhammadownload.com



သမာဓိကို ပွားမယ်။ ကြိမ်ဖန်များစွာ အားထုတ်မယ်ဆိုရင် အဲဒီသမာဓိက ငြိမ်သက်တယ်။ မွန်မြတ်တယ်။ ထပ်မံဖြည့်စွက်စရာမလိုတဲ့ ချမ်းသာစွာနဲ့ နေရမယ်။ ဖြစ်တိုင်း ဖြစ်တိုင်းသော မကောင်းတဲ့ သဘောတရားတွေကို တစ်ခဏချင်း ပ,ပျောက်စေနိုင်တယ်။ မိုးဦးကျ ရွာတဲ့မိုးရေက မြူမှုန်တွေ ပ,ပျောက်စေသလိုပဲတဲ့။ ဆရာတော်ဘုရားကြီး ညွှန်ကြားချက်ကလေးတွေ စာအုပ်ထဲမှာ ပါရှိတယ်။ အားထုတ်ချိန်မဟုတ်တဲ့ အချိန်မှာ ဒါလေးတွေဖတ်ပြီး သင်ကြားရေး အပိုင်းမှာ ဒါကိုသင်ကြားပြီး ထားကြဖို့ လိုပါတယ်ဘုရား။

အာနာပါနအချီး ဆိုပြီးတော့ မြတ်စွာဘုရားက များစွာသော ဂုဏ်ပုဒ်တို့နဲ့ အာနာပါနကမ္မဋ္ဌာန်းကို ချီးကျူးတော်မူပြန်တယ်။

ဘယ်လိုများ ချီးမွမ်းပါသလဲဆိုတော့-

၁။ **အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။**

ဘိက္ခဝေ= ရဟန်းတို့၊ အာနာပါနဿတိ= အာနာပါနဿတိ ကမ္မဋ္ဌာန်းအလုပ်ကို၊ ဘာဝိတာ= ပွားများစေအပ်သည်ရှိသော်၊ ဗဟုလီကတာ= နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်သည်ရှိသော်၊ စတ္တာရောသတိပဋ္ဌာနေ= သတိပဋ္ဌာန် လေးပါးတို့ကို၊ ပရိပူရေန္တိ= ပြီးပြည့်စုံစေနိုင်ကုန်၏။

၂။ **စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။**

၃။ **သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။**

http://www.dhammadownload.com



လိုရင်းအဓိပ္ပါယ်ကား-

၁။ အာနာပါနကမ္မဋ္ဌာန်း အလုပ်ကို နေ့ရက်ရှည်များ ကြီးပွား ထမြောက်အောင် လုပ်ဆောင်ပါမှုကား သတိပဋ္ဌာန်လေးပါးကို ပွားများမှုကိစ္စလည်း အလိုလိုပြီးစီးတော့သည်။

၂။ ဗောဇ္ဈင် (၇)ပါး ပွားများမှုကိစ္စသည် အလိုလိုပြီးစီးလေတော့ သည်။

၃။ ဝိဇ္ဇာ ဝိမုတ္တိ တရားနှစ်ပါးကို ပွားများမှုကိစ္စသည် ပြီးစီးလေ တော့သည်။

မဂ်ဉာဏ်လေးပါးသည် ဝိဇ္ဇာလေးပါးမည်၏။ ဖိုလ်ဉာဏ် လေးပါးသည် ဝိမုတ္တိလေးပါး မည်၏။ ရက်နည်းနည်းနဲ့ (၇)ရက် တရားစခန်းကတော့ နောက်ဆုတ်လျှော့ပြီး အားထုတ်ကြတာပါ။

**(၇)ရက်စခန်း**

မြတ်စွာဘုရားက ရဟန်းတို့ မဟာသတိပဋ္ဌာန် အလုပ်ကြီးကို ယခု ငါဟောတဲ့အတိုင်း (၇)နှစ် ကြိုးစားလိုက်ပါတဲ့။

တပည့်တော်တို့ မလုပ်ဖြစ်ဖူး။ ဒီပြင်လုပ်ငန်းတွေကျတော့ (၇)နှစ်မက၊ လူတွေကလဲ လူမှုရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ (၇)နှစ်မက အလုပ်လုပ်ကြတယ်။ ရဟန်းတော်တွေကလဲ ကျောင်း စသည် ဆောက်လုပ်တာ (၇)နှစ်မက လုပ်နေကြတာပဲ။

မဟာသတိပဋ္ဌာန်ကို (၇)နှစ် ကြိုးစားတဲ့ပုဂ္ဂိုလ်က အင်မတန် ရှားတယ်။ (၇)နှစ် ကြိုးစားပါတဲ့၊ ရဟန္တာဖြစ်မယ်။ ဥပါဒါန်ကြွင်းလျှင် အနာဂါမ် ဖြစ်မယ်။ (၇)နှစ်က စပြီးတော့ မြတ်စွာဘုရား ညွှန်းခဲ့တာ လုပ်နိုင်တဲ့ ပုဂ္ဂိုလ်က အရှားသား၊ **“လယ်တီမခက်၊ လယ်လုပ်ခက်၏”**

http://www.dhammadownload.com



ဘုန်းကြီးတို့ တရားဈေးချိုချိုနဲ့ ရသူတွေက လယ်တီတာက မခက်ဘူး။ လယ်လုပ်ဖို့ခက်နေတာ။ အသိမခက်၊ အကျင့်ခက်နေတာ။

အခြားအခြား ဥရောပတိုက်သား စသူတွေ ကျပြန်တော့ **"လယ်လုပ်မခက်၊ လယ်တီခက်"**။

လယ်တော့လုပ်ချင်တယ်။ သူတို့မှာ လယ်တည်ထားတာက မရှိဘူး။ "အကျင့်မခက်၊ အသိခက်" နေရှာကြတယ်။

အကျင့်တော့ ကြိုးစားပြီး ကျင့်ချင်တယ်။ သို့သော်လဲ အသိခက်တာ။ ဒီလမ်းကြောကို မတွေ့နိုင်ဘူး။ လမ်းပျောက်နေရှာကြတယ်။

တပည့်တော်တို့က လမ်းကြောတော့ တွေ့တယ်။ အလုပ်ခက်တယ်။

(၇)နှစ် အားထုတ်ပါ၊ ရဟန္တာ ဖြစ်လိမ့်မယ်။ ဥပါဒါန်ကြွင်း ကျန်လျှင် အနာဂါမ်ဖြစ်လိမ့်မယ်တဲ့။

(၇)နှစ် အားမထုတ်နိုင်ရင် (၆)နှစ်၊ (၅)နှစ် လျှော့လျှော့ပေးတယ်။ ဘုရားရှင်က တရားလမ်းကြောင်းပေါ်သို့ ချော့ခေါ်တဲ့ သဘောပဲ။ မဟာသတိပဋ္ဌာန် အားထုတ်ဖို့ ချော့ပြီးတော့ ခေါ်တော်မူတယ်။

(၄)နှစ်၊ (၃)နှစ်၊ (၂)နှစ်၊ (၁)နှစ်၊ (၁၁)လ၊ (၁၀)လ၊ (၁)လ၊ (၁၅)ရက်၊ (၁၀)ရက်၊ (၇)ရက် အားထုတ်ပါ။

ငါဘုရား ညွှန်ကြားတော်မူတဲ့အတိုင်း (၇)ရက် အားထုတ်လိုက်ရင် ရဟန္တာ ဖြစ်နိုင်တယ်။ ဥပါဒါန်ကြွင်းကျန်လျှင် အနာဂါမ် ဖြစ်နိုင်တယ်။ အခုတော့ ဘုန်းကြီးတို့က နောက်ဆုတ်တယ်။ တက်တက်ပြီးတော့ မသွားနိုင်ဘူး။

http://www.dhammadownload.com



(၇)ရက်ကနေပြီး (၁၀)ရက်စခန်း လုပ်ဖို့လဲ မလွယ်ဘူး။

(၁၀)ရက်က (၁၅)ရက်၊ (၁၅)ရက်က (၁)လ အားထုတ်ဖို့ ကျတော့ ပိုခက်သေး။

ဘုန်းကြီးတို့ ကနီနည်း "မြေဇင်း" ဆရာတော်ဘုရားကြီးတို့ တရားစခန်းကျတော့ အတော်ကြာကြာလေး (၂)လအားထုတ်ရတယ်။

တော်တော်ကြာကြာလေး အားထုတ်ရတော့ တရားစခန်းမှာ အားထုတ်သူ နည်းတယ်။ ဘာကြောင့်လဲဆိုတော့ ရက်ရှည်ကိုး။ ဒီအာနာပါနပဲ။ အာနာပါနရက်ရှည်အားထုတ်တော့ အကျိုးတရားတွေလဲ ရကြတဲ့သတင်းတွေ ကြားနေရတယ်။

(၇)ရက် တရားစခန်းတွေ ပေါ်လာတာဟာ မြတ်စွာဘုရားက ယောဂီတွေကို ချော့ခေါ်တဲ့နည်းနဲ့ နောက်ဆုံးသတ်မှတ်ပေးထားတဲ့ (၇)ရက်။

အဲဒီတော့ အရှင်ဘုရားတို့ (၇)ရက် တရားစခန်း ဘာကြောင့် ဖွင့်သလဲ။ အခြားပုဂ္ဂိုလ်များက မေးလို့ရှိရင် မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်မှာ တဖြည်းဖြည်းချင်းလေး သိမ်းသွင်းလာတဲ့ နည်းနဲ့ ဖွင့်တာပါလို့ ပြောပါ။

"အများကြီး အားမထုတ်နိုင်ရင်လဲ (၇)ရက်ပေါ့"တဲ့။ တဖြည်းဖြည်း လျှော့လာခဲ့တာ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အရှင်မဟာမောဂ္ဂလာန်ရဲ့ နည်းပေါ့။

အရှင်သာရိပုတ္တရာ အဂ္ဂသာဝကကြီး (၁၅)ရက် အားထုတ်တော်မူတယ်။

အရှင်မဟာမောဂ္ဂလာန်ကျတော့ (၇)ရက်ပဲ အားထုတ်တာ။ (၇)ရက် အတွင်းမှာ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး ငိုက်နေတဲ့

http://www.dhammadownload.com



အခါ မြတ်စွာဘုရားကိုယ်တိုင် အရှင်မောဂ္ဂလာန် တရားအားထုတ်တဲ့ နေရာရောက်လာပြီးတော့ ငိုက်လို့ရှိရင် အိပ်ချင်ပြေတဲ့နည်းတွေ မြတ်စွာဘုရားက ပေးတော်မူတယ်။

ဒါလဲ ကမ္မဋ္ဌာနာစရိယများ သိသင့်ပါတယ်။ အိပ်ချင်ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ မြတ်စွာဘုရား ပေးတဲ့နည်းရှိတယ်။

(၇)ရက်တရားစခန်းဟာ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက မြတ်ကြီး တရားအားထုတ်တဲ့နည်း၊ (၇)ရက်နဲ့ အထွတ်အထိပ်ရောက်တယ်။

မဟာသတိပဋ္ဌာနဒေသနာတော်နိဂုံးမှာ (၇)နှစ်က နေပြီးတော့ ယောဂီတွေကို စည်းရုံးတဲ့အနေအားဖြင့် နောက်ဆုတ်လျှော့လာတယ်။ (၇)နှစ်ပဲဆို ဒီယောဂီတွေ အားထုတ်ဖြစ်မှာ မဟုတ်ဘူး။

(၇)နှစ် အားထုတ်ပါလို့ဆိုရင် တပည့်တော်တို့ ကျောင်းကလဲ မပိတ်လို့ လုပ်ငန်းတွေကလဲရှိလို့ အကြောင်းအမျိုးမျိုး ဆင်ခြင်ဆင်လက်တွေပြပြီး (၇)နှစ်ဆိုရင် အားမထုတ်ပဲ ရှောင်ကြမှာ များပါတယ်။

တရားအားထုတ်ဖြစ်အောင်လို့ မြတ်စွာဘုရားက လျှော့ပေးတယ်။ (၇)ရက်တရားစခန်းဟာ မြတ်စွာဘုရားလက်ထက်ထဲက ရှိတယ်။ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး အားထုတ်ခဲ့တဲ့ (၇)ရက်စခန်း။

ဒါကြောင့် အခုအချိန်အခါမှာလဲ (၇)ရက်တရားစခန်းတွေ ရှိတယ်လို့ပြောရင် အဆင်ပြေပါတယ် ဘုရား။

ဆရာတော်ဘုရားကြီးကတော့ "အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို နေ့ရက်ရှည်များ ကြီးပွားထမြောက်အောင် လုပ်ဆောင်ပါမူကား"။

http://www.dhammadownload.com



အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရုံ သာမန်တော့မဟုတ်ဘူး။ နေ့စဉ်ရက်ဆက် ကြိုးပွားထမြောက်အောင် လုပ်ဆောင်ပါမှုကား။

အောင်မြင်အောင် အားထုတ်မယ်ဆိုရင်တော့ သတိပဋ္ဌာန် လေးပါးလုံး အလိုလိုပြီးပါတယ်တဲ့။

ဟော- ကာယဂတာသတိ၊ ကာယာနုပဿနာ အပါအဝင် ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်လိုက်တာနဲ့ သတိပဋ္ဌာန် လေးပါးလုံး ပြီးပါတယ်။

"ကြိုးပွားထမြောက်အောင် လုပ်ဆောင်ပါမှုကား" အောင်မြင် အောင် အားထုတ်ကြပါတဲ့။

**ဗောဇ္ဈင် (၇)ပါး**

မြတ်စွာဘုရား ပွင့်တော်မူလာမှသာ ဗောဇ္ဈင် (၇)ပါး ဆိုတဲ့ တရားတွေက ရှိပါတယ်။ စကြာမင်း ဖြစ်ပေါ်လာမှသာ ရတနာ(၇)ပါး ဖြစ်ကြတဲ့ **"စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ဌေး၊ သား"**။

| | | |
|---|---|---|
| စက် | = | စကြာရတနာ |
| ဆင် | = | ဆင်ရတနာ |
| မြင်း | = | မြင်းရတနာ |
| မြ | = | ပတ္တမြားရတနာ |
| မ | = | မိဖုရားရတနာ |
| ဌေး | = | သူဌေးရတနာ |
| သား | = | သားရတနာ |

စကြာမင်း ဖြစ်ပေါ်လာမှ **"စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ဌေး၊ သား"** ဆိုတဲ့ ရတနာ (၇)ပါး ဖြစ်ပေါ်လာသလို။

http://www.dhammadownload.com



ဘုရားရှင် ကိုယ်တော်မြတ်များ ဖြစ်ပေါ်ပွင့်ပေါ်လာမှသာ ဖြစ်ပေါ်လာတဲ့ ဗောဓိ (၇)ပါး ပွားများပြီးသား ဖြစ်တယ်။

ဝိဇ္ဇာ-ဝိမုတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်တရားများလဲ ပွားများပြီးသား ဖြစ်တယ်လို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူပါတယ်။

တကယ်အလုပ်လုပ်ရင် တကယ်ရနိုင်တဲ့ အကျိုးတရားတွေပါ။ တရားတစ်ပါးအားထုတ်တာနဲ့ လေးပါးပြီးတယ်။ (၇)ပါး ပြီးတယ်။

အားထုတ်တာကတော့ တရားတစ်ပါးတည်းပဲ။ ဘယ်တရားလဲ၊ အာနာပါနပါပဲ။

တစ်ပါးအားထုတ်တာနဲ့ (၄)ပါး၊ (၇)ပါး၊ (၄)ပါး + (၄)ပါး (မဂ်၊ ဖိုလ်) ပြီးတာ ဘယ်တရားပါလဲဘုရားလို့ အရှင်အာနန္ဒာက လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက အာနာပါနကမ္မဋ္ဌာန်းပဲ ဖြေတာပဲ။

ဤပါဠိတော်နှင့် အလုံးစုံသော ဗောဓိပက္ခိယတရား (၃၇)ပါး တို့ကို သတိပဋ္ဌာန်ဗောဇ္ဈင်၊ ဝိဇ္ဇာ ဝိမုတ္တိတို့ဖြင့် သိမ်းကျုံး၍ ဟောတော်မူသည်။ ဗောဓိပက္ခိယ (၃၇)ပါးတို့ကို ပွားများမှုအကုန်ပြီးစီး၏ဟု ဆိုလိုသည်။ ဆရာတော်ဘုရားကြီးက အားထုတ်တာကတော့ တစ်ပါးပဲ။ ဗောဓိပက္ခိယ (၃၇)ပါးလုံး အားထုတ်မှုပြီးရောတဲ့။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အကျဉ်းချုံးပြီးတော့ ပြောရင်၊ ဒါလဲပဲ အခြားအခြားဆရာတော် ဘုရားတွေ အကျဉ်းချုံးပြတာ မတွေ့ဖူးဘူး။ ရှေးဦးစွာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ချုံးပြပုံလေး တွေ့ရတယ်။

- ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို အကျဉ်းချုံးလိုက်ရင် ဗောဓိပက္ခိယ (၃၇)ပါး။

http://www.dhammadownload.com



- ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို အကျဉ်းချုံးလိုက်ရင် မဂ္ဂင် (၈)ပါး။
- မဂ္ဂင် (၈)ပါး အကျဉ်းချုံးတော့ သိက္ခာ(၃)ပါး။
- သိက္ခာ (၃)ပါး အကျဉ်းချုံးလိုက်တော့ စရဏနဲ့ ဝိဇ္ဇာ။
- တစ်နည်း သမထနဲ့ ဝိပဿနာ။

အကျဉ်းကနေ အကျယ်ပြန်ချဲ့လိုက်တော့-

- သမထဝိပဿနာကို အကျယ်ချဲ့တော့
- တစ်နည်း စရဏဝိဇ္ဇာကို အကျယ်ချဲ့တော့ သိက္ခာ(၃)ပါး။
- သိက္ခာ (၃)ပါးကို အကျယ်ချဲ့တော့ မဂ္ဂင် (၈)ပါး။
- မဂ္ဂင်(၈)ပါးကို အကျယ်ချဲ့တော့ ဗောဓိပက္ခိယ (၃၇)ပါး။
- ဗောဓိပက္ခိယတရားကို အကျယ်ချဲ့တော့ ပိဋကတ် (၃)ပုံ။
- ပိဋကတ်(၃)ပုံကို အကျယ်ချဲ့တော့ နိကာယ်(၅)ရပ်။
- နိကာယ်(၅)ရပ်ကို အကျယ်ချဲ့တော့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)။

အဲဒီလို တပည့်တော်တို့ လယ်တီဝိပဿနာ တရားသင်တန်းဟာ ပိဋကတ်(၃)ပုံကို ခြုံမိငုံမိတဲ့ သင်တန်းဖြစ်တယ်လို့ လျှောက်ထားလိုပါတယ်ဘုရား။ အချိန်တော်တော်လေး ကြာလာပြီဖြစ်လို့ နေ့လယ်ကျမှ စပြီးတော့ အလုပ်ခွင်လဲတည်၊ အားလဲ အားထုတ်မှု စ,ကြရအောင်ပါ ဘုရား။ တစ်နာရီပြည့်လို့ ရပ်နားတဲ့အခါ ပြုလုပ်တဲ့ အစီအစဉ်အတိုင်း ဦးတေဇနိယ ဆောင်ရွက်ပေးပါ။

"ပရိကံရွတ်ဆို၍ ရပ်နားပါသည်။"

http://www.dhammadownload.com



"ပရိကံ ပြုကြပါသည်"

စာမျက်နှာ (၁၆)

**ကမ္မဋ္ဌာန်းအလုပ်ခွင် တည်ခန်း**

စာအုပ်ကတော့ အပြည့်အစုံ မပါကြဘူး။ မပါတာကလဲ သင်တန်းသားဦးရေ (၁၅၀)လောက်ပဲ ရှိလိမ့်မယ်လို့ထင်ပြီး စာပုံနှိပ်တိုက်မှာ "အာနာပါနဒီပနီ"စာအုပ် ဘယ်လောက်ရှိသလဲဆိုတော့ (၁၈၀)၊ သင်တန်းသားဦးရေက (၁၅၀) ဆိုတော့ (၃၀)တောင် အပိုပါသေးတယ်ဆိုပြီး အကုန်ယူခဲ့တာပဲ။

ဒီရောက်တော့ သင်တန်းသားက (၂၀၀)ကျော်နေတော့ အာနာပါနဒီပနီအပိုင်းကိုပဲ မိတ္တူပွားပြီးတော့ ပေးမှာဖြစ်ပါတယ်။ နေ့ပိုင်းလောက်ဆိုရင် အစုံရမှာပါပဲ။

စာမျက်နှာ (၁၆)မှာ ကမ္မဋ္ဌာန်းအလုပ်ခွင်တည်ခန်း ဆိုပြီးတော့ အလုပ်ခွင်တည်ပုံလေး ကြည့်ပါဘုရား။

**ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံဥပဋ္ဌပေတွာ။**

ဒီစကားလေးက ကမ္မဋ္ဌာန်းအားထုတ်ဖို့အတွက် အလုပ်ခွင် တည်ပုံပါပဲ။

ဘိက္ခဝေ= ရဟန်းတို့၊ ဣဓ= ဤသာသနာတော်အတွင်း၌၊ ဘိက္ခု= သံသရာဘေးကို မျှော်မြင်နိုင်သောသူသည်၊ အရညဂတောဝါ= တောအရပ်၌တည်၍သော်လည်းကောင်း (ပထမက တောအရပ်)၊ ရုက္ခမူလ ဂတောဝါ= သစ်ပင်ရင်း၌ တည်၍သော်လည်းကောင်း (ဒုတိယက သစ်ပင်ရင်း)၊ သုညာဂါရ ဂတောဝါ= ဆိတ်ငြိမ်ရာ ကျောင်း

http://www.dhammadownload.com



အိမ်ဘုံနန်း တိုက်ခန်းနေရာ၌ တည်၍သော်လည်းကောင်း ဒါကတရား အားထုတ်ဖို့ နေရာသုံးမျိုးပါဘုရား။

**နေရာယူမှန်ဖို့လို**

၁။ **အရညဂတ- တောအရပ်**

တောအရပ်နေတာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက ချီးမွမ်းတော်မူပါတယ်။

အရှင်နာဂိတကို မြတ်စွာဘုရား ဟောတဲ့နေရာမှာ နာဂိတ- တောကျောင်း၌နေတာဟာ မရသေးတဲ့ သမာဓိရစေတယ်။ ရပြီးသား သမာဓိလဲ တိုးပွားနိုင်တယ်။ မရသေးတဲ့ပညာလဲ ရနိုင်တယ်။ ရပြီးသားပညာလဲ တိုးပွားစေပါတယ်။ နောက်ဆုံးကုန်ကုန်ပြောမယ် ဆိုရင် အခင်းကြီး အခင်းလေး သွားရတာကစ လွယ်တယ်လို့ မြတ်စွာဘုရား တော၌နေတာနဲ့ပတ်သက်ပြီး ချီးမွမ်းတော်မူတယ်။

တောနေကို ချီးမွမ်းတော်မူတာ။ တပည့်တော်တို့ ယခု အားထုတ်နေတဲ့ စွယ်တော်ကျောင်းတိုက် နေရာဌာနဟာလဲ တောတစ်ပိုင်း မြို့တစ်ပိုင်းပါပဲ။

**“မဝေးနီးမော မရောလူရှင် မှက်ချင်ပါးနည်း ပစ္စည်းမိတ်ဆွေ ရလွယ်လေ ငါးတွေကျောင်းအင်္ဂါ”** ဆိုတဲ့အတိုင်းပဲ တောရဲ့အင်္ဂါနဲ့ မပြည့်စုံသော်လဲပဲ အင်ကြင်းပင်တွေ၊ ဇီးဖြူပင်တွေ၊ မန်ကျည်းပင်တွေ သစ်ပင်မျိုးစုံ (၁၀၀၀)ကျော်နဲ့လွှမ်းပြီး နေတဲ့နေရာကြီး ဖြစ်ပါတယ် ဘုရား။

http://www.dhammadownload.com



၂။ **ရုက္ခမူလဂတာ- သစ်ပင်ရင်း**

ကျောင်းတိုက်ကြီးအတွင်းမှာ သစ်ပင်တွေ အများကြီးရှိတော့ သင်တန်းမရှိတဲ့ အလွတ်ဖြစ်တဲ့အချိန်မှာ သစ်ပင်ရင်းမှာ အားထုတ်နိုင်ပါတယ်။

၃။ **သုညာဂါရဂတာ- ဆိတ်ငြိမ်တဲ့နေရာ**

ကျောင်းမှာလဲ ဆိတ်ငြိမ်တဲ့နေရာ၊ အိမ်မှာလဲ ဆိတ်ငြိမ်တဲ့နေရာ ရွေးပါ။ ဘုံနန်းဗိမာန် တိုက်ခန်းတို့မှာလဲ အားထုတ်နိုင်ပါတယ်။

မြတ်စွာဘုရားက တောကို အဓိကထား ရွေးစေလိုပါတယ်။ ဟောလေ့ ပြောလေ့ ချီးမွမ်းလေ့ရှိပါတယ်။

မဟာရနိဗ္ဗာနသုတ် အဋ္ဌကထာမှာ ဘာမိန့်ထားသလဲဆိုတော့ ရွာကျောင်းမှာ စျာန်ဝင်စားနေသော ရဟန်းထက် တောကျောင်းမှာ အိပ်နေသောရဟန်းကို ငါဘုရား ချီးမွမ်းတယ်လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရား တောတောင်စခန်း ကြိုက်တယ်ဆိုတာ အင်မတန် ထင်ရှားပါတယ်။

ရှေးဆရာတော်ကြီးတွေ အထူးအားဖြင့် လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ရာဌာန ဆပဂံတောရ၊ ဝိပဿနာကုန်းတောရ၊ သေက္ခတောင်တောရ၊ ကုသိနာရုံတောရ၊ မဟာမြိုင်တောရ၊ ရွှေတောင်ဦးတောရ၊ လက်ပန်းတောင်းတောင်တောရ၊ ဖက်တန်းတောရ၊ အင်ကြင်းမြိုင်တောရ၊ စိန်ရောင်ခြည်တောရ စသည်တို့မှာ လယ်တီဆရာတော်ဘုရားကြီး ချဉ်းကပ်ပြီးတော့ တရားအားထုတ်တော်မူခဲ့တာ။ ရှေးသူတော်စင်ကြီးများ တောထဲမှာ တရားအားထုတ်ကြပါတယ်။

http://www.dhammadownload.com



**မသိုးကျောင်း**

အတွေ့အကြုံပြောရရင် တောင်ပုလုဆရာတော်ကြီးကလဲ တောကြိုက်တယ်။ တောရကျောင်းတွေမှာ သီတင်းသုံးတာ များပါတယ်။

ဒီစွယ်တော်ကျောင်းထဲမှာ ပွဲတော်လုပ်တဲ့ အခါကျတော့ စေတီ အနီးမှာ တစ်ပါးကျောင်းလေး နေ့ချင်းပြီးဆောက်။ ဒီကအခေါ်ကတော့ "မသိုးကျောင်း" ခေါ်တာပါပဲ။

တစ်ပါးကျောင်းလေး နေ့ချင်းပြီးဆောက်၊ ဆရာတော်ဘုရားကြီး ကြွလာတော့ လှေခါးကနေ ထမ်းတင်ရတယ် ပြောပါတော့။

နေ့ချင်းပြီး ဆောက်တာကိုး။ ဟိုနားဒီနားက ဆိုင်းဘုတ်တွေနဲ့ကာ၊ ဆရာတော်ဘုရားကြီးက ကျောမခင်းပဲနဲ့နေတဲ့ နှစ်တွေအများကြီးပါပဲ။

အခြားဆရာတော်တွေနဲ့ မရောနှောပဲနဲ့ တစ်ပါးကျောင်းလေးဆောက်ပြီး သီးခြားထားတာကို ဒကာမကြီးတစ်ယောက်က ငိုတယ်။ ကျောင်းဘေးလှည့်ပတ်ပြီးတော့ ကမ္ဘာကျော်တဲ့ ဒို့ဆရာတော်ကို ကျောင်းပေါက်စလေးနဲ့ ထားရမလား၊ လျှာရှည်ပုံကို ပြောတာပါ။ ငိုတာမှ ဟက်ဟက်ပက်ပက် ငိုတာပဲ။

အော် ဒီဒကာမ နားမလည်လိုက်တာ။ ဆရာတော်ကြီးက တောတောင်စခန်းတွေ ခိုမှီးပြီးတော့ တရားအားထုတ်နေတဲ့ ဆရာတော်ကြီး သစ်ပင်ရင်းတွေမှီပြီးတော့ တရားအားထုတ်နေတဲ့ ဆရာတော်ကြီး၊ သူကတော့ ကျောင်းသေးလို့ပေါ့လေ။ ကျောင်းသေးသေးကြီးကြီး ဆရာတော်ကြီး နှစ်သိမ့်ပါတယ်။ ဘုရားရဲ့အကြိုက်အတိုင်းနေတဲ့ ဆရာတော်ကြီးတွေပါပဲ။

http://www.dhammadownload.com



ဒါပေမယ့် သူက ငိုတယ်။ ဆရာတော်ကြီးကို ဒီလိုကျောင်းကလေးနဲ့ ထားရပ့ါမလားလို့ ဖြစ်ပုံကတော့၊ တစ်ခါတစ်ရံကျတော့ လူတွေအကဲပိုတာလဲ အများကြီးရှိတယ်။ သတိထားတော်မူကြပါ။

ဥပမာအားဖြင့် မိမိတို့ရိပ်သာအသီးသီး၊ တရားကျောင်းအသီးသီးမှာ အရှင်ဘုရား ဒီလိုမတော်ဘူးဘုရား။ ဒီအခင်းလေးလဲ ညံ့ပါတယ်၊ မတော်ဘူးဘုရား။ ဒီမွေ့ရာနဲ့ ကျိန်းတော်မူပါဘုရား။ အရှင်ဘုရား အခန်းကလဲ နံလိုက်တာဘုရား။ ရေမွှေးလေးတော့ ဖြန်းပေးပါရစေ ဘုရား။ ဟောဒါနဲ့ ကမ္မဋ္ဌာန်းဆရာ ပျက်တော့တာပဲ သတိပြုတော်မူပါဘုရား။

အရှင်ဘုရားတို့ တွေ့ဖူးကြမှာ။ ကမ္မဋ္ဌာနာစရိယအခန်းမှာ ရေမွှေးနဲ့၊ စပယ်ပန်းတွေနဲ့၊ ခရေပန်းတွေနဲ့။ နိုင်ငံကျော်ဓမ္မကထိက မုံရွာလယ်တီဆရာတော် ဦးဝိလာသက ပြောဘူးတယ်။ ငါရန်ကုန်သွားတယ်။ တရားဟောဖို့ ရိပ်သာ ဆရာတော်တစ်ပါးကျောင်းမှာ တည်းတယ်တဲ့။ အားကျလိုက်တာတဲ့။ လယ်တီဆရာတော် ဦးဝိလာသက ပြောတယ်။ သူကျိန်းတဲ့နေရာမှာ ညကျိန်းတော့မယ်ဆိုရင် ခရေပန်းကုန်းတွေ ဒကာမတွေက ယူလာ။ ခေါင်းအုံးဘေးချပေး၊ အခန်းထဲမှာလဲ ရေမွှေးတွေ ဘာတွေဖျန်းပေး၊ အားကျလိုက်တာ။ ဒို့မုံရွာဖြင့် ငါမန်ကျည်းပင်အောက်နေတာပဲတဲ့။ ရေမွှေးဖျန်းပေးတဲ့လူ မရှိပေါင်တဲ့ ဦးဝိလာသက ပြောတယ်။ ဒို့များမှာတော့ နွားထီး ငါးကျပ်၊ နွားမ ငါးကျပ်တဲ့။ ဒီအလုပ်တွေ သတိထားကြဖို့တော့ လိုပါတယ်။ တပည့်တော်တို့ တရားအလုပ်က လောကသာယာမှုတွေ နည်းလေ ကောင်းလေပါပဲ။

http://www.dhammadownload.com



တစ်နေ့က စက်ာပူက ဒကာတစ်ယောက်က သူလဲ သာသနာ့ ကိစ္စတွေ ဆောင်ရွက်နေတာ။ တပည့်တော်တို့ရဲ့ နေရာဌာနတွေ အသီး အသီး လိုက်ကြည့်တယ်၊ ကျေနပ်တယ်။ သူက တရားလို့တော့ ပြောတယ်။ နေတာထိုင်တာတွေက သိပ်ပြီးတော့ ဇိမ်ခံလွန်းပါတယ် ဘုရားတဲ့။ အဲဒီလို လူတွေက မြင်နေတာကို တပည့်တော် လျှောက်ထားတာပါဘုရား။

မြတ်စွာဘုရားက အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရဂတောဝါ တောလဲမထွက်နိုင်ဘူး၊ ထွက်ဖို့မှ မလွယ်ပဲကိုး။

ဟိုတုန်းက ဒကာကြီးတစ်ယောက်က သားသမီးတွေနဲ့ တိုင်ပင်တယ်။ "သားတို့ သမီးတို့ အဖေတော့ တောထွက်ချင်တယ်။ သားတို့ သမီးတို့ ဘယ်သူနဲ့ နေမလဲ"တဲ့။ သားတို့ သမီးတို့ကတော့ "အမေနဲ့ နေမှာပဲ"တဲ့။ အဲဒီတော့ သူကခေါင်းလေးကုတ်ပြီးတော့ "အဲဒီလိုဆိုရင် ငါလဲ အမေနဲ့ပဲ နေမယ်"တဲ့။ မလွယ်တာကို ပြောတာ။ သပိတ်ကိုတဲ့လွယ် တောထွက်မည်လို့ ကြံတုန်း၊ ဒီမောင့်ကို တစ္ဆေကိုက် လိမ့်မယ် (ကွယ်) လာလိုက်ခဲ့အုံး ဆိုသလိုပဲ။

တောထွက်မယ်ဆိုတော့ သားတွေ သမီးတွေ ဘယ်လိုက်နိုင် မလဲ။ နောက်ဆုံးကျတော့ အမေနဲ့နေတာ နောက်ဆုံးဖြစ်သွားတယ်။

တောထဲထွက်ပြီဆိုထဲက လက်အုပ်ချီမိုး ရှိခိုးဖို့ကောင်းတယ်။ လယ်တီကမ္မဋ္ဌာနာစရိယ တစ်ပါးရှိတယ်။ ဒီတစ်ပါးကတော့ တော်တော်ထူးချွန်ပါတယ်။

ပြည်မြို့နားက ပဒေါင်းမှာ ညဥ့်တရားပွဲဟောတယ်။ ဟောပြီး တာနဲ့ သုဿာန်သွားနေတာ။ အခုလဲ ရှမ်းပြည်တောင်ပိုင်းမှာ သာသနာပြုနေတော့ အဲဒီလိုပဲ နေတာပဲ။ ညကျတော့ သုဿာန်သွား

http://www.dhammadownload.com



နေတယ်။ ဆွမ်းတစ်ထပ်ဘုဉ်းပေးတယ်။ ဆွမ်းခံဘုဉ်းပေးတယ်။

အေး . . . ကိုယ်တော့ သာခုခေါ်တယ်။ သာခုခေါ်တယ်။ အရည်ကင်စူတင် မကဘူး။ သုဿန်စူတင်ပါ ဆောင်ထားတာကိုး။ အုံ့ဩဖို့ကောင်းတယ်။ ကြည်ညိုဖို့ကောင်းတယ်။ အင်မတန်ရှားပါတယ်။

ဒီအရည်ဂတောဝါ အရ တောထွက်ဖို့ဆိုတာလဲ ခက်တယ်။

## စွန့်ဝံ့မှသာ အောင်ကြောင်းဖြာ

ဘုန်းကြီးတို့ သာမဏေဘဝက သာမဏေဥပဇ္ဈာယ်တော်ကြီးနဲ့ နောက်တစ်ပါး ရွာကျောင်းရပ်ကျောင်းတွေ စွန့်ပြီးတော့ စစ်ကိုင်းတောင် အရှေ့လေး၊ အနောက်လေး ဆိုတဲ့ ချောင်တွေသွားပြီး သီတင်းသုံးကြတယ်။

တစ်နေ့ကျတော့ ဆွမ်းခံသွားရင်းနဲ့ ကျားသစ်နဲ့ဆုံလက်သည်းနဲ့ကုတ်သွားလို့ ဒဏ်ရာရတော့ သွားမေးကြတယ်။ သစ်သားခေါင်းအုံးလေးတွေနဲ့ ဘယ်သူမှလဲ ပြုစုမည့်သူမရှိဘူး။ အချိန်တန်ရင် ဝါးချက်သွားပြီး ဆွမ်းခံတယ်။ ပြီးတာနဲ့ (၂)ပါး တစ်ပါး တစ်ကျောင်းစီနေတာ။

ဟိုတုန်းက ဒီစွယ်တော်ကျောင်းတိုက်မှာ သံဃာတစ်ထောင်ပူဇော်ပွဲလုပ်တယ်။ ပွဲတော်တွင်းမှာ တောင်ပုလုဆရာတော်ကြီး စတဲ့ဆရာတော်တွေ ကြွလာတယ်။ တောင်ပုလုဆရာတော်အတွက် နေ့ချင်းပြီး မသိုးကျောင်းလေး ဆောက်ပေးရတယ်။ တောင်ပုလုဆရာတော်က "ကျောမခင်း"ဆရာတော်ပဲ။ ဒကာမကြီးတစ်ယောက်က ကျောင်းလေးလှည့်ပတ်ပြီး ငိုနေတယ်။ ကမ္ဘာကျော် ဆရာတော်

http://www.dhammadownload.com



ကြီးကို ဒီလိုကျောင်းလေးနဲ့ ထားရမလားလို့တဲ့။

အဲဒီ ဒကာမကြီးလို ဆိုရင်တော့ ငိုရတော့မှာပေါ့။ "အော် . . . ဒို့ဆရာတော်ကြီး နဂိုတုန်းကတော့ ဒကာ ဒကာမတွေ အသိုင်းအဝိုင်းတွေနဲ့ နေလာတာ။ ရွာတွေရပ်တွေ စွန့်ပြီးတော့ သနားစရာ ကောင်းလိုက်တာ၊ ချို့တဲ့လိုက်တာ" ဆိုပြီး ငိုဖို့ကောင်းတယ်။

သို့သော် တရားသဘောနဲ့ကျတော့ အင်မတန် သတ္တိကောင်းတဲ့ စွန့်ရဲတဲ့ ဆရာတော်ကြီး (၂)ပါး၊ **"စွန့်ဝံ့မှသာ အောင်ကြောင်းဖြာ"** ဆိုတဲ့စကားအတိုင်း စွန့်တော်မူတာ သိပ်ကြည်ညိုဖို့ ကောင်းတယ်။ ဂုဏ်ယူပါတယ်။

အဲဒီ နှစ်ပါးလုံး ပျံလွန်တော်မူကာနီးအချိန်ထိအောင် ငြိမ်သက်ငြိမ်းချမ်းတော်မူကြတာကို သိရှိပြီး ဘုန်းကြီးတို့ ကြည်ညိုရတယ်။ ဘာပြုလို့လဲဆိုတော့ ပျံတော်မည့်နေ့ မျက်နှာလေးသစ်ဖို့ရာ ဂိလာနုပဋ္ဌာက သူနာပြုက နံနက် (၄)နာရီလောက် သွားနှိုးတော့ လက်ကလေးကာပြတယ်။ နောက် (၅)နာရီကျတော့ ပျံတော်မူသွားတယ်။

ဒါပဲ။ တစ်သက်လုံး တရားအာရုံနဲ့ နေလာတော့ သေတော့လဲ တရားအာရုံနဲ့ပဲ။ ပျံတော်မူတော့ တရားအာရုံနဲ့ဆိုတော့ သိပ်သက်သာတာပဲ။

တစ်ချို့က ဆုတောင်းကြတယ်။ ဒို့ကတော့ အေးအေးဆေးဆေးလေး သေချင်တယ်။ နေတုန်းက အေးအေးဆေးဆေး မနေပဲနဲ့ သေတဲ့အခါကျမှ အေးအေးဆေးဆေး သေဖို့ဆိုတာ မလွယ်ပါဘူး။ တရားနဲ့နေမှ တရားနဲ့သေနိုင်ပါတယ်။ အေးအေးဆေးဆေးနေမှ အေးအေးဆေးဆေး သေရမှာနော်။

http://www.dhammadownload.com



အဲဒီတော့ စောစောက ဆရာတော်ကြီးများ ကျောင်းပစ်၊ ကန်ပစ်၊ ရွာတွေ ရပ်တွေပစ်၊ ဒကာ ဒကာမတွေပစ်ပြီးတော့ တောထွက်လာသလိုပဲ။ အရှင်မြတ်များဟာလဲပဲ အားလုံး ကျောင်းကန်အသီးအသီး စွန့်လွှတ်ပြီးတော့ အုန်းပင်ရှည့်ချောက် ထမင်းခြောက်မွှေတွေ အသာထား၊ အခုလို ဝေးလံသီခေါင်တဲ့ အရပ်ဒေသကို လာရောက်ပြီးတော့ တရားအားထုတ်ကြတာဟာ အတော်စွန့်ဝံ့တဲ့ ဆရာတော်တွေ အောင်ကြောင်းဖြာပါလိမ့်မည်လို့ ပြောရမှာပါဘုရား။

**ကျန်သွားတဲ့စကား**

ခုနက ဓမ္မိကာရုံဆရာတော်က ပြောတယ်။ မနေ့က ပြောဖို့ရာ စကားတစ်ခု ကျန်သွားတယ်ကွာတဲ့။ ဆရာတော် "ဘာလေးတုန်း" ဆိုတော့ "သိဒ္ဓတ္ထမင်းသား ယသော်ဓရာ အမျှုးရှိတဲ့ မောင်းမမိဿံတွေနဲ့ နန်းမသုံးဆောင်မှာ အစားအသောက်မှာလဲ ညွှန့်ပေ့ဖူးပေ့ ဆိုတဲ့ အစားအစာတွေ သုံးဆောင်စားသောက်ပြီး အခြံအရံ အသိုင်းအဝိုင်းတွေ စွန့်ပြီး တောထွက်လာတယ်။ တောထွက်ပြီး ဆွမ်းခံတဲ့အခါ ရလာတဲ့ အစာအာဟာရက ခွေးအံဖတ်ပမာ သိပ်ကြမ်းတယ်၊ သိပ်လဲဆိုးတယ်။ သို့သော် ဟိုတုန်းက စားကောင်းသောက်ဖွယ်အာရုံပြုပြီး အခုမှ ကြမ်းတမ်းတဲ့ အစားအစာတွေ စားရတာ စိတ်ကတွန့်သွားတယ်။ သူ့ဟာသူ ဆုံးမသတဲ့။

"သိဒ္ဓတ္ထ . . . မင်းဟိုတုန်းက အကောင်းတွေ စားနေရတာ။ ကောင်းကောင်းနေ ကောင်းကောင်းစားနေတာ အဲဒါတွေကို မင်းစွန့်ချင်လို့ စွန့်ခဲ့တာ။ ဒီကြမ်းတမ်းတဲ့အစာတွေကိုလဲ မင်းစားချင်လို့ ထွက်ခဲ့တာ စားဟဲ့၊ စားစား နောက်ပြန်ပြီးတော့ မကျော့နဲ့" ဆိုပြီးတော့

http://www.dhammadownload.com



သူ့ကိုယ်သူ ဆုံးမတဲ့အကြောင်း၊ အရှင်မြတ်တို့လဲ ကျောင်းကန်တွေ စွန့်ပြီးတော့ ဒီကိုလာတာ မကောင်းလဲ ဘုဉ်းပေးတော်မူကြပါ။ ကောင်းလဲ ဘုဉ်းပေးတော်မူကြပါလို့ သူကပြောချင်တာတဲ့၊ မပြောခဲ့ရလို့တဲ့။

စောစောက ကိုယ့်နေရာမှာ ဘယ်လိုကောင်းတာတွေ စားစား၊ အမှန်ကတော့ ဒီကျောင်းတိုက်ကြီးက သက်သတ်လွတ် ကျောင်းတိုက်၊ သက်သတ်လွတ်ကျွေးတာ၊ သို့သော် ခုအခါမှာ မလွတ်တတ်လွတ်တတ်၊ ပုဇွန်ခြောက်တို့ ငါးခြောက်တို့ မကင်းဘူးပေါ့။ အစားနဲ့ ပတ်သက်လို့ သည်းခံပြီးတော့သာ စားကြပါ။

ဓောင်ပုလုဆရာတော်ကြီး ကျောင်းလေးနဲ့ထားတာကို ကျောင်းလေးလှည့်ပြီးတော့ ငိုနေသလိုပဲ အရှင်ဘုရားတို့ ဒကာမတွေက ငိုမှာတော့ မဟုတ်ပါဘူး။ အဲဒီလို တရားအားထုတ်ဖို့ရာနေရာ (၃)နေရာ၊ တောမထွက်နိုင်ဘူး၊ သစ်ပင်ရင်းလဲ မသွားနိုင်ဘူး ဆိုရင်တော့ ဆိတ်ငြိမ်ရာနေရာလေး ယူပြီးတော့ သူ့အချိန်ပိုင်းနဲ့သူ အားထုတ်နိုင်ဖို့ အချိန်ပေးဖို့တော့ လိုပါတယ်။

**အိမ်ယာမြေကြန်**

တပည့်တော်တို့ အဋ္ဌကထာဆရာကြီးက ဒီနေရာမှာ ဘာဖွင့်သလဲဆိုတော့ "ဝတ္ထုဝိဇ္ဇာစရိယောဝိယဘဂဝါ= မြတ်စွာဘုရားဟာ အိမ်ယာမြေကြန် အတတ်ကိုသိတဲ့ ဆရာကြီးနဲ့ တူပါတယ်။"

အိမ်ရာမြေကြန်အတတ်ကို သိတဲ့ ပညာရှင်ဟာ ဒီနေရာမှာ မြို့တည် အန္တရာယ်ကင်းလိမ့်မယ်၊ အသက်ရှည်လိမ့်မည်၊ စီးပွားတိုးတက်လိမ့်မယ်၊ ငြိမ်းချမ်းလိမ့်မယ်။

http://www.dhammadownload.com



ဒီနေရာမှာ အိမ်ဆောက်၊ ဒီနေရာမှာ ကျောင်းဆောက် နေရာရွေးပေးတာ အိမ်ရာမြေကြန်အတတ်ရှိတဲ့ ပုဂ္ဂိုလ်က ရွေးပေးတာ။

နေရာကလဲ အရေးကြီးပါတယ်။ တပည့်တော်တို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး တည်ပြီးတဲ့နောက် မစိုးရိမ်ကျောင်းတိုက်ကြီး တည်ရန်မြေက မြေကွက်လပ်မစိုးရိမ်ဥယျာဉ်ကြီးပါ။

ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အိမ်မက် မက်တယ်။ အနောက်ဖက်က မြေကွက်လပ်ဥယျာဉ်ကြီးထဲမှာ ရွှေစေတီကြီး ပေါက်တယ်လို့ ရွှေစေတီကြီးကို မြင်မက်ပါတယ်ဘုရား။

အဲဒီလို မြင်မက်တဲ့အခါ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ငါနေရာယူတာ နည်းနည်းလွဲသွားပြီ။ မကြာပါဘူး၊ ဆရာတော်ကြီး အိမ်မက်မက်တဲ့အတိုင်း အဲဒီမြေကွက်မှာ မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်က တစ်ဦးတည်း ကျောင်းကြီးတွေ ရွှေပိန်းချတိုင်ကြီးတွေနဲ့ တစ်ဦးတည်းဆောက်တာ။ မစိုးရိမ်ကျောင်းတိုက်ကြီး။

များသောအားဖြင့်တော့ သစ်ပင်ကအရင်ရှိရတာ။ ရုက္ခစိုးနတ်က နောက်မှရှိရတာ။ တစ်ခါတစ်ရံကျတော့ ရုက္ခစိုးကရောက်နေပြီး မှီရာသစ်ပင်က မရှိသေးဘူး။

တပည့်တော်တို့ ကျောင်းတိုက်ကြီးတွေ တည်ကြတာ၊ တစ်ချို့ ဆရာတော်ကြီးတွေ မြေကွက်လပ်က စတည်တယ်။ ကျောင်းက မရှိသေးဘူး။ မစိုးရိမ်ကျောင်းတိုက်ကြီးက ကျောင်းတိုက်ကြီးအားလုံး ပြီးမှ ကျောင်းထိုင်ဘုန်းကြီး ရှာတာပါဘုရား။

အဲဒီတော့ ဝိသုဒ္ဓါရုံဆရာတော်က နေရာလေး နည်းနည်း လွဲသွားတယ်တဲ့။ အဲဒီတော့ နေရာယူမှန်ဖို့ သိပ်အရေးကြီးတယ်။

http://www.dhammadownload.com



အိမ်ရာမြေကြန်အတတ်ကို တတ်သိနားလည်တဲ့ ပညာရှင်က ဒီနေရာ နန်းတော်ဆောက်၊ အိမ်ဆောက်၊ ကျောင်းဆောက်၊ ဒီလို စီမံတဲ့အတိုင်း အကျိုးစီးပွားဖြစ်ထွန်းတဲ့ အခါကျတော့ အိမ်ရှင် နန်းရှင် ဘုံနန်းဗိမာန် အရှင်သခင်များက အိမ်ရာမြေကြန် အတတ်ပညာရှင်ကို သိပ်ပြီးတော့ ကျေးဇူးတင်တယ်။

တပည့်တော်တို့ မြတ်စွာဘုရားကလဲ အိမ်ရာမြေကြန် အတတ်ရှိတဲ့ ပညာရှင်ကြီးနဲ့တူတော့ နေရာသုံးမျိုးကို ညွှန်ပြတယ်။

နေရာသုံးမျိုးကို ညွှန်ပြတဲ့အတိုင်း နေရာယူပြီး အားထုတ်လိုက်တဲ့အခါ မိမိတို့လိုအပ်တဲ့ တရားထူး တရားမြတ် ရရှိတဲ့အခါ **"သမ္မာသမ္ဗုဒ္ဓေါ ဝတသောဘဂဝါ"** ထိုမြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ အစစ်ကြီး ဖြစ်တော်မူပါပေတယ်လို့ ဒီလို ပူဇော်မှုပြုကြရတယ်။

## ဘယ်လိုထိုင်ရ အားထုတ်ရမလဲ

ဒါကြောင့် ကမ္မဋ္ဌာန်းအလုပ်ခွင် တည်ခန်းမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက နေရာနဲ့ပတ်သက်ပြီးတော့ "နေရာယူပြီးတော့ ဘယ်လိုထိုင်ရမလဲ"။

**"ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံ ကာယံ ပဏိဓာယ"**

ပလ္လင်္ကံ= ထက်ဝက်ပလ္လင်ကို၊ အာဘုဇိတွာ= ဖွဲ့ခွေ၍၊ ကာယံ= အထက်ပိုင်းခန္ဓာကိုယ်ကို၊ ဥဇုံ= ဖြောင့်စွာ၊ ပဏိဓာယ= ထား၍၊ ထိုင်နည်းလေး။

အမျိုးသားများ တင်ပလ္လင်ခွေ၊ အမျိုးသမီးများ ထက်ဝက်ပလ္လင်ခွေပြီးတော့ အထက်ပိုင်း ခန္ဓာကိုယ်ကိုတော့ ဖြောင့်ဖြောင့်လေး ထား။

http://www.dhammadownload.com



"ပရိမုခံသတိံ ဥပဋ္ဌပေတွာ"

သတိံ= သတိကို၊ ပရိမုခံ= ထွက်သက် ဝင်သက်သို့ ရှေးရှုလျက်၊ နိသီဒတိ= နေ၏။ နိသီဒတိ-ကို တပည့်တော်တို့က ထိုင်၏လို့ ဘာသာပြန်များတော့ ဆရာတော်ဘုရားကြီးက နိသီဒတိ-နေ၏လို့ ဘာသာပြန်ပါတယ်။ ဒီဘာသာပြန်ပုံလေးက သတိထားစရာပါပဲ။

ထက်ဝက်ဖွဲ့ခွေ နေပြီးတော့ ခန္ဓာကိုယ်ကိုတော့ ဖြောင့်ဖြောင့် ကလေးထား။ ထွက်လေဝင်လေကို ရှုပြီးတော့ နေပါတယ်တဲ့။ နေရမယ်။

နိသီဒတိ- ထိုင်၏လို့ဆိုရင်တော့ ထိုင်တဲ့ ဣရိယာပုတ်တစ်ခုပဲ အသုံးချရတော့မည့် သဘောဖြစ်တယ်။

ဒါကြောင့် ဆရာတော်ဘုရားကြီးက ထက်ဝက်ဖွဲ့ခွေနေမှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့် အထူးသင့်လျော်သောကြောင့် "ပလ္လင်္ကံ အာဘုဇိတွာ နိသီဒတိ" ဟု ဟောတော်မူသည်။

အမျိုးသားများ တင်ပလ္လင်ခွေပြီးတော့နေတာဟာ ကမ္မဋ္ဌာန်း အလုပ်နဲ့ အထူးသင့်လျော်လို့ပါပဲ။ စင်စစ်သော်ကား ဣရိယာပုထ် (၄)ပါး၌ပင် စွဲမြဲရမည် ဖြစ်၏တဲ့။

ဒီညွှန်ကြားချက်ကလေးဟာ အင်မတန်အရေးကြီးပါတယ် ဘုရား။

အာနာပါနဿတိ အလုပ်ခွင်တည်ပြီး ဘယ်လိုအားထုတ်ရ မလဲဆိုတော့ ဒီအာနာပါနဿတိနဲ့ ပတ်သက်ပြီးတော့ ပါဠိတော်ကြီး မှာ ပဌမစတုက္ကတဲ့။

ပဌမစတုက္က ပဌမ (၄)နည်း၊<br>
ဒုတိယစတုက္က ဒုတိယ (၄)နည်း၊

http://www.dhammadownload.com



တတိယစတုက္က တတိယ(၄)နည်း၊

စတုတ္ထစတုက္က စတုတ္ထ (၄)နည်း၊

ဆိုပြီးတော့ (၁၆)နည်း၊ အခြင်းအရာ (၃၂)မျိုးပါ ဘုရား။

အာနာပါနသတိ (၇)ရက်တရားစခန်း အားထုတ်တဲ့နေရာမှာ (၁၆)မျိုးလုံး ဝိပဿနာပိုင်းမှာ ပြည့်စုံအောင် ပြောလို့ဟောလို့ ရပါတယ်။ သမထပိုင်းမှာတော့ ပထမ (၄)နည်းနဲ့ပဲ စခန်းသွားကြမှာ ဖြစ်ပါတယ် ဘုရား။

**ပထမနေ့ အားထုတ်ပုံ**

ပါဠိတော်က ပထမခန်းမှာ-

**သောသတောဝ အဿသတိ၊**

**သတောဝ ပဿသတိ။**

ဒီနေ့ တပည့်တော်တို့ ပထမဆုံးသင်တန်း၊ အဲဒီပါဠိကို- သော= ထိုထက်ဝက်ဖွဲ့ခွေ ထိုင်နေသောပုဂ္ဂိုလ်သည်၊ သတောဝ= မလစ်စေမူ သတိပြု၍သာလျှင်၊ အဿသတိ= ထွက်သက်ကိုလွှတ်၏၊ ပဿသတိ= ဝင်သက်ကို ရှူ၏။

ဒါလုပ်ငန်းပါပဲ ဘုရား။

နံပါတ် (၁၉)မှာ အကျဉ်းဆောင်ပုဒ်က-

**သတိမြဲရာ ပထမာ၊ ဒုမှာရှည်တိုသိ၊**

**လုံးစုံလင်းရာ တဈ်သာ၊ စမှာငြိမ်းလေဘိ။**

တပည့်တော်တို့ ဒီနေ့ "သတိမြဲရာ"ဆိုတဲ့ အပိုင်းလေးပါ ဘုရား။ ပထမခန်းပါ။ ပထမခန်းမှာ ထွက်သက် ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

http://www.dhammadownload.com



ပထမခန်းမှာ အရှည်အတို စသည်တို့ကို နှလုံးမသွင်းနိုင်သေး။ နှာသီးဖျားဌ၌သော်လည်းကောင်း၊ အထက်နှုတ်ခမ်းဖျား၌သော်လည်းကောင်း ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာ ထင်ရှားရာ တစ်ခုခုသော ဌာန၌ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ်ရသည်။

ဒါလုပ်ငန်းပါပဲဘုရား၊ မခက်ပါဘူး။ လက်ာကတော့ **"သတိမြဲရာ ပထမာ"**ပါဘုရား။ အရှည်တွေ အတိုတွေ မမှတ်ပါနဲ့အုံး။ ထွက်လေဝင်လေ ထိခိုက်တဲ့ဌာနက (၂)ခု၊ နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျား၊ အချို့ပုဂ္ဂိုလ်တွေက နှုတ်ခမ်းထူပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကျတော့ အထက်နှုတ်ခမ်းဖျားမှာ လေထိခိုက်မှု ထင်ရှားပါတယ်။

နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျား၊ ထိခိုက်မှု ထင်ရှားတဲ့ဌာန (၂)ခု၊ အဲဒီ (၂)ခု တစ်ခုခုမှာ စိတ်ကိုခိုင်မြဲစွာ ထားရမယ်။ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ အပြည့်အစုံ ညွှန်ကြားထားတဲ့အတိုင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးပြီးထားခဲ့တဲ့ အစဉ်အဆက်အားဖြင့် ဆောင်လာတဲ့ လက်ာလေးတွေ၊

**စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်းနိုင် အာရုံတိုင်**
**ခိုင်ခိုင်ချည်ထားဘိ။**

စိတ်ကလေးက အင်မတန်မိုက်ပါတယ်။ နွားရိုင်းနွားဆိုးလိုပဲ။ စိတ်ကလေးက စိတ်တေလေ စိတ်လေဗွေ၊ စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းလေး ဖြစ်နေတတ်ပါတယ်။

စိတ်ရိုင်းဆိုတဲ့ နွားဆိုးကို သတိဆိုတဲ့ကြိုးနဲ့ မတိုးရုန်းနိုင်အောင် ထွက်လေဝင်လေ ဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်ထားပါ။

**ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်း၍ကြည့်။**

http://www.dhammadownload.com



ခိုင်ခိုင်ချည်ထားတဲ့အခါ စိတ်ကလေးဟာ အရင်ကတွေ့ဖူးတဲ့ ရူပါရုံစတဲ့ အထွေထွေအာရုံတွေစီကို နွားဆိုး နွားမိုက်ရုန်းကန်နေသလို ရုန်းနေပါလိမ့်မယ်။

**ရုန်းမရပါ ချည်တိုင်မှာ မောကာငြိမ်သက်၏။**

ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင် သတိဆိုတဲ့ကြိုးနဲ့ စိတ်ဆိုတဲ့ နွားရိုင်းကို ခိုင်ခိုင်ချည်ထားတဲ့အခါ ရုန်းနေပါလိမ့်မယ်။ ရုန်းမရတဲ့အခါ ချည်တိုင်မှာမောပြီး ငြိမ်သက်နေပါလိမ့်မယ်။

**မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်သမာဓိ။**

နွားကလေး မောပြီး ငြိမ်သက်ပြီးနေသလို စိတ်ကလေးဟာလဲ မလှုပ်မယှက် ငြိမ်သက် ငြိမ်သက်နေပါလိမ့်မယ်။

**သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ။**

သမာဓိတည်ပြီ ကြည်ပြီဆိုရင် စိတ်စင်ကြယ်ပြီ။

**စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ။**

စိတ်စင်ကြယ်သွားပြီဆိုရင် မိမိခန္ဓာတွင်းမှာရှိတဲ့ ရုပ်နာမ်တွေကို ဖြိဖြန့်ပြီး မြင်နိုင်သိနိုင်တယ်။ တစ်ကိုယ်လုံး ကြည့်ပေတော့။

အာနာပါနဒီပနီမှာ တိုက်ရိုက်လာတာကတော့ "သတိမြဲရာ ပထမာ"တဲ့၊ အာနာပါနအခြေခံပြီးတော့ စိတ်ကိုဖမ်းတဲ့နည်းပါပဲ။

တစ်နာရီမှာ ထွက်လေဝင်လေ တစ်နာရီမှာ အကြိမ် တစ်ထောင်လောက် ထုတ်မှုတ်နေကြတာ။ တစ်ရက်သာဆိုရင် "၂၄၀၀၀" ကျော် ထုတ်မှုတ်နေကြတာ။

တစ်ရက်မှာ ထွက်လေဝင်လေ အကြိမ်နှစ်သောင်းကျော် ထုတ်မှုတ်နေကြတာ။ တရားသဘော အမှတ်ထားရမယ်လို့ မသိရှိပဲ နေ့စဉ်နေ့တိုင်း အသုံးချလာခဲ့တာများပြီ။ ထွက်လေဝင်လေကို

http://www.dhammadownload.com



တရားအဖြစ်ထားပြီး ရှုရတယ်။ ဒီလို စိတ်ကိုထိန်းသိမ်းရန်နည်းလမ်းလို့ ကမ္ဘာမှာ သိသူရှားပါတယ်။

ကမ္ဘာ့လူထုကြီး သန်းပေါင်း ၆၅၀၀ လောက်ရှိတယ်။ ဗုဒ္ဓဘာသာ (၆%)ရှိပါတယ်။ ဟိန္ဒူဘာသာက (၁၃%) ရှိပါတယ်။ အစ္စလာမ်က (၁၉%) ရှိပြီး၊ ခရစ်ယာန်က (၃၃%)ရှိပါတယ်။ အင်မတန်နည်းပါးတဲ့ ဗုဒ္ဓဘာသာ မိသားစုတွေပါ။

ဗုဒ္ဓဘာသာ မိသားစုတွေမှာလဲ အခုလို တရားစခန်းတွေ ဝင်ပြီးတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အနည်းစုလေးသာ ဖြစ်တော့ ဒီကမ္မဋ္ဌာန်း အားထုတ်နည်းကို သုံးစွဲခွင့်ရတာက နည်းနည်းလေးပါ။

တစ်ခါက မထေရ်သုံးပါး ကျောင်းတိုက်တစ်ခုမှာ သီတင်းသုံးကြတယ်။ ဝါကျွတ်တဲ့အခါ မထေရ်ကြီးက မထေရ်ငယ်ကို "ငါ့ရှင် သင့်ရဲ့စိတ်ဟာ ဒီတစ်ဝါတွင်းလုံး ဘယ်လောက်ထိန်းနိုင်ပါသလဲ"လို့ မေးတော့ မထေရ်ငယ်က "တပည့်တော်စိတ်ဟာ ဒီကျောင်းပရဝုဏ် အတွင်းက မထွက်ပါဘူးဘုရား"။

ဒုတိယမဇ္ဈိမကိုယ်တော်ကို မေးပြန်တယ်။ မဇ္ဈိမကိုယ်တော် မထေရ်လတ်က "တပည့်တော်ရဲ့စိတ်ဟာ ဒီကျောင်းတစက်မြိတ်အပြင် တစ်ဝါတွင်းလုံး မထွက်ပါဘူးဘုရား"။

"မထေရ်မြတ်ကြီးကကော ဘုရား"လို့ ဆိုတော့ "ငါ့ရှင်တို့ ငါ့ရဲ့စိတ်ဟာ ငါ့ရဲ့ခန္ဓာအပြင်ဘက် တစ်ဝါတွင်းလုံး မထွက်ခဲ့ဘူး"တဲ့။

အရှင်ဘုရားတို့တော့ ဒီ (၁၅)ရက်အတွင်း စွယ်တော်ကျောင်းပြင်ဘက် စိတ်ထွက် မထွက်၊ တစက်မြိတ်ပြင်ဘက် စိတ်ထွက် မထွက်၊ ခန္ဓာကိုယ်ပြင်ဘက် စိတ်ထွက် မထွက် အကဲခတ်ပါ။ အခုတောင် ကျောင်းကို ဘယ်နှစ်ခေါက်ရောက်နေကြပြီလဲ မသိဘူး။ ဆရာလေး

http://www.dhammadownload.com



တွေလဲ တက္ကသိုလ်ဘယ်နှစ်ခေါက် ရောက်နေကြပြီလဲ။ စိတ်ရောက်တာပြောတာ။ ရထားမစီး၊ ကားမစီးပဲ စိတ်ကတော့သွားနေတာကိုး။

ထိုနှာသီးဖျား၊ နှုတ်ခမ်းဖျား ဌာန၌ စိတ်သည် ချည်နှောင်ထားဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထွက်သမျှ ဝင်သမျှကို တစ်ခုမလွတ်ရအောင် သိမှုပိုင်နိုင်သည့်တိုင်အောင် အားထုတ်ရပါသည်။

စောစောကမထေရ်မြတ်ကြီး သုံးပါးကိုအားကျပြီး အရှင်မြတ်များ ပထမဆုံးလုပ်ငန်းဖြစ်တဲ့ "သတိမြဲရာ ပထမာ"ဆိုတဲ့အတိုင်း ထွက်လေဝင်လေကို နေ့လည်ပိုင်းကစပြီးတော့ ရှုမှတ်ဖို့ရာ ကမ္မဋ္ဌာနာစရိယဆရာတော်များက ညွှန်ကြားလျှောက်ထားပါလိမ့်မယ်။ တပည့်တော်ရဲ့ သင်ကြားမှုအပိုင်းက ယခု (၉း၃၀)ဆိုတော့ ပထမနေ့အတွက် တစ်နည်းအားဖြင့် (၇)ရက်တရားစခန်းတွေမှာ သမထပိုင်းမှာ (၄)ရက်ခွဲ၊ ဒီသင်တန်းမှာ (၄)ရက်ထားပြီးတော့ -

- သတိမြဲရာ ပထမာ = ပထမရက်
- ဒုမှာရှုည်တိုင်သိ = ဒုတိယရက်
- လုံးစုံလင်းရာ တဥ္စသာ = တတိယရက်
- စမှာငြိမ်းလေဘိ = စတုတ္ထရက်

ဒီ (၄)ရက် သမထကမ္မဋ္ဌာန်း ပြသမယ်ဆိုရင် ဒီစိတ်ကလေးဟာ တော်တော်လေး ငြိမ်သက်လာနိုင်ပါပြီ။ **"သတိမြဲရာ ပထမာ"** ပထမနေ့ကျင့်စဉ် ပထမနေ့ အားထုတ်နည်းဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ညွှန်ကြားချက်က မြတ်ဗုဒ္ဓရဲ့ ဒေသနာနဲ့အညီ ပထမခန်းမှာ ထွက်သက်ဝင်သက်ကို သတိမြဲအောင် အားထုတ်ရမည်ဆိုတဲ့အတိုင်း နေ့ပိုင်းမှာ ကြိုးစားအားထုတ်တော်မူကြပါ။

http://www.dhammadownload.com



မထေရ်မြတ်ကြီးသုံးပါးတို့တွင် မဟာထေရ်ကြီးရဲ့ထုံးကို နှလုံးမူပြီးတော့ မိမိတို့ရဲ့စိတ်ကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ချည်နှောင်ပြီးတော့ ကြိုးစားအားထုတ်ကြပါလို့ နှိုးဆော်ရင်း ပထမနေ့ အာနာပါနကမ္မဋ္ဌာန်း သင်ကြားနည်း ပရိယတ္တိ အပိုင်းကို နိဂုံးချုပ်အပ်ပါသည်ဘုရား။

သာဓု - သာဓု - သာဓု

**ဒါနသုံးမျိုး (၂၅-၂၀၀၇)**

**ဒါနံ နာမ ပရံ ဥဒ္ဒိဿ သုဗုဒ္ဓိပုဗ္ဗိကာ အန္နာဒိ ဒသဝတ္ထု ပရိစ္စာဂ စေတနာ။**

ဒါန= စွန့်ကြဲပေးကမ်း လှူဒါန်းတယ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်သလဲ။ ဘာအရကောက်ရမလဲဆိုတော့ စေတနာအရကောက် ရတယ်။

ဘယ်လိုစေတနာလဲ။ အန္နာဒိဒသဝတ္ထုက ပရိစ္စာဂ စေတနာ၊ ထမင်း(ဆွမ်း) အရှိသည့် ဆယ်ပါးသော ဝတ္ထုတို့ကို စွန့်လွှတ်ခြင်း ဆိုတဲ့ စေတနာ။

စွန့်လွှတ်တော့ ဘယ်ပုဂ္ဂိုလ် ရည်မှန်းရမလဲဆိုတော့ "ပရံ ဥဒ္ဒိဿ" အလှူခံဖြစ်တဲ့ **"ဘုရားမြတ်စွာ ပစ္စေကာနှင့် ရိယာရှစ်ဝ ဈာန်ရဗြာဟ္မီ နှစ်လီပုထုဇဉ် တိရစ္ဆာန်လှူခံ တစ်ကျိပ်လေး"**၊ ပုဂ္ဂလိက အလှူခံဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေးနှင့် သံဃိကဒါန (၇)မျိုး။

ပရံဥဒ္ဒိဿ= ဘုရားကို ရည်ရွယ်မယ်။ စွယ်တော် ရည်ရွယ်မယ်။ သံဃာကို ရည်ရွယ်မယ်။

သုဗုဒ္ဓိ ပုဗ္ဗိက= အသိဉာဏ်ရှေ့သွားရှိတယ်။

http://www.dhammadownload.com



ပရံ= သူတစ်ပါးကို၊ ဥဒ္ဒိဿ= ရည်ရော်မှန်းဆ၍၊ သဒ္ဓါ ပုဗ္ဗိကာ= အသိဉာဏ်ရှေ့သွားရှိသော၊ အန္နာဒိဒသဝတ္ထု ပရိစ္စာဂ စေတနာ= ထမင်းအစရှိသော ဆယ်ပါးသောဝတ္ထုကို စွန့်လွှတ်တဲ့ စေတနာသည်၊ ဒါနံနာမ= ဒါနမည်၏။

ဒါနရဲ့အရကောက်က စေတနာ၊

ဆွမ်းလှူတဲ့စေတနာ၊ သင်္ကန်းလှူတဲ့စေတနာ စသည်ပါ။

တံသမ္ပယုတ္တော= ထိုအလှူစေတနာနှင့် ယှဉ်စပ်နေသော၊ အလောဘောဝါ= လောဘ၏ဆန့်ကျင်ဘက် အလောဘဓာတ်သည် လည်းကောင်း၊ အဒေါသောဝါ= ဒေါသ၏ဆန့်ကျင်ဘက် အဒေါသ သည်လည်းကောင်း၊ ဒါနံနာမ= ဒါနမည်ပါပေ၏။

တစ်နည်းအားဖြင့် ဒါနအရကောက်တာက ထိုစေတနာနဲ့ တွဲလျက်ရှိတဲ့ အလောဘနှင့် အဒေါသ။

ဒါကြောင့် အလောင်းတော်ကြီးများ ပါရမီဖြည့်တော့မယ် ဆိုတော့-

**ဟန္ဒ ဗုဒ္ဓကရေဓမ္မေ၊ ဝိစိနာမိ ဣတောစိတော။**

**ဥဒ္ဓံအဓော ဒသဒိသာ၊ ယာဝတာ ဓမ္မဓာတုယာ။**

**ဝိစိနန္တော တဒါဒက္ခိံ၊ ပထမံ ဒါနပါရမိံ။**

အလောင်းတော်ကြီးများ စောစောကပြောတဲ့ ဒါနမျိုး အပါအဝင် ပါရမီတော်တွေ၊ ပါရမီက ဘုရားဖြစ်ကြောင်း "ဗုဒ္ဓ ကရဓမ္မ" ဘုရားအဖြစ်ကို ပြုတတ်တဲ့တရားတွေ ရှာလိုက်တာ အထက်အောက် နှံ့နေအောင် အလောင်းတော်ကြီး ရှာဖွေတယ်။ **"ဟန္ဒ ဗုဒ္ဓကရေ ဓမ္မေ ဝိစိနာမိ ဣတောစိတော"** ဟိုဟိုဒီဒီလဲ ရှာတယ်။ အထက်အောက်နှံ့လို့ အလောင်းတော်ကြီး ရှာဖွေတယ်။

http://www.dhammadownload.com



"ဥဒ္ဒိအစော ဒသဒိသာ၊ ယာဝတာ ဓမ္မဓာတုယာ" စကြာဝဠာတွေ နှံ့လို့ရှာမှီးတာ။

**"ဝိစိနန္တော တဒါဒက္ခိံ၊ ပဌမံ ဒါနပါရမိံ"** ဘုရားဖြစ်ကြောင်းတရားကောင်းတွေ ရှာလိုက်တာ ပထမဆုံး ဒါနပါရမီ တွေ့တယ်။

ပါရမီဆိုတာ သူမြတ်တို့ရဲ့ လုပ်ငန်းကြီး။ သူတော်ကောင်းသူမြတ်လောင်းတို့ရဲ့ လုပ်ငန်းကို ပါရမီလို့ ခေါ်တယ်။

အဲဒီ ပါရမီက (၁၀)မျိုး၊ ဒါနအပါအဝင် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ အလုပ်သည် ပါရမီ။

သူတော်ကောင်း သူမြတ်လောင်းတို့ရဲ့ လုပ်ငန်းကြီးတွေကျေးဇူးတော်ရှင် စွယ်တော်ဆရာတော်ဘုရားကြီးရဲ့ လုပ်ငန်းဖြစ်တဲ့ဒါနပါရမီဖြည့်သလိုပေါ့။ သံဃာတစ်ထောင်အလှူပွဲ၊ သံဃာတစ်သိန်းအလှူပွဲတွင် ဦးဆောင်လှူဒါန်းခဲ့တယ်။

- ကိုယ်တိုင်လှူခြင်းဒါန၊
- မိမိရရှိတဲ့ ကုသိုလ်အဖို့အစုကို အမျှအတန်းပေးဝေခြင်းသည် ပတ္တိဒါန၊ သူတစ်ပါးပြုတဲ့ ကောင်းမှုကုသိုလ်ကို သာဓုခေါ်ခြင်းသည် ပတ္တာနုမောဒနာ။

| | | | |
|---|---|---|---|
| ၁။ | သာဟတ္ထိကဒါန | = | ကိုယ်တိုင်လှူ |
| ၂။ | ပတ္တိဒါန | = | အမျှပေးဝေ |
| ၃။ | ပတ္တာနုမောဒန | = | သာဓုခေါ်၊ အမျှယူ၊ |

ဒါနသုံးမျိုးထဲမှာ နံပါတ်(၁) ဒါနကိုပဲ ဒါနလို့ ခေါ်နေကြတယ်။ အဓိကတန်ဖိုးထားပြီးတော့ ကျင့်ကြတယ်။

အမျှပေးဝေတဲ့ ပတ္တိဒါနကို ဆိုရိုးဆိုစဉ်မို့သာပါ။ ဒါလောက်အလေးမထားကြပါဘူး။

http://www.dhammadownload.com



သူတစ်ပါးပြုတဲ့ ကုသိုလ်ကို မိမိက သာဓုခေါ်ပြီး ကုသိုလ်ယူတာ၊ ဟိုတုန်းက ကျောင်းကကဆရာတော်ကြီးတစ်ပါး ရန်ကုန်မြို့သွားတယ်။ လမ်းမှာ ရေတွင်းလေးတွေ တွေ့တယ်။ နတ်လူသာဓုခေါ်စေသော်။ သာဓု - သာဓု - သာဓု

အလှူရှင်က အမျှပေးထားတာကိုး။ ဘုရားတွေဖူးရလျှင်လဲ ဒီလိုပဲ၊ ဘယ်သူက လှူဒါန်းထားတယ်။ သာဓု - သာဓု - သာဓု

နတ်လူသာဓုခေါ်စေသော် ဆိုတဲ့အထဲမှာ ကိုယ်လဲပါတယ်။ တပည့်တော်တို့က အချောင်မယူတတ်ဘူး။ ဘယ်ကိုပဲ ခရီးသွားသွား နေရာတကာမှာ **"နတ်လူသာဓုခေါ်စေသော်"**တွေ တွေ့တယ်။

ဒါပေမယ့် "ဟာ. . မုခ်ဦးကြီးကောင်းလိုက်တာ၊ အဆောက်အဦကြီး ကောင်းလိုက်တာ"။ အဲဒီလောက်တော့ ချီးမွမ်းဖြစ်ပါတယ်။ သာဓု ခေါ်ပြီး သွားတာသိပ်မရှိဘူး။

မုံရွာက ဆရာတော်ကြီးက ရန်ကုန်ကို ခြေလျင်ကြွတာ၊ လမ်းတွေ့သမျှ **"သာဓုခေါ်စေသော်"**တွေ အကုန်လုံးသာဓု ခေါ်သွားတာ။ စွယ်တော်ဘုရားကြီး မနက်ဖြန်ဆိုရင် တစ်လပြည့်မြောက်တော့မယ်။ ဆရာတော်ကြီးက-

- အလှူအတန်းနဲ့ ပတ်သက်လို့ ကိုယ်တော်တိုင် ပြုတော်မူတယ်။
- သူတစ်ပါးကို အမျှအတန်းပေးဝေတယ်။
- ဘုန်းကြီးတစ်ရာ၊ တစ်ထောင်လျှင် ရေစက်ချရာမှာ အသုံးမချတဲ့ သူတစ်ပါးပြုတဲ့ ကုသိုလ်ကို သာဓုခေါ်စေတာ။ ဒကာ ဒကာမတွေကိုယ်တိုင်ပေးတာ။

http://www.dhammadownload.com



"သုံးဆယ့်တစ်ဘုံရှိ အရိယာသမ္မုတိ ရှိရှိသမျှ သူတော်စင် အပေါင်း သူမြတ်လောင်းတို့နှင့် မိဘဘိုးဘွား ဆရာတော် သံဃာတော် လူကြီးသူကြီး မင်းစိုးရာဇာ နတ်ဒေဝါတို့က ပို့သသောမေတ္တာ ပေးဝေ သောကုသိုလ် အဖို့အစုတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ လက်ခံရယူပါ၏"

ဒီပတ္တာနုမောဒနာ ကုသိုလ်မျိုးကို ရရှိအောင် ဆရာတော် (၁၀၀)လျှင် တစ်ပါးမျှ မသုံးစွဲဘူး။

ဒါနက (၃)မျိုး ဒါန-ပတ္တိဒါန-ပတ္တာနုမောဒနကုသိုလ်။

စွယ်တော်တစ်ပါးပဲ တွေ့ဖူး ကြားဖူးတယ်။ ဒီသာသနာတော် မှာ ဘုန်းကြီးအသိများပါတယ်။ အပါး (၁၀၀)လဲ တစ်ပါးမသုံးစွဲဘူး။ ဒီပတ္တာနုမောဒနာကုသိုလ်ထူးကို အပါး(၁၀၀၀)လဲ တစ်ပါးမသုံးစွဲဘူး။

ဘုန်းကြီး ဒီနေ့ပြောချင်တာက ဒါနကို ဘာသာပြန်တာက (၃)မျိုး၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

ဒါနအရကောက်တာက (၂)မျိုး။

(၁) စေတနာ၊

(၂) အလောဘစေတ်၊ အဒေါသစေတ် အရကောက်မယ်။

ဘုရားအလောင်းတော်ကြီးတွေ လိုက်လံပြီးတော့ အထက် အောက်၊ အရှေ့အနောက်၊ အရပ်မျက်နှာတွေ လိုက်ရှာတဲ့အခါကျ တော့ ဘုရားဖြစ်ကြောင်း တရားကောင်းရှာတာ သေးသေးဖွဲဖွဲတော့ မဟုတ်ဘူး။

ဘုန်းကြီးတို့ လောကမှာ ဆရာကြီး ဦးမင်းကြည်ဆိုလဲ ကျောင်းဆရာဖြစ်ဖို့ ဘယ်လောက်ရှာရသလဲ။ ပညာသင်ရတယ်။ သင်တန်းတက်ရတယ်။

http://www.dhammadownload.com



ဘုရားအလောင်းတော်ကြီးက သာမန်အဖြစ်မဟုတ်ဘူး။ ဘုရားဖြစ်ဖို့။

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရား။

ကျုပ်တို့လို သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ "လူမင်းတကာတို့ရဲ့ ဥက္ကာဋ္ဌ်၊ နတ်မင်းတကာတို့ရဲ့ မကိုဋ်၊ အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ" ဖြစ်ဖို့အရေးနည်းလမ်းကို ရှာတာ။ ကျောင်းတက်ရမလား။ နိုင်ငံခြားသွားရမလား။ ဘာလုပ်ရမလဲ။ အရောင်းအဝယ် လုပ်ရမလား။

လိုက်ကြည့်တော့ ဘုရားဖြစ်ဖို့အကြောင်းတွေ ဘာတွေ့သလဲ။ ပထမ ဒါနတွေ့တာ။ အဲဒီ ဒါနဘုရားဖြစ်ကြောင်း လမ်းကြောင်းကို ငါဘုရား သွားတဲ့လမ်း လိုက်ခဲ့ကြ။

**"ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ"** တဲ့။ ရှေးဘုရားတို့ရဲ့ သွားခဲ့တဲ့လမ်းအတိုင်းလိုက်၍ ငါဘုရား ပါရမီဖြည့်ခဲ့ပြီ ဆိုပြီးတော့ "ဗုဒ္ဓဝင်" ဟောတာပါပဲ။

ဘုန်းကြီး ဘုန်းကြီး၊

လူ လူလေ . . . ဒါ ဗုဒ္ဓဝင်ကို ဟောတာ။

ဒါနက (၃)မျိုး၊ အရကောက်တော့ (၂)မျိုး၊ အမျိုးအစားအားဖြင့် အများကြီးရှိတာပေါ့။

ပုညကြိယာဝတ္ထု (၁၀)ပါးထဲမှာ ဒါနနဲ့ပေါင်းပြီးတော့ (၃)မျိုး။

| | | |
|---|---|---|
| ၁။ | ဒါန | = စွန့်ကြဲပေးကမ်း လှူဒါန်း |
| | ပတ္တိဒါန | = အမျှပေးဝေခြင်း |
| | ပတ္တာနုမောဒန | = သာဓုခေါ်ခြင်း၊ အမျှယူခြင်း |

http://www.dhammadownload.com



၂။ သီလ = ကိုယ်နှုတ်စောင့်သုံးခြင်း
အပစာယန = အရိုအသေပြုခြင်း
ဝေယျာဝစ္စ = အမှုကြီးငယ်ဆောင်ရွက်ခြင်း
၃။ ဘာဝနာ = ပွားများခြင်း
ဓမ္မဿဝန = တရားနာခြင်း
ဓမ္မဒေသနာ = တရားဟောခြင်း
ဒိဋ္ဌုဇုကမ္မ = ဖြောင့်မတ်သောအယူ ကံကိုယုံကြည်ခြင်း၊

(၃)မျိုးက (၁၀)မျိုး ပွားတာကိုး။ အဲဒီတော့ သီလယူတာတော့ ဒီအထဲရောလိုက်မယ်နော်။

"ဘုန်းတော် ကံတော် တန်ခိုးတော် ပါရမီတော် ကျက်သရေ အပေါင်းတို့နှင့် ပြည့်စုံတော်မူကြ၍ သတ္တဝါဝေနေ များဗိုလ်ခြေတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ကြကုန်သော အဆူဆူသော ဘုရားရှင်တို့အားလည်းကောင်း၊ အဆူဆူသော ဘုရားရှင်အပေါင်းတို့သည် ထားတော်မူအပ်သော လှူပြည် နတ်ပြည် ဗြဟ္မာ့ပြည်အရပ်ရပ် ဘုံအထပ်ထပ် ပြာသာဒ်အဆောင်ဆောင် ကျောင်းဆောင်တော်အသီးအသီး ပလ္လင်တော်အသီးသီး၌ သီတင်းသုံး စံနေတော်မူကြသော နိမ္မိတကိုယ်စား ရုပ်ပွားတော် ဆင်းတုတော် ဓာတ်တော်မွေတော် စေတီပုထိုး အပေါင်းတို့အား ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကိုးကွယ်ပါ၏။

ရှိခိုးကြ ကိုးကွယ်ကြပြီးလျှင် ဤမွန်မြတ်သော ဆီမီးပန်းမာလ် သစ်သီးဝလံ သောက်တော်ရေချမ်း အရုဏ်ဆွမ်း နေ့ဆွမ်းတို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပါ၏။

http://www.dhammadownload.com



ဘုရားလောင်းလျာ သူတော်စင် သူမြတ်လောင်းကြီးတို့သည် အသက်ကိုမျှ မငဲ့ကြပဲ ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် သိတော်မူအပ်သော မြင်တော် မူအပ်သော ဟောတော်မူအပ်သော မျက်မှောက်ပြုတော်မူအပ်သော ပွားများတော်မူအပ်ပြီးသော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် အမြတ်ဆယ်ဖေါ် တရားတော်အား ရိုသေမြတ်နိုး လက်စုံ မိုး၍ ရှိခိုးကိုးကွယ်ပါ၏။

ရှိခိုးကြ ကိုးကွယ်ကြပြီးလျှင် ဤမွန်မြတ်သော ဆီမီးပန်းမာလ် သစ်သီးဝလံ သောက်တော်ရေချမ်း အရှုဏ်ဆွမ်း နေ့ဆွမ်းတို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်း ပူဇော်ကြပါ၏။

ဘုရားရှင်တို့သည် ထားတော်မူအပ်သော တရားလမ်းစဉ် သာသနာ့လမ်းစဉ်အတိုင်း ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရိုသေလေးစားအပ်သော ဂုဏ်တော်အရပ်ရပ်တို့ကြောင့် ကိလေသာ ဆူဆေး အပူဘေးမှ ကင်းဝေးတော်မူကြ၍ ဝိမုတ္တိသုခ အမတအောင် ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းကြပြီးသော အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက အရှင်မွန် အရှင်မြတ်ကြီးတို့အား ရိုသေမြတ်နိုး လက်စုံ မိုးလျှက် ရှိခိုးကြပါ၏။

အရှင်သီဝလိ အရှင်ဥပဂုတ် အစရှိကုန်သော ထူးခြားသော ဂုဏ်အင်တို့နှင့် စုံလင်တော်မူကြသော အရိယာသံဃာတော်၊ ထိုအရိယာသံဃာတော်တို့၏ အနွယ်အဆက်ကို စောင့်ထိန်းတော်မူ ကြသော သံဃာတော် သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်တော်မူကြသော အရှင်မြတ်အပေါင်းတို့အား ရိုသေ

http://www.dhammadownload.com



မြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏။

ဤသာသနာတော်ကြီးနှင့် တပည့်တော်တို့ တိုက်တိုက် ဆိုင်ဆိုင် ကြုံရလေအောင် ဆုံရလေအောင် လက်ဆင့်ကမ်း ပုခုံး ပြောင်း၍ သင်ပေးပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြလျှက် လက်ဆင့်ကမ်း ပုခုံးပြောင်း၍ သယ်ဆောင်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်ကြီးတို့အား ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကိုးကွယ်ကြပါကုန်၏။

ရှိခိုးကြ ကိုးကွယ်ကြပြီးလျှင် ဤဆီမီးပန်းမာလ် သစ်သီးဝလံ သောက်တော်ရေချမ်း အရုဏ်ဆွမ်း နေ့ဆွမ်းတို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်းပါ၏။

အရိယာသူတော်ကောင်းတို့သည် မြတ်မြတ်နိုးနိုး လေးလေး စားစား စောင့်ထိန်းအပ်သော သီလမြတ်ကို ရိုသေစွာ ဆောက်တည် ကျင့်သုံးကြပါကုန်၏။ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုတို့ကို သံဃာတော် အရှင်မြတ်တို့အား ရိုသေစွာ လှူဒါန်းပါ၏။

မြင့်မောက်သော အရပ်၌ ရွာသွန်းသော မိုးရေသည် နိမ့်ဝှမ်းရာ အရပ်သို့ စီးဆင်းသွားသကဲ့သို့ တပည့်တော်တို့၏ ကုသိုလ်ရေအယာဉ် သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနှင့်တကွ ဘဝဆွေမျိုး အပေါင်းတို့ထံသို့ စီးဆင်းကျရောက်၍ အေးမြသော ချမ်းသာကို ပေးနိုင်ပါစေသား။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ စီးဆင်းသမျှ ရေအယာဉ် တို့သည် ပင်လယ်သမုဒ္ဒရာကို ပြည့်စေသကဲ့သို့ ထို့အတူပင် တပည့် တော်တို့၏ နေ့စဉ်နေ့တိုင်း လစဉ်လတိုင်း နှစ်စဉ်နှစ်တိုင်း ယနေ့ယခု ပြုသမျှ ကုသိုလ်ရေအယာဉ်သည် ကျေးဇူးတော်ရှင် စွယ်တော်ဘုရား

http://www.dhammadownload.com



ကြီးနှင့်တကွ မိဟောင်းဖဟောင်း ဆွေဟောင်းမျိုးဟောင်း ဘိုးဟောင်း ဘွားဟောင်း အပေါင်းတို့နှင့် ဘဝဆွေမျိုး အားလုံးတို့၏ စိတ်နှလုံး အလိုဆန္ဒကို ဖြည့်နိုင်ပါစေ။ ဖြည့်ပါစေသား။

ဤသို့သော ရည်ရွယ်ချက်ဖြင့် အရဏ်ဆွမ်း နေ့ဆွမ်း အဖျော် ယမကာတို့ကို (၃)ရက်တိုင်တိုင် ဆက်ကပ်ခြင်း၊ လှူဒါန်းခြင်း အရပ်ရပ် သော ကုသိုလ်အဖို့အစုကို ကျေးဇူးတော်ရှင် စွယ်တော်ဆရာတော် ဘုရားကြီးနှင့်တကွ မိဟောင်းဖဟောင်၊ ဆွေဟောင်းမျိုးဟောင်း၊ ဘိုးဟောင်းဘွားဟောင်း ဘဝဆွေမျိုးအပေါင်းတို့အား အမျှပေးဝေ ပါ၏။ မကြားမသိ မရှိပါစေနှင့်၊ ကြားပါသိပါစေ။ ကြားရသိရ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြပါစေ”။

ဟော- အမျှအတန်းပေးဝေတာက “ပတ္တိဒါန”၊ လှူဒါန်းပါ၏ ဆိုတာက “ဒါန”။

ဆရာတော်အပါး (၁၀၀)၊ (၁၀၀၀) သုံးစွဲလေ့မရှိတဲ့ ပတ္တာနုမောဒန “သာဓု”ခေါ်တဲ့ အလုပ်ကို ဆရာတော်ဘုရားကြီးက အသုံးပြုထားလို့ တပည့်တော်တို့လဲ သုံးဖြစ်ပါတယ်။ ဒါကြောင့်-

“(၃၁)ဘုံရှိ အရိယာသမ္မုတိ ရှိရှိသမျှ သူတော်စင်အပေါင်း သူမြတ်လောင်းတို့နှင့် ဆရာတော် သံဃာတော် လယ်တီဆရာတော်၊ ဖားမဲ့ဆရာတော်၊ ကလေးဝဆရာတော်၊ လူကြီးသူကြီး မင်းစိုးရာဇာ နတ်ဒေဝါတို့က ပို့သအပ်သော အနောဒိဿမေတ္တာ၊ ပို့သအပ်သော ဩဒိဿမေတ္တာကို ကြည်ဖြူစွာခံယူပါ၏။ ပေးဝေသော ကုသိုလ်အဖို့ အစုကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ လက်ခံရယူပါ၏။ အကျွန်ုပ် တို့၏ နေ့စဉ်နေ့တိုင်း လစဉ်လတိုင်း နှစ်စဉ်နှစ်တိုင်း ပြုပြုသမျှ ကုသိုလ်အဖို့ အစုကို မကြာမသိ မရှိပါစေနှင့်၊ ကြားကြ သိကြပါစေ။

http://www.dhammadownload.com



ကြားရသိရ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြသဖြင့် ကိုယ်စိတ်ကိုယ်၌ ချမ်းသာသုခ ရရှိအေးမြကြပါစေ။"

(ကုသိုလ် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)။

(သာဓု - သာဓု - သာဓု)။

http://www.dhammadownload.com



ဒုတိယနေ့ကျင့်စဉ်

ပါဠိတော်-

**ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။**

**ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။**

**ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။**

**ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။**

ဒီဃံဝါ= ရှည်စွာမူလည်း၊ အဿသန္တော= ထွက်သက်လွှတ်သည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ အဿသာမိ= ထွက်သက်ငါလွှတ်၏ဟူ၍၊ ပဇာနာတိ= သိ၏။

ဒီဃံဝါ= ရှည်စွာမူလည်း၊ ပဿသန္တော= ဝင်သက်ရှူသည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ ပဿသာမိ= ဝင်သက်ငါရှူ၏ဟူ၍၊ ပဇာနာတိ= သိ၏။

ရဿံဝါ= တိုစွာမူလည်း၊ အဿသန္တော= ထွက်သက်လွှတ်သည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ အဿသာမိ= ထွက်သက်ငါလွှတ်၏ဟူ၍၊ ပဇာနာတိ= သိ၏။

ရဿံဝါ= တိုစွာမူလည်း၊ ပဿသန္တော= ဝင်သက်ရှူသည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ ပဿသာမိ= ဝင်သက်ငါရှူ၏ဟူ၍၊ ပဇာနာတိ= သိ၏။

တပည့်တော်တို့ ကျောက်ထီးတန္တြ အလေးပြုအပ်တဲ့ ပထမဆုံး မြတ်ဗုဒ္ဓရဲ့စကား ဆရာတော်ဘုရားကြီးရဲ့ ဘာသာပြန်ဆိုချက်။

စာမျက်နှာ (၁၉)မှာ ဆရာတော်ဘုရားကြီးက ပိုပြီးတော့ ရှင်းအောင် စကားတစ်ခု ရေးထားတယ်။

http://www.dhammadownload.com



ဒုတိယခန်းမှာ-

ထွက်သက်ဝင်သက်တို့၌ ရှည်လျှင်ရှည်သည်ဟု၊ တိုလျှင်တိုသည်ဟု သိအောင် အားထုတ်ရသည်။

ဘယ်လောက်ရှင်းသလဲ။ ထွက်သက်ဝင်သက် ရှည်လျှင်ရှည်တယ်။ တိုလျှင် တိုတယ်။

အရှည်အတိုကို ဘယ်လိုများ သတ်မှတ်ရမလဲဆိုရင် စာမျက်နှာ (၂၀)မှာ ထွက်သက်ဝင်သက် အထွက်အဝင် နှေးသည်ကို အရှည်ဆိုသည်။ လျှင်မြန်သည်ကို အတိုဆိုသည်။

အရှည်အတို သိဟူသည် နှေးမှု မြန်မှုကို သိရမည်။

စာလေး (၄)ပိုဒ်ပါဘုရား။

စာမျက်နှာ (၁၇)၊ ၂- ဒုတိယခန်းပါဠိ၊

စာမျက်နှာ (၁၉)၊ ၂- ဒုတိယခန်းမှာ

စာမျက်နှာ (၂၀)၊ ၂- ဒုတိယခန်းမှာ

စာမျက်နှာ (၁၉)၊ လင်္ကာ "ဒုမှာရှည်တိုသိ"

စာမျက်နှာ (၂၀)

ထိုသို့ သိမှု ပိုင်နိုင်ပြီးနောက် မိမိရှူသော ထွက်သက်ဝင်သက်ကို ရှည်လျှင်ရှည်မှန်း သိရမည်။ တိုလျှင် တိုမှန်း သိရမည်။

တစ်ယောက်သောသူ၏ တစ်ထိုင်အတွင်းမှာပင် ရှည်သည့်အလှည့်၊ တိုသည့်အလှည့် ရှိ၏။ ရှည်မှုတိုမှုကို တစ်ခုမလွတ်အောင် သိအောင် အားထုတ်ရသည်။

ဒါဟာ ဒုတိယနေ့ ကျင့်စဉ် စည်းကမ်းပါပဲဘုရား။ ဒီနေ့ ဒီကျင့်စဉ်အတိုင်း အားထုတ်တော်မူကြပါဘုရား။

http://www.dhammadownload.com



**ဂေါသိင်္ဂအင်ကြင်းတော**

ဒီနေ့ ဂေါသိင်္ဂအင်ကြင်းတောကြီး၌ ဟောကြားပုံနှင့် ပတ်သက်ပြီးတော့ ပြောလိုပါတယ်။ မြတ်စွာဘုရား၏ နိပ္ပရိယာယ မုချစကားက အာသဝက္ခယဉာဏ်မရရင် မထဘူးပါဟု အားထုတ်တဲ့ ကလျာဏ ပုထုဇဉ်ကို ချီးမွမ်းတော်မူပါတယ်။ ဒါဟာ မြတ်ဗုဒ္ဓရဲ့ နိပ္ပရိယာယ မုချစကား။

ပရိယာယ်အားဖြင့် တစ်ပါးနှင့်တစ်ပါး မိန့်ဆိုချက်တွေ မတူပါဘူး။ အရှင်မြတ်ကြီး (၆)ပါးရဲ့ ဆွေးနွေးချက်တွေလဲ ပရိယာယ် အားဖြင့် အကောင်းတွေချည်းပဲ။

**"မမပိသုဏာထ"** ဒါပေမယ့် ငါဘုရားရဲ့ နိပ္ပရိယာယ မုချစကားကိုလဲ နားထောင်ကြဦး ဆိုပြီးတော့-

ပဋိပတ္တိ အနှစ်သာရရှိတဲ့ ကလျာဏပုထုဇဉ်ကို ချီးမွမ်းတော် မူလိုတဲ့အတွက် ဆွမ်းဘုဉ်းပေးပြီးတော့ တင်ပလ္လင်ခွေ တရားထိုင်၊

အာသဝက္ခယဉာဏ် မရမချင်း ငါတင်ပလ္လင်ခွေ မဖြုတ်ဘူးဟဲ့ ဆိုပြီးတော့ အားထုတ်တဲ့ရဟန်းဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးကို အထူးတင့်တယ်စေနိုင်တယ်လို့ မြတ်စွာဘုရားရဲ့ နိပ္ပရိယာယ မုချစကား မိန့်ကြားချက်ရှိခဲ့ဖူးပါတယ်။

အရှင်မြတ်များဟာလဲ မြတ်စွာဘုရားရဲ့ နိပ္ပရိယာယ မုချစကား တော်အတိုင်း ကျင့်ကြံကြမယ်ဆိုရင် ဒီစွယ်တော်အင်ကြင်းတောကြီး ဟာ တင့်တယ်နိုင်ပါတယ်ဘုရား။ ဒီနေရာမှာ သတိပြုစရာက တရား ကြာကြာထိုင်တိုင်း မကောင်းဘူးဆိုတဲ့အသံ၊ ကြာကြာထိုင်တိုင်း တရားရမှာလားဆိုတဲ့ အသံတွေ ထွက်နေတယ်။ ဂေါသိင်္ဂအင်ကြင်း တောမှာ ဘုရားရှင်ရဲ့ မုချစကားနဲ့ပဲ ချေပကြပါလို့ သတိပေးလိုပါတယ်။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဂေါသိင်္ဂအင်ကြင်းတောကြီးမှာ သာသနာတော်မှာ ထင်ရှားလှတဲ့ မထေရ်ကြီး (၆)ပါးနှင့်တကွ ရဟန်းတော် သုံးထောင်တို့နှင့်အတူ သီတင်းသုံးတော်မူတယ်။ အဲဒီအချိန်အခါမှာ မထေရ်မြတ်ကြီး (၆)ပါးက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၊ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာ မထေရ်မြတ်ကြီးတို့ ဖြစ်ပါတယ်။ အဲလို သီတင်းသုံးပြီး နေကြတဲ့အခါ တစ်နေ့ကျတော့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက အရှင်မဟာကဿပစီ သွားပြီးတော့ "ငါ့ရှင် မဟာကဿပ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးစီ သွားကြစို့"။ "ဘာကိစ္စပါလဲဘုရား" ဆိုတော့ "ဓမ္မသဝနာယ" တရားနာဖို့။ အဲဒီလိုနဲ့ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးပါ ပင့်ခေါ်ပြီး သွားကြတယ်။

အရှင်အာနန္ဒာမထေရ်မြတ်က အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်တို့ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ ကြွသွားတာကို မြင်လိုက်တဲ့အခါကျတော့ အရှင်ရေဝတမထေရ်ကို ပင့်ခေါ်ပြီးတော့ အရှင်သာရိပုတ္တရာစီ လိုက်သွားကြတယ်။

အဲလို သွားတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က လာရောက်ကြတဲ့ အရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ မထေရ်မြတ်ကြီးတွေကို တရားတန်းပြီးတော့ မဟောသေးပဲ တရားဆွေးနွေးပွဲကျင်းပတယ်။ အရှင်အာနန္ဒာနဲ့ အရင်ဆုံးဆွေးနွေးပါတယ်။

**ဧတုခေါ် အာယသ္မာ အာနန္ဒော။**

http://www.dhammadownload.com



အာယသ္မာ အာနန္ဒော= အရှင်အာနန္ဒာသည်၊ ဧတုခေါ= လာပါလော့။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အာနန္ဒာ လာပါ။

**သွာဂတံ အာဝုသော အာယသ္မတော အာနန္ဒဿ**

**ဘဂဝတော သန္တိကာဝစရဿ။**

မြတ်စွာဘုရားအနားမှာ နေလေ့ရှိတဲ့ ငါ့ရှင်အာနန္ဒာရဲ့ လာခြင်းဟာ ကောင်းသောလာခြင်းပဲ။ ဒီလို သွာဂတံ ဆိုတဲ့ပုဒ်နဲ့ ကောင်းသောလာခြင်းဆိုတဲ့ ပုဒ်နဲ့ ဟောတဲ့နေရာတွေမှာ မဟာ သုဒဿနသုတ် ဋီကာဆရာက လေးမျိုးခွဲပြီးတော့ ညွှန်ပြတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေ "အာဂမနနန္ဒ" လာတဲ့အခါ ဝမ်းသာတယ်။ "ဂမနသောစန" ပြန်သွားတဲ့ အခါကျတော့ စိတ်မကောင်းဖြစ်နေတယ်။

တစ်ချို့ပုဂ္ဂိုလ်များကျတော့ "အာဂမနသောစန" လာတော့ စိတ်မကောင်းဘူး။ "ဂမနနန္ဒ" ပြန်သွားရင် သဘောကျလို့။ တစ်ချို့ ပုဂ္ဂိုလ်များကျတော့ လာတဲ့အခါလည်း သဘောကျတယ်။ ပြန်တဲ့ အခါလဲ သဘောကျတယ်။ တစ်ချို့ပုဂ္ဂိုလ်များကျတော့ လာတဲ့အခါလဲ သဘောမကျဘူး။ ပြန်တဲ့အခါကျတော့လည်း မနှစ်မြို့ဘူး။

အဲဒီလို လေးမျိုးရှိတာထဲက အခု အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးက အရှင်အာနန္ဒာကို ကောင်းသောလာခြင်းပါပဲလို့ ပြောတဲ့ နေရာမှာ လာတော့လဲ ဝမ်းသာတယ်။ ပြန်ကြွတော့လဲ သဘောမကျ ဘူး။ အရှင်အာနန္ဒာ ပြန်သွားမှာ စိုးရိမ်တယ်။ စိုးရိမ်တယ်ဆိုတာ ကတော့ အရပ်သုံးပါပဲ။ ရဟန္တာမထေရ်မြတ်ကြီးဆိုတော့ ပြန်သွား တာကို သဘောမကျဘူး။ အဲလို နှုတ်ဆက်စကားပြောပြီးတော့ ဘာပြောသလဲလို့ဆိုတော့ "ရမဏီယံသာလဝနံ"= ဂေါသိင်္ဂအင်ကြင်း

http://www.dhammadownload.com



တောကြီးဟာ အင်မတန်မွေ့လျော်ဖွယ် ကောင်းတယ်။ "ဒေါသိနာရတ္တိ"= ညဥ့်အခါဆိုတော့ ဒီညဥ့်ကလဲ "ဆီး၊ နှင်း၊ မြူခိုး၊ ရာဟု၊ မိုး" ဆိုတဲ့ အပြစ်ဒေါသကင်းစင်တယ်။ "သဗ္ဗပါလိဖုလ္လာသာလာ"= အင်ကြင်း ပင်ကြီးကလည်း ပင်လုံးညွတ် ပွင့်ပြီးနေတယ်။ "ဒိဗ္ဗာမညေဂန္ဓာ သမ္ဘဝန္တိ"= နတ်၌ဖြစ်တဲ့ အနံ့တွေ ထုံမွှမ်းနေသလိုပဲတဲ့။

**ကထံရူပေန အာဝုသော အာနန္ဒဘိက္ခုနာ ဂေါသိင်္ဂ**

**သာလဝနံ သောဘေယျ။**

ငါ့ရှင် အာနန္ဒာ ဘယ်လိုရဟန်းမျိုးဟာ ဤဂေါသိင်္ဂအင်ကြင်း တောကြီးကို တင့်တယ်စေနိုင်ပါသလဲ။ ဒီမေးခွန်းကို မေးတယ်။ ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ မွေ့လျော်ဖွယ်ကောင်းတယ်ဆိုတဲ့ နေရာမှာ မွေ့လျော်ဖွယ်က (၂)မျိုးရှိတယ်။ မွေ့လျော်ဖွယ် (၂)မျိုးက ဘာလဲဆိုတော့-

၁။ **ဝနရမဏီယ= မွေ့လျော်ဖွယ်ကောင်းတဲ့ တောကတစ်မျိုး၊**

မွေ့လျော်ဖွယ်ကောင်းတဲ့ တောဆိုတာ အရိယာပုဂ္ဂိုလ်များ ပျော်မွေ့ပြီးတော့ သာမန်ပုဂ္ဂိုလ်များ တရားနဲ့နေဖို့ဆိုတာ အင်မတန် ခက်တဲ့နေရာမျိုးကိုး။ အဲဒီတော့ ရဟန္တာအရှင်မြတ်ကြီးတွေအဖို့တော့ မွေ့လျော်ဖွယ်တောလဲ ဖြစ်တယ်။ "ရမဏီယဘူမိ"= မွေ့လျော်ဖွယ် မြေလည်းဖြစ်တယ်။ မွေ့လျော်ဖွယ်မြေဆိုတာ ဘယ်လိုဟာမျိုးလဲ ဆိုတော့-

**ဂါမေဝါယဒိဝါမညေ၊ နိန္နေဝါယဒိဒါထလေ**

**ယတ္ထအရဟန္တောဝိဟရန္တိ၊ တံဘူမိရာမဏီယကံ။**

ရွာထဲမှာပဲဖြစ်ဖြစ်၊ တောထဲမှာပဲဖြစ်ဖြစ်၊ ကုန်းပိုင်းဖြစ်ဖြစ်၊ ကျင်းပိုင်းမှာပဲဖြစ်ဖြစ် ရဟန္တာအရှင်မြတ်ကြီးတွေ နေတဲ့နေရာဟာ

http://www.dhammadownload.com



မွေ့လျော်ဖွယ် မြေအရပ် ဖြစ်တယ်လို့ဆိုတော့ ဒီနေရာ ဂေါသိင်္ဂ အင်ကြင်းတောကြီးကတော့ မွေ့လျော်ဖွယ်တောလဲ ဖြစ်တယ်။ မွေ့လျော်ဖွယ်မြေလဲ ဖြစ်တယ်။ အဲဒီတော့ အရှင်အာနန္ဒာကို ဒီအချက်မေးလိုက်တယ်။ ကြွလာတာက (၆)ပါး၊ (၆)ပါးထဲမှာ အရှင်အာနန္ဒာကို ဦးစားပေးပြီးတော့ မေးတယ်။ ဘာကြောင့်လဲ ဆိုတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အာနန္ဒာကို ကျေးဇူးတင်တဲ့အနေအားဖြင့် မြတ်နိုးတယ်။

ဘာကြောင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အာနန္ဒာကို ကျေးဇူးတင်တဲ့အနေအားဖြင့် မြတ်နိုးသလဲ။ မြတ်စွာဘုရားကို ငါပြုစုရမှာ။ အဲလို ငါပြုစုရမည့်ဝတ္တရားကို ဒီအရှင်အာနန္ဒာ ပြုစုပေါ်ရတယ် ဆိုပြီးတော့ အရှင်သာရိပုတ္တရာက မြတ်နိုးတယ်။ အရှင်အာနန္ဒာကလဲ မြတ်စွာဘုရားရဲ့ တပည့်သားသာဝကတွေထဲမှာ အမြင့်ဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ပဲ ဆိုပြီးတော့ မြတ်နိုးတယ်။ အချင်းချင်း မြတ်နိုးတော်မူကြတယ်လို့ ဝိနည်းနိဿဂ္ဂိပါစိတ်မှာ ဖွင့်ဆိုထားပါတယ်။ အဲလို မြတ်နိုးတော်မူတဲ့အတွက် (၆)ပါးလာတာထဲက ရှေးဦးစွာ အရှင်အာနန္ဒာကို စ,ပြီးတော့ မေးတယ်။ "ဘယ်လိုရဟန်းမျိုးဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲ"။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "အနုမတိပုစ္ဆာနာမ ခုဒ္ဒကတော ပဥ္စာယ ပုစ္ဆိတဗ္ဗာ"။ မေးခွန်းတွေ မေးတဲ့အခါ "အနုမတိပုစ္ဆာ" မိမိရဲ့အလိုဆန္ဒကို အမေးခံရတဲ့ပုဂ္ဂိုလ်အား ခွင့်ပေးလိုတဲ့အတွက် မေးမြန်းတဲ့နေရာမှာတော့ လာရောက်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အငယ်ဆုံးကစပြီးတော့ မေးသင့်တယ်။

http://www.dhammadownload.com



အခုလောကမှာ အမှုအခင်း၊ သာသနာတော်မှာ အမှုအခင်း တစ်ခုဖြစ်တယ်ဆိုရင် ရပ်ကွက်နာယက၊ မြို့နယ်နာယက၊ တိုင်းနာယက၊ နိုင်ငံတော်နာယက ဆိုပြီးတော့ ဒီလိုသွားသလို လောကမှာလည်းပဲ ရပ်ကျေးမြို့နယ်၊ ရှေးအခါတုန်းကတော့ စစ်သူကြီး၊ တရားသူကြီး၊ အိမ်ရှေ့မင်း၊ ရှင်ဘုရင် အဆင့်ဆင့် ကိစ္စဝိစ္စတွေ၊ အမှုအခင်းတွေ ဒီလိုဆုံးဖြတ်ကြတယ်။ အဲဒီလို အနေအားဖြင့် ကြည့်မယ်ဆိုရင်လည်းပဲ အရှင်အာနန္ဒာက အငယ်ဆုံးဖြစ်လို့မို့ အရှင်အာနန္ဒာမထေရ်မြတ်ကို စ,ပြီးတော့ မေးတယ်။

**"ကထံရူပေန အာဝုသော အာနန္ဒ ဘိက္ခုနာ ဂေါသိင်္ဂ သာလဝနံသောဘေယျ"**

ငါ့ရှင် အာနန္ဒာ အဘယ်သို့သော ရဟန်းမျိုးဟာ ဂေါသိင်္ဂ အင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲ။ ဒီမေးခွန်း မေးလိုက်တာ။ မေးတော့ အရှင်အာနန္ဒာက ဘယ်လိုဖြေသလဲဆိုတော့-

**"ဣဓ အာဝုသော ဗဟုဿုတော သုတဓရော သုတသန္နိစယော၊**

**ယေတေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသနကလျာဏာ သတ္ထာသဗျဉ္ဇနာ၊ တထာရူပဿ ဓမ္မာဗဟုဿုတာ ဓာတာဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာသုပဋိဝိဒ္ဓါ"**

အရှင်ဘုရား ဤသာသနာတော်မှာ ရဟန်းတော်တစ်ပါးဟာ အသင်အကြား အမြင်လည်း များပါတယ်။ မြတ်စွာဘုရား ဟောကြားထားတဲ့ စကားတော်တွေကိုလဲ အနှစ် (၂၀)၊ (၃၀) မမေ့အောင် ဆောင်ထားနိုင်တဲ့ စွမ်းရည်ရှိတယ်။ ပြီးတော့ သုတသန္နိစယ

http://www.dhammadownload.com



ဘုရားစကားတော်တွေကို နှလုံးသားတည်းဟူသော သေတ္တာထဲမှာ ကျောက်ဖျာမှာရေးတဲ့ ကျောက်စာလို၊ ရွှေခွက်မှာထည့်ထားတဲ့ ခြင်္သေ့ဆီလို မယိုမဖိတ် မပျက်မစီးအောင် သိမ်းဆည်းပြီး ထားနိုင်တယ်။

အစ အလယ် အဆုံး ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့တရားတော်တွေ၊ အနက်သဒ္ဒါနဲ့ ပြည့်စုံပြီးတော့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ အကျင့်ပေွကို ပြနိုင်တဲ့တရားတော်တွေကို နှုတ်နဲ့လည်း ဆောင်ထားနိုင်တယ်။ စိတ်ထဲမှာလည်း ဆောင်ထားနိုင်တယ်။ အကျိုးတွေ အကြောင်းတွေလည်းပဲ ဉာဏ်ပညာနဲ့ ဆောင်ထားနိုင်တယ်။ အကျိုးတွေ အကြောင်းတွေလည်းပဲ ဉာဏ်ပညာနဲ့ ထိုးထွင်းပြီးတော့ သိနိုင်တယ်။

**"သော စတဿန္နံ ပရိသာနံ ဓမ္မံဒေသေတိ၊**
**ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ အနုပဗန္ဓေဟိ၊**
**အနုသယာနံ သမုဂ္ဃါတာယ"**

အဲဒီလို အသင်အကြား အမြင်များတဲ့ ရဟန်းဟာ ပရိသတ်လေးပါးတို့အား ပြည့်ပြည့်စုံစုံ မြစ်ရေအယဉ်များလို ကြားမှာမပြတ်ပဲနဲ့ ပုဒ်သဒ္ဒါတွေနဲ့ သတ္တဝါသန္တာန်မှာ ကိန်းဝပ်ပြီးနေတဲ့ အနုသယ တရားဆိုး တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့ရာအတွက် တရားဟောနိုင်တယ်။ အဲဒီ ရဟန်းမျိုး။

**ဧဝ ရူပေန ဘိက္ခုနာ ဂေါသိင် သာလနံ သောဘေယျ။**

အဲလို တရားတော်တွေကို အသင်အကြား အမြင်များပြီးတော့ တရားတော်တွေကို ဆောင်ထားပြီးတော့ အနုသယ ကင်းရေးအတွက် တရားဟောနိုင်တဲ့ ရဟန်းတော်များရှိမယ်ဆိုရင် အဲဒီရဟန်းမျိုးက

http://www.dhammadownload.com



ဤဂေါသိင်္ဂအင်ကြင်းတောကြီး တင့်တယ်စေနိုင်မှာပါဘုရား။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဲသလို ရဟန်းမျိုးတွေ တစ်ရာ၊ တစ်ထောင်၊ တစ်ပါးနဲ့တစ်ပါး သက်နှုံးစွန်းခြင်း ထိလို့ တစ်ပါးနဲ့ တစ်ပါး တင်ပလ္လင်ချင်း ထိလို့ သီတင်းသုံးနေထိုင်မယ်ဆိုရင် ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်စေနိုင်ပါလိမ့်မယ် ဘုရားလို့ လျှောက်ထားတယ်။

**ပေတင္ဂိဓမ္မကထိက**

တရားပေစာတွေကို တတ်သိနားလည်ပြီးတော့ တရားဟောတဲ့နေရာမှာ ဗဟုသုတလေးတစ်ခု ပြောရဦးမယ်။ ပြည့်ပြည့်စုံစုံ ပုဒ်ဗျည်းတွေလဲ ပြည့်ပြည့်စုံစုံ တရားဟောတယ် ဆိုတဲ့နေရာမှာ "ပေတင္ဂိဓမ္မကထိက"မျိုး မဖြစ်ဖို့ အရေးကြီးတယ်။ "ပေတင္ဂိဓမ္မကထိက" ပြိတ္တာမီးလိုဟောတဲ့ ဓမ္မကထိကမျိုး။ ပြိတ္တာမီးဆိုတာ တပည့်တော်တို့ ကျောင်းသားဘဝတုန်းက တွေ့ဖူးတဲ့မီးမျိုး ဖြစ်ပါလိမ့်မယ်။ ကျောင်းသားဘဝတုန်းက တစ်ခါတစ်ရံ ညဥ့်ပိုင်းကျောင်းသားတွေ စာအံပြီးတော့နေကြ။ စာအံနေကြတဲ့ ကျောင်းသားတွေရဲ့ မနီးမဝေးမှာ ကျောင်းပေါက်ဝလောက်က တစ်ခါတစ်ရံ ကျောင်းစည်းရိုးလောက်က စုန်းတောက်တယ်ဆိုတာ မြင်ဖူးတယ်။ အဲဒီ စုန်းတောက်တာဟာ တစ်ခါတစ်ရံ မီးရောင်က အပေါ်တက်သွားလိုက်၊ တစ်ခါတစ်ရံ အောက်ဆင်းလိုက်၊ တစ်ခါတစ်ရံ လေးငါးပေလောက် တက်သွားလိုက်၊ အောက်ဆင်းလိုက်၊ အဲသလို အရောင်ကလဲပဲ တစ်ခါတစ်ရံ ပေါ်လာတယ်။ တစ်ခါတစ်ရံ ပျောက်သွားတယ်။

http://www.dhammadownload.com



အဲဒီတော့ ကျောင်းသားလေးတွေ ပြောကြတာကိုး။ ဟာ-စုန်းတောက်ပြီဟေ့။ စုန်းတောက်ပြီဟေ့ဆိုရင် ထကြည့်ကြတယ်။ မြင်လဲ မြင်ဖူးပါတယ်။ တောက်ချည်တစ်လှည့်၊ မှိန်ချည်တစ်လှည့်။ အဲဒီလို ပြိတ္တာများရဲ့ မီးဟာလဲပဲ ပြိတ္တာတွေ တစ်ခါတစ်ရံ လွှတ်တဲ့ မီးဟာလဲ အဲဒီအတိုင်းပဲတဲ့။ တစ်ခါတစ်ရံ ပေါ်လာတယ်။ တစ်ခါတစ်ရံ ပျောက်သွားတယ်။ အဲဒီ ပေတဂ္ဂိ ပြိတ္တာမီးလိုဟောတဲ့ ဓမ္မကထိကမျိုး မဖြစ်ပါစေနဲ့တဲ့။ ပြိတ္တာမီးလို ဟောတဲ့ ဓမ္မကထိကမျိုးဆိုတာ ဘယ်လိုဟာလဲ။ တစ်ခါတစ်ရံ အသံက တိုးသွားလိုက် မကြားရဘူး။ တစ်ခါတစ်ရံကျတော့ အသံကကျယ်လာလိုက်၊ တစ်ခါတစ်ရံကျတော့ နှေးသွားလိုက်၊ တစ်ခါတစ်ရံကျတော့ မြန်သွားလိုက်၊ အဲဒီလိုမျိုးဟောတဲ့ ဓမ္မကထိကကို "ပေတဂ္ဂိ ဓမ္မကထိက"လို့ ခေါ်တယ်။ အဲဒီလိုဟောတဲ့နည်းမျိုးနဲ့ မဟောပဲနဲ့ ပြည့်ပြည့်စုံစုံ မြစ်ရေအလျဉ်များလို ရှေ့စကားနဲ့ နောက်စကား စပ်ပြီးတော့ ကောင်းကင်က ကျလာတဲ့ မိုးရေများလိုပဲ ဆက်စပ်ပြီးတော့ ဟောတဲ့ရဟန်းမျိုး တစ်ရာ၊ တစ်ထောင် သက်န်းစွန်းချင်း ထိ၊ တင်ပလ္လင်ချင်း ထိပြီး နေထိုင်မယ်ဆိုရင် ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်မှာပါဘုရားလို့ အရှင်အာနန္ဒာက လျှောက်ထားတယ်။ အရှင်အာနန္ဒာရဲ့ သဘောသဘာဝတော့ သိရပါပြီ။

ဒုတိယ အရှင်ရေဝတ အလှည့်ရောက်။ "အရှင်ရေဝတ အဘယ်သို့ သဘောရှိတဲ့ ရဟန်းမျိုးဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲ"လို့ မေးမြန်းတဲ့အခါ အရှင်ရေဝတက-

**ဣဓာဝုသော ဘိက္ခု ပဋိသလ္လာနာရာမော ဟောတိ၊**

**ပဋိသလ္လာနရတော။**

http://www.dhammadownload.com



ဤသာသနာတော်မှာ ရဟန်းတော်တစ်ပါး သင့်ရာရည်မှန်း ကမ္မဋ္ဌာန်းအာရုံမှာပဲ ပျော်မွေ့ပြီးနေတယ်။

**အဇ္ဈတ္တံ စေတော သမထ မနုယုတ္တော။**

စိတ်ငြိမ်အောင် သမထကမ္မဋ္ဌာန်းလဲ အားထုတ်တယ်။ သမထ ကမ္မဋ္ဌာန်း အားထုတ်လို့ သမာဓိရတယ်။

**ဝိပဿနာ ပညာယ သမန္နာဂတော။**

ဝိပဿနာပညာနဲ့လဲ ပြည့်စုံတယ်။

**အနိရာကတဈ္ဈာနော။**

မဆိတ်သုဉ်းတဲ့စျာန်လဲ ရှိတယ်။

**ဗျူဟေတာ သုညာဂါရာနံ။**

ဆိတ်ငြိမ်တဲ့နေရာ အရပ်တွေလဲ ပွားစေတယ်။ ဆိတ်ငြိမ်တဲ့ နေရာအရပ်တွေလဲ ပွားစေတယ်။ ဆိတ်ငြိမ်ရာအရပ်ကိုလဲ ခိုကပ်နေ တတ်တယ်။

အဲဒီလို ရဟန်းမျိုးများ ရှိမယ်ဆိုရင် ဘုရား ဤဂေါသိင် အင်ကြင်းတောကြီးဟာ အဲဒီလို စျာန်ရရဟန်းမျိုး၊ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းတဲ့ ရဟန်းမျိုး ရှိမယ်ဆိုရင်တော့ ဂေါသိင်အင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါ တယ်ဘုရား။ ဒါက အရှင်ရေဝတရဲ့ သဘောထား ဆွေးနွေးချက်။

တတိယ အရှင်အနုရုဒ္ဓါနဲ့ ဆွေးနွေးတော်မူတယ်။ အရှင် သာရိပုတ္တရာက "အရှင်အနုရုဒ္ဓါ အဘယ်သို့သဘောရှိတဲ့ ရဟန်းမျိုး ဆိုလို့ရှိရင် ဒီဂေါသိင်အင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲ" လို့ ဆိုတော့ အရှင်အနုရုဒ္ဓါက "နတ်မျက်စိကဲ့သို့ အဝေး၊ အကာ အကွယ်ရှိတဲ့နေရာ အဝေးမှာရှိတဲ့ ရူပါရုံတွေ၊ တစ်နည်းအားဖြင့်

http://www.dhammadownload.com



ပြောမယ်ဆိုရင် စုတေခါနီး သတ္တဝါတွေကို သိတယ်။ ဘဝအသစ်ကံအသစ်ကြောင့် ပဋိသန္ဓေတည်နေမည့် သတ္တဝါတွေကိုလဲ မြင်တယ်။ အဲလို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ရှင်များ ရှိမယ်ဆိုရင်တော့ ဒီဂေါသိင်္ဂအင်ကြင်းတော ကြီးဟာ တင့်တယ်စေနိုင်ပါတယ်ဘုရား”လို့ အရှင်အနုရုဒ္ဓါက လျှောက်ထားတယ်။ သူ့သဘော ဆွေးနွေးတာကိုး။

**အရှင်မဟာကဿပ**

ဆွေးနွေးဖို့ အလှည့်ကျလာတာက အရှင်မဟာကဿပမထေရ်မြတ်ကြီး အလှည့်ကျတယ်။ “အရှင်မဟာကဿပ မထေရ်မြတ်ကြီး အရှင်ဘုရား အဘယ်သို့သော ရဟန်းမျိုးဟာ ဤဂေါသိင်္ဂအင်ကြင်းတောကို တင့်တယ်စေနိုင်ပါသလဲ”လို့ ဆိုတော့ အရှင်မဟာကဿပမထေရ်မြတ်ကြီးက (၁၃)မျိုး ဆွေးနွေးတယ်။

(၁) ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းတော်တစ်ပါးဟာ မိမိကိုယ်တိုင်လဲ တောထဲမှာနေတယ်။ သူတစ်ပါး တောထဲနေတာကိုလဲ ချီးမွမ်းတယ်။

(၂) မိမိကိုယ်တိုင်လဲ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တယ်။ သူတစ်ပါး ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တာကိုလဲ ချီးကျူးတယ်။

(၃) မိမိကိုယ်တိုင် ပံ့သကူသင်္ကန်း ဝတ်တယ်။ သူတစ်ပါး ပံ့သကူသင်္ကန်းဝတ်တာကိုလဲ ချီးကျူးတယ်။

(၄) မိမိကိုယ်တိုင်လဲ တိစီဝရိတ် ဓုတင်ကို ဆောက်တည်တယ်။ သူတစ်ပါး တိစီဝရိတ်ဓုတင် ဆောက်တည်တာကိုလဲ ချီးကျူးတယ်။

http://www.dhammadownload.com



(၅) မိမိကိုယ်တိုင်လဲ ရောင့်ရဲတယ်။ သူတစ်ပါး ရောင့်ရဲတာကိုလဲ ချီးကျူးတယ်။

(၆) မိမိကိုယ်တိုင်လဲ ဆိတ်ငြိမ်ရာအရပ်မှာ နေတယ်။ သူတစ်ပါး ဆိတ်ငြိမ်ရာအရပ်မှာ နေရင်လဲ သဘောကျတယ်။

(၇) မိမိကိုယ်တိုင်လဲ ရဟန်းရှင်လူတွေနဲ့ မရောနှောဘူး။ သူတစ်ပါး မရောနှောတာကိုလဲ ချီးမွမ်းတယ်။

(၈) မိမိကိုယ်တိုင်လဲ အားထုတ်ကြိုးစားတယ်။ သူတစ်ပါး အားထုတ်တာကိုလဲ ချီးမွမ်းတယ်။

(၉) မိမိကိုယ်တိုင်လဲ သီလ သမာဓိ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးလဲ ကြိုးစားတယ်။ အခြားပုဂ္ဂိုလ်တွေ သိက္ခာသုံးပါး အားထုတ်ကြိုးစားတာကိုလဲ ချီးမွမ်းတယ်။

(၁၀) မိမိကိုယ်တိုင်လဲ မဂ်ဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး မဂ်ဉာဏ်နဲ့ ပြည့်စုံတာကိုလဲ ချီးမွမ်းတယ်။

(၁၁) မိမိကိုယ်တိုင်လဲ ဖိုလ်ဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး ဖိုလ်ဉာဏ်နဲ့ ပြည့်စုံတာကိုလဲ ချီးမွမ်းတယ်။

(၁၂) မိမိကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး ပစ္စဝေက္ခဏာဉာဏ်နဲ့ ပြည့်စုံတာကိုလည်း ချီးကျူးတယ်။

အဲဒီလို ပုဂ္ဂိုလ်မျိုးတွေရှိရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီး တင့်တယ်မှာပါဘုရားလို့ ဆွေးနွေးလျှောက်ထားတယ်။

"အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကကောတဲ့ အရှင်ဘုရားလည်း ဆွေးနွေးပါဦး" ဆိုတော့။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးက ရဟန်းတော်နှစ်ပါးဟာ အဘိဓမ္မာစကားတွေ

http://www.dhammadownload.com



ပြောကြတယ်။ တစ်ပါးနဲ့တစ်ပါး မေးမြန်းတဲ့နေရာမှာ အကြောင်းတွေ အကျိုးတွေ ဘယ်နားမှ အဖုအထစ်မရှိပဲနဲ့ တရားသဖြင့်ပဲ ပြောနိုင်ဆိုနိုင်ကြတယ်။ အဲဒီလို အဘိဓမ္မာဆောင် ရဟန်းတော်များ ရှိမယ်ဆိုရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်တယ်။ အဲဒီလို ငါးပါး မေးပြီးရော ပထမဆုံးစပြီးတော့ မေးတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မေးကြပြန်တယ်။

"ကဲ တပည့်တော်တို့ရဲ့ သဘောထားတွေတော့ အသီးအသီး တင်ပြလို့ ဆွေးနွေးလို့ပြီးပြီ။ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးရဲ့ သဘောကကော ဘုရား၊ အဘယ်သို့သော ရဟန်းမျိုးရှိလို့ရှိရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါသလဲ"လို့ မေးလျှောက်တဲ့အခါ အကျဉ်းချုပ်အားဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "စိတ်အလိုမလိုက်တဲ့ ရဟန်းမျိုးဆိုရင် ရဟန်းမျိုးဟာ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်တယ်။ နံနက်ခင်းမှာ သမာပတ်ဝင်စားမယ်ဆိုရင် နံနက်ခင်းမှာ ဝင်စားနိုင်တယ်။ နေ့လည်ခင်းမှာ ဈာန်သမာပတ်ဝင်စားမယ်ဆိုရင် ဝင်စားနိုင်တယ်။ အလိုရှိတဲ့အခါ ညနေခင်းမှာ ဈာန်သမာပတ် ဝင်စားနိုင်တယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် ရောင်စုံအဝတ်တွေထည့်ထားတဲ့ သေတ္တာရှိတဲ့ မင်း၊ မင်းအမတ်ကြီးတွေဟာ သူတို့ဝတ်လိုတဲ့ အဝတ်ပုဆိုး၊ သူတို့ဝတ်လိုတဲ့ အရောင်ကို အလွယ်တကူ ထုတ်ထုတ် ထုတ်ထုတ်ပြီးတော့ ဝတ်သလို စိတ်ကိုအစိုးရပြီးတော့ စိတ်အလိုမလိုက်တဲ့ ရဟန်းမျိုးများ၊ အချိန်မရွေး ဈာန်ဝင်စားနိုင်၊ အချိန်မရွေး သမာပတ်ဝင်စားနိုင်တဲ့ ရဟန်းမျိုးများ ရှိမယ်ဆိုရင်တော့ဖြင့် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါတယ်"လို့ ဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး

http://www.dhammadownload.com



ကပါ ဆွေးနွေးတယ်။ အဲဒီတော့ (၆)ပါးလုံး ဆွေးနွေးလို့ ပြီးသွားတဲ့အခါ "အေး- တပည့်တော်တို့တတွေ ဆွေးနွေးလို့ ပြီးကြပြီ။ ပြီးကြတော့ကဲ- နောက်ဆုံးတော့ ဘုရင်မင်းမြတ်ကြီးနဲ့တူတဲ့ တရားရှင်ဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားထံ သွားကြစို့" ဆိုပြီးတော့ ဘုရားရှင်ထံရောက်တဲ့အခါ "ကဿနုခေါဘန္တေသုဘာသိတံ" အရှင်ဘုရားတပည့်တော်တို့ အဘယ်သို့သော ရဟန်းမျိုးသည် ဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲဆိုတဲ့ မေးခွန်းကို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက စပြီးတော့ မေးလို့ (၆)ပါးလုံးရဲ့သဘောထားတွေ ဒီလိုဒီလို အချက်အလက်တွေ လျှောက်ထားခဲ့ကြပါတယ်ဘုရား။ အဲဒီ ဆွေးနွေးချက်အားတွေထဲက "ကဿနုခေါဘန္တေသုဘာသိတံ"တဲ့။

**ဘုရားရှင်၏ဆုံးဖြတ်ချက်**

အဘယ်ရဟန်းရဲ့ ပြောဆိုဆွေးနွေးချက်ဟာ "သုဘာသိတ"= အကောင်းဆုံးဆွေးနွေးချက် ဖြစ်ပါသလဲလို့ ဘုရားရှင်အား လျှောက်ထားကြတဲ့အခါ ဘုရားရှင်က "သဗ္ဗေသံဝေါသာရိပုတ္တသုဘာသိတံပရိယာယေန"= ချစ်သား သာရိပုတ္တရာ သင်တို့ (၆)ပါးလုံး ဆွေးနွေးထားတဲ့ ဆွေးနွေးချက်တွေဟာ သူ့နည်းသူ့ဟန်နဲ့သူ အားလုံး၊ သုဘာသိတ= စကားကောင်းတွေချည်းပဲ။ အယူအဆကောင်းတွေချည်းပဲ။

**"အပိစ မမပိ သုဏာထ"**

အပိစ= ဒါပေမယ့်၊ မမပိ= ငါဘုရား၏ အယူအဆဩဝါဒကိုလည်းပဲ၊ သုဏာထ= နာကြားကြကုန်ဦးလော့။ သင်တို့ (၆)ပါးလုံးရဲ့

http://www.dhammadownload.com



ပြောဆိုဆွေးနွေးချက်တွေဟာ ကောင်းပါတယ်။ ဒါပေမယ့် ငါဘုရား ဆွေးနွေးလိုက်အုံးမယ်။ ဒီနေရာမှာ ဘုရားရှင်က ဆွေးနွေးတော်မူတယ်။ အဲဒီတော့ ဘုရားရှင်ကတော့ ဘယ်လိုဆွေးနွေးလဲလို့ ဆိုတော့ "ချစ်သားတို့ သံဃာ့အရာမ်မည်သည် သံဃာတော်များရဲ့ နေထိုင်ရာကျောင်းတို့မည်သည် အချို့ကျောင်းတိုက်တွေဟာ အသင်အကြား အမြင်များပြီး အနုသယကင်းဖို့ ဟောကြားနေတဲ့ ရဟန်းတို့ရှိရင်လဲပဲ တင့်တယ်ခြင်းရဲ့ အကြောင်းဖြစ်နိုင်ပါတယ်။

နောက် အရှင်ရေဝတ ပြောသလို သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတွေ စီးဖြန်းပြီးတော့ ဈာန်ရတဲ့ရဟန်းတွေ ရှိလို့ရှိရင်လည်းပဲ ကျောင်းတိုက်ကြီးတွေဟာ တင့်တယ်နိုင်ပါတယ် အစရှိသဖြင့် (၆)ပါးလုံးရဲ့ စကားတွေကို မြတ်စွာဘုရားက သူ့နည်းသူ့ဟန်နဲ့သူ အားလုံးဟာ "သဗ္ဗေသံ သုဘာသိတံ"= အားလုံးစကားကောင်းတွေ ချည်းပါပဲလို့ မြတ်စွာဘုရား မိန့်တော်မူပြီး-

**မူချစကား**

နိပ္ပရိယာယ မူချစကားကို မိန့်တော်မူတယ်။ မူချစကား မြတ်စွာဘုရား ဘယ်နှယ့်မိန့်သလဲဆိုတော့-

**"ဣဓ ဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတ္ွာ ဥဇုံကာယံ ပဏိဓာယ"**

ရဟန်းတော်တစ်ပါးဟာ ဆွမ်းခံပြန်လာလို့ ဆွမ်းဘုဉ်းပေးပြီးတော့ တင်ပလ္လင်ခွေထိုင်ပြီး ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထား "ပရိမုခံသတိံ ဥပဋ္ဌပေတွာ"= ထွက်လေ ဝင်လေလေး ရှုမှတ်ပြီးတော့ ထိုင်နေတယ်တဲ့။ အဲလို ထိုင်တဲ့အခါ သူ့ရဲ့အဓိဋ္ဌာန်က ဘယ်လိုလဲ

http://www.dhammadownload.com



ဆိုတော့-

**"နတာဝါဟံ ပလ္လင်္ကံဘိန္ဒိဿာမိ၊ ယာဝ မေအနုပါဒါယ**

**အာသဝေဟိ စိတ္တာနိဝိမုစ္စိဿု"**

ငါ့သဏ္ဌာန်မှာ အာသဝေါတရားတွေ မကုန်မချင်း ဒီတင်ပလ္လင် မဖြုတ်ဘူး။ ဒီတင်ပလ္လင်မဖြုတ်ဘူးလို့ အဲလို အဓိဋ္ဌာန်မျိုးနဲ့ ထိုင်မည့် ပုဂ္ဂိုလ်များ ရှိမယ်ဆိုရင် မုချ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်တယ်။ အဲဒီတော့ လာတော်မူတဲ့လမ်းကို ကြည့်မယ် ဆိုရင်လဲ-

အသမ္ဘိန္နခတ္တိယဟု သမ္ဘုတမင်းရိုး၊ အမျိုးသာကီ ပြည်ကပ္ပိမှ၊ လေးလီနိမိတ် သံဝေစိတ်ကြောင့်၊ တောရိပ်ခိုစံ ကျင့်ခြိုးခြံလျှက်၊ မြလျှံရွက်စိပ် ရွှေညောင်ရိပ်ဝယ်၊ ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက်၊ ငါးအင်မာရ်စစ် ရန်အညစ်ကို၊ ခေတ်ဇာတိလုံး ပွဲတင်ခြိုးလျှက်၊ ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍၊ လူမင်းတကာတို့ရဲ့ ဥက္ကဋ္ဌ၊ နတ်မင်းတကာတို့၏ မကိုက်၊ အမြိုက်ခေါင်ဖျား သောင်းထိုက်သား တို့၏၊ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ ဖြစ်တော်မူခဲ့တယ်။ ဖြစ်တော်မူခဲ့တဲ့ လမ်းစဉ်ကို ကြည့်လိုက်တဲ့အခါ အဲဒီနည်းနဲ့ ကြွလာတာကိုး။ အသမ္ဘိန္န ခတ္တိယမင်းမျိုးက ရဟန်းပြု တောထွက်ပြီးတဲ့အခါ ဒုက္ကရစရိယာတွေ ကျင့် "အပရာဇိတ" အောင်ပလ္လင်မှာ-

**"နပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝါမေ အနုပါဒါယ**

**အာသဝေဟိ စိတ္တာနိ ဝိမုစ္စိဿု"**

အာသဝေါတရားတွေမှ စိတ်မလွတ်မချင်း တင်ပလ္လင် မဖြုတ်ဘူး။ တစ်နည်းအားဖြင့် ဘုရားမဖြစ်မချင်း တင်ပလ္လင် မဖြုတ်ဘူး။ အဲဒီလို ရဟန်းမျိုးများ၊ အဲဒီ ပုဂ္ဂိုလ်မျိုးများရှိရင် ဂေါသိင်္ဂအင်ကြင်း

http://www.dhammadownload.com



တောကြီးဟာ ပိုပြီးတော့ တင့်တယ်တယ်။ စောစောကပြောတဲ့-

**"ဣဓဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံပဏိဓာယ၊ ပရိမုခံ သတိံဥပဋ္ဌပေတွာ"**

အဲဒါဟာ မြတ်စွာဘုရားရဲ့အလို နိပ္ပရိယာယစကား၊ မုချစကားပါပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "ပစ္ဆိမံ ဇနတံ အနုကမ္ပမာနောပိ"= နောင်လာမည့် ရဟန်းတော်များကို သနားတော်မူ၍လည်း၊ ပဋိပတ္တိသာရံ= သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း ဆိုတဲ့ ပဋိပတ္တိ အနှစ်သာရရှိသော၊ ပုထုဇ္ဇနကလျာဏံ= ကလျာဏ ပုထုဇဉ်ကို။ ဒဿေန္တော= ပြတော်မူလိုသည် ဖြစ်၍၊ အာဟ= နောက်ဆုံး မုချစကားကို မိန့်တော်မူတယ်။

စောစောကပြောတဲ့အတိုင်း ဆွမ်းဘုဉ်းပေးပြီးတော့ တရားအာရုံလေးနဲ့ တင်ပလ္လင်ခွေပြီး "ငါ့စိတ်တွေ အာသဝေါတရားမှ မလွတ်မချင်း တင်ပလ္လင်ခွေထိုင်ရာမှ မထဘူး"လို့ အားထုတ်တဲ့ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်မျိုးဟာ ပဋိပတ္တိသာရ= သမထဝိပဿနာကမ္မဋ္ဌာန်း အနှစ်သာရရှိတဲ့ ကလျာဏပုထုဇဉ်၊ အဲဒီ ကလျာဏပုထုဇဉ်မျိုးများ ပဋိပတ္တိသာရ သီလ သမာဓိ ပညာ အနှစ်သာရ၊ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း ဆိုတဲ့ အနှစ်သာရ ရရှိတဲ့ ကလျာဏပုထုဇဉ်ဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးကို ပိုပြီးတော့ တင့်တယ်စေနိုင်တယ်လို့ နောက်ဆုံး မြတ်စွာဘုရားက နိပ္ပရိယာယ မုချစကား မိန့်တော်မူတယ်။ အဲဒီတော့ အာသဝေါတရား မကုန်မချင်း တင်ပလ္လင်မဖြုတ်ဘူးလို့ ဆိုပြီးတော့ တစ်ခါထဲ စတုရင်္ဂဝီရိယနဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်ကို လိုချင်တယ်။ မြတ်စွာဘုရား လိုလားတော်မူ

http://www.dhammadownload.com



တယ်။ ဒါကြောင့် တပည့်တော်တို့ ဗုဒ္ဓဘာသာများဟာ ကုသိုလ် ပြုတိုင်း ပြုတိုင်း မျှော်မှန်းပြီး **"ဣဒံ မေ ပုည် အာသဝက္ခယံ ဝဟံ ဟောတု"** ဆုတောင်းကြတယ်။

ဤကုသိုလ်ဟာ အာသဝေါတရားတွေ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အာသဝေါတရားတွေ ကုန်စေတတ်တဲ့ မဂ်ဉာဏ်၊ ကုန်ပြီးဖြစ်တဲ့ ဖိုလ်ဉာဏ်၊ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ မရောက်ရောက်အောင် ရွက်ဆောင်နိုင်တဲ့ ကုသိုလ်ဖြစ်ပါစေသားလို့ ဆုတောင်းကြတဲ့အတိုင်း ပြည့်စုံကြရပါစေလို့ ဆုတောင်းရင်း တပည့်တော်ရဲ့ တရားဆွေးနွေးချက်စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

စိတ်ကို အစိုးရတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဣဿရိယ ဘုန်းတော်ကို အာရုံပြုပြီးတော့ ဒုတိယနေ့ သင်ခန်းစာ ဒုတိယနေ့ ကျင့်စဉ်ကို အပြီးသတ်ပါမယ်။

အရှင်မြတ်များ စိတ်ကိုအစိုးရတဲ့ ဣဿရိယဘုန်းတော်ကို အာရုံပြုပါဘုရား။

**ပရမဋ္ဌ သကေစိတ္တေ၊ အတ္ထိဿရိယ မတ္ထကံ။**

**လောကိယာအဏိမာဒီပိ၊ အဘိဿရ နမတ္ထုတေ။**

မီရ= သဗ္ဗညုတဉာဏရှင် အိုမြတ်သခင်၊ သကေစိတ္တေ= ကိုယ်တော်မြတ်၏ နာမ်ဓာတ်ဝိညာဉ် စိတ်အစဉ်၌၊ သကေစိတ္တေ= ဝိသယဖ္လုတ္တ အမှတ်ပြသား အရဟတ္တ ဖလဝိညာဉ် ဓာတ်အစဉ်၌၊ ပရမံ= သူမတူတန် ကဲလွန်ထူးမြတ်သော၊ မတ္ထကံ= အထွဋ်အဖူး ထိပ်ဦးတိုင်မြောက် ပေါက်ရောက်တော်မူပြီးသော၊ ဣဿရိယဋ္ဌ= ဖလသမာပတ် ချမ်းသာမြတ်ကို စိတ်ညွတ်ကာပင် ကြာမထင်ပဲ

http://www.dhammadownload.com



ဝင်စံနိုင်ရိုး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယ ဘုန်းတော်သည်လည်းကောင်း၊ လောကိယာ= လောကတလွှား ကျော်ထင်ရှားကုန်သော၊ အဏိမာဒိပိ= အဏိမာ အစရှိသော လောကီတန်ခိုးတော်သည်လည်းကောင်း၊ အဏိမာဒိပိ= မြေလျှိုးမိုးပျံ တန်ခိုးစျာန်တို့နှင့် ပြည့်စုံခြင်း အစရှိသော စိတ်ကို အစိုးရခြင်း တန်ခိုးတို့သည်လည်းကောင်း၊ သန္တိ= ထင်ရှားမသွေ ရှိပါပေကုန်၏။

အဘိဿရ= ဣဿရိယ ပုညဂုဏ်နှုံး ရွှေဘုန်းတော်သခင် အိုမြတ်အရှင်၊ တေ= ရှင်တော်မြတ်ဘုရားအား၊ မေ-အမှာကံ= တတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်သင်ကြား၍ စာတွေ့လက်တွေ့ ဉာဏ်နှစ်တွေ့ဖြင့် အားထုတ်ကြိုးစားလေ့ရှိကြကုန်သော တပည့်တော်တို့၏၊ နမော= တုပ်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ခြင်းသည်၊ အတ္ထု= စင်စစ်မသွေ ဖြစ်ပါစေဘုရား။

သာဓု - သာဓု - သာဓု

"နိဂုံးပရိကံပြု၍ ရပ်နားပါသည်။"

http://www.dhammadownload.com



မဟာဂေါသိင်္ဂသုတ်တော်ကို နာကြားဆွေးနွေးပြီး စူဠဂေါသိင်္ဂ သုတ်တော်ကို ဆက်လက်နာကြား ဆွေးနွေးရန် သင့်လျော်ပါသဖြင့် ဖတ်ကြားလျှောက်ထားပါမည်ဘုရား။

## စူဠဂေါသိင်္ဂသုတ်တော်

**ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝသထေ၊ တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ဂေါသိင်္ဂသာလဝန ဒါယေ ဝိဟရန္တိ။ အထခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဂေါသိင်္ဂသာလဝနဒါယော၊ တေနုပသင်္ကမိ။ အဒ္ဒသ ခေါ ဒါယပါလော ဘဂဝန္တံ ဒူရတောဝ အာဂစ္ဆန္တံ။ ဒိသွာန ဘဂဝန္တံ ဧတဒဝေါစ "မာ မဟာသမဏ ဧတံ ဒါယံ ပါဝိသိ၊ သန္တေတ္ထ တယော ကုလပုတ္တာ အတ္တကာမရူပါ ဝိဟရန္တိ၊ မာ တေသံ အဖာသုကမကာသိ" တိ။**

## ရဟန်းတော်သုံးပါး

ဧကံ သမယံ= တစ်ပါးသောအခါ၌၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ နာတိကေ= နာတိကရွာ၌၊ ဂိဉ္ဇကာဝသထေ= အုတ်အင်္ဂတေ တို့ဖြင့် ဆောက်လုပ်အပ်သော အုတ်တိုက်ကျောင်း၌၊ ဝိဟရတိ= သီတင်းသုံးတော်မူ၏။ တေန ခေါ ပန သမယေန= ထိုအခါ၌၊ အာယသ္မာ စ အနုရုဒ္ဓေါ= အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်လည်း ကောင်း၊ အာယသ္မာ စ နန္ဒိယော= အရှင်နန္ဒိယ မထေရ်မြတ်သည် လည်းကောင်း၊ အာယသ္မာစ ကိမိလော= အရှင်ကိမိလ မထေရ်မြတ်

http://www.dhammadownload.com



သည်လည်းကောင်း၊ ဂေါသိင်္ဂသာလဝနဒါယေ= နွားဦးချိုနှင့်တူသော အခွရှိသော အင်ကြင်းပင်ကို အကြောင်းပြု၍ ဂေါသိင်္ဂသာလဝနဟု ဆိုအပ်သောတော၌၊ ဝိဟရန္တိ= နေထိုင်တော်မူကြကုန်၏။ အထခေါ= ထိုအခါ၌၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ သာယန္ဟသမယံ= ညနေခင်း၌၊ ပဋိသလ္လာနာ= တစ်ပါးတည်း ကိန်းအောင်းတော်မူရာမှ၊ ဝုဋ္ဌိတော= ထတော်မူ၍၊ ဝါ= ထတော်မူသော၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ယေန= အကြင်အရပ်၌၊ ဂေါသိင်္ဂသာလဝနဒါယော= ဂေါသိင်္ဂသာလဝနဟု ဆိုအပ်သော တောသည်၊ အတ္ထိ= ရှိ၏။ တေန= ထိုတောရှိရာအရပ်သို့၊ ဥပသင်္ကမိ= ချဉ်းကပ်တော်မူပြီ။ ဒါယပါလော= တောစောင့်ဖြစ်သောသူသည်၊ ဘဂဝန္တံ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို၊ ဒူရတော၀= အဝေးမှသာလျှင်၊ အာဂစ္ဆန္တံ= ကြွလာတော်မူသည်ကို၊ အဒ္ဒသ ခေါ= တွေ့မြင်ရသည်သာလျှင်တည်း။ ဒိသွာန= တွေ့မြင်ရ၍၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ ဧတံ ဝစနံ= ဤစကားကို၊ အဝေါစ= လျှောက်ထားလေ၏။ "သမဏော= ရှင်ရဟန်း၊ ဧတံဒါယံ= ဤတောအုပ်သို့ မာ ပဝိသ= မဝင်ရောက်ပါလင့်။ ဧတ္ထ= ဤတောအုပ်၌၊ သန္တော= ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို ငြိမ်ဆိမ်အောင် ကျင့်သုံးဆုံးမ၍ နေကြကုန်သော၊ တယော= သုံးပါးကုန်သော၊ ကုလပုတ္တာ= အမျိုးကောင်းသားတို့သည်၊ အတ္တကာမရူပါ= မိမိတို့၏ကိုယ်ကျိုး ကိုယ်စီးပွားကို လိုလားသော သဘောရှိကြကုန်သည်ဖြစ်၍၊ ဝိဟရန္တိ= နေထိုင်ကြပါကုန်၏။ တေသံ= ထိုအမျိုးကောင်းသားတို့အား၊ အဖာသုကံ= မချမ်းသာခြင်းကို၊ မာအကာသိ= မပြုပါလင့်"။ ဣတိ= ဤသို့၊ ဧတံဝစနံ= ဤစကားကို၊ အဝေါစ= လျှောက်ထားလေ၏။

http://www.dhammadownload.com



ဤသို့ အစရှိသောအားဖြင့် စူဠဂေါသိင်္ဂသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူပါသည်။

ထိုသို့ ဟောကြားတော်မူအပ်သော စူဠဂေါသိင်္ဂသုတ္တန် ဒေသနာတော်မြတ်၏ အဖွင့် သံဝဏ္ဏနာကို ပြုလုပ်တော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်၊

ဧဝံ မေ သုတန္တိ၊ ဧဝံ မေ သုတံ- ဟူသည်ကား၊ စူဠဂေါသိင်္ဂသုတ္တံ= စူဠဂေါသိင်္ဂသုတ်တည်း။

## နာတိကရွာ

ထိုစူဠဂေါသိင်္ဂသုတ်၌ နာတိကေ ဝိဟာရတိ ဝိဉ္စကာဝသထေ- ဟူသော ပါဠိတော်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

နာတိကေ ဝိဟရတီတိ၊ နာတိကေ ဝိဟရတိ- ဟူသည်ကား၊ နာတိကာ နာမ= နာတိကာအမည်ရှိသော၊ ဧကံ= တစ်ခုသော၊ တဠာကံ= တစ်ဖက်ဆည်းကန်ကို၊ နိဿာယ= အမှီပြု၍၊ ဒွိန္နံ= နှစ်ယောက်ကုန်သော၊ စူဠပိတိမဟာပိတိ ပုတ္တာနံ= ဘထွေး, ဘကြီး၏ သားဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏၊ ဒွေ= နှစ်ခုကုန်သော၊ ဂါမာ= ရွာတို့သည်၊ သန္တိ= ရှိကြလေကုန်၏။ တေသု= ထိုနှစ်ရွာတို့တွင်၊ ဧကသ္မိံ= တစ်ခုသော၊ ဂါမေ= နာတိက မည်သောရွာ၌၊ ဝိဟရတိ= သီတင်းသုံးတော်မူ၏။

ဤသို့ နာတိကေ ဝိဟရတိ- ဟူသောပုဒ်ကို ဖွင့်ပြပါသည် အရှင်ဘုရား။

http://www.dhammadownload.com



## ဂိဉ္စကာဝသထ အုတ်ကျောင်း

ထို့နောက် ဂိဉ္စကာဝသထေ-ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်-

ဂိဉ္စကာဝသထေတိ= ဂိဉ္စကာဝသထေ- ဟူသည်ကား၊ ဣဋ္ဌကာမယေ= အုတ်ဖြင့်ပြီးသော၊ အာဝသထေ= ကျောင်းတိုက်၌၊

ဆက်လက်၍ လျှောက်ထားပါဦးမည်ဘုရား။ တစ်ပါးသော အခါ၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် များစွာသော လူအပေါင်းကို ချီးမြှောက်ခြင်းကို ပြုတော်မူလျက် ဝဇ္ဇီတိုင်း၌ ခရီးဒေသစာရီ လှည့်လည်ကြွသွားတော်မူသည်ရှိသော နာတိကရွာသို့ အစဉ်အားဖြင့် ရောက်ပါသည်။ နာတိကရွာ၌ နေကြကုန်သော လူတို့သည် မြတ်စွာဘုရားအား ကြီးစွာသော အလှူဒါနကို ပေးလှူ၍ တရားစကားကို ကြားနာ၍ ကြည်ညိုသော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ သီတင်းသုံးရာဌာနကို ပြုလုပ်ကြကုန်အံ့ဟု တိုင်ပင်ကြကုန်၍ အုတ်တို့ဖြင့်သာလျှင် နံရံစောင်းတန်း တိုင်တို့ကို ပြုလုပ်ကြကုန်၍ ထိုနံရံစသည်တို့၌ သားရဲရုပ် အစရှိသည် တို့ကို ပြုကြကုန်လျက် ပြာသာဒ်ကို ပြုလုပ်၍ အင်္ဂတေဖြင့် လိမ်းကျံ၍ ခြူးပန်းခြူးနွယ် အစရှိသော အမှုလုပ်ငန်းကို ပြီးဆုံးစေပြီး၍ မြေအခင်း အင်းပျဉ် အစရှိသည်တို့ကို ခင်းကြကုန်ပြီး၍ မြတ်စွာဘုရားအား အပ်နှင်းကြပါကုန်သည်။ ဤအဆောက်အဦး၌ပင်လျှင် အဆင့်ဆင့် အားဖြင့် လူတို့သည် ရဟန်းအပေါင်း၏ ညဉ့်နေရာဌာန, နေ့နေရာဌာန, မဏ္ဍာပ်, စင်္ကြံ အစရှိသည်တို့ကို ပြုလုပ်ကြပါကုန်သည်။ ဤသို့ ဆောက်လုပ်၍ ထားအပ်သောကြောင့် ထိုကျောင်းသည် ကြီးကျယ်သော ကျောင်းတိုက်ကြီးတစ်ခု ဖြစ်၍လာပါသည်။ ထိုကြီးကျယ်သော

http://www.dhammadownload.com



ကျောင်းတိုက်ကြီး ဖြစ်လာသည်ကို ရည်ရွယ်မှန်းထား၍ ဂိဇ္ဈကာဝသထေ ဟူ၍ ဟောတော်မူအပ်ပါသည်၊ ဤသို့ ဖွင့်ပြပါသည်။

**ဂေါသိင်္ဂသာလဝန**

ဂေါသိင်္ဂသာလဝနဒါယေတိ= ဂေါသိင်္ဂသာလဝနဒါယေ-ဟူသည်ကား၊ ထိုစကားရပ်၌ တစ်ခုသော ကြီးသော တောစိုးသစ်ပင်၏ ပင်စည်မှ နွားချိုသဏ္ဍာန်သည်ဖြစ်၍ အကိုင်းအခွနှစ်ခုသည် ပေါ်ထွက်၍လာပါသည်။ ထိုသစ်ပင်ကို အကြောင်းပြု၍ အလုံးစုံသော တောတစ်ခုလုံးသည် ဂေါသိင်္ဂသာလဝန- ဟူသော အမည်သို့ ရောက်ပါသည်။

**ဒါယသည် တော၏အမည်**

ဒါယ-ဟူသည် သာမညအားဖြင့် တော၏အမည်ပင် ဖြစ်ပါသည်။ ထို့ကြောင့်-

ဂေါသိင်္ဂသာလဝနဒါယေတိ= ဂေါသိင်္ဂသာလဝနဒါယေ-ဟူသည်ကား၊ ဂေါသိင်္ဂသာလဝနအရညေ= နွားဦးချိုနှင့်တူသော အင်ကြင်းပင်၊ ဝါ= နွားဦးချိုနှင့်တူသော အခွရှိသော အင်ကြင်းပင်ကို အကြောင်းပြု၍ ဂေါသိင်္ဂသာလဝန ဟု ခေါ်ဆိုအပ်သော တော၌၊ ဝိဟရန္တိ= သီတင်းသုံးတော်မူကြကုန်၏။ ဤသို့အနက်ကို ယူရမည်ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

http://www.dhammadownload.com



**သာမဂ္ဂိရသာကို ခံစားကြကုန်လျက်**

ဝိဟရန္တီတိ= ဝိဟရန္တိ- ဟူသည်ကား၊ သာမဂ္ဂိရသံ= ညီညွတ်ခြင်းဟု ဆိုအပ်သော သာမဂ္ဂီအရသာကို၊ အနုဘဝမာနာ= ခံစားကြကုန်လျက်၊ ဝိဟရန္တိ= နေထိုင်ကြပါကုန်၏။

မှန်ပါသည်။ ဤအမျိုးကောင်းသားတို့၏ ဥပရိပဏ္ဏာသက၌ ပုထုဇဉ်အခါကာလကို ဟောခဲ့အပ်ပါသည်။ ဤသုတ်၌ကား ရဟန္တာဖြစ်သော အခါကာလကို ဟောဆိုလိုရင်း ဖြစ်ပါသည်။ မှန်၏။ ထိုအခါကာလ၌ ထိုအမျိုးကောင်းသား သုံးယောက်တို့သည် ရအပ်သောသက်သာရာ ရှိကြကုန်သည်ဖြစ်၍ ရအပ်သော မှီရာတည်ရာ ရှိကြကုန်သည်ဖြစ်၍ ရအပ်သော ပဋိသမ္ဘိဒါ ရှိကြကုန်သော ခီဏာသဝ ရဟန္တာပုဂ္ဂိုလ်တို့သည် ဖြစ်ကြကုန်၍ အချင်းချင်းညီညွတ်ခြင်းဟု ဆိုအပ်သော သာမဂ္ဂီရသာကို ခံစားတော်မူကြကုန်လျက် ထိုတောအရပ်၌ သီတင်းသုံးတော်မူကြပါကုန်သည်။ ထိုကဲ့သို့ သီတင်းသုံး၍နေသည်ကို ရည်ရွယ်၍ ဝိဟရန္တိဟု ဆိုပါသည်။

**တစ်ပါးတည်း ကြွတော်မူခြင်း**

ယေန ဂေါသိင်္ဂသာလဝနဒါယော၊ တေနုပသင်္ကမီတိ၊ ယေန ဂေါသိင်္ဂသာလဝနဒါယော၊ တေနုပသင်္ကမိ- ဟူသည်ကား၊ ဓမ္မသေနာပတိ ဟုဆိုအပ်သော အရှင်သာရိပုတ္တရာ, မဟာမောဂ္ဂလ္လာန် မထေရ်တို့ကိုလည်းကောင်း၊ ရှစ်ကျိပ်ကုန်သော မဟာသာဝကမထေရ်တို့ကိုလည်းကောင်း၊ အယုတ်ဆုံးအားဖြင့် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အာနန္ဒာမထေရ်ကိုလည်းကောင်း၊ တစ်စုံတစ်ယောက် မထေရ်, ရဟန်းတစ်ပါးကိုမျှ မတိုင်ပင် အကြောင်းမကြားမူ၍ ကိုယ်တော်တိုင်

http://www.dhammadownload.com



သာလျှင် သပိတ်သက်န်းကိုယူ၍ ဆင်အုပ်မှဖဲ၍ ထွက်ခဲ့သော ဆင်မင်းကြီးကဲ့သို့လည်းကောင်း၊ ခြသေ့်အစုအပေါင်းမှ ဖဲ၍ထွက်ခဲ့သော ကာဠသီဟ အမည်ရှိသော ခြသေ့်နက်ကဲ့သို့လည်းကောင်း၊ လေသည် ဖြတ်တောက်၍ လွှတ်အပ်သော တိမ်တိုက်ကဲ့သို့လည်းကောင်း မြတ်စွာဘုရားသည် ထိုဆိုအပ်ခဲ့ပြီးသော ဂေါသိင်္ဂသာလဝန အမည်ရှိသော တောသို့ ချဉ်းကပ်ခဲ့ပါသည်။

**အဘယ်ကြောင့် ကြွပါသနည်း**

အဘယ့်ကြောင့် ဤနေရာ၌ မြတ်စွာဘုရားသည် တစ်ပါးထည်းတည်း ကြွတော်မူပါသနည်း။ သုံးယောက်ကုန်သော အမျိုးသားတို့သည် ညီညွတ်ခြင်း၏ အရသာဟု ဆိုအပ်သော သာမဂ္ဂိရသာကို ခံစားကြကုန်လျက် နေကြကုန်၏။ ထိုရဟန်းတို့ကို ချီးမြှောက်ခြင်း အကျိုးငှာလည်းကောင်း၊ နောင်လာနောက်သား သာသနာတော်ထမ်း ရဟန်းများကို သနားစောင့်ရှောက်တော်မူသောအားဖြင့်လည်းကောင်း၊ တရားကို အလေးအမြတ်ပြုသောအားဖြင့်လည်းကောင်း မြတ်စွာဘုရားသည် အဖော်မပါ တစ်ပါးတည်း ဤကဲ့သို့ ကိုယ်တိုင်ကြွတော်မူသည်ဟု ဆိုပါသည်။

**မြတ်စွာဘုရား အကြံဖြစ်ပုံ**

မြတ်စွာဘုရားအား ဤကဲ့သို့ အကြံဉာဏ် ဖြစ်ပါ၏။

**အဟံ ခ္ကမေ ကုလပုတ္တေ ပဂ္ဂဏှိတွာ ဥက္ကံသိတွာ ပဋိသန္ထာရံ ကတွာ ဓမ္မံ နေသံ ဒေသေဿာမီတိ။**

http://www.dhammadownload.com



အဟံ= ငါဘုရားသည်၊ ဣမေ ကုလပုတ္တေ= ဤသုံးယောက်ကုန်သော အမျိုးသားတို့သည်၊ ပဂ္ဂဏှိတွာ= ချီးမြှောက်၍၊ ဥက္ကံသိတွာ= ချီးကျူး၍၊ ပဋိသန္ထာရံ= စကားအစေ့အစပ်ကို၊ ကတွာ= ပြု၍၊ နေသံ= ထိုရဟန်းတို့အား၊ ဓမ္မံ= တရားကို၊ ဒေသေဿာမိ= ဟောရတော့အံ့။ ဤသို့ မြတ်စွာဘုရားအား အကြံအစည် ဖြစ်ပါသည်။ ဤသို့ ရှေးဦးစွာ ချီးမြှောက်လိုသောကြောင့် ကြွသည်ဟု ဆိုပါသည်။

## နောင်အခါ အတုယူကြရန်

ထိုမှတစ်ပါးလည်း မြတ်စွာဘုရားအား အကြံဖြစ်ပါသေးသည်။

အနာဂတေ= နောင်သောအခါကာလ၌၊ ကုလပုတ္တာ= အမျိုးကောင်းသားတို့သည်၊ သမ္မာသမ္ဗုဒ္ဓေါ= မြတ်စွာဘုရားသည်၊ သမဂ္ဂဝါသံ= အညီအညွတ်နေထိုင်ခြင်းကို၊ ဝသန္တာနံ= နေထိုင်ကြကုန်သော ရဟန်းတော်တို့၏၊ သန္တိကံ= အထံသို့၊ သယံ= ကိုယ်တော်တိုင်၊ ဂန္တွာ= ကြွသွားတော်မူ၍၊ ပဋိသန္ထာရံ= စကားအစေ့အစပ်ကို၊ ကတွာ= ပြု၍၊ ဓမ္မံ= တရားကို၊ ကထေတွာ= ဟော၍၊ တယော= သုံးယောက်ကုန်သော၊ ကုလပုတ္တေ= အမျိုးကောင်းသားတို့ကို၊ ပဂ္ဂဏှိ= ချီးမြှောက်တော်မူခဲ့ဖူးပြီ။ ကော နာမ= အဘယ်မည်သောပုဂ္ဂိုလ်သည်၊ သမဂ္ဂဝါသံ= အညီအညွတ်နေထိုင်ခြင်းကို၊ နဝသေယျ= မနေထိုင်ဘဲ ရှိရာအံ့နည်း။ ဣတိ= ဤသို့ သမဂ္ဂဝါသံ= အညီအညွတ်နေထိုင်ခြင်းကို၊ ဝသိတဗ္ဗံ= နေထိုက် နေအပ် နေသင့်သည်ကို၊ မညမာနာ= မှတ်ထင်ကြကုန်သည်ဖြစ်၍၊ ခိပ္ပမေဝ= မကြာမတင် ဆောလျင်စွာသာလျှင်၊ ဒုက္ခဿန္တံ= ဆင်းရဲ၏ကုန်ဆုံးရာနိဗ္ဗာန်ကို၊ ကရိဿန္တိ= မျက်မှောက်ပြုကြကုန်လိမ့်လတ္တံ့။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရား ကြံစည်တော်မူပါသည်။ ဤသို့ ကြံစည် ၍ နောင်လာနောက်သား ရဟန်းများကို သနားစောင့်ရှောက်တော်မူ သောအားဖြင့်လည်း တစ်ပါးထည်းတည်း ကြွတော်မူသည်ဟု ဆိုပါ သည်။

## ဘုရားရှင်တို့သည် တရားကို လေးစားကြကုန်၏

ဗုဒ္ဓါ စ နာမ= ဘုရားရှင်တို့မည်သည်၊ ဓမ္မဂရုနော= တရားတော် ကို အလေးအမြတ် ပြုကြကုန်သည်။ ဟောန္တိ= ဖြစ်ကြကုန်၏။ နေသံ= ထိုဘုရားရှင်တို့၏၊ သောစဓမ္မဂရုဘာဝေါ= ထိုတရားတော်ကို အလေး အမြတ်ပြုသည်၏ အဖြစ်ကိုလည်း၊ ရထဝိနီတေ= ရထဝိနီတသုတ်၌၊ အာဝိကတော၀= ထင်စွာပြုအုပ်သည်သာလျှင်တည်း။

ဤသို့ တရားကို အလေးအမြတ်ပြုသည်၏ အဖြစ်ကြောင့် တရားကို ချီးမြှောက်တော်မူအံ့ဟု မြတ်စွာဘုရားသည် တစ်ပါးထည်း တည်း ကြွရောက်တော်မူပါသည်။

## တောစောင့်သူ

ဒါယပါလောတိ၊ ဒါယပါလော- ဟူသည်ကား၊ အရညပါ လော= တောစောင့်တည်း။ ထိုတောစောင့်သည် ထိုတောကို အလိုရှိ တိုင်းသော အရပ်ဌာနအားဖြင့် လူတို့သည် တောတွင်းသို့ဝင်၍ ထိုတော၌ပန်းကိုလည်းကောင်း၊ သစ်သီးကိုလည်းကောင်း၊ သစ်ပင် အစေးကိုလည်းကောင်း၊ အဆောက်အဦလုပ်စရာ သစ်ပင်ကိုလည်း ကောင်း မဆောင်ယူဘဲ ရှိကြကုန်၏။ ဤကဲ့သို့ မဆောင်ယူစေခြင်း အကျိုးငှါ စည်းရိုးစောင်းရမ်းများကို ကာရံ၍ ထားအပ်သော

http://www.dhammadownload.com



ထိုတော၏ ယှဉ်စပ်၍ထားအပ်သော တံခါး၌ထိုင်၍ ထိုတောကို စောင့်ရှောက်၍နေသော တောစောင့်ဟု ဆိုလိုပါသည်။ ထိုကြောင့် ဒါယပါလော-ဟု ဆိုအပ်ပါ၏။

**မိမိအကျိုး မလိုလားသူ**

အတ္တကာမရူပါတိ၊ အတ္တကာမရူပါ- ဟူသည်ကား၊ အတ္တနော= မိမိ၏၊ ဟိတံ= အစီးအပွားကို၊ ကာမယမာနသဘာဝါ= အလိုရှိသော သဘောရှိကုန်သည်၊ ဟုတွာ= ဖြစ်ကုန်၍၊ ဝိဟရန္တိ= နေကြကုန်၏။

မှန်၏။ ဤမြတ်စွာဘုရား သာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် ရဟန်းပြုပြီး၍ ဆေးကုခြင်း, စေတမန်သွားလာခြင်း, ဒကာ ဒကာမတို့ ခိုင်းစေသည်ကို သွားလာခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် နှစ်ဆယ့်တစ်ပါးသော မသင့်သော ရှာမှီးခြင်းတို့ဖြင့် အသက်မွေးခြင်းကို ပြု၏။ ဤကဲ့သို့ အသက်မွေးခြင်းကို ပြု၍နေသော ရဟန်းသည် မိမိ၏အကျိုးစီးပွားကို အလိုရှိသော သဘောရှိသည် မဟုတ်။

**မိမိအကျိုး လိုလားသူ**

အကြင်ရဟန်းသည်ကား ဤသာသနာတော်၌ ရဟန်းပြုပြီး၍ နှစ်ဆယ့်တစ်ပါးသော မသင့်သောရှာမှီးခြင်းကို ပယ်၍ လေးပါးသော ပါရိသုဒ္ဓိသီလ၌ တည်၍ မြတ်စွာဘုရား၏ စကားတော်ဟု ဆိုအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သင်ယူ၍ သင့်လျော်လျောက်ပတ်သော ဓုတင်တရားကို အဓိဋ္ဌာန်ဆောက်တည်၍ သုံးဆယ့်ရှစ်ပါးကုန်သော သမထကမ္မဋ္ဌာန်း အာရုံတို့တွင် စိတ်နှစ်သက်ရာ တစ်ခုခုသော ကမ္မဋ္ဌာန်းကိုယူ၍ ရွာနီးကျောင်းကို ပယ်ရှား၍

http://www.dhammadownload.com



တောသို့ဝင်ရောက်၍ ဈာန်သမာပတ်တို့ကို ဖြစ်စေ၍ ဝိပဿနာ တရား၌ အမှုလုပ်ငန်းကိုပြုလျက် သီတင်းသုံး၍နေ၏။ ဤကဲ့သို့ ပရိယတ် ပဋိပတ်လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်၍နေသော ရဟန်းသည် မိမိအကျိုး စီးပွားကို လိုလားသော ရဟန်းမည်၏။ ဒီစကားကို အထူးအာရုံစိုက် ကျင့်သုံးတော်မူကြပါဘုရား။

ထိုသုံးယောက်ကုန်သော အမျိုးကောင်းသားတို့သည်လည်း ဤကဲ့သို့ မိမိကိုယ်ကျိုး ကိုယ့်စီးပွားကို လိုလားကုန်သော အမျိုးကောင်း သားတို့ ဖြစ်ကြပါကုန်သည်။ ထိုကြောင့် အတ္တကာမရူပါ ဝိဟရန္တိ ဟု ဟောတော်မူအပ်ပါသည်။

မာ တေသံ အဖာသုကမကာသီတိ၊ မာ တေသံ အဖာသုက မကာသိ- ဟူသည်ကား၊ ထိုအမျိုးကောင်းသား သုံးယောက်တို့အား မချမ်းသာခြင်းကို မပြုပါလင့်။ ဤသို့ မြတ်စွာဘုရားကို တားမြစ်ပါ သည်။

**တောစောင့်၏ စိတ်အထင်**

တောစောင့်၏အကြံသည် ဤကဲ့သို့ ဖြစ်သည်ဟု ဆိုပါသည်။ ဤအမျိုးကောင်းသားတို့သည် ညီညွတ်ကြကုန်သည်ဖြစ်၍ နေကြကုန် ၏။ အချို့သောပုဂ္ဂိုလ်၏ ရောက်ရာအရပ်၌ ငြင်းခုံခြင်း, ခိုက်ရန်ပြုခြင်း တို့သည် ဖြစ်တတ်ကုန်၏။ ဦးချိုထက်သော ကြမ်းတမ်းသောနွားကဲ့သို့ ထိုဌေ့ ဤဌေ့ ဌေ့လျက် တည်နေတတ်၏။ ထိုအခါ၌ ခရီးတစ်ခုတည်း ၌ နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့၏ သွားရောက်ခြင်းသည် မဖြစ်နိုင် ပါ။ တစ်ခါတရံ၌ ဤပုဂ္ဂိုလ်သည်လည်း ဤသို့ပြုလျက် ဤအမျိုး ကောင်းသားတို့၏ အညီအညွတ် နေထိုင်ခြင်းကို ဖျက်ဆီးရာ၏။

http://www.dhammadownload.com



ဤပုဂ္ဂိုလ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ ကြည်ညို ဖွယ်ကိုလည်း ဆောင်၏။ ကောင်းသောအရသာ၌ တပ်မက်မောသည် ဟုလည်း ထင်ရ၏။ ရောက်သောအခါကာလမှစ၍ မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို လျှုဒါန်းကြကုန်သော မိမိ၏အလုပ်အကျွေး ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ကျေးဇူးစကားကို ပြောပြောခြင်း အစရှိသည်တို့ဖြင့် မမေ့မလျော့ သီတင်းသုံး၍ နေကြကုန်သော ဤအမျိုးကောင်းသားတို့၏ မမေ့မလျော့ သီတင်းသုံး၍နေခြင်းကို ဖျက်ဆီးရာ၏။ ထိုအမျိုးကောင်းသားတို့၏ အမြဲဖြစ်ကုန်သော နေရာ ထိုင်ခင်းတို့ကိုလည်း ပိုင်းခြား၍ ထားအပ်ကုန်၏။ သုံးခုကုန်သော သစ်ရွက်မိုးသော ကျောင်းတို့လည်းကောင်း၊ သုံးခုကုန်သော စင်္ကြံတို့ လည်းကောင်း၊ သုံးခုကုန်သော နေ့နေရာဌာနတို့လည်းကောင်း၊ သုံးခု ကုန်သော ညောင်စောင်း အင်းပျဉ်တို့လည်းကောင်း ဤသို့ ပိုင်းခြား၍ ထားအပ်ကုန်၏။

ဤရဟန်းသည်ကား ကြီးသောကိုယ်လည်း ရှိ၏။ သာ၍ သိက္ခာကြီးပုံလည်း ရသည်ဖြစ်လိမ့်မည်။ ထိုရဟန်းကြီးသည် အခါ မဟုတ်သည်၌ ဤအမျိုးကောင်းသားတို့ကို အိပ်ရာနေရာမှ ထစေကောင်း ထစေလိမ့်မည်။ ဤသို့ ထစေသည်ရှိသော် အလုံးစုံ သော အခြင်းအရာအားဖြင့်လည်း ဤအမျိုးကောင်းသားတို့အား မချမ်းသာခြင်းသည် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်ဟု တောစောင့်က ကြံဆည်ယူဆပါသည်။

ထိုအမျိုးကောင်းသား သုံးယောက်တို့၏ မချမ်းသာမှုကို အလိုမရှိသည်ဖြစ်၍ မာ တေသံ အဖာသုကမကာသီတိ ဘဂဝန္တံ ဝါရေသိ။ တေသံ= ထိုအမျိုးကောင်းသား သုံးယောက်တို့၏၊

http://www.dhammadownload.com



အဖာသုကံ= မချမ်းသာခြင်းကို၊ မာ အကာသိ= မပြုပါလင့်။ ဣတိ= ဤသို့၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ ဝါရေသိ= တားမြစ်လေ၏။

**ဘုရားရှင်ကို မသိ၍ တားမြစ်၏**

ပန= သို့သော်လည်း၊ ဧသ-ဧသော= ဤတောစောင့်သည်၊ ကိံ= အသို့နည်း။ ဇာနန္တော= သိလျက်၊ ဝါရေသိ= တားမြစ်သလော။ အဇာနန္တော= မသိ၍၊ ဝါရေသိ= တားမြစ်သလော။ ဣတိ= ဤသည်ကား၊ ပုစ္ဆာ= အမေးတည်း။ အဇာနန္တော= မသိသည်ဖြစ်၍၊ ဝါရေသိ= တားမြစ်မိ၏။ ဟိ= မှန်၏။ တထာဂတဿ= မြတ်စွာဘုရား၏၊ ပဋိသန္ဓိဂ္ဂဟဏတော= ပဋိသန္ဓေယူသော အခါကာလမှ၊ ပဋ္ဌာယ= စ၍၊ ဒသသဟဿစက္ကဝါဠကမ္ပနာဒီနိ= တစ်သောင်းသော စကြဝဠာ တုန်လှုပ်ခြင်း အစရှိကုန်သော၊ ပါဋိဟာရိယာနိ= တန်ခိုးပြာဋိဟာတို့ သည်၊ ကိဉ္စာပိ ပဝတ္တိံသု= အကယ်၍ကား ဖြစ်ကြလေကုန်ပြီ။ ပန= ထိုသို့ပင် ဖြစ်ကြကုန်သော်လည်း၊ အရညဝါသိနော= တော၌နေကြကုန် သော၊ ဒုဗ္ဗလမနုဿာ= အားနည်းသောသူတို့သည်၊ သကမ္မပ္ပသုတာ= မိမိတို့၏ အမှုလုပ်ငန်း၌ အားထုတ်၍ နေကြကုန်သည်ဖြစ်၍၊ တာနိ= ထိုတန်ခိုးပြာဋိဟာတို့ကို၊ သလ္လက္ခေတုံ= မှတ်သားခြင်းငှာ၊ နသက္ကောန္တိ= မစွမ်းနိုင်ကြကုန်။ သမ္မာသမ္ဗုဒ္ဓေါ စ နာမ= မြတ်စွာဘုရားသည်လည်း၊ ယဒါ= အကြင်အခါ၌၊ အနေကဘိက္ခုသဟဿပရိဝါရော= အထောင် မကသော ရဟန်းအပေါင်း အခြံအရံရှိသည်ဖြစ်၍၊ ဗျာမပ္ပဘာယ= တစ်လံမျှလောက်သော ကိုယ်ရောင်တော်ဖြင့်၊ အသီတိအနုဗျဉ္ဇနေဟိ= ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်၊ ဒိတ္တိံသ မဟာပုရိသ လက္ခဏသိရိယာစ= သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏

http://www.dhammadownload.com



လက္ခဏာတော်ကြီးတို့၏ အသရေဖြင့်၊ ဗုဒ္ဓါနုဘာဝံ= ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကို၊ ဒဿေန္တော= ပြလျက်၊ ဝိစရတိ= လှည့်လည်တော်မူ၏။ တဒါ= ထိုအခါ၌၊ သော= ဤသူသည်၊ ကော= အဘယ်သူနည်း။ ဣတိ= ဤသို့၊ အပုစ္ဆိတွာဝ= မမေးမူ၍သာလျှင်၊ ဇာနိတဗ္ဗော= သိအပ် သိသင့် သိထိုက်သည်၊ ဟောတိ= ဖြစ်၏။ တဒါပန= ထိုတောသို့ ကြွတော်မူသောအခါ၌ကား၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်၊ သဗ္ဗမ္ပိ= အလုံးစုံလည်းဖြစ်သော၊ တံဗုဒ္ဓါနုဘာဝံ= ထိုဘုရား၏ တန်ခိုးတေဇော် အာနုဘော်တော်ကို၊ စီဝရဂဗ္ဘေန= သင်္ကန်းအတွင်းဖြင့်၊ ပဋိစ္ဆာဒေတွာ= ဖုံးလွှမ်း၍၊ ဝလာဟကဂဗ္ဘေန= တိမ်တိုက်ဖြင့်၊ ပဋိစ္ဆန္နော= ဖုံးလွှမ်းအပ်သော၊ ပုဏ္ဏစန္ဒောဝိယ= လပြည့်ဝန်းကြီးကဲ့သို့ သယမေဝ= ကိုယ်တိုင်သာလျှင်၊ ပတ္တစီဝရံ= သပိတ်သင်္ကန်းကို၊ အာဒါယ= ယူ၍၊ အညာတကဝေသေန= မထင်ရှားသော ရဟန်းတစ်ပါး၏ အသွင်အပြင်ဖြင့်၊ အဂမာသိ= ကြွရောက်တော်မူပါသည်။ ဣတိ= ဤကဲ့သို့ ကြွရောက်တော်မူသည် ဖြစ်သောကြောင့်၊ နံ= ထိုဘုရားရှင် ကိုယ်တော်မြတ်ကို၊ အဇာနန္တော၀= မသိသည်ဖြစ်၍သာလျှင်၊ ဒါယပါလော= တောစောင့်သည်၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ နိဝါရေသိ= တားမြစ်သည်ဟု ဆိုပါသည်။

**တောစောင့်ကို ဟန့်တားခြင်း**

**အသောသိ ခေါ အာယသ္မာ အနုရုဒ္ဓေါ ဒါယပါလဿ ဘဂဝတာ သဒ္ဓိံ မန္တယမာနဿ။ သုတွာန ဒါယပါလံ ဧတဒဝေါစ၊ မာ အာဝုသော ဒါယပါလ ဘဂဝန္တံ ဝါရေသိ၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တောတိ။**

http://www.dhammadownload.com



အာယသ္မာ အနုရုဒ္ဓေါ= အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည်၊ ဘဂဝတာ= မြတ်စွာဘုရားနှင့်၊ သဒ္ဓိံ= တကွ၊ မန္တယမာနဿ= တိုင်ပင် ပြောကြား၍နေသော၊ ဒါယပါလဿ= တောစောင့်၏၊ ဝစနံ= စကားကို၊ အဿောသိခေါ အဿောသိဧဝ= ကြားတော်မူရသည်သာ လျှင်တည်း။ သုတွာန= ကြားရ၍၊ ဒါယပါလံ= တောစောင့်ကို၊ ဧတံ ဝစနံ= ဤစကားကို၊ အဝေါစ= မိန့်ကြားတော်မူ၏။ ကိံ ဝစနံ= အဘယ် စကားကို၊ အဝေါစ= မိန့်ကြားတော်မူသနည်း။ အာဝုသော ဒါယပါလ= ငါ့ရှင်တောစောင့်၊ ဘဂဝန္တံ= ဘုန်းတော်သခင် ဘုရားရှင်ကို၊ မာ ဝါရေသိ= မတားမြစ်ပါလင့်။ နော= ငါတို့၏၊ သတ္ထာ= ဆရာဖြစ်တော် မူသော၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်သည်၊ အနုပ္ပတ္တော= အစဉ်အားဖြင့် ကြွရောက်တော်မူလာပြီ။ ဣတိ= ဤသို့၊ ဧတံ ဝစနံ= ဤစကားကို၊ အဝေါစ= ပြောကြားတော် မူ၏။

**တေဒဝေါစ**

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်၌ တေဒဝေါစ ဟူသောစကား၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလို သော အဋ္ဌကထာ ဆရာမြတ်သည်-

တေဒဝေါစာတိ၊ တေဒဝေါစ- ဟူသည်ကား၊ မထေရ်မြတ် သည် မာသမဏာတိ ဟူ၍ တောစောင့်၏စကားကို ကြားရသည် ဖြစ်၍ ကြံစည်အောက်မေ့တော်မူပါသည်။

**မယံ တယော ဇနာ ဣဓ ဝိဟရာမ၊ အညေ ပဗ္ဗဇိတာ နာမ နတ္ထိ၊ အယဉ္စ ဒါယပါလော ပဗ္ဗဇိတေန ဝိယ သဒ္ဓိံ ကထေတိ၊ ကော နု ခေါ ဘဝိဿတီတိ။**

http://www.dhammadownload.com



တယောဇနာ= သုံးယောက်ဖြစ်ကုန်သော၊ မယံ= ငါတို့သည်၊ ဣမ= ဤတောတွင်း၌၊ ဝိဟရာမ= နေထိုင်ကြကုန်၏။ အညေ= တစ်ပါး ကုန်သော၊ ပဗ္ဗဇိတာနာမ= ရဟန်းတို့မည်သည်၊ နတ္ထိ= မရှိကြလေကုန်။ အယဥ္စ ဒါယပါလော= ဤတောစောင့်သည်လည်း၊ ပဗ္ဗဇိတေန ဝိယ= ရဟန်းတစ်ပါးနှင့်ကဲ့သို့ သဒ္ဓိံ= တကွ၊ ကထေတိ= စကားပြောဆိုဘိ၏။ ကော= အဘယ်ပုဂ္ဂိုလ်သည်၊ ဘဝိဿတိ နု ခေါ= ဖြစ်ပါလိမ့်မည်နည်း။

ဤသို့ စဉ်းစားအောက်မေ့မိသည်ဖြစ်၍ နေ့သန့်စင်ရာအရပ်မှ ထ၍ တံခါး၌ရပ်၍ လာလမ်းခရီးကို ကြည့်ရှုတော်မူသည်ရှိသော် ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကို တွေ့မြင်ရလေ၏။ မြတ်စွာဘုရားကလည်း မထေရ်၏ကြည့်ရှုသည်နှင့် တစ်ပြိုင်နက် သာလျှင် ကိုယ်တော်၏အရောင်တော်တို့ကို လွှတ်တော်မူ၏။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာဆင်အပ်သော တစ်လံမျှလောက်သော ရောင်ခြည်တော်သည် ဖြန့်ကြက်၍ ထားအပ် သော ရွှေပုဆိုးကဲ့သို့ တင့်တယ်တော်မူ၏။ မထေရ်မြတ်သည်-

**အတူတကွ စကားပြောနေပါလျှက် ဘုရားဟုမသိ**

**အယံ ဒါယပါလော ဖဏကတံ အာသိဝိသံ ဂီဝါယ ဂဟေတုံ ဟတ္ထံ ပသာရေန္တောဝိယ လောကေ အဂ္ဂပုဂ္ဂလေန သဒ္ဓိံ ကထေန္တောဝ န ဇာနာတိ၊ အညတရဘိက္ခုနာ ဝိယ သဒ္ဓိံ ကထေတီတိ။**

အယံဒါယပါလော= ဤတောစောင့်သည်၊ ဖဏကတံ= ပါးပျဉ်းထ၍နေသော၊ အာသိဝိသံ= လျင်သောအဆိပ်ရှိသော မြွေကို၊ ဂီဝါယ= လည်ပင်း၌၊ ဂဟေတုံ= ကိုင်ဖမ်းခြင်းငှါ= ဟတ္ထံ= လက်ကို၊ ပသာရေန္တောဝိယ= ဆန့်တန်းသောသူကဲ့သို့၊ လောကေ= လူပြည်

http://www.dhammadownload.com



နတ်ရပ် လောကဓာတ်၌၊ အဂ္ဂပုဂ္ဂလေန= အမြတ်ဆုံးဖြစ်သော ဘုရား ကိုယ်တော်မြတ်နှင့်၊ သဒ္ဓိံ= တကွ၊ ကထေန္တော၀= စကားပြောဆိုလျက် သာလျှင်၊ န ဇာနာတိ= ဘုရားဟု မသိတတ်။ အညတရဘိက္ခုနာဝိယ= အမှတ်မထား မထင်မရှား ရဟန်းတစ်ပါးပါးနှင့်ကဲ့သို့၊ သဒ္ဓိံ= တကွ၊ ကထေတိ= စကားပြောဆိုဘိ၏။

ဤသို့ တောစောင့်ကို တားမြစ်တော်မူလိုသည်ဖြစ်၍ မာ အာဝုသော ဒါယပါလ အစရှိသော စကားကို မိန့်တော်မူ၏။ ဤသို့ အဋ္ဌကထာဆရာမြတ် တေဒဝေါစ ဟူသောပုဒ်ကို ဖွင့်ဆိုမိန့်ပြပါသည် အရှင်ဘုရား။

## မြတ်စွာဘုရား ကြွလာပါပြီ

ထိုမှတစ်ပါး အထခေါ အာယသ္မာ အနုရုဒ္ဓေါ ယေနာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ စ နန္ဒိယံ အာယသ္မန္တံ စ ကိမိလံ တေဒဝေါ စ၊ အဘိက္က မထာယသ္မန္တော၊ အဘိက္ကမထာယသ္မန္တော၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တောတိ- ဤသို့ အစရှိသည်ဖြင့် ဆက်၍ ဟောကြားတော်မူ ပါသည်။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် မြတ်စွာဘုရားကို မြင်ပြီး သည်၏ အခြားမဲ့၌ အကြင်အရပ်၌ အရှင်နန္ဒိယ မထေရ်သည်ရှိ၏။ အကြင်အရပ်၌ အရှင်ကိမိလ မထေရ်သည် ရှိ၏။ ထိုမထေရ်တို့ရှိရာ အရပ်သို့ ချဉ်းကပ်၍ ထိုမထေရ်တို့ကို "ငါ့ရှင်တို့ . . မြတ်စွာဘုရား ကြွရောက်တော်မူလာပြီ။ ရှေ့သို့ ချီတက်ကြကုန်လှည့်လော့" အစရှိသောအားဖြင့် အနုရုဒ္ဓါမထေရ်မြတ်က အမိန့်ရှိပါသည်။

http://www.dhammadownload.com



**ဘာကြောင့် ခရီးဦး မကြိုသလဲ**

ထိုကဲ့သို့ အမိန့်ရှိသော စကားတော်အစဉ်၌ တေနုပသင်္ကမိ ဟူသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်-

တေနုပသင်္ကမီတိ၊ တေနုပသင်္ကမိ- ဟူသည်ကား၊ ကသ္မာ= အဘယ်ကြောင့်၊ ဘဂဝတော= မြတ်စွာဘုရား၏၊ ပစ္စုဂ္ဂမနံ= ရှေးဦးစွာ ခရီးဦးကြိုဆိုခြင်းကို၊ အကတွာ= မပြုမူ၍၊ ဥပသင်္ကမိ= ချဉ်းကပ်တော်မူရသနည်း။

ဘုရားကိုတွေ့ပါလျက်သားနှင့် ရှေးဦးစွာ ဘုရားကို ခရီးဦး ကြိုဆိုခြင်းမပြုမူ၍ သီတင်းသုံးဖော်တို့ရှိရာသို့ ချဉ်းကပ်ရဘိသနည်းဟု အဋ္ဌကထာဆရာမြတ် စောဒနာထုတ်၍ မေးမြန်းအပ်ပါသည်။

**ညီညွတ်မှုကို ပြခြင်း၄ါ**

ဤသို့ မထေရ်မြတ်၏ အကြံအစည်လည်း ဖြစ်သည်ဟု ဆိုပါသည်။

**မယံ တယော ဇနာ သမဂ္ဂဝါသံ ဝသာမ။ သစာဟံ ကေဝလံ ပစ္စုဂ္ဂမနံ ကရိဿာမိ။ သမဂ္ဂဝါသော နာမ န ဘဝိဿတီတိ ပိယမိတ္တေ ဂဟေတွာဝ ပစ္စုဂ္ဂမနံ ကရိဿာမိ။ ယထာ စ ဘဂဝါ မယှံ ပိယော၊ ဧဝံ သဟာယာနမ္ပိ မေ ပိယောတိ၊ တေဟိ သဒ္ဓိံ ပစ္စုဂ္ဂမနံ ကာတုကာမော သယံ အကတွာဝ ဥပသင်္ကမိ။**

တယောဇနာ= သုံးယောက်ဖြစ်ကြကုန်သော၊ မယံ= ငါတို့သည်၊ သမဂ္ဂဝါသံ= အညီအညွတ်နေထိုင်ခြင်းကို၊ ဝသာမ= နေထိုင်ကြပါကုန်၏။ အဟံ= ငါသည်၊ သစေ= အကယ်၍၊ ကေဝလံ= တစ်ပါးထည်းတည်းသာလျှင်၊ ပစ္စုဂ္ဂမနံ= ခရီးဦးကြိုဆိုခြင်း

http://www.dhammadownload.com



ကို၊ ကရိဿာမိ= ပြုခဲ့ပြောအံ့။ သမဂ္ဂဝါသောနာမ= အညီအညွတ် နေထိုင်ခြင်းမည်သည်၊ နဘဝိဿတိ= မဖြစ်တော့လတ္တံ့။ ဣတိ= ဤသို့ ပိယမိတ္တေ= ချစ်ခင်နှစ်သက်အပ်ကုန်သော မိတ်ဆွေသီတင်းသုံးဖော် ဖြစ်ကုန်သော အရှင်မြတ်တို့ကို၊ ဝပေတ္တာဝ= ခေါ်ယူပြီး၍သာလျှင်၊ ပစ္စုဂ္ဂမနံ= မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို၊ ကရိဿာမိ= ပြုတော့အံ့။ မယှံ= ငါသည်၊ ဘဂဝါ= မြတ်စွာဘုရားကို၊ ပိယော ယထာစ= ချစ်အပ်သကဲ့သို့လည်း၊ ဧဝံတထာ= ထို့အတူ၊ မေ= ငါ၏၊ သဟာယာနမ္ပိ= သီတင်းသုံးဖော်နှစ်ဦးတို့သည်လည်း၊ ဘဂဝါ= မြတ်စွာ ဘုရားကို၊ ပိယော= ချစ်နှစ်သက်အပ်၏။ ဣတိ= ဤသို့၊ စိန္တေတွာ= ကြံစည်၍၊ တေဟိ= ထိုသီတင်းသုံးဖော်နှစ်ဦးတို့နှင့်၊ သဒ္ဓိံ= တကွ၊ ပစ္စုဂ္ဂမနံ= ခရီးဦးကြိုဆိုခြင်းကို၊ ကာတုကာမော= ပြုခြင်းငှါ အလိုရှိသည် ဖြစ်၍၊ သယံ= မိမိကိုယ်တိုင်က၊ အကတွာဝ= ခရီးဦးကြိုဆိုခြင်းကို မပြုမူ၍သာလျှင်၊ ဥပသင်္ကမိ= ချဉ်းကပ်တော်မူပြီ။

ဤသို့ တစ်ပါးထည်းတည်း ခရီးဦးကြိုဆိုခြင်းကို မပြုမူ၍ သီတင်းသုံးဖော်နှစ်ပါးနှင့် အတူတကွ ခရီးဦးကြိုဆိုခြင်းကို ပြုလိုသည့် အတွက်ကြောင့် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ကြွင်းကျန်သော သီတင်းသုံးဖော် နှစ်ပါးထံသို့ ချဉ်းကပ်သည်ဟု ဆိုပါသည်။

**ကောစိဝါဒ**

ဤနေရာ၌ အချို့ကုန်သော မထေရ်မြတ်တို့က ထိုမထေရ်တို့ ၏ သစ်ရွက်မိုးသော ကျောင်းတံခါးနား၌ စင်္ကြံအစွန်းမှနေ၍ မြတ်စွာ ဘုရား ကြွလာရာဖြစ်သော လမ်းခရီးသည်ဖြစ်၏။ ထိုကြောင့် မထေရ် တို့အား အမှတ်သညာကို ပေးလျက်သာလျှင် သွားသည်ဟု ကောစိဝါဒ ကို ထုတ်ပြပါသည်။

http://www.dhammadownload.com



**အဘိက္ကမထ အဓိပ္ပါယ်**

ထိုမှတစ်ပါး အဘိက္ကမထာယသ္မန္တော အဘိက္ကမထာယသ္မန္တော။ အာယသ္မန္တော= အရှင်ဘုရားတို့. . .၊ အဘိက္ကမထ= ရှေ့သို့ ချီတက်တော်မူကြပါကုန်လော့။ အာယသ္မန္တော= အရှင်ဘုရားတို့ . . ၊ အဘိက္ကမထ= ရှေ့သို့ချီတက်တော်မူကြပါကုန်လော့။ နော= ငါတို့၏၊ သတ္ထာ= ဆရာဖြစ်တော်မူသော၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်၊ အနုပ္ပတ္တော= အစဉ်အားဖြင့် ဆိုက်ရောက်တော်မူလာပြီ။ ဤသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က ကြွင်းကျန်သော သီတင်းသုံးဖော် နှစ်ပါးတို့အား အကြောင်းကြားပါသည်။ ဤကဲ့သို့ အကြောင်းကြားတော်မူအပ်သော ပါဠိတော်မြတ်၌ အဘိက္ကမထ ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ပြောကြားတော်မူလိုသော အဋ္ဌကထာဆရာမြတ်က- က္ကတော= ဤအရပ်မှ၊ အာဂစ္ဆထ= ရှေးရှုကြွလာကြပါကုန်လော့ဟု ဆိုလိုပါသည်။

ထိုအခါ တစ်ပါးသောရဟန်းသည် မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ယူတော်မူ၏။ တစ်ပါးသောရဟန်းသည် နေရာကို ခင်းကျင်းတော်မူ၏။ တစ်ပါးသောရဟန်းသည် ခြေဆေးရေကို တည်ထားတော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ သီတင်းသုံးတော်မူပြီး၍ ခြေထောက်တော်တို့ကို ဆေးကြောတော်မူသည်ဟု ပါဠိတော်အစဉ်၌ ဟောလျက်ရှိပါသည်။

ထိုကဲ့သို့ ဟောကြားတော်မူသော ပါဠိတော်တွင် "နိသဇ္ဇ ဘဂဝါ ပါဒေ ပက္ခာလေသိ"ဟူသော ဝါကျ၌ ပါဒေ ပက္ခာလေသိ- ဟူသောပါဌ်ကို အဓိပ္ပါယ်အကျယ် ပြောပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်-

http://www.dhammadownload.com



ပါဒေ ပက္ခာလေသီတိ= ပါဒေ ပက္ခာလေသိ- ဟူသည်ကား၊ ဝိကသိတ ပဒုမသန္နိဘေဟိ= ကားကားစွင့်စွင့် ပွင့်၍နေသော ပဒုမ္မာကြာပန်းနှင့်တူကြကုန်သော၊ ဇာလဟတ္ထေဟိ= ကွန်ရက်ရှက်သော လက်တော်တို့ဖြင့်၊ မဏိဝဏ္ဏံ= ပတ္တမြားအဆင်းရှိသော၊ ဥဒကံ= ရေကို၊ ဂဟေတွာ= ယူ၍၊ သုဝဏ္ဏဝဏ္ဏေသု= ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော၊ ပိဋ္ဌိပါဒေသု= ခြေဖမိုးတော်တို့၌၊ ဥဒကံ= ရေကို၊ အဘိသဉ္စိတွာ= သွန်းလောင်း၍၊ ပါဒေန= ခြေထောက်တော်တစ်ခုဖြင့်၊ ပါဒံ= ခြေထောက်တော်တစ်ခုကို၊ ဃံသန္တော= ပွတ်တိုက်လျက်၊ ပက္ခာလေသိ= ဆေးကြောတော်မူ၏။ ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏၊ ကာယေ= ကိုယ်၌၊ ရဇောဇလ္လံနာမ= မြူအညစ်အကြေးမည်သည်၊ နဥပလိမ္ပတိ= မလိမ်းမကပ်၊ ကသ္မာ= အဘယ့်ကြောင့်၊ ပက္ခာလေသိ= ဆေးကြောတော်မူရဘိသနည်း။ က္ကတိ= ဤသည်ကား၊ ပုစ္ဆာ= အမေးတည်း။

## ဘုရားခန္ဓာကိုယ်၌ မြူအညစ်အကြေး မရှိ

အမှန်အားဖြင့် ဘုရားရှင်တို့၏ ခန္ဓာကိုယ်၌ မြူအညစ်အကြေး လိမ်းကျံငြိကပ်ခြင်း မရှိပါ။ ထိုသို့ပင် မရှိသော်လည်း ရေချိုးခြင်း, ရေသပ္ပါယ်ခြင်း, ခြေထောက်တော်ဆေးကြောခြင်း အစရှိသည်အားဖြင့် ပြုလုပ်တော်မူပါသည်။ အညစ်အကြေးမရှိပါဘဲလျက် အဘယ်ကြောင့် ခြေထောက်တော်တို့ကို ဆေးရသနည်းဟု အဋ္ဌကထာဆရာမြတ်က ပုစ္ဆာစကားရပ် ထုတ်၍အဖြေကို မိန့်ကြားပါသည်။ ခန္ဓာကိုယ်တော်မြတ်၏ ဥတုကိုယူခြင်းအကျိုးငှါ ခြေထောက်တော်ကို ဆေးကြောသည်ဟု ဆိုပါသည်။

http://www.dhammadownload.com



တစ်နည်းအားဖြင့်လည်း ထိုဝတ်ကြီးဝတ်ငယ်ကို ပြုကြကုန်သော မထေရ်တို့၏ စိတ်ဓာတ်ကို ရွှင်လန်းစေခြင်းအကျိုးငှါ သူတို့ခပ်ထားသော ရေတို့ဖြင့် ခြေထောက်တော်တို့ကို ဆေးကြောတော်မူသည်ဟု ဆိုပါသည်။

အမ္ဗေဟိ= ငါတို့သည်၊ အဘိဟဋ္ဌေန= ရှေးရှုဆောင်အပ်သော၊ ဥဒကေန= ရေဖြင့်၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ပါဒေ= ခြေတော်တို့ကို၊ ပက္ခာလေသိ= ဆေးကြောတော်မူပြီ။ ပရိဘောဂံ= သုံးဆောင်ခြင်းကို၊ အကာသိ= ပြုတော်မူပြီ။

ထိုကဲ့သို့ ဝတ်ကြီးဝတ်ငယ်ကို ပြုကြကုန်သော ရဟန်းတော်တို့၏ ကြီးကျယ်သော ဝမ်းမြောက်နှစ်သက်ခြင်းကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် စိတ်သည် ပြည့်ဖြိုးခြင်း ဖြစ်ပါ၏။ ထိုကြောင့် မြတ်စွာဘုရားသည် အညစ်အကြေးပင် မရှိလတ်ငြားသော်လည်း ခြေထောက်တော်တို့ကို ဆေးကြောသည်ဟု ဖွင့်ပြပါသည်။

**အရှင်အနုရုဒ္ဓါ အကြီးဆုံး**

ကေမန္တံ နိသိန္နံ အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ ဧတဒဝေါစ- အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ဟောကြားတော်မူပါသည်။ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အာယသ္မန္တံ အနုရုဒ္ဓံ= အရှင်အနုရုဒ္ဓါကို၊ ဧတံဝစနံ= ဤစကားကို၊ အဝေါစ= မိန့်ကြားတော်မူ၏။

ဤကဲ့သို့ မိန့်ကြားတော်မူသော ပါဠိတော်စကားရပ်ကို ဖွင့်ပြုတော်လိုသော အဋ္ဌကထာဆရာမြတ်သည် အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ

http://www.dhammadownload.com



စေတဒဝေါစာတိ အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ စေတဒဝေါစ- ဟူသည်ကား၊ သော- ထိုအနုရုဒ္ဓါ မထေရ်မြတ်သည်၊ တေသံ- ထိုရဟန်းသုံးပါးတို့တွင်၊ ဝုမ္မုတရောကိရ- အကြီးဆုံးမထေရ်မြတ် ဖြစ်သတဲ့။

ထိုမထေရ်မြတ်ကို ချီးမြှောက်ခြင်းကို ပြုအပ်သည်ရှိသော်ကြွင်းသော မထေရ်နှစ်ပါးတို့အားလည်း ချီးမြှောက်ခြင်းကို ပြုအပ်သည်သာလျှင် ဖြစ်တော့၏ဟု အနုရုဒ္ဓါမထေရ်မြတ်ကိုသာလျှင် ကစ္စိ ဝေါ အနုရုဒ္ဓါ အစရှိသောစကားကို မိန့်တော်မူသည်ဟု အဋ္ဌကထာဆရာဖွင့်ဆိုပါသည်။

## ဘိက္ခာစာရဝတ်ကို မေးမြန်းခြင်း

ထိုစကားရပ်၌ ကစ္စိ- ဟူသော ပုဒ်သည် မေးမြန်းခြင်းအနက်၌ဖြစ်သော နိပါတ်ပုဒ်ဟု ဆိုပါသည်။ ဝေါ- ဟူသောပုဒ်သည် တုမှသဒ္ဒါမှ ရုပ်ပြီး၍လာသော သာမိအနက်၌ သက်သော ဝိဘတ်ဖြင့် ပြီးသော ပုဒ်ဟု ဆိုပါသည်။

ဤဆိုလတ္တံ့သော အဓိပ္ပါယ်ကို ဆိုလိုသည်ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ ကစ္စိ= အသို့နည်း။ တုမှာကံ= သင်ချစ်သားတို့အား၊ ခမနီယံ= ခန့်ကျန်းပါ၏လော။ ဝေါ= သင်ချစ်သားတို့၏၊ ဣရိယာပထော= ဣရိယာပုထ်သည်၊ ခမတိ= ခန့်ကျန်းပါ၏လော၊ ကစ္စိ= အသို့နည်း။ ယာပနီယံ= မျှတပါ၏လော၊ ကစ္စိ= အသို့နည်း။ ဝေါ= သင်ချစ်သားတို့၏၊ ဇီဝိတံ= အသက်သည်၊ ယာပေတိ ယပ္ပိယတိ= မျှတစေ့စပ်ပါ၏လော၊ ကစ္စိ= အသို့နည်း။ ပိဏ္ဍကေန= ဆွမ်းဖြင့်၊ န ကိလမထ= မပင်ပန်းဘဲ ရှိကြပါကုန်၏လော၊ ကစ္စိ=

http://www.dhammadownload.com



အသို့နည်း။ တုမှာကံ= သင်ချစ်သားတို့အား၊ သုလဘပိဏ္ဍံ= ရလွယ်သောဆွမ်းရှိပါ၏လော။ သမ္ပတ္တေ= ဆွမ်းခံဖို့ရာ ရောက်၍လာကြကုန်သော၊ ဝေါ= သင်ချစ်သားတို့အား၊ ဒိသွာ= မြင်ကြရကုန်၍၊ မနုဿာ= လူတို့သည်၊ ဥဋ္ဌက်ယာဂုံဝါ= တစ်မှုတ်သော ယာဂုကိုလည်းကောင်း။ ကဋစ္ဆုဘိက္ခံဝါ= တစ်ယောက်ချိုသော ဆွမ်းကိုလည်းကောင်း၊ ဒါတဗ္ဗံ မညန္တီတိ= ပေးလှူအပ်သည်ဟူ၍ မှတ်ထင်ကြပါကုန်၏လော ဟူ၍၊ ဘိက္ခာစာရဝတ္တံ= ဆွမ်းခံဝတ်အကျင့်တရားကို၊ ပုစ္ဆတိ= မေးမြန်းတော်မူ၏။

## ရဟန်းနှင့် ဆွမ်းခံဝတ်

အဘယ်ကြောင့် မေးမြန်းတော်မူရလေသနည်း။ ပစ္စည်းလေးပါးဖြင့် မပင်ပန်းမှသာလျှင် ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်းငှါ တတ်နိုင်ပါသည်။ ထိုကြောင့် မြတ်စွာဘုရားသည် ဆွမ်းဖြင့် မပင်ပန်းမှုကို မေးမြန်းတော်မူသည်ဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့်လည်း ဆွမ်းခံ၍ စားခြင်းသည် ရဟန်းတို့၏ ကျင့်ဝတ်တရားပင်ဖြစ်ပါသည်။ ထိုကြောင့် ထိုကျင့်ဝတ်တရား မပျက်ပြားသည်ကို သိတော်မူလိုသောကြောင့် မေးသည်ဟု ဆိုပါသည်။

## သာမဂ္ဂီရသကို မေးတော်မူခြင်း

ထိုအခါ၌ ထိုအနုရုဒ္ဓါမထေရ်မြတ်က စကားတုံ့ကိုပေးသည်ရှိသော် "အနုရုဒ္ဓါ တုမှေ ရာဇပဗ္ဗဇိတာ မဟာပုညာ။ မနုဿာ တုမှာကံ အရညေ ဝသန္တာနံ အဒတွာ ကဿ အညဿ ဒါတဗ္ဗံ မညိဿန္တိ၊ တုမှေ ပန ဧတံ ဘုဉ္ဇိတွာ ကိံ နုခေါ မိဂပေါတကာ ဝိယ အညမညံ

http://www.dhammadownload.com



သံဃမ္ဟေန္တာ ဝိဟာရထ၊ ဥဒါဟု သာမဂ္ဂိဘာဝေါ ဝေါ အတ္ထီတိ၊ . . . သာမဂ္ဂိဘာဝေါ ဝေါ အတ္ထိ” ဟူ၍ မြတ်စွာဘုရားက မေးမြန်းတော်မူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာမြတ် မိန့်ပြပါသည်။

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ တုမှေ= သင်တို့သည်၊ ရာဇပဗ္ဗဇိတာ= မင်းမျိုးမှ ရဟန်းပြုခဲ့ကြကုန်သည်ဖြစ်၍၊ မဟာပုညာ= ကြီးမြတ်သော ဘုန်းရှိကြပေကုန်၏။ မနုဿာ= လူတို့သည်၊ အရညေ= တော၌၊ ဝသန္တာနံ= နေထိုင်ကြကုန်သော၊ တုမှာကံ= သင်ချစ်သားတို့အား၊ အဒတွာ= မပေးမလှူကြကုန်ဘဲ၊ အညဿ= တစ်ပါးသော၊ ကဿ= အဘယ်ပုဂ္ဂိုလ်အား၊ ဒါတဗ္ဗံ= ပေးလှူအပ်၏ ဟူ၍၊ မညိဿန္တိ= မှတ်ထင်ကြတော့အံ့နည်း။ ပန= စင်စစ်သော်တမူကား၊ တုမှေ= သင်ချစ်သားတို့သည်၊ ဇတံ= ထိုဒကာ, ဒကာမတို့ သဒ္ဓါပြဋ္ဌာန်း၍ လှူဒါန်းသောဆွမ်းကို၊ ဘုဥ္စိတွာ= စား၍၊ မိဂပေါတကာဝိယ= တောသားသမင်တို့ကဲ့သို့၊ အညမညံ= အချင်းချင်း၊ သံဃမ္ဟေန္တာ= တိုးဝှေ့ထိခိုက်ကြကုန်လျက်၊ ဝိဟာရထနုခေါ= နေထိုင်ကြကုန်သလော။ ဥဒါဟု= ထိုသို့မဟုတ်။ သာမဂ္ဂိဘာဝေါ= အချင်းချင်းညီညွတ်သည်၏ အဖြစ်ဟုဆိုအပ်သော သာမဂ္ဂိအဖြစ်သည်၊ ဝေါ= သင်ချစ်သားတို့အား၊ အတ္ထိနု ခေါ= ရှိပါသလော။

ဤသို့ သာမဂ္ဂိရသဟု ဆိုအပ်သော အညီအညွတ် သီတင်းသုံးနေထိုင်ရခြင်း၏ အရသာကို မေးမြန်းတော်မူလိုသော မြတ်စွာဘုရားသည် “ကစ္စိ ပန ဝေါ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟာရထာတိ အာဒိ” ဤသို့ အစရှိသော စကားကို၊ အာဟ= မိန့်တော်မူပါသည်။

http://www.dhammadownload.com



အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . ၊ ကစ္စိ= အသို့နည်း။ ဝေါ တုမှေ= သင်ချစ်သားတို့သည်၊ သမဂ္ဂါ= ကိုယ်စိတ်အားဖြင့် ညီညွတ်ကြကုန်သည်ဖြစ်၍၊ သမ္မောဒမာနာ= အချင်းချင်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ အဝိဝဒမာနာ= ခိုက်ရန်ငြင်းခုံ မရှိကြကုန်သည်ဖြစ်၍၊ အညမညံ= အချင်းချင်း၊ ခီရောဒကီဘူတာ= နို့နှင့်ရေကို ရော၍ထားသကဲ့သို့ သဘောတရားတစ်ခုတည်း ဖြစ်ကြကုန်သည်ဖြစ်၍၊ အညမညံ= အချင်းချင်း၊ ဝါ= တစ်ပါးနှင့်တစ်ပါး၊ ပိယစက္ခူဟိ= ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့်၊ သမ္ပဿန္တာ= ကောင်းစွာကြည့်ရှုကြကုန်လျက်၊ ဝိဟရထနုခေါ= နေထိုင်ကြပါကုန်၏လော။ ဤသို့ အစရှိသောအားဖြင့် မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

**ခီရောဒကီဘူတာ**

ထိုကဲ့သို့ မေးမြန်းတော်မူသော စကားရပ်၌ ခီရောဒကီဘူတာ-ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ရှင်းပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ခီရောဒကီ ဘူတာတိ အစရှိသည်ကို မိန့်ဆိုတော်မူပါသည်။

နွားနို့သည်လည်းကောင်း၊ ရေသည်လည်းကောင်း အချင်းချင်း နှီးနှော၍ နေဘိသကဲ့သို့ အသီးအခြား ခွဲခြား၍ မဖြစ်လေဘိသကဲ့သို့ တစ်ခုတည်း၏အဖြစ်သို့ ရောက်လေဘိသကဲ့သို့ အသို့နည်း။ ထို့အတူပင် ချစ်သားတို့အားလည်း အချင်းချင်းညီညွတ်သည်၏ အစွမ်းအားဖြင့် တစ်ခုတည်းသော စိတ်ရှိသည်၏အဖြစ်သို့ ရောက်သော စိတ္တုပ္ပါဒ် ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြပါကုန်၏လော ဟူ၍ မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

http://www.dhammadownload.com



**ပိယစက္ခု**

ထိုပါဠိတော်အရပ်၌ ပိယစက္ခူဟိ- ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ပိယစက္ခု ဟီတိ စသည်ဖြင့် မိန့်ဆိုတော်မူပါသည်။ မေတ္တာစိတ်ကို ရှေးရှုဖြစ်စေလျက် ကြည့်ရှုသော မျက်စိတို့သည် ပိယစက္ခု မည်ကြပါကုန်သည်။ အသို့နည်း။ ထိုကဲ့သို့ ချစ်ခင်သောမျက်စိတို့ဖြင့် အချင်းချင်းကြည့်ရှုလျက် နေထိုင်ကြပါကုန်၏လော ဟူ၍ မေးမြန်းတော်မူပါသည်။

**အရှင်အနုရုဒ္ဓါက လျှောက်ထားခြင်း**

ထိုကဲ့သို့ မေးမြန်းသောအခါ၌ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က "တဂ္ဃမယံ ဘန္တေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရာမ" ဤကဲ့သို့ လျှောက်ထားပါသည်။

ဘန္တေ= မြတ်စွာဘုရား၊ တဂ္ဃ= စင်စစ်၊ မယံ= ဘုရားတပည့်တော်တို့သည်၊ သမဂ္ဂါ= ညီညွတ်ကြကုန်သည်ဖြစ်၍၊ သမ္မောဒမာနာ= ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည်ဖြစ်၍၊ အဝိဝဒမာနာ= တစ်ဦးနှင့် တစ်ဦး ခိုက်ရန်ငြင်းခုံ မရှိကြကုန်သည်ဖြစ်၍၊ ခီရောဒကီဘူတာ= နို့နှင့် ရေကိုရော၍ ထားသကဲ့သို့ သဘောတရား တစ်ခုတည်းရှိကြကုန်သည်ဖြစ်၍၊ အညမညံ= အချင်းချင်း၊ ပိယစက္ခူဟိ= ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့်၊ သမ္ပဿန္တာ= ကောင်းစွာကြည့်ရှုကြကုန်လျက်၊ ဝိဟရာမ= နေကြပါကုန်၏ အရှင်ဘုရား။

ထိုကဲ့သို့ လျှောက်ထားအပ်သော ပါဠိတော်စကားအစဉ်၌ တဂ္ဃ ဟူသော ပုဒ်၏အဓိပ္ပါယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာ

http://www.dhammadownload.com



ဆရာမြတ်က "တဋ္ဌေါတိ ဇောကံသတ္တေ နိပါတော" တစ်ပါးသော အဖို့ရှိသော အနက်၌ စင်စစ်ဟူသော အနက်၌ဖြစ်သော နိပါတ်ပုဒ်ဟု ဆိုပါသည်။ ဇောကံသေန မယံ ဘန္တေတိ ဝုတ္တံ ဟောတိ- မြတ်စွာဘုရား စင်စစ်အားဖြင့် ဘုရားတပည့်တော်တို့ နေကြပါသည်ဟု ဆိုလိုပါသည်။

## ညီညွတ်ပုံအကြောင်း မေးမြန်းခြင်း

ထိုကဲ့သို့ လျှောက်ထားသောအခါ မြတ်စွာဘုရားက "ယထာ ကထံ ပန တုမှေ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ" အစရှိသောအားဖြင့် ထပ်၍မေးမြန်းတော်မူပြန်ပါသည်။ "အဘယ် ကဲ့သို့သော နည်းလမ်းအားဖြင့် သင်ချစ်သားတို့သည် ညီညွတ်ကြကုန် ၍ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၍ ခိုက်ရန်ငြင်းခုံ မဖြစ်ကြကုန်မူ၍ နို့နှင့်ရေကို ရော၍ထားသကဲ့သို့ သဘောတရားတစ်ခုတည်း ရှိကြကုန် သည်ဖြစ်၍ အချင်းချင်း ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့် ကြည့်ရှု ကြကုန်လျက် နေထိုင်ကြပါကုန်သနည်း"ဟု မြတ်စွာဘုရားက တစ်ဖန် ပြန်၍ မေးမြန်းတော်မူပြန်ပါသည်။

## ယထာ ကထံ ပန အဓိပ္ပါယ်

ထိုကဲ့သို့ မေးမြန်းတော်မူအပ်သော ပါဠိတော် စကားအစဉ်၌ ယထာ ကထံ ပန- ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ပြောပြတော် မူလိုသော အဋ္ဌကထာဆရာမြတ်သည် ယထာကထံ ပနာတိ ဧတ္ထ စသည်ကို မိန့်ဆိုပါသည်။ ယထာ ဟူသောပုဒ်သည် နိပါတ်မျှသာ ဖြစ်ပါသည်။ ကထံ ဟူသော စကားသည် အမေးပုစ္ဆာကို ဆိုကြောင်း ဖြစ်သော စကားဖြစ်ပါသည်။ အဓိပ္ပါယ်ကား သင်ချစ်သားတို့သည်

http://www.dhammadownload.com



အဘာယ်သို့လျှင် ဤကဲ့သို့ နေထိုင်ကြပါကုန်သနည်း။ ဘယ်မည်သော အကြောင်းဖြင့် နေထိုင်ကြပါကုန်သနည်း။ ထိုအကြောင်းကို ငါဘုရားအား ထင်ရှားစွာ လျှောက်ထားကြပါကုန်ဦးလော့ ဟူ၍ ဆိုလိုပါသည်။

ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က "ဣဓ မယ့ံ ဘန္တေ ဧဝံ ဟောတိ" အစရှိသည်ဖြင့် လျှောက်ထားပါသည်။

**ကာယကံ မေတ္တာ**

ထိုကဲ့သို့ လျှောက်ထားအပ်သော စကားအစဉ်၌ မေတ္တံ ကာယကမ္မံ- ဟူသော ပုဒ်၏အဓိပ္ပါယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က မေတ္တံ ကာယကမ္မန္တိ၊ မေတ္တံ ကာယကမ္မံ- ဟူသည်ကား၊ မေတ္တစိတ္တဝသေန= မေတ္တာစိတ်၏ အစွမ်းအားဖြင့်၊ ပဝတ္တံ= ဖြစ်သော၊ ကာယကမ္မံ= ကိုယ်ဖြင့်ပြုအပ်သော အမှုတည်း။ အာဝိစေဝ ရဟောစာတိ၊ အာဝိစေဝ ရဟောစ- ဟူသည်ကား၊ သမ္မုခါစေဝ= မျက်မှောက်၌လည်းကောင်း၊ ပရမ္မုခါစ= မျက်ကွယ်၌လည်းကောင်း၊ ဤမှတစ်ပါးသော မထေရ်တို့ လျှောက်ထားသော စကား၌လည်း ဤနည်းသည်သာလျှင် နည်းရှိ၏ဟု ဆိုပါသည်။

ထိုစကား၏ အဓိပ္ပါယ်အကျယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က "တတ္ထ သမ္မုခါ ကာယဝစီကမ္မာနိ" စသည်ကို မိန့်ပါသည်။

**မျက်မှောက်အတူနေ မျက်ကွယ်ခွဲခွါ**

ထိုစကားရပ်၌ မျက်မှောက်၌ ကာယကံ, ဝစီကံ အမှုတို့ကို အတူတကွ နေသောအခါ၌ ရအပ်ကုန်၏။ ဤမှတစ်ပါးသော

http://www.dhammadownload.com



မျက်ကွယ်တို့ကို ခွဲခွာ၍နေသော အခါကာလ၌ ရအပ်ကုန်၏။ မနောကံကိုမူကား မျက်မှောက်, မျက်ကွယ် နှစ်ပါးသောဌာန၌ ရအပ်၏ဟု အဋ္ဌကထာဆရာ အဓိပ္ပါယ်ပြောပါသည်။

**မျက်မှောက် ကာယကံ မေတ္တာ**

အကျယ်ချဲ့၍ အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပြန်ပါသည် ဘုရား။ အတူတကွ နေကုန်သော ပုဂ္ဂိုလ်တို့တွင် တစ်ပါးသော ပုဂ္ဂိုလ်က အကြင်ညောင်စောင်း အင်းပျဉ်ကိုလည်းကောင်း၊ အကြင် သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်ကိုလည်းကောင်း၊ အကြင်မြေစိုင်ခဲ ဘဏ္ဍာကိုလည်းကောင်း အပြင်၌ မသင့်မတင့် ထားအပ်၏။ ထိုပစ္စည်း ဝတ္ထုကိုမြင်၍ အဘယ်သူသည် ဤပစ္စည်းကို သုံးဆောင်သနည်း။ ဤကဲ့သို့ မထိမဲ့မမြင် မပြုမူ၍ မိမိကိုယ်တိုင်ထားသော ပစ္စည်းကဲ့သို့ ထိုပစ္စည်းများကိုယူ၍ သိုမှီးသော ပုဂ္ဂိုလ်အားလည်းကောင်း၊ သုတ်သင် ရှင်းလင်းထိုက်သော နေရာကို သုတ်သင်ရှင်းလင်းသော ပုဂ္ဂိုလ်အား လည်းကောင်း မျက်မှောက်၌ မေတ္တာ ကာယကံပြုသည် မည်ပါသည်။

**မျက်ကွယ် ကာယကံ မေတ္တာ**

တစ်ပါးသောပုဂ္ဂိုလ်က ဖဲသွားခဲ့သည်ရှိသော် ထိုပုဂ္ဂိုလ်သည် မကောင်းသဖြင့် ထားအပ်သော ကျောင်းအိပ်ရာနေရာ အသုံး အဆောင်ပစ္စည်းကို ထို့အတူ သိုမှီးသိမ်းဆည်းထားသော ပုဂ္ဂိုလ်အား လည်းကောင်း၊ သုတ်သင်ရှင်းလင်းထိုက်သော နေရာကို ကိုယ်တိုင် သုတ်သင်ရှင်းလင်းသော ပုဂ္ဂိုလ်အားလည်းကောင်း မျက်ကွယ်၌ မေတ္တာကာယကံ မည်ပါသည်။

http://www.dhammadownload.com



### မျက်မှောက် ဝစီကံ မေတ္တာ

အတူတကွနေထိုင်သော ပုဂ္ဂိုလ်အား ထိုမထေရ်မြတ်တို့နှင့် အတူတကွ ချိုမြိန်ကောင်းမြတ်သော စကားကိုလည်းကောင်း၊ အစေ့အစပ်ဖြစ်သော စကားကိုလည်းကောင်း၊ အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကိုလည်းကောင်း၊ တရားစကားကိုလည်းကောင်း၊ အသံပြုပြင်၍ ရွတ်ဆိုအပ်သော ပါဠိတော်သံကိုလည်းကောင်း၊ တရားဆွေးနွေးခြင်းကိုလည်းကောင်း၊ ပဉ္စာမေးမြန်းခြင်းကိုလည်းကောင်း၊ ပဉ္စာပြဿနာဖြေကြားခြင်းကိုလည်းကောင်း ဤသို့ အစရှိသည်ကို ပြုသောအခါ၌ မျက်မှောက်၌ မေတ္တာဝစီကံပြုသည် မည်ပါသည်။

### မျက်ကွယ် ဝစီကံမေတ္တာ

မထေရ်မြတ်တို့သည် ဖဲသွားကြကုန်သည်ရှိသော် ငါ၏ချစ်ခင်အပ်သော နန္ဒိယမထေရ်၊ ငါ၏ချစ်ခင်အပ်သော ကိမိလမထေရ်၊ ဤကဲ့သို့သော အကျင့်သီလနှင့် ပြည့်စုံတော်မူ၏။ ဤသို့ အကျင့်အာစာရတရားနှင့် ပြည့်စုံတော်မူ၏။ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးစကားကို ပြောကြားကြခြင်းသည် မျက်ကွယ်၌ ဝစီကံမေတ္တာ ဖြစ်ပါသည်။

### မျက်မှောက်, မျက်ကွယ် မနောကံမေတ္တာ

ငါ၏ချစ်ခင်လှစွာသော မိတ်ဆွေ နန္ဒိယမထေရ်, ငါ၏ချစ်ခင်လှစွာသော မိတ်ဆွေ ကိမိလမထေရ်သည် အနာရောဂါ ကင်းရှင်းပါစေ၊ ရန်မရှိပါစေလင့်၊ စိုးရိမ်ကြောင့်ကြမရှိပါစေလင့်၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းနှင့် ပြည့်စုံပါစေဟု ဤကဲ့သို့ စိတ်ဖြင့်ဆောင်ယူ၍ မေတ္တာ

http://www.dhammadownload.com



ပွား၍ နေခြင်းသည် မျက်မှောက်, မျက်ကွယ်နှစ်ပါးလုံး၌ပင် မေတ္တာ မနှောက်ယှက်သည်ဟု ဖွင့်ပြတော်မူပါသည် ဘုရား။

**ခန္ဓာကိုယ်ကွဲသော်လည်း စိတ်မှာမကွဲပြား**

**တဿ မယှံ ဘန္တေ ဧဝံ ဟောတိ၊ ယံ နူနာဟံ သကံ စိတ္တံ နိက္ခိပိတွာ ဣမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တေယျန္တိ။ သောခေါ အဟံ ဘန္တေ သကံ စိတ္တံ နိက္ခိပိတွာ ဣမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တာမိ၊ နာနာဟိ ခေါ နော ဘန္တေ ကာယာ ဧကံ စ ပန မညေ စိတ္တန္တိ။**

ဘန္တေ= ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင်မြတ်စွာဘုရား၊ တဿ မယှံ= ထိုတပည့်တော်အား၊ ဧဝံ= ဤသို့သော အကြံအစည်သည်၊ ဟောတိ= ဖြစ်ပါ၏။ အဟံ= ငါသည်၊ သကံစိတ္တံ= မိမိ၏စိတ်ကို၊ နိက္ခိပိတွာ= ချထား၍၊ ဣမေသံယေဝ အာယသ္မန္တာနံ= ဤသီတင်းသုံးဖော် အရှင်နှစ်ပါးတို့၏သာလျှင်၊ စိတ္တဿ= စိတ်၏၊ ဝသေန= အစွမ်းအားဖြင့်၊ ဝတ္တေယျံ= လိုက်နာကျင့်သုံး၍ နေရမူကား၊ ယံ နူန အဟောသာဓု= ဩော် ကောင်းလေစွတကား။ ဣတိ= ဤသို့၊ မနသိကရိတွာ= နှလုံးသွင်း၍၊ သောအဟံ= ထိုတပည့်တော်သည်၊ သကံစိတ္တံ= မိမိစိတ်ကို၊ နိက္ခိပိတွာ= ချထား၍၊ ဣမေသံ ယေဝ အာယသ္မန္တာနံ= ဤသီတင်းသုံးဖော် အရှင်နှစ်ပါးတို့၏သာလျှင်၊ စိတ္တဿ= စိတ်၏၊ ဝသေန= အစွမ်းအားဖြင့်၊ ဝတ္တာမိ= ကျင့်သုံး၍ နေပါသည်ဘုရား။ ဘန္တေ= ဘုန်းတော်ကြီးတော်မူလှသော ကျေးဇူးရှင် မြတ်စွာဘုရား၊ နော= ဘုရားတပည့်တော်တို့၏၊ ကာယာ= ခန္ဓာကိုယ် တို့သည်၊ နာနာဟိခေါ နာနာဧဝ= တစ်သီးတစ်ခြား ဖြစ်ကြပါကုန်သည်

http://www.dhammadownload.com



ဘုရား။ ပန= ထိုသိပင် ခန္ဓာကိုယ် တစ်သီးတစ်ခြား ကွဲပြား၍နေငြားပါသော်လည်း၊ စိတ္တံ= စိတ်သည်၊ ဧကံ ဧ ပန မညေ= တစ်စိတ်တည်းဟု ထင်မိပါသည်ဘုရား။ ဣတိ= ဤသို့၊ အာယသ္မာ အနုရုဒ္ဓေါ= အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ ဧဝံ ဝစနံ= ဤစကားကို၊ အဝေါစ= လျှောက်ထားလေ၏။

ဤသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က သီတင်းသုံးဖော် သုံးပါးတို့၏ အချင်းချင်း ညီညွတ်သည်၏အဖြစ်ကို ကိုယ်ပင်ကွဲပြားငြားသော်လည်း စိတ်မကွဲမပြား တစ်သားတည်း တစ်သဘောတည်း ဖြစ်သည်၏အကြောင်းကို ကောင်းမွန်စွာ လျှောက်ထားအပ်သော ပါဠိတော်စကားအစဉ်၌ နာနာဟိခေါ နော ဘန္တေ ကာယာ- ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်၊

## နာနာဟိ ခေါ နော ဘန္တေ ကာယာ

နာနာဟိ ခေါ နော ဘန္တေ ကာယာတိ၊ နာနာဟိ ခေါ နော ဘန္တေ ကာယာ- ဟူသည်ကား၊ ဟိ= မှန်၏။ ကာယံ= ခန္ဓာကိုယ်ကို၊ ဝိဋ္ဌဝိယ= မုန့်ညက်ကဲ့သို့လည်းကောင်း၊ မတ္တိကာဝိယစ= မြေညက်ကဲ့သို့လည်းကောင်း၊ ဩမဒ္ဒိတွာ= ဆုပ်နယ်၍၊ ဧကတော= တစ်ပေါင်းတည်း တစ်ခုတည်း၊ ကာတုံ= ပြုလုပ်ခြင်းငှါ၊ နသက္ကာ= မတတ်ကောင်း။ ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

## ဧကဉ္စ ပန မညေ စိတ္တံ

ထိုမှတစ်ပါး "ဧကဉ္စ ပန မညေ စိတ္တံ"ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်-

http://www.dhammadownload.com



ကေဒ္ဒ ပန မညေ စိတ္တန္တိ ကေဒ္ဒ ပန မညေ စိတ္တံ- ဟူသည်ကား၊ နော= ဘုရားတပည့်တော်တို့၏၊ စိတ္တံ= စိတ်သည်၊ ဟိတဋ္ဌေန= အကျိုးစီးပွားကို လိုလားသော အနက်သဘောအားဖြင့်လည်းကောင်း၊ နိရန္တရဋ္ဌေန= ကြားမပြတ်သော အနက်သဘောအားဖြင့်လည်းကောင်း၊ အဝိဂ္ဂဟဋ္ဌေန= မငြင်းမခုံသော အနက်သဘောအားဖြင့်လည်းကောင်း၊ သမဂ္ဂဋ္ဌေန= ညီညွတ်သော အနက်သဘောအားဖြင့်လည်းကောင်း၊ ဧကမေဝ= တစ်စိတ်တည်းသာလျှင်တည်း၊ ဣတိ= ဤသို့ ဒဿေတိ= ပြ၏။

**တစ်စိတ်တည်းရှိပုံ အကျယ်**

ကထံ= အဘယ်သို့လျှင်၊ တေ သကံစိတ္တံ= ထိုမိမိ၏စိတ်ကို၊ နိက္ခိပိတွာ= ချထား၍၊ ဣတရေသံ= ဤမှတစ်ပါးကုန်သော သီတင်းသုံးဖော် အရှင်မြတ်တို့၏၊ စိတ္တဝသေန= စိတ်၏အစွမ်းအားဖြင့်၊ ဝတ္တိသ္သာ= ကျင့်သုံး၍နေကြပါကုန်သနည်း။ ဤသို့ အဋ္ဌကထာဆရာမြတ်သည် အမေးပုစ္ဆာထုတ်၍ တစ်ပါးသောရဟန်း၏ သပိတ်၌ သံချေးအညစ်အကြေးထ၍ နေ၏။ တစ်ပါးသောရဟန်း၏ သင်္ကန်းသည် ညစ်နွမ်း၍နေ၏။ တစ်ပါးသောရဟန်း၏ အထူးအပါးဖြစ်သော ကျောင်းကို မြေညက်ဖြင့် လိမ်းကျံခြင်းဟု ဆိုအပ်သော ပရိဘဏ္ဍအမှုသည်ဖြစ်၏။ ထိုသို့ အသီးအသီး မိမိတို့၏ကိစ္စရှိ၍ နေကြရာတွင် အကြင်ရဟန်း၏ သပိတ်၌ သံချေးအညစ်အကြေးသည် ထ၍နေ၏။ ငါ့ရှင်တို့ ငါ၏သပိတ်၌ သံချေးအညစ်အကြေးထ၍ နေလေပြီ။ သပိတ်ဖုတ်ခြင်းငှါ သင့်၏ဟု ပြောဆိုအပ်သည်ရှိသော် ဤမှတစ်ပါးကုန်သော ရဟန်းတို့က ငါ၏သင်္ကန်းသည် ညစ်နွမ်းနေသည်ဖြစ်၍ ဖွတ်ရပါလိမ့်

http://www.dhammadownload.com



ဦးမည်။ ငါ၏ကျောင်း၏ အထူးအပါးဖြစ်သော မြေညက်ဖြင့် လိမ်းကျံခြင်းဟု ဆိုအပ်သော ပရိဘဏ်ကို ပြုရပါလိမ့်ဦးမည်ဟု ဤကဲ့သို့ မပြောကြားမူ၍ တောသို့ဝင်၍ ထင်းတို့ကို ဆောင်ယူခဲ့ပြီး၍ ထိုထင်းတို့ကို ဖြတ်တောက်၍ သပိတ်ဖုတ်အံ့သော အိုးထက်၌ မြေအထူးအပါးကို လိမ်းကျံခြင်းကို ပြု၍၊ ထို့နောင်မှ သင်္ကန်းကိုမူလည်း ဖွတ်လျှော်ကြပါကုန်သည်။ အထူးအပါး လိမ်းကျံခြင်း အစရှိသော ပရိဘဏ်ကိုစွ ကိုလည်း ပြုကြပါကုန်သည်။

ငါ့ရှင်တို့ ငါ၏သင်္ကန်းသည် ညစ်နွမ်း၍နေပြီ။ ဖွတ်လျှော်ခြင်းငှါ သင့်၏ဟု ပြောကြားအပ်သည်ရှိသော် ငါ၏သင်္ခမ်းကျောင်းသည် အမှိုက်ထူထပ်၍ နေချေပြီ။ အမှိုက်များကို လှဲဖယ်၍ မြေအထူအပါး လိမ်းကျံခြင်းဟု ဆိုအပ်သော ပရိဘဏ်ကို ပြုခြင်းငှါ သင့်၏ဟု ရှေးဦးစွာ ပြောကြားအပ်သည်ရှိသော် ထိုပြောကြားအပ်သော မထေရ်၏ စကား၌လည်း ထိုဆိုခဲ့ပြီးသော နည်းအတိုင်းသာလျှင် ငါ့အား အခြားလုပ်ဖွယ်ကိစ္စ ရှိသေးသည်ဟု မပြောကြားမူ၍ ထိုရှေးဦးစွာပြောသော မထေရ်၏လုပ်ငန်းကိုသာလျှင် ဝိုင်းဝန်းကူညီ၍ လုပ်ဆောင်ကြပါကုန်သည်။

ဤသို့ တစ်စိတ်တည်းရှိသည်၏အဖြစ်ကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည်ဘုရား။

**မမေ့မလျော့ နေထိုင်ကြကုန်၏လော**

ထိုမှတစ်ပါး မြတ်စွာဘုရားက သာမဂ္ဂီရသ ဤကဲ့သို့ ညီညွတ်ခြင်း၏ အရသာကို ခံစား၍နေကြသော အကြောင်းကို ကြားသိရသည်ဖြစ်၍-

http://www.dhammadownload.com



**သာဓု သာဓု အနုရုဒ္ဓါ ကစ္စိ ပန ဝေါ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထာတိ။**

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ သာဓု သာဓု= ကောင်းလေစွ ကောင်းလေစွ၊ အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ ကစ္စိ= အသို့နည်း။ ဝေါ-တုမှေ= သင်ချစ်သားတို့သည်၊ အပ္ပမတ္တာ= မမေ့မလျော့သော သတိတရား ပြည့်စုံကြကုန်သည်ဖြစ်၍၊ အာတာပိနော= ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည် ဖြစ်၍၊ ပဟိတတ္တာ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရထ= နေထိုင်ကြပါကုန်၏လော။

ဤကဲ့သို့ တောတွင်း၌ အညီအညွတ် ကိုယ့်စိတ်ကို ဖယ်ထား သီတင်းသုံးဖော်တို့၏ စိတ်အစွမ်းအားဖြင့် နေထိုင်ကြကုန်သော သင်ချစ်သားတို့သည် မမေ့မလျော့သော သတိတရား၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယတရား လက်ကိုင်ထား၍ နိဗ္ဗာန်သို့ စေလွှတ်သောစိတ် ရှိကြကုန်သည်ဖြစ်၍ နေကြကုန်၏လောဟု မြတ်စွာဘုရားက နောက်ထပ်တစ်ဖန် မေးမြန်းပြန်ပါသည်။

## အရှင်အနုရုဒ္ဓါက ပြန်လျှောက်ခြင်း

ထိုကဲ့သို့ မေးမြန်းသောစကားကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က-

**တဂ္ဃ မယံ ဘန္တေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရာမာတိ။**

ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော ကျေးဇူးတော်ရှင် မြတ်စွာဘုရား၊ တဂ္ဃ= တကယ်စင်စစ်၊ မယံ= ဘုရားတပည့်တော်တို့

http://www.dhammadownload.com



သည်၊ အပ္ပမတ္တာ= မမေ့မလျော့ကြကုန်သည်ဖြစ်၍၊ အာတာပိနော= ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍၊ ပဟိတတ္တာ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟာရာမ= နေထိုင်ကျင့်သုံးကြပါကုန်သည် အရှင်ဘုရား။

ဤကဲ့သို့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က သီတင်းသုံးဖော်တို့ ကိုယ်စား ခေါင်းဆောင်၍ မြတ်စွာဘုရားကို ပြန်၍လျှောက်ထားပါသည်။

**နေပုံနေနည်း မေးမြန်းခြင်း**

ထိုသို့ လျှောက်ထားသောအခါ၌ မြတ်စွာဘုရားက-

**ယထာ ကထံ ပန တုမှေ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာပိနော ပဟိ တတ္တာ ဝိဟရထာတိ။**

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ တုမှေ= သင်ချစ်သားတို့သည်၊ ကထံ= အဘယ်ကဲ့သို့၊ အပ္ပမတ္တာ= မမေ့မလျော့သော သတိတရား ရှိကြကုန်သည်ဖြစ်၍၊ အာတာပိနော= ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍၊ ပဟိတတ္တာ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရထ= နေကြကုန်ဘိသနည်း။

ဤသို့ မြတ်စွာဘုရားက နေပုံနေနည်း အဓိပ္ပါယ်ကို မေးမြန်းပါသည်ဘုရား။

http://www.dhammadownload.com



## နေထိုင်ကြပုံ အခြေအနေ

ဤကဲ့သို့ မေးမြန်းတော်မူသော အမေးစကားကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က "က္လေဓ ဘန္တေ အမှာကံ ယော ပဌမံ ဂါမတော ပိဏ္ဍာယ ပဋိက္ကမတိ" အစရှိသည်ဖြင့် ဖြေကြားပါသည်ဘုရား။

ဘန္တေ= ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား၊ က္လေဓ= ဤအရပ်၌၊ အမှာကံ= ဘုရားတပည့်တော်တို့တွင်၊ ယော= အကြင်ပုဂ္ဂိုလ်သည်၊ ပဌမံ= ရှေးဦးစွာ၊ ဂါမတော= ရွာမှ၊ ပိဏ္ဍာယ= ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍၊ ပဋိက္ကမတိ= ပြန်လာခဲ့၏။ သော= ထိုပြန်လာခဲ့သော ရှေးဦးစွာရောက်သော ရဟန်းသည်၊ အာသနာနိ= နေရာတို့ကို၊ ပညပေတိ= ခင်း၍ထားပါသည်။ ပါနီယံ= သောက်ရေကိုလည်းကောင်း၊ ပရိဘောဇနီယံ= သုံးဆောင်ရေကိုလည်းကောင်း၊ ဥပဋ္ဌာပေတိ= တည်၍ထားပါသည်။ အဝက္ကာရပါတိံ= ဆွမ်းလှယ်ဇလုံကြီးကို၊ ဥပဋ္ဌာပေတိ= တည်၍ထားပါသည်။ ယော= အကြင်ရဟန်းသည်၊ ပစ္ဆာ= နောက်မှ၊ ဝါ= နောက်ဆုံး၊ ပိဏ္ဍာယ= ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍၊ ဂါမတော= ရွာမ၊ ပဋိက္ကမတိ= ပြန်လာခဲ့၏။ ဘုတ္တာဝသေသော= စားကြွင်းသည်၊ သစေ ဟောတိ= အကယ်၍ ရှိခဲ့ငြားအံ့။ သစေ အာကင်္ခတိ= အကယ်၍ အလိုရှိခဲ့ငြားအံ့၊ ဘုဥ္စတိ= ဘုဉ်းပေး၏။ နော စေ အာကင်္ခတိ= အကယ်၍ အလိုမရှိခဲ့ငြားအံ့၊ အပ္ပဟရိတေဝါ= စိမ်းစိုသော မြက်သစ်ပင်မပေါက်ရောက်သော နေရာ၌မူလည်း၊ ဆဍ္ဍေတိ= စွန့်ပစ်၏။ အပ္ပါဏကေ ဝါ ဥဒကေ= ပိုးမွှားမရှိသော ရေထဲ၌မူလည်း၊ ဩပိလာပေတိ= နှစ်မြှုပ်၏။ သော= ထိုနောက်ဆုံးမှ ရောက်၍လာသော ရဟန်းတော်သည်၊ အာသနာနိ= နေရာထိုင်ခင်းတို့ကို၊ ပဋိသာမေတိ= သိုမှီးသိမ်းဆည်း၍ ထား၏။

http://www.dhammadownload.com



ပါနီယံ= သောက်ရေကိုလည်းကောင်း၊ ပရိဘောဇနီယံ= သုံးဆောင်ရေကိုလည်းကောင်း၊ ပဋိသာမေတိ= သိုမှီးသိမ်းဆည်း၍ထား၏။ အဝက္ကာရပါတိံ= ဆွမ်းလှယ်ဇလုံကြီးကို၊ ပဋိသာမေတိ= . . . ၏။ ဘတ္တဂ္ဂံ= ဆွမ်းစားကျောင်းကို၊ သမ္မဇ္ဇတိ= တံမြက်လှဲ၏။ ယော= အကြင်နောက်ဆုံးမှရောက်လာသော ရဟန်းသည်၊ ပါနီယဃဋံဝါ= သောက်ရေအိုးကိုလည်းကောင်း၊ ပရိဘောဇနီယဃဋံဝါ= သုံးဆောင်ရေအိုးကိုလည်းကောင်း၊ ဝစ္စဃဋံဝါ= ဝစ္စကုဋိအိုးကိုလည်းကောင်း၊ ရိတ္တံ တုစ္ဆံ= ရေမရှိဘဲ အချည်းနှီးဖြစ်၍ နေသည်ကို၊ ပဿတိ= တွေ့မြင်၏။ သော= ထိုနောက်ဆုံးမှ ရောက်လာသော တွေ့မြင်သော ရဟန်းတော်သည်၊ ဥပဋ္ဌာပေတိ= တည်ထား၏။ သစေ= အကယ်၍၊ အဿ= ထိုရဟန်းအား၊ အဝိသယှံ= မစွမ်းနိုင်သည်၊ ဟောတိ= ဖြစ်ခဲ့ငြားအံ့။ ဟတ္ထဝိကာရေန= လက်လှုပ်ပြသော အခြင်းအရာအားဖြင့်၊ ဒုတိယံ= နှစ်ယောက်မြောက်သော သီတင်းသုံးဖော်ကို၊ အာမန္တေတွာ= ခေါ်၍၊ ဟတ္ထဝိလင်္ဃကေန= လက်ချင်းယှက်သဖြင့်၊ ဥပဋ္ဌာပေမ= တည်ထားကြပါကုန်သည်။

ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ မယံ= ဘုရားတပည့်တော်တို့သည်၊ တပ္ပစ္စယာ= ထိုရေအိုးကို မချိနိုင်ခြင်းဟူသော အကြောင်းကြောင့်၊ ဝါစံ= စကားကို၊ နတွေဝ ဘိန္ဒာမ= မခေါ်မပြော မဆိုကြပါကုန်ဘုရား။

ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ပဉ္စာဟိကံ= ငါးရက်တစ်ကြိမ် ငါးရက်တစ်ကြိမ်၊ သဗ္ဗရတ္တိကံ= အလုံးစုံသော ညဉ့်သုံးယံကာလပတ်လုံး၊ မယံ= ဘုရားတပည့်တော်တို့သည်၊ ဓမ္မိယာ= တရားနှင့်စပ်သော၊ ကထာယ= စကားဖြင့်၊ သန္နိသီဒါမ=

http://www.dhammadownload.com



ကောင်းစွာနေထိုင်ကြပါကုန်၏ ဘုရား။

ဘန္တေ= ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား၊ မယံ= ဘုရားတပည့်တော်တို့သည်၊ ဧဝံခေါ= ဤသို့သာလျှင်၊ အပ္ပမတ္တာ= မမေ့မလျော့သော သတိတရားရှိကြကုန်သည်ဖြစ်၍၊ အာတာပိနော= ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိကြကုန်သည်ဖြစ်၍၊ ပဟိတတ္တာ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရာမ= နေထိုင်ကျင့်သုံးကြပါကုန်၏ အရှင်ဘုရား။

**သာဓု သာဓု အနုရုဒ္ဓါ**

ဤကဲ့သို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က လျှောက်ထားသော အခါကာလ၌ မြတ်စွာဘုရားက သာဓု သာဓု အနုရုဒ္ဓါဟု မိန့်တော်မူပါသည်။ ထိုကဲ့သို့ မိန့်တော်မူသော သာဓု သာဓု အနုရုဒ္ဓါ ဟူသော စကားကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်-

သာဓု သာဓု အနုရုဒ္ဓါတိ= သာဓု သာဓု အနုရုဒ္ဓါ ဟူသည်ကား၊ ဘဂဝါ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ယေဟ္မာ= အောက်၌၊ ဘန္တေ= မြတ်စွာဘုရား၊ မယံ= ဘုရားတပည့်တော်တို့သည်၊ ပိဏ္ဍာကေန= ဆွမ်းဖြင့်၊ နစကိလမိမှ= မပင်ပန်းကြပါကုန် ဘုရား။ က္ကတိ= ဤသို့၊ ဝုတ္တေ= လျှောက်ထားအပ်သည်ရှိသော်၊ သာဓုကာရံ= သာဓုနုမော် ကောင်းချီးခေါ်ခြင်းကို၊ နအဒါသိ= ပေးတော်မမူခဲ့။

http://www.dhammadownload.com



**ညီညွတ်မှု ရနိုင်ခဲလှ၏**

အဘယ်ကြောင့် ပေးတော်မမူခဲ့ပါသနည်း။ မှန်၏။ ဤကဗဠီကာဟာရဟု ဆိုအပ်သော စားသောက်မျိုဝါးအပ်သော အာဟာရမည်သည် ဤသတ္တဝါတို့အား အပါယ်လေးဘုံတည်းဟူသော လောက၌လည်းကောင်း၊ နတ်လူလောက၌လည်းကောင်း အမြဲတမ်းစားသောက်၍နေရသော အလေ့အကျင့် ဖြစ်သည်သာလျှင်တည်း။ ဤလူနေလောကကြီးသည်ကား များသောအားဖြင့် တစ်ဦးနှင့်တစ်ဦး ငြင်းခုံခိုက်ရန်ဖြစ်ခြင်းသို့ ပြေးဝင်၍ နေကြပါသည်။ အပါယ်လောက၌လည်းကောင်း၊ နတ်လူလောက၌လည်းကောင်း ဤလူနတ်များစွာ သတ္တဝါတို့သည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်၍ နေကြကုန်သည်သာလျှင်တည်း။ ထိုလူနတ်များစွာ သတ္တဝါတို့၏ အချင်းချင်း ညီညွတ်သော သာမဂ္ဂီကာလဟု ဆိုအပ်သော အချင်းချင်း ညီညွတ်သော ကာလမျိုးကို ရနိုင်ခဲလှပါသည်။ တစ်ခါတရံ၌သာလျှင် ရတတ်ပါသည်။ ထိုကြောင့် အညီအညွတ် နေထိုင်ခြင်း၏ ရခဲသည်၏ အဖြစ်ကြောင့် ဤနေရာ၌ မြတ်စွာဘုရားသည် အညီအညွတ်နေထိုင်သော အကြောင်းကို လျှောက်ထားသောအရာ၌ သာဓု သာဓု ဟု ကောင်းချီးနုမော် သာဓုခေါ်တော်မူခြင်းကို ပေးတော်မူပါသည်။

**ကစ္စိ ပန ဝေါ**

ဤယခုအခါ၌ ထိုတော၌ သီတင်းသုံး၍နေတော်မူကြကုန်သော ရဟန်းတော်သုံးပါးတို့၏ မမေ့မလျော့ နေထိုင်ကြောင်းဖြစ်သော လက္ခဏာကို မေးမြန်းတော်မူလိုသော မြတ်စွာဘုရားသည် ကစ္စိ ပန ဝေါ အနုရုဒ္ဓါ အစရှိသော စကားကို မိန့်တော်မူပါသည်ဘုရား။

http://www.dhammadownload.com



ဤကဲ့သို့ မိန့်တော်မူသောစကားရပ်၌ ဝေါ- ဟူသောပုဒ်၏ အနက်မရှိသည်၏ အဖြစ်ကို နိပါတ်ပုဒ်ဟူ၍ မိန့်ဆိုဖွင့်ပြပါသည် ဘုရား။ အနက်ရှိသည်၏ အဖြစ်ကို ယူမူကား ပစ္စတ္တဝစန် ဝါ- ဟူ၍ ပဌမာဝိဘတ်နှင့် ပြီးသော ဝေါ-ဟု ဆိုလိုပါသည်ဘုရား။ ထိုကဲ့သို့ ပဌမာဝိဘတ်နှင့် ပြီးသောအနက်ရှိသော ပုဒ်ဖြစ်ခဲ့မူ ကစ္စိ တုမ္ဟေတိ အတ္တော။ တုမ္ဟေ= သင်ချစ်သားတို့သည်၊ ကစ္စိ= အသို့နည်းဟူသော အနက်ကို ယူရမည်ဟု အဋ္ဌကထာဆရာ မိန့်မှာအပ်ပါသည်။

## အမှာကဲ စသည် အဖွင့်

အမှာကန္တိ= အမှာကံ ဟူသည်ကား၊ တီသု= သုံးယောက်ကုန်သော၊ အမ္ဟေသုဇနေသု= ဘုရားတပည့်တော်တို့တွင်၊ ပိဏ္ဍာယ ပဋိက္ကမတီတိ= ပိဏ္ဍာယ ပဋိက္ကမတိ ဟူသည်ကား၊ ဂါမေ= ရွာ၌၊ ပိဏ္ဍာယ= ဆွမ်းအလို့ငှါ၊ စရိတွာ= လှည့်လည်ပြီး၍၊ ပစ္စာဂစ္ဆတိ= ပြန်ကြွလာ၏ ဟူသောအဓိပ္ပါယ်ကို ဖွင့်ဆိုပါသည်။ အဝက္ကာရပါတိန္တိ= အဝက္ကာရပါတိံ ဟူသည်ကား၊ အတိရေကပိဏ္ဍပါတံ= အပိုအလွန် ဖြစ်သောဆွမ်းကို၊ အပနေတွာ= ဖယ်၍၊ ဌပနတ္တာယ= ထားခြင်းအကျိုး ငှါ၊ ဧကံ= တစ်ခုသော၊ သမုဂ္ဂပါတိံ= ခွက်ကြီးကို၊ ဓောဝိတွာ= ဆေး၍၊ ဌပေတိ= တည်ထားပါသည်။ ဆွမ်းအပိုကိုဖယ်၍ ထားဖို့ရန် အလို့ငှါ အပိုကို သန့်သန့်ထားအပ်သော ဆွမ်းလှယ်ဇလုံကြီးဟု ဆိုလိုပါသည် ဘုရား။

http://www.dhammadownload.com



## ဆွမ်းစားကျောင်း၌ ကျင့်ဝတ်များ

ထိုပါဠိတော်ပါဌ်၌ ယော ပဏ္ဍာ ဟူသော ပုဒ်၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်က ထိုမထေရ်တို့သည် အတူတကွ တစ်ပေါင်းတည်း သုံးပါးစလုံး ဆွမ်းခံရွာသို့ မဝင်ကြပါကုန်။ ဤမထေရ်တို့သည် အမှန်အားဖြင့် ဖလသမာပတ္တိ ချမ်းသာကို ခံစား၍ နေကြသော မထေရ်တို့ ဖြစ်ကြပါကုန်သည်။ စောစောကပင် ခန္ဓာကိုယ် သုတ်သင်ရှင်းလင်းခြင်းကို ပြု၍ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ပြီး၍ ကျောင်းအိပ်နေရာသို့ ဝင်ရောက်၍ အပိုင်းအခြားကို ပြု၍ ဖလသမာပတ်ကို ဖြစ်စေ၍ ထိုင်နေကြကုန်သည်ဟု ဆိုပါသည်။

## ပဌမမထေရ်

ထိုသုံးပါးသော မထေရ်တို့တွင် အကြင်မထေရ်သည် ရှေးဦးစွာ ထိုင်နေပြီး၍ မိမိ၏ကာလအပိုင်းအခြား၏ အစွမ်းအားဖြင့် ရှေးဦးစွာ ထ၏။ ထိုမထေရ်သည် ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ ပြန်လည် ဆုတ်နစ်၍ လာခဲ့သည်ရှိသော် ဆွမ်းစားဇရပ်သို့ ကြွလာတော်မူ၍ နှစ်ပါးကုန်သော ရဟန်းတို့သည် မရောက်လာကြသေးကုန်။ ငါသည် ရှေးဦးစွာ ရောက်လာ၏ဟု သိပါသည်ဘုရား။ ထိုအခါ၌ သပိတ်ကို ပိတ်၍ နေရာထိုင်ခင်းတို့ကို ခင်းထားခြင်းကိုပြု၍ အကယ်၍ သပိတ် တည်း၌ ဆွမ်းသည် တစ်ပါးလောက်ရုံမျှသာ ဖြစ်ခဲ့ပါမူကား ထိုင်၍ ဘုဉ်းပေးပါသည်။ အကယ်၍ သပိတ်တည်းက ဆွမ်းသည် ပို၍ နေခဲ့ပါပြားအံ့။ ဆွမ်းလှယ်ဇလုံကြီးထဲသို့ ထည့်ပြီးမှ ထိုဆွမ်းလှယ်ဇလုံ ကြီးကို ပိတ်ထားပြီး၍ မိမိသပိတ်ထဲ၌ရှိသော ဆွမ်းကို ဘုဉ်းပေးပါ သည်။ ဆွမ်းဘုဉ်းပေးသော ကိစ္စပြီးသည်ဖြစ်၍ သပိတ်ကိုဆေး၍

http://www.dhammadownload.com



ထိုသပိတ်ကို ရေမှုကင်းသည်ကိုပြု၍ သပိတ်အိတ်ထဲ၌ သိုမှီး သိမ်းဆည်းပြီး၍ သပိတ်သက်န်းကိုယူ၍ မိမိနေထိုင်ရာ ကျောင်းသင်္ခမ်းသို့ ဝင်ရောက်ပါသည်။

**ဒုတိယထေရ်**

ဒုတိယဖြစ်သော ရဟန်းသည်လည်း လာ၍သာလျှင် တစ်ပါးသော ရဟန်းသည် ရှေးဦးစွာ ရောက်နှင့်လေပြီ။ တစ်ပါးသော ရဟန်းသည် နောက်ကျနေသေးသည်ဟု သိ၏။ ထိုရဟန်းက သပိတ်ထဲမှ ဆွမ်းသည် အတိုင်းအရှည် မျှတလောက်ရုံသာလျှင် ဖြစ်ခဲ့ငြားအံ့။ ထိုအတိုင်းအရှည်မျှလောက်ရုံဖြစ်သော ဆွမ်းကို ဘုဉ်းပေးပါသည်။ အကယ်၍ မိမိသပိတ်ထဲ၌ပါသော ဆွမ်းသည် နည်း၍နေခဲ့ငြားအံ့။ မမျှတလောက်ငြားအံ့။ ဆွမ်းလှယ်ဇလုံကြီးထဲမှ ဆွမ်းကို အနည်းငယ်ယူ၍ ဘုဉ်းပေးပါသည်။ အကယ်၍ အပိုအလွန် ဖြစ်၍ နေခဲ့ငြားအံ့။ ဆွမ်းလှယ်ဇလုံကြီးထဲ၌ ထည့်ပြီးမှ ဘုဉ်းပေးနိုင်ရုံလောက်ဖြစ်သော ပမာဏဆွမ်းကိုသာလျှင် ဘုဉ်းပေး၍ ပဌမ မထေရ်ကဲ့သို့ မိမိသီတင်းသုံးရာ အရပ်ဌာနသို့ ဝင်ရောက်ပါသည်။

**တတိယထေရ်**

တတိယမြောက် နောက်ဆုံးဖြစ်သော ရဟန်းတော်သည်လည်း ကြွလာတော်မူ၍သာလျှင် ဒွေ ပဌမံ အာဂတာ၊ အဟံ ပစ္ဆာတောတိ။ ပဌမ= ရှေးဦးစွာ၊ ဒွေ= နှစ်ပါးကုန်သော ရဟန်းတို့သည်၊ အာဂတာ= ကြွရောက်တော်မူလာကြကုန်ပြီ။ အဟံ= ငါသည်၊ ပစ္ဆာတော= နောက်မှ၊ အာဂတော= လာခဲ့ရ၏။ ဣတိ= ဤသို့ ဇာနာတိ=

http://www.dhammadownload.com



သိပါ၏။ သောပိ= ထိုသိသောရဟန်းသည်လည်း၊ ဒုတိယတ္တေရော ဝိယ= ဒုတိယမထေရ်ကဲ့သို့ ဘုဥ္စိတွာ= ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍၊ ကတဘတ္တကိစ္စော= ဆွမ်းစားပြီးသည်ဖြစ်၍၊ ပတ္တံ= သပိတ်ကို၊ ဓောဝိတွာ= ဆေးကြော၍၊ ဝေါဒကံ= ရေမရှိသည်ကို၊ ကတွာ= ပြု၍၊ ထဝိကာယ= အိတ်၌၊ ဩသာပေတွာ= သွတ်သွင်း၍၊ အာသနာနိ= နေရာတို့ကို၊ ဥက္ခိပိတွာ= ချီမ၍၊ ပဋိသာမေတိ= သိမ်းဆည်း၍ ထားပါ၏ဘုရား။ ပါနီယဃဋေဝါ= သောက်ရေအိုး၌သော်လည်း ကောင်း၊ ပရိဘောဇနီယဃဋေဝါ= သုံးဆောင်ရေအိုး၌သော်လည်း ကောင်း၊ အဝသေသံ= ကြွင်းကျန်သော၊ ဥဒကံ= ရေကို၊ ဆဍ္ဍေတွာ= စွန့်ပစ်၍၊ ဃဋေ= ရေအိုးတို့ကို၊ နိကုဇ္ဇိတွာ= မှောက်၍၊ အဝက္ကာရ ပါတိယံ= ဆွမ်းလှယ်ဇလုံကြီးထဲ၌၊ အဝသေသဘတ္တံ= အကြွင်းအကျန် ဖြစ်သောဆွမ်းသည်၊ သစေဟောတိ= အကယ်၍ ရှိခဲ့ငြားအံ့။ တံ= ထိုဆွမ်းကို၊ ဝုတ္တနယေန= ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်၊ ဇဟိတွာ= မြက်သစ်ပင်မရှိရာအရပ်, ပိုးမွှားမရှိရာ ရေထဲ၌ စွန့်ပစ်ပြီး၍၊ ပါတိံ= ခွက်ကို၊ ဓောဝိတွာ= ဆေးကြော၍၊ ပဋိသာမေတိ= သိုမှီးသိမ်းဆည်း၍ ထားပါသည်ဘုရား။ ဘတ္တဂ္ဂံ= ဆွမ်းစားကျောင်းကို၊ သမ္မဇ္ဇတိ= တံမြက်လှည်းပါသည်။ တတော= ထို့နောင်မှ၊ ကစဝရံ= တံမြက်မှိုက်ကို၊ ဆဍ္ဍေတွာ= စွန့်ပစ်၍၊ သမ္မဇ္ဇနိံ= တံမြက်စည်းကို၊ ဥက္ခိပိတွာ= ချီမ၍၊ ဥပစိကာဟိ= ခြတို့မှ၊ မုတ္တဋ္ဌာနေ= လွတ်ရာအရပ်၌၊ ဌပေတွာ= ထား၍၊ ပတ္တစီဝရံ= သပိတ်သင်္ကန်းကို၊ အာဒါယ= ယူ၍၊ ဝသနဋ္ဌာနံ= နေရာ အရပ်သို့၊ ပဝိသတိ= ဝင်ရောက်ပါသည်။

ဣဒံ= ဤဆိုအပ်ခဲ့ပြီးသည်ကား၊ ထေရာနံ= မထေရ်မြတ်တို့၏၊ ဗဟိဝိဟာရေ= ကျောင်းအပြင်ဘက်၌၊ အရညေ= တောထဲ၌၊

http://www.dhammadownload.com



ဘတ္တကိစ္စကရဏဋ္ဌာနေ= ဆွမ်းစားကိစ္စပြုရာ ဆွမ်းစားအရပ်၌။ ဘောဇနသာလာယံ= ဆွမ်းစားကျောင်း၌၊ ဝတ္တံ= အမြဲပြုအပ်သော ဝတ်တရားပါတည်း။ ဣဒံ= ဤဝတ်တရားကို၊ သန္ဓာယ= ရည်ရွယ် မှန်းထား၍၊ ယောပဏ္ဍာတိ အာဒိ= ယောပဏ္ဍာ ဤသို့ အစရှိသော စကားကို၊ ဝုတ္တံ= ဟောတော်မူအပ်ပါသည် ဟူ၍ အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုအပ်ပါသည် အရှင်ဘုရား။

**ကျောင်းတွင်းကျင့်ဝတ် အဖွင့်များ**

ထိုမှ နောက်၌ ယော ပဿတိ ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကို အကျယ်ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ် သည်-

ယော ပဿတီတိ အာဒိ ပန၊ ယော ပဿတိ- ဤသို့ အစရှိသော စကားသည်ကား၊ နေသံ= ထိုရဟန်းတော်သုံးပါးတို့၏၊ အန္တောဝိဟာရေ= ကျောင်းတွင်း၌၊ ဝတ္တံ= ဆိုအပ်သာ ဝတ်တရားတည်း။ ဣတိ= ဤသို့၊ ဝေဒိတဗ္ဗံ= သိအပ်၏။

ထိုစကားရပ်၌ ဝစ္စဃဋံ ဟူသည် အာစမနကုမ္ဘိ ဟု ဖွင့်ပြပါ သည်။ အာစမနကုမ္ဘီ ဟူသည် သန့်သက်အိုးကို ဆိုလိုပါသည်။

ရိတ္တံ ဟူသည် ရိတ္တကံ= ရေမရှိဘဲ နေသည်ကို ဆိုလိုပါသည်။ တုစ္ဆံ ဟူသော စကားသည် ထိုရိတ္တံ ဟူသောပုဒ်၏ ပရိယာယ်ပင် ဖြစ်ပါသည်ဟု ဖွင့်ပြပါသည်။

ထိုပါဠိတော်စကားရပ်၌ အဝိသယှံ ဟူသော ပုဒ်၏ အဓိပ္ပါယ် အကျယ်ကို ပြောလိုသော အဋ္ဌကထာဆရာမြတ်သည်-

http://www.dhammadownload.com



အဝိသယန္တိ= အဝိသယံ ဟူသည်ကား၊ ဥက္ခိပိတုံ= မြှောက်ချီခြင်းငှါ၊ အသက္ကုဏေယျံ= မစွမ်းနိုင်ခဲ့ပြားအံ့။ အတိဘာရိယံ= အလွန်ဝန်လေး၍ နေခဲ့ပြားအံ့ဟု ဆိုလိုပါသည်။

## နှုတ်ဖြင့်မခေါ် လက်ယပ်၍ခေါ်၏

ဟတ္ထဝိကာရေနာတိ၊ ဟတ္ထဝိကာရေန ဟူသည်ကား။ ဟတ္ထသညာယ= လက်ယပ်၍ပြသော အမှတ်သညာဖြင့်၊ တေ= ထိုမထေရ်မြတ်တို့သည်၊ ပါနီယဃဋ္ဋာဒီသု= သောက်ရေအိုး အစရှိသည်တို့တွင်၊ တုစ္ဆကံ= ရေမရှိသော၊ ယံကိဉ္စိ= အမှတ်မရှိ တစ်စုံတစ်ခုသော အိုးကို၊ ဂဟေတွာ= ယူ၍၊ ပေါက္ခရဏိ= ရေကန်သို့၊ ဂန္တွာ= သွား၍၊ အန္တောစ= အိုးတွင်း၌လည်းကောင်း၊ ဗဟိစ= အိုးပ၌လည်းကောင်း၊ ဓောဝိတွာ= ဆေးကြောသုတ်သင်ပြီး၍၊ ဥဒကံ= ရေကို၊ ပရိဿာဝေတွာ= စစ်၍၊ တီရေ= ကမ်းနား၌၊ ဌပေတွာ= ထား၍၊ အညံ= တစ်ပါးသော၊ ဘိက္ခုံ= ရဟန်းကို၊ ဟတ္ထဝိကာရေန= လက်လှုပ်၍ပြသော အမှတ်သညာဖြင့်၊ အာမန္တေန္တိ= ခေါ်တော်မူကြကုန်၏။

အချင်းချင်း နှုတ်မြွက်၍ မခေါ်ဘဲ မချီ မ,မနိုင်လျှင် လက်ယပ်၍ ခေါ်သည်ဟု ဆိုပါသည်။

## ဘာကြောင့် အသံမပြုသနည်း

ဩဒိဿ ဝါ= အမည်ကို ထုတ်ဖော်ရည်ညွှန်း၍သော်လည်းကောင်း၊ အနောဒိဿ ဝါ= အမည်ကို မထုတ်ဖော် မရည်ညွှန်း၍သော်လည်းကောင်း၊ သဒ္ဒံ= နှုတ်ကမြွက်သော အသံကို၊ န ကရောန္တိ= မပြုကြပါကုန်။ ကသ္မာ ဩဒိဿ သဒ္ဒံ န ကရောန္တိ= အဘယ်ကြောင့်

http://www.dhammadownload.com



ရည်ညွှန်း၍ အသံကို မပြုကြပါကုန်သနည်းဟု အဋ္ဌကထာဆရာသည် မေးခွန်းထုတ်၍၊ တံ ဘိက္ခုံ= ထိုရဟန်းကို၊ သဒ္ဒေါ= အသံသည်၊ ဗာဓေယျ= ညှဉ်းဆဲရာ၏။ တိတ်တိတ်ဆိတ်ဆိတ်နေသော ရဟန်းတော်များဖြစ်၍ အော်ကြီးအော်ကျယ်နှင့် ခေါ်လိုက်ပါလျှင် ထိုအသံက ထိုရဟန်းတော်ကို ညှဉ်းဆဲရာ ကျလိမ့်မည်စိုးသောကြောင့် ဟစ်အော်၍မခေါ်ဟု ဆိုပါသည်။

အဘယ်ကြောင့် မရည်ညွှန်းမူ၍ အသံကို မပြုကြကုန်သနည်းဟူငြားအံ့။ မရည်ညွှန်းမူ၍ အသံကို ပေးခဲ့သည်ရှိသော် နှစ်ပါးစလုံးက ကြားခဲ့သည်ရှိသော် ငါအလျင်သွားမယ်၊ ငါအလျင်သွားမယ် ဟူသော နှလုံးသွင်းဖြင့် နှစ်ပါးစလုံး ထွက်၍လာကုန်ရာ၏။ တစ်ပါးတည်းဖြင့် ပြီးမည့်ကိစ္စကို နှစ်ပါးလာခြင်းအားဖြင့် အချည်းနှီးဖြစ်မည်ကို စိုးရိမ်သောကြောင့် မရည်ညွှန်းမူ၍လည်း အသံကို မပြုဟု ဆိုပါသည်။

ထို့နောက်မှ ဒွိဟိ= နှစ်ပါးကုန်သော ရဟန်းတော်တို့သည်၊ ကတ္တဗ္ဗကမ္မေ= ပြုလုပ်အပ်သော အမှုကိစ္စ၌၊ တတိယဿ= သုံးယောက်မြောက်သော ရဟန်းတော်၏၊ ကမ္မစ္ဆေဒေ= လုပ်ငန်းပြတ်ခြင်းသည်၊ ဘဝေယျ= ဖြစ်ရာ၏။ သံယတပဒသဒ္ဒေါ ပန ဟုတ္တာ= စောင့်စည်းအပ်သော အသံရှိသည်ဖြစ်၍သာလျှင်၊ အပရဿ ဘိက္ခုနော= တစ်ပါးသော ရဟန်း၏၊ ဒိဝါဋ္ဌာနသန္တိကံ= နေ့သန်ရာအရပ်သို့ ဂန္တွာ= သွား၍၊ တေန= ထိုရဟန်းသည်၊ ဒိဋ္ဌဘာဝံ= မြင်သည်၏အဖြစ်ကို၊ ဉတွာ= သိ၍၊ ဟတ္ထသညံ= လက်လှုပ်၍ပြသောအမှတ်ကို၊ ကရောတိ= ပြု၏။ တာယ သညာယ= ထိုလက်ယပ်၍ပြသော သညာဖြင့်၊ ဣတရော= ရဟန်းတစ်ပါးက၊ အာဂစ္ဆတိ= ကြွတော်မူလာ၏။

http://www.dhammadownload.com



ထို့နောင်မှ နှစ်ပါးကုန်သော ရဟန်းတော်တို့သည် လက်ချင်း ယှက်၍ နှစ်ဖက်ကုန်သော လက်တို့၌ အိုးကိုထား၍ ရေကိုတည်ကြ ကုန်သည်ဟု ဆိုပါသည် ဘုရား။ ထိုစကားကို ရည်ရွယ်မှန်းထား၍ "ဟတ္ထဝိကာရေန ဒုတိယံ အာမန္တေတွာ ဟတ္ထဝိလင်္ဃကေန ဥပဋ္ဌပေမ" ဟု ဆိုပါသည်။

## ပဌာဟိကံ အဓိပ္ပါယ်

ပဌာဟိကံ ခေါ ပန ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ပဌာဟိကံ ခေါ ပနာတိ၊ ပဌာဟိကံ ခေါ ပန ဟူသည်။ တစ်ဆယ့်လေးရက်မြောက်သော နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်မြောက်သောနေ့၌လည်း ကောင်း၊ လဆုတ်လကွယ်, လဆန်းလဆုတ် ရှစ်ရက်နေ့၌လည်း ကောင်း ဤသည်ကို ရှေးဦးစွာ ပကတိ တရားနာသောနေ့ဟု ဆိုလိုပါသည်။ ထိုနေ့ကို ပျက်စီးခြင်းကို မပြုမူ၍ ငါးခုမြောက် ငါးခုမြောက် ဖြစ်သောနေ့များ၌လည်း မထေရ်နှစ်ပါးတို့သည် နေမမြင့်သေးသော အချိန်အခါကာလ၌ ရေမိုးချိုးတော်မူကြကုန်ပြီး၍ အနုရုဒ္ဓါ မထေရ်မြတ်၏ သီတင်းသုံးရာအရပ်သို့ သွားကြပါကုန်သည်။ ထိုအရပ်၌ သုံးပါးကုန်သော မထေရ် တို့သည် ထိုင်ကြကုန်သည်ဖြစ်၍ သုံးပုံကုန်သော ပိဋကတော်တို့တွင် အမှတ်မထား တစ်ပါးပါးသော ပိဋကတ်၌ ပဉ္စာပြဿနာကို မေးမြန်းကြပါကုန်သည်။ အချင်းချင်း ဖြေဆိုကြပါကုန်သည်။ ဤကဲ့သို့ ပြုလုပ်၍ နေကြကုန်သော ထိုမထေရ် သုံးပါးတို့အား အရုဏ်သည် တက်၍သွားပါသည်။ ထိုအရုဏ်တက်၍ သွားသည်ကို ရည်ရွယ်မှန်းထား၍ ဆိုလိုပါသည်။

http://www.dhammadownload.com



ဤမျှလောက် မထေရ်မြတ်သည် မြတ်စွာဘုရားက မမေ့မလျော့နေခြင်း၏ အကြောင်းရင်းဖြစ်သော လက္ခဏာကို မေးတော်မူသဖြင့် မေ့လျော့သင့် မေ့လျော့ထိုက်သော အရာဌာနတို့၌ပင်လျှင် မမေ့မလျော့ခြင်း၏ အကြောင်းကို ဖြေဆိုခြင်း ဖြစ်ပါသည်။

**ဗာဟိရကိစ္စတို့၌လည်း မမေ့မလျော့**

တစ်ပါးကုန်သော ရဟန်းတို့၏လည်း ဆွမ်းခံခြင်းဝတ် ကြွလာသောအခါကာလ၌ ထွက်သွားသောအခါကာလ၌ သင်္ကန်းဝတ်ခြင်း၊ သင်္ကန်းလဲလှယ်ခြင်း၊ သင်္ကန်းရုံခြင်း၊ ရွာတွင်း၌ ဆွမ်းအလို့ငှါ လှည့်လည်ခြင်း၊ တရားဟောခြင်း၊ အနုမောဒနာပြုခြင်း၊ ရွာမှထွက်၍ ဆွမ်းကိစ္စကိုပြုခြင်း၊ သပိတ်ဆေးခြင်း၊ သပိတ်ကို သိုမှီးခြင်း၊ သပိတ်သင်္ကန်းကို သိုမှီးခြင်း အစရှိသော ကျယ်ဝန်းသော အလုပ်ရှိကြပါကုန်သည်။ ထိုကြောင့် ထိုကဲ့သို့ မေ့လျော့အပ်သော ကျယ်ဝန်းသော အလုပ်တို့၌ပင်လည်း မမေ့မလျော့ကြောင်းကို လျှောက်ထားပါသည်။ ထိုကြောင့် မထေရ်မြတ်သည် ဘုရားတပည့်တော်တို့ ဤမျှလောက်သော ဌာနကိုလွှတ်၍ မေ့လျော့သော ကာလမည်သည် မရှိပါဟု ပြလိုသည်ဖြစ်၍ ပမာဒဋ္ဌာနေသုယေဝ အပ္ပမာဒလက္ခဏံ ဝိသဇ္ဇေသိ။ ပမာဒဋ္ဌာနေသုယေဝ= မေ့လျော့ထိုက်သော ဌာနတို့၌ပင်လျှင်၊ အပ္ပမာဒလက္ခဏံ= မမေ့မလျော့ခြင်းကို မှတ်ကြောင်းလက္ခဏာကို၊ ဝိသဇ္ဇေသိ=ဖြေဆိုတော်မူပါသတည်း။

http://www.dhammadownload.com



**ပဌမစျာန်ကို မေးမြန်းခြင်း**

စူဠဂေါသိင်္ဂတော၌ သီတင်းသုံး၍ နေကြကုန်သော အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ မထေရ်မြတ်တို့၏ မမေ့မလျော့နေထိုင်ခြင်း၏အကြောင်းကို မေးတော်မူသည်ဖြစ်၍ မြတ်စွာဘုရားအား မမေ့မလျော့ နေထိုင်ခြင်း၏အကြောင်းကို ဖြေကြားပြီးသောအခါကာလ၌ မြတ်စွာဘုရားက အနုရုဒ္ဓါမထေရ်မြတ်အား ကောင်းချီးနုမော် သာဓုခေါ်ခြင်းကို ပေးတော်မူပြီး၍ ပဌမစျာန်ကို မေးမြန်းတော်မူလိုသည်ဖြစ်၍-

**အတ္ထိ ပန ဝေါ အနုရုဒ္ဓါ ဧဝံ အပ္ပမတ္တာနံ အာတာပီနံ ပဟိတတ္တာနံ ဝိဟရန္တာနံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ။**

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့ . . .၊ ဧဝံ= ဤသို့၊ အပ္ပမတ္တာနံ= မမေ့မလျော့နေထိုင်ကြကုန်သော၊ အာတာပီနံ= ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သော၊ ပဟိတတ္တာနံ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သော၊ ဝါ= ကိုယ်နှင့်အသက် အငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရန္တာနံ= နေထိုင်ကြကုန်သော၊ ဝေါ= သင်ချစ်သားတို့အား၊ ဥတ္တရိမနုဿဓမ္မာ= လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ အဓိဂတော= ရအပ်သိအပ်သော၊ အလမရိယဉာဏဒဿနဝိသေသော= အရိယာအဖြစ်ကို ပြုနိုင်သော ဉာဏ်အမြင်အထူးရှိသော၊ ဖာသုဝိဟာရော= ချမ်းသာစွာနေရခြင်းသည်၊ အတ္ထိပန= ရှိပါသလော။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားက ပဋ္ဌမစျာန်ချမ်းသာဖြင့် နေထိုင်နိုင်ကြပါကုန်၏လော ဟူသော အမေးစကားကို မေးမြန်းတော်မူသော အခါကာလ၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်က-

**ကိံ ဟိ နော သိယာ ဘန္တေ။ ဣဓ မယံ ဘန္တေ ယာဝဒေဝ အာကင်္ခါမ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမ၊ အယံ ခေါ နော ဘန္တေ အမှာကံ အပ္ပမတ္တာနံ အာတာပီနံ ပဟိတတ္တာနံ ဝိဟရန္တာနံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ။**

ဘန္တေ= ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား၊ ကိံ ဟိ နော သိယာ= အဘယ်မှာလျှင် မရှိဘဲ ရှိပါတော့အံ့နည်း။ ဘန္တေ= အရှင်ဘုရား၊ မယံ= ဘုရားတပည့်တော်တို့သည်၊ ဣဓ= ဤတောတွင်း၌၊ ယာဝဒေဝ= အကြင်မျှလောက်သော ကာလပတ်လုံး၊ အာကင်္ခါမ= အလိုရှိကြပါကုန်၏။ တာဝ= ထိုမျှလောက်သော ကာလပတ်လုံး၊ ကာမေဟိ= ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ= ကင်း၍ဆိတ်၍သာလျှင်၊ အကုသလေဟိ= အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေဟိ= နီဝရဏတရားတို့မှ၊ ဝိဝိစ္စဝေ= ကင်း၍ဆိတ်၍သာလျှင်၊ သဝိတက္ကံ= ဝိတက်နှင့်လည်းတကွဖြစ်သော၊ သဝိစာရံ= ဝိစာရနှင့်လည်းတကွဖြစ်သော၊ ဝိဝေကဇံ= နီဝရဏတို့မှ ကင်းခြင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိသုခံ= ပီတိသုခရှိသော၊ ပဌမံ= ရှေးဦးစွာသော၊ ဈာနံ= ဈာန်ကို၊ ဥပသမ္ပဇ္ဇ= ပြည့်စုံစေ၍။ ဝိဟရာမ= နေထိုင်ကြပါကုန်သည်ဘုရား။ ဘန္တေ= ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား၊ အယံ= ဤကဲ့သို့ ပဌမစျာန်ဖြင့် နေထိုင်ခြင်းသည်၊ အပ္ပမတ္တာနံ=

http://www.dhammadownload.com



မမေ့မလျော့သော သတိတရား ရှိကြကုန်သော၊ အာတာပီနံ= ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကြကုန်သော၊ အာတာပီနံ= ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကြကုန်သော၊ ပဟိတတ္တာနံ= ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရန္တာနံ= နေကြကုန်သော၊ အမှာကံ= ဘုရားတပည့်တော်တို့အား၊ ဥတ္တရိမနုဿဓမ္မာ= လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ အလမရိယဉာဏဒဿန ဝိသေသော= အရိယာပုဂ္ဂိုလ်အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော၊ အဓိဂတော= ရအပ် သိအပ်သော၊ ဖာသုဝိဟာရော= ချမ်းသာစွာနေရခြင်းပင် ဖြစ်ပါတော့သည် အရှင်ဘုရား။

### ဥတ္တရိမနုဿဓမ္မ အဓိပ္ပါယ်

ဤကဲ့သို့ မြတ်စွာဘုရားက မေးတော်မူ၍ အနုရုဒ္ဓါမထေရ်မြတ်က ဖြေကြားလျှောက်ထားအပ်သော စကားရပ်တွင် အတ္ထိ ပန ဝေါ အစရှိသော စကားအစဉ်၌ ဥတ္တရိမနုဿဓမ္မ ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ဥတ္တရိမနုဿဓမ္မာတိ အစရှိသည်ကို မိန့်ဆိုပါသည်။

မနုဿဓမ္မတော= လူတို့၏ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်၊ ဥတ္တရိ= အလွန်ဖြစ်သောဟု အဓိပ္ပါယ်ကို ဖွင့်ပြပါသည် ဘုရား။

### အလမရိယဉာဏဒဿနဝိသေသော

ထို့နောက် အလမရိယဉာဏဒဿနဝိသေသော ဟူသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် အလမရိယ

http://www.dhammadownload.com



ဉာဏဒဿနဝိသေသောတိ၊ အလမရိယဉာဏဒဿနဝိသေသော ဟူ၍ကား အရိယဘာဝကရဏသမတ္ထော= အရိယာအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော၊ ဉာဏဝိသေသော= ဉာဏ်အမြင်အထူးတည်း။

## ကိံ ဟိ နော သိယာ

ထို့နောက် အရှင်အနုရုဒ္ဓါသည် လျှောက်ထားအပ်သော ကိံ ဟိ နော သိယာ ဘန္တေ ဟူသော စကား၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ကိံ ဟိ နော သိယာ ဘန္တေတိ၊ . . . ဘန္တေ ဟူသည်ကား။ ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ကသ္မာ= အဘယ်ကြောင့်၊ နာဓိဂတော= မရမရှိခြင်းသည်၊ ဘဝိဿတိ= ဖြစ်ပါအံ့နည်း။ အဓိကတောယေဝ= ရအပ်၊ သိအပ်သည်သာလျှင်တည်း။ ဤသို့ ဖွင့်ပြပါသည် ဘုရား။

ယာဝဒေဝ ဟူသော ပုဒ်ကိုလည်း ယာဝဒေဝါတိ။ ယာဝဒေဝ= အကြင်မျှလောက်သော ကာလပတ်လုံးသာလျှင် ဟူ၍ ဖွင့်ပြပါသည်။

## ဒုတိယစျာန် စသည်

ဤကဲ့သို့ ပဌမစျာန်ကို မေးမြန်းရာ၌ ပဌမစျာန်ဖြင့် အလိုရှိသလို နေနိုင်ကြောင်းကို ဖြေကြားပြီးသည်၏ အခြားမဲ့၌လည်း ထိုနည်းတူစွာ ဒုတိယစျာန် အစရှိသည်တို့ကိုလည်း မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

ဧဝံ= ဤသို့၊ ပဌမဇ္ဈာနာဓိဂမေ= ပဌမစျာန်ရခြင်းကို၊ ဗျာကတေ= ပြောကြားအပ်ပြီးသည်ရှိသော်၊ ဒုတိယဇ္ဈာနာဒီနိ= ဒုတိယစျာန်အစရှိသည်ကို၊ ပုစ္ဆန္တော= မေးမြန်းတော်မူလိုသည်ဖြစ်၍၊ တေသ

http://www.dhammadownload.com



ပန ဝေါတိ အာဒိ၊ တေသ ပန ဝေါ- ဤသို့ အစရှိသည်ကို၊ အာဟ= ဟောတော်မူပါသည်။

ဤကဲ့သို့ ပဌမစျာန်ရရှိခြင်း၏ အကြောင်းကို ဖြေကြားပြီးသော အခါကာလ၌ မြတ်စွာဘုရားသည်၊

သာဓု သာဓု အနုရုဒ္ဓါ၊ တေသ ပန ဝေါ အနုရုဒ္ဓါ ဝိဟာရဿ သမတိက္ကမာယ တေသ ဝိဟာရဿ ပဋိပဿဒ္ဓိယာ အတ္ထညော ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ- စသည်ဖြင့် မေးမြန်းပြန်ပါသည် အရှင်ဘုရား။

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့၊ သာဓု သာဓု= ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါ= ချစ်သား အနုရုဒ္ဓါတို့၊ တေသ ဝိဟာရဿ= ဤပဌမစျာန်သမာပတ်ဖြင့် နေထိုင်ခြင်းကို၊ သမတိက္ကမာယ= ကောင်းစွာ လွန်မြောက်ခြင်း အကျိုးငှါ၊ တေသ ဝိဟာရဿ= ဤပဌမ စျာန်သမာပတ်ဖြင့် နေထိုင်ခြင်းကို၊ ပဋိပဿဒ္ဓိယာ= ငြိမ်းအေးစေခြင်း အကျိုးငှါ၊ အညော= ပဌမစျာန်မှ တစ်ပါးသော၊ ဥတ္တရိမနုဿဓမ္မာ= လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ အလမရိယဉာဏဒဿနဝိသေသော= အရိယာအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော၊ အဓိဂတော= ရအပ်သိမြင် အပ်သော၊ ဖာသုဝိဟာရော= ချမ်းသာစွာ နေရမှုသည်၊ အတ္ထိ= ရှိပါသလော။

## သမတိက္ကမာယ စသည်

ဤသို့စသောအားဖြင့် ပဌမစျာန်ကို မေးပြီးသည်၏ အခြားမဲ့၌ ဒုတိယစျာန် အစရှိသည်တို့ကို မေးမြန်းတော်မူပြန်ပါသည်။ ထိုကဲ့သို့

http://www.dhammadownload.com



မေးမြန်းရာ၌ သမတိက္ကမာယ ဟူသော ပါဠိတော်၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် သမတိက္ကမာယာတိ သမတိက္ကမတ္ထာယ ဟု ဖွင့်ပြပါသည်ဘုရား။ သမတိက္ကမတ္ထာယ= ကောင်းစွာလွန်မြောက်ခြင်း အကျိုးငှါဟု ဆိုလိုပါသည်။ ပဋိပဿဒ္ဓိယာ ဟူသော ပုဒ်၏အဓိပ္ပါယ်ကိုလည်း ပဋိပဿဒ္ဓတ္ထာယ- တစ်ဖန် ငြိမ်းအေးစေခြင်းအကျိုးငှါဟူ၍ ဖွင့်ပြပါသည် ဘုရား။ ကြွင်းသော ပါဠိတော်စကားရပ်တို့၌ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သိအပ်ပါသည်။ နောက်ဆုံးဖြစ်သော ပြဿနာ၌မူကား လောကုတ္တရာဉာဏ်အမြင်၏ အစွမ်းအားဖြင့် ရအပ်သိအပ်သော နိရောဓသမာပတ်ကို မြတ်စွာ ဘုရားသည် မေးမြန်းတော်မူလိုသည် ဖြစ်၍၊

**နိရောဓသမာပတ်ကို မေးခြင်း**

သာဓု သာဓု အနုရုဒ္ဓါ၊ ဧတဿ ပန ဝေါ အနုရုဒ္ဓါ ဝိဟာရဿ သမတိက္ကမာယ ဧတဿ ဝိဟာရဿ ပဋိပဿဒ္ဓိယာ အတ္ထညော ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ- ဟူ၍ မြတ်စွာဘုရားသည် နောက်ထပ်တစ်ဖန် မေးမြန်းပြန်ပါသည် အရှင်ဘုရား။

အနုရုဒ္ဓါ= အနုရုဒ္ဓါတို့၊ သာဓု သာဓု= ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါ= အနုရုဒ္ဓါတို့၊ ဝေါ= သင်ချစ်သားတို့အား၊ ဧတဿ ဝိဟာရဿ= ဤနေဝသညာနာသညာယတနသမာပတ်ဖြင့် နေထိုင်ရခြင်းကို၊ သမတိက္ကမာယ= ကောင်းစွာလွန်မြောက်ခြင်း အကျိုးငှါ၊ ဧတဿ ဝိဟာရဿ= ဤနေဝသညာနာသညာယတန သမာပတ်ဖြင့် နေထိုင်ခြင်းကို၊ ပဋိပဿဒ္ဓိယာ= တစ်ဖန် ငြိမ်းအေးစေ

http://www.dhammadownload.com



ခြင်းအကျိုးငှါ၊ အညော= နေဝသညာနာသညာယတန သမာပတ်မှ တစ်ပါးသော၊ ဥတ္တရိမနုဿဓမ္မာ= လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ အလမရိယဉာဏဒဿနဝိသေသော= မြတ်သော အရိယာအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင် အထူးရှိသော၊ အဓိဂတော= ရအပ်သိအပ်သော၊ ဖာသုဝိဟာရော= ချမ်းသာစွာနေရခြင်းသည်၊ အတ္ထိ= ရှိပါသလော။

**အရှင်အနုရုဒ္ဓါ လျှောက်ပြခန်း**

ဘန္တေ= ကျေးဇူးကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ကိံ ဟိ နော သိယာ= အဘယ်မှာလျှင် မဖြစ်ဘဲ ရှိပါတော့အံ့နည်း။ ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဣဓ= ဤတော တွင်း၌၊ မယံ= ဘုရားတပည့်တော်တို့သည်၊ ယာဝဒေဝ= အကြင်မျှ လောက်သော ကာလပတ်လုံး၊ အာကင်္ခါမ= ဝင်စားခြင်းငှါ အလိုရှိကြ ပါကုန်၏။ တာဝဒေဝ= ထိုမျှလောက်သော ကာလပတ်လုံး၊ သဗ္ဗသော= ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ နေဝသညာ နာသညာယတနံ= နေဝသညာနာသညာယတန သမာပတ်ကို၊ သမတိက္ကမ္မ= ကောင်းစွာလွန်မြောက်ပြီး၍၊ သညာဒေဝယိတနိရောဓံ= သညာဝေဒနာတို့၏ အကြွင်းမဲ့ချုပ်သော နိရောဓသမာပတ်ကို၊ ဥပသမ္ပဇ္ဇ= ပြည့်စုံစေ၍။ ဝိဟရာမ= နေကြပါကုန်သည် ဘုရား။

ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ နော= ဘုရားတပည့်တော်တို့၏၊ ပညာယစ= အရိယာပညာဖြင့်လည်း၊ ဒိသွာ= ရှုမြင်ကြကုန်သည်ဖြစ်၍၊ အာသဝါ= အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ= ကုန်ခန်းကြပါကုန်ပြီ ဘုရား။

http://www.dhammadownload.com



ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တေသ ဝိဟာရသ= ဤကဲ့သို့ နေဝသညာနာသညာယတန သမာပတ်ဖြင့် နေထိုင်ခြင်းကို၊ သမတိက္ကမာယ= ကောင်းစွာ လွန်မြောက်ခြင်းငှါ၊ တေသ ဝိဟာရသ= ဤနေဝသညာနာသညာ ယတန သမာပတ်ဖြင့် နေထိုင်ခြင်းကို၊ ပဋိပဿဒ္ဓိယာ= တစ်ဖန် ငြိမ်းအေးစေခြင်းအကျိုးငှါ၊ ဥတ္တရိမနုဿဓမ္မာ= လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော၊ အလမရိယညာဏ ဒဿနဝိသေသော= အရိယာ၏အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော၊ အဓိဂတော= ရအပ်သိအပ်သော၊ အညော= တစ်ပါးသော၊ ဖာသုဝိဟာရော= ချမ်းသာစွာနေထိုင်ရခြင်း သည်၊ အယံ= ဤနိရောဓသမာပတ်ပင် ဖြစ်ပါတော့သည် ဘုရား။

## နိရောဓသမာပတ်ထက် လွန်သောချမ်းသာ မရှိ

ဘန္တေ= ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဣမမှာစ ဖာသုဝိဟာရာ= ဤနိရောဓသမာပတ်ဖြင့် နေထိုင်ရခြင်းမှ၊ ဥတ္တရိတရံဝါ= အထူးသဖြင့် သာလွန်သည်လည်း ဖြစ်သော၊ ပဏီတတရံဝါ= အထူးသဖြင့် မြတ်သည်လည်းဖြစ်သော၊ အညံ= တစ်ပါးသော၊ ဖာသုဝိဟာရံ= ချမ်းသာစွာနေရခြင်းကို၊ မယံ= ဘုရား တပည့်တော်တို့သည်၊ နသမနုပဿာမ= မတွေ့မမြင်ကြရကုန်တော့ပါ အရှင်ဘုရား။

ဤကဲ့သို့ အရှင်အနုရုဒ္ဓါအရှင်မြတ်က ရဟန်းသုံးပါးတို့သည် တောတွင်း၌ နိရောဓသမာပတ်ကို ဝင်စား၍ အလိုရှိတိုင်း နေထိုင်သည့် အကြောင်းကို လျှောက်ထားသော ပါဠိတော်စကားရပ်၌ အလမရိယ

http://www.dhammadownload.com



ဉာဏဒဿနဝိသေသော အစရှိသော စကားကို လျှောက်ထားပါသည်။ မထေရ်မြတ်သည်လည်း ပဉ္စာအားလျော်သဖြင့် ဖြေကြားတော်မူပါသည်။

**ဝေဒယိတသုခထက် အဝေဒယိတသုခက မွန်မြတ်၏**

ထိုစကားရပ်၌ အကြင်ကြောင့် ခံစားရသော ဝေဒယိတသုခထက် ခံစားအပ်သော သဘောမရှိသော အဝေဒယိတသုခသည် သာလွန်၍ ငြိမ်သက်၏။ သာလွန်၍ မွန်မြတ်သည် ဖြစ်ပါ၏။ ထိုကြောင့် ထိုနိရောဓသမာပတ်ထက် လွန်မြတ်သော သမာပတ်ကို ချမ်းသာစွာနေရခြင်းကို မတွေ့မမြင်ရပါဘုရားဟု "အညံ ဖာသုဝိဟာရံ ဥတ္တရိတရံ ဝါ ပဏီတတရံ ဝါ န သမနုဿပဿာမ"ဟူ၍ လျှောက်ထားပါသည် ဘုရား။

**မြတ်စွာဘုရား ပြန်ကြွသည့်အခါ**

ဤကဲ့သို့ လျှောက်ထားပြီး၍ မြတ်စွာဘုရားသည် သာခုနုမော်ခေါ်၍ သပိတ်သင်္ကန်းကိုယူ၍ နေရာမှထ၍ ကြွတော်မူသော အခါ ကျောင်းပရိဝုဏ်အတွင်း တောဝသို့ ရောက်သည်တိုင်အောင် မထေရ်မြတ်သုံးပါးတို့သည် မြတ်စွာဘုရားအား သပိတ်သင်္ကန်းကို ယူ၍ လိုက်ပို့ကြပါကုန်သည်ဘုရား။ ထိုကဲ့သို့ လိုက်ပို့ကုန်သော ရဟန်းသုံးပါးတို့အား မြတ်စွာဘုရားသည် အခါကာလအား လျှောက်ပတ်သော တရားစကားဖြင့် ချီးမြှောက်တော်မူပါသည်။ ကောင်းစွာ ရွှင်ပြစေပါသည်။ ကောင်းစွာ ထက်စေပါသည်။

http://www.dhammadownload.com



**ဓမ္မိယာ ကထာယ**

ဤသို့ အစရှိသော စကားရပ်ဖြင့် မြတ်စွာဘုရားသည် ချီးမြှောက်တော်မူသော အခါကာလ၌ ဓမ္မိယာ ကထာယ ဟူသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်-

ဓမ္မိယာ ကထာယာတိ၊ ဓမ္မိယာ ကထာယ- ဟူသည်ကား။ သာမဂ္ဂိရသာနိသံသပ္ပဋိသံယုတ္တာယ= အညီအညွတ် နေထိုင်ရခြင်းကြောင့် ဖြစ်သော အရသာ၏အကျိုးအာနိသင်နှင့် ယှဉ်စပ်သော၊ ဓမ္မိယာ= တရားနှင့်ယှဉ်စပ်သော၊ ကထာယ= စကားဖြင့်၊ သမုတ္တေဇေတိ= ကောင်းစွာ ထက်စေပါသည်ဘုရား။

**သာမဂ္ဂိရသကိုသာ ဟောရခြင်းမှာ**

သဗ္ဗေပိ= အလုံးစုံလည်း ဖြစ်ကုန်သော၊ တေ= ထိုရဟန်းတော်သုံးပါးတို့သည်၊ စတူသု= လေးပါးကုန်သော၊ သစ္စေသု= သစ္စာတရားတို့၌၊ ပရိနိဋ္ဌိတကိစ္စာ= ပြီးဆုံးပြီးသောကိစ္စ ရှိကြပါကုန်သည်ဘုရား။ တေန= ထိုကြောင့်၊ တေသံ= ထိုရဟန်းတော်သုံးပါးတို့အား၊ ပဋိဝေဓတ္ထာယ= ထိုးထွင်း၍ သိခြင်းအကျိုးငှါ၊ ကိဉ္စိ= တစ်စုံတစ်ခုသော၊ ကထေတဗ္ဗံ= ဟောပြောအပ်သော တရားစကားသည်၊ နတ္ထိ= မရှိတော့ပါပြီ။ ပန= သို့သော်လည်း၊ သာမဂ္ဂိရသေန= အညီအညွတ်နေထိုင်ရခြင်းကြောင့် ဖြစ်သော အရသာအားဖြင့်၊ အယဉ္စ အယဉ္စ အာနိသံသောတိ= ဤသည်လည်း ဤသည်လည်း အကျိုးအာနိသံသ တည်းဟု၊ သာမဂ္ဂိရသာနိသံသမေဝ= အညီအညွတ် နေထိုင်ရခြင်းကြောင့် ဖြစ်ပေါ်သော အရသာ၏ အကျိုးတရားကိုသာလျှင်၊ နေသံ= ထိုရဟန်းတို့အား၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ ကထေသိ= ဟောကြား

http://www.dhammadownload.com



တော်မူပြီ။ ဤသို့ ဓမ္မိယာ ကထာယ-ဟူသော ပုဒ်ကို ဖွင့်ဆိုအပ်ပါသည်ဘုရား။

**လိုက်ပို့ရာမှ ပြန်လာကြပုံ**

ထိုအခါ မြတ်စွာဘုရားကို အစဉ်လိုက်၍ ပို့ကြပြီး၍ မြတ်စွာဘုရား၏ သပိတ်သက်န်းကိုယူ၍ မြတ်စွာဘုရား ခွင့်ပြုသည့်အရပ်မှ ပြန်လာခဲ့သည့်အကြောင်းကို-

ဘဂဝန္တံ အနုသံယာယိတွာတိ၊ ဘဂဝန္တံ အနုသံယာယိတွာ-ဟူသည်ကား။ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ အနုဂန္တွာ= အစဉ်လိုက်ပို့ကြကုန်ပြီး၍၊ တေ= ထိုရဟန်းတော်တို့သည်၊ ဘဂဝတော= မြတ်စွာဘုရား၏၊ ပတ္တစီဝရံ= သပိတ်သက်န်းကို၊ ဂဟေတွာ= ယူ၍၊ ထောကံ= အနည်းငယ်၊ အာဂမံသုကိရ= လိုက်၍သွားကြကုန်သတတ်။ အထ= ထိုအခါ၌၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ ဝိဟာရဿ= ကျောင်း၏၊ ပရိဝေဏပရိယန္တံ= စည်းရိုးပရိဝုဏ်အဆုံးသို့၊ ဂတကာလေ= ရောက်သောအခါကာလ၌၊ မေ= ငါဘုရား၏၊ ပတ္တစီဝရံ= သပိတ်သက်န်းကို၊ အာဟရထ= ဆောင်ယူခဲ့ကြကုန်လော့။ တုမှေ= သင်ချစ်သားတို့သည်၊ ဣဓေဝ= ဤအရပ်၌သာလျှင်၊ တိဋ္ဌထ= ရပ်တည်ရစ်ကြကုန်လော့။ ဣတိ= ဤသို့၊ ဝတွာ= ဆို၍၊ ပက္ကာမိ= ဖဲကြွတော်မူပါသည်။ တတော ပဋိနိဝတ္တိတွာတိ၊ တတော ပဋိနိဝတ္တိတွာ- ဟူသည်ကား။ တတော ဌိတဋ္ဌာနတော= ထိုရပ်ရာအရပ်မှ၊ နိဝတ္တိတွာ= ပြန်လည်ဆုတ်နစ်ခဲ့ကြကုန်ပြီး၍။

http://www.dhammadownload.com



**အရှင်အနုရုဒ္ဓါအား အပြစ်တင်ကြပုံ**

ကျောင်းသို့ ရောက်သောအခါ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့က "အရှင်အနုရုဒ္ဓါမထေရ်မြတ်ဘုရား . . . အရှင်ဘုရားကို တပည့်တော်တို့သည် ဤမည် ဤမည်သော သမာပတ်ကို ဝင်စား၍ နေကြပါကုန်သည်။ ဤမည် ဤမည်သော ဝိဟာရနှင့် နေထိုင်ကြပါကုန်သည် ဟူ၍ မလျှောက်ထား မပြောကြားပါဘဲနှင့် အရှင်ဘုရားသည် တပည့်တော်တို့၏ ဤမည် ဤမည်သော သမာပတ်နှင့် နေထိုင်ပုံ၊ ဤမည် ဤမည်သော ဝိဟာရရှိပုံကို မြတ်စွာဘုရားအား လျှောက်ထားရလေသလော" ဟူ၍ စောဒနာဝင်ကြပါသည် ဘုရား။

ဤကဲ့သို့ စောဒနာဝင်သောစကား၌ ကိံ နု ခေါ မယံ အာယသ္မတော- အစရှိသော စကား၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်-

ကိံ နု ခေါ မယံ အာယသ္မတောတိ၊ ကိံ နု ခေါ မယံ အာယသ္မတော- ဟူသည်ကား။ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ နိဿာယ= အမှီပြု၍၊ ပဗ္ဗဇ္ဇာဒီနိ= ရဟန်းအဖြစ် အစရှိသည်တို့ကို၊ အဓိဂန္တွာပိ= ရပင်ရငြားကုန်သော်လည်း၊ အတ္တနော= မိမိ၏၊ ဂုဏကထာယ= ဂုဏ်ကျေးဇူးကို ပြောကြားသောစကား၌၊ အဋ္ဋီယမာနာ= ရှက်နိုးတော်မူကြကုန်သည်ဖြစ်၍၊ အဓိဂမပ္ပိစ္ဆတာယ= တရားအထူးကို သိခြင်း၌ နည်းပါးသော အလိုရှိသည်၏အဖြစ်ကြောင့်၊ အာဟံသု= ပြောကြားကြပါကုန်ပြီ။ ဤကဲ့သို့ အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်ဘုရား။

က္ကမာသဥ္စ က္ကမာသဥ္စာတိ၊ က္ကမာသဥ္စ က္ကမာသဥ္စ- ဟူသည်ကား။ ပဋ္ဌမဇ္ဈာနာဒီနံ= ပဋ္ဌမဈာန် အစရှိကုန်သော၊ လောကိယ

http://www.dhammadownload.com



လောကုတ္တရာနံ= လောကီ လောကုတ္တရာတရားတို့၏၊

ဤသမာပတ်တို့ကို ဝင်စားတဲ့အကြောင်းကို အရှင်ဘုရားအား တပည့်တော်တို့ မပြောကြားရပါကုန်။ တပည့်တော်တို့က မပြောကြား ပါဘဲနှင့် အရှင်ဘုရားသည် တပည့်တော်တို့ ဝင်စားပုံကို မြတ်စွာဘုရား အား လျှောက်ထားခြင်းသည် ရှက်နိုးဖွယ်ကောင်း ရှိလှပါသည်ဟု လျှောက် ထားကြပါကုန်သည် ဘုရား။

## အဘိညာဉ်ဖြင့် သိခြင်း

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "ငါ့ရှင်တို့က ငါ့အား ဤကဲ့သို့ မပြောကြားသည်ကား မှန်ပေ၏။ သို့ရာတွင် ငါသည် ငါ၏ စိတ်ဖြင့် ငါ့ရှင်တို့၏ ဝင်စားသော သမာပတ်ကို သိရပေသည်။ နတ်တို့ကလည်း ငါ့ရှင်တို့သည် ဤမည် ဤမည်သောနေ့၌ ဤမည် ဤမည်သော သမာပတ်ဖြင့် နေထိုင်ကြသည့်အကြောင်းကို လျှောက် ထားလာသည်။ ထို့ကြောင့် ငါသည် သိရပေသည်" ဟူ၍ အရှင် အနုရုဒ္ဓါမထေရ်မြတ်က ပြန်ပြောအပ်သော စကားရပ်၌-

စေတသာ စေတော ပရိစ္စ ဝိဒိတောတိ၊ စေတသာ စေတော ပရိစ္စဝိဒိတော- ဟူသည်ကား။ အဇ္ဇ= ယနေ့၊ မေ= ငါ၏၊ အာယသ္မန္တော= အရှင်ကောင်းတို့သည်၊ လောကိယသမာပတ္တိယာ= လောကီသမာပတ်ဖြင့်၊ ဝိတိနာမေသုံ= ကုန်လွန်စေကြကုန်ပြီ။ အဇ္ဇ= ယနေ့ လောကုတ္တရာယ= လောကုတ္တရာ သမာပတ်ဖြင့်၊ ဝိတိနာမေသုံ= ကုန်လွန်စေကြကုန်ပြီ။ ဣတိဝေ= ဤသို့၊ စိတ္တေန= မိမိစိတ်ဖြင့်၊ စိတ္တံ= သီတင်းသုံးဖော်တို့၏ စိတ်ကို၊ ပရိစ္ဆိန္ဒိတွာ= ပိုင်းခြား၍၊ ဝိဒိတံ= သိအပ်ပြီ။ ဤသို့ ဖွင့်ပြပါသည် ဘုရား။

http://www.dhammadownload.com



## နတ်တို့က လျှောက်ထားခြင်း

နတ်တို့က လာရောက်၍ လျှောက်ထားသော အကြောင်းကို လည်း ဒေဝတာပိ မေတိ၊ ဒေဝတာပိ မေ- ဟူသည်ကား။ ဘန္တေ အနုရုဒ္ဓ= အို အရှင်အနုရုဒ္ဓါဘုရား၊ အဇ္ဇ= ယနေ့၊ အယျော နန္ဒိယတ္ထေရော= အရှင်နန္ဒိယမထေရ်သည်၊ အဇ္ဇ= ယနေ့ အယျော ကိမိလော ထေရော= အရှင်ကိမိလမထေရ်သည်၊ ဣမာယ စ ဣမာယ စ သမာပတ္တိယာ= ဤမည် ဤမည်သော သမာပတ်ဖြင့်လည်း၊ ဝိတိနာမေသိ= ကုန်လွန်စေပါပြီ။ ဣတိဧဝံ= ဤသို့ အာရောစေသုံ= လျှောက်ထားကြကုန်ပြီ။ ဣတိအတ္ထော= ဤကား အနက်ဟူ၍ အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

## မြတ်စွာဘုရားမေး၍ ဖြေခြင်းဖြစ်သည်

ထိုမှ နောက်၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်က မြတ်စွာဘုရား သည် ပဥှာပြဿနာ မေးအပ်သည်ဖြစ်၍ ဖြေဆိုသောကိစ္စမှာ ငါ့အား မနှစ်သက်စရာ မရှိပါ ဟူ၍ ပြန်ကြားသော စကားရပ်၌-

ပဥှာဘိပုဋ္ဌေနာတိ၊ ပဥှာဘိပုဋ္ဌေန- ဟူသည်ကား။ မယာ= ငါသည်၊ တမ္ပိ= ထိုငါ့ရှင်တို့ ဝင်စားသော သမာပတ်ကိုလည်း၊ သယံ= ကိုယ်တိုင်၊ ဝိဒိတံ= သိအပ်ပြီ။ ဒေဝတာဟိ= နတ်တို့သည်၊ အာရောစိတံ= ပြောကြားအပ်၏။ ဣတိ= ဤသို့၊ ဧတ္တကေနေဝ= ဤမျှလောက်ဖြင့်သာလျှင်၊ မေ= ငါ၏၊ မုခံ= ခံတွင်းသည်၊ သဇ္ဇံ= ပြောကြားခြင်းငှါ စွမ်းနိုင်ပါ၏။ ဝါ= ပြောကြားခြင်းငှါ လျှောက်ပတ်ပါ ၏။ ဣတိ= ဤသို့၊ ကထံ= စကားကို၊ သမုဋ္ဌာပေတွာ= ဖြစ်စေပြီး၍၊ အပုဋ္ဌေနေဝ= မမေးမမြန်းဘဲနှင့်၊ မေ= ငါသည်၊ နကထိတံ= မပြောကြား

http://www.dhammadownload.com



အပ်ပါ။ ပန= စင်စစ်သော်ကား၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ ပဉ္စာဘိပုစ္ဆေန= ပြဿနာကို ရှေးရှုမေးတော်မူသဖြင့်၊ ပဥှံ= ပြဿနာကို၊ အဘိပုဋ္ဌိတေန= ရှေးရှုမေးမြန်းတော်မူသဖြင့်၊ ဝါ= မေးမြန်းတော်မူသည်။ သတာ= ဖြစ်၍သာလျှင်၊ ဗျာကတံ= ဖြေကြားအပ်ပါသည်။ တတြ= ထိုသို့ မေး၍ ဖြေကြားရာ၌လည်း၊ မေ= ငါ့အား၊ ကိံ န ရောစထ= အဘယ်ကြောင့် မနှစ်သက်နိုင်ဘဲ ရှိကြပါကုန်သနည်းဟု လျှောက်ထား ဖြေဆိုပါသည် ဘုရား။

## နတ်ဘီလူးက ကြေညာခြင်း

ထိုကဲ့သို့ မထေရ်မြတ်တို့ အချင်းချင်း ပြောဆိုသော စကားရပ်ကို ဒီဃပရဇန အမည်ရှိသော နတ်ဘီလူးကို ဝေဿဝဏ္ဏနတ်မင်းကြီး က မြတ်စွာဘုရား၏ သပိတ်သက်နန်းကို ယူဖို့ရန် စေလွှတ်လိုက်ပါသည်။ ထိုစေလွှတ်လိုက်သော ဒီဃပရဇန အမည်ရှိသော နတ်ဘီလူး က ဘုရားကြွသွားပြီးသည့် နောက်အဖို့၌ မထေရ်မြတ်တို့သည် အဘယ်စကားကို ပြောကြားကြလေကုန်သနည်း ဟူ၍ ကိုယ်ရောင်ကို ဖျောက်၍ မထင်ရှားသောကိုယ်ဖြင့် နားထောင်သောအခါ မထေရ် အချင်းချင်း ပြောပြသောစကားကို ကြားရပါသည်။ ကြားရသည်ဖြစ်၍ ဤမျှလောက် မိမိတို့ တရားထူး ဂုဏ်အထူးကို လျှို့ဝှက်လိုသော မထေရ်တို့၏အကြောင်းကို လောကဓာတ်တစ်ခုလုံး သိအောင် ကြေညာမည် ဟူ၍ နတ်၏တန်ခိုးအားဖြင့် ကြေညာလိုက်သည်မှာ ဗြဟ္မာ့ပြည်အထိ ထိုမထေရ်မြတ်တို့၏ ဂုဏ်တန်ခိုးတို့သည် ဂုဏ်ကျေးဇူးတို့သည် ပြန့်နှံ့၍ သွားသည်ဟု ဟောတော်မူပါသည် ဘုရား။

http://www.dhammadownload.com



**ဒီဃပရဇနနတ်ဘီလူး**

ထိုကဲ့သို့ ဟောတော်မူသော ပါဠိတော်ရပ်၌ ဒီဃော- ဟူသော ပုဒ်၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က ဒီဃောတိ၊ ဒီဃော ဟူသည်ကား။ မဏိ မာဏိဝရော ဒီဃော၊ အထော သေရိသကော သဟ- ဤသို့လာသော နှစ်ကျိပ်ရှစ်ယောက်ကုန်သော နတ်စစ်သူကြီးတို့တွင် တစ်ယောက်အပါအဝင် ဟူ၍ ဆိုပါသည်။ ပရဇနော- ဟူသည် ထိုနတ်ဘီလူး၏ အမည်ပင် ဖြစ်ပါသည်။

ယေန ဘဂဝါ တေနုပသင်္ကမိ- ဟူသည်ကား ထိုနတ်ဘီလူးသည် အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိ၏။ ထိုအရပ်သို့ ဝေဿဝဏ္ဏနတ်မင်းကြီးသည် စေလွှတ်အပ်သည်ဖြစ်၍ ထိုအရပ်သို့ သွားပြီး မြတ်စွာဘုရားကို ကိုယ်တိုင် သပိတ်သက်န်းယူ၍ ဂိဥ္စကာဝသထ ဟု ဆိုအပ်သော အုတ်ကျောင်း၌ရှိသည်ဖြစ်၍ ဂေါသိင်္ဂသာလဝန ဟု ဆိုအပ်သော အင်ကြင်းဥယျာဉ်တော်၏ အတွင်း၌ မြင်၍ မြတ်စွာဘုရားသည် ကိုယ်တိုင် သပိတ်သက်န်းကို ယူ၍ ဂေါသိင်္ဂသာလဝန ဟု ဆိုအပ်သော အင်ကြင်းဥယျာဉ်တော်၌ သုံးပါးကုန်သော အမျိုးကောင်းသားတို့၏ အထံသို့ ကြွတော်မူသည်။ ယနေ့ များမြတ်သော ဒေသနာတော်သည် ဖြစ်ပေလိမ့်မည်။ ငါသည်လည်း ထိုဒေသနာတော်ကို ကြားနခြင်းအဖို့ ရှိသည်ဖြစ်ရာ၏။ မထင်မရှားသောကိုယ်ဖြင့် မြတ်စွာဘုရား၏ ခြေရာအစဉ်ကို လိုက်၍ မနီးမဝေးသောအရပ်၌ ရပ်တည်ပြီး တရားကိုနာ၍ မြတ်စွာဘုရား ကြွသွားတော်မူသော်လည်း မပြန်သေးဘဲနှင့် ဆိုင်းငံ့၍ နေရစ်ခဲ့သည့် အကြောင်းကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်။

http://www.dhammadownload.com



ဂုဏ်ကို နှမြောကြကုန်၏

ဣမေ ထေရာ= ဤမထေရ်မြတ်တို့သည်၊ ကိံ ကရိဿန္တိ= အသို့ပြုကြကုန်အံ့နည်း။ ဣတိ= ဤသို့၊ ဒဿနတ္ထံ= ကြည့်ရှုခြင်းအကျိုးငှါ၊ တတ္တောဝ= ထိုအရပ်၌ပင်လျှင်၊ ဌိတော= ရပ်တည်၍ နေခဲ့၏။ အထ= ထိုအခါ၌၊ တေ ဒွေ ထေရေ= ထိုနှစ်ပါးကုန်သော မထေရ်မြတ်တို့ကို၊ အနုရုဒ္ဓတ္ထေရံ= အနုရုဒ္ဓါမထေရ်ကို၊ ပလိဝေဌေန္တေ= ရစ်ပတ်၍ နေကြသည်တို့ကို၊ ဝါ= စကားအားဖြင့် စောဒနာတက်၍ ရစ်ပတ်၍ နေကြသည်တို့ကို၊ ဒိသွာ= တွေ့မြင်ရသည်ဖြစ်၍၊ ဣမေ ထေရာ= ဤမထေရ်မြတ်တို့သည်၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ နိဿာယ= အမှီပြု၍၊ ပဗ္ဗဇ္ဇာဒယော= ရဟန်းအဖြစ် အစရှိကုန်သော၊ သဗ္ဗဂုဏေ= ရဟန္တာဖြစ်သည်တိုင်အောင် အလုံးစုံသော ဂုဏ်ကျေးဇူးတို့ကို၊ အဓိဂန္တွာပိ= ရကြကုန်သော်လည်း၊ ဘဂဝတောဝ= မြတ်စွာဘုရားအားသာလျှင်၊ မစ္ဆရာယန္တိ= ပြောပြဖို့ရာ ဝန်တိုနှမြော၍ နေကြကုန်၏။ န သဟန္တိ= မပြောရဲကြကုန်။ အဘိဝိယ= အလွန်အကဲသာလျှင်၊ နိလီယန္တိ= ပုန်းကွယ်၍ နေကြကုန်သော၊ ပဋိစ္ဆာဒေန္တိ= ဖုံးလွှမ်း၍ ထားကြကုန်၏။ ဒါနိ= ယခုအခါ၌၊ တေသံ= ထိုရဟန်းတော်တို့အား၊ ပဋိစ္ဆာဒေတုံ= ဖုံးလွှမ်းခြင်းငှါ၊ န ဒဿမိ= မပေးတော့အံ့။ ပထဝိတော= မြေကြီးမှ၊ ယာဝဗြဟ္မလောကာ= ဗြဟ္မာ့ပြည်တိုင်အောင်၊ ဧတေသံ= ထိုရဟန်းတော်သုံးပါးတို့၏၊ ဂုဏေ= ဂုဏ်ကျေးဇူးတို့ကို၊ ပကာသေဿာမိ= ထင်ရှားပြတော့အံ့။ ဣတိ= ဤသို့၊ စိန္တေတွာ= ကြံစည်၍၊ ယေန= အကြင်အရပ်၌၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ အတ္ထိ= ရှိ၏။ တေန= ထိုအရပ်သို့၊ ဥပသင်္ကမိ= ချဉ်းကပ်လေပြီ။ ဤကဲ့သို့ ဖွင့်ပြပါသည် အရှင်ဘုရား။

http://www.dhammadownload.com



## ရှည်မြင့်စွာ ချမ်းသာသုခ ဖြစ်လေရာ၏

ဤကဲ့သို့ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဘီလူးက "ဤအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူ၏။ ဤမထေရ်မြတ် သုံးပါးတို့သည်လည်း သီတင်းသုံးတော်မူ၏။ ဝဇ္ဇီတိုင်းသားတို့သည် အရတော်လေစွ မြတ်စွာဘုရား" ဟူ၍ လျှောက်ထားသောအခါ မြတ်စွာဘုရားက နောက်ထပ်တစ်ဖန် ဘီလူးလျှောက်ထားသော စကားကို "မှန်ပေ၏"ဟု ထောက်ခံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်က "အကြင်အမျိုးအိမ်မှ ဤမထေရ်တို့သည် ထွက်၍ ရဟန်းပြုကြကုန်၏။ ထိုမထေရ်မြတ်တို့၏ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ကြသော အမျိုးသည် ရှည်မြင့်စွာသော ကာလပတ်လုံး ကျေးဇူးရှိရာ၏။ ထို့အတူ အနွယ်၊ ထို့အတူ ရွာသူရွာသား၊ ထို့အတူ ဇနပုဒ်သူ ဇနပုဒ်သား၊ ထို့အတူ မြို့သူမြို့သား၊ ထို့အတူ ဒိစတြိတ်သူ ဒိစတြိတ်သား၊ ထို့အတူ တိုင်းသူပြည်သား၊ ထို့အတူ နတ်နှင့်တကွသော လူ၊ ထို့အတူ မင်းနှင့်တကွသော လောကလူသားအပေါင်းသည် ထိုမထေရ်မြတ်တို့၏ သီလအစရှိသော ဂုဏ်ကျေးဇူးကို အာရုံပြု၍ ကြည်ညိုနိုင်ကြမူကား ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာခြင်း အကျိုးငှါ ဖြစ်လေရာ၏" ဟူ၍ မြတ်စွာဘုရားသည် ဟောကြားတော်မူပါသည်။

## ပုဒ် အဖွင့်များ

အနုသာဝေသုန္တိ၊ အနုသာဝေသုံ- ဟူသည်ကား။ မဟန္တ= ကြီးစွာသော၊ သဒ္ဒ= အသံကို၊ သုတွာ= ကြားကြ၍၊ သာဝေသုံ= အဆင့်ဆင့် ကြားကြလေကုန်ပြီ။ သဗ္ဗတ္ထ= အလုံးစုံသော ပုဒ်တို့၌၊

http://www.dhammadownload.com



သေ နယော= ဤနည်းသည်လျှင် နည်းရှိ၏။

ယာဝပြဟ္မလောကာတိ၊ ယာဝပြဟ္မလောကာ- ဟူသည်ကား။ ယာဝအကနိဋ္ဌပြဟ္မလောကာ= အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင်၊ တစ္ဆေပိ ကုလန္တိ၊ တစ္ဆေပိ ကုလံ- ဟူသည်ကား။ အမှာကံ= ငါတို့၏၊ ကုလတော= အမျိုးမှ၊ နိက္ခမိတွာ= ထွက်၍၊ ဣမေ ကုလပုတ္တာ= ဤအမျိုးကောင်းသားတို့သည်၊ ပဗ္ဗဇိတာ= ရဟန်းပြုခဲ့ကြလေကုန်၏။ ဧဝံ= ဤသို့၊ သီလဝန္တော= သီလကျေးဇူးနှင့် ပြည့်စုံကြလေကုန်၏။ ဂုဏဝန္တော= ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြပေကုန်၏။ အာစာရသမ္ပန္နာ= အကျင့်အာစာရနှင့် ပြည့်စုံကြပေကုန်၏။ ကလျာဏဓမ္မာ= ကောင်းသော အကျင့်တရားရှိကြပေကုန်၏။ ဣတိဧဝံ= ဤသို့ တစ္ဆေပိ ကုလံ= ထိုအမျိုးသည်လည်း၊ ဧတေ တယော ကုလပုတ္တေ= ဤသုံးယောက်ကုန်သော အမျိုးကောင်းသားတို့ကို၊ ပသန္နစိတ္တံ= ကြည်ညိုသောစိတ်ကို၊ အနုဿရေယျ= အောက်မေ့ရာ၏။ ဣတိဧဝံ= ဤသို့၊ သဗ္ဗတ္ထ= အလုံးစုံသော အရာဌာနတို့၌၊ အတ္ထော= အနက်ကို၊ ဒဋ္ဌဗ္ဗော= မှတ်အပ်၏။

ဤသို့ မြတ်စွာဘုရားသည် အနုသန္ဓေ အားလျော်စွာသာလျှင် ဒေသနာတော်ကို ပြီးဆုံးစေပါသည် အရှင်ဘုရား။

ထိုသို့ ပြီးဆုံးသော အခါကာလ၌ ဒီဃပရဇန အမည်ရှိသော နတ်ဘီလူးသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စူဠဂေါသိင်္ဂ ဒေသနာတော်မြတ်ကို လွန်မင်းစွာ အားရနှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဟူ၍ နိဂုံးချုပ်ပါသည် အရှင်ဘုရားတို့။

စူဠဂေါသိင်္ဂသုတ် ဖတ်ကြားလျှောက်ထားခန်း ပြီးပါပြီဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဓမ္မိကာရုံ ဆရာတော် ဘဒ္ဒန္တဓမ္မိက (၂.၅.၂၀၀၇)**

တပည့်တော်စကားကတော့ ကျောင်းက ဟင်းလေးအိုးကြီး လိုပါပဲ။ ဟင်းလေးအိုးကြီးဟာ အငန်လဲပါတယ်၊ အစပ်လဲပါတယ်၊ အချဉ်လဲပါတယ်။

အဲဒီလိုပဲ တပည့်တော်များ ဩဝါဒမှာလဲ ချိုတာလဲပါမယ်၊ ချဉ်တာလဲပါမယ်၊ စပ်တာလဲပါမယ်။ ခါးတာလဲပါမယ်။

အရှင်မြတ်များကလဲ တိုင်းနဲ့ပြည်နယ် အသီးအသီးက မိမိတို့ဌာနမှာ ဆရာတော်ကြီးတွေပါပဲ။

တပည့်တော်တို့ပြောတဲ့ ဩဝါဒထဲက ချိုချဉ်စပ်ခါးငန် ကောင်းတာလေးတွေကိုယူလို့ မကောင်းတာတွေကိုဖယ်လို့ ယူကြဖို့ရာ ရှေးဦးစွာတပည့်တော် ပြောလိုပါတယ်။

အဲဒီ ဩဝါဒပြောပြီးတဲ့နောက် ဟင်းလေးအိုး စပြီးပြောရမယ် ဆိုရင် သမိုင်းကို ပြောချင်ပါသေးတယ်။

တပည့်တော်တို့ ဒီကိုရောက်လာရတာက ဦးဇာဂရက ပင့်လို့ ရောက်လာရတာပါ။ ဦးဇာဂရဆိုတာ တပည့်တော်တို့ ငယ်စဉ်တောင် ကျေး ကလေးကစပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ သူကလဲပဲ ဌာနတိုင်းမှာ ဆရာသမားကို မမေ့ဘူး။ တပည့်တော်တို့ တောင်ကြီးကိုလာရတာ သူကပင့်လို့ လာခဲ့ရတာ။

နှစ်တိုင်းနှစ်တိုင်းလဲ ရန်ကုန်မှာ ပင့်လို့သွားရတယ်။ အဲဒီတော့ သူကတစ်ချိန်ချိန်မှာ ဘုန်းကြီးတပည့်တော်ကို ဩဝါဒချီးမြှောက်ပါ အုန်းလို့ သူကပြောဖူးတယ်။ ပြောဖူးတော့ တပည့်တော်လဲ ဘာပြောရပါ့မလဲလို့ စဉ်းစားကြည့်တော့ ကိုယ့်သမိုင်းနဲ့သူ့သမိုင်း ညှိနှိုင်းပြောရမှာပဲလို့ ပြောခဲ့ရပါတယ်။

http://www.dhammadownload.com



တပည့်ပင်ဖြစ်လင့်ကစား ဘွဲ့တံဆိပ်တွေ မြောက်များစွာနဲ့ နေတော့ တပည့်တော်တို့က ဘာမှမဟုတ်ပဲနဲ့ဆိုတော့ ဆရာသမားလို့ ဆိုရစေကာမူ အညတြဒေဝတာ ဆိုတာမျိုးလို အညတြလို့ပဲ စိတ်ထဲက ထားပါတယ်။

သူကတော့ အမွန်အမြတ်ထားရှာပါတယ်။ တပည့်တော်က ဘာပြောရသလဲဆိုရင် မြတ်စွာဘုရားလက်ထက်တော်က တပည့် တော်တို့ သာသနာမှာ ရှေးဦးစွာ အရှင်ကောဏ္ဍညကြီးက ရဟန်း ဖြစ်ပါတယ်။ အရှင်ကောဏ္ဍည ရဟန်းဖြစ်ပြီးတဲ့နောက် လက်ျာတော်ရံ အရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်တို့ ရဟန်း ဖြစ်လာကြပါတယ်။

သံဃာ့အစည်းအဝေးကြီး ပြုလုပ်တဲ့အခါမှာ အရှင် သာရိပုတ္တရာက လက်ျာဘက်က သီတင်းသုံးလို့၊ အရှင်မောဂ္ဂလာန်က လက်ဝဲဘက်က သီတင်းသုံးလို့၊

နောက်ဆုံးမှာ အရှင်ကောဏ္ဍညမထေရ် ကြွလာတော့ သူက သာသနာမှာ အကြီးဆုံးဖြစ်တော့ အရှင်သာရိပုတ္တရာနဲ့ အရှင် မောဂ္ဂလာန်တို့က ကျို့ကျို့လေး အလေးဂရုပြုကြရတယ်။

အရှင်ကောဏ္ဍညက "ငါက ကောက်ဦး (၉)ကြိမ် လှူခဲ့လို့သာ ရှေးဦးစွာ ရဟန်းဖြစ်ပြီး အဦးဆုံး ကျွတ်တန်းဝင်ပြီး မထေရ်ကြီး ဖြစ်နေရတာ။ လက်ျာရံ၊ လက်ဝဲရံ ဘွဲ့တံဆိပ်ရတာလဲ မဟုတ်ဘူး။ သူတို့နဲ့နှိုင်းစာလျှင် ငါက မြတ်စွာဘုရားသာသနာတော်မှာ ရှေးဦးစွာ ရောက်လင့်ကစား ရှေ့တန်းကနေရမှာဖြစ်သော်လဲ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကို မကျော်ပဲ နောက်တန်းက သီတင်းသုံးတော် မူရတယ်။

http://www.dhammadownload.com



နောက်တန်းမှာ သီတင်းသုံးတော်မူရလင့်ကစား အရှင်သာရိပုတ္တရာက၊ အရှင်မောဂ္ဂလာန်တို့က အင်မတန်ရိုသေလေးစားကြည်ညိုအားထားပြီးတော့ ကြောက်ရွံ့ကြတယ်။

အဲဒီလို ရိုသေလေးစား ကြည်ညိုအားထား ကြောက်ရွံ့ကြတော့ "ငါဒီလို နေလို့တော့မဖြစ်ဘူး။ သူတို့မှာ ပရိသတ်ထဲ နေရ ထိုင်ရကြပ်ရှာကြတယ်"ဆိုပြီး အနောဝတတ်အိုင်ကြွပြီး သီတင်းသုံးနေရှာတယ်။

တပည့်တော်တို့လဲပဲ ဦးဇာဂရနဲ့ ပတ်သက်ပြီးသကာလ ရှေးဦးစွာ ရဟန်းဖြစ်လင့်ကစား သူ့ရှေးဘုန်း ရှေးကံနဲ့ သူ့ပါရမီဉာဏ်ဓာတ်နဲ့ တိုးတက်ဖွံ့ဖြိုးပြီး သူ့ရဲ့ပညာပါရမီတွေနဲ့ ကြိုးစားပန်းစားနဲ့ အခုလိုဖြစ်လာတော့ တပည့်တော်တို့က "တပည့်"လို့ ပြောရမှာတောင်အားနာစရာ ရှိုးတိုးရှန့်တန့် အဲဒီလိုပဲ စိတ်ထဲဖြစ်မိပါတယ်။

သူကလည်းပဲ "ငါတစ်လုံး မသုံးပဲနဲ့ ဆရာသမားပဲ"ဆိုပြီး အင်မတန် ရိုသေလေးစားပါတယ်။

အဲဒီတော့ တပည့်တော်က ဘာဆက်ပြောသလဲဆိုရင် သားသမီးများဟာ အတိဇာတသား၊ အနုဇာတသား၊ အဝဇာတသား၊ သားသုံးမျိုး ရှိပါတယ်။

အတိဇာတသား ဆိုတာ မိဘထက် ပိုမိုထူးချွန်ပြီး မြင့်မြတ်တဲ့သား အတိဇာတသား၊

အနုဇာတသား ဆိုတာက မိဘနဲ့ ခြေရာတူ လက်ရာတူ မိဘနဲ့တန်းတူနေတဲ့သားဟာ အနုဇာတသား၊

အဝဇာတသား ဆိုတာ သားယုတ် သားမိုက် သားဆိုး အဝဇာတသား၊

http://www.dhammadownload.com



အဲလို သားသုံးမျိုးရှိတဲ့အထဲမှာ တပည့်တော်တို့ တပည့်ထဲမှာ သူဟာ အတိဇာတတပည့် ဖြစ်ပါတယ်လို့ ဆိုရမှာပါပဲ။

ကိုယ်နဲ့နှိုင်းပြီး ပြောမယ်ဆိုရင် အတိဇာတတပည့်၊ အနုဇာတတပည့်၊ အဝဇာတတပည့်၊ သားသုံးမျိုးရှိသကဲ့သို့ တပည့်သုံးမျိုးရှိတာကို အရှင်ဘုရားတို့ သိကြမှာပါ။ အဲဒီလိုပဲ အတိဇာတသား၊ အတိဇာတတပည့် အနေနဲ့ အာရုံပြုရပါတယ်။

သူကလည်း နှစ်စဉ်နှစ်တိုင်း မိမိရဲ့ဆရာသမားကို ဘယ်တော့မှ မမေ့ပဲနဲ့ ရိုရိုသေသေ လေးလေးစားစား နေခဲ့ပါတယ်။

ဒီဦးဇာဂရကို တပည့်တော်ခဲ့ရခြင်းရဲ့ အကြောင်းတရားကလည်း ဆရာသမားကို မှီပြီးတော့ တပည့်တော်ခဲ့ရပါတယ်။

ဘယ်လိုလဲဆိုရင် သူကငယ်စဉ်ဘဝ ရောက်လာတယ်။ မုံရွာသပြေပင်တောရတိုက်မှာ ဆရာတော်ကြီးက ရှေ့ကတပည့်ကြီးတွေကို စာချလို့၊ တပည့်တော်တို့က နောက်ကနေ တတ်နိုင်သလောက် ပံ့ပိုးကူညီပြီးတော့ ငယ်ရွယ်သူကို ငယ်ရွယ်သူအလျှောက် စာချပေးရတဲ့အတွက် တပည့်တော်က ဦးဇာဂရရဲ့ ငယ်ဆရာ ဒီလိုဖြစ်ခဲ့ရပါတယ်။

ကြီးဆရာပဲဖြစ်ဖြစ်၊ ငယ်ဆရာပဲဖြစ်ဖြစ် အင်မတန်လေးစားရိုသေပြီးတော့နေတဲ့ ပုဂ္ဂိုလ်ပဲလို့၊

အဲဒီတော့ သားသုံးမျိုးထဲမှာ အတိဇာတသား၊ အတိဇာတတပည့်ပါပဲ။

ပုံပမာပြောရမယ်ဆိုရင် သုဒ္ဓေါဒနမင်းကြီးဟာ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို လယ်ထွန်မင်္ဂလာပွဲမှာ သပြေပင်ရိပ်သာမှာ သိပ်ထားတဲ့အချိန် အလောင်းတော်မင်းသားက အာနာပါနကမ္မဋ္ဌာန်း

http://www.dhammadownload.com



စီးဖြန်းပြီး ဈာန်ဝင်စားနေတဲ့အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ကို ဒုတိယအကြိမ် ရှိခိုးဦးတင်ပြုခဲ့ပါတယ်။ ကိုယ့်သားကိုး။

အဲဒီလိုပဲ သမိုင်းကလာခဲ့ပါတယ်။

အခုလဲပဲ လေးလေးစားစား ရိုရိုသေသေ ကြည်ကြည်ညိုညိုနဲ့ တပည့်တော်တို့ကို စောင့်ရှောက်ထိန်းသိမ်းပြီး ဂါရဝတရား၊ နိဝါတ တရားနဲ့ ဦးဇာဂရက ပြည့်ပြည့်စုံစုံ ပြုစုပါတယ်လို့ တပည့်တော်တို့ အနေနဲ့ အရှင်ဘုရားများမှတစ်ဆင့် ပြောရပါတယ်။

တပည့်တော်တို့ တော်ရတဲ့တပည့်အနေနဲ့ ဆရာသမားကြီး တွေကို အမှီပြုပြီးသကာလ အောက်လက်စာလေးတွေကို ချပို့ပေးခဲ့ရလို့ တပည့်တော်ခဲ့ရတာပါ။

ဆရာသမားတွေ မှီပြီးသကာလ ခုနတုန်းက "အာစရိယ ဂုဏော အနန္တော" ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးဟာ အနန္တအဆုံး အပိုင်းအခြားမရှိဘူး။

တပည့်တော် သူ့မှာ တပည့်တော်ပင် တော်ရသော်လဲ တပည့်တော်ရဲ့ ဂုဏ်ရှိန်နဲ့မဟုတ်၊ ဆရာသမားတို့ရဲ့ ဂုဏ်ရှိန်ကို မှီပြီး သကာလ တပည့်တော်ရတာပါ။

သူကတော့ "မိမိဆရာသမား" ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ လေးလေး စားစား အာရုံပြုရှာပါတယ်။ အခု တပည့်တော်တို့ကို သေသေချာချာ ပင့်ပြီး ကျကျနန ဂရုစိုက်ပါတယ်။

အဲဒါက တပည့်တော်တို့ရဲ့ သမိုင်းကို တိုင်းနဲ့ပြည်နယ်က အရှင်ဘုရားတို့ ဦးဇာဂရ ရေးတဲ့စာအုပ်တွေထဲမှာ တပည့်တော်ဘွဲ့ "ဘဒ္ဒန္တဓမ္မိက" ဆရာသမားလို့ အမြဲပါပါတယ်။

http://www.dhammadownload.com



ဒီလို လေးလေးစားစား ကိုယ်တိုင်တင်မက စာအုပ်တွေထဲမှာပါ ဆရာသမားပဲဆိုပြီး အမြဲထည့်ပါတယ်။

ဦးဓမ္မိက ဆိုတာ တပည့်တော်ပါပဲ။

အဲဒါကတော့ တပည့်တော်တို့အနေနဲ့ တပည့်တော်တို့သမိုင်းကို "ဆရာသမား" ဆိုတဲ့အပိုင်းကို အရှင်ဘုရားများသိအောင် အာရုံပြုပြောပါတယ်။

တပည့်တော်တို့အနေနဲ့ အရှင်ဘုရားများ အာရုံပြုပြီးတော့ နေတဲ့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြတယ်။

ဒီအာနာပါနကမ္မဋ္ဌာန်း ပွားများတဲ့အလုပ်ဟာ ဂင်္ဂါဝါဠု သဲထုမက ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တို့ရဲ့ အလုပ်ဖြစ်ပါတယ်။

တပည့်တော်တို့ ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ပဓာနသုတ်မှာ လယ်တီဆရာတော်ဘုရားကြီးက ရေးထားပါတယ်။ အရှင်ဘုရားများ ကြိုးစားပမ်းစား အားထုတ်သလိုပဲ။

မြတ်စွာဘုရားသခင် ဘုရားမဖြစ်မီအခါကာလမှာ မာရ်နတ်နဲ့တွေ့ပြီး မာရ်နတ်က အလောင်းတော် သိဒ္ဓတ္ထ ဘုရားဖြစ်ပြီး သတ္တဝါတွေ ကျွတ်တန်းဝင်မှာကို သိပ်စိုးရိမ်တယ်။ သံသရာကြီးထဲမှာ သတ္တဝါတွေ ငုတ်ချီပေါ်ချီနဲ့ လည်နေစေချင်တယ်။ မာရ်နတ်က သတ္တဝါတွေ သံသရာက ထွက်မြောက်သွားမှာကို စိုးရိမ်တယ်။

သူက မြတ်စွာဘုရား အလောင်းတော်ကို အာနာပါနအလုပ်ကို ဆင်းဆင်းရဲရဲ အားမထုတ်ပါနဲ့။ ချမ်းချမ်းသာသာနဲ့ စံစားပြီး နေပါဦးလို့ ပြောတယ်။

**နဒီနမပိ သောတာနိ၊ အယံဝါတော ဝိသောသယေ။**

**ကိဉ္စ မေ ပဟိတတ္တဿ၊ လောဟိတံနုပသုဿယေ။**

http://www.dhammadownload.com



**လောဟိတေ သုဿ မာနမှိ၊ ပိတ္တံ သေမှဉ္စ သုဿတိ။**
**မံသေသုခိယ မာနေသု၊ ဘိယျောစိတ္တံ ပသီဒတိ။**
**ဘိယျော သတိစ ပညာစ၊ သမာဓိ မမ တိဋ္ဌတိ။**
**တဿမေဝံ ဝိဟာရတော၊ ပတ္တဿုတ္တမ ဝေဒနံ။**
**ကာမေသု နာပေက္ခတေ စိတ္တံ၊ ပဿသတ္တဿ သုဒ္ဓတံ။**

အယံဝါတော= ဤလေသည်၊ နဒီနံ= မြစ်တို့၏၊ သောတာနိပိ= ရေယာဉ်တို့ကိုပင်သော်လည်း၊ ဝိသောသယေ= ခြောက်သွေ့ခြင်းငှာ စွမ်းနိုင်ရာလေ၏။ ပဟိတတ္တဿ= စွန့်လွှတ်အပ်သော အတ္တဘော ရှိသော၊ မေ= ငါ၏၊ လောဟိတံ= သွေးကို၊ ကိဥ္စနုပ္ပသုဿယေ= အဘယ်မှာ မခန်းခြောက်စေပဲရှိအံ့နည်း။ လောဟိတေ= သွေးသည်၊ သုဿမာနမှိ= ခြောက်သွေ့သည်ရှိသော်၊ ပိတ္တဉ္စ= သည်းခြေသည် လည်းကောင်း၊ သေမှဉ္စ= သလိပ်သည်လည်းကောင်း၊ သုဿတိ= ခြောက်သွေ့၏။ မံသေသု= အသားတို့သည်၊ ခီယမာနေသုပိ= ကုန်ခမ်း ကြကုန်သော်လည်း၊ ဘိယျော= လွန်စွာ၊ စိတ္တံ= စိတ်သည်၊ ပသီဒတိ= ကြည်လင်၏။

မမ= ငါ၏၊ သတိစ= စကြာမင်းတို့၏ ဘဏ္ဍာစိုးနှင့်တူသော သတိသည်လည်းကောင်း၊ သမာဓိစ= မြင့်မိုရ်တောင်နှင့်တူသော သမာဓိသည်လည်းကောင်း၊ တိဋ္ဌတိ= တည်၏။

တပည့်တော်တို့ သမထဘာဝနာအလုပ်ကို ကြိုးစားတဲ့အခါမှာ "သတိ-သမာဓိ" ဆိုတဲ့တရားကို မြတ်စွာဘုရားသခင်က ဒါတွေဟာ ကျောက်စာတိုင်ကဲ့သို့ ကြိုးစားနေတယ်။

ဧဝံ= ဤသို့ ကိုယ့်သွေးကိုယ့်သား ကုန်ခမ်းပြားလည်း စိတ်က ကြည်လင်လျှက်ပဲ။ ဝိဟာရတော နေသော၊

http://www.dhammadownload.com



တဿ မေ= ထိုငါ၏၊ ဥတ္တမဝေဒနံ= ယောကျ်ားတံခွန်လူရည်မွန်တို့ အဟုန်သည်းစွာ ခံကြရသား ဝေဒနာမျှကို၊ တွံ= သင်မာရ်နတ်သည်၊ ပဿ= ရှုစမ်းလော့။

ဓေမ္မိ= သို့စဉ်ကလောက် ကိုယ်လုံးချောက်၍ မီးတောက်ခမန်းအလွန်ပန်းသော်လည်း၊ မေ= ငါ၏၊ စိတ္တံ= စိတ်သည်၊ ကာမေသု= တိုင်းတော်ပြည်တော် ယသော်ရောဟု နန်းသူအပေါင်း လေးသောင်းရုံနှင့် ရွှေနန်းစည်းစိမ် ဝတ္ထုကာမတို့၌၊ နာပေက္ခရေး ပြန်၍ငဲ့ကွက် မတပ်မက်သည်တည်း။

မြတ်စွာဘုရားအလောင်းတော်က အဲလို ပြောပါတယ်။

အခု တပည့်တော်တို့လဲ တိုင်းနဲ့ပြည်နယ်ကနေ ကြိုးစားပမ်းစား မိမိတို့ရဲ့ ဘုံဗိမာန်အသီးသီးကနေ သံသရာဘီရုက သံသရာကြီးကြောက်ပြီး သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ဆန္ဒပြင်းပြစွာ ဝီရိယအားထုတ် ဉာဏ်ကိုရှေ့သွားထားပြီး လုပ်လာကြတာ၊

ဒါတွေဟာ မိမိတို့ရဲ့ ကာမဂေဟ စည်းစိမ်ချမ်းသာ တပည့်တော်တို့အနေနဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ကို အာရုံမပြုပဲနဲ့ အရှင်ဘုရားများ ထွက်ပြီးလာတာဟာ နိက္ခမပါရမီပဲ။

ဝတ္ထုကာမ ကိလေသာကာမတို့မှ ထွက်မြောက်လာတာ အင်မတန်ဝမ်းမြောက်ဖို့ ကောင်းပါတယ်။ ကိုယ့်ကျောင်းကိုယ့်ကန်တွေ စွန့်ပစ်ပြီးတော့ လာကြတာ။ အဲဒီလို ကြည့်ပြီး နှိုင်းခိုင်းပြီးသကာလ အရှင်ဘုရားများကို ကြည်ညိုမိပါတယ်။

ကမ္မဋ္ဌာနာစရိယများက ကြိုးစားပြလို့ အရှင်မြတ်များကလဲ ကြိုးစားလို့ မြတ်စွာဘုရားသခင် မာရ်နတ်ကို ကြိမ်းမောင်းပြီးသကာလ ငါဒါလောက်ထိ စွန့်ပြီးလာတာ နိဗ္ဗာန်ဝင်စံဖို့ပဲ။

http://www.dhammadownload.com



ဒီတင်မက မြတ်စွာဘုရားသခင် လူ့ဘဝ (၁၃)နှစ်သာ နန်းစည်းစိမ် ခံစားပြီး (၂၉)နှစ်မှာ တောထွက်လာခဲ့တာ။

**"လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ်ငြင်ငြို သံဝေပိုက ဝါဆိုလပြည့် ကျားမင်းနေ့ဝယ် ချမ်းမြေ့ရဂုံ တောရပ်လှုံသည် စုံမြိုင်ပင်ရိပ် ခန်းမှာကို"** ဆိုတဲ့ လယ်တီဆရာတော်ကြီးရဲ့ (၇)နေ့ ဘုရားရှိခိုးအတိုင်း၊

တပည့်တော်တို့ အံ့ဩမိတယ်။ (၁၆)နှစ်မှာ နန်းစည်းစိမ် ခံယူတယ်။ (၁၃)နှစ် နန်းစည်းစိမ်ခံစားပြီး (၂၉)နှစ်မှာ သူအို သူနာ သူသေ ရဟန်း လေးပါးသောနိမိတ်ကို အာရုံပြု သံဝေဂယူပြီး နောက်ဆုံး ရဟန်းကိုကြည့်ပြီး ဒါဘာလဲ သံသာရဘီရုက သံသရာကို ကြောက်ပြီး လွတ်မြောက်အောင် ကြိုးစားတဲ့ရဟန်းပဲလို့ပြောတော့ အင်းငါလဲ ဤရဟန်းကဲ့သို့ ကြောက်စရာကောင်းတဲ့ သံသရာကြီးက ထွက်မြောက်ရာကိုရှာမှပဲဆိုပြီး လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် တောရိပ်ကို ခိုစံပြီး လာခဲ့ပါတယ်။

တောထွက်လာတဲ့ အချိန်အခါမှာ တောရှာဇနပုဒ်မှာ ဆွမ်းခံစားတဲ့အခါ ရတဲ့ဆွမ်းကို ကြည့်ပြီးတော့ ဘာနဲ့တူသလဲဆိုတော့ ခွေးအန်ဖတ်နဲ့ အလားသဏ္ဍာန်တူတယ်။ ဗုဒ္ဓဝင်ဒူရေနိဒါန်းမှာ ကြည့်ပါ။

အဲဒီမှာ နန်းမသုံးဆောင်မှာ ဖူးပေ့ညွန့်ပေ့ဆိုတဲ့ စားတော်ပွဲကို နေ့စဉ်သုံးဆောင်နေရပါလျှက် အခုအခါ ကြောက်စရာကောင်းတဲ့ သံသရာကြီးက လွတ်မြောက်ဖို့ တောထွက်လာပါလျှက် "ဟဲ့ သိဒ္ဓတ္ထ နင်နဂိုရ်က ထွက်လိုတဲ့ဇောနဲ့ ထွက်ခွာလာခဲ့ပြီးမှ ဘာကြောင့် ဒီဘောဇဉ်ကျမှ တွန့်နေရတာလဲ"လို့ ကိုယ့်ကိုယ်ကို အားတင်းပြီး

http://www.dhammadownload.com



ဥရုဝေလတောမှာ မြိန်မြိန်ယှက်ယှက် ဘုဉ်းပေးပါတယ်။

ဒီတင်မကဘူး။ တပည့်တော်တို့ မြတ်စွာဘုရားသခင် ဝေရဉ္စတိုင်းမှာ ဝေရဉ္စပုဏ္ဏား ပင့်သွားလို့ ဝေရဉ္စမှာ ဝါဆိုတဲ့အခါမှာလဲ မုယောဆွမ်းကို ဘုဉ်းပေးရပါတယ်။

မုယောဆွမ်းဆိုတာ ဂျုံပါပဲ။ ဒီဂျုံကိုထောင်းပြီး ဆုပ်နယ်ပြီးတော့ ဘုဉ်းပေးကြရတယ်။ ထောင်းတဲ့အခါ ဒီအသံ ဘာသံလဲလို့ မြတ်စွာဘုရားက မေးတဲ့အခါ၊

"ဝေရဉ္စတိုင်းက မြင်းစာကိုထောင်းထုပြီး ရဟန်းများ ဘုဉ်းပေးကြတဲ့အသံပါဘုရား"လို့ လျှောက်တော့ မြတ်စွာဘုရားက "သာဓု" (၃)ကြိမ်ခေါ်တော်မူပါတယ်။ အော် ရဟန်းတော်များ ကိုယ်တိုင် ချက်ပြုတ်စားလို့ မတော်ဘူးဆိုပြီး ဆင်းဆင်းရဲရဲ နေရှာကြတယ်။

အရှင်ဘုရားတို့ တပည့်တော်တို့များလဲ ဆွမ်းသက်န်း ကျောင်းဆေးပစ္စည်းလေးပါးထဲမှာ မိမိဒေသတွေမှာတော့ ရှင်ဘုရင်တွေပဲ။ အကယ်၍ ချို့ငဲ့နေရင် "ဒို့မြတ်စွာဘုရား ဒီလိုနေခဲ့တာပါလား" လို့ အားပါးတရ အားတက်သရောရှိပြီးသကာလ တရားအားထုတ်နိုင်ကြပါစေလို့ တပည့်တော်က လျှောက်ထားပါတယ်။ ကြိုးစား အားထုတ်ကြပါလို့ ဩဝါဒပေးပါတယ်။

ဒီဩဝါဒအတိုင်း ပြုလုပ်တဲ့အခါမှာ အာနာပါန ထွက်လေ ဝင်လေ စသည်အားဖြင့် ဂင်္ဂါဝါဠူသဲထုမက ပွင့်တော်မူကြတဲ့ အဆူဆူသော ဘုရားရှင်တို့သည် ဘုရားဖြစ်ပြီးတဲ့နောက်လဲ အာနာပါန ကမ္မဋ္ဌာန်းကို စွန့်တော်မမူကြပြီလို့ ဦးဇာဂရရေးတဲ့ စာအုပ် ကျောဘက်မှာလဲ ပါပါတယ်။ ဒီပနီကျမ်းများမှာလဲ ပါပါတယ်။ မြတ်စွာ ဘုရားများဟာလဲပဲ ဒီအာနာပါနအလုပ်ကို ကြိုးစားအားထုတ်ပြီး

http://www.dhammadownload.com



သကာလ ဘုရားဖြစ်တော်မူကြပါတယ်။

ဘုရားဖြစ်ပြီးနောက်လဲ ဒီအာနာပါနကို လက်မလွှတ်ကြပါဘူး။ တပည့်တော်တို့ သာသနာမှာ ထိပ်ဆုံးကြတဲ့အလုပ်ကို အရှင်ဘုရားများ အားတက်သရော စိတ်ဆန္ဒပါပါနဲ့ လာအားထုတ်တာကို တပည့်တော်များက ကြည်ညိုလေးစားပြီး ဝမ်းမြောက်ဝမ်းသာ အနေနဲ့ ဟင်းလေးအိုးပမာ စပ်၊ ငံ၊ ခါး၊ ချဉ်၊ ချိုတာ ပါသလိုဖြစ်တဲ့ တပည့်တော် ဩဝါဒဒီတင်ပဲ အဆုံးသတ်ပါတယ်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (၂.၅.၂၀၀၇)**

နိဗ္ဗာန်ကိုလှမ်းပြီး လာခဲ့ကြတာ တစ်ရက် တစ်စခန်း ပြီးသွားပြီ။ ပြီးသွားတဲ့အခါ ဘယ်လောက်ပင် ဝေးသော်လဲ လူတစ်ယောက်ဟာ သွားတယ်ဆိုရင် တစ်ချိန်တစ်ချိန်မှာ တစ်လှမ်းတစ်လှမ်းပဲ သွားတာပါပဲ။ ဘယ်လောက်ပဲ အားရှိတဲ့ပုဂ္ဂိုလ် ဖြစ်နေပါစေ၊ တစ်လှမ်းသွားတာပါပဲ။ သာမန်ပုဂ္ဂိုလ်လဲ တစ်လှမ်းသွားတာပါပဲ။

အဲဒီ တစ်လှမ်း တစ်လှမ်း စုပေါင်းလိုက်တဲ့အခါ အလိုရှိအပ်သော ယူဇနာအတိုင်းအတာရှိတဲ့ မြို့တစ်မြို့သို့ အလွယ်တကူ ရောက်သွားရပါတယ်။

ဒါကြောင့် ဒီနေ့ (၁၅)ရက် စခန်းမှာ သင်ကြားမှုနည်းလမ်းတွေလဲ ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူတဲ့စာအတိုင်း သေသေချာချာ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူချက်ကိုလဲ အားလုံး သင်ကြားကြရပြီ။

ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်နှင့်တကွ ကမ္မဋ္ဌာနာစရိယဆရာတော်တို့၏ လက်တွေ့၊ မိမိတို့ အားထုတ်ထားတဲ့အတိုင်း သင်ကြားချက်ကိုလဲ အရှင်ဘုရားတို့ သင်ကြားနေရပါပြီ။

အဲဒီတော့ ကျန်အချိန်တွေမှာ ကိုယ်တိုင်မှတ်ပြီးတော့ ကိုယ်တိုင်သတိနဲ့ အစဉ်စောင့်ရှောက်ကြည့်ရှုပြီးတော့ အားထုတ်ပြီးတော့ အားထုတ်နည်းလဲပဲ လက်တွေ့သင်ကြားကြရပါတယ် ဘုရား။

(၁၅)ရက်စခန်း၊ (၁)လစခန်း၊ (၂)လစခန်း စသည်ဖြင့် တရားအားထုတ်တဲ့နေရာမှာတော့ "တိပိဋကဓရ မဟာသီဝ မထေရ်ကြီး"ရဲ့ စံနူန်းကို ယူရလိမ့်မယ်ဘုရား။

http://www.dhammadownload.com



ပိဋကတ်သုံးပုံကို ဆောင်၍ အစဉ်သဖြင့် ညဉ့်အိပ်တဲ့အချိန်က စပြီး ဆွမ်းခံတဲ့အချိန်၊ ကိုယ်လက်သုတ်သင်တာကို ချန်လှပ်ပြီး ကျန်တဲ့ (၂၄)နာရီမှာ (၄)၊ (၅)နာရီ ချန်လှပ်ပြီး အကုန်လုံး စာပေပို့ချပြီးတော့ ဂဏဝါစကတာဝန်ကြီးလဲ အစဉ်ဆက်လက်ပြီးတော့ ယူရတယ်။

အဲဒီ သီဟိုဠ်ခေတ်မှာ အလွန်ထင်ရှားသော ပိဋကတ်သုံးပုံ ဆောင်တဲ့ တိပိဋကဓရ စာချဆရာတော်ကြီး "မဟာသီဝမထေရ်"။

အဲဒီ မဟာသီဝမထေရ်က စာပေပို့ချလိုက်တာ သီဟိုဠ်နိုင်ငံမှာ ဆရာတော်ထံ စာမလိုက်ရဘူးတဲ့ ပုဂ္ဂိုလ်မရှိဘူးတဲ့။

သူသင်ကြားခဲ့တဲ့ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတွေကို အမြဲတမ်း ပို့ချတယ်။ အဲဒီ မထေရ်ထံ စာလိုက်ခဲ့ကြတဲ့ တပည့်တွေထဲက တစ်သောင်း၊ နှစ်သောင်းလောက် အကုန်လုံး ရဟန္တာချည်း ဖြစ်ကြတယ်။

အရှင်ဘုရားတို့လိုပဲ အာနာပါနကမ္မဋ္ဌာန်းက စပြီးတော့ အားထုတ်ပြီးတော့ သွားကြတယ်။ စာတတ်ပေတတ် ရဟန္တာအရှင်မြတ်ကြီးတွေ နှစ်သောင်းလောက် ရှိတယ်။

အဲဒီ တပည့်ရဟန္တာ နှစ်သောင်းထဲက တပည့်ရဟန္တာတစ်ပါးက မဟာသီဝမထေရ်ကြီးရဲ့ စိတ်အစဉ်သန္တာန်ကို အဘိညာဉ်နဲ့ လှမ်းပြီး ကြည့်တယ်။

အဲလိုကြည့်တော့ မဟာသီဝမထေရ်ကြီးမှာ သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ် မတွေ့ရဘူး။ ဖိုလ်စိတ်တွေ မတွေ့ရဘူး။ မဂ်စိတ်ဆိုတာ စိတ်တက္ခဏ တစ်ချက်ဆိုတော့ မကြည့်ဘူး။ ကြည့်စဉ်အခါမှာ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်ရဲ့စိတ်ကို မြင်ရမှာ၊ မမြင်ဘူး။

http://www.dhammadownload.com



ဟာ-ရဟန္တာတပည့်များစွာရဲ့ စာပေကျမ်းဂန် တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆရာတစ်ပါးဖြစ်ပြီး ပိဋကတ်သုံးပုံဆောင်ဒို့ဆရာ ရဟန္တာမဖြစ်သေးပဲကိုး။

ဆရာတော်မထေရ်ကြီးကို သွားသတိပေးအုံးမှပဲဆိုပြီး သွားသတိပေးတယ်။ ဘယ်လိုသတိပေးသလဲ ဆိုတော့-

တန်ခိုးနဲ့ကျောင်းဝင်းအစပ်လောက် ရောက်ပြီးတော့ တဖြည်းဖြည်း ဆရာတော်ထံ ဝင်သွားတယ်။

"ဟာ. . ငါ့တပည့်ကြီး အချိန်မရှိ အခါမရှိ အကြောင်းမရှိပဲ လာသကိုး"

"မှန်ပါ . . တပည့်တော် အနုမောဒနာတစ်ပုဒ်လောက် လိုချင်လို့ပါ ဘုရား"။

အနုမောဒနာဆိုတာ တရားတစ်ပုဒ်လောက် ဟောနည်းပြောနည်းလေး လိုချင်လို့ပါဘုရား။

"ငါက မအားလပ်ဘူး"

"ဒါဖြင့် ဒီလိုလုပ်ပါဘုရား။ ဆရာတော် မျက်နှာသစ်နေတဲ့ အချိန်လေး တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း မိန့်တော်မူပါဘုရား"

"အဲဒီ မျက်နှာသစ်နေတုန်းကိုလဲ တပည့်တွေက စာမေးကြတယ်။ မအားလပ်ဘူး"

"မျက်နှာသစ်ပြီး ကျောင်းထဲမှာ ယာဂုဆွမ်းလေး မဘုဉ်းပေးခင်လေးတောင် တပည့်တော်မေးလို့ မရဘူးလားဘုရား"

"အဲဒါလဲ မအားလပ်ဘူး"

"ဒါဖြင့် ဆွမ်းခံကြွခါနီး သင်္ကန်းရုံပြီး သံဃာတွေ စောင့်ဆိုင်းနေတဲ့ ငါးမိနစ်၊ ဆယ်မိနစ် အချိန်အခါကာလလေး တပည့်တော်

http://www.dhammadownload.com



သင်ပါရစေဘုရား”

“အဲဒါလဲ မအားလပ်ဘူး”

“ဆွမ်းခံသွားရင်း နောက်ကလိုက်ပြီး သင်ပါရစေဘုရား”

“ဒါလဲ မအားလပ်ဘူး”

“ကျောင်းပြန် ဆွမ်းစားပြီး သပိတ်ဆေးနေတဲ့အချိန်လေး သင်ပါရစေ”

“ငါ မအားလပ်ဘူး”

မအားလပ်တာချည်းပဲ။

“အော် ဆရာမထေရ်ဟာ ပရိယတ္တိလုပ်ငန်းကို မအားလပ်နိုင်လောက်အောင် အတော်အလုပ်ရှုပ်တာကိုး၊ ဒါဖြင့် ဘုရားပျံတော်မူတဲ့အခါ မအားလပ်လို့ဆိုပြီးတော့ မရဏတရားက အော် ဆရာမထေရ် မအားလပ်ပါလားဆိုပြီး ငါနောက်ဆုတ်ပေးရအုံးမှာပါလားဆိုတဲ့ အဓိပ္ပါယ်မသက်ရောက်ဘူးလား ဘုရား”

မအားလပ်လို့ ပျံတော်မမူလိုက်ရဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်နေပါလားဘုရား။ အဲဒီလို လျှောက်ထားပြီး လက်အုပ်ချီမိုး ရှိခိုးရင်း ပျောက်သွားတယ်။

ဆရာမထေရ်က စဉ်းစားတယ်။ အော် ငါစာချလို့မအားလပ်ဘူး၊ သေတဲ့အခါကျတော့ ငါမအားလပ်လို့ ပျံတော်မူရတော့မှာ မဟုတ်ပါဘူး ဘုရား၊ သေမင်းက နောက်ဆုတ်သွားမှာလား ဘုရား။

မဟုတ်လိုက်တာ၊ ငါမှားသွားတယ်။ မအားလပ်လို့ အိုခြင်း၊ နာခြင်း၊ သေခြင်းက ဆိုင်းနေမှာမဟုတ်ဘူး။ တစ်ချိန်သောအခါမှာ အခု ငါအိုနေပြီ၊ တစ်ခါတစ်ခါ နာမကျန်းဖြစ်တယ်။ သေခြင်းတရားကလဲ အချိန်မရွေး လာနိုင်တယ်။

http://www.dhammadownload.com



မအားလပ်လို့ မအို၊ မနာ၊ မသေဘူးလို့မရှိဘူး။ ငါ့လာ တရားဟောတာပဲ။

အော် . . ငါ့တပည့်က ငါ့ကို တိပိဋကရေ ပုဂ္ဂိုလ်ကို တရားဟောနေပါလား။ တရားအားထုတ်တာများ ခဲခဲယဉ်းယဉ်းလုပ်လို့၊

"မောင်ပဥ္စင်းတို့ ကျောင်းရှေ့က လိုဏ်ဂူကြီးထဲ ညောင်စောင်း တစ်ခု သွင်းထားလိုက်ကြ၊ နံက်ခင်းသွားပြီး တရားအားထုတ်မယ်။ ရဟန္တာဖြစ်ပြီး နေ့ဆွမ်းပြန်စားမယ်"။

အားထုတ်တယ်၊ ထွက်လေ မှတ်တယ်။ ဝင်လေ မှတ်တယ်။ ဘယ်ရောက်သွားသလဲ။ သူပြောနေကြ စာဝါတွေ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာစာဝါတွေ၊ ဝိနည်းက ဘယ်လို၊ ဝိနိစ္ဆယကဘယ်လို၊ သုတ္တန်က ဘယ်လို၊ ဟာ ငါ့နှယ် စိတ်က ဘယ်ရောက်နေမှန်း မသိပါဘူး။

ဝင်လေမှတ်တယ်။ ထွက်လေမှတ်တယ်။ ဟိုမောင်ပဥ္စင်းက စာမအံဘူး။ ဟိုကိုရင်က တော်တော်ညံ့တယ်။

ဟာ ငါဘယ်ရောက်နေပါလိမ့်။ ဝင်လေမှတ်တယ်။ ထွက်လေမှတ်တယ်။ ငါ့ကျောင်းခေါင်းရင်းက ပေစာတွေ မိုးရွာရင် ခက်ရချည်ရဲ့။ ထွက်လေမှတ်တယ်။ ဝင်လေမှတ်တယ်။

သမာဓိ မတည်ဘူးလားနော်။ တည်တာ သမာဓိ၊ တိပိဋကရေ ကြီးဗျနော် အဋ္ဌကထာလဲ ဆောင်တယ်။

ဘုန်းကြီးတို့ မြန်မာပြည်က တိပိဋကရေတွေက ပါဠိတော်ပဲ ဆောင်တာ၊ သီဟိုဠ်က "သာဋ္ဌကထာ" အဋ္ဌကထာနှင့်တကွ ပါဠိတော် ကိုဆောင်တာ။

http://www.dhammadownload.com



ဟာ မဟုတ်သေးပါဘူး။ "နှောင် နှောင် နှောင်"နဲ့ ဆွမ်းစားကျောင်း ခေါင်းလောင်းကထိုး။

ဟင် . . ငါရဟန္တာထားလို့ သောတာပန်တောင် မရသေးဘူး။ သမာဓိတောင် တစ်စက်မှ မရသေးဘူး။ မဖြစ်သေးဘူး။

ဆွမ်းလာပို့တဲ့ကိုယ်တော်က သပိတ်နဲ့ "ဆရာတော် ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"

"အေး . . အေး . . ဆွမ်းစားလိုက်မယ်"

ပြီးတော့ ပြန်မှတ်တယ်။ ထွက်လေ၊ ဝင်လေ မှတ်တယ်။ ဟိုရောက်လိုက်၊ ဒီရောက်လိုက်။

ဘယ်လောက်ရှိသွားတယ်။ (၁)ရက်၊ (၂)ရက်၊ (၃)ရက်၊ (၁)လ၊

"လွယ်လွယ်လေး ဆွမ်းမစားမီ ရဟန္တာဖြစ်ရမယ်"ဆိုတဲ့ မထေရ်ကြီး ထွက်လေ၊ ဝင်လေလေးတောင် မိအောင် မဖမ်းနိုင်သေးဘူး။ (၂)လ၊ (၃)လ၊ (၄)လ၊ (၁)နှစ်လောက် ဖမ်းလို့ မရတော့ဘူး။

ဆွမ်းလာပို့တဲ့ ဦးပဉ္စင်းကို "ကျောင်းဦးပဉ္စင်း (၄)၊ (၅)ပါးလောက် လာခဲ့စမ်း"လို့ မှာလိုက်တယ်။

ရောက်လာတော့ "ဒီကုတင်ကို ဖြုတ်ယူသွားကြ၊ ကုတင်နဲ့ အိပ်နေလို့ ဘယ်ဖြစ်မလဲ၊ ထိုင်ပြီးတော့ အားထုတ်မယ်"ဆိုပြီး ထိုင်တယ်။

ကိုယ်တော်တို့ နည်းနည်းတော့ ကျိန်းကြအုံးနော်။ တိပိဋကမထေရ်ကြီးလိုတော့ မထိုင်ကြနဲ့နော်။

ထိုင်ပြီး အားထုတ်တယ်။ မကျိန်းဘူး။ တစ်နှစ်ပြည့်တော့ ပဝါရဏာပြုတော့ "ဟောဗျာ ဒုက္ခပါပဲ။ ထွက်လေကလဲ ဘယ်ရောက်ပါလိမ့်၊ ဝင်လေကလဲ ဘယ်ရောက်ပါလိမ့်"

http://www.dhammadownload.com



ထွက်လေဝင်လေက စတာ၊ ထွက်လေဝင်လေက လွယ်လွယ် လေးဆိုပေမယ့် အစခက်တယ်။ ရှူတယ် ရှိုက်တယ်၊ ရှူတယ် ရှိုက်တယ်၊ ရှူတယ် ရှိုက်တယ်၊ ရှူရှိုက်ကောင်းလာရင် ကမ္မဋ္ဌာန်စတိတ်ရှိုး ပေါ်လာ တတ်ပါတယ်။

ကမ္မဋ္ဌာန်းစတိတ်ရှိုး ပေါ်လာရင် ရှိုက်တာ ရှူတာ မိလာရင် ပျော်လာတယ်၊ ရှိုက်တယ် ရှူတယ်၊ ရှူတယ် ရှိုက်တယ်။

တိတူ တိတူ တိတူ တိတူ နဲ့တော့သလို တစ်ချို့က ပြောင်းတောင် ပြောင်းတောင် ပြောင်းတောင် ပြောင်းတောင် လုပ်တတ်တယ်။ အဲဒါ ကမ္မဋ္ဌာန်းစတိတ်ရှိုး ခေါ်တယ်။ မှတ်လို့ ကောင်းလွန်းအားကြီးရင်လဲ စတိတ်ရှိုးတော့ ထမလုပ်ကြနဲ့။

အခု စွယ်တော်ကျောင်းမှာ တရားအားထုတ်ရတာ သယ်ကောင်းတာကိုး။ အေးလိုက်တာ၊ ဥတုမျှတတယ်။

ဥတုမျှတတာရယ်၊ ဘောဇဉ်မျှတတာရယ်၊ တရားပေါ်လွင် ထင်ရှားစေတဲ့ အထောက်အပံ့ ဖြစ်တယ်။ အင်မတန်ကောင်းတယ် နော်။

ဒါနဲ့ (၁)နှစ် မရ၊ (၂)နှစ် မရ၊ (၃)နှစ် မရ၊ ဘယ်လောက် ရောက်သွားလဲ။ နှစ် (၃၀)ရှိသွားတယ်။

(၃)နှစ်လောက်ကျတော့ ဒါလောက်တောင်မရတာ ရေမချိုးဘူး။ ရေချိုးတဲ့အချိန်လေးကလဲ (၁၅)မိနစ်၊ မိနစ် (၂၀)လောက် ကြာတယ်။ "ဒီအချိန်ကစပြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာမဖြစ်သမျှ ကာလပတ်လုံး ငါရေချိုးခြင်းအလျဉ်း မပြုတော့အံ့"

ဆရာတော်ကြီး တရားအားထုတ်လိုက်တာ (၁၅)ရက်စခန်း မဟုတ်ဘူးနော်။ တကယ် တိပိဋကရေ မထေရ်ကြီး၊ နေ့ရောညရော

http://www.dhammadownload.com



မှတ်တယ်။ အာရုံမိအောင် အားထုတ်လိုက်တာ။ ရေမချိုးတော့ တစ်ကိုယ်လုံး ချေးတွေထူပြီး ခြေထောက်တွေလဲ ကွဲပြီးတော့ ဆွမ်းခံကြွရင် ကလေးလေးတွေက မထေရ်ကြီး ဆွမ်းခံရပ်နေတဲ့အခါ ခြေထောက်အကွဲကြီး ဆူးတွေနဲ့ထိုးပြီးတော့ ဟပေးကြတယ်။ အဲလောက် သက်စွန့်ကြိုးပမ်းလုပ်တယ်။

အနှစ် (၃၀)မြောက်ရောက်သော အခါကျတော့ မနက်ဖြန်ခါ ပဝါရဏာပြုရတော့မယ်။ ငါသည် ရဟန္တာဖြစ်အောင်ဟူ၍ လွယ်ကူလှတယ်ထင်လို့ အားထုတ်ခဲ့တယ်။ နှစ်သုံးဆယ် ပြည့်ပါပေါ့လား။ ဟီး . . . ဟယ် . . . ။

မထေရ်ကြီးက ငိုနေတော့ လိုဏ်ဂူပေါက်က ပုဂ္ဂိုလ်ကလဲ ဟီး . . . ဟယ် . . . နဲ့ ငိုနေတယ်။

"ငါတစ်ယောက်ထဲ ငိုတာမှတ်တယ်။ ဟိုဘက်ကကောင်က ဘာငိုတာလဲ . . . ဟ"၊ လိုက်ကြည့်တယ်။ ဘာမှ မမြင်ရဘူး။

"ဟဲ့ . . . ဘယ်သူလဲကွ ငိုတာ"

"တပည့်တော် ဂူစောင့်နတ်ပါ ဘုရား"

"ဘာပြုလို့ ငိုတာလဲ"

"မဂ် ဖိုလ်များ ရမလားလို့ ငိုတာပါ ဘုရား"

"လုပ်ပြန်ပြီ ငါ့ပြောင်ပြန်ပဟာ"

အားထုတ်လိုက်တာ တစ်ခါထဲ နှစ် (၃၀) တရားစခန်းမှာ လုံးဝရေမချိုးဘူး။ တစ်ကိုယ်လုံး ခြင်တစ်လုံးလုံး၊ တစ်ကိုယ်လုံး ချဉ်တာ ဟင်းစော်နံပြီးတော့ ငါးချဉ်အိုးကြီး ဖောက်ထားသကဲ့သို့ နှမ်းဖတ်ချဉ်အိုးကြီး အပြည့်လောင်းထားဘိသကဲ့သို့ ချဉ်စော်နံပြီးတော့ အားထုတ်လိုက်တာ အရုဏ်လဲထက်ကရော အာနာပါန အားထုတ်တဲ့

http://www.dhammadownload.com



မထေရ်ကြီး ဘာဖြစ်သွားသလဲ။

"တစ်ထိုင်တည်းသာ ရဟန္တာ၊ သေခါလည်းရ နတ်ပြည်ရနှင့်"

ဘာတတ်နိုင်မှာတုန်း။ နှစ်သုံးဆယ်ပြည့်တော့ သောတာပတ္တိမဂ် ဖွားကနဲရပြီး သောတာပတ္တိဖိုလ် ဆက်ရတယ်။ သောတာပန်ပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။

သကဒါဂါမိမဂ် ဖိုလ်ရပြီး သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်။

ငါးမိနစ်အတွင်းမှာပဲ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် ရပြီးတော့ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။

အဲဒီကျတော့ ငိုနေတဲ့မျက်ရည်တွေ ဘယ်ရောက်သွားမှန်း မသိဘူး။ မထေရ်မြတ်ကြီး ဟသိတုပ္ပါဒ်စိတ်ဖြင့် သွားကလေးပေါ်အောင် ပြုံးလာတယ်။ အင်မတန် ငြိမ်သက်တည်ကြည်သော ရဟန္တာတို့ရဲ့ သမာဓိဖြင့် တွက်လိုက်တဲ့အခါ ထိန်းချုပ်လိုက်တဲ့အခါ အင်မတန်တည်ကြည်ပြီးတော့ သွားတယ်။

အဲဒီအခါ ဂူစောင့်နတ်က "ဟာ ငါက ပျက်ရယ်ပြုလိုက်တာနဲ့ ကြိုးစားအားထုတ်လိုက်တာ ဧကန္တ ရဟန္တာဖြစ်တာနေမှာ။ တည်ကြည်လိုက်တာ၊ အရင်အတိုင်း။ ငိုတာ ရှိုက်တာတွေလဲ အကုန်ပျောက်သွားတယ်။ အေးငြိမ်းသောမျက်နှာ ငါဖူးရတယ်။"

အဲဒီအချိန်မှာ သိကြားမင်းက လှမ်းကြည့်လိုက်တဲ့အခါ လောကကြီး ပဝါရဏာကိစ္စ ရဟန်းတော်များ စုရုန်းနေကြတာတွေ၊ မဟာသီဝမထေရ်ကြီး တရားအားထုတ်လိုက်တာ နှစ်(၃၀)ပြည့်လို့ ရဟန္တာဖြစ်ပါပေါ့လား။ ချေးညှော်တွေ ပြည့်နေလို့ ရေချိုးဖို့ စီမံနေကြပါလား။ ကိုရင်တွေက ရေချိုးဖို့ ရောက်နေကြတယ်။

http://www.dhammadownload.com



သိကြားမင်းက လာတယ်။

"ဘယ်သူလဲဟေ့"

"မှန်ပါ သိကြားမင်းပါဘုရား"

"မင်းက ဘာလုပ်မလို့လဲ"

"တပည့်တော် မထေရ်ကြီးကို ရေချိုးပေးမလို့ပါ ဘုရား။ ချေးညှော်တွေ တိုက်ပေးမလို့ပါဘုရား"

"မလုပ်နဲ့ မင်းခြင်ကောင်တွေ ရှုန်းရှုန်းထနေတာသာ ကြည့်တော့။ မင်းတို့နတ်က သန့်ရှင်းတယ်။ မလုပ်နဲ့"

"မဟုတ်ပါဘူး ဘုရား၊ အရှင်ဘုရားရဲ့ ချေးညှော်က တပည့်တော် မနံပါဘူးဘုရား။ အရှင်ဘုရားရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တွေက မွှေးလိုက်တာ ဘုရား။ မွှေးလွန်းလို့ တပည့်တော်လာတာဘုရား။ တပည့်တော် ရေချိုးပေးပါရစေ" ဆိုပြီး သိကြားမင်းက လက်နဲ့သပ်လိုက်တဲ့အခါ ထက်ထက်မိုးဦးတို့ ကြေငြာတဲ့ဆပ်ပြာမွှေးထက် သာပါတယ်။ တစ်ခါထဲ နုသွားပါတယ်။ သန့်ရှင်းစင်ကြယ်ပြီး သွားပါတယ်။

တပည့်ကြီးတွေ ရောက်လာကြတယ်။ တပည့်တော်အား အနုမောဒနာတရားတစ်ပုဒ် ချီးမြှောက်ပါဆိုတဲ့ တပည့်ရဟန္တာက တန်ခိုးနဲ့ လက်အုပ်ချီလာတယ်။

"ဟာ . . ငါ့တပည့်ကြီးပါလား။ လွန်ခဲ့တဲ့ နှစ်သုံးဆယ်က မင်းပြောပေးလို့ တရားအားထုတ်လိုက်တာ။ အခု ဟန်ကျလိုက်တာကွာ"

"မှန်ပါဘုရား၊ အရှင်ဘုရားရဲ့ ဇွဲသတ္တိ အနှစ်သုံးဆယ်တိုင်တိုင် နောက်သို့မဆုတ်မူ၍ တရားကိုသာ သဲသဲမဲမဲနဲ့ ထက်မြက်သောသတိ၊

http://www.dhammadownload.com



ထက်မြက်သော သဒ္ဓါတရား၊ ထက်မြက်သော ဝီရိယ သမာဓိ အစရှိသည်တို့ဖြင့် ကြိုးစားအားထုတ်မယ်ဆိုတာ တပည့်တော်သိ၍ လာပြီး ကန်တော့ပါတယ်ဘုရား”။

တပည့်တွေကလဲ လာပြီး သန့်ရှင်းသော သက်န်းတွေ ကပ်ပြီး တော့ ပဝါရဏာပြုတယ်။ ဘာပဝါရဏာလဲ ဆိုရင် ဝိသုဒ္ဓိပဝါရဏာလို့ ခေါ်ပါတယ်။

ဝိသုဒ္ဓိ ကိလေသာမှ စင်ကြယ်ခြင်းဖြင့် ရဟန္တာပုဂ္ဂိုလ်တစ်ပါး အနေနဲ့ **“သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ၊ သုတေန ဝါ၊ ပရိသင်္ကာယ ဝါ၊ ဝဒန္တုမံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ”**။

ခြိမ်းဟိန်းပြီးတော့ သာဓုသံတွေ ထွက်လာတယ်။ ကိလေသာ စင်ကြယ်တယ်။ အာနာပါနအခြေခံတဲ့ အာနာပါနကမ္မဋ္ဌာန်းသည် နှယ်နှယ်ရရ ကမ္မဋ္ဌာန်းမဟုတ်ဘူး။

တိပိဋကရေ မဟာသီဝမထေရ် အနှစ်သုံးဆယ် ဘယ်လောက် ဆင်းရဲပေမယ်လို့ အလွယ်တကူ ချောချောမောမော နာရီပိုင်းအတွင်း အရဟတ္တဖိုလ်သို့ ပို့ဆောင်သော တရားထူးဝိသေသ ဖြစ်တယ်။

အဲဒီတရားကို အရှင်ဘုရားတို့ ယမန်နေ့ကစပြီး အားထုတ် တော်မူကြတယ်။

ကံကောင်းလိုက်တဲ့ပုဂ္ဂိုလ်တွေ၊ ကံထူးလိုက်တဲ့ပုဂ္ဂိုလ်တွေ၊ ဘုရားသားတော် အစစ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊

မြတ်စွာဘုရားသာ ရှိမယ်ဆိုရင် အရှင်စူဠပန်ကို ရွှေလက်တော် ဖြင့် မြတ်စွာဘုရားက ခေါင်းကိုကိုင်ပြီးတော့ ဖြေသိမ့်တော်မူသကဲ့သို့ ကိုယ်တော်တို့ရဲ့ ခေါင်းမှန်သမျှ မြတ်စွာဘုရား တန်ခိုးတော်ဖြင့်

http://www.dhammadownload.com



အသီးအသီး ပွတ်ပြီးတော့ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်း ရောက်လာတဲ့ ကမ္မဋ္ဌာနာစရိယလောင်းလျာတွေ "ချစ်သား တို့ သာဓု သာဓု သာဓု"လို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ချီးကျူးခံ ရမယ့် ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။

မဟုတ်ဘူးလား။ အင်မတန်ကောင်းတယ်။ ဒါကြောင့် တပည့်တော် ညဉ့်ကတွေးလိုက်တိုင်း တွေးလိုက်တိုင်း မေတ္တာပို့သံ ကြားရင် အော် တစ်ကြိမ်ပြီးသွားပြီ။ အော် တရားတစ်ကြိမ် စပြန်ပြီ။

သံဃာတော် အရှင်မြတ်တွေ ဒီအာနာပါနကမ္မဋ္ဌာန်းတော်ကြီး ကို အားထုတ်သူမှန်ပါက လှေနဲ့ တစ်ချက်ချင်း တစ်ချက်ချင်း လှော်အပ် သော ပုဂ္ဂိုလ်သည် လိုအပ်သောကမ်းတစ်ဖက်သို့ မုချရောက်စမြဲ ဖြစ်သကဲ့သို့ အတောင်ပံဖြင့် အလိုရှိသောအရပ်သို့ ပျံသွားသော ငှက်သည် အလိုရှိသော တောကြီးထဲသို့ အလိုအလျောက်ရောက်ရှိ ဘိသကဲ့သို့၊

ရပ်တန့်ခြင်းမရှိမူ၍ လုံ့လဝီရိယ ပြင်းထန်စွာဖြင့် ကြိုးစား အားထုတ်မယ်ဆိုရင် အရှင်ဘုရားတို့ မုချမဂ်ဖိုလ်သို့ ရောက်နိုင်ပါတယ် ဘုရား။

မဟာသီဝမထေရ် တိပိဋကရဲ့ အနှစ်သုံးဆယ်စခန်းကို နောက်မဆုတ်ဘဲ ကြိုးစားသဖြင့် ရဟန္တာဖြစ်ဘိသကဲ့သို့၊

အရှင်ဘုရားတို့ အကုန်လုံး အနှစ်သုံးဆယ်၊ အနှစ်နှစ်ဆယ် မလုပ်ရပါဘူးဘုရား။ ဆယ်နှစ်မလုပ်ရပါဘူး ဘုရား။ လပိုင်း၊ နှစ်ပိုင်း လောက်နဲ့ ဒီပုံစံအတိုင်း ဆက်လက်ကြိုးစားသွားမယ်ဆိုရင်၊

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အနှစ် ငါးဆယ်က စပြီး တောကြီးထွက်တော်မူပါတယ် ဘုရား။

http://www.dhammadownload.com



တောကြီးထွက်ပြီး ကျောင်းတိုက်ကြီးကို ဆရာတော် ဦးဉာဏအား အပ်နှံပြီးတော့ လယ်တီဆရာတော်ဘုရားကြီးဟာ တရားအားထုတ်တော်မူပါတယ် ဘုရား။

ပုစ္ဆာတွေလာတဲ့အခါမှာလဲ ဘယ်စာအုပ်မှ ကြည့်တော်မမူပဲ "သောမနဿုပေက္ခာဒီပနီ" အစရှိတဲ့ ဒီပနီကျမ်းတွေ တောထဲမှာပဲ ရေးပါတယ်ဘုရား။

တောထဲမှာ တရားအားထုတ်တဲ့အခါ လယ်တီဆရာတော် ဘုရားကြီးရဲ့ စာရေးတဲ့နေရာမှာ ခဲတံနဲ့ရေးပါတယ်ဘုရား။ ဟိုတုန်းက ဗလာစာအုပ်အရှည်ကြီး အကုန်လုံးဖြုတ်ပြီးတော့ ရေးပါတယ်ဘုရား။

ခဲတံနဲ့ရေးတဲ့နေရာမှာ ခဲတံအချောင်း (၄၀) ချွန်ရပါတယ် ဘုရား။ ခဲတံချွန်တဲ့နေရာမှာ ဦးနန္ဒိယဟာ နာမည်အရဆုံးပါဘုရား။

စာရေးလိုက်၊ တုံးတဲ့ခဲတံ ခြင်းထဲထည့်လိုက်၊ ရေးလိုက်၊ တစ်နေ့မှာ အချောင်း (၄၀)ချွန်ပေးရပါသတဲ့။

ဒါကြောင့် ဦးနန္ဒိယကို တေဒဂ်ပေးကြတာ "**ဧတဒဂ္ဂံ အာဝုသော မဟာလယ်တီထေရဿ သိဿာနံ၊ ယဒိဒံ နန္ဒိယော ခဲတံချွန်**" မကောင်းဘူးလား။ လယ်တီဆရာတော်၏ တပည့်အပေါင်း တို့တွင် ခဲတံချွန် ဦးနန္ဒိယ အမြတ်ဆုံး ဖြစ်ပေ၏။

မြတ်စွာဘုရားက "**ဧတဒဂ္ဂံ ဘိက္ခဝေ**"ကိုး။ ဧတဒဂ္ဂံ အာဝုသော၊ အာဝုသော= ငါ့ရှင်ကိုး။

အဲဒီလို ဆရာတော်ဘုရားကြီးက စာပေလဲ ရှုပ်ရှုပ်ချွံချွံ၊ တရားလဲ ရှုပ်ရှုပ်ချွံချွံ ရတယ်။ ဒါကြောင့် အင်မတန်ထူးခြားတယ်။

တရားအားထုတ်တယ်ဆိုတာ ဝီရိယသုံးမျိုး ရှိတယ်။

http://www.dhammadownload.com



၁။ အာရမ္ဘဝီရိယ- သူများထက်ဦးအောင်၊ စောအောင်၊ ရှေ့ကျအောင် အားထုတ်ရမယ်။

အလုပ်တစ်ခုကို နှောင့်နှောင့်နှေးနှေး မလုပ်ပဲ အလျှင်အမြန်လုပ်ရမယ်။ နောက်မကျအောင် စောစောရောက်အောင် ကြိုတင်ရောက်ရမယ်။ ဦးစွာအားထုတ်တာ၊ အာ-ရှေးဦးစွာ၊ ရမ္ဘ-အားထုတ်တာ။

၂။ နိက္ကမဓာတ်- ကျော်လွှားပြီးတော့ အားထုတ်တာ နိက္ကမဓာတ်၊ ပျင်းလိုက်တာ တော်ကြာမှ အားထုတ်မှပဲ၊ ခဏအညောင်းဖြေလိုက်အုံးမှ၊ ခဏအိပ်လိုက်ပါအုံးမလေ၊ အဲဒီ အပျင်းဓာတ်ကို ကျော်လွှားပြီးတော့ ဝီရိယကို ဘယ်လျှော့လို့ဖြစ်မလဲ။ အေးတာလဲကြည့်လို့မရဘူး။ ပူတာလဲ ကြည့်လို့မရဘူး။ ဆာတာလဲ ကြည့်လို့မရဘူး။ မကျန်းမာတာလဲ ကြည့်လို့မရဘူး။ ဒါတွေ ကျော်လွှားပြီးတော့ အားထုတ်မှ၊ ပျင်းရိခြင်း အစရှိသော နှောင့်နှောင့်နှေးနှေး ဖြစ်တာတွေကို အတင်းကျော်လွှားပြီး အားထုတ်တာကို နိက္ကမဝီရိယဓာတ်လို့ ခေါ်ပါတယ်ဘုရား။

၃။ ပရက္ကမဓာတ်- တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်အောင် အားထုတ်တဲ့ဓာတ်။

(၁) အာရမ္ဘဓာတ်- ဦးအောင် စောအောင် အားထုတ်တာ။
(၂) နိက္ကမဓာတ်- ပျင်းရိခြင်း အစရှိသည်ကို ကျော်လွှားပြီး အားထုတ်တာ။
(၃) ပရက္ကမဓာတ်- တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်အောင် အားထုတ်တာ။

http://www.dhammadownload.com



ငါဒီအဆင့်ရောက်ရင် တော်မှပဲ။ ငါသောတာပန်ဖြစ်ရင် တော်မှပဲ။ ဒီလို မရပ်ဘူး။ မြင့်သည်ထက်မြင့်အောင် ရင့်သည်ထက် ရင့်အောင် ဆက်ဆက် ဆက်ဆက်ပြီးတော့ ကြိုးစားအားထုတ်တာ။

ဒါကြောင့် အာရမ္ဘဝီရိယဓာတ်၊ နိက္ကမဝီရိယဓာတ်၊ ပရက္ကမ ဝီရိယဓာတ်၊ အဲဒီ ဝီရိယဓာတ် (၃)ပါးနှင့် အရှင်ဘုရားတို့ ကြိုးစား အားထုတ်တော်မူကြပါဘုရား။

အားထုတ်ခြင်းမရှိပဲနဲ့ ပါးစပ်က အနိစ္စ၊ ပါးစပ်က ဒုက္ခ၊ ပါးစပ်က အနတ္တာ၊

အမြဲမရှိ အနိစ္စ၊ ဆင်းရဲလိုက်တာ ဒုက္ခ၊ ငါ့ကိုယ်ငါမဟုတ်ဘူး အနတ္တ။

ပါးစပ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ဘယ်တော့မှ ဝိပဿနာ ဉာဏ် မဟုတ်ပါဘုရား။ လက်တွေ့ဝီရိယဓာတ်နဲ့ မိမိခန္ဓာကိုယ်ရဲ့ အဖြစ်အပျက်ကို ပြတ်ပြတ်ထင်ထင် မြင်လာအောင် စိုက်စိုက်စူးစူး ကြိုးစားအားထုတ်တဲ့ လက်တွေ့အနိစ္စက နိဗ္ဗာန်ပို့မှာပါဘုရား။

လက်တွေ့အနိစ္စအစစ်က လက်တွေ့ပစ္စုပ္ပန်ဖြစ်သော တရား၏ အဖြစ်အပျက်အနိစ္စ အစစ်ကိုမြင်မှ မဂ်ဖိုလ်ရပါတယ်။

ရိုးရိုး အနိစ္စ၊ ဒုက္ခ၊ အနတ္တကတော့ မဂ်ဖိုလ်မရနိုင်ပါဘူး။ အဲဒါ ပဒေါင်းဆရာတော်ဘုရားကြီးက သူ့ရဲ့သူငယ်ချင်းဖြစ်သူထံ ရေးလိုက်တာ။

ပဒေါင်းဆရာတော်ဘုရားကြီးက အုတ်ဖိုဆရာတော်ဘုရား ကြီး ဒွါရဆရာတော်ဘုရားကြီးရဲ့ တကယ်ကဗျာပညာရှိတဲ့ တကယ် ပညာရှိတဲ့ ဆရာတော် သူ့သူငယ်ချင်းကို ပြောတယ်။

http://www.dhammadownload.com



တပည့်တော်တို့ အသက် (၆၀)၊ (၇၀) ရှိကြပြီပေါ့။ အနိစ္စကလဲ ပါးစပ်က အနိစ္စ၊ ဒုက္ခကလဲ ပါးစပ်က ဒုက္ခ၊ အနတ္တကလဲ ပါးစပ်က အနတ္တနဲ့ပဲ ပြီးနေကြတာ။ တရားအားထုတ်ခွင့် မရကြဘူး။

အဲဒီတော့ ပါးစပ်က အနိစ္စ၊ အနိစ္စနဲ့ ဆိုတာ ပျက်စီးတယ်ဆိုတဲ့ စကားကို နားမထောင်ချင်ဘူး။ ပျက်စီးတယ်ဆိုတာ နားခါးတယ်။ သေတယ်ဆိုတာ နားခါးတယ်။ ပျောက်တယ်ဆိုတာ နားခါးတယ်။

ပါးစပ်ကတော့ ဒုက္ခ၊ ဒုက္ခနဲ့ပြောပြီး ကိုယ့်သူငယ်ချင်းနဲ့ တွေ့တဲ့အခါကျ ချမ်းသာလို့ထင်၊ ကျောင်းကြီးကြည့်ပြီးတော့ ချမ်းသာတယ်လို့ထင်၊ အလှူပွဲတွေ များတာတွေ့ပြီးတော့ ချမ်းသာတယ်လို့ ထင်၊ ကန်တော့ပွဲတွေကြည့်ပြီးတော့ ချမ်းသာတယ်လို့ ထင်၊

အို လူတွေကလဲ သမီးတွေ့တော့ ချမ်းသာတယ်လို့ထင်၊ သားတွေ့ပြီးတော့ ချမ်းသာတယ်လို့ထင်၊ တိုက်ကြီးတွေ့တော့ ချမ်းသာတယ်။

ရှင်ဘုရင်တွေကလဲ ဘမရာသနပလ္လင်ကြီးတွေ၊ သီဟာသန ပလ္လင်ကြီးတွေ ချမ်းသာကြီးတွေ တွေ့တဲ့အခါမှာ ပါးစပ်ကတော့ ဒုက္ခ ဒုက္ခ၊ ကိုယ်နဲ့သက်ဆိုင်တာတွေ သာယာဖွယ်တွေ တွေ့ပြန်တော့လဲ ချမ်းသာတယ်လို့ ထင်တယ်။

ပါးစပ်ကတော့ အနတ္တ အနတ္တနဲ့ပဲ။ **"ဇာတိပိဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ"** အစရှိသည်ဖြင့် ဓမ္မစကြာနဲ့ နှီးနှော တိုက်ဆိုင်ပြီးကြည့်လဲ ဒုက္ခမှန်းမသိ အနတ္တမှန်းမသိ ငါပဲ ထင်နေတယ်။

နောက် ဝိပဿနာ အနိစ္စ ဒုက္ခ အနတ္တတင်လဲ ငါပဲထင်နေ တယ်။ အဲဒါတွေ အမိပ္ပါယ်ပေါ်လွင်အောင် လေးဆစ်သဖြန်းဂါထာ လေး၊ ကဗျာလေးကို ရေးလိုက်တယ်။ တရားဟောလို့ရှိရင် ဒီဟာ

http://www.dhammadownload.com



အင်မတန်ကောင်းတယ်၊ ပြီးတော့မှ ကူးကြ ဆိုပြလိုက်အုံးမယ်။

"အနိစ္စ အနိစ္စနဲ့ ဘိဇ္ဇနကိုတော့ မမြင်လို
ဒုက္ခ ဒုက္ခနဲ့ နွှတ်ကသာဆိုလို့ ငြီးမိတော့တယ်။
လူ့စည်းစိမ် ရတနာရွှေငွေနှင့်
ဘမရာဗွေ ဒါတွေတွေးလိုက်တော့ အေးတော့မလို။
အနတ္တ အနတ္တနဲ့ ပါးစပ်ကဆိုတာကို
ငါကိုယ်နှင့်ပါကလား။
ထင်ချက်ကယ်ကွာ ယာဥ်စကြာဒေသနာနှင့်
တင်လက္ခဏာ ဘယ်လိုသုံးသော်လဲ
ဝဋ်နှောင်ကို လွတ်အောင်ရုန်းနိုင်ပါ့မလား။
မြှုံးမိတဲ့ ငါးလိုပ၊ ဘုန်းအသိသား။"

မြှုံးမိတဲ့ငါးလို ထွက်လို့မရဘဲ ဖြစ်နေတယ်။ ကိုယ်တော်တို့ တပည့်တော်တို့၊

ကောင်းလိုက်တဲ့ လင်္ကာနော်။ တရားအားမထုတ်တဲ့ ကိုယ်တော်တွေ ပါးစပ်ကပြောလဲ ဘယ်တော့မှ မရဘူးလို့ ပြောတာ မဟုတ်လား။

အနတ္တ အနတ္တနှင့် ပါးစပ်ကဆိုတာဆို၊
ငါ့ကိုယ်နှင့်ပါတကား၊
ထင်ချက်ကယ်ကွာ ယာဥ်စကြာဒေသနာနှင့်
တင်လက္ခဏာ ဘယ်လိုသုံးသော်လဲပဲ
ဝဋ်နှောင်ကို လွတ်အောင်ရုန်းနိုင်ပါ့မလား၊
မြှုံးမိတဲ့ငါးလိုပ ဘုန်းအသိသား။

http://www.dhammadownload.com



ခွန်းတောက်သဖြန်းလေး။ အလွန်ကောင်းတယ်၊ အနှစ်အသား ပါတယ်။ သဘောကျတယ်၊ အဲဒါ မုံရွာက ဒကာကြီးတစ်ယောက်က ရွတ်ပြတာ။

အနိစ္စ ဒုက္ခ အနတ္တလို့ ပါးစပ်နဲ့တော့ မရဘူး။ တရားအားထုတ်မှရမှာ။ တရားအားထုတ်တဲ့ ယောဂီတွေကလဲ ဟန်ကျတယ်။ ငါတို့က တရားအားထုတ်တာ။ တရားအားမထုတ်တဲ့လူတွေက ဒီအတိုင်းဖြစ်မှာ။ သူကလဲ အခုဖြစ်တော့မှာလိုလိုနဲ့၊

**"အနိစ္စ အနိစ္စနဲ့ ဘိဇ္ဇနကိုတော့ မမြင်လို**
**ဒုက္ခ ဒုက္ခနဲ့ နှုတ်ကသာဆိုလို့ ငြီးမိတော့တယ်။**
**လူ့စည်းစိမ် ရတနာရွှေငွေနှင့်**
**ဘမရာဇ္ဇဝ ဒါတွေတွေးလိုက်တော့ အေးတော့မလိုလို။**

ဘုန်းကြီး "မဟာသုတဒီပနီ" တတိယတွဲထဲမှာ ပါတယ်နော်။ အဲဒီအထဲပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ရစေနိုင်တဲ့ ကဗျာတွေ အကုန်ထည့်ထားတာ။ ကဗျာတို့၊ လင်္ကာတို့ အကုန်ထည့်ထားတာ။ ကဲ နိဂုံးချုပ်ကြစို့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ (၃-၅-၂၀၀၇)**

"ဦးတေဇနိယ ပရိက်ပြု"

ယနေ့ သာသနာနှစ် ၂၅၅၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်နေ့၊ တတိယနေ့။

အရှင်ဘုရားများ (၇)ရက်တရားစခန်း ဖွင့်ပြီး တရားပေးကြတဲ့အခါမှာ တတိယနေ့မှာ ဘယ်လိုပေးမလဲ။ ဒီမေးခွန်းကို တပည့်တော် ဖြေကြားမှာပါဘုရား။

အဲဒီ သင်တန်း တရားအားထုတ်ဖို့နည်းလမ်းလေး မပြောမီ မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားပြီး ထားခဲ့တဲ့ စကားနဲ့ပဲ နိဒါန်းစကား၊ စကားပျိုးလေးတွေ ပြောပါ့မယ်။

တတိယနေ့ တရားအားမထုတ်မီ စကားရိုးမပြောမီ စကားပျိုးအနေအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ "ဓမ္မဝိဟာရီသုတ္တန်"နဲ့ စကြရအောင်။

တပည့်တော်တို့ အရင်လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်းတုန်းကလဲ တပည့်တော် ပြောဖူးပါတယ်။

တစ်နေ့ကျတော့ ရဟန်းတော်တစ်ပါး မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး ရိုသေစွာလျှောက်ထားတယ်။

**"ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိခေါဘန္တေ ဝုစ္စတိ၊**

**ကိတ္တာဝတာနုခေါဘန္တေ ဓမ္မဝိဟာရီ ဟောတိ။"**

"ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား တရားဖြင့်နေတယ်၊ တရားဖြင့်နေတယ်။ တရားဖြင့်နေလေ့ရှိသူ၊ တရားဖြင့်နေလေ့ရှိသူလို့ ဆိုကြပါတယ်ဘုရား။ အဘယ်မျှလောက်သော အတိုင်းအတာဖြင့် တရားဖြင့်နေလေ့ရှိသူ ဖြစ်ပါသလဲ

http://www.dhammadownload.com



ဘုရား။" မြတ်စွာဘုရားကို ရဟန်းတော်တစ်ပါးက အဲဒီလို မေးတာ။

တရားဖြင့်နေလေ့ရှိသူ၊ ဘယ်ဆရာတော်ဖြင့် တရားဖြင့်နေတယ်ပော့။ တရားဖြင့် နေလေ့ရှိတယ်။ ရသမျှအချိန်လေး တရားဖြင့်နေတယ်။

အဲဒီတော့ "တရားနဲ့နေလေ့ရှိသူ ဆိုတာ ဘယ်လိုတိုင်းတာရမှာပါလဲ ဘုရား"လို့ ဆိုတဲ့ ဒီမေးခွန်းကို ဖြေကြားတော်မူတယ်။

မနေ့က ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှေ့လယ်တီ ဆရာတော်ဘုရားက ရဟန်းတော်များရဲ့ မောဟပယ်နည်းနှင့် မြတ်စွာဘုရားရဲ့ မောဟပယ်နည်း မတူဘူး။ တပည့်တော်တို့ မစဉ်းစားမိဘူး။

ရဟန္တာများက **"စတုသစ္စပဋိစ္ဆာဒကမောဟ"** သစ္စာလေးပါးကို ဖုံးလွှမ်းတတ်တဲ့ မောဟကို ရဟန္တာများက ပယ်တယ်။

မြတ်စွာဘုရားကတော့ "လေးအင်သစ္စာ နက်နဲစွာဖြင့် များသင်္ခါရ ဝိကာရတည့် လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ငါးတန်ဉေယျ ဓမ္မအပြား အကျဉ်းအားတည်း။ ကျယ်ပွားအနန္တ ရှိသမျှတွင် တစမကြွင်း အလင်းကုန်စင် ရှိတိုင်းမြင်သည့် ပညာရှိ အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရား။"

သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သည့် မောဟကိုလဲ မြတ်စွာဘုရား ပယ်တော်မူတယ်။ သင်္ခါရ ဝိကာရ လက္ခဏာ ပညတ် နိဗ္ဗာန် ဆိုတဲ့ ဉေယျဓံတရားအားလုံးကို ဖုံးလွှမ်းတတ်တဲ့ မောဟကိုလဲ မြတ်စွာဘုရား ပယ်တော်မူတယ်။

မြတ်စွာဘုရား ပညတ်ကိုဖုံးလွှမ်းတတ်တဲ့ မောဟကိုလဲ ပယ်တော်မူတယ်။

http://www.dhammadownload.com



ပညတ်ဆိုတာ ဥပမာပြောကြပါစို့။ မြတ်စွာဘုရား မဟာသမယသုတ္တန် ဟောကြားတော်မူတဲ့အခါ နတ်တွေက အများကြီးလာကြ။ တစ်ချို့နတ်တွေက စဉ်းစားကြတယ်။ ဒို့နာမည်တွေတော့ အသေးအဖွဲ့လေးတွေမို့ သိမှာမဟုတ်ဘူး။ တွေးကြ တောကြတော့ မြတ်စွာဘုရားက ငါအကုန်လုံးသိတယ်။ သင်တို့ရဲ့နာမပညတ်ကို အမျိုးအနွယ်နှင့်တကွ ငါဘုရား သိတယ်။

ပထမဆုံးဟောတဲ့ သုတ္တန်ကြီးမှာ နတ်တွေရဲ့ နာမည်တွေချည်း မြတ်စွာဘုရား ဟောကြားတော်မူတယ်။

ဒါနဲ့ပတ်သက်လို့ တစ်ချိန်က သင်္ဘောပေါ်မှာ ခရီးသွားကြတော့ ဆရာတော်တစ်ပါးကလဲ ပါတယ်။ တစ်ယောက်ကလဲ ဘာသာတစ်ခုမှာ ဆရာ။ ဗုဒ္ဓဘာသာက ပထမကြီးတန်းအောင်ပြီး ဟိုဘက်ကို ကူးပြီး ဆရာလုပ်နေတဲ့ ပုဂ္ဂိုလ်ပေါ့။

သူက သင်္ဘောပေါ်မှာ ဆရာတော်တွေကို ဘယ်နှယ့်လျှောက်သလဲဆိုတော့ "အရှင်ဘုရားတို့ မြတ်စွာဘုရားဟာ သဗ္ဗညုတဉာဏ် အကုန်လုံး သိတယ်လို့ ဆိုပါတယ်။ တပည့်တော် ဒီဘာသာထဲမှာ ဆရာလုပ်လိမ့်မယ် ဆိုတာကို အရှင်ဘုရားတို့ ကျမ်းတွေမှာ ပါရဲ့လား" ဆိုတော့ ဘုန်းတော်ကြီးများက တွေးနေတုန်း ဘေးကဒကာကြီး တစ်ယောက်က "ဘုန်းကြီးတို့ အသာနေဘုရား။ တပည့်တော် ဖြေမယ်" ဆိုပြီး-

"မောင်ရင့်အိမ်ထဲမှာ ဘာပင်တွေရှိသလဲ"

"သရက်ပင်တွေ ရှိပါတယ်"

"ပြီးတော့ ဘာရှိသေးလဲ"

"ပိန္နဲပင်၊ စောင်းလျားပင်"

http://www.dhammadownload.com



"ပြီးတော့ ဘာရှိသေးလဲ"

"အသေးအဖွဲ့တွေတော့ ဘယ်သိလိမ့်မလဲ"

"အဲဒီလိုပါပဲ၊ ဒို့ဘုရားက မင်းလို အသေးအဖွဲ့တော့ ဘယ်ထည့်ဟောမလဲ"

ဖြေပုံလေး ကောင်းတယ်။ မန္တလေး ရွှေမန်းဦးကေသရကြီး ကလည်း ဒီလိုပဲ ဖြေတတ်တယ်။

အင်္ဂလန်ကလူတွေက မန္တလေးတောင်ပေါ်တက်တော့ ပထမဘုံအထပ်မှာ ဘုရား၊ ဒုတိယဘုံအထပ်မှာ ရုပ်တော်မူရှိတယ်။ ဗျာဒိတ်ဘုရားပေးရှိတယ်။

အဲဒီလို ပုံတွေတွေ့တော့ သူတို့စိတ်ထဲမှာ ဘုရားပုံတွေ များလှချည်လား။ ဟိုနားလဲ ဘုရား၊ ဒီနားလဲ ဘုရား၊ အဲဒီတော့ သူတို့က ဘာပြောသလဲဆိုတော့ "ဘုရားတစ်ဆူထဲ ရှိရက်သားနဲ့ ပထမဘုံအဆင့်၊ ဒုတိယဘုံအဆင့်တွေမှာ ဘုရားတွေ၊ ဒီမှာလဲ ဘုရား၊ ဟိုကျောင်းမှာလဲ ဘုရား၊ ဟိုအိမ်မှာလဲ ဘုရား သင့်တော်ပါ့မလား"လို့ မေးတော့၊

ရွှေမန်းဦးကေသရက "ဒါတိပိဋကဆရာတော်တွေ မဖြေနိုင် ဘူးကွ။ ငါဖြေမယ်။ ဒီအဖြေ သာမန်နဲ့မဖြေနိုင်ဘူး။ ပိဋကသုံးပုံဆောင် တွေ မဖြေနိုင်ဘူး"တဲ့။ ဆရာတော်ကြီးက ကြီးကျယ်အောင် တကယ် ပြောတယ်။ ပြောလဲ ပြောတတ်တယ်။

"ဟုတ်ပြီ၊ မင်းတို့အင်္ဂလန်မှာ ဘုရင်မ ဘယ်နှစ်ယောက် ရှိသလဲ။"

"တစ်ယောက်ထဲ"

"အဲဒီ ဘုရင်မပုံ ဟိုအိမ်၊ ဒီအိမ်မှာ မထားဘူးလား"

http://www.dhammadownload.com



"ထားပါတယ်"

"အဲလိုဆို ပြီးပြီ၊ တော်ပြီ အဖြေရပြီကွ"တဲ့။

ဒါတိပိဋကတွေ မဖြေနိုင်ဘူးတဲ့။ ပြုံးသေးတယ်။ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်ပဲ။

တစ်နေ့ကျတော့ မန္တလေး ဒေါ်ဦးတို့သားအမိ မန္တလေးသူဌေး (၄)၊ (၅)ဦးထဲမှာ သူတို့ပါဝင်တယ်။ အပြင်မြို့တွေထိအောင် နာမည်ပေါက်တဲ့ သူဌေးပေါ့။

ဒေါ်ဦးတို့ သားအမိက မန္တလေးတောင်ခြေရှိ နံ့ရောဆရာတော် ရိပ်သာသွားကြတယ်။

ကျကျနန ဖီးလိမ်းပြင်ဆင်ထားတဲ့ ဒေါ်ဦးတို့သားအမိ ထိုင်လဲထိုင်လိုက်ရော၊ နံ့ရောဆရာတော်ဘုရားက "ဒကာမကြီးတို့ တဖြေးဖြေး အသက်ရွယ်က ကြီးလာပြီ။ တဖြေးဖြေး ပါးရေနားရေတွေလဲ တွန့်လာပြီ။ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးက မနေဘူးနော်၊ တရားအားထုတ်ကြဦးလို့"ဆရာတော်က ပြောရှာတယ်။ ဒေါ်ဦးတို့ကလဲ သူတို့ကို အိုတယ် ပြောတာ ဘယ်လိုမှ မကြိုက်ဘူး။

အခု သင်တန်းတက်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တော်တော်များများက တပည့်တော်တို့နဲ့ သိကြတဲ့ပုဂ္ဂိုလ်တွေပါ။ ကြည့်လိုက်တော့ ခေါင်းလေးတွေ ဖြူလို့။

ဟိုတုန်းက ပခုက္ကူနိကာယ အစည်းအဝေးကြီးမှာ ပြောဖူးပါတယ်။ အရှင်ဘုရားတို့ တပည့်တော်တို့ စာသင်သားဘဝတုန်းကတော့ လူပျိုလေးတွေပဲ။ ပခုက္ကူနိကာယ နှစ်(၁၀၀)ပြည့် အစည်းအဝေးကြီးလာတဲ့အခါကျတော့ လူအိုကြီးတွေ ဘဝနဲ့တွေ့ရတယ်နော်လို့ ပြောဖူးပါတယ်။

http://www.dhammadownload.com



အဲဒီလိုပဲ နံ့ရောဆရာတော် ဦးဇာဂရကပြောတော့ မကြိုက်လိုက်တာ။ ဒေါ်ဦးတို့ သားအမိက သူတို့ကို အိုတဲယ်ပြောလို့ မကြိုက်တာ။

အဲဒါကို ရွှေမန်းဦးကေသရက ကြားထားတာ။ နောက်ရက်ကျတော့ အဲဒီလို လှလှပပ ဖီးလိမ်းပြင်ဆင်ပြီး ရွှေမန်းဦးကေသရစီ သွားပြန်ရော။ ဆရာတော်ကို ကန်တော့လိုက်တော့ ဆရာတော်က ဘာပြောသလဲ "အော် . . . မဦးလား"တဲ့။ နှုတ်ဆက်ပုံက ဒေါ်ဦး မခေါ်တော့ဘူး။

"အောင်မယ် . . . သမီးနဲ့တောင် လွဲနေတယ်" သဘောကျလိုက်တာ ဒေါ်ဦးက အဲဒီကျတော့ ပြုံးပြီးသဘောကျသွားတော့ "ရွှေမန်းကွ ဘယ်ရမလဲ" စကားပြောပုံက ပြောတယ်။ အကြိုက်ကို လိုက်ပြောတာ။ လယ်တီဆရာတော်ကြီး ဦးဝိလာသက ဒီစကား ပြန်ပြောတာ။

ရန်ကုန်၊ ကမ္ဘာအေးမှာ သံဂါယနာတင်ကြမယ်ဆိုတော့ ဆရာတော်တွေ ဩဝါဒပေးတော်မူကြပါ။ အကြိုညှိနိုင်း အစည်းအဝေးမှာ ဒီပြင်ဆရာတော်တွေက စာတိုစာရှည်တွေနဲ့ ပြောကြ။

ရွှေမန်း ဦးကေသရ ပြောဖို့အလှည့်ကျတော့ ဘာပြောသလဲ။ "မင်းစိုးရာဇာများနှင့်တကွ အားလုံး ဒကာ ဒကာမတွေ သံဂါယနာတင်တယ်ဆိုတာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး တရားတော်တွေ မှန်အောင်လို့ စုပေါင်းပြီးတော့ ပြင်ဆင်မလို့ စုပေါင်းပြီးတော့ ရွတ်ကြမလို့၊ အဲဒီလုပ်ငန်းကို သံဂါယနာတင်တယ်လို့ ခေါ်တယ်။ အဲဒီ နိကာယ်ငါးရပ် ပိဋကတ်တော်တွေက မှားရင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး မှားတော့တာပဲ။ သီလကျင့်စဉ် မှားမယ်။ သမာဓိကျင့်စဉ်

http://www.dhammadownload.com



မှားမယ်။ ပညာကျင့်စဉ် မှားမယ်။ အခုကတော့ သီလ သမာဓိ ပညာ ကျင့်စဉ်မှန်ဖို့အတွက် သံဂါယနာပွဲကြီး လုပ်ရတာပါ"လို့ သူက ပြောတော့မှ စကားလုံးနည်းနည်းလေးနဲ့ ထိမိတယ်ဆိုပြီးတော့ နိုင်ငံတော်အကြီးအကဲတွေက အားတက်ကြ သဘောကြသွား ကြတယ်။ ကဲ ထားကြစို့။

"တရားဖြင့်နေလေ့ရှိသူ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ ဘုရား"

မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက်က-

၁။ **"ဣဓ ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ၊ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိ ဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ"**

ဒီသာသနာတော်မှာ အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို ရဟန်းတော်တစ်ပါးဟာ သင်တယ်။

**"သော တေယ ပရိယတ္တိယာ ဒိဝသံ အတိက္ကာ မေတိ"**

သူဟာ အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့ ပရိယတ္တိကို သင်ယူပြီးတော့ အဲဒီ အင်္ဂါ(၉)တန်နှင့်ပြည့်စုံသော ပရိယတ္တိကို သင်ယူခြင်းဖြင့် နေ့ကို ကုန်စေတယ်။ တစ်နေ့လုံး စာချည်းပဲ သင်နေတယ်။

သာမန်စာတော့ မဟုတ်ဘူး။ စာက အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့ ပရိယတ္တိစာ၊ သင်တဲ့စာက ပိဋကတ်သုံးပုံ၊ သင်နေတာက တစ်နေ့လုံး၊ ပို့ချနေတာလဲ တစ်နေ့လုံး။

ပဋိသလ္လာနံ= သင့်ရာရည်မှန်း ကမ္မဋ္ဌာန်း၌ စီးဖြန်းအားထုတ်၍ တစ်ယောက်တည်း ကိန်းနေခြင်းကို၊ ရိဉ္စတိ= ဆိတ်သုဉ်းစေ၏။

http://www.dhammadownload.com



တရားအာရုံတစ်ခုခုနဲ့တော့ တစ်ပါးထဲမနေဘူး။ ပိဋကတ်သုံးပုံ စာတော့သင်တယ်နော်။ သို့သော် တစ်ယောက်တည်း ကိန်းမနေဘူး တရားအာရုံနဲ့။

**"နာနုယုဥ္ဇတိ အဇ္ဈတ္တံ စေတောသမထံ"** မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာ စိတ်ရဲ့ငြိမ်သက်မှုရအောင် သမာဓိရအောင်တော့ အားမထုတ်ဘူးတဲ့။

**"ဧဝံ ခေါ ဘိက္ခုပရိယတ္တိဗဟုလော ဟောတိ"**

အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ ပိဋကတ်တော်ကို သင်အံပြီးတော့ တစ်နေကုန် သင်အံပြီးတော့ သမထကမ္မဋ္ဌာန်း အားမထုတ်ဘူးဆိုရင် အဲဒီ ရဟန်းဟာ **"ပရိယတ္တိ ဗဟုလော ဟောတိ"** ပရိယတ္တိ ဗဟုလ ပုဂ္ဂိုလ်မည်တယ်။

"နော ဓမ္မဝိဟာရီ" မြတ်စွာဘုရားရဲ့ ဆုံးဖြတ်ချက်က တရားဖြင့် နေလေ့ရှိသူလို့တော့ မခေါ်နိုင်ဘူးတဲ့။

အဲဒါက ပရိယတ္တိ ဗဟုလ ပုဂ္ဂိုလ်တစ်ပါး၊

၂။ **ပုနစ ပရံ ဘိက္ခု ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ ပရေသံ ဝိတ္ထာရေန ဒေသေတိ၊ သော တာယ ဓမ္မပညတ္တိယာ ဒိဝသံ အတိက္ကာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဥ္ဇတိ အဇ္ဈတ္တံ စေတောသမထံ၊**

ဒုတိယရဟန်းတစ်ပါးကတော့ မိမိတတ်သိနားလည်တဲ့ ပိဋကတ်သုံးပုံ အင်္ဂါကိုးတန်နဲ့ ပြည့်စုံတဲ့တရားတော်ကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟောတယ်။ သို့သော်လဲ အဲဒီလို အကျယ်တဝင့် ဟောမှုနဲ့ပဲ တစ်နေ့အချိန်ကုန်ပြီ။ ကမ္မဋ္ဌာန်းအားထုတ်မှု တစ်ယောက်တည်း ကိန်းအောင်းမှု ဆိတ်သုဉ်းစေတယ်။ စိတ်ငြိမ်အောင်

http://www.dhammadownload.com



ကိန်းအောင်းမှုမရှိဘူး။

ပိဋကတ်သုံးပုံ အင်္ဂါကိုးတန်နဲ့ ပြည့်စုံတဲ့ တရားတော်ကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟောတယ်။ သို့သော်လဲပဲ အဲဒီလို အကျယ်တဝင့် ဟောမှုနဲ့ပဲ တစ်နေ့ကုန်ပြီ။ တစ်ယောက်တည်း ကိန်းအောင်းမှု ဆိတ်သုဉ်းတယ် မပြဘူး။ သမထကမ္မဋ္ဌာန်းလဲ အားမထုတ်ဘူး။ ပိဋကတ်သုံးပုံတော့ ဟောနေပြောနေတာပဲ။

အဲဒီပုဂ္ဂိုလ်ဟာ "ပညတ္တိဗဟုလ" သူတစ်ပါးတို့အား အဟော အပြောအားကောင်းတဲ့ ပုဂ္ဂိုလ်လို့တော့ ခေါ်နိုင်ပါတယ်။ "ပညတ္တိ ဗဟုလပုဂ္ဂိုလ်"တဲ့။ "နော ဓမ္မဝိဟာရီ" တရားနဲ့နေလေ့ရှိသူလို့တော့ မခေါ်နိုင်သေးဘူး။

ဘုန်းကြီးတို့ သိနေတာနဲ့ တစ်ခြားစီနော်။ ဘုန်းကြီးတို့က ပိဋကတ်သုံးပုံ တစ်နေကုန်အံနေတယ်။ ဟောပြောနေတယ်ဆိုရင် အော်ဒါလဲ တရားနဲ့နေလေ့ရှိသူလို့ သာမန်အားဖြင့်တော့ သိနေတယ်၊ ဒီအတိုင်း ဆုံးဖြတ်မိမှာပဲ။

ဘုရားက ဒီလိုပဲ ဆုံးဖြတ်သလားဆိုတော့ "နောဓမ္မဝိဟာရီ" ဓမ္မဝိဟာရီ မဟုတ်သေးဘူးတဲ့။

၃။ **ပုနစပရံ ဘိက္ခု ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံကရောတိ၊ သောတေန သဇ္ဈာယေန ဒိဝသံ ဝီတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ၊ နောဓမ္မဝိဟာရီ။**

နောက်တစ်ပါးက မိမိသင်ယူထားတဲ့ တရားကို အကျယ် တဝင့် ရွတ်ဖတ်နေလိုက်တာ။

http://www.dhammadownload.com



တပည့်တော်တို့ ပိဋကတ်သုံးပုံ ပြန်တုန်းက မနက်ကနေ ညနေကျအောင် ရေချိုးချိန်လေး အခြားအခြား ကိုယ်လက်သုတ်သင် ရုံလေးနားပြီး တစ်နေကုန်ပြန်ဆိုနေရတာ။

အဲဒီလို တစ်နေကုန်သရဇ္ဈာယ်တာတော့ မှန်တယ်။ သို့သော်လဲ တစ်ယောက်တည်း ကိန်းအောင်းပြီး တရားအားမထုတ်ဘူး။ သမာဓိရအောင် မယူဘူး။ အဲဒီပုဂ္ဂိုလ်လဲ "သဇ္ဈာယဗဟုလ" သရဇ္ဈာယ်ခြင်းများတဲ့ပုဂ္ဂိုလ်တော့ မှန်တယ်။

ဘုရားရှင်က "နောဓမ္မဝိဟာရီ" ပိဋကတ်သုံးပုံကို အကျယ်တဝင့် ရွတ်ဖတ်သရဇ္ဈာယ်နေသော်လဲ "ဓမ္မဝိဟာရီ"တရားနဲ့ နေလေ့ရှိသူလို့တော့ မခေါ်နိုင်သေးပါဘူးတဲ့။

၄။ **ပုနစ ပရံ ဘိက္ခု ယထာ သုတံ ယထာ ပရိယတ္တံ မနသာ အနုဝိတက္ကေတိ အနုဝိစာရေတိမနသာနုပေက္ခတိ၊ သောတေဟိ ဝိတက္ကေဟိ ဒိဝသံ ဝီတိနာမေတိ။**

စတုတ္ထပုဂ္ဂိုလ်က မိမိသင်ယူထားတဲ့ တရားတွေကို ကြံစည်တယ်၊ တွေးတောတယ်၊ စိတ်ထဲက နှလုံးသွင်းတယ်။ စာကြံတယ် ပြောပါတော့။ ဒီစာကြံမှုနဲ့ပဲ တစ်နေကုန်တယ်ပေါ့။

တစ်ယောက်တည်း ကိန်းအောင်းပြီး ဆိတ်ငြိမ်ရာမှာ ကိန်းအောင်းမနေဘူး။ သမထကမ္မဋ္ဌာန်း အားမထုတ်ဘူး။ အဲဒီ ပုဂ္ဂိုလ်ကိုလဲ မြတ်စွာဘုရားက- **ဧဝံ ခေါ ဘိက္ခု ဝိတက္က ဗဟုလော ဟောတိ။ နောဓမ္မဝိဟာရီ။** "ဝိတက္ကဗဟုလ" စာအကြံများတဲ့ ပုဂ္ဂိုလ်။ "နောဓမ္မဝိဟာရီ"တရားနဲ့နေလေ့ရှိသူလို့တော့ မခေါ်နိုင်ပြန်သေးဘူးတဲ့။

http://www.dhammadownload.com



၅။ ပုနစပရံ ဘိက္ခု ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ပရိယာ ပုဏိတွာ ဒိဝသံ နစိတိက္ကာမေတိ။

နောက်ကိုယ်တော်တစ်ပါးကတော့ မိမိသင်ယူပြီးတဲ့ တရားတွေကို သင်ယူပြီးတော့ တစ်နေကုန် အချိန်ကုန်မခံဘူး။

တစ်ယောက်တည်း သင့်ရာရည်မှန်း ကမ္မဋ္ဌာန်းအာရုံမှာ ငြိမ်ပြီး ကမ္မဋ္ဌာန်း အာရုံယူနေတယ်။

မိမိသန္တာန်မှာ နီဝရဏတရားဆိုး တရားပျက်တွေကို ချုပ်ငြိမ်းစေနိုင်တဲ့ သမထကမ္မဋ္ဌာန်း အားထုတ်နေတယ်။ အဲဒီပုဂ္ဂိုလ်ကျတော့ မြတ်စွာဘုရားက-

**"ဧဝံ ခေါ ဘိက္ခု ဓမ္မဝိဟာရီ ဟောတိ"**

ရဟန်း အဲဒီလို တရားသင်ယူ (ပရိယတ်) တရားသင်ယူပြီး ရပ်မနေပဲနဲ့ တစ်ယောက်တည်း ကိန်းအောင်းပြီး သမထကမ္မဋ္ဌာန်းကို အားထုတ်၊ သမာဓိရအောင် အားထုတ်နေတဲ့ရဟန်း၊

အဲဒီရဟန်းကိုတော့ မြတ်စွာဘုရားက တရားဖြင့်နေလေ့ရှိတဲ့ ရဟန်းလို့ ဆုံးဖြတ်တော်မူတယ်။

အရှင်ဘုရားတို့ ဒီနံပါတ် (၅)က အရေးကြီးပါတယ်။

**ပုနစ ပရံ ဘိက္ခု ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ ပရိယာပုဏိတွာ။**

ပထမဆုံး စာသင်ပါ။ ပြီးတော့မှ **"ဒိဝသံ နစိတိက္ကာ မေတိ"**။ အဲဒီ သင်ကြားမှုနဲ့ပဲ အချိန်ကုန်မခံပါနဲ့။

**"နရိဉ္စတိ ပဋိသလ္လာနံ"** ဆက်ပြီးလုပ်ရမှာက သင့်ရာ ရည်မှန်း ကမ္မဋ္ဌာန်းအာရုံတစ်ခုခုမှာ စွဲကပ်တဲ့စိတ်နဲ့ နီဝရဏတရားတို့ကို ကင်းကွာစေတတ်၊ ငြိမ်းစေတတ်တဲ့ သမာဓိရအောင် သမထ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းကို အားထုတ်ပါ။ **"အနုယုဥ္ဇတိ အဇ္ဈတ္တံ စေတောသမထံ"** အဲဒီလိုဆိုရင် **"ဓမ္မဝိဟာရီ"**

တပည့်တော်တို့ ဒီသင်တန်းက **"ပုနစ ပရံ ဘိက္ခု ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ပရိယာပုဏိတွာ"** မြတ်စွာဘုရား တရားတော်တွေကို သင်ယူခြင်းဆိုတဲ့ လုပ်ငန်း။

ပြီးတော့မှ ဒိဝသံန ဝီတိက္ကာမေတိ၊ နရိဉ္စတိ ပဋိသလ္လာနံ၊ **အနုယုဥ္ဇတိ အဇ္ဈတ္တံ စေတောသမထံ** ဆိုတဲ့ ဒီစကားတော်အတိုင်း တစ်နေကုန်သင်ကြားမှုနဲ့တင် အပြီးမသတ်ပါနဲ့။ ဆက်ပြီးတော့ သင့်ရာရည်မှန်း သမထကမ္မဋ္ဌာန်း တစ်ခုခုအားထုတ်ပါ။

**"ဧဝံ ခေါ ဘိက္ခု ဓမ္မဝိဟာရီ"** ဒီရဟန်းက ဓမ္မဝိဟာရီ မည်တယ်။

ရဟန်းတို့ မြတ်စွာဘုရားက နိဂုံးချုပ်အနေနဲ့ "ငါဘုရားဟာ ပရိယတ္တိ ဗဟုလပုဂ္ဂိုလ်ကိုလဲ ဟောခဲ့ပြီ။ ပညတ္တိ ဗဟုလပုဂ္ဂိုလ်ကိုလဲ ဟောခဲ့ပြီ။သဇ္ဈာယ ဗဟုလပုဂ္ဂိုလ်ကိုလဲ ဟောခဲ့ပြီ။ ဝိတက္က ဗဟုလ ပုဂ္ဂိုလ်ကိုလဲ ဟောခဲ့ပြီ။ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ကိုလဲ ဟောခဲ့ပြီ။

အဲဒီတော့ ရဟန်းက (၅)မျိုး။

**"ယံ ဝေါမယာ ဟိတေသိနာ အနုကမ္ပကေန သတ္ထု ကိစ္စံ ကတံ အနုကမ္ပံ ဥပါဒါယ"** ငါဘုရား ဘုရားအလုပ်လုပ်ခဲ့ပြီ။ သင်တို့ကို အကျိုးလိုလားလို့ပါပဲ။

**"အဝိပရိတ ဓမ္မဒေသနာ"** ချွတ်ယွင်းဖောက်ပြန်မှုမရှိတဲ့ တရားဟောလမ်းပြခြင်းဟာ ငါဘုရားရဲ့ အလုပ်ပဲ။

ဒါဘုရားရှင်ရဲ့အလုပ် **"အဝိပရိတဓမ္မဒေသနာ"** ဒါလေး ဂရုစိုက်ရမယ်။

http://www.dhammadownload.com



အရှေ့လယ်တီဆရာတော်ဘုရားကြီးရဲ့ စာအုပ်ထဲမှာ မနေ့က ကြည့်လိုက်တော့ ဘုရားကို စော်ကားတဲ့ပုဂ္ဂိုလ် (၂)ယောက်။

၁။ ဘာသာခြားပုဂ္ဂိုလ်တွေကလဲ ဘုရားကို စော်ကားတယ်။ အစထဲက မကြည်ညိုကြပဲကိုး။ မကြည်ညိုတော့ ဟိုပြောဒီပြောတော့ စော်ကားခြင်းတစ်မျိုး။

၂။ ဗုဒ္ဓဘာသာများကလဲ ဘုရားကို စော်ကားတယ်၊ ဘယ်လို စော်ကားသလဲ။ ဘုရားမဟောတဲ့ တရားကိုဟောတယ်။ ဘုရားမပြတဲ့ ကမ္မဋ္ဌာန်းကို ပြတယ်။ အဲဒီလိုဆိုရင် ဗုဒ္ဓဘာသာများကလဲ ဘုရားကို စော်ကားတာပဲ။ ဒါဂရုစိုက်ရမယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုန်းကြီးတွေက ဘုရားကို စော်ကား တယ်ဆိုတာ ဘုရားမဟောတဲ့ တရားတွေကို ပြောတာ။ ဘုန်းကြီး တွေပဲ ဘာသာရေးမှာ ခေါင်းဆောင်တာပါပဲနော်။

မှန်တဲ့တရား ဟောဖို့လိုပါတယ်။ မမှန်တဲ့ ကမ္မဋ္ဌာန်းကို သွားပြီးတော့ မဟောမိ၊ မပြောမိ၊ မပြမိပါစေနဲ့။

မနေ့က တောထွက်ကြီးတစ်ပါးအကြောင်းပြောတယ်။ မဟာစည်ဆရာတော်ဘုရားက သူ့နည်းသူ့လမ်းနဲ့ "ဖောင်းတယ် ပိန်တယ်"လို့ ပေးခဲ့တာပဲ။

တောထွက်ကြီးတစ်ပါးက မဟာစည်နည်းအတိုင်းပဲဆိုပြီး "ပိန်ဖောင်းဖောင်း ဖောင်းပိန်ပိန်"လို့ ပုတီးစိတ်တယ်။ တရားနည်းလမ်း ကို ဖျက်ရာမကျဘူးလား။ ဒါဟာ စော်ကားတာပဲ။

ဆရာတော်ကြီးက ပိဋကတ်ဒေသနာတော်က ယူပြီး သူ့နည်းသူ့ဟန်နဲ့ တရားပေးခဲ့တာ၊ ဟောခဲ့တာပဲ။ ဦးဇင်းကြီးလက်ထဲ ရောက်တော့ပျက်ပြီ။

http://www.dhammadownload.com



သူက ပုတီးစိတ်တာတဲ့။ ပိန်ဆိုရင် ပုတီးတစ်လုံး၊ ဖောင်းဆိုရင် ပုတီးတစ်လုံး၊ ပိန်ဖောင်း ဖောင်းပိန်တဲ့ အနုလုံ ပဋိလုံ ဆိုသတဲ့ ပျက်ကရော။

တပည့်တော်တို့ သာသနာမှာ အနုလုံ ပဋိလုံ မလုပ်သင့်တာတွေ လုပ်နေတာတွေ ပြည့်နေတာပါပဲ။

တစ်ချို့က ပုတီးမှမစိတ်ရသေးဘူး။ "အရဟံ သိဒ္ဓိ၊ သိဒ္ဓိ အရဟံ"တဲ့။ ပုတီးမှမစိတ်ရသေးဘူး။ ပြီးစီးချင်တာက အရင်ပဲ။

တစ်ချို့က "အရဟံ ဓနသိဒ္ဓိ၊ အရဟံ လာဘသိဒ္ဓိ" ဘုရားဂုဏ်တော်က ပျောက်သွားပြီ။ ဓနသိဒ္ဓိတို့ လာဘသိဒ္ဓိတို့က လွှမ်းသွားတယ်။ ဒါတပည့်တော်တို့ ဘုန်းကြီးတွေက စီမံတာများတယ်။ လူတွေ စီမံတာသိပ်မရှိဘူး။

တပည့်တော်တို့ ဗုဒ္ဓဘာသာများက ဘုရားကို စော်ကားတဲ့နည်းဟာ အင်မတန်ကြောက်စရာကောင်းပါတယ်။ မမှန်မကန်တဲ့ ဟောခြင်း၊ ပြောခြင်းတို့ဟာ စော်ကားခြင်းပါပဲ။

အဲဒီတော့ မြတ်စွာဘုရားက **"အဝိပရီတ ဓမ္မဒေသနာ ကိစ္စ"** ချွတ်ယွင်းဖောက်ပြန်မှုမရှိတဲ့ မှန်ကန်တည့်မတ်တဲ့ တရားဟောပြောမှုဟာ ငါဘုရားရဲ့တာဝန်။

**"ပဋိပတ္တိ ပန သာဝကာနံ ကိစ္စံ"**

လိုက်နာပြီးတော့ ကျင့်ကြံအားထုတ်ရမှာက သင်တို့ရဲ့ တာဝန်။ ရဟန်းရှင်လူအားလုံး သင်တပည့်တို့ရဲ့ တာဝန်။

အဲဒီနေရာမှာ သာဝကဆိုတဲ့ စကားဟာ တော်တော်အရေးကြီးပါတယ်။

http://www.dhammadownload.com



"သာဝကသံဃော" သာဝကသံဃာဆိုတာ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊

သာဝကသံဃာဆိုတာ နာကြားတတ်သောသံဃာ၊ ဘဂဝတော= မြတ်စွာဘုရား၏၊ သာဝကသံဃော= သာဝကသံဃာ၊ မြတ်စွာဘုရား၏စကားကို နားထောင်တတ်သော သံဃာ၊ မြတ်စွာဘုရား၏ စကားတော်ကို နာကြားတတ်သော သံဃာ၊ မြတ်စွာဘုရားစကားတော်ကို လိုက်နာတတ်သော သံဃာ။

တပည့်တော်တို့ နှစ်ပေါင်း (၂၆)ရာစုတိုင်အောင် မြတ်စွာဘုရား စကားတော်တွေကို လိုက်နာကျင့်သုံးတတ်တဲ့ ဆရာတော် သမားတော်တွေ အများကြီးရှိတယ်။

ဘယ်သာဝကမှ တပည့်တော်တို့ ဗုဒ္ဓသာဝကတို့လောက် လိုက်နာကျင့်သုံးတာမရှိပါဘူး။

**"တောနိ ဘိက္ခု ရုက္ခမူလာနိသုညာဂါရာနိ"**

ဘိက္ခု= ရဟန်း၊ တောနိ= ဤအရပ်တို့သည်ကား၊ ရုက္ခမူလာနိ= သစ်ပင်ရင်းတို့တည်း၊ သုညာဂါရာနိ= ဆိတ်ငြိမ်သော အရပ်တို့တည်း။

ရဟန်း ဒါတွေက သစ်ပင်ရင်းတွေ၊ ဒါတွေက ဆိတ်ငြိမ်ရာ အရပ်တွေ၊

**"ဈာယထ ဘိက္ခု မာပမာဒတ္ထ"**

ဘိက္ခု= ရဟန်း၊ တုမ္ဟေ= သင်တို့သည်၊ ဈာယထ= ရှုစားကြကုန်လော့၊ မာပမာဒတ္ထ= မမေ့မလျော့ကြကုန်လင့်။

**"မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"**

နောက်မှ နှလုံးမသာယာ မဖြစ်ကြနဲ့။

http://www.dhammadownload.com



စျာယထ= ရှုစားကြ၊ အရှင်မြတ်များ (၂)ရက်တိုင်တိုင် ရှုစားလို့ ရှုပွားလို့ ပြီးလာခဲ့ကြပြီ။ ဒီနေ့ (၃)ရက်မြောက်နေ့။ အာရမ္မဏူပနိဇ္ဈာန် နဲ့ ရှုစားနေကြပါပြီ။

စျာယထ= အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်၊ ဤ (၂)တန် ဖြင့် ရှုစားကြကုန်လော့တဲ့။

လက္ခဏူပနိဇ္ဈာန်ဖြင့် ရုပ်နာမ်တို့ကို (၅)ရက်မြောက်နေ့ကျရင် ရှုစားကြရမယ်။ မာပမာဒတ္ထ= မမေ့မလျော့ကြကုန်လင့်။

**"မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"**

နောက်မှ နှလုံးမသာမယာ မဖြစ်ကြနဲ့ မြတ်စွာဘုရား မိန့်ကြား တော်မူတာ။

ဒုတိယ ဓမ္မဝိဟာရီ သုတ်ကျတော့ အဲဒီ သမထနေရာလေးမှာ ရဟန်းတော်တစ်ပါးဟာ ပိဋကတ်တော်တွေ သင်ယူပြီးတော့ ဥတ္တရိစသ ပညာယ အတ္ထံ ပဇာနာတိ- အဆိုပါ ပရိယတ်တရားတော် အတိုင်း အဆိုပါပရိယတ် တရားတော်အတိုင်း သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရအောင် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပြီး ဝိပဿနာပညာ၊ မဂ်ပညာဖြင့် သစ္စာသိတယ်ဆိုရင် အဲဒါ ဓမ္မဝိဟာရီ။

ပထမဝိဟာရီသုတ္တန်၊ ဒုတိယဝိဟာရီသုတ္တန် (၂)ခုပေါင်းလိုက် မယ်ဆိုရင်-

- ဘုရားတရားစာသင်ပြီး စိတ်ငြိမ်အောင် သမထကမ္မဋ္ဌာန်း အားထုတ်နေတဲ့ပုဂ္ဂိုလ် ဓမ္မဝိဟာရီ၊
- ဘုရားတရားစာသင်ပြီး သစ္စာသိအောင် ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်၍ သစ္စာသိနေတဲ့ပုဂ္ဂိုလ် ဓမ္မဝိဟာရီ၊

http://www.dhammadownload.com



ဖိုးပျားအုံ

အဲဒီ (၂)မျိုးနဲ့ တပည့်တော်တို့ရဲ့ စိတ်ကို ဆုံးမကြရတာ။ ကမ္ဘာ့လူထုကြီးဟာ (၂၁)ရာစုမှာ ဆရာတော်များသိကြတဲ့အတိုင်း ကမ္ဘာ့လူထုကြီး အထိတ်တလန့်ဖြစ်လာကြတယ်။

(၂၁)ရာစု အကြိုစည်းဝေးပွဲတွေ လုပ်ကြတာ။ ကမ္ဘာကြီးမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ စိတ်ခေါ်မှု အမျိုးမျိုးတွေ အဲဒါတွေ အံတုနိုင်ဖို့ ရင်ဆိုင်နိုင်ဖို့ဆိုပြီး ကမ္ဘာကြီးက ကြိုတင်ပြီးတော့ ပြင်ကြဆင်ကြတယ်။

**လောကော သတ္တာန မာစေရော**

လောကကြီးဟာ သတ္တဝါတို့ရဲ့ ဆရာ (၂၀)ရာစုဟာ တပည့်တော်တို့ရဲ့ ဆရာပဲ။ (၂၀)ရာစုဟာ (၂၁)လူသားတို့ရဲ့ ဆရာ။

(၂၀)ရာစုမှာ မြန်မာနဲ့ကမ္ဘာကို ပြန်ကြည့်မယ်ဆိုရင် ဒုဗ္ဘိက္ခန္တရဘေးကြီးတွေ သင့်ခဲ့ကြတယ်။ အသက် (၆၀)၊ (၇၀)ရှိတဲ့ ပုဂ္ဂိုလ်တွေ မှီကြတယ်။ သတ္ထန္တရဘေးကြီးတွေ သန်းပေါင်းများစွာ သေခဲ့ကြ။ ရောဂန္တရ ကပ်ဆိုးဘေးဆိုးကြီးတွေ ကျောင်းသားလေးဘဝတုန်းက ဆိုရင် ကျောက်ရောဂါ၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ကျောက်ရောဂါ ဝင်ပြီဆိုရင် အချို့ရွာလုံးကျွတ်တာပဲ။

မကြာသေးခင်က ပြောမိတယ်။ စွယ်တော်ဆရာတော်ဘုရားကြီး ပျံတော်မူတော့ လူဟာ သေတကံ ရှင်တကံပဲ။

ကျေးဇူးတော်ရှင် ကလေးဝဆရာတော် မိန့်ကြားဖူးတာက ဖိုးပျားအုံဆိုတဲ့ ဘုန်းကြီးတစ်ပါးအကြောင်း၊

ချင်းတွင်းမြစ်ရိုးက ရွာတစ်ရွာမှာ ကမ္ဘာနာဖြစ်တော့ တစ်ရွာလုံး လူသေလိုက် မြစ်ထဲမျှောလိုက်၊ ဘုန်းကြီးပျံလွန်လိုက် မြစ်ထဲမျှောလိုက်၊

http://www.dhammadownload.com



ဘုန်းကြီးလောင်း မျှောလိုက်ရာ အောက်ရွာတစ်ရွာမှာ သဲသောင်ပြင် သွားတင်တော့၊ ဟာ ဒါဟာ ဘုန်းကြီးအလောင်းပဲ၊ စင်လေးထိုးပြီး အလောင်းတင်ထားတုန်း ပျားက ဝင်အုံလိုက်တာ။ စောစောက ဘယ်ရွာကမှန်း မသိဘူး။ ဘယ်ကိုယ်တော်မှန်းလဲ မသိဘူး။ စင်လေး ထိုးပြီးတော့ ရုပ်အလောင်းလဲ တင်ထားရော ပျားက ဝင်အုံတော့ အဲဒီကျတော့မှ နာမည်ရသွားတာ၊ "ဖိုးပျားအုံ" တဲ့။

ရွာ (၁၀)ရွာလောက်က "ဖိုးပျားအုံ ဈာပနသွားကြစို့" ဆိုပြီးတော့ ဝိုင်းပြီးသင်္ဂြိုဟ်တာ၊ ချင်းတွင်းမှာ အကြီးကျယ်ဆုံး ဘုန်းကြီးပျံကြီး ဖြစ်ခဲ့ဖူးတယ်။

ကမ္ဘာနာ ခြိမ်းခြောက်မှုကြောင့် သူ့ရွာက မသင်္ဂြိုဟ်နိုင်ဘူး။ လူဟာ သေတကံ ရှင်တကံပဲ။ စောစောတုန်းက ရွာလေးမှာ ကျောင်းထိုင်နေတော့ ပုံမှန်ဆိုရင် တစ်ရွာကပဲ သင်္ဂြိုဟ်မှာ။ မြစ်ထဲ မျှောလိုက်ကာမှ ရွာ (၁၀)ရွာက ပေါင်းပြီးသင်္ဂြိုဟ်တာ။ သိပ်ကြီးကျယ် တဲ့ ဖိုးပျားအုံ ဈာပနဆိုတာ ဖြစ်သွားတယ်။

အဲဒါ ပြောနေတုန်းရှိသေး။ စွယ်တော်ဆရာတော် ပျံတော် မူတော့ (၉)ရက်ထားပြီး ဆရာတော် ရုပ်ကလာပ် ဟိုအရှေ့ဘက် ဗိမာန်ထဲထားတယ်။

အဲဒီ ရုပ်ကလာပ်ထားတဲ့ ဗိမာန်ရဲ့ နောက်ကျောသစ်ပင်ကြီး မှာ ပျားအုံကြီးက တစ်တောင့်ထွာလောက်ရှိမယ်။ ပျားအုံကြီးက အုံပြန်ရော၊ အော် "ဖိုးပျားအုံ" ဖြစ်ပြန်ပြီ။

အဲဒီ ဗိမာန်ကို လွန်ခဲ့တဲ့ (၁၀)နှစ်က ဆောက်ထားတာ။ တပည့်တော်တို့ ရဟန်းဒကာကြီး သူကပုတီးစိတ်အမိဋ္ဌာန်ဝင်တော့ ဘိုးတော်ပုံစံမျိုး သူ့ရုပ်တုထားဖို့ရာ ဆောက်ခဲ့တာ။

http://www.dhammadownload.com



သို့သော်လဲ ရုပ်တုကမသွင်းရသေးဘူး။ တပည့်တော်တို့ အများတိုင်ပင်ပြီးတော့ အဲဒီအထဲပဲ ထားတာပါ။ ဒါအဆင်ပြေသွားတယ် ပြောရမှာပါ။

အမှတ်(၂) လျှပ်စစ်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဟိုပေါ်မှာ လုပ်စရာတွေ၊ သလွန်တွေ၊ မုခ်ဦးတွေ အရှင်ဘုရားတို့ တတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း အကြောင်းပြုပြီးတော့ ဆွမ်းဆန်တော် (၁၀)အိပ်၊ ဘုရားခန်းတွေလဲ အရှင်ဘုရားတို့ မပြန်ခင်အပြီး အားချင်းလုပ်နေတာ။ ထီးပါတင်အပြီး၊ ဆရာတော် ဈာပနလဲ သူက ဘာလိုလို လိုတာအားလုံး လှူတယ်။ စောစောကတော့ လူကလာတာ ကျဲကျဲတောက်တောက် ပျားလဲအုံပြီးရော လာလိုက်တဲ့လူ၊ အဲဒီနားလေးပဲ အလှူခံသေတ္တာထားတယ်။ ဒီပေါ် ဘုရားစီ အလှူခံပုန်းမထည့်ဘူး။ အဲဒီနားပဲ သွားထည့်ကြတာပဲ။ ခိုးတဲ့လူကလဲ အဲဒါပဲကြည့်နေတယ်။ သော့တူနဲ့ဖွင့်ပြီး တစ်နေ့က တစ်ခါပါသွားပြီ။

ဆရာတော်ဘုရားကြီးက သူခိုးကိုတောင်မှ ရှာကျွေးခဲ့တယ်နော်။ သီလမရှိတဲ့ လူလဲ ကိစ္စမရှိဘူး။ ဒါနမြောက်ပြီးတာပဲ။ အဲဒီသဘောပဲ။

ဆိုကြပါစို့။ (၂၀)ရာစုမှာ တပည့်တော်တို့ မြန်မာနိုင်ငံမှာ သတ္တန္တရဘေးဆိုး ကပ်ဆိုးကြီးတွေ အကျယ်ပြောစရာမလိုပါဘူး။ ကမ္ဘာမှာလဲ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဟီရိုရှီးမား အနုမြူ စစ်ပွဲ၊ ဗီယက်နာမ်၊ ကမ္ဘောဒီးယားတို့၊ မြောက်ကိုရီးယားဆိုရင် အခု ငတ်ပြတ်သေတာ နှစ်သန်းလောက်ရှိနေပြီတဲ့။

http://www.dhammadownload.com



တပည့်တော်တို့လဲ သူပုန်နယ်မြေမှာ မွေးဖွားလာတာဆိုတော့ သေနတ်သံတဒိုင်းဒိုင်းနဲ့ပဲနော်။

အဲဒါ (၂၀)ရာစုမှာ **"လောကော သတ္တာနမာစေရော"**။

လောကော= လောကကြီးသည်၊ သတ္တာနံ= သတ္တဝါတို့၏၊ အာစေရော= အကျိုးရှိသည် မရှိသည်ကို ပြတတ်တဲ့ ဆရာကြီးတည်း။

လောကကြီးက ဆရာ၊ (၂၀)ရာစုဟာ မအေးဆေးဘူး။ သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်။

အဲဒါနဲ့ (၂၁)ရာစုကျတော့ ကမ္ဘာ့လူထုကြီးက လန့်ပြီး (၂၁)ရာစုမှာ စိန်ခေါ်မှုအမျိုးမျိုးကို အံတုရင်ဆိုင်ကြရန်အတွက် ပြင်ဆင်ကြကုန်လော့ဆိုပြီး စိန်ခေါ်မှုအမျိုးမျိုး၊ စစ်ဘေးကြီးတွေက စိန်ခေါ်တာ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သူ့ထက်သူ လူစွမ်းကောင်း ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်နေကြတာ။ ကမ္ဘာကို ကြေငြာပြီးတော့ ပြင်ဆင်နေတာ။

သို့သော်လဲ အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုး အံတုနိုင်ဖို့ အပါယ်ဘေးဆိုးကြီး အံတုနိုင်ဖို့ ကမ္ဘာ့လူထုကြီးက မပြင်ဆင်ကြဘူး။ ပြင်ဆင်နိုင်ကြရဲ့လား အရှင်ဘုရားတို့ စဉ်းစားကြည့်ပါနော်။

အိုဘေးဆိုး အံတုဖို့ သူ့အိုရုံတွေ ဆောက်တယ်။ နာဘေး သေဘေးဆိုး အံတုဖို့ ဆေးရုံကြီးတွေ ဆောက်တယ်။ တဒင်္ဂပဲ အံတုနိုင်တယ်။ ဇာတိကို မပယ်နိုင်တော့ လက်စတုံးအောင် ဘယ်ပြင်ဆင်နိုင်မလဲ။ ဒီနည်းလမ်း သူတို့စီမှာ မရှိဘူး။ ကမ္ဘာမှာ မရှိဘူး။

အဲဒီတော့ ကမ္ဘာမှာ နိဗ္ဗာန်မြေပုံမှ မရှိတာကိုး။ ကမ္ဘာမှာ ဘုရားလို့ အမည်ခံတဲ့ပုဂ္ဂိုလ်တွေကပင် နိဗ္ဗာန်မြေပုံ မသိဘူး။ အိုနာသေမလွတ်တဲ့ ဗြဟ္မာ့ဘုံပဲ နိဗ္ဗာန်လို့ လက်ညှိုးညွှန်ကြတယ်။

http://www.dhammadownload.com



တပည့်တော်တို့ ကိုးကွယ်အားထားရာဖြစ်တဲ့ မြတ်စွာဘုရား တစ်ဆူတည်းသာလျှင် နိဗ္ဗာန်မြေပုံ သိရှိရေးဆွဲထားခဲ့တာ။

နိဗ္ဗာန်မြေပုံ ရေးဆွဲပြီးတော့ မြတ်စွာဘုရားက အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုး၊ အပါယ်ဘေးဆိုး အံတုနိုင်အောင် ကြိုးစားကြတဲ့။ တပည့်တော်တို့ ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ တပည့်တော်တို့ အိမ်သုံးလုံးနဲ့ပဲ နေပါတယ်။ အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရံ အမိန့်ခံပြီး၊

ငါးပင်တိုင်ခန္ဓာအိမ် (ခန္ဓာငါးပါးနဲ့)၊ လေးပင်တိုင်ခန္ဓာအိမ် (ခန္ဓာလေးပါး)၊ တစ်ပင်တိုင်ခန္ဓာအိမ် (ခန္ဓာတစ်ပါး) ဘယ်လောက်ပဲ များများ အိမ်သုံးလုံးပဲ ဆောက်လုပ်နေထိုင်ခဲ့ကြရတာပါ။ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ် အိမ်သုံးလုံးကို အကျဉ်းချုပ်လိုက်တော့ အိမ်နှစ်အိမ်ပဲရှိပါတယ်။ ရုပ်အိမ်၊ နာမ်အိမ် နှစ်လုံးပါ။

ရုပ်အိမ်၊ နာမ်အိမ်နဲ့ နေတဲ့နေရာမှာ တပည့်တော်တို့ တရားအားထုတ်ကြတာကတော့၊

ပထမဆုံး နာမ်အိမ်၊ နာမ်ထဲမှာလဲ စိတ်က အဓိကဆိုတော့ စိတ်ကို ဆိုဆုံးမဖို့ရာ အခုအားထုတ်နေကြတာ။

စိတ်မိုက်နွားဆိုး ဆိုပြီးတော့ စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်း စိတ်ကြမ်းတွေကို နိုင်အောင်ဆိုပြီးတော့၊

အော် ဆရာတော်အရှင်မြတ်များ ကြားဖူးတယ်ရှိရုံလေး၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာတွေ ပြည့်စုံပုံ ပြောတာပါ။

http://www.dhammadownload.com



စိတ္တာနိဂ္ဂဟဂါထာ (၄)ဂါထာ ရှိပါတယ်။ နိဂုံးမှ ရွတ်ဖတ်ပါ့မယ်။

ဒီသင်တန်းမှာ အားထုတ်နည်း သင်ကြားပေးဖို့ပါ။ သို့သော်လဲ ဆရာတော်ဘုရားကြီး ရေးထားတဲ့ ဂါထာကောင်းလွန်းလို့ စိတ္တာနိဂ္ဂဟဂါထာကို ပြီးမှရွတ်ပါ့မယ်။ အခုအားထုတ်ရမယ့် ကျင့်စဉ်ကိုပြောမှာပါ။

အာနာပါနဒီပနီစာအုပ် စာမျက်နှာ (၁၇)ပါဘုရား။ တတိယခန်းပါဘုရား။

**၃။ တတိယခန်း**

**"သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ"**

ဒါက ပါဠိပါဘုရား။ ပါဠိမတတ်တဲ့လူပုဂ္ဂိုလ်များ၊ ရဟန်းရှင်ငယ်များ မပေါ်လွင်သေးပါဘုရား။

ဆရာတော်ဘုရားကြီးက ပါဠိနဲ့မြန်မာ တွဲပြီးတော့ နံပါတ်(၁၈)မှာပါ ဘုရား။

၃။ သဗ္ဗကာယပ္ပဋိသံဝေဒီ= ထွက်သက်၏ အစ အလယ် အဆုံး အကုန်လုံးထင်လင်းသည်၊ ဟုတ္ဂာ= ဖြစ်၍၊ အဿသိဿာမိ= ထွက်သက်ကို လွှတ်ပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ= ဝင်သက်၏ အစ အလယ် အဆုံး အကုန်လုံးထင်လင်းသည်၊ ဟုတ္ဂာ= ဖြစ်၍၊ ပဿသိဿာမိ= ဝင်သက်ရှူပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

ဒါလဲပဲ အလွန်ကြီး မပေါ်သေးပါဘူးဘုရား။ ဆရာတော်ဘုရားကြီး၏ အကျဉ်းဆောင်ပုဒ်မှာ-

http://www.dhammadownload.com



"သတိမြဲရာ ပထမာ၊ ဒုမှာ ရှည်တိုသိ၊
လုံးစုံလင်းရာ တ၌သာ"

ဒီနေ့ လုံးစုံလင်းရာ တ၌သာပါဘုရား။

ရှင်းလင်းချက်ကလေးက စာမျက်နှာ (၁၉)၊ တတိယခန်းမှာ-

ထွက်သက် ဝင်သက်တို့ကို အစ အလယ် အဆုံး ထင်လင်းအောင် အားထုတ်ရသည်။ ဒါလဲ မရှင်းသေးပါဘုရား။ စာမျက်နှာ (၂၀)၊ ၃-တတိယခန်းမှာ။

ထိုသို့ အရှည်အတို သိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်အောင် ကိုယ်ကာယအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ အလယ် အဆုံး အကုန်လုံးထင်လင်းစွာ စိတ်မှာမြင်ရအောင် အားထုတ်ရသည်။

ဒီအချက်ဟာ အရေးကြီးပါတယ်။ အဲဒီတော့ တပည့်တော်တို့ နှစ်ခုခွဲရမှာပါဘုရား။

ဥပမာနဲ့ ပြောရမယ်ဆိုရင်တော့ မန္တလေးဘူတာက ရထား စ,ထွက်၊ နေပြည်တော်ဘူတာမှာ တစ်ခါဆိုက်၊ ရန်ကုန်ဘူတာကြီး ရောက်၊

ရန်ကုန်ဘူတာက စထွက်၊ နေပြည်တော်ဘူတာဆိုက်၊ မန္တလေးဘူတာရောက်၊ ၃-ဘူတာ အမြန်ရထား ခရီးစဉ်ပါ။

မိမိတို့ရဲ့ ထွက်သက် အစ အလယ် အဆုံး၊ ဝင်သက် အစ အလယ် အဆုံး။

ထွက်သက် မန္တလေးဘူတာ ချက်တိုင်က စထွက်၊ နေပြည်တော်ဆိုတဲ့ နှလုံးသား ရင်ချိုင့်ဘူတာမှာ ဆိုက်၊ နှလုံးသား (ရင်ချိုင့်) နေပြည်တော်ကနေထွက် နှာသီးဖျား ရန်ကုန်ဘူတာ ရောက်ပါတယ်။

http://www.dhammadownload.com



ဝင်သက်ကလဲ နှာသီးဖျား ရန်ကုန်ဘူတာမှ စထွက်ပြီး၊ နေပြည်တော် နှလုံးသား (ရင်ချိုင့်)ဘူတာဆိုက်၊ နှလုံးသား နေပြည်တော်ဘူတာကထွက် မန္တလေး (ချက်တိုင်)ဘူတာ ရောက်ပါတယ်။

ထွက်သက် ချက်တိုင်၊ နှလုံးသား (ရင်ချိုင့်)၊ နှာသီးဖျား၊

ဝင်သက် နှာသီးဖျား၊ နှလုံးသား (ရင်ချိုင့်)၊ ချက်တိုင်။

အဲဒီ ခရီးစဉ် (၃)ခုကို အစ အလယ် အဆုံး အကုန်လုံး ထင်လင်းအောင် မှတ်ရပါမယ်။

အဲဒီ (၃)ခုနှင့် ပတ်သက်ပြီးတော့ ဝိသုဒ္ဓိမဂ်ဆရာတော်ကြီးက မိန့်ထားပါတယ်။ ဝိသုဒ္ဓိမဂ်ဆရာတော်ကြီးက သာမန်ပုဂ္ဂိုလ် မဟုတ်ပဲကိုး။ ဒါကြောင့် အင်မတန် မှီခိုရတာ။ အင်မတန် ကောင်းမွန်ပါတယ်။

ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ကျောင်းတိုက်ထဲ ဝင်သွားပြီဆိုရင် သီဟိုဠ်ကျောင်းတိုက်က ဆရာတော်ကြီးတွေက ဝိုင်းပြီးကောင်းချီးပေးကြတယ်။ **“အရိမေတ္တေယျဘုရားလောင်းကြီး ကြွလာပြီ”**၊ လို့။

ရှင်မဟာဗုဒ္ဓဃောသကို သီဟိုဠ်က ဆရာတော်တွေက အရိမေတ္တေယျဘုရားအလောင်းကို ယူဆကြတယ်။

ပြောနိုင်ပါတယ်လေ။ ဒါလောက်တောင် ကြီးကျယ်တဲ့ ကျမ်းကြီးကို တမူဖျောက်လိုက်၊ (၃)မူ ပြန်တိုက်ကြည့်တဲ့အခါ မသွေမတိမ်းဘူးတဲ့။

ဝိသုဒ္ဓိမဂ်က **“သော အာဒိမေဝ ပရိဂ္ဂဟေတုံ သက္ကောတိ၊ မဇ္ဈပရိယောသာနေ ကိလမတိ”**

ယောဂီတစ်ပါးဟာ ဝင်သက် နှာသီးဖျားတုန်းက သိလိုက်တယ်။ နှလုံးသား ရင်ချိုင့် ဒီလေလေး တိုးသွားတာ မသိလိုက်ဘူး။

http://www.dhammadownload.com



ချက်တိုင်ရောက်သွားတာ မသိဘူး။

မန္တလေးဘူတာ စထွက်တဲ့ဘူတာတော့ သိတယ်။ နေပြည်တော်ကျတော့ အိပ်ပျော်နေတာကိုး။ မသိလိုက်၊ နောက်ဆုံး ရန်ကုန်ဘူတာလဲ အိပ်ပျော်နေလို့ မသိလိုက်။ သူမျှားနှီးမှုသိတဲ့လူတွေ ဒါမျိုးတွေ ရှိတတ်ပါတယ်။

အဲဒါကို ဝိသုဒ္ဓိမဂ်ဆရာတော်က **"သော အာဒိမေဝ ပရိဂ္ဂဟေတုံ သက္ကောတိ၊ မဇ္ဈေ ပရိယောသာနေ ကိလမတိ"**

ဟော အစတော့သိတယ်။ ထွက်သက် ချက်တိုင်သိတယ်။ နှလုံးသား (ရင်ချိုင့်)၊ နှာသီးဖျား ပင်ပန်းသွားတယ်။ (၃)ချက်လုံးသိဖို့ရာ ခက်တယ်။ ပင်ပန်းတယ်။

တစ်ချို့ယောဂီများကျတော့ နှလုံးသား (ရင်ချိုင့်)မှာ ထင်ရှားတယ်။ အစနဲ့အဆုံးမှာ မထင်ရှားဘူး။ ထင်ရှားတယ်ဆိုတာ တွေ့ထိမှု ထင်ရှားတာကို ပြောတာပါပဲ။

အစကို သိမ်းဆည်းတယ်ဆိုတာ နှာသီးဖျားလေးက ထိသွားတာကို သိလိုက်ဖို့ လိုတာပါပဲ။

**"ဧကစ္စဿ မဇ္ဈေပါကဋံ၊ နအာဒိ ပရိယောသာနေ"**

အချို့ပုဂ္ဂိုလ်ကျတော့ အလယ် နှလုံးသား (ရင်ချိုင့်)မှာ တိုးထိသွားတာ ထင်ရှားတယ်။ အစနဲ့အဆုံး မထင်ရှားဘူး။

**"ဧကစ္စော ပရိယောသာနံယေဝ ပရိဂ္ဂဟေတုံ သက္ကောတိ၊ အာဒိ မဇ္ဈေကိလမတိ"**

အချို့ယောဂီကျတော့ အဆုံးတော့ ထင်ရှားတယ်။ အစနဲ့ အလယ်ကျတော့ ပင်ပန်းတယ်။ အဆုံး နှာသီးဖျားလေး တိုးထိသွားတာ ထင်ရှားတယ်။ အလယ်နဲ့အစ မထင်ရှားဘူး။

http://www.dhammadownload.com



တစ်ချို့ပုဂ္ဂိုလ်ကျတော့ **"ကေဿ သဗ္ဗံ အဘိပါကဋံ ဟောတိ၊ သော သဗ္ဗမ္ပိ ပရိဂ္ဂဟေတုံ သက္ကောတိ"** အစ အလယ် အဆုံး (၃)ပါးလုံး သိမ်းဆည်းနိုင်တယ်။ ဒီလိုယောဂီ ဒီနည်းနဲ့ သိမ်းဆည်းဖို့ နည်းနည်း ခက်ပါတယ် ဘုရား။

**"နကတ္တစိ ကိလမတိ"** ဘယ်နားမှ မပင်ပန်းဘူး။

ယောဂီက အမျိုးအစားအားဖြင့် ခွဲကြည့်လိုက်မယ်ဆိုရင် ဝိသုဒ္ဓိမဂ် ဖွင့်ဆိုတဲ့စကားအရ ယောဂီ (၄)မျိုးပါဘုရား။

၁။ အချို့ယောဂီ အစထင်ရှား အလယ်အဆုံး မထင်ရှား။

၂။ အချို့ယောဂီ အလယ်ထင်ရှား အစအဆုံး မထင်ရှား။

၃။ အချို့ယောဂီ အဆုံးထင်ရှား အစအလယ် မထင်ရှား။

၄။ အချို့ယောဂီ အစအလယ်အဆုံး (၃)ပါးလုံး ထင်ရှား။

ထွက်လေရဲ့ အစ အလယ် အဆုံး။

ဝင်လေရဲ့ အစ အလယ် အဆုံး။

စိတ်ကို အသေးစိတ်ထိန်းသွားတာ။ မနေ့က အရှည်နဲ့အတို (၂)မျိုးထဲပဲ မှတ်ရတာ။

ဒီနည်းကျတော့ နည်းနည်းတော့ ခက်လာတာပေါ့။ တပည့်တော်တို့ ရန်ကုန်မှာ သင်္ကြန်အထူးတရားစခန်းဖွင့်တော့ ဒကာမကြီးတစ်ယောက် "ဒကာမကြီး တရားဝင်အုံးမှာလား"ဆိုတော့ "တပည့်တော် ဝင်အုံးမှာပေါ့ ဘုရား။ ရိပ်သာတွေ နှံ့လို့ အားထုတ်ခဲ့တာ ဘာမှမခက်ပါဘူး" အဲလိုပြောတာ။

နောက်နှစ်ရက်လောက်ကြာတော့ တရားစခန်းကနေ ဆင်းလာတာ။ "ဘယ်ကိုယ်တော် ကိုးကြိမ်ကြီးအားထုတ်ရတာ၊ ပေါင်ကျိုးရချည်ရဲ့။ တပည့်တော်အိမ်မှာ ကားရှိတယ်။ ကားမှာထား

http://www.dhammadownload.com



ပြီးပြီ၊ ပြန်တော့မယ် ကိုယ်တော်"

အင်း . . ဒကာမကြီး ရိပ်သာတွေလဲ စုံပြီပြောတယ်။ မခက်ဘူး၊ အားထုတ်နိုင်တယ် ပြောတယ်။ အခုတော့ ပေါင်ကျိုးရ ချည်ရဲ့တဲ့။

ဒါကြောင့် တပည့်တော်တို့ အခုလယ်တီတရားစခန်းတွေမှာ (၁၁)ကြိမ်ဆို များတယ်။ (၉)ကြိမ်လောက်ဆိုရင် ကောင်းပါတယ်။ (၉)ကြိမ်ကတော့ အသင့်တော်ဆုံး၊ စားပြီးတဲ့အခါမှာ အစာအာဟာရ ရဲ့အဆိပ်က တစ်မျိုးရှိတာကိုး။ စားပြီးတာနဲ့ နေ့ပိုင်းအချိန် အချိန်လေးပေးတာ ကောင်းပါတယ်။

အချိန်သိပ်အများကြီး အားထုတ်ပြီးတော့ စိတ်မတည်ငြိမ်ဘူး ဆိုရင် သိပ်အကျိုးမရှိဘူး။ အချိန်ကို သိပ်မများတာ ကောင်းတယ်။ (၉)ကြိမ်လောက်ပဲ ကောင်းပါတယ်။

တက္ကသိုလ် ဆရာမကြီးတစ်ဦးက "ကိုယ်တော်တို့ကျောင်း တပည့်တော် တရားဝင်မလို့ပဲ။ ကြည့်လိုက်တော့ အချိန်တွေက အများကြီး။ ဘယ်တတ်နိုင်မလဲ။ မတတ်နိုင်ဘူး" သူ့ဟာသူ ရှင်းရှင်းပြောတာပဲ။

ဒကာမတစ်ယောက်ကတော့ ပြောတယ်။ "ဒါလေးများ ဘာခက်လို့တုန်း။ ထွက်လေ ဝင်လေလေး မှတ်တာများ။ တပည့်တော် လာမှတ်လိုက်အုံးမယ်"တဲ့။

နောက်တော့ မှတ်ရင်း၊ မှတ်ရင်းနဲ့ အလွယ်ဆုံးဟာက အခက်ဆုံး ဖြစ်နေတာပါလား။ အလွယ်ဆုံးလို့ ထင်ခဲ့တာ။ ထွက်လေ ဝင်လေ ထုတ်မှုတ်နေကြတာ။ ရှူးရှဲအိပ်တဲ့အခါတောင် မရပ်ဘူး။ အရှင်ဘုရား တပည့်တော် အမှန်အတိုင်း လျှောက်ပါမယ်။ "အလွယ်

http://www.dhammadownload.com



ဆုံးထင်တာက အခက်ဆုံးဖြစ်နေပါတယ်”တဲ့။

ဒါလက်တွေ့သမားတွေ ပြောတဲ့စကားတွေပါ။

အထူးသဖြင့် စိတ်ကို အသေးစိတ်ဆုံးမတဲ့နည်းပါပဲ။ စိတ်ကို အသေးစိတ်ဆုံးမတဲ့ မြတ်စွာဘုရားရဲ့ အသေးစိတ် တတိယနည်းလမ်း ပါပဲ။ ဒါဖြင့် စိတ်ကို ဆုံးမနိုင်မှုဟာ အရေးကြီးပါတယ်။

**“ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ”**

စိတ်ကလေးဟာ အဝေးလဲ ပြေးတတ်တယ်။ အဖော်လဲ မပါဘူး။ အသရီရံ= အကောင်အထည်လဲ မရှိတော့ အဖမ်းရခက်တယ်။ အကောင်အထည်မရှိတဲ့ စိတ်ကိုဖမ်းနေကြရတာကိုး။ ဂုဟာသယံ= နှလုံးသားမှာ တည်ရှိတယ်။

**ယေစိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။**

အဲဒီစိတ်ကိုသာ နိုင်အောင်ထိန်းနိုင်မယ်ဆိုရင် မာရ်မင်း၏ အနှောင်အဖွဲ့တွေက လွတ်နိုင်တယ်လို့ ပိဋကတ်တော်က ဒီလိုရှိပါတယ်။

ဆရာတော်ဘုရားကြီးက စိတ်နဲ့ပတ်သက်လို့ စိတ်နှိမ်ရန် ရေးထားတဲ့ ဂါထာလေးတွေ ရွတ်ဖတ်ပါ့မယ်။

၁။ **အနဟမ္ဘိ အဟံဇာတံ၊ နမယှံ မယှ မေဝစ။**

**အနတ္တာပိ အတ္တာဇမ္ဘ၊ ဝိစိတ္တာ စိတ္တတေဂတိ။**

ဇမ္ဘစိတ္တ= မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိစ္ဆာအနိုင်ဒ္ဒ ဟယ်ငါ့စိတ်၊ တွံ= သင်စိတ်သည်၊ အနဟမ္ဘိ= ဘယ်ဂုဏ်သတ္တိ မရှိ လုံးလုံး အသုဉ်းအသွန် အခွန်အကာ ဖြစ်တုံပါ၍ ငါဟုမြှောက်ပင့် မယူဆသင့်သည် မှန်ပါလျှက်လည်း၊ အဟံ ဇာတံ= ငါနှင့်မခြား မကွဲပြားပဲ အထင်မှားအောင် နင်ကားပြု၍ နေဘိ၏။

http://www.dhammadownload.com



နမယ့်= ငါနှင့်မဆိုင် ငါပိုင်မဟုတ်ပါသော်လဲပဲ၊ မယှမေဝ= ငါ့စိတ်ငါ့ဉာဏ် ငါ့အကြံဟု ဖောက်ပြန်ထွေပြား အထင်မှားအောင် နှင်ကားပြု၍ နေဘိ၏။ အနတ္တာပိ= ကိစ္စအစု ဘာတစ်ခုမျှ ပြုစွမ်းမှုစွမ်း မှုကြမ်းတစိ မရှိပါပဲလျှက်၊ အတ္တာ= ဒဿန သဝန စသည်ပြောထု ကိစ္စစုဝယ် အကယ်ချောင် သူစွမ်းအင်ကြောင့် သန္တာန်ဤကိုယ် အမှား ပိုအောင် အထင်ကြွားအောင် နှင်ကားပြု၍ နေဘိ၏။

ဇဝံ= ဤသို့၊ တေ= သင့်စိတ်၏၊ ဂတိ= လိမ်လည်ညစ်တုံ ဖြစ်ပုံအလား အမှုသွားသည်၊ ဝိစိတ္တာ= မကြံနိုင်ဖွယ် အသွယ်သွယ် လျှင် တကယ်ဆန်းပြားလှ၏တကား။

ဆရာတော်ကြီးက မိမိတို့ရဲ့စိတ်ကို နှိမ်ပေးဖို့ ပထမဂါထာ ရေးထားခဲ့တယ်။

၂။ **ဇဝံ ဝိစိတ္တာ ရူပဿ၊ အမှီဘူတဿ ဝေရိနော။**

**ဝသံ တေမေ ဂစ္ဆန္တဿ၊ ကပ္ပါနေကေ ဝိသီဒယုံ။**

ဇဝံ ဝိစိတ္တာ ရူပဿ= သို့စဉ်ကလောက် အမြင်မှောက်အောင် ဆန်းကြယ်ဆန်းပြားသော သဘောရှိသော၊ အမှီဘူတဿ= ငါမဟုတ်ပဲ ငါ့ရုပ်ငါ့ပါဟန် ငါ့သန္တာန်ဖြစ်၍နေသော၊ ဝေရိနော= ရန်သူကြီး အစစ်ဖြစ်သော၊ တေ= သင်စိတ်၏၊ ဝသံ= အလိုနိုင်ငံ အကြံအကြိုက် ဓာတ်စရိုက်သို့၊ ဂစ္ဆန္တဿ= နင့်ကိုငါပဲ အထင်လွဲလျှက် နေခဲ့ရသော၊ မေ= ငါ့အား၊ အနေကေ= အသချေ် အသချေ် ဆကဲရေလည်း တွက်ရေမရ များလှကုန်သော၊ ကပ္ပါ= အနမတဂ္ဂ စက်သံသရာ ကပ်ကပ္ပါတို့သည်၊ ဝိသီဒယုံ= နစ်မွမ်းမျောပါးခဲ့ကုန်ပြီ။

တပည့်တော်တို့ နစ်မွန်းမျောပါးခဲ့တာ "ဂဏနပထအတိက္ကန္တ" ဂဏန်းအရေအတွက် လွန်ခဲ့ကြပြီ။

http://www.dhammadownload.com



၃။ **အလံတွဲ ဒါနိဇာနာမိ၊ အန္တရံ မမ အာဂတံ။**

**ဗုဒ္ဓုပ္ပါဒေါစ မေလဒ္ဓေါ၊ အဇ္ဇဒိဗ္ဗတိ သဒ္ဓမ္မော။**

ဇမ္ဗုစိတ္တ= ဟယ် . . စိတ်၊ အလံ= တော်ပါတော့ တန်ပါတော့ ဒါနိ-ဣဒါနိ= ယခုအခါ၌၊ အဟံ= ငါသည်၊ ဇာနာမိ= သင်တမူကား ငါ၏ ရန်သူတည်းဟု အပြီးငါသိပြီ။ (တော်ပါတော့ သင်စိတ်ဟာ ငါ့ရဲ့ အကြီးဆုံးရန်သူပဲ။ အနီးကပ် အသံတိတ်ရန်သူကြီးပါပဲ။) မေ= ငါ၏၊ အန္တရံ= အခွင့်အလှည့်သည်၊ အာဂတံ= ဆိုက်ရောက်ခဲ့ပြီ။ မေ= ငါသည်၊ ဗုဒ္ဓုပ္ပါဒေါ= ဘုရားပွင့်ရာ အခါကြီးနှင့်တူသော တရားတော်ရတနာ ထင်ရှားရှိရာ အခါကြီးကို၊ ဗုဒ္ဓုပ္ပါဒေါ= ဘုရားပွင့်တော်မူရာ ရပ်ပြစ် (၈)ပါး ကင်းလွတ်ရာ အခါကောင်းကြီးကို၊ လဒ္ဓေါ= ကောင်းစွာလှလှ ရအပ်ပေပြီ။

အဇ္ဇ= ယနေ့၊ သဒ္ဓမ္မော= ပရိယတ် ပဋိပတ် ပဋိဝေဓ သုံးရပ်သော သာသနာတော်မြတ်ကြီးသည်၊ ဒိဗ္ဗတိ= သူရိယာနေဆယ်စင်း ရောင်စုံကျင်းသို့ ထွန်းလင်းသောအခိုက် ကြုံခဲ့ပြီ။

၄။ **ဟန္ဒာဟံတံ ဒမေဿာမိ၊ မဟာစောရ တမောရတ။**

**ယံမံတွဲ အမှဝေသေန၊ စိရံ ဥပ္ပထ မာနယိ။**

တမောရတ= ကာမဂုဏ်သိုက် တောအမိုက်ဝယ် နှစ်ခြိုက် ရွှင်မြူး အပျော်ကျူးထသော၊ မဟာစေရ= ငါငါအဟာန် တူစွာဖန်၍ လူ့ဌာန်နတ်ရွာ ပြဟ္မာတရိုး အလွန်ဆိုးသည့် သူခိုးဦးစီး သုံးဘုံမီး၊ တွံ= သင်သည်၊ မံ= ငါ့ကို၊ အမှဝေသေန= ငါမဟုတ်ပဲ ငါရုပ်ငါယောင် ပီစွာဆောင်သဖြင့်၊ စိရံ= အနမတဂ္ဂ ဘဝသံသရာ ကြာမြင့်စွာသော ကာလပတ်လုံး၊ ဥပ္ပထံ= ဘဝသုံးပါး ခရီးမှားသို့ အာနယိ= သွေးဆောင် ခေါ်ယူခဲ့လှလေပြီ။

http://www.dhammadownload.com



ဟန္ဒ= ကြာမြင့်မည့်ရေး မမျှော်တွေးပဲ မနှေးယခု၊ တံ=
သင်စိတ်ကို၊ ဒမေဿာမိ= တံတိုင်းသီလ အဖွဲ့တွဲ့ထောင် နှောင်ကြိုး
သတိ ဝီရိယကြိမ်ချက် နာနာနှက်၍ ရက်ရက်ကြီးဆုံးမပေတော့အံ့
သတည်း။ သာဓု - သာဓု - သာဓု

(ပရိကံပြု၍ သိမ်းပါသည်။)

http://www.dhammadownload.com



ဘဒ္ဒန္တကုဏ္ဍလ (၄-၅-၂၀၀၇)

"ဦးတေဇနိယ ပရိကံပြု"

အင်မတန်ကောင်းပါတယ်။ မောနေတာ ခက်နေတယ်။ မောနေတာနဲ့ အသံကတစ်မျိုး ဖြစ်သွားတယ်။

ရှေးရှေးတုန်းကတော့ ရိုးရိုးပါပဲ။ မန္တလေးဘုရားကြီး ပဋ္ဌာန်းပွဲမှာ စာချဘုန်းကြီးတစ်ပါး၊ ဘေးကနှစ်ပါး သုံးပါးရွတ်တယ်။

သုံးပါးရွတ်တဲ့အခါကျတော့ ရိုးရိုးပဲရတယ်။ နှစ်ပါးက ဆွဲလို့လဲ မရဘူး။ တစ်ပါးကလဲ ဆွဲလို့လဲမရဘူး။ အသံရိုးရိုးပဲ ထွက်တာပေါ့။

တစ်ပါးထဲကျတော့ အသံကောင်းတဲ့သူက ကောင်းသလို ရွတ်တယ်။ တစ်ချို့က ကုလားသံလေးနဲ့ ရွတ်တယ်။ "ဟေတုပစ္စယေန ပစ္စယော"၊ "အာရမ္မဏပစ္စယေနပစ္စယော"။

အချို့ ဦးဇင်းကျတော့ အသံကောင်းတာကိုး။ "ကုသလံ ဓမ္မံ ပဋိစ္စဟင်ဟင်၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟမ်ဟန့်ဟန်" သူက အသံကောင်းတာကိုး။

ဘုန်းကြီးတို့ အရှေ့လယ်တီ ကိုယ်တော်က အဲဒီမေးရိုက်ကို တော်တော်သဘောကျတယ်။ နာရီပြန် (၁)ချက်၊ (၂)ချက် လောက် ကျရင် လုပ်ပြီ။ ကုသလံဓမ္မံ ပဋိစ္စ ဟင်ဟင်း၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟီး ဟီး၊ တော်ကြာတော့ ငန်းဖမ်းသံနဲ့ အဖျားတက် သံနဲ့။

မောင်သေဌှိုလ ဘယ်လိုလဲကွ၊ အဖျားတက်နေတယ် ဘုရား။ အစတုန်းက ရိုးရိုးလေးပါ။ ဘယ်လိုလုပ်ပြီး မေးရိုက်မေးဝဲ အတုခိုးလာ တယ် မသိပါဘူး။ သူများလိုလဲ ဝဲကြီးမရိုက်တတ်ပဲနဲ့ (ဟင်း ဟင်း ဟင်း)နဲ့။

http://www.dhammadownload.com



ဒီထက်လွယ်တဲ့ ပဋ္ဌာန်းရွတ်နည်းက ရှမ်းပြည်မှာ ရွတ်တော့ မြေပြန့်ကဘုန်းကြီးတွေလဲ ပင့်ထား။ ဒကာ ဒကာမတွေက ကျုပ်တို့ ဘုန်းကြီးကိုလဲ ပဋ္ဌာန်းဘာဏကထဲ ထည့်ပါအုန်း။

ရှမ်းပြည်ဆိုတော့ အချို့ဘုန်းကြီးတွေ စာသင်လာတဲ့ ပုဂ္ဂိုလ်တွေလဲပါတယ်။ မသင်ရတဲ့ပုဂ္ဂိုလ်လဲပါတယ်။ အကုန်လုံး မရွတ်နိုင်ဘူး။ အလယ်က ထည့်ရတယ်။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပဇ္ဇတိ ဟေတု ပစ္စယာ"လို့ တန်းရွတ်လို့မရဘူး။ "ကုသလံဓမ္မံတဲ့၊ ကုသလော ဓမ္မောတဲ့၊ ဟေတုပစ္စယောန ပစ္စယောတဲ့"၊ တဲ့-ထည့်တာ။ သူများ တစ်ခါထဲ ရွတ်တာ။ သူက "တဲ့"သုံးခါထည့်ရတယ်။ ဟုတ်လား။

ဒါနဲ့ ကျောက်တော်ပဋ္ဌာန်းပွဲဖြစ်ရော၊ ဒီထဲ မဖတ်တတ်တဲ့ ကိုယ်တော်ကလဲ ပါတယ်။ မှားလို့ရှိရင် "ပစ္စယေန ပစ္စယော" ထည့်ရွတ်ရင် ဒကာတွေမသိဘူး။ ရှေ့ဆက်မရရင် "တဲ့" ထည့်လိုက်။

"ပစ္စယေန ပစ္စယော"ပါပစေ။ ရှေ့ဆက်မရရင် "တဲ့"ထည့်။ ရယ်ကြတယ်။ ရယ်စရာပြောတာ မဟုတ်ဘူး။ နည်းလေးပေးထား ရတယ်။ တရားမှတ်တဲ့အခါလဲ ရှေ့ဆက်မရရင် "တဲ့"တာထည့်လိုက်တော့။ ရှူတယ် ရှိုက်တယ် မပြောတတ်ရင် "ပစ္စယေန ပစ္စယော" ပါပေစေ။ ရှူတယ် ရှိုက်တယ်ပေါ့ဗျာ။ ကဲ . . ရှိစေတော့။

ဤရားအားထုတ်တယ်ဆိုတာ မြတ်စွာဘုရား အနှစ်သက်ဆုံး "သမဏဓမ္မ"၊ "သမဏဓမ္မ" ဆိုတာ ရဟန်းတို့ ကျင့်အပ်သောတရား ကို "သမဏဓမ္မ"လို့ ခေါ်တယ်။

သမထ ဝိပဿနာ ဘာဝနာ ပွားများအားထုတ်တဲ့ တရားကို "သမဏဓမ္မ"လို့ ခေါ်တယ်။

http://www.dhammadownload.com



ရဟန်းကိစ္စ ပြီးပြီလား။ သမဏဓမ္မ ကျင့်သုံးပြီးပြီလားဆိုတာ ရဟန္တာဖြစ်ပြီလား။ တရားအားထုတ်တဲ့ကိစ္စ ပြီးပြီလား။

ရဟန်းကိစ္စ အကျဉ်းချုံးလိုက်ရင် အရဟတ္တဖိုလ် မရောက်မီ သောတာပန်မဖြစ်မီက စပြီးတော့ "သမဏကိစ္စ"လို့ ခေါ်ပါတယ်။

ရဟန်းကိစ္စ အထွတ်အထိပ် ဆိုတာက ရဟန္တာဖြစ်တာ။ ရဟန်းကိစ္စ စတယ်ဆိုတာ အခုလို အာနာပါနက စတယ်။ သက်ဆိုင်ရာ ကမ္မဋ္ဌာန်းက စပြီးတော့ ရဟန်းကိစ္စလို့ ခေါ်ပါတယ်။

ရဟန်းကိစ္စ ဘာလဲဆိုရင် ပဋိပတ္တိလုပ်ငန်းပါပဲ။ နောက်တစ်ခါ ရဟန်းကိစ္စဆိုတာ တရားအားမထုတ်ပဲနဲ့ ပါဠိတော်များကို သင်ကြားတာ။ ဒါလဲ ရဟန်းကိစ္စပါပဲ။

ပထမရဟန်းကိစ္စက- ဂန္ထဓူရ= ပရိယတ္တိကိစ္စ၊

ဒုတိယရဟန်းကိစ္စက- ဝိပဿနာဓူရ= ပဋိပတ္တိကိစ္စ၊

ဓူရ (၂)ပါးနဲ့ ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ပါးကို ဟပ်ပြီးတော့ ယူတာ။

ပရိယတ္တိ= စာသင်ခြင်း၊ စာချခြင်း ကိစ္စသည် ဂန္ထဓူရကိစ္စ။

ကမ္မဋ္ဌာန်းကျင့်ခြင်း၊ ကမ္မဋ္ဌာန်းပြခြင်းသည် ဒုတိယကိစ္စ၊ ပဋိပတ္တိကိစ္စ၊ ဝိပဿနာဓူရကိစ္စ။

ကျေးဇူးမဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ရဟန်းဆိုတာ ဓူရ (၂)ပါးပဲ ရှိရမယ်၊ ဟုတ်လား၊

**ရဟန်းကိစ္စ၊ ၂-ဓူရ၌ ကိစ္စ သိပ်သည်း ဟိတ်ဟန်နည်း၍၊**

ဟိတ်ဟန်နည်းဆိုတာ မာယာသာဠေယျ မပါရဘူး။ အရှိကို အရှိအတိုင်း၊ တရားကျင့်လို့ ရှိရင် ကျင့်တယ်။ စာသင်လို့ရှိရင် စာသင်တာရယ်၊ ပရိယတ်ကိစ္စလဲ ဟန်မလုပ်နဲ့။ ပဋိပတ္တိကိစ္စလဲ ဟန်မလုပ်နဲ့။ ကိုယ့်အရှိ အရှိအတိုင်း အားထုတ်ရမယ်။

http://www.dhammadownload.com



**"ပစ္စည်းမသို၊ စိတ်မတို"**

ပစ္စည်းလဲ မများစေနဲ့။ ဆွမ်းသင်္ကန်းကျောင်းဆေး မများစေနဲ့။ ပစ္စည်းပစ္စယသိုလှောင်ခြင်းကိုလဲ မလုပ်ပါနဲ့။ စိတ်လဲ မတိုပါနဲ့။

အဲဒီလေးပါးဟာ ရဟန်းတို့ ကြီးပွားကြောင်း ဖြစ်ပါတယ်။

**"ခင်ပျိုကြီးပွားကြောင်း"**

ရှေးတုန်းက "ခင်ကြီး"လို့ ရဟန်းကြီးတွေကို ခေါ်တယ်။ ရဟန်းငယ်တွေကျတော့ "ခင်ပျို"လို့ ခေါ်ကြတယ်။

ဦးဇင်းကြီးက - ခင်ကြီး

ဦးဇင်းငယ်က - ခင်ပျို

ဘယ်ခေတ်ကလဲဆိုတော့ သိုဟန်ဘွားတို့ခေတ်က၊ သိုဟန်ဘွားမင်းက ရဟန်းတွေကို "ဘုန်းကြီး"လို့ မခေါ်ရဘူး။ ဘုန်းကြီးဆိုတာ ရှင်ဘုရင်နဲ့သာ ထိုက်တန်တယ်။ ရှင်ဘုရင်မကြိုက်လို့ မြန်မာတွေကပဲ "ခင်ကြီး"လို့ သုံးလာကြတာပါ။

ခင်ကြီးပျော် ခင်ကြီးပုတ်

ခင်ကြီးပေါက် တို့လိုပေါ့။

ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ရေးခဲ့တယ်။ ကြီးပွားခြင်းရဲ့ အကြောင်းပါပဲ။

ယနေ့ တရားအားထုတ်ကြတဲ့ အရှင်မြတ်တို့သည် ရဟန်းတို့ အလုပ်ကိစ္စ (၂)ပါးတို့တွင် ပဓာနကိစ္စဖြစ်သော ဝိပဿနာဓုရရဲ့ သမထအပိုင်းမှာ အားထုတ်ကြတယ်။

ဘုန်းကြီးတို့ ထွက်လေဝင်လေက စပြီးတော့ တရားအားထုတ်တာရှိပါတယ်။

http://www.dhammadownload.com



ကာယဂတာသတိထဲမှာ ဆံအစရှိသော (၃၂)ပါးသော ကောဋ္ဌာသကို စိတ်ဖြင့် သရဇ္ဈာယ်ပြီးတော့ ကြိုးစားအားထုတ်တာလဲ ရှိပါတယ်။

သမထကမ္မဋ္ဌာန်းက (၄၀)ရှိတာကိုး။

အဲဒီထဲက အနုဿတိကို ချန်လှပ်ပြီးတော့ ကျန်ကမ္မဋ္ဌာန်းတွေ အားလုံး အပ္ပနာသို့ ရောက်စေသော ကမ္မဋ္ဌာန်း၊ ဈာန်မဂ်ဖိုလ်သို့ ရောက်စေသော ကမ္မဋ္ဌာန်းရှိပါတယ်ဘုရား။

ကာယဂတာသတိ ကောဋ္ဌာသကလဲ ပထမဆုံးနှုတ်နဲ့ ရွတ်ပြီးတော့ "ကေသာ လောမာ နခါ ဒန္တာ တစော" ဆံပင် မွေးညင်း ခြေသည်းလက်သည်း သွား အရေ၊ အဲလို နှုတ်နဲ့ရွတ်တဲ့အခါ အမြီးပြန် ခေါင်းပြန် ရွတ်ရတယ်။ ကျေသွားတဲ့အခါ နှုတ်မပါရဘူး။ စိတ်နဲ့ ရွတ်ရတယ်။ စိတ်နဲ့ "ဆံပင် မွေးညင်း ခြေသည်းလက်သည်း သွား အရေ" ဒီကောဋ္ဌာသ (၅)ခုကို "တစပဉ္စက ကမ္မဋ္ဌာန်း"လို့ ခေါ်တယ်။

အားထုတ်ပါများလာတော့ စိတ်ထဲ ဆံပင်တွေ ပေါ်လာတယ်။ ခြေသည်းလက်သည်းတွေ ပေါ်လာတယ်။

သွား၊ အရေ ရွတ်ပါများလာတော့ (၅)ချက်ထဲက နှစ်ချက် ပေါ်လာတယ်။

ဘုန်းကြီး အကြိုက်ဆုံးက အဲဒီ (၃၂)ကောဋ္ဌာသထဲက "အရိုး" ကောဋ္ဌာသကို အကြိုက်ဆုံးပဲ။

"အဋ္ဌိ"[၂] အရိုးထင်လာတဲ့အခါကျတော့ "ဥဂ္ဂဟ"နိမိတ်က အများကြီးထင်လာတယ်။ လူတစ်ယောက်ကို မြင်လိုက်တဲ့အခါ ထိုင်နေတဲ့ပုဂ္ဂိုလ် ကြည့်လိုက်ရင် အရိုးစုကြီး ပေါ်လာတယ်။ အဲဒီ အခါမှာ ပုတ်ပြီးပျောက်သွားတယ်။

http://www.dhammadownload.com



(အရိုး)၂ ကြည့်လိုက်တဲ့အခါ ပျောက်သွားတယ်။ အဲဒီအခါ ဥဂ္ဂဟနိမိတ် အများဆုံးထင်တဲ့ ပုဂ္ဂိုလ်၊ မိမိနှစ်သက်တဲ့ စိတ်ထဲမှာ ငြိကပ်တဲ့ပုဂ္ဂိုလ်တစ်ယောက် တွေ့လိုက်တဲ့အခါ "အရိုး"၂ အရိုးစု ထိုင်နေတာ တွေ့ရတယ်။

ဒီအရိုးစု မပျောက်လို့ရှိရင် ချစ်ခင်တဲ့အမူအယာတွေ တွေ့နိုင်သေးရဲ့လား။

ကိုယ်ချစ်ခင်တဲ့ အမျိုးသား၊ အမျိုးသမီးတွေ့လို့ရှိရင် 'လှလိုက်တာ၊ လက်ကလေးက လှလိုက်တာ' စသည် ဖြစ်လာတတ်တယ်။ ဘုန်းကြီးလဲ ထိုနည်းလည်းကောင်းပေါ့နော်။

အရိုးစုတွေ့နေတဲ့ ကိုယ်တော်တစ်ပါးက တစ်ခါထဲ ရုပ်ကို ပျောက်ထွက်သွားတယ်။

"အရိုး"၂ မိန်းကလေးတစ်ယောက် ပေါ်လာတယ်။ "အရိုး"၄ ဆိုရင် ပျောက်သွားတယ်။ ရုပ်ရှင်မင်းသားတွေ အမျိုးသမီးတွေ သိပ်သဘောကျတာပဲ။ "အရိုး"၂ ဆိုတော့ လှပေ့ ဆိုတာတွေ ပျောက်သွားတာပဲ။

ဒီတော့ တပည့်တော်တို့က လူတစ်ယောက်မြင်လိုက်ရင် အရိုးစုချည်းပဲ တွေ့ရတယ်။ သင်္ချိုင်းတို့ ဘာတို့သွားရင် ခေါင်းရိုးကြီးက ခွက်ခွက်ကြီး သွားတွေကခေါလို့၊ လက်မောင်းတွေကလဲ အရိုးခြောက်၊ နံရိုးတွေ၊ အောက်ကလဲ အရိုးတွေ အဲဒါကို မြင်အောင်ကြည့်နိုင်ရင် လှပတင့်တယ်မှု စွဲမြဲခြင်းကို ဖျောက်နိုင်တယ်။

ကမ္မဋ္ဌာန်းတော့ အားမထုတ်ဘူး။ အရိုးဆိုတဲ့ စကားလုံးကို မှန်းလိုက်ရင် အရိုးစုခေါင်းကြီး စိတ်ထဲပေါ်လာတယ်။

http://www.dhammadownload.com



ပေါ်လာတဲ့အခါ ကိုယ်နှစ်သက်တဲ့ ကိုယ်တပ်မက်တဲ့ အာရုံ တစ်ခု တွေ့လိုက်ရင် "အရိုး"၂ ရှုလိုက်ရင် လှပတဲ့မျက်နှာတွေ သွားခေါ်ခေါ် မျက်တွင်းပေါက်ကြီးတွေ ခေါင်းရိုးကြီးတွေ ပေါ်လာ တယ်။ အဲဒီမှာ ရာဂစသည် ငြိမ်သွားတယ်။ ဟုတ်တယ် မဟုတ်လား။

အဲဒါ ရဟန်းတော်တွေမှာ တော်တော်လိုအပ်တာပဲ။ ဒီလို မဟုတ်ရင်တော့ ဟိုတစ်နေ့က ပြောသလိုပဲ။ **"မွတ်မွတ်ကလေး လှတယ်လို့ မွမွကလေး ယဉ်တဲ့မေ၊ ညက်ညက်သာ ချောတော့တယ်၊ မနောကြည်ဖြူတင့် ကျမ်းနှင့်မသွေ၊ မြင်မြင်သူ မြင်လာခိုက် ကြိုက်လို့ပဲ သေသေ ယဉ်ကေသာကျော့ဆုံး၊ လှလှရယ် လှအခေါင် မြိုတ်လွတ် ကယ် ပြေယောင်နှင့် ပိတုန်းရှောင် ကေကေနွဲ့မှာ ပန်းတဲ့လို့ထုံး"** စလေ ဦးပုညက-

မွတ်မွတ်ကလေး လှတာ၊ ညက်ချောပြီးတော့ လှတာ၊ ညက်ညက် ကလေး ယဉ်တဲ့မေ၊ ညက်ညက်ပြီးတော့ ယဉ်တာ။ ရွှရွှကလေး ယဉ်တဲ့မေ၊ ရွှရွှပြီး ကျော့ပြီးတော့ နေတာပဲ။ အဲဒီလို ထင်လာတတ်တယ်။ စလေဆရာကြီးက ဒီလိုလှတဲ့ မိန်းမမျိုးကို ချစ်သူရဲ့ကိုယ်စား ဖွဲ့ထားပုံက **"ထုံးမတိမ် ငုံးအိမ်ကျူလနှင့် ယူဆတံနှိုင်း မှတ်တညီကပွ ငှီတင်ထိုက်တဲ့ ယဉ်သိုက်ဝင် သည်မေနှင့်ရယ် ငါးဆင့် သမိုင်း"**ဆိုတာလဲ ရှိသေးတယ်။

အဲဒီတော့ ထွက်လေဝင်လေသမားတွေကလဲ သူ့ကိုကြည့်ပြီး မျက်စိကလေး မှိတ်ပြီးတော့ (ရှုတယ် ရှိုက်တယ်)၄ လောကကြီး တစ်ခုလုံး ခန္ဓာကိုယ်တိုင်း ကိုယ်တိုင်း ရှုတာနဲ့ရှိုက်တာ ဒီလေပဲ ရှိတယ်။ လှတယ်ဆိုတာလဲ ဒီလေ (၂)ခုပဲ ရှိတယ်။ မုန်းတယ်ဆိုတာလဲ ဒီလေ (၂)ခုပဲ ရှိတယ်။ အမြင်ကပ်တဲ့ကောင်ကလဲ ဒီလေ (၂)ခုပဲ ရှိတယ်။

http://www.dhammadownload.com



ဒီလေ (၂)ခုဆိုတာ ဘာများမုန်းနေချင်တာလဲ။ ဒီလေ (၂)ခု သာရှိတဲ့ ပုဂ္ဂိုလ်က ဘာမာန်တက်ချင်တာလဲ။ အဲဒါ သူကလဲနိုင်တယ်။

ထွက်လေဝင်လေ ပိုင်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဟိုမှာလဲ ထွက်လေဝင်လေ၊ ဒီမှာလဲ ထွက်လေဝင်လေ၊ ဟိုအရာရှိကလဲ ထွက်လေဝင်လေ၊ ဟိုသူဆင်းရဲကလဲ ထွက်လေဝင်လေ၊

ထွက်လေဝင်လေမျှသာရှိသော ထွက်လေဝင်လေကို မှီပြီးတော့ နေရတာ အသက်ရှင်ပြီးတော့ နေတာများ ဘာထူးသေးလဲ။ ဘာများနှစ်သက်စရာ ရှိသေးလဲ။ ဘာများမုန်းစရာ ရှိသေးလဲ။

အရှူအရှိုက်ကလေးကို မှီပြီး အသက်ရှင်နေတဲ့ အကောင် တစ်ကောင်မျှသာပါတကား။

အရှူအရှိုက်ကလေးကို မှီပြီးတော့ အသက်ရှင်သန်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်မျှသာ ဖြစ်ပါတကား။

အဲဒါ ငါကင်းကြောင်းလဲ ဖြစ်ပါတယ်ဘုရား။ မာန ကင်းကြောင်းလဲ ဖြစ်ပါတယ်ဘုရား။ ဣဿာ မစ္ဆေရ ကင်းကြောင်းလဲ ဖြစ်ပါတယ်ဘုရား။

အဲဒီတော့ ပရိယတ္တိကိစ္စပဲဖြစ်ဖြစ်၊ ပဋိပတ္တိကိစ္စပဲဖြစ်ဖြစ်၊ ပရိယတ္တိကိစ္စကို ချန်လှပ်ပြီး ပဋိပတ္တိကိစ္စဖြစ်တဲ့ ဝိပဿနာဓူရ တရား အားထုတ်ခြင်းကို အကြောင်းပြုပြီးတော့ အင်မတန်မှ ပစ္စက္ခအားဖြင့် ပုဂ္ဂိုလ်ကိုလဲ ဖေါက်ခွဲပြီး သွားနိုင်ပါတယ်ဘုရား။ ပုဂ္ဂိုလ်တွေ အကုန် ဖျောက်လို့ ရပါတယ်ဘုရား။

အဲဒီတော့ ရာဂ ဒေါသ မောဟ ဣဿာ မစ္ဆရိယ အစရှိတဲ့ အကုသိုလ်တရားတွေ ဖြစ်လာတဲ့အခါမှာလဲ အကုန်လုံးကို ဖယ်ရှား သုတ်သင်နိုင်တဲ့ အစွမ်းသတ္တိ ရှိပါတယ်ဘုရား။

http://www.dhammadownload.com



ပရိယတ္တိကျတော့ ဒီလိုမဟုတ်ဘူး။ အင်မတန်မှ စိတ်ကောင်းထားတတ်တဲ့ ပုဂ္ဂိုလ်မှ ပရိယတ္တိက နိုင်နင်းပါတယ်ဘုရား။

သူကလဲ ပညာတတ်တာပဲ။ ငါကလဲ ပညာတတ်တာပဲ။ ဘုန်းကြီးချင်း စာပေချင်း ညင်းပြီးတော့ စိတ်ဆိုးမာန်ဆိုး ဖြစ်တတ်ပါတယ်ဘုရား။

အဲဒီတော့ ပရိယတ္တိက ပဋိပတ္တိလောက် မထိန်းနိုင်ပါဘူး။ ပရိယတ္တိက ပညာရှိပြီး မာနကြီးတဲ့ ပုဂ္ဂိုလ်က အင်မတန်ကြောက်စရာကောင်းပါတယ်။ ပရိယတ္တိက ပညာတတ်သလောက် ခန္တီတရားရှိတဲ့ ပုဂ္ဂိုလ်၊ မေတ္တာတရားရှိတဲ့ ပုဂ္ဂိုလ်၊ ဗြဟ္မာစိုရ်တရားရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ထိန်းသိမ်းနိုင်ပါတယ်။ ကိုယ့်မာန်နဲ့ကိုယ်တော့ ရှိကြတာပဲ။

## သင်ပုန်းကြီးနဲ့ မင်္ဂလသုတ်

ရှေးတုန်းက သင်ပုန်းကြီးဘုန်းကြီးရယ်၊ မင်္ဂလသုတ်ဘုန်းကြီးရယ် (၂)ပါးရှိတယ်။ တောထွက်ဘုန်းကြီးတွေ သူတတ်တာက သင်ပုန်းကြီးပဲ တတ်တယ်။ ကကြီးရေ ကသတ် ကက်၊ ကကြီးရေ ငသတ် ကင်၊ သင်ပုန်းကြီးကတော့ တော်တော်နိုင်တယ်။

ဟိုတောထွက်ကြီးကလဲ မင်္ဂလသုတ်တော့ အင်မတန်ကျေတယ်။

တော်တော်နောက်တဲ့ ရွာထဲက ကာလသားအုပ်စုက ဆွမ်းချက်ပြီးတော့ ဦးဇင်းကြီး (၂)ပါးကို ဆွမ်းပင့်ပြီး ကျွေးတယ်။ "အရှင်ဘုရားတို့ ဘုန်းပေးကြပါဘုရား"။

အဲဒီတော့ မာန်က တက်ကုန်ကြပြီ။ ငါ့ကြည်ညိုလို့ပဲ။ မင်္ဂလသုတ် ဘုန်းကြီး ငါနေ့တိုင်း မင်္ဂလသုတ် ရွတ်နေတာ ငါ့ကြည်ညိုလို့ပဲ။

http://www.dhammadownload.com



မာန်က တဖြေးဖြေးတက်လာပြီ။

ဆွမ်းစားပြီးတော့ "အရှင်ဘုရားတို့ တစ်ပါးကို တစ်ပါးချိန်း ဟိန်းပြီးတော့ ကြွတော်မူကြပါဘုရား"

ပထမဆုံး မင်္ဂလသုတ်ကိုယ်တော်က ချိန်းတယ်။ "နကမ္ပတိ= မတုန်လှုပ် ဘယ်သူ့မှအရေးမလုပ်"။ သူတတ်တာကလဲ နကမ္ပတိပဲ ရှိတာကိုး။ "နကမ္ပတိ= မတုန်လှုပ် ဒီကအရေးမလုပ်"။

ဟာ . . မင်္ဂလသုတ်ကိုယ်တော်က ချိန်းလိုက် ဟိန်းလိုက်တာ ဘယ်သူ့မှအရေးမလုပ်ဘူးတဲ့။ "နကမ္ပတိ" ပုဒ်နဲ့ ချိန်းလိုက် ဟိန်းလိုက် တာ အတော်ကောင်းတာပဲ။ ဟုတ်ပ့ါကွာ ကောင်းလိုက်တာ။ "သာဓု"၊ အတော်နောက်တဲ့ကောင်တွေ။ လူပျိုကြီးအဖွဲ့ အတော်နောက်တယ်။

ကိုင်း . . သင်ပုန်းကြီးဆရာတော်ဘုရား အရှင်ဘုရားကလဲ ချိန်းတော်မူပါ။

"တသတ်လှုပ်လှုပ်၊ ပသတ်လှုပ်လှုပ် ဒီကလဲ အရေးမလုပ်"

ဟုတ်သားပဲ တ-သတ်နဲ့လှုပ်လှုပ်၊ ပ-သတ်နဲ့လှုပ်လှုပ် သူက အရေးမလုပ်ဘူးတဲ့။

"အမေလေး တော်လိုက်တဲ့ ကိုယ်တော်တွေဟ"လို့ ဆိုသတဲ့။

တိပိဋကတွေ၊ အဘိဓံသတွေ မပြောသေးဘူး။ သင်ပုန်းကြီးနဲ့ မင်္ဂလသုတ်တောင် အတော်ခက်တယ်။

အဲဒီတော့ စာပေပညာကို အကြောင်းပြုပြီးတော့ မာန်မာန တွေ တက်တတ်တယ်။

ဟိုဘက်ကျောင်းက ဦးကေတု၊ ဒီဘက်ကျောင်းက ဦးသောဘိတ တဲ့။ သူတို့နှစ်ပါးက မတည့်ကြဘူး။ ဟိုဘက်ကျောင်းနဲ့ ဒီဘက်ကျောင်းက တစက်မြိတ်ပဲ ခြားတယ်။ ဟိုဘက်ကပြောတဲ့

http://www.dhammadownload.com



စကားလဲ နားထောင်တယ်။ ဒီဘက်ကပြောလဲ နားထောင်တယ်။

ဟိုဘက်က စကားအကောင်းပြောလဲ "ဒါငါ့စောင်းပြောတာ"။ ဦးသောဘိတကလဲ "ကေတုစောင်းပြောတာကွ"၊ ဦးကေတုကလဲ "သောဘိတက စောင်းပြောတာကွ"။

ဦးကေတုက မနက်တိုင်း ဘုရားရှိခိုးလေ့ရှိတယ်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး။

"ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြီးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဒီပင်္ကရာမြတ်စွာဘုရား ကိုယ်တော်၊ ဒီပင်္ကရကောဏ္ဍည၊ မင်္ဂလ၊ ရေဝတ (ရေဝတ ရောက်သွားပြီ) အောင့်တောင့်တောင့် ဖြစ်နေပြီ။ ဟိုဘက်က သောဘိတ ငါရှိခိုးလိုက်ရင် အချောင်အသား ယူသွားမယ့်အကောင် ဘုရားရှိခိုးပြီး မတည့်ပဲ ဖြစ်နေတယ်။)

ဘုန်းတော်အနန္တ ။ ပ ။ ပြည့်စုံတော်မူသော ဟိုကောင်၊

စာအုပ်တွေကြည့်တဲ့အခါ စာရေးတဲ့ဆရာတော်တွေကို ကြည့်ရင်းနဲ့ မင်္ဂလသုတ်ကိုယ်တော်နဲ့ သင်ပုန်းကြီးကိုယ်တော်ကို သတိရတယ်။ ဒီစာကြောင်း ဟိုကိုယ်တော်ကို ခတ်လိုက်တာပဲ။ ဒီစာကွ ဘယ်ဆရာတော်ကို အလဲထိုးလိုက်တာလဲ။ အဲဒီ အသုံးအနှုန်း တွေ စာပေထဲမှာ ရောက်လို့မကိုက်ဘူး။

အထူးသဖြင့် သတိထားရမှာက ဓမ္မကထိကသည်လည်း ကောင်း၊ အမြဲရှုမှတ်လေ့ရှိသော ကမ္မဋ္ဌာန်းပုဂ္ဂိုလ်သည်လည်းကောင်း အချင်းချင်း မတည့်ကြဘူး။ အချင်းချင်း ချီးမွမ်းရမယ်။

ဒီနေရာ ဘယ်လိုဟောလိုက်တာလဲ။ ဒါပါဠိတော်နဲ့ မညီညွတ် ဘူး။ သွားမလုပ်နဲ့။ ဒါတွေက တရားမှန်ဟုတ်မထင်ပါဘူး။ ကျုပ်တို့

http://www.dhammadownload.com



ကတော့ ဗုဒ္ဓဒေသနာတော်နဲ့အညီ ဟောတာပဲ။ သွားမလုပ်နဲ့။ လုပ်လို့ မဖြစ်ဘူး။ ဓမ္မကထိက အချင်းချင်း ချီးမွမ်းရမယ်။ မကဲ့ရဲ့ရ။ တရားအားထုတ်သော ပုဂ္ဂိုလ်အချင်းချင်း မကဲ့ရဲ့ရ။ တရားအားထုတ်ရမယ်။

စာပေမှာလဲ ဒီလိုပဲ။ စာပေရေးသားတဲ့နေရာမှာ ဘယ်ဆရာက ဘယ်လိုပြောတာလဲ။ ဘယ်ဆရာက ဘယ်လိုပြောတာပဲ။ ဘုန်းတော်ကြီးတွေကလဲ ဒီအတိုင်းပဲ။ တိပိဋကရေဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် ရေးသားတဲ့ စာတွေမှာ စာရေးတဲ့ ဆရာတော်တွေကို ချီးမွမ်းပြီးရေးတာ။

မှားနေတာလေးတွေကို ထောက်ပြီး အပြစ်ပြောလို့မရဘူး။ ကျမ်းစာအုပ်ကြီးတစ်ခုလုံးမှာ ရတနာအတိရှိတဲ့ သေတ္တာကြီးပဲ။ စက္ကူစုတ်ကလေး တစ်စုတ်ပါတာနဲ့ ဒီသေတ္တာကြီးက ဘာမှတန်ဖိုးမရှိပါဘူး။ သွားမလုပ်နဲ့။ အင်မတန် တန်ဖိုးရှိတဲ့ အကြောင်းအရာတွေနဲ့ပြည့်စုံတယ်။

ဒါကြောင့် စာပေပရိယတ္တိပိုင်းဆိုင်ရာမှာ တပည့်တော်တို့ အစဉ်အဆက် ရေးသားခဲ့သော ကျမ်းစာတွေထဲက အချို့သော ကျမ်းစာတွေက အခြားအခြားသော ပုဂ္ဂိုလ်တွေကို ဖိနှိပ်တဲ့စကားလုံးတွေပါပါတယ်။ အချို့အချို့သော စာအုပ်တွေက အင်မတန်မှတ်သားဖို့ကောင်းပါတယ်။

**ဇေ မေ သုတံ**

ဒါကြောင့် တပည့်တော်က မဟာသုတဒီပနီ ရေးတဲ့အခါမှာ ကျမ်းစာပါရတယ်။ စာမျက်နှာပါရတယ်ဘုရား။ ရေးသားတဲ့ပုဂ္ဂိုလ်အချို့နေရာမှာ ဘယ်သူရေးတယ်။ အဲဒါ ဘယ်သူ့အကျိုးလဲဆိုရင် "ဇေ မေ သုတံ "အကျိုး။

http://www.dhammadownload.com



"ဧဝံ မေ သုတံ"က မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတော်တွေ အရှင်အာနန္ဒာက မင်္ဂလသုတ် အစရှိတဲ့ သုတ္တန်ပါဠိတော်တွေ၊ ပါဠိတော်တွေ "ဧဝံ မေ သုတံ" ဒါက မြတ်စွာဘုရားထံက ဒီလိုကြားခဲ့တာပါဘုရား။ တပည့်တော်ရဲ့ တရားမဟုတ်ပါ ဘုရား။ မြတ်စွာဘုရားရဲ့ တရားတော်ပါဘုရား။ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်ဘုရား။ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်ဖြစ်ပါသည်ဘုရား။

ဘုရား၏တရားကို ကိုယ့်တရားမဖြစ်အောင် သူတစ်ပါး၏ တရားကို ကိုယ့်တရားလုပ်ပြီးတော့ ဟောတာဟာ "ဓမ္မစောရ" တရားသူခိုးပါဘုရား။

"ဓနစောရ၊ ကာမစောရ၊ ဓမ္မစောရ" ဟုတ်လား။ သူခိုးသုံးယောက်ရှိတယ်။

ဓနစောရ = ဥစ္စာပစ္စည်းသူခိုး၊
ကာမစောရ = ကာမဂုဏ် ဖောက်ပြန်ပြီးတော့ ခိုးတဲ့သူခိုး၊
ဓမ္မစောရ = တရားသူခိုး၊

အဲဒီ သူခိုး (၃)ဦးထဲမှာ ဓမ္မစောရက အဆိုးဆုံးပါဘုရား။ ဒါကြောင့် အရှင်အာနန္ဒာရဲ့ "ဧဝံ မေ သုတံ" ကျမ်းညွှန်းကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ တပည့်တော် ကျမ်းညွှန်းကို ရေးတာပါဘုရားလို့ ကျမ်းတစ်ကျမ်းမှာ ရေးထားတယ်နော်။

ပရိယတ္တိကျမ်းဂန်စာပေ ရေးသားတဲ့နေရာမှာ ရှေးဆရာတော်ကြီးတွေကို တပည့်တော်တို့ ညွှန်းပြီးတော့ ပြောရပါတယ်။

ဒီအဆုံးအဖြတ်က ဘယ်ဆရာတော်က ဆုံးဖြတ်တယ်ဆိုတာကို အရေးပါပါ အသားပါပါ ရေးသင့်တယ်။

http://www.dhammadownload.com



သူတစ်ပါးရေးတာကို ကိုယ်ရေးသလိုလို ဟန်လုပ်ပြီးတော့ ရေးတာဟာ ဘယ်ကျမ်းဂန်တွေမှာ ရှိသလဲ စာကြည့်လာတဲ့အခါ သိပါတယ်။ ဘယ်စာကိုကြည့်ပြီးတော့ ရေးတယ်။ ဘယ်ဆရာတော်ကြီး အဆုံးအဖြတ်ကို ကြည့်ပြီးတော့ ရေးပါတယ်။

လျှို့ဝှက်ပြီးတော့ ထားလို့ရှိရင် ဘယ်လိုပဲ လျှို့ဝှက် လျှို့ဝှက်၊ တပည့်တော် စာကြည့်လို့ရှိရင် ဗမာလိုရေးထားတဲ့ အဆုံးအဖြတ်ကို တွေ့ရင် ဒါဘယ်ဆရာတော်ရဲ့ အဆုံးအဖြတ်ကိုကြည့်ပြီးတော့ ရေးတာပဲ။ တပည့်တော်တို့က အဲဒါသိတယ်။

ဒီအဆုံးအဖြတ် သယ်ကောင်းလှချည်လား။ ဘယ်သူများ ဆုံးဖြတ်ဖူးပါလိမ့်။ ဒီကိုယ်တော် ဆုံးဖြတ်တာလား။ ဘယ်တုန်းက ဆုံးဖြတ်တာလဲ။ အဲဒါကို သိချင်တယ်။

ဒီနေရာမှာ မောင်းသောရောင်ခြည်တော်နှင့် ပတ်သက်ပြီး အယူအဆတွေ ကွဲပြားနေလို့ အဆုံးအဖြတ်တိကျမှတ်သားဖို့ ခက်ခဲနေပါတယ်။

ပဌမအယူအဆကတော့ ဝိသုဒ္ဓါရုံဆရာတော်၏ အယူအဆ ဖြစ်ပါတယ်။ ဝိသုဒ္ဓါရုံ ဝိနိစ္ဆယပေါင်းချုပ်မှာ ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး ပါပါတယ်။

**"မည်းနီညိုလောင်း ကူးယှက်ပေါင်းသဖြင့် မှဲ့မှောင်း မှိုင်းအုံ့ ရီမှုန်သော အဆင်းရှိသော အရောင်တို့သည်"** ဟု ဆိုတယ်။ ဤ၌ အမဲအနီအညို (၃)မျိုးစပ်အရောင်ကို မောင်းသော အရောင်ဟု မှတ်ရပေမယ်။

ဒုတိယအယူအဆက လယ်တီဦးပဒုမ၏ အယူအဆ ဖြစ်တယ်။ လယ်တီဝတ်ရွတ်စဉ်၌ ပဌမအယူအဆအတိုင်း ဆိုထား ပါတယ်။

http://www.dhammadownload.com



တတိယအယူအဆက ဆရာတော် ဦးဗုဓ်အယူအဆ ဖြစ်တယ်။ ခုဒ္ဒသိက္ခာနိဿယ၌ မောင်းသောအရောင်သရုပ်ကို ဖေါ်ထုတ်ဆုံးဖြတ်ခဲ့တယ်။

**မဉ္ဇိဋ္ဌကေ ဝိမာနသ္မိံ ရတ္တဖလိကမယေ ဝိမာနေ-** ဟူသော ဝိမာနဝတ္ထုအဋ္ဌကထာ၌ မဉ္ဇိဋ္ဌ-ကို ရတ္တဖြင့် ဖွင့်သဖြင့် အနီရောင်ကို မဉ္ဇိဋ္ဌဟု နှလုံးသွင်းတယ်။

မင်းနဝဒေးကြီး၏ ပြည်မြို့ ကျောင်းဆေးရေးဘုရားတိုင်ရတု၌ **မောင်းစွေးစွေး မြင်မြေဘ်တကား**-ဟူသော ရတုအချတွင် မောင်းစွေးစွေးဟု ဆိုသဖြင့် နီရဲရဲအရောင်ကို မဉ္ဇိဋ္ဌဟု နှလုံးသွင်းတယ်။

ထိုကြောင့် ဤနှလုံးသွင်းချက်နှစ်ခုကို အခြေခံ၍ မောင်းသော အရောင်ကို **နီတျာစွေးစွေး တွေးတွေးရဲထင်သော** အဆင်းဟု သိအပ်၏ဟု ဆုံးဖြတ်ခဲ့တယ်။

ဆရာတော်ဦးဗုဓ်က ကြက်သွေးရောင်ကို မောင်းသော အရောင်ဟု ဆုံးဖြတ်ပါတယ်။

စတုတ္ထအယူအဆကတော့ မုံရွေးဇေတဝန်ဆရာတော်၏ အယူအဆဖြစ်တယ်။ ဆရာတော်သည် သမန္တစက္ခုဒီပနီရောင်ခြည် တော် ထွက်ကြွပုံအမေးကို ဖြေရာ၌ ဒီလိုဖြေထားပါတယ်။ **မောင်းသော၊ မည်းသော၊ ပြာချိပ်သော၊ ညိုရိပ်သော၊ မှိုင်းမှိုတ် သော ရောင်ခြည်တော်တို့** လို့ ဆိုပါတယ်။ မုံရွေးဇေတဝန်ဆရာ တော်အလို မောင်းသောအရောင်ဆိုတာ အမဲအနက် ပြာရင့်ရင့် ညိုသန်းသန်း မှိုင်းမှိုတ်မှိုတ်အရောင် ဖြစ်ပါတယ်။ အမဲ၊ အပြာ၊ အညို၊ မီးခိုးရောင် ပေါင်းစပ်သော အရောင်ကို မောင်းသောအရောင်ဟု ဆိုလိုပါတယ်။

http://www.dhammadownload.com



ပဥ္စမအယူအဆကတော့ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ အယူအဆ ဖြစ်ပါတယ်။ "**မဉ္ဇိဋ္ဌရောင်ခြည်တော်ဆိုသည်ကား နီနီမောင်းမောင်း မိုးကြိုးရောင်, သပြေမှည့်ရောင်, တိန်းညက် နှစ်ရောင်, ခိုညိုရောင် ကဲ့သို့သော အရောင်မျိုးကို ဆိုလိုသည်**" ဟု သာသနသမ္ပတ္တိဒီပနီမှာ ဆိုပါတယ်။

ဤအယူအဆအရ အနီ အဝါ နီညို ခိုညို အရောင် (၄)မျိုး ပေါင်းစပ်သောအရောင်ကို မောင်းသောအရောင်ဟု ဆိုရတော့မယ်။

ဆဋ္ဌမအယူအဆကတော့ အရှင်ဇနကာဘိဝံသ၏ အယူအဆဖြစ်တယ်။ ရတနာ့ဂုဏ်ရည်မှာ မောင်းသောရောင်ခြည်တော်ကို ဒီလိုရေးထားတယ်။ မောင်းသောအဆင်းရှိသော မဉ္ဇိဋ္ဌရောင်ခြည်တော်များကား **အဝါဘက်လည်းမကျ အနီရင့်ဘက်လည်းမကျ နီကြွင်ကြွင် ဝါကြွင့်ကြွင့်** ရှိသော ကိုယ်အင်္ဂါတော်၏ ထိုထိုအရပ်မှ ထွက်တော်မူကြသည်ဟုလည်းကောင်း၊ ထန်းကျင့်ပင် သို့မဟုတ် နီပဆေးဟု ခေါ်အပ်သော သစ်ပင်၏အတွင်းသား အဆင်းကဲ့သို့ **အဝါရင့် ပန်းရောင်အစု အနီနုပုံသဏ္ဌာန်** အင်မတန်ကြည်နူးဖွယ်ကောင်းသော ရောင်ခြည်တော်တို့သည်ဟုလည်းကောင်း ဆိုပါတယ်။ **နီကြွင်ကြွင် ဝါကြွင့်ကြွင့်** ဟူသောစကားနှင့် **အဝါရင့် ပန်းရောင် အနီနု**ဟူသောစကားတို့သည် ရှေ့နောက်မညီ ဆန့်ကျင်နေပါတယ်။ **ဝါကြွင့်ကြွင့်** နှင့် **အဝါရင့် နီကြွင်ကြွင်** နှင့် **ပန်းရောင်အနီနု** ဟူသော စကားတို့သည် အချင်းချင်းဆန့်ကျင်လျက် ရှိနေတယ်။ မည်သည့်အရောင်ဟု မှတ်ရန်ခက်ခဲသွားစေပါတယ်။

သတ္တမအယူအဆကတော့ တိပိဋကအရှင်ဝိစိတ္တာသာရ၏ အယူအဆဖြစ်ပါတယ်။ သာသနာ့အလံ အရောင်အယူအဆ

http://www.dhammadownload.com



ဆွေးနွေးစဉ်က ဖြစ်ပါတယ်။ အမေရိကန်စစ်ဗိုလ်ကြီးတစ်ဦးက ရောင်ခြည်တော် (၆)ပါးအရောင်ကို အခြေခံပြီး ဗုဒ္ဓသာသနာ့အလံကို တီထွင်လိုက်တယ်။ နီလ၊ ပီတ၊ လောဟိတ၊ မဉ္ဇိဋ္ဌ အရောင်(၅)မျိုးကို ဝဲယာတန်းတယ်။ ပဘဿရအတွက် အဲဒီအရောင် (၅)မျိုးကိုပဲ အထက်အောက်ကန့်လန့်တန်းတယ်။ နီလအတွက် အပြာ၊ ပီတ အတွက် အဝါ၊ လောဟိတအတွက် အနီ၊ မဉ္ဇိဋ္ဌအတွက် အမောင်း ဖြစ်ပါတယ်။

အမောင်းအတွက် အရောင်ကို သူတစ်မျိုးကိုယ်တစ်ဖုံ ပြောကြလို့ မပြီးပြတ်ပဲဖြစ်နေတယ်။ အဲဒီအခါမှာ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ က "ကဲ. . ကိုယ်တော်တို့ ငြင်းခုန်နေလို့ စကား မပြတ်ဘူး။ မောင်းသောရောင်ခြည်တော်ကို သန္တာန်ရောင်နှင့် နှိုင်းယှဉ် ပြထားတယ်။ သန္တာကျောက်ကို ယူခဲ့ကြပါ"ဟု ပြောဆိုပါတယ်။ သန္တာကျောက်ကို ကြည့်ပြီးတော့ "ကဲ. . ဒီသန္တာကျောက်ရဲ့ အရောင် အတိုင်း မောင်းသောရောင်ခြည်တော်အတွက် ပိတ်စအရောင်ကို ယူပေတော့"ဟု ဆိုတယ်။

အလံချုပ်လုပ်သောအခါ (နီဝါရောစပ်) သန္တာအရောင်ဟု အဖြူ အနီရောသော ပန်းနုရောင် ဖြစ်သွားပါတယ်။ ဤကဲ့သို့ ဗုဒ္ဓ သာသနာ့အလံ၌ မဇ္ဈိဋ္ဌရောင်ခြည်တော် အမှတ်အသားမှာ တစ်ခါ တည်း ပန်းနုရောင် ဖြစ်သွားပါတယ်။

အမှန်ကား- ထိုနေရာ၌ လိမ္မော်ရောင် ထားသင့်သည်။

မှတ်ချက်- သန္တာကျောက်အရောင်မှာ အနီ၊ အဝါရောသော လိမ္မော်ရောင် ဖြစ်သည်။

http://www.dhammadownload.com



အဌမအယူအဆကတော့ မုံရွာမြို့နယ် ကျောက္ကာရွာ အောင်မြေချမ်းသာဆရာတော် (ပရိယတ္တိပဌမကျော်) အရှင်ဇဝနပုဒ္ဓိ ၏ အယူအဆဖြစ်ပါတယ်။ ဆရာတော်က တပည့်တော်တို့ကို ငယ်စဉ်က မိန့်ဆိုခဲ့ဖူးပါတယ်။ **မောင်းသောရောင်ခြည်တော်ဆိုတာ အနီ အဝါ (၂)မျိုးစပ်တဲ့ လိမ္မော်ရောင် ဖြစ်တယ်။ ဥဒါန်း အဌကထာမှာ လာတယ်ဟု** မိန့်ဆိုပါတယ်။

တပည့်တော်တို့ကတော့ ငယ်ရွယ်သူမို့ အနီရောင်နှင့်အဝါ ရောသော အရောင်ဟာ မောင်းသောအရောင် မောင်းသောအရောင် အကြောင်းက ဥဒါန်းအဌကထာမှာလို့ပဲ စွဲစွဲမြဲမြဲ မှတ်ခဲ့ပါတယ်။ ယခုလို အသက်ကြီးလို့ ဥဒါန်းအဌကထာကို ကြည့်တော့မှ ဆရာဘုန်းကြီး မိန့်ခဲ့တဲ့ မောင်းသောအရောင် အကြောင်းကို တွေ့ရပါတယ်။

**ရတ္တပီတ ဝဏ္ဏာနံ သမ္ဘိန္န ဌာနတော မဥ္ဇေဋ္ဌဝဏ္ဏာ ရသ္မိယော ဥဋ္ဌဟိတွာ အသီတိ ဟတ္ထဋ္ဌာနံ အဂ္ဂဟေသုံ-** (ဥဒါန၊ ဋ္ဌ၊ ၃၇၀)လို့ တွေ့ရပါတယ်။ ဒီအခါ ဆရာဘုန်းကြီး မိန့်တဲ့အတိုင်း မောင်းသော ရောင်ခြည်တော်ထွက်ရာ ကိုယ်တော်ဌာန မောင်းသောအရောင် အတိအကျကို သိရပါတယ်။

အနီအဝါ ရောစပ်သော ခြေဖဝါးစောင်း လက်ဖဝါးစောင်း မျက်စိတော်ဒေါင့် စသောအရပ်တွေက မောင်းသောအရောင် ထွက်ပါ တယ်။ ခြေဖမိုးက ရွှေသောအဆင်းရှိလို့ ရွှေသောရောင်ခြည်တော် ထွက်တယ်။ ခြေဖဝါးတော်က နီဝင်းနေလို့ နီသောရောင်ခြည်တော် ထွက်တယ်။ ခြေဖဝါး ခြေဖမိုးအစပ်ကျတော့ အဝါအနီ ရောစပ်တဲ့ အသားတော်ဖြစ်ပါတယ်။ ဒါကြောင့် အနီအဝါရောစပ်တဲ့ မောင်းသော ရောင်ခြည်တော် ထွက်ရပါတယ်။ လက်ဖဝါးစောင်း

http://www.dhammadownload.com



မျက်စိဒေါင့်အရပ်လဲ ဒီအတိုင်း မှတ်ရပါမယ်။

ရတ္တပီတဝဏ္ဏာနံ= အနီအရွှေ (အဝါ) အရောင်တို့၏၊ သမ္ဘိန္နဌာနတော= ရောစပ်သောကိုယ်တော်အရပ်ဌာနမှ၊ မဥ္ဇေဋ္ဌဝဏ္ဏာ= အနီအဝါ နှစ်ဖြာယှက်ပေါင်း မောင်းသောအဆင်းရှိကုန်သော၊ ရသ္မိယော= ရောင်ခြည်တော်တို့သည်၊ ဥဋ္ဌဟိတွာ= တက်ကုန်၍ (ဝါ) ထွက်ကြွတော်မူကုန်၍၊ အသီတိဟတ္ထဌာနံ= အတောင်ရှစ်ဆယ်သော အရပ်ပတ်ဝန်းကျင်ကို၊ အဂ္ဂဟေသုံ= ယူကုန်ပြီ (ဝါ) ပြန့်နှံ့စေကုန်ပြီ။

ဒီလိုမောင်းသောရောင်ခြည်တော်နှင့် ဆက်စပ်ပြီးတော့ အယူအဆက (၈)မျိုးတောင် ကွဲပြားတာ။ တစ်ချို့အယူအဆက ကျမ်းဂန်အထောက်အထားအားနည်းတယ်။ တစ်ချို့က ခိုင်မာတာကို တွေ့ရတယ်။ ယူဆတဲ့ပုဂ္ဂိုလ်တွေကလဲ တကယ့်ပညာရှိသူတော်ကောင်း ရဟန်းတော် အရှင်မြတ်ကြီးတွေဆိုတော့ အမှားအမှန်ကို တိုက်ရိုက်ပြောလို့ မသင့်လျော်ပါဘူး ရိုသေရတာကိုး။

အဲဒီအယူအဆထဲမှာ အရှင်ဇနကာဘိဝံသ၊ တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့၏ အယူအဆသည် ဥဒါန်းအဋ္ဌကထာနှင့် နီးစပ်ပါသည်။ သန္တာကျောက်အရောင်သည် အနီအဝါ ရောစပ်သောအံရောင်ဖြစ်၍ မောင်းသောအရောင်ကို သန္တာရောင်အတိုင်း ပိတ်စအရောင်ကို ယူပါလို့ ဆရာတော်မှာသည်ကို ထောက်မြော်ပါ။

နောက်ဆုံးအဋ္ဌမဆရာတော် အယူအဆက ဥဒါန်းအဋ္ဌကထာ၏ တိကျသော စကားကိုမှီး၍ ဆိုအပ်သောကြောင့် အသင့်မြတ်ဆုံး အခိုင်မာဆုံးဟု ဆိုရပါတယ်။

http://www.dhammadownload.com



ဒါပေမယ့်လို့ အဆုံးအဖြတ်ဆိုတာ အရမ်းမှန်းပြီလို့ မဆိုရပါ။ သင့်မသင့်ကိုလည်း အလျှင်စလို မပြောသင့်ပါ။ အထူးသတိပြုသင့်ပါတယ်။

"ဧဝံ မေ သုတံ" ဤတရားသည် တပည့်တော် အာနန္ဒာ မြတ်စွာဘုရားထံက နာခဲ့ရပါသည်ဘုရား။ ဤတရားသည် မြတ်စွာဘုရား တရားတော်ဖြစ်ပါသည်။ တပည့်တော်၏ တရားတော် မဟုတ်ပါဘုရား။ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်။ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်ပါဘုရား။

"ဧဝံ မေ သုတံ"ကို ရွတ်လိုက်တဲ့အခါ "သြော် . . . မြတ်စွာဘုရား တရားဟောနေပါလား"။ အရှင်မဟာကဿပနှင့်တကွ တေဒဂ်ရ ရဟန္တာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ (၄၉၉)ပါး တစ်ခါထဲ ကြည်နူးပြီးတော့ ပြုံးသွားတယ်။

အော် . . . အရှင်အာနန္ဒာက တယ်တော်တာကိုး။ သံဂါယနာတင်ပွဲမှာ သူ့ကိုဦးဆောင်ပြီး သုတ္တန်နှင့်အဘိဓမ္မာတင်မှ ဖြစ်မှာကိုး။

အင်မတန်မှန်တာပဲ။ တယ်တော်တာ။ ဟာသိတုပ္ပါဒ်စိတ်ဖြင့် သွား၏သုံးပုံတစ်ပုံပေါ်အောင် ပြုံးပါတယ်။ ရဟန္တာတို့က သွား သုံးပုံတစ်ပုံ ပေါ်အောင်ပြုံးပါတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တို့ကျတော့ နည်းနည်းရှည်လာတယ်။

ပုထုဇဉ်ကျတော့ သွားတစ်ချောင်းလုံး သွားဖြီးဖြီးတော့ ရယ်ပါတယ်။ သဘောကျလေလေ သွားဖြီးလေလေ။ ပုထုဇဉ်ဆိုတာ အထိန်းအအုပ် ရှိတာမဟုတ်ပဲကိုး။

http://www.dhammadownload.com



ဘုန်းကြီးဆိုတာ သိပ်မပြုံးရဘူးနော်။ ဘုန်းကြီးတို့ မုံရွာမှာ သထုံဝံသ ဆရာတော်ကြီးက သဘောကျရင် ပုဝါလေးနဲ့ပိတ်ပြီး မှန်ပါတယ်ဘုရား။ ဟုတ်ပါဘုရား။ သူကတစ်မျိုး။

စဉ်းစားမိတယ်။ ပါးစပ်ကထွက်တဲ့ အသံနဲ့လေတွေ အညစ်အကြေးတွေကြောင့် ဖြစ်မှာပဲ။

ဘုရားရှင်လက်ထက်တော်က ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အကုန်လုံးအရိယာတွေချည်းပဲ။ ရဟန္တာတော့ မဖြစ်သေးဘူး။

မြတ်စွာဘုရားက ငါ့တပည့်တွေ လာကြပြီ။ အဲဒီမှာ ဒီတရား တစ်ပွဲထဲနဲ့ ရဟန္တာဖြစ်မယ့်တရား ငါဟောမယ်။

အနမတဂ္ဂသံသရာ သတ္တဝါတွေရဲ့ လည်ချောင်းသွေးတွေ စုထားတာ သမုဒ္ဒရာထက်များတယ်။

သင်တို့ရဲ့ လည်ချောင်းသွေးတွေ အသတ်ခံရလို့ ထွက်လာတဲ့ လည်ချောင်းသွေးတွေ သမုဒ္ဒရာထက် များတယ်။

ဘယ်ရေကများသလဲ မေးမယ်။ သူတို့က သမုဒ္ဒရာရေထက် လည်ချောင်းသွေးရေက များပါတယ်လို့ ဖြေတယ်။

အဲဒီအခါမှာ စိတ်တွေနူးညံ့ပြီး လောကမှာဖြစ်ရတာ တယ်ငြီးငွေ့စရာ ကောင်းပါလား။ သတ္တဝါဖြစ်ရတာ အမျိုးမျိုးဖြစ်ပြီးတော့ အမျိုးမျိုးဒုက္ခရောက်ရပါလားလို့ သတ္တဝါတို့သန္တာန်မှာ ငြီးငွေ့တဲ့ စိတ်တွေ ဖြစ်ပြီးတော့ အားထုတ်လိုက်တဲ့အခါ ရဟန္တာဖြစ်ကုန်ကြတယ်။ ရဟန္တာဖြစ်သွားတဲ့ အခါကျတော့ တစ်ခါထဲ သိန်း (၃၀၀)၊ (၄၀၀) ထိပေါက်တဲ့လူထက် ဝမ်းသာတာပေါ့။ ရဟန္တာအရှင်မြတ်တွေ ဝမ်းသာတော့ သွားရဲ့သုံးပုံတစ်ပုံ ပေါ်အောင် ပြုံးတော်မူကြတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကလဲ "ငါ့သားတော်တွေ အကုန်လုံး ရဟန္တာ ဖြစ်သွားကြပြီ"လို့ ဝမ်းသာပြီး မြတ်စွာဘုရားလဲ သုံးပိုင်းတစ်ပိုင်း သွားပေါ်အောင် ပြုံးတော်မူတယ်။

မြတ်စွာဘုရား ပြုံးတော်မူတဲ့အခါ သွားတော်က ဖြူသော ရောင်ခြည်တော်တွေ ထွက်ကြွလာပြီး ဂန္ဓကုဋီတိုက်လှည့်ပြီး ကျောင်းတိုက်ကြီးတစ်တိုက်လုံး ဖွေးသွားတာပဲ။

ဟာ . . မြတ်စွာဘုရား ပြုံးတော်မူပါတကား။ ဖြူသော ရောင်ခြည်တော်တွေ ဖွေးဖွေးမျှ ကျောင်းတိုက်ကြီးတစ်ခုလုံး ဝင်းလက် သွားပါတကား။

မြတ်စွာဘုရား ပြုံးတော်မူတာ အင်မတန်ကောင်းသော အကြောင်းအရာ ဖြစ်လိမ့်မယ်ထင်တယ်။ ရဟန်းတော်တွေက ကြည်ညိုကြတယ်။

အဲဒီတော့ အင်မတန်ပြုံးရွှင်တဲ့ ဟသိတုပ္ပါဒ်စိတ် ဖြစ်ပေါ်တဲ့ ရဟန္တာများ။

ကိုင်း ရှိစေတော့။ အရှင်ဘုရားတို့ တပည့်တော်တို့ ကြိုးစား အားထုတ်တဲ့ အချိန်အခါသမယမှာ-

**အာရဗ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။**

**ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။**

အာရဗ္ဘထ= သူများထက်ဦးအောင် အားထုတ်ကြ။ နိက္ခမထ= အပျင်းခေတ်တွေကို နင်းချေပြီးတော့ အားထုတ်ကြ။ ယုဉ္ဇထ= တစ်ဆင့် ထက်တစ်ဆင့် မြင့်အောင်၊ ဉာဏ်တစ်ဆင့်ကနေ ဉာဏ်တစ်ခုသို့၊ မဂ်တစ်ခုကနေ မဂ်တစ်ခုသို့တက်အောင်၊ ဖိုလ်တစ်ခုကနေ ဖိုလ်တစ်ခု သို့ တက်အောင် အဆင့်အတန်းမြင့်၍ တော်လောက်ပြီဟူ၍

http://www.dhammadownload.com



ရပ်ချင်တဲ့စိတ်ကို မရပ်ပဲနဲ့၊ ဆက်ပြီးတော့ အားထုတ်ကြကုန်လော့။

ကုဋ္ဌရော= ဆင်ပြောင်ကြီးသည်၊ နဠာဂါရံ= ကျူထရံအိမ်ကလေးကို၊ ဓုနာတိက္ကဝ= မှုန့်မှုန့်ညက်ညက် နင်းချေဖျက်ဆီးဘိသကဲ့သို့ တီဟိဝီရိယ ဓာတူဟိ= သုံးပါးကုန်သော အာရမ္ဘဝီရိယဓာတ်၊ နိက္ကမဝီရိယဓာတ်၊ ပရက္ကမဝီရိယဓာတ်တို့ဖြင့်၊ သမ္ပန္နာ= ပြည့်စုံကုန်သော၊ ဘိက္ခူ= ယောဂါဝစရ ယောဂီရဟန်းတို့သည်၊ မစ္စုနော= ရှင်သေမင်း၏၊ သေနံ= တစ်ထောင့်ငါးရာသော စစ်သည်ဗိုလ်ပါတွေကို၊ ဓုနာထ= မှုန့်မှုန့်ညက်ညက် ချေဖျက်ကြကုန်လော့။

အရှင်ဘုရားတို့သည် တစ်ချက်တစ်ချက်ချင်း မာရ်မင်း၏ စစ်သည်တွေ နင်းချေဖျက်ဆီးနေကြပါတယ်ဘုရား။ ကိလေသာတိုက်ပွဲမှာ အကုန်လုံး ကိလေသာတွေကို ပြုတ်ပြုတ်ပြုန်းသွားအောင် နင်းချေနေကြတဲ့ အရှင်မြတ်တွေပါဘုရား။

ဒါကြောင့် ကောင်းသောနေ့၊ ကောင်းသောနံနက်ခင်း၊ ကောင်းသောအချိန်အခါကာလ ဘဒ္ဒေကရတ္တပုဂ္ဂိုလ် ဖြစ်ကြပါတယ်။

"ဘဒ္ဒေကရတ္တ"ဆိုတာ ဝိပဿနာတရားတော်ကို ကြိုးစားအားထုတ်နေသောပုဂ္ဂိုလ် မြတ်စွာဘုရားရဲ့ ဝိပဿနာတရားကို ကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်သည် ဘဒ္ဒေကရတ္တပုဂ္ဂိုလ် ဖြစ်ပါတယ်ဘုရား။

**ဧဝံ ဝိဟာရိ အာတာပိ၊ အဟောရတ္တမတန္ဒိတံ၊**

**တံ ဝေ"ဘဒ္ဒေက ရတ္တော"တိ၊သန္တော အာစိက္ခတေ မုနိ။**

ပစ္စုပ္ပန်ဆတ်ဆတ် ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်သည် ဘဒ္ဒေကရတ္တပုဂ္ဂိုလ်လို့ ခေါ်ပါတယ်ဘုရား။

http://www.dhammadownload.com



ဘဒ္ဒ= ကောင်းမြတ်သော၊ ကေ= အတုမရှိသော၊ ရတ္တ= ညဉ့်နေ့ အချိန်အခါရှိသောပုဂ္ဂိုလ်၊ ဘဒ္ဒေကရတ္တ= ကောင်းမြတ်သော အတုမရှိသော ညဉ့်နေ့အချိန်အခါရှိသော ပုဂ္ဂိုလ်၊ (ဝါ) ဝိပဿနာတရား အားထုတ်နေသော ပုဂ္ဂိုလ်၊ ဘဒ္ဒ= မင်္ဂလာရှိသော၊ ကေ= အတုမရှိသော၊ ရတ္တိ= ညဉ့်အချိန်ကာလရှိသော ပုဂ္ဂိုလ်ကို "ဘဒ္ဒေကရတ္တ"လို့ ခေါ်ပါတယ်။

ဘဒ္ဒါကောရတ္တိ ယဿသောတိ ဘဒ္ဒေကရတ္တော တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် ဋ္ဌကိုအပြု ဘဒ္ဒေကရတ္တ (စတုတ္ထီဗဟုဗ္ဗိသမာသ်)

ယဿ= အကြင်တရားအားထုတ်နေသော ပုဂ္ဂိုလ်အား၊ ဘဒ္ဒါ= မင်္ဂလာရှိသော၊ ဧကော= အတုမရှိသော၊ ရတ္တိ= ညဉ့်နေ့အချိန် အခါကာလသည်၊ အတ္ထိ= ရှိ၏။ သော= ထိုအမြဲတမ်း တရားအားထုတ် နေသောပုဂ္ဂိုလ် ရဟန်းတော်မြတ်သည်၊ ဘဒ္ဒေက ရတ္တော= ဘဒ္ဒေက ရတ္တ မည်၏။

အမျိုးသမီးကျတော့ ဘဒ္ဒေကရတ္တာ= ဘဒ္ဒေကရတ္တာ မည်၏။ ဘဒ္ဒေကရတ္တပုဂ္ဂိုလ် ဖြစ်စေတဲ့တရား ဆိုတာ ကမ္မဋ္ဌာန်းတရားပဲ။ အဲဒီ ကမ္မဋ္ဌာန်းတရား အားထုတ်နေသော ပုဂ္ဂိုလ်ကို ဘဒ္ဒေကရတ္တပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

သဒ္ဒါအရ ပေါင်းစပ်လိုက်ရင် ဘဒ္ဒေကရတ္တတရားလို့ ခေါ်ပါ တယ်။

ဘဒ္ဒေကရတ္တသဓမ္မော- ဘဒ္ဒေကရတ္တဓမ္မော ဆိုလိုပါတယ်။

ဘဒ္ဒ= မင်္ဂလာရှိသော၊ ဧကေ= အတုမရှိသော၊ ရတ္တ= ညဉ့်နေ့ အချိန်ရှိသော ပုဂ္ဂိုလ်ကို ဘဒ္ဒေကရတ္တလို့ ခေါ်၊ တံ= ထိုတရား အားထုတ်နေသော ပုဂ္ဂိုလ်ကို ဤကဲ့သို့ ပစ္စုပ္ပန်အခိုက်၌ ဖြစ်ဆဲဖြစ်သော

http://www.dhammadownload.com



ရုပ်နာမ်တို့ကို ကြည့်ရှုမှတ်သား၍နေသော ပုဂ္ဂိုလ်ကို၊ ဘဒ္ဒေက ရတ္တောတိ= မင်္ဂလာရှိသော အတုမရှိသော နေ့ညဥ့်အချိန်အခါကာလ ရှိသော ပုဂ္ဂိုလ်ထူးဟူ၍၊

မင်္ဂလာရှိသော ရဟန်းတော်၊ မင်္ဂလာရှိသော မောင်မယ်၊ အတုမရှိသော ရဟန်းတော်၊ အတုမရှိသော မောင်မယ်၊ အချိန်အခါ ကာလရှိသော ရဟန်းတော်၊ အချိန်အခါကာလရှိသော မောင်မယ် ပုဂ္ဂိုလ်သူမြတ် ဖြစ်တယ်ဟူ၍၊

သန္တော= ကိလေသာအပူ ငြိမ်းအေးတော်မူသော၊ မုနိ= သုံးလောကထွင်၌တင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အာစိက္ခတေ= ဒေသနာငြိမ့် ရွှေဗျာမိန့်၍ နှစ်သိမ့်ကြည်ဖြူ ဟောကြားတော်မူခဲ့လေ သတည်း။

သာဓု - သာဓု - သာဓု
"ပရိကံပြုကြပါသည်။"

http://www.dhammadownload.com



**လယ်တီဘာဒ္ဒန္တဓာဂရာဘိဝံသ (၄.၅.၂၀၀၇)**

ယနေ့ သာသနာတော်နှစ် ၂၅၅၁၊ ကောဇာသက္ကရာဇ် ၁၃၆၉ ခု၊ ကဆုန်လပြည့်ကျော် (၄)ရက်နေ့။

တတိယအကြိမ် လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်နေကြတဲ့ ဆရာတော် သံဃာတော် အရှင်မြတ်များနှင့် ဆရာလေးများ သင်တန်းသူ သင်တန်းသားများအားလုံး။

ယနေ့ (၄)ရက်မြောက်နေ့။ တပည့်တော်တို့ (၇)ရက် တရားစခန်းများမှာ (၄)ရက်လောက် သမာဓိယူပြီးတော့ အားထုတ်လိုက်တော့ ထိုက်တန်သလောက် သမာဓိရကြပြီ။

(၄)ရက် သမာဓိယူအားထုတ်ပြီးတော့ (၅)ရက်မြောက် (၅)ရက်၊ (၆)ရက်၊ (၇)ရက်၊ (၃)ရက်ကတော့ ဝိပဿနာ။

(၄)ရက် အားထုတ်ရင် ထိုက်တန်သလောက် သမာဓိရကြပြီ။ အဲလို သမာဓိရအောင် အားထုတ်နိုင်တဲ့သူဟာ "ဓမ္မဝိဟာရီ"။

တပည့်တော်များ အာနာပါနကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီးတော့ သင်ကြားတယ်ဆိုတဲ့နေရာမှာ အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းကို ယောဂီသူတော်စင်များအား သင်ကြားပေးခြင်းဟာ ပရိယတ်၊ အဲဒီ သင်ကြားထားတဲ့အတိုင်း လိုက်နာပြီးတော့ (၄)ရက်တိုင်တိုင် အားထုတ်ခြင်း။ (၅)ရက်မြောက်တဲ့နေ့က စတင်ပြီးတော့ ဝိပဿနာ တရား အားထုတ်ခြင်းဟာ ပဋိပတ်။

(၇)ရက်တရားစခန်း ကမ္မဋ္ဌာန်းဆရာပြုလုပ်ပြီး အာနာပါန ကမ္မဋ္ဌာန်း ပေးတော့မယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ အချက်အလက် ပြည့်ပြည့်စုံစုံ သိရှိအောင် သင်ကြားပေးနိုင်ဖို့ အရေးကြီးပါတယ်။

http://www.dhammadownload.com



အဲလို သင်ကြားပေးပြီးတော့ လက်တွေ့အားထုတ်တတ်ဖို့ မိမိတို့နယ်မြေဒေသ အသီးသီးရောက်တဲ့အခါမှာ (၇)ရက်တရားစခန်း များဖွင့်ကြတော့ (၁)ရက်၊ (၂)ရက်၊ (၃)ရက်၊ (၄)ရက်။

(၁)ရက်နေ့ ဘယ်လိုအားထုတ်ရမယ်။ (၂)ရက်နေ့ ဘယ်လို အားထုတ်ရမယ်။ (၃)ရက်နေ့ ဘယ်လိုအားထုတ်ရမယ်။ (၄)ရက်နေ့ ဘယ်လိုအားထုတ်ရမယ်ဆိုတာ (၄)ရက် သမထကမ္မဋ္ဌာန်း အားထုတ် နည်း ဘုရားတပည့်တော်များ လျှောက်ထားပြောကြားလာခဲ့တာဟာ ဒီနေ့ (၄)ရက်မြောက်တဲ့နေ့။

ယမန်နေ့က သင်ကြားခဲ့တဲ့ ဓမ္မဝိဟာရီ သုတ္တန်ကို ပြန်ကြည့် မယ်ဆိုရင်-

၁။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်

ပိဋကတ်သုံးပုံ သင်မှုနဲ့ပဲ တစ်နေကုန်နေတဲ့ပုဂ္ဂိုလ်၊

၂။ သဇ္ဈာယဗဟုလပုဂ္ဂိုလ်

သင်ကြားထားပြီးသားဖြစ်တဲ့ အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့ ပိဋကတ်(၃)ပုံကို အကျယ်တဝင့် သရဇ္ဈာယ်ပြီးတော့ တစ်နေ့တာ ကုန်ခန်းတဲ့ သဇ္ဈာယဗဟုလပုဂ္ဂိုလ်၊

၃။ ပညတ္တိဗဟုလပုဂ္ဂိုလ်

မိမိသင်ကြားထားပြီးသား ပိဋကတ်သုံးပုံ တရားတော်ကို သူတစ်ပါးတို့အား အကျယ်တဝင့် သင်ကြားပေးခြင်း၊ ဟောပြောပေး ခြင်းနဲ့ပဲ တစ်နေ့တာကုန်စေတဲ့ ပညတ္တိဗဟုပုဂ္ဂိုလ်၊

၄။ ဝိတက္ကဗဟုလပုဂ္ဂိုလ်

မိမိသင်ကြားထားတဲ့ ပိဋကတ်တော်များကို ကြံစည်တွေးတော မယ်၊ ဘယ်နားက မြတ်စွာဘုရား ဘယ်လိုဟောတယ်၊ ပြောတယ်။

http://www.dhammadownload.com



တစ်နေ့တာ ကာလပတ်လုံး ကြံစည်တွေးတောပြီး စိတ်ကထင်မြင်နေတဲ့ ပုဂ္ဂိုလ်က ဝိတက္ကဗဟုလပုဂ္ဂိုလ်၊

အဲဒီ ပုဂ္ဂိုလ် (၄)ပါးကတော့ စာဆိုစာပဲ၊ ပိဋကတ်တော်ပဲ။ မိမိအာရုံတစ်ခုခုမှာ ကပ်ငြိပြီးတော့ ကမ္မဋ္ဌာန်းတရား ပွားများနေတာလဲ မရှိဘူး။ သမထကမ္မဋ္ဌာန်း အားထုတ်တာလဲ မရှိဘူးဆိုရင် စောစောက ပြောတဲ့ နာမည်တော်အသီးအသီးနဲ့

- ပရိယတ္တိဗဟုလပုဂ္ဂိုလ်
- ပညတ္တိဗဟုလပုဂ္ဂိုလ်
- သဇ္ဈာယဗဟုလပုဂ္ဂိုလ်
- ဝိတက္ကဗဟုလပုဂ္ဂိုလ်

ဒီလိုတော့ ခေါ်နိုင်တယ်တဲ့။ မြတ်စွာဘုရားက "နောဓမ္မဝိဟာရီ" တရားမြင့်နေလေ့ရှိသူလို့တော့ မခေါ်နိုင်ဘူးတဲ့။

နောက်တစ်မျိုး တရားဖြင့် နေလေ့ရှိသူဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။ ပရိယတ် ပဋိပတ် (၂)မျိုး စွယ်စုံမှ အင်္ဂါ (၉)တန်နဲ့ ပြည့်လျှံတဲ့ ဘုရားစကားတော်တွေ သင်ယူဖို့က ရှေးဦးစွာပြုလုပ်ရမယ့်လုပ်ငန်း၊ "ပုဗ္ဗကာလကိရိယာ" ပြောပါတော့။

အရင်ပြုရမှာက ပရိယတ်စာပေသင် တပည့်တော်တို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်မယ်ဆိုရင် သင်မယ်၊ နာကြားမယ်၊ လမ်းမှန်မှန်သိပြီဆိုတဲ့အခါ အဲဒီပုဂ္ဂိုလ်က သမထကမ္မဋ္ဌာန်း အားထုတ် စိတ်တည်ကြည်တယ်။

**ဉတ္တရိစာဿ ပညာယ အတ္ထံ ပဇာနာတိ-** ပရိယတ်စာပေ၏ အနက်သစ္စာတရားကို လွန်စွာသိသူဖြစ်အောင် ကြိုးစားနိုင်မယ်ဆိုရင် ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဖြစ်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရား၏ တရားတော်တွေ စာတွေသင်ကြားပြီး-
- ပရိယတ္တိဗဟုလပုဂ္ဂိုလ်
- သဇ္ဈာယဗဟုလပုဂ္ဂိုလ်
- ပညတ္တိဗဟုလပုဂ္ဂိုလ်
- ဝိတက္ကဗဟုလပုဂ္ဂိုလ်

အဖြစ်နဲ့ ရပ်တန့်မနေပဲနဲ့-
- ကိုယ်တော်တစ်ပါးဟာ
- အမျိုးသားတစ်ဦးဟာ
- ဆရာလေး (သီလရှင်)တစ်ပါးဟာ
- အမျိုးသမီးတစ်ဦးဟာ

တရားတော်တွေကို နားလည်အောင် ကျကျနန သင်ယူပြီးတော့ "ဝိပဿနာပညာနဲ့ အဲဒီ ပရိယတ်တရား၏ အနက် သစ္စာတရားကို သိတယ်"။ "ဝိပဿနာပညာနဲ့ သစ္စာသိတယ်"။

ဝိပဿနာပညာ၊ မဂ်ပညာနဲ့ သစ္စာကိုသိအောင် အားထုတ်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်က "ဓမ္မဝိဟာရီ"လို့ ဒုတိယဓမ္မဝိဟာရီသုတ္တန်မှာ ဓမ္မဝိဟာရီ ဖြစ်ပုံ မြတ်စွာဘုရား စီစစ်ပြီးတော့ ဟောပါတယ်။

ပရိယတ္တိသင်ကြားပြီးတော့ ဝိပဿနာပညာ မဂ်ပညာဖြင့် သစ္စာကို ဝိပဿနာပညာနဲ့ ရုပ်နာမ်ဓမ္မတို့ရဲ့ အခြေအနေမှန်ကို ဝိပဿနာပညာဖြင့် ရုပ်ရဲ့အမှတ်တံဆိပ်၊ နာမ်ရဲ့အမှတ်တံဆိပ်၊

မြင်တော့မြင်ခဲတယ်။ တံဆိပ်တုကိုသာမြင်နိုင်ပြီး တံဆိပ်အစစ်ကို မြင်နိုင်ခဲတယ်။ ရုပ်တရားရဲ့ တံဆိပ်အစစ်က ဘာလဲ။ နာမ်တရားရဲ့ တံဆိပ်အစစ်က ဘာလဲ။ သူ့တံဆိပ်အမှန်ကို သိဖို့လိုပါတယ်။

http://www.dhammadownload.com



သူ့တံဆိပ်အမှန်ကို သိပြီ။ “အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်”ကို မြင်နိုင်ပြီဆိုရင် ဝိပဿနာဉာဏ်ပညာနဲ့ အဲဒီလို အမှတ်တံဆိပ်တွေကို ကျကျနန သိမြင်ပြီးတော့ နေမယ်ဆိုရင်တော့ “ဓမ္မဝိဟာရီ” တရားဖြင့်နေလေ့ရှိသူ မည်ပါတယ်။

မဂ်ပညာနဲ့ သစ္စာတရား သိပြီးနေနိုင်လျှင်တော့ အထူးပြောစရာမလိုပါဘူး။ အဲဒီ ဒေသနာတော်နှင့် ကိုက်ညီလိုက်ဖက်အောင် ဓမ္မဝိဟာရီ ဖြစ်အောင် ကြိုးစားနေကြတာပါပဲ။

တစ်ကြိမ်သင်တယ်။ နှစ်ကြိမ်သင်တယ်။ အကြိမ်ကြိမ်အားထုတ်တယ်။ ဒါလက်တွေ့။

အာနာပါနနဲ့ ပတ်သက်ပြီးတော့ ပရိယတ်ကို ကျွမ်းကျင်လိမ္မာတယ်ဆိုရင် အာနာပါနအားထုတ်တတ်တာပါပဲ။

သို့မဟုတ် သင်မယ်၊ သို့မဟုတ် နာကြားမယ်၊ သင်တာပဲဖြစ်စေ၊ နာကြားတာပဲ ဖြစ်စေ၊

ရှေးအခါက နာကြားမှုအားကောင်းပါတယ်။ ယခုအခါမှာတော့ စာအုပ်စာတမ်းတွေ အပြည့်အစုံရှိတာမို့ သင်ကြားမှုအပိုင်းမှာ ပိုလို့ကောင်းလာပါတယ်။

အဲဒီတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး အာနာပါနကမ္မဋ္ဌာန်းကို စာအုပ်အဖြစ်ရောက်အောင် ကြိုးစားတဲ့အခါ အင်မတန်ခက်ပါတယ်။ လွန်ခဲ့တဲ့ (၁၀၃) နှစ်က ဆိုတော့ ပိုပြီးခက်ပါတယ်။

ဆရာတော်ဘုရားကြီး ဟိုတုန်းက ပေးထားတဲ့ ဩဝါဒ၊

နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီးမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ဘယ်လိုဩဝါဒပေးသလဲဆိုတော့ “ရှေးအခါ

http://www.dhammadownload.com



တုန်းက သာသနာပြု ရဟန်းတော်များ အရပ်ဒေသအသီးအသီး ကြွတဲ့အခါမှာ တရားတော်လဲ ပါသွားတယ်။ ယခုအခါမှာ သာသနာပြု ပုဂ္ဂိုလ်သွားတဲ့အခါ တရားပါဖို့ခက်တယ်"တဲ့။

ဒါကြောင့် "ဘာသာအသီးအသီးနဲ့ ရိုက်နှိပ်ပြီးတော့ ဗုဒ္ဓဟောကြား တရားတော်များကို ဖြန့်ဝေမယ်ဆိုရင် သာသနာတော်ကြီး ပွင့်လင်းစည်ပင်နိုင်တယ်"လို့ ဆရာတော်ဘုရားကြီးက နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးမှာ မိန့်တော်မူပါတယ်။

ဟိုတုန်းကတော့ စာအုပ်တွေကလဲခက်၊ ဘာသာပြန်မည့် ပုဂ္ဂိုလ်တွေကလဲ ရှားပါးတော့ ဆရာတော်ဘုရားကြီးရဲ့ စာပေတွေပဲ ဖြစ်ဖြစ်၊ ဗုဒ္ဓဘုရားရဲ့ တရားတော်တွေပဲဖြစ်ဖြစ် ဘာသာအသီးအသီးနဲ့ သိဖို့ရာ ရှိဖို့ရာ အင်မတန်ခက်ပါတယ်။

ယခုအချိန်မှာ ထိုက်တန်သလောက် လွယ်ကူလာတယ်။ ဆရာတော်ဘုရားကြီးရဲ့ တပည့် အစဉ်အဆက်တွေကလဲ အင်္ဂလိပ် စကားတတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ထင်သလောက်တော့ မပေါက် သေးပါဘူး။ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာတွေ လေ့စားမှုတွေ များလာတယ်။

တပည့်တော်တို့ အာနာပါနဒီပနီ အပါအဝင် ကျမ်း(၁၂)ကျမ်း အင်္ဂလိပ်နဲ့ရိုက်ပြီး ရှိနေပါတယ်။

သက္ကရာဇ် ၂၀၀၀ တုန်းက မလေးရှားမှာ ရင်းနှီးတဲ့ပုဂ္ဂိုလ် တွေက ဒီစာအုပ်တွေ့ဖူးသလားဆိုပြီးတော့ လှူပါတယ်။

သက္ကရာဇ် ၂၀၀၀ ပြည့်မှာ အဲဒီတုန်းကတော့ (၁၀)ကျမ်း၊ ယခု (၁၂)ကျမ်း။ အဲဒီစာအုပ်ကို သက္ကရာဇ် ၂၀၀၀ ပြည့်မှာ စာအုပ် (၂၀၀၀) ရိုက်ပြီးတော့ ကမ္ဘာကိုဖြန့်ပါတယ်။

http://www.dhammadownload.com



အဲဒီနောက်နားမှာ သူတို့ရဲ့ဆောင်ရွက်ချက်ကလေးက အရေးကြီးတာလေး ပါလာတယ်။

**"ဤစာအုပ်ကို ရောင်းမစားရ၊ ရောင်းစားသော် တရားစွဲဆိုခံရမည်"** အဲဒါလေး ပါပါတယ်။

တပည့်တော်တို့ အမေရိက သွားမယ်ဆိုတော့ မလေးရှားသွားမှပဲ မလေးရှားက ဒီစာအုပ်တွေ သွားသယ်မှပဲဆိုပြီး သွားပြီးတော့ သယ်ပါတယ်။ တပည့်တော် ပစ္စည်းက ဒီစာအုပ်တွေပဲ ပါပါတယ်။

အမေရိကဘက် ဥပရောဘက် နည်းနည်းဆီဖြန့်ခဲ့တာ စာအုပ် (၅၀)လောက်ပေါ့။ ဒီနောက် ကမ္ဘာအေးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီး ကျင်းပတဲ့အခါ တပည့်တော်တို့က ဒီစာအုပ်မူရထားပြီဆိုတော့ ဥတ္တမပုရိသဒီပနီ၊ အာနာပါနဒီပနီ အဲဒီ (၂)ကျမ်းကို တိုးပြီးတော့ (၁၂)ကျမ်းတွဲ ကမ္ဘာ့ဗုဒ္ဓညီလာခံကြီးမှာ နိုင်ငံပေါင်း (၃၈)နိုင်ငံက လာရောက်ကြတဲ့ ဆွေးနွေးကြတဲ့ ကမ္ဘာ့ပညာရှင် (၁၀၀၀) ကျော်အား စာအုပ် (၂၀၀၀)ရိုက်ပြီး လှူဒါန်းပါတယ်။ ကျန်တာတွေကို ဖြေးဖြေးချင်းလှူနေတာပါပဲ။

ဒီနောက် ဘာတွေ့သလဲဆိုရင် "နိဗ္ဗာနဒီပနီ" နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့ အင်္ဂလိပ်နဲ့ဘာသာပြန်ထားတာ ရှိပါတယ်။ အဲဒါကတော့ သီးခြားရိုက်ပြီးတော့ ဖြန့်နေပါတယ်ဘုရား။

မကြာသေးခင်က ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ ကျင်းပတဲ့ နိုင်ငံတကာက ဗုဒ္ဓဘာသာ တက္ကသိုလ်ကောလိပ်တွေက ပညာရှင် (၇၀)လောက် လာရောက်ပြီး ပညာရေးနှီးနှောကြပါတယ်။

http://www.dhammadownload.com



အဲဒီ နှီးနှောပွဲမှာ မြန်မာနိုင်ငံက လက်ဆောင်အသီးအသီး ပေးကြပါတယ်ဘုရား။ တပည့်တော်တို့က ဒီကျမ်းကို စီဒီခွေ လုပ်လိုက်ပါတယ်။

လာရောက်ကြတဲ့ တက္ကသိုလ်ကောလိပ် အသီးအသီးက ပညာရှင်တွေ၊ ပါမောက္ခတွေ၊ ကထိကတွေ စီဒီတွေပဲ လှူပါတယ် ဘုရား။

ပထမလယ်တီဆရာတော် ဘုရားကြီးရဲ့ ကျမ်းစာ အင်္ဂလိပ်လို ပြန်ထားတာ (၁၃)အုပ် ရှိပါပြီ။

ပညာရေးဝန်ကြီးအား စာအုပ်ရိုက်ပြီး ဖြန့်မယ်ဆိုရင်လဲ ဘုန်းကြီးတို့ရဲ့ လယ်တီဆရာတော်များက ခွင့်ပြုမှာပါပဲ။ သို့မဟုတ် စီဒီခွေတွေ ဘုန်းကြီးလုပ်ထားတာ ရှိနေပါပြီ။ အဲဒါတွေကို အသုံးချ မယ်ဆိုရင် ဘုန်းကြီးလှူပါ့မယ်။

ဝန်ကြီးက "ဆရာတော် တပည့်တော်တို့ စရိတ်ခံပါ့မယ်။ ဆက်တာလုပ်ပါ"လို့ ပြောပါတယ်။

ဒါကြောင့်မို့ ဒီအာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းဟာ ဘာသာအသီးအသီးနဲ့ ရှိနေပါတယ်ဘုရား။ သို့သော်လဲ အားရ လောက်အောင်တော့ မဟုတ်သေးပါဘူး။

တပည့်တော်တို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ အာနာပါန ကမ္မဋ္ဌာန်း အားထုတ်နည်းကို အကျယ်ပြန့်ဆုံး ပထမဆုံး ဆောင်ရွက် နိုင်တဲ့ ပုဂ္ဂိုလ်က ဒကာကြီး ဦးဘခင်ပါ။

ဒီသမိုင်းကြောင်းလေး လျှောက်ထားပါရစေ။ ဘာကြောင့်လဲ ဆိုတော့ လွန်ခဲ့တဲ့နှစ်က လန်ဒန်မှာရှိတဲ့ ဦးဘခင်ရဲ့ တပည့်များ တည်ထောင်ထားတဲ့ ရိပ်သာကြီး ရောက်သွားပါတယ်။

http://www.dhammadownload.com



အဲဒီ ရိပ်သာရောက်သွားတဲ့အခါ အောင်မြေဘုံစံဆရာတော်ကြီး၊ ကန်ဦးဆရာတော်တို့ ဆရာတော်တွေ ငါးပါးပါဝင်ပါတယ်။

အဲဒီတော့ ဒကာကြီး ဦးဘခင်က အင်္ဂလိပ်စာတတ်ပါတယ်ဘုရား။ အင်္ဂလိပ်စာတတ်တော့ ဒကာကြီးက ကမ္ဘာလူထုသို့ တရားအားထုတ်နည်း ဖြန့်ချင်တယ်ဘုရား။

ဖြန့်ချင်တော့ ဩဝါဒခံတာက ဗဟန်း (၃)လမ်းက ကန်ဦးဆရာတော်စီ ဩဝါဒခံပါတယ်ဘုရား။ "ဆရာတော်ကြီးဘုရား တပည့်တော်ဗုဒ္ဓရဲ့ တရားအားထုတ်နည်းကို ကမ္ဘာဖြန့်ချင်တယ်ဘုရား။ တပည့်တော် အင်္ဂလိပ်စကားတတ်ပါတယ်။ တရားမတတ်ပါ။ ဆရာနည်းကျ မရရှိသေးပါ။ ဘယ်နည်းများ ဖြန့်ရပါ့မလဲ ဘုရား"လို့ လျှောက်ထားတော့ ကန်ဦးဆရာတော်ကြီး ဆုံးဖြတ်ချက်က အင်မတန်ကောင်းတယ်။

"မင်းကိုယ်တိုင် အားထုတ်ကြည့်ပေါ့ကွ၊ မင်းကိုယ်တိုင် အားထုတ်ကြည့်လို့ သဘောကျတဲ့နည်းကို ဖြန့်ပေါ့"လို့။

အဲဒီတော့ ဒကာကြီး ဦးဘခင်က ရိပ်သာအသီးအသီးကို သွားအားထုတ်ပါတယ်။ အဲလို အားထုတ်ရင်းနဲ့ နောက်ဆုံးကျတော့ အနန္တကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး၏ တပည့်ထံမှ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀)ကျော်က နည်းယူပြီး အားထုတ်လို့ တရားထူးရတယ်လို့ ပြောရလောက်အောင် အားထုတ်ခဲ့တဲ့ အနာဂါမ် ဆရာသက်ကြီးစီ ဒကာကြီး ဦးဘခင် သွားအားထုတ်ပါတယ်။

အားထုတ်တော့ ရိပ်သာတွေလဲ တော်တော်စုံပြီ။ တရားအားထုတ်နည်းတွေလဲ တော်တော်စုံပြီ။ တရားဌာနတွေလဲ စုံပြီ။ အဲဒီ အနာဂါမ်ဆရာသက်ကြီးထံမှာ လယ်တီနည်း အားထုတ်ရတာ

http://www.dhammadownload.com



သိပ်သဘောကျတာပဲတဲ့။

လက်တွေ့လဲ တရားအားထုတ်တဲ့အခါ တရားမြင်တယ်ဆိုပြီး ဒီနည်းတော့ ကမ္ဘာဖြန့်မှပဲလို့ ဆုံးဖြတ်ပြီး ပထမဗုဒ္ဓဘုရား၊ ဒုတိယ လယ်တီဆရာတော်ဘုရားကြီးကို ဦးထိပ်ထားကာ ဆရာကြီးဦးဘခင် က **"အမှန်တရား ထင်ရှားရှိသည်။ အမှန်တရား ပြန့်ပွားရမည်"** ဆိုတဲ့ မူချကာ ကမ္ဘာဖြန့်တယ်။

ဒကာကြီး ဦးဘခင်ရဲ့တပည့် ဦးဂိုအင်ကာရယ်၊ ဒကာကြီး ဦးချစ်တင်နဲ့ ဒကာမကြီး ဒေါ်မြသွင်တို့က ဥရောပ၊ အမေရိက စသည် အနှံ့ပေါ့လေ ဖြန့်နေကြပြီ။

အဲဒီလို ဖြန့်ကြတဲ့အခါ သိပ်ပြီးအောင်မြင်ပါတယ်ဘုရား။ နိုင်ငံပေါင်း (၁၅၀)ကျော်ထိအောင် ရောက်သွားပါတယ်။ အခု ဘာသာပေါင်း (၁၀၀)ကျော်နဲ့ ဒီအားထုတ်နည်းကို ပို့ချနေကြပါတယ်။

နိုင်ငံပေါင်း (၁၅၀)ကျော် ဘာသာပေါင်း (၁၀၀)ကျော် နိုင်ငံခြားမှာ ပြောမယ်ဆိုရင် ရိပ်သာပေါင်း (၁၈၀)ကျော် ရှိတယ် ဆိုတော့ ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာ ကမ္ဘာမှာအပြန့်နှံ့ဆုံး ဖြစ်နေပါပြီ ဘုရား။ ဂုဏ်ယူတော်မူကြပါ ဘုရား။

အဲဒီတော့ ဆရာမကြီး ဒေါ်မြသွင် တရားပြရာ လန်ဒန်နဲ့ မိုင်(၃၀)ဝေးတဲ့ ရိပ်သာမှာ တပည့်တော်တို့ တည်းခိုကြတယ်။

အမြဲတမ်း ယောဂီက (၂၀)လောက်ရှိတယ်။ ဂျာမန်တို့၊ အီတာလီတို့ လူမျိုးပေါင်းများစွာပါတယ်။ ယောဂီ (၂၀)လောက်ကတော့ နိုင်ငံပေါင်းစုံပါပဲဘုရား။

တစ်ခါတရံ ယခုလို တရားစခန်းဖွင့်တဲ့အခါ ယောဂီ (၇၀) ကျော်လောက် ရှိပါတယ်။ ဒကာကြီး ဦးဂိုအင်ကာရိပ်သာက

http://www.dhammadownload.com



ပိုများပါတယ်။

ဒကာကြီး ဦးဂိုအင်ကာစီမှာ ဆန်းကျယ်တာက ဗလီ (၄)ခုကို အုပ်ချုပ်နေတဲ့ ဗလီဆရာက ဝင်ရောက်အားထုတ်တယ်။

အဲဒါကို ကိုသက်ထွန်းက "တပည့်တော်နဲ့ အတူတူအားထုတ်တာ။ ဒီဗလီဆရာ ဗလီ (၄)ခု ပိုင်ဆိုင်တယ်"တဲ့။

လန်ဒန်မြို့အနီး ဗလီ (၄)ခုကို အုပ်ချုပ်တဲ့ ဗလီဆရာက တပည့်တော်နဲ့ အတူတူတရားအားထုတ်တာ။

သူက တပည့်တော်တို့ကို လိုက်ပို့တယ်။ ဘုရင်မနန်းတော် စသည်တို့ကို လိုက်ပြရင်းနဲ့ ပြောတယ်။

အဲဒီတော့ သူလဲ တရားအားထုတ်တယ်။ တပည့်တော်တို့ရဲ့ ဗုဒ္ဓနည်းကျ လယ်တီဆရာတော်ဘုရားကြီးရဲ့ မြန်မာပြည်က ဗုဒ္ဓရဲ့ တရားအားထုတ်နည်းတွေ ယူပြီးတော့ တရားပြကြတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ တရားအားထုတ်နည်းဟာ ကမ္ဘာမှာ အပြန့်နှံ့ဆုံးပါပဲဘုရား။

ဒါလဲ ဂုဏ်ယူစရာတစ်ခုပါပဲ။ အဲဒီတော့ ဘာသာပေါင်း (၁၀၀)ကျော်နဲ့ဆိုတော့ ဒီစကားက တော်တော်အရေးကြီးပါတယ်ဘုရား။ စကားလဲတတ်၊ တရားလဲတတ်ဖို့ လိုပါတယ်ဘုရား။

တပည့်တော်များ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာ ပြုတက္ကသိုလ်မှာ နိုင်ငံပေါင်း (၁၃)နိုင်ငံ တက္ကသိုလ်ကောလိပ်ပေါင်း (၂၀)ခုက ပညာရှင်တွေ လာရောက်ဆွေးနွေးကြမယ်ဆိုတော့ ပဏာမ အနေနဲ့ အစည်းအဝေးပွဲ သာသနာရေးဝန်ကြီးဌာနက ဩဝါဒပေးဖို့ တပည့်တော်ကို ပင့်ပါတယ်။

http://www.dhammadownload.com



ပင့်တဲ့အခါမှာ တပည့်တော်ရဲ့စကားက တရားတွေကတော့ အားလုံးရှိနေပြီ။ တက္ကသိုလ်ကောလိပ်အသီးအသီးက ဆရာတော်များက တရားလဲတတ်၊ စကားလဲတတ်တော့ ပိုပြီးတော့ လာမည့်ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးရတာ ကောင်းပါတယ်။ ဒါကြောင့် တရားလဲတတ်၊ စကားလဲတတ်တဲ့ ပုဂ္ဂိုလ်များ ကြိုးစားပြီးတော့ နှီးနှောတော်မူကြပါ။ ဆွေးနွေးတော်မူကြပါလို့ ဩဝါဒ တပည့်တော်ပေးခဲ့ဖူးတယ်။

အခုလျှောက်ထားတဲ့ စကားတွေဟာ ကမ္ဘာမှာ "ဓမ္မဝိဟာရီ" ပုဂ္ဂိုလ်တွေ တော်တော်တော့များတယ်။

ဝိပဿနာအထွတ်အထိပ် မရောက်သော်လဲ သမထကမ္မဋ္ဌာန်းကို ကြိုးစားမင်းစား အားထုတ်တဲ့ပုဂ္ဂိုလ်တွေ တော်တော်များများ ရှိပါတယ်။ ဘာသာပေါင်းစုံက ပုဂ္ဂိုလ်တွေ ဒီအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်နေကြပါပြီ ဘုရား။

**စင်္ကာပူ**

စင်္ကာပူနိုင်ငံ ရောက်တဲ့အခါ ဒကာလေးတစ်ယောက်က မေးခွန်းထုတ်တယ်။ **"မြတ်စွာဘုရားရဲ့ မဟာသတိပဋ္ဌာန်သည် လူသားတို့အား ဘယ်လိုအကျိုးပြုနိုင်ပါသလဲ"**လို့မေးတယ်။

တပည့်တော်က **"မြတ်စွာဘုရားရဲ့ မဟာသတိပဋ္ဌာန်သည် လူသားတို့အား အကျိုးများစွာ ပြုနိုင်ပါတယ်။ လူသားတို့သာမက နတ်တွေ, ဗြဟ္မာတွေ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့အား အကျိုးပြုတဲ့ မဟာသတိပဋ္ဌာန်တရားတော်ပါပဲ"** အစချီပြီးတော့ မဟာသတိကြွေးကြော်သံ (၇)ရပ် အကျိုးတရားကို ထုတ်ပြလိုက်ပါတယ်။ အကျဉ်းချုပ်ပြောလိုက်တာ ကြေညာချက် (၇)ရပ်ထဲက သောက

http://www.dhammadownload.com



ကင်းဝေးနေနိုင်ရန် ကြေညာချက်မှာတင် သူကသိပ်သဘောကျနေတယ်။

"ကြည့် ခင်ဗျားတို့နိုင်ငံပဲကြည့်ကြည့်၊ အခြားနိုင်ငံတွေမှာပဲကြည့်ကြည့် လူတွေဟာ စိုးရိမ်မနေကြဘူးလား။ ပူဆွေးမနေကြဘူးလား။ ဆွေမျိုးတွေ ပျက်စီးလို့ မကြာသေးခင်ကမှ ဘုန်းကြီးတို့အနားမှာ သူဌေးတစ်ယောက် ကွယ်လွန်တယ်။ သူ့သားတွေ သမီးတွေ ဘယ်လိုနေတုန်း။ မရှင်မပျ မစိုးရိမ်ကြဘူးလား။ စိုးရိမ်တယ်။ အဲဒီစိုးရိမ်မှုတွေ မဟာသတိပဋ္ဌာန်က ဖယ်ရှားပေးတယ်။

အဲဒါတစ်ခုနဲ့ကို တန်ဖိုးကြီးလှပါပြီ။ ကမ္ဘာ့လူထုကြီး မရနိုင်တဲ့ သောကကင်းဝေးနေနိုင်ရေး အခွင့်အလမ်းကြီးပါပဲ။ ဒီမဟာသတိပဋ္ဌာန်ဟာ ဥပဒ္ဒဝေါ (၄)မျိုးကို ဖယ်ရှားပေးနိုင်တယ်။

၁။ သောက = စိုးရိမ်ပူဆွေး စိတ်မအေးမှု
၂။ ပရိဒေဝ = ငိုကြွေးမှု
၃။ ဒုက္ခ = ကိုယ်စိတ်ဆင်းရဲမှု
၄။ ဒေါမနဿ = စိတ်မသက်သာ နှလုံးနာမှု

အဲဒီ (၄)ပါးကို ဥပဒ္ဒဝေါ (၄)ပါးလို့ အဋ္ဌကထာဆရာများက ဖွင့်ပါတယ်။ ကပ်၍ကြိတ်ညှပ် နှိပ်စက်တတ်တဲ့ ဒီဘေးရန်ကြီး (၄)မျိုးကို ကာကွယ်နိုင်တယ်။ ပျောက်ပျက်စေနိုင်တယ်။ ငြိမ်းစေနိုင်တယ်။

စိတ်စင်ကြယ်ခြင်း၊ အရိယာမဂ်ရခြင်း၊ အငြိမ်းဓာတ်နိဗ္ဗာန်ရခြင်း ဆိုတဲ့ အခွင့်အလမ်းကြီး (၃)ရပ်ကိုလဲ ပေးစွမ်းနိုင်တယ်"လို့ တပည့်တော်အကျဉ်းချုပ်ဟောတဲ့အခါမှာ "အော် ဘုရား မဟာသတိပဋ္ဌာန်ဟာ လူသားတွေအတွက် အတော်ကျေးဇူးများတာကိုး"တဲ့။

http://www.dhammadownload.com



အကျိုးပြုပုံက ဒီအခွင့်အလမ်း ကြီးကို ကမ္ဘာ့ပညာရှင်တွေက မပေးနိုင်ဘူး။ ဒီအခွင့်အလမ်းကြီးများရအောင် ကမ္ဘာ့ပညာရှင်တွေက မညွှန်ပြနိုင်ဘူး။ မြတ်ဗုဒ္ဓက ဒါကိုပြညွှန်းခဲ့တာ ဆိုတော့ အတော် သဘောကျတယ်။ "တပည့်တော်တို့ အင်တာနက်က ထုတ်လွှင့်ပါ မယ်ဘုရားတဲ့။ အခု ဆရာတော်ဟောထားတာတွေ အင်တာနက်က နေ ထုတ်လွှင့်ပါမယ်"တဲ့။

အဲဒီတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံက ပါသွားတဲ့ဆရာဝန် တစ်ယောက်က ဘာပြောသလဲဆိုတော့ "ဆရာတော် ဒါအင်တာနက် က လွှင့်လို့ ဘယ်ဖြစ်မတုန်းတဲ့။ ဘာသာပြန်တဲ့ ပုဂ္ဂိုလ်က မှန်လား၊ မမှန်လားမှ မသိတာ"။

ဘာသာပြန်တာ မှန်မှ နာကြားဖတ်ရှုရသူက သဘောပေါက် နိုင်ပါတယ်။ ပြန့်ပွားဖို့အရေးကြီးပါတယ်။ တပည့်တော်တို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓပါဠိတော် ဗုဒ္ဓ ရွှေပေလွှာကို ကျကျနန ဘာသာပြန်ပြီးတော့ နည်းပေးလမ်းပြ ဖတ်ပြလုပ်တော်မူခဲ့တယ်။ ဆောင်ရွက်တော်မူခဲ့တယ်။

အဲဒီလို ဆောင်ရွက်တော်မူတဲ့ နည်းနာနိဿယကို အခု ဆရာတော်အရှင်မြတ်များက အဓိကအားဖြင့် ပြည်တွင်းမှာ တရားပြဖို့ ဆောင်ရွက်ကြမှာပါ။

ပြည်တွင်းကလဲ အရေးကြီးပါတယ်ဘုရား။ ပြည်တွင်းမှာ တရားလဲတတ်ပြီး စကားလဲတတ်ရင် အဆင်ပြေပါတယ်။

ဘာကြောင့်လဲဆိုရင် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ သာသနာပြုသမိုင်းပြန်ကြည့်ရင် ခေတ်မကောင်းလို့ တောင်တန်းတွေပေါ် မတက်နိုင်ခဲ့ပါဘူး။

http://www.dhammadownload.com



ဘာကြောင့်လဲဆိုတော့ ခေတ်ကာလကလဲ တကယ့်ကို တိုင်းပြည်ပျက်တဲ့အချိန် ဆရာတော်ဘုရားကြီး လယ်တီစာသင်တိုက် တည်တာ တကယ့်ကို တိုင်းပြည်ပျက်တဲ့အချိန်ပဲ။ ရတနာပုံနေပြည်တော်မှာ ကျောင်းလဲမီးလောင် ဆရာတော်ကလဲ ပျံတော်မူခဲ့တယ်။

အဲဒီအခါမှာ မုံရွာဘက်ပြန်လာ၊ ဘယ်ကျောင်းမှ အပိုင်ရှိတာ မဟုတ်ဘူး။ ဟိုကျောင်းဝင်စာချ၊ ဒီကျောင်းဝင်တရားသင်တာပဲ။

ဆရာတော်ကတော့ ငယ်ငယ်တည်းက တရားပဲ။ လယ်တီတောထွက်တော့ လာတဲ့ကိုယ်တော်တွေကိုလဲ စာသင်တယ်။ လာတဲ့လူတွေကို အဘိဓမ္မာသင်တယ်။

ဆရာတော်ဘုရားကြီး ဘာသာပြန်ထားတဲ့ ရွှေပေလွှာဟာ ရွှေပေလွှာမူရင်းကတော့ ဗုဒ္ဓရွှေပေလွှာပါပဲ။

တပည့်တော်တို့ တစ်နေ့က လျှောက်ထားခဲ့သလိုပဲ။ ဘာသာပြန်မှန်ဖို့ကတော့ လိုပါတယ်။ ဘာသာပြန်မှန်ဖို့ကတော့ သိပ်အရေးကြီးပါတယ်ဘုရား။

ဒီအာနာပါနကမ္မဋ္ဌာန်း အားထုတ်တဲ့နေရာမှာ ပထမစတုက္က၊ ပထမ (၄)နည်းထဲမှာ။

**စာမျက်နှာ (၁၇)**

**(၄) စတုတ္ထခန်း**

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ဒါကမူရင်း။ ဗုဒ္ဓရဲ့ ရွှေပေလွှာကြီးပါဘုရား။ အဲဒါကို စာမျက်နှာ (၁၈)၊ နံပါတ် (၄)အောက်ဆုံးအပိုင်းမှာ-

http://www.dhammadownload.com



၄။ ကာယသင်္ခါရံ= ထွက်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ- ပဿမ္ဘယန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျှက်၊ အဿသိဿာမိ= ထွက်သက်ကို လွှတ်ပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

ကာယသင်္ခါရံ= ဝင်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ- ပဿမ္ဘယန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျှက်၊ ပဿသိဿာမိ= ဝင်သက်ကို ရှူပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

ဆရာတော်ဘုရားကြီးက ဗုဒ္ဓရွှေပေလွှာကို တိုက်ရိုက်ဘာသာပြန်တယ်။

အဲဒီတော့ နံပါတ် (၁၉)၊

၄။ **စတုတ္ထခန်းမှာ-**

ရှုန့်ရင်းသော ထွက်သက်၊ ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍ သွားအောင်အားထုတ်ရသည်။

ဆရာတော်ဘုရားများ သိတော်မူတဲ့အတိုင်း-

**သတိမြဲရာ ပထမာ၊ ဒုမှာ ရှည်တိုသိ**

သတိမြဲရာ ပထမာ-မှာ စပြီးအားထုတ်ခါစမို့ အလွယ်ဆုံးက အခက်ဆုံးဖြစ်တတ်ပါတယ်ဘုရား။

ဒုမှာရှည်တိုသိ-ဆိုတာ အရှည်အတို အနှေးအမြန်သိအောင် အားထုတ်သွားရတယ်။ နည်းနည်းလေး ခက်လာပါတယ်။

**လုံးစုံလင်းရာ တ,၌သာ**

အစခရီးစဉ်၊ အလယ်ခရီးစဉ်၊ အဆုံးခရီးစဉ်။

http://www.dhammadownload.com



ထွက်လေဝင်လေတို့ရဲ့ အစအလယ်အဆုံး သုံးပါးလုံး သိအောင် အားထုတ်မှုဟာတော့ဖြင့် အချို့ဆရာတော်များက ပြောတယ်။ ဒီနေ့ဟာတော့ဖြင့် ခက်ပြီ။

မခက်ပဲနေပါ့မလား ဆရာတော်တို့ ဒါကြောင့် အဋ္ဌကထာ ဆရာတော်က "ကိလမတိ"၂ တဲ့။

အစသာမြင် အလယ်အဆုံးမမြင်နိုင်ဘူး။ "ကိလမတိ" ပင်ပန်း၏လို့ ဝိသုဒ္ဓိမဂ်ဆရာတော်ကြီးက မိန့်တာ။

ဒါကြောင့် ယမန်နေ့က အားထုတ်ရတာ ဒီ(၄)ရက်ထဲမှာ အပင်ပန်းဆုံးဖြစ်မှာ။ အဲဒီလို ပင်ပန်းအောင် အားထုတ်ပြီးတော့မှ -

**စမှာ ငြိမ်းစေဘိ။**

စတုတ္ထနေ့ကျတော့ သက်သက်သာသာပါဘုရား။

**(၄) စတုတ္ထခန်းမှာ-**

ရုန့်ရင်းသော ထွက်သက်ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းအောင် အားထုတ်ရမည်။

အားထုတ်တာ အရှိန်(၃)ရက် အားထုတ်ထားပြီဆိုတော့ ကိုယ်ရောစိတ်ရော ငြိမ်းချမ်းပါတယ်ဘုရား။ ထိုက်တန်သလောက် ကိုယ်စိတ်ငြိမ်းချမ်းမှတော့ ထွက်လေဝင်လေလဲ ငြိမ်းချမ်းမှုလေး အပေါ်မှာမှီပြီး ဖြစ်နေတာဆိုတော့ ကိုယ်ရဲ့ငြိမ်းချမ်းမှု စိတ်ရဲ့ငြိမ်းချမ်းမှု။

ဟိုဘက် စေတီတော်များ တည်ရှိရာ ဘုရားဝင်းကနေပြီးတော့ သို့မဟုတ် ရေချိုးကန်ကနေပြီး ကျောင်းသို့ပြန်တက်လာတဲ့အခါ အရှင်ဘုရားများရဲ့ ရှူတာရှိုက်တာဟာ ကိုယ်ကလဲပင်ပန်း၊

ကိုယ်ပင်ပန်းတဲ့အခါကျတော့ အလိုအလျှောက် အသက်ရှူ တာတွေ မမှန်တော့ဘူး။ ကျောင်းပေါ်ရောက်တဲ့အခါ အသက်ရှူတာ လေးက မှန်ပြီး သွားပါလိမ့်မယ်။ အဲဒီလိုပါပဲ။

http://www.dhammadownload.com



စာမျက်နှာ (၂၀)

၄။ **စတုတ္ထခန်းမှာ-**

ထိုသို့ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီး နောက် ရှုန့်ရင်းစွာသော ထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။ ငါ၌ ထွက်သက် ဝင်သက် ပျောက်၍သွားပြီဟု ထင်ရလောက်အောင် အားထုတ် ရပါတယ်။

တပည့်တော်တို့ အချိန်မရလို့ ယမန်နေ့က တစ်ရက်ထဲ အားထုတ်ကြတာ။ အစ-အလယ်-အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်အောင်ဆိုရင် (၇)ရက်တရားစခန်း မဟုတ်ပဲ မိမိတို့အတွက် အားထုတ်ကြတာပါဆိုရင် အချိန်ယူအားထုတ်ရပါမယ်ဘုရား။

ထွက်သက်ဝင်သက်တို့ အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရမည်။

**စိတ်ရဲ့ကရွတ်ခွေ**

စိတ်ဟာ ငြိမ်သွားပြီဆိုရင် ငြိမ်းတော့တာပါပဲ။ မငြိမ်ရင်တော့ မငြိမ်းနိုင်ပါဘူးဘုရား။

အဲဒီတော့ “စိတ်ရဲ့ကရွတ်ခွေ”လို့ စကားသုံးတော်မူတာ မြတ်စွာဘုရားရဲ့ စကားတော်ဟာ အင်မတန်ကြည်ညိုဖို့ ကောင်းပါ တယ်ဘုရား။

“ရဟန်းတို့ စိတ်ရဲ့ကရွတ်ခွေ ရှိတယ်”တဲ့။

တပည့်တော်တို့ ဒီကရွတ်ခွေပေါ်မှာ တည်နေတာမှာပါ ဘုရား။ ရေအိုး (၂)လုံးရှိတယ်တဲ့။ တစ်လုံးက ကရွတ်ခွေမပါဘူးတဲ့။

http://www.dhammadownload.com



ကရွတ်ခွေ မပါတဲ့အိုးကတော့ လှုပ်မှာပါဘုရား။

ဟောဟိုနားမှာ ရေအိုးလေးတွေ တင်ထားတယ်။ ကရွတ်ခွေ လေးတွေနဲ့ ငြိမ်နေတယ်။

ရဟန်းတို့ အိုး(၂)လုံးရှိတယ်။ ကရွတ်ခွေမပါတဲ့အိုးနဲ့ ကရွတ်ခွေပါတဲ့အိုး။ ကရွတ်ခွေပါတဲ့အိုးက ငြိမ်တယ်။ ကရွတ်ခွေ မပါတဲ့အိုးက မငြိမ်ဘူး၊ လှုပ်တယ်။

အဲဒီလိုပဲ စိတ်ရဲ့ ကရွတ်ခွေကရှိတော့ စိတ်တည်ငြိမ်တယ်။ **"ကောစ ဘိက္ခဝေ စိတ္တဿ အာဓာရော"** ရဟန်းတို့ စိတ်ရဲ့ကရွတ်ခွေ ဆိုတာ ဘာလဲ။ အဖြေက မဂ္ဂင် (၈)ပါးပါပဲ။

အရှင်ဘုရားတို့ အားထုတ်နေတဲ့ မဂ္ဂင် (၈)ပါးဟာ စိတ်ရဲ့ ကရွတ်ခွေပါပဲ။

ရေအိုးကို ကရွတ်ခွေပေါ်မှာထား ငြိမ်သလို စိတ်ငြိမ်ဖို့ဆိုတာ ကရွတ်ခွေရှိပါတယ်ဘုရား။ မဂ္ဂင် (၈)ပါးကို ဖြိုဖြန့်ပြီးပြောဖို့တော့ အချိန်မရှိပါဘူးဘုရား။

အခုအားထုတ်နေတဲ့လမ်းစဉ်ဟာ မဂ္ဂင် (၈)ပါး လမ်းစဉ်ပါပဲ ဘုရား။ "ငါ၏ ထွက်သက်ဝင်သက် ပျောက်၍သွားပြီဟု ဆိုရအောင် အားထုတ်ရမည်"။

ယနေ့ အားထုတ်ရမည့်အချက်က သက်သာပါတယ်ဘုရား။ ဒါပေမယ့် အားထုတ်မှုကတော့ စူးစိုက်ပြီး အားထုတ်ရမှာ ဖြစ်ပါတယ် ဘုရား။

အဲဒီတော့ ကိုယ်စိတ်ငြိမ်းချမ်းမှ ကိုယ်စိတ်ချမ်းသာမယ်။ ချမ်းသာမှ သမာဓိရပါတယ်ဘုရား။ **"ပဿဒ္ဓိသုခတ္ထာယ၊ သုခံသမာဓတ္ထာယ၊ သမာဓိယထာဘူတ ဉာဏတ္ထာယ"**။ ကိုယ်စိတ်ငြိမ်းချမ်း

http://www.dhammadownload.com



မှုဟာ ကိုယ်စိတ်ချမ်းသာဖို့ ဖြစ်ပါတယ်။ ကိုယ်စိတ်ချမ်းသာမှုဟာ သမာဓိရဖို့ ဖြစ်ပါ တယ်။ သမာဓိဟာ ရုပ်နာမ်ကို ဟုတ်တိုင်းမှန်စွာ သိတတ်တဲ့ ယထာဘူတဉာဏ် ရဖို့ ဖြစ်ပါတယ်။

(၄)ရက်တိုင်တိုင် အားထုတ်ခဲ့တဲ့ အားထုတ်နေတဲ့ သမထ ကမ္မဋ္ဌာန်းဟာ သမာဓိရဖို့ ဖြစ်ပါတယ်။ သမာဓိရပြီဆိုရင် အမြင်မှန် ဝိပဿနာဉာဏ်ပညာ ဖြစ်နိုင်ပါတယ်။

ပထမဆုံး ယထာဘူတဉာဏ်ရဖို့ ဖြစ်ပါတယ်ဘုရား။ ဒီတော့ ဒီနေ့ (၄)ရက်မြောက်နေ့မှာ အားထုတ်ရတာ ရိုးရိုးလေးပါပဲ။

ရိုးရိုးလေး အားထုတ်နေရင်း၊ အားထုတ်နေရင်း တဖြေးဖြေး ငြိမ်သွားပါလိမ့်မယ်ဘုရား။ ငြိမ်သွားရင် ငြိမ်းနိုင်ပါတယ်ဘုရား။

**စာမျက်နှာ-၃၃**

**"ဤပထမစတုက္ကသည် လိုရင်းပဓာနတည်း"**

ဒီမှာတမ်းကလေးက အရေးကြီးပါတယ်ဘုရား။ ပါဠိ အဋ္ဌကထာနည်းတွေနဲ့ နှီးနှောထားပါတယ် ဘုရား။

အရှင်ဘုရားတို့ (၇)ရက် တရားစခန်းမှာ ဒကာ၊ ဒကာမတွေ နှီးနှောမပြပါနဲ့တော့ဘုရား။ နှီးနှောပြလိုက်ရင် ရှုပ်သွားမယ်ဘုရား။

ပညာရှင်တွေရဲ့လုပ်ငန်းကတော့ နှီးနှောမှုတွေ လုပ်ကြရမှာပါ ဘုရား။ တရားအားထုတ်တဲ့အခါမှာတော့ ပညာရှင်တွေပဲဖြစ်ဖြစ်၊ ပညာရှင်မဟုတ်သူတွေပဲဖြစ်ဖြစ် တရားအားထုတ်တတ်ဖို့က အဓိက ဖြစ်တော့ ဆရာတော်ဘုရားကြီးက ဤပထမစတုက္ကသည် လိုရင်း ပဓာနတည်းတဲ့။ ယခုအခါ ဤပထမစတုက္က အလုပ်ပြီးစီးလျှင်ပင် သမထ ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။ ဆရာတော်ဘုရားကြီး က တပည့်တော်တို့ ပါဠိအဋ္ဌကထာ ဋီကာမှာ မပါတဲ့စကားတွေ

http://www.dhammadownload.com



မိန့်ထားပါတယ်ဘုရား။

ဒီစကားတွေကို ဆရာတော်ဘုရားကြီးက ရဲရဲရင့်ရင့် မိန့်ကြားထားတာဟာ အင်မတန်ထူးခြားပါတယ်ဘုရား။

**"ဤပထမစတုက္က အလုပ်ပြီးစီးလျှင်ပင် သမထဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ"**

မနက်ဖြန် မနက်ပိုင်းမှာ ဝိပဿနာကူးပါမယ်။ (၄)ရက် သမာဓိ ထူထောင်ပါတယ်။ အဲဒီတော့ ဒီစကားလေးအရ တပည့်တော်တို့ ငြင်ငြင်သာသာလေး မိမိတို့အားထုတ်နေကျအတိုင်း သတိမြဲမြဲစွဲစွဲ သက်သက်သာသာလေးနဲ့ ပြန်လည်ပြီးအားထုတ်ဖို့ရာ စတုတ္ထနေ့ရဲ့ သင်ခန်းစာ အရေးအကြီးဆုံးအချက်ပါပဲဘုရား။

(၄)ရက်မြောက်အားထုတ်ပြီးတဲ့အခါ စောစောကဆရာတော် ဘုရားကြီး အမှာစကား။ စတုက္ကက (၄)ခုရှိပါတယ်ဘုရား။

- ပထမစတုက္က၊
- ဒုတိယစတုက္က၊
- တတိယစတုက္က၊
- စတုတ္ထစတုက္က၊

အဲဒီ စတုက္ကတွေမှာ အခြင်းအရာအားဖြင့် "ဒွတ္တိံသာကာရ" ဆိုတဲ့အတိုင်း အချင်းအရာ (၃၂)မျိုး ရှိပါတယ်ဘုရား။

အခု တပည့်တော်တို့က ပထမစတုက္က အခြင်းအရာအားဖြင့် (၈)မျိုးကို သင်ကြားခဲ့တာ ဖြစ်ပါတယ်ဘုရား။

လယ်တီကမ္မဋ္ဌာန်းကျမ်းကြီးမှ အာနာပါနသတိ ပွားများပုံကို ကြားညှပ်ဆက်လျှောက်ပါမည် ဘုရား။

http://www.dhammadownload.com



**အာနာပါနသတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ**

အာနာပါနသတိ ဟူသည်ကား- ထွက်သက် ဝင်သက်လေကို အာရုံပြု၍ဖြစ်သော သတိကိုခေါ်သည်။ ထိုအာနာပါနသတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ကို သန့်သန့်ခိုင်ခိုင်ထား၍ ထွက်သက်ဝင်သက်လေကို မနှေး, မမြန်, မပျော့, မပြင်း မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက်၌ စိတ်ထားလျက် ထွက်လေ ဝင်လေကို သတိချပ်လျက် သိမှတ်အပ်၏။ ထွက်လျှင်ထွက်မှန်း၊ ဝင်လျှင် ဝင်မှန်း သိအောင်ပြုရမည်။ အမှုမဲ့အမှတ်မဲ့ သတိမလစ်စေရ။ သတိသညာဖြင့် သိလိုက်၊ မှတ်မိလိုက်၍သာလျှင် ထွက်စေအပ်၏၊ ဝင်စေအပ်၏။

**ပဌမကဏ္ဍ–ပထမခန်း**

၁။ သော သတောဝ အဿသတိ သတောဝ ပဿသတိ။

**ဒုတိယကဏ္ဍ–ဒုတိယခန်း**

၂။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ၊

**တတိယကဏ္ဍ–တတိယခန်း**

၃။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

http://www.dhammadownload.com



စတုတ္ထကဏ္ဍ–စတုတ္ထခန်း

၄။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
(ဥပရိပဏ္ဏာသ ပါဠိတော်)

၁။ သော= ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ သတော၀= မလစ်စေမူ သတိပြု၍သာလျှင်၊ အဿာသတိ= ထွက်သက်လွှတ်၏။ သတော၀= မလစ်စေမူ သတိပြု၍သာလျှင်၊ ပဿာသတိ= ဝင်သက်ရှူ၏။

၂။ ဒီဃံ ဝါ= ရှည်စွာမူလည်း၊ အဿသန္တော= ထွက်သက်လွှတ်သည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ အဿသာမီတိ= ထွက်သက် ငါလွှတ်၏ ဟူ၍၊ ပဇာနာတိ= သိ၏။ ဒီဃံ ဝါ= ရှည်စွာမူလည်း၊ ပဿသန္တော= ဝင်သက်ရှူသည်ရှိသော်၊ ဒီဃံ= ရှည်စွာ၊ ပဿသာမီတိ= ဝင်သက် ငါရှူ၏ဟူ၍၊ ပဇာနာတိ= သိ၏။ ရဿံ ဝါ= တိုစွာမူလည်း၊ အဿသန္တော= ထွက်သက်လွှတ်သည်ရှိသော်၊ ရဿံ= တိုစွာ၊ အဿသာမီတိ= ထွက်သက် ငါလွှတ်၏ ဟူ၍၊ ပဇာနာတိ= သိ၏။ ရဿံ ဝါ= တိုစွာမူလည်း၊ ပဿသန္တော= ဝင်သက်ရှူသည်ရှိသော်၊ ရဿံ= တိုစွာ၊ ပဿသာမီတိ= ဝင်သက် ငါရှူ၏ဟူ၍၊ ပဇာနာတိ= သိ၏။

၃။ သဗ္ဗကာယပဋိသံဝေဒီ= ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံးထင်လင်းသည်၊ ဟုတ္တာ= ဖြစ်၍၊ အဿသိဿာမိ= ထွက်သက်လွှတ်ပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။ သဗ္ဗကာယ ပဋိသံဝေဒီ= ဝင်သက်၏ အစ, အလယ်,

http://www.dhammadownload.com



အဆုံး အကုန်လုံးထင်လင်းသည်၊ ဟုတွား ဖြစ်၍၊ ပဿသိဿာမိ= ဝင်သက်ရှုပေအံ့။ ဣတိ= ဤသို့ သိက္ခတိ= အားထုတ်၏။

၄။ ကာယသင်္ခါရံ= ထွက်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ အဿသိဿာမိ= ထွက်သက်လွှတ်ပေအံ့။ ဣတိ= ဤသို့ သိက္ခတိ= အားထုတ်၏။ ကာယသင်္ခါရံ= ဝင်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ ပဿမ္ဘယန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ= ဝင်သက်ရှုပေအံ့။ ဣတိ= ဤသို့ သိက္ခတိ= အားထုတ်၏။

ဆောင်ပုဒ်သံခိပ်။ ။ (က) သတိမြဲရာ၊ ပထမာ၊ ဒု-မှာ ရှည်တိုသိ။
( ခ) လုံးစုံလင်းရာ၊ တ-၌သာ၊ စ-မှာငြိမ်းစေဘိ။

၁။ ပထမခန်းမှာ ထွက်သက် ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

၂။ ဒုတိယခန်းမှာ ထွက်သက် ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်ဟု တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

၃။ တတိယခန်းမှာ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

၄။ စတုတ္ထခန်းမှာ ရုန့်ရင်းသော ထွက်သက် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

(ဤကား ပထမ စတုက္က အဓိပ္ပါယ်အကျဉ်းတည်း။)

http://www.dhammadownload.com



**ပထမခန်း**

၁။ ပထမခန်းမှာ အရှည်အတို စသည်တို့ကို နှလုံးမသွင်းနိုင်သေး၊ နှာသီးဖျားဥ်သော်လည်းကောင်း၊ အထက်နှုတ်ခမ်းဖျားဥ်သော်လည်းကောင်း ထွက်သက်ဝင်သက်တို့၏ ထိမှု ခိုက်မှု ထင်ရှားရာ တစ်ခုခုသောဌာန၌ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထွက်တိုင်း ဝင်တိုင်းသိအောင် အားထုတ်ရသည်။ (၁)နာရီ၊ (၂)နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်၍ထားဘိသကဲ့သို့ ခိုင်မြဲစွာ နေ၍ ထွက်သမျှ ဝင်သမျှကို (၁)ခုမလွတ် သိမှုပိုင်နိုင်သည် တိုင်အောင် အားထုတ်ရသည်။

ပထမခန်း ပြီး၏။

**ဒုတိယခန်း**

၂။ ဒုတိယခန်းမှာ ထိုသို့ သိမှုပိုင်နိုင်ပြီးနောက် မိမိရှုသော ထွက်သက်ဝင်သက်ကို ရှည်လျှင်ရှည်မှန်း သိမစေရမည်။ တိုလျှင်တိုမှန်း သိစေရမည်။ တစ်ယောက်သောသူ၏ တစ်ထိုင်တွင်းမှာပင် ရှည်သည့်အလှည့်၊ တိုသည့်အလှည့် ရှိ၏။ ရှည်မှုတိုမှုကို (၁)ခုမလွတ် သိအောင် အားထုတ်ရသည်။ ထွက်သက်ဝင်သက် အထွက်အဝင် နှေးသည်ကို အရှည် ဆိုသည်။ လျှင်မြန်သည်ကို အတိုဆိုသည်။ နှေးလျှင် နှေးမှု၊ မြန်လျှင် မြန်မှုကို သိစေရမည် ဆိုလိုသည်။

ဒုတိယခန်း ပြီး၏။

http://www.dhammadownload.com



**တတိယခန်း**

၃။ တတိယခန်းမှာ ထိုသို့ အရှည်အတိုသိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက်ဝင်သက်တို့ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာမြင်ရအောင် အားထုတ်ရသည်။

**တတိယခန်း ပြီး၏။**

**စတုတ္ထခန်း**

၄။ စတုတ္ထခန်းမှာ ထိုသို့ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရုန့်ရင်းစွာသော ထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်။ ငါ၏ဝင်သက် ထွက်သက် ပျောက်၍ သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။

**(ဤကား ပထမ-စတုတ္ထ ပါဠိတော်မြတ်၏ ပါဌ်လျှောက်အဓိပ္ပါယ်တည်း။)**

**အဋ္ဌကထာကြီးတို့နည်း**

ယခုအခါ ဤပထမစတုက္ကအရာ၌ အဋ္ဌကထာကြီးတို့မှာ လာသော နည်းလမ်းကို ပြဆိုပေအံ့။

**ဂဏနာ- အနှေးအမြန်၊ အစဉ်မှန်၊ ၂-တန်ရေတွက်နည်း။**

**အနုဗန္ဓနာ- အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန်ဖွဲ့ထားနည်း။**

**ဌပနာ- ငြိမ်ဝပ်ပျံ့ပျူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။**

**အဓိပ္ပါယ်ကား-** ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာဌာနသည် နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျား ဟူ၍ (၂)ပါးရှိ၏။ အချို့သောသူတို့အား နှာသီးဖျား၌ ထိခိုက်မှုထင်ရှား၏။ အချို့သောသူတို့အား

http://www.dhammadownload.com



အထက်နှုတ်ခမ်းဖျားၥ ထိခိုက်မှုထင်ရှား၏။ မိမိ၌ထင်ရှားရာ တစ်ခုခုကို အစွဲပြု၏။ အစ၌ ရေတွက်နည်းဖြင့် အားထုတ်ရာ၏။ အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။ အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

ထို (၃)ပါးတို့တွင် ရေတွက်နည်းသည် နှေးနှေးရေတွက်နည်း၊ မြန်မြန်ရေတွက်နည်း ဟူ၍ (၂)ပါးရှိ၏။ ထိုတွင်-

**နှေးနှေးရေတွက်နည်း ဆိုသည်ကား-** ဌာန (၂)ပါးတွင် တစ်ပါးပါး၌ စိတ်ကိုစိုက်ထား၍ ထွက်သက်ဝင်သက် (၂)ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ်မသက်သေးသည့် အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက်တိုင်း အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်။ မထင်ရှားသော အချက်စုလည်း ပါရှိကုန်သေး၏။ ထိုကြောင့် မထင်ရှားသော အချက်စုကို မရေတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

**ဝါရအကြိမ်ပြု၍ ဂဏနာ ရေတွက်နည်း**

ရေတွက်ရာ၌လည်း-

၁-၂-၃-၄-၅- တွင် တစ်ဝါရ။

၁-၂-၃-၄-၅-၆- တွင် တစ်ဝါရ။

၁-၂-၃-၄-၅-၆-၇- တွင် တစ်ဝါရ။

၁-၂-၃-၄-၅-၆-၇-၈- တွင် တစ်ဝါရ။

၁-၂-၃-၄-၅-၆-၇-၈-၉- တွင် တစ်ဝါရ။

၁-၂-၃-၄-၅-၆-၇-၈-၉-၁၀- တွင် တစ်ဝါရ။

http://www.dhammadownload.com



ဤသို့ (၆)ဝါရတို့ဖြင့် ရေတွက်ရာ၏။

(ပထမဝါရ ဒုတိယဝါရ တတိယဝါရ စတုတ္ထဝါရ ပဉ္စမဝါရ ဆဋ္ဌမဝါရ ဟူ၍လည်း အစဉ်အတိုင်း ခေါ်ရ၏။)

(ဆဋ္ဌမဝါရ (၆)ကြိမ်မြောက်ပြီးလျှင် ပထမဝါရ အစရှေးဦး အကြိမ်သို့ ပြန်လေ။ ၎င်း (၆)ဝါရလုံးကိုမှ တစ်ဝါရ ဟူလည်း ခေါ်ကြ၏)

ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌ စိုက်ထား၍ ထွက်သက် ဝင်သက် နှစ်ပါးတွင် ထင်ရှားရာတစ်ခုခုကို (၁)ဟု ရေတွက်ရာ၏။ ၎င်းနောက် ထွက်သက် ဝင်သက် နှစ်ပါးပင် ထင်ရှားသည်ချည်း ဖြစ်၍လာခဲ့လျှင် အစဉ်အတိုင်း ၂-၃-၄-၅ ဟု ရေတွက်ရာ၏။ မထင်မရှားပါရှိခဲ့လျှင် ထိုမထင်ရှားသော အချက်ကို မရေတွက်မူ၍ ထင်ရှားသည့်အချက် မတွေ့သေးသမျှ ကာလပတ်လုံး တန့်ရပ်၍ ၁-၁ စသည်ဖြင့် ရေတွက်ဆဲအတိုင်းသာ ထပ်၍နေရာ၏။ ထင်ရှားသော အချက်ပေါ်လာမှ ၂- စသည်ဖြင့် အထက်ဂဏန်းသို့ တက်၍ ရေတွက်ရာ၏။ ၅-သို့ ကျလျှင် ၁-က ပြန်ရာ၏။

ဤနည်းတူ ဒသက-ဝါရ (၁၀)ကြိမ်တိုင်အောင် (၆)ဝါရ တို့၌ မထင်ရှားသော ထွက်သက် ဝင်သက် အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက် ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသောရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ဖန်များလတ်သော် ထင်ရှားသောအချက်များ၍ လာလတ္တံ့။ ၁-၂- စသော ဂဏန်းချက်လည်း စိပ်၍စိပ်၍ လာလတ္တံ့။ ထွက်သက်အချက် ဝင်သက်အချက် ထင်ရှားသည်ချည်း ဖြစ်သော အခါ၌ ၁-၂ စသော ဂဏန်းချက်သည်လည်း မပြတ်စမဲ မြန်ရ၏။ တစ်ခုကိုမျှ သတိမလွတ်စေရ။ ထွက်သက် ဝင်သက် အစဉ်နှင့်

http://www.dhammadownload.com



ဂဏန်းအစဉ်သည် အခုန်အကျော် အလစ်အလပ်မရှိ အစဉ်မှန်စေရမည်။ ၁-၂- စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့်ရွတ်ဆိုဖွယ်မရှိ။ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့သတည်း။ အချို့သူတို့ကား (၆)ဝါရ အဆုံးအဆုံးတွင် ပုတီးစေ့တစ်လုံး တစ်လုံးချ၍ တစ်နေ့တစ်နေ့လျှင် ပုတီးပတ်ပေါင်း မည်မျှစိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏။ အာရုံမြန်မြန် ထင်နိုင်သည်သာ ပဓာနတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်တူ ထွက်သက် ဝင်သက်တို့၏ ထိုဌာန၌ ထိတိုင်း ထိတိုင်း အသိမြဲစွဲ၏။ အလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းနေသမျှ ကာလပတ်လုံး တစ်ခုသော ထွက်သက်၊ တစ်ခုသော ဝင်သက်မျှ အမှတ်မဲ့လွတ်၍ သွားသည်မရှိပြီ။ ထိုအခါမှစ၍ ရေတွက်မှုကို ရုပ်သိမ်း၍ အနုဗန္ဓနာ နည်းဖြင့် ရှုရာ၏။

**အနေးအမြန် အစဉ်မှန် (၂)တန် ရေတွက်နည်း ပြီး၏။**

## အနုဗန္ဓနာနည်း

**အနုဗန္ဓနာနည်း ဆိုသည်ကား-** ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့သည့်အတိုင်း ထိရာဌာန၌ စိတ်ကိုစိုက်ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တစ်ကြိမ်မျှမလွတ်စေရဘဲ ထွက်မှု ဝင်မှု အစဉ်နှင့် နှလုံးသွင်းမှုအစဉ် ဖွဲ့တွယ် စွဲမြဲ၍နေအောင် အားထုတ်မှုသည် အနုဗန္ဓနာ မည်၏။ ရေတွက်မှု မရှိဘဲလျက် ရေတွက်နည်းမှာ သိမှုအစဉ် မှန်ခဲ့သည့်အတိုင်း သိမှုအစဉ် မှန်၍နေအောင် တစ်ဖန် လိုက်စားအားထုတ်မှု ဆိုလိုသည်။ အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်း ဟူမူကား **"ပဋိဘာဂနိမိတ် ဖြစ်ပေါ်၍ လာသည့်တိုင်အောင်"** အားထုတ်ရာ၏။

http://www.dhammadownload.com



**ပဋိဘာဂနိမိတ်**

**ပဋိဘာဂနိမိတ် ဆိုသည်ကား-** ပကတိသော ထွက်သက် ဝင်သက် လေအတိုင်းကိုလွန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်းအစုကဲ့သို့၊ လေအယဉ်ကဲ့သို့၊ မိုးကြယ်ကဲ့သို့၊ ပတ္တမြားလုံးကဲ့သို့၊ ပုလဲလုံးကဲ့သို့၊ ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခု ထင်ပေါ်ဖြစ်ထွန်း၍ လာသော ပညတ္တိဓမ္မအထူးကို "ပဋိဘာဂနိမိတ်" ဆိုသည်။

ထိုပဋိဘာဂနိမိတ် ပညတ်အာရုံအထူး အထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။ ဂဏနာ-နည်း၊ အနုဗန္ဓနာ-နည်း (၂)ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

**အမြဲအမြန် အတွယ်သန် တစ်ဖန်ဖွဲ့ထားနည်း ပြီး၏။**

**ဌာပနာနည်း**

ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ဌာပနာ-နည်းဖြင့် အားထုတ်ရာ၏။

**ဌာပနာနည်း ဆိုသည်ကား-** ပဋိဘာဂ နိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန် ထင်မြင်ရန်အမှုလည်း ခဲခက်၏။ ထိုကြောင့် ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေမူ၍ တစ်နေ့တစ်ခြား ထင်ရှားပွင့်လင်း၍သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကိုထားခြင်းသည် ဌပနာ-မည်၏။

http://www.dhammadownload.com



ဤ ဌပနာ-နည်းသို့ ရောက်သောအခါ၌မူကား အသပ္ပါယ (၇)ပါးကို ကြဉ်ရှောင်၍ သပ္ပါယ (၇)ပါးကို မှီဝဲရာ၏။ အပ္ပနာကောသလ္လ (၁၀)ပါးကို ပြည့်စုံစေရာ၏။

**အသပ္ပါယ (၇)ပါး**

၁။ ဘာဝနာမှု၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန၊
၂။ ဆွမ်းခံရွာ၊
၃။ စကားများမှု၊
၄။ အပေါင်းအဖော်၊
၅။ ဘောဇဉ်၊
၆။ ဥတု၊
၇။ ဣရိယာပုထ်၊

(သပ္ပါယ (၇)ပါး ဆိုသည်ကား ဘာဝနာမှု၏ တိုးပွားကြောင်းဖြစ်သော ထို (၇)ပါးပင်တည်း။)

**အပ္ပနာကောသလ္လ (၁၀)ပါး**

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု၊
၂။ ထွက်သက် ဝင်သက် ဟူသော အာရုံနိမိတ်၌ လိမ္မာမှု၊
၃။ တက်ကြွလွန်းသော စိတ်ကို ဖိနှိပ်မှု၊
၄။ ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု၊
၅။ ခြောက်သွေ့လွန်းသော စိတ်ကို ရွှင်စေမှု၊
၆။ ညီညွတ်သော စိတ်ကို လျစ်လျူရှုမှု၊
၇။ သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု၊

http://www.dhammadownload.com



၈။ သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု၊

၉။ ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု၊

၁၀။ အပ္ပနာစျာန်ကို ရခြင်းငှါ အမြဲညီညွတ်သော စိတ်ရှိမှု၊
ပေါင်း (၁၀)ပါးတည်း။

ဤသို့သော အမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီးမြဲလေအောင် နေ့ရှည်လများ ရှုသော အားဖြင့် ပွားများစေရာ၏။

အဘယ်မျှလောက် ကြာမြင့်အောင် ဤဥပနာ-နည်းအားဖြင့် ပွားများအားထုတ်ရာသနည်း ဟူမူကား။ ရူပါဝစရ စတုတ္ထစျာန် တိုင်အောင်သည် ဥပနာခေတ်ပေတည်း။

**ငြိမ်ဝပ်ပျံ့ပျူး စိတ်စိုက်စူး အထူးစိတ်ထားနည်း ပြီး၏။**

## နိမိတ် (၃)ပါး၊ ဘာဝနာ (၃)ပါး ခွဲနည်း

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဥပနာနည်း ဟူသော နည်း (၃)ပါးတို့ဖြင့် အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍ သွားရာ၌ နိမိတ် (၃)ပါး ဘာဝနာ သမာဓိ (၃)ပါးခွဲနည်းကား-

၁။ ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ် မည်၏။

၂။ အနုဗန္ဓနာနည်းအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည် ပင်လျှင် ဥဂ္ဂဟနိမိတ် မည်၏။

၃။ ဥပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

ဤကား နိမိတ် (၃)ပါး ခြားနားပုံတည်း။

http://www.dhammadownload.com



၁။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာ သမာဓိသည် ပရိကမ္မဘာဝနာသမာဓိ မည်၏။

၂။ ဥပနာခေတ်တွင် အပ္ပနာစျာန်သို့ မရောက်မီအကြား ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရဘာဝနာသမာဓိ မည်၏။

၃။ စတုက္ကနည်းအားဖြင့် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဟုဆိုအပ်သော ရူပါဝစရစျာန် (၄)ပါးသည် အပ္ပနာဘာဝနာသမာဓိ မည်၏။

အာနာပါနအလုပ်ကို အားထုတ်ရာ၌ ဂဏနာ, အနုဗန္ဓနာတို့ အခန်းတွင် ထွက်သက်ဝင်သက် တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့် သိမ်မွေ့၍သွားသဖြင့် ပျောက်ကွယ်၍ သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကို ထိရာဌာန၌သာ ထားမြဲထား၍ အလွန် သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင်ယူနိုင်၍ ထိုအာရုံ ထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ်လာလတ္တံ့။ ဥပစာရစျာန်သို့ ဆိုက်လတ္တံ့။ နီဝရဏတရား (၅)ပါး ကွာပြီးသော ကာမာဝစရဘာဝနာ၊ ဥပစာရသမာဓိကို ဥပစာရစျာန် ဆိုသည်။

ဤကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့်သိမ်မွေ့၍ ပျောက်ကွယ်မှု မှာ အဋ္ဌကထာနည်းလမ်း၌ သိမ်မွေ့၍သွားအောင် တမင်အားထုတ်မှု ကိုမဆို။ သူ့အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍ သွားသည်ကို ဆို၏။ လောက၌လည်း ဤကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့်သိမ်မွေ့၍ သွားသဖြင့် ထွက်သက် ဝင်သက် ပျောက်ကွယ် ၍ သွားသူများကို တွေ့မြင်ရဖူး၏။

http://www.dhammadownload.com



ရှေ့၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော် နောက်ဆုံး ဝါရ၌ကား-

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ဟု ဟောတော်မူ၏။

**ဤပါဠိတော်မြတ် အလိုမူကား-** အနုဗန္ဓနာအခန်းသို့ ရောက်သောအခါ၌ ထွက်သက် ဝင်သက်ကို အဆင့်ဆင့် သိမ်မွေ့၍ သွားလေအောင် တမင်အားထုတ်ရမည်ပင် ဖြစ်၏။

(ဤအာရုံ ပျောက်ကွယ်ခန်းမှာ ကမ္မဋ္ဌာန်း အစီအရင်၌ မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားခဲ့ပြီဟု ထင်၏။ ကမ္မဋ္ဌာန်းအလုပ်ကို လွှတ်၍ ပစ်တတ်၏။ သတိမူကြလေ။)

**ပါဠိတော်နှင့် အဋ္ဌကထာ နှီးနှောပုံ**

ထုတ်ပြခဲ့ပြီးသော ပါဠိတော် (၄)ဝါရ၏ အရဖြစ်သော-

၁။ သတိမြဲရာ၊ ပထမာ၊ ဒု-မှာ ရှည်တို-သိ။

၂။ လုံးစုံလင်းရာ၊ တ-၌သာ၊ စ-မှာ ငြိမ်းစေသိ။

ဟူသော (၄)ချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ အစရှိသော အဋ္ဌကထာ နည်းလမ်းနှင့် နှီးနှောရာ၏။

**နှီးနှောပုံကား-** ထိုရာဌာန၌ စိတ်ကို စိုက်ထား၍ ဂဏနာ နည်းအားဖြင့် အစဉ်မှန်စွာ ရေတွက်မှုသည် သတိမြဲရာ ပထမာ ဖြစ်၏။ နာရီအပိုင်းအခြားနှင့် ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ ဝင်၍ နှလုံးသွင်းရာ အပသို့ ခဏခဏထွက်ပြေးသော စိတ်ဝိတက်ကို ချိုးဖျက်ခြင်းငှါ ဂဏနာနည်းကို ပြုလုပ်ရသည်ဖြစ်၍ ဂဏနာခန်း၌ အရှည်အတို

http://www.dhammadownload.com



သိမှုကို တမင်အားထုတ်ဖွယ် မရှိသေး။ 'သတောဝ အဿသတိ သတောဝ ပဿသတိ' ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက် ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏ ထွက်သော စိတ်ဝိတက် ငြိမ်းမှုကိုသာ ကောင်းစွာငြိမ်းအောင် အားထုတ်ရာ၏။

ထိုကြောင့် အဋ္ဌကထာ၌-

**ဗဟိ ဝိသဋဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသပဿာသာ ရမ္မဏေ သတိသဏ္ဌာပနတ္ထံ ယေဝ ဟိ ဂဏနာ။**

ဟူ၍ မိန့်ပြီ။

ဂဏနာ= ရေတွက်ခန်းမည်သည်၊ ဗဟိ= မိမိကိုယ်အင်္ဂါမှ အပ အလွတ်၌၊ ဝိသဋဝိတက္ကဝိစ္ဆေဒံ= ဘဝအဆက်ဆက် ပျံ့နှံ့ပြေးသွား၍ နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို၊ ကတွာ= ပြု၍၊ အဿာသပဿာသာရမ္မဏေ= မိမိကိုယ်အင်္ဂါဖြစ်သော ထွက်သက် ဝင်သက်ဖြစ်သော အာရုံ၌၊ သတိသဏ္ဌာပနတ္ထံယေဝ= သတိကို ခိုင်မြဲစွာ ထားခြင်းငှါသာလျှင်၊ ဟောတိ= ဖြစ်၏။

ဂဏနာခန်း ပြီးစီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌ 'ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿာသာမီတိ ပဇာနာတိ' အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမှုနှင့်တကွ အရှည်အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။ အရှည်အတို သိမှုကို သတိပြုရာ၌ ထွက်သက် ဝင်သက်တို့ကို အစ၊ အလယ်၊ အဆုံး အစဉ်လိုက်၍ တမင်အာရုံ ပြုရသည်မဟုတ်။ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍ အရှည် အတိုကိုလည်း အစဉ်မှန်စွာ သိအောင် ငါသတိပြုမည်ဟု ဥဿာဟ တစ်ခုတိုး၍ ပြုရုံမျှသာတည်း။ ရှည်သောအကြိမ်မှာ ထိရာဌာန၌

http://www.dhammadownload.com



ထိခိုက်မှု တာရှည်၏။ တိုသောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာတို၏။ ထိခိုက်ချက် တာရှည်မှု၊ တာတိုမှုကို သိ၍ အရှည်အတိုကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိ ရှိသောကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသောအလား၊ ဝင်၍သွားသော အလား များသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည်အတိုသိမှု စွဲမြဲသောအခါ၌-

**သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**

**သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊**

ဟူသော တတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာထား၍ အရှည်အတို သိမှုနှင့်တကွ ထွက်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှု၊ ဝင်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။ ထွက်သက် လွှတ်မည်ရှိခဲ့လျှင် အမှတ်တမဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်သော အစမှစ၍ ထိရာဌာနတိုင်အောင် ထွက်သက်သဏ္ဍာန် ကို စိတ်၌ထင်ရှားအောင်ပြု၍ ထွက်သက်လွှတ်မည်ဟု ဥဿာဟပြု၍ ပြု၍ လွှတ်ရမည်။ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာဌာနတိုင်အောင် ဝင်သက်သဏ္ဍာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ဝင်သက်ရှုမည်ဟု ဥဿာဟပြု၍ ရှုရမည်။

ထိုသို့ ပြုရာ၌လည်း နှာသီးဖျားဟု ဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍သာ ဥဿာဟ ပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍မလိုက်ရ။ ထိရာဌာနကို လွှတ်၍မလိုက်သော်

http://www.dhammadownload.com



လည်း အစ, အလယ်, အဆုံး အကုန်လုံးထင်ရှားစေမည် ဟူသော ဉဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ထားလျှင်ပင် တစ်စ တစ်စအားဖြင့် ထွက်သက် ဝင်သက်တို့သည် အစ, အလယ်, အဆုံး အကုန်လုံး အလိုလို ထင်ရှားလာကုန်လတ္တံ့။

အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သော အခါ၌-

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ဟူသော စတုတ္ထပါဠိတော်မြွက်နှင့်အညီ အဆင့်ဆင့် ရုန့်ရင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း ကွယ်ပျောက်၍သွားပြီး ထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည် ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်ရမည်ဟူသော ဉဿာဟကိုပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်။ အမှတ်တမဲ့ မဖြစ်စေရာ။

အဋ္ဌကထာနည်း၌ကား-

ဂဏနာခန်းမှစ၍ပင် အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍ သွားမှု၊ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်မှုကို ပြပေ၏။ အလိုအလျောက် ကွယ်ပျောက်သူများကိုလည်း ငါတို့တွေ့မြင်ရဖူး၏။

**ဂဏနာ ဝသေနေဝ ပန မနသိကာရကာလတော ပဘုတိ အနုက္ကမတော ဩဠာရိကအဿာသပဿာသနိရောဓဝ သေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယ ဟောတိ။**

http://www.dhammadownload.com



အနက်။ ။ ပန= အထူးဖြစ်တတ်ပုံကို ပြဆိုပေအံ့။ ဂဏနာဝသေနေဝ= ဂဏနာနည်း၏ အစွမ်းဖြင့်သာလျှင်၊ မနသိကာရကာလတော= နှလုံးသွင်းသောကာလမှ၊ ပဘုတိ= အစပြု၍၊ အနုက္ကမတော= အစဉ်အားဖြင့်၊ သြဠာရိကအဿာ သပဿာသနိရောဓဝသေန= ရုန့်ရင်း ရုန့်ရင်းသော ထွက်သက် ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏အစွမ်းဖြင့်၊ ကာယဒရထေ= ကိုယ်တွင်း သန္တာန် ပူပန်ချောက်ချားမှုသည်၊ ဝူပသန္တေ= ငြိမ်းလတ်သော်၊ ကာယောပိ= ရူပကာယတစ်ခုလုံးသည်လည်းကောင်း၊ စိတ္တံပိ= စိတ်သည်လည်းကောင်း၊ လဟုကံ= ပေါ့ပါးသည်၊ ဟောတိ= ဖြစ်၏။ သရီရံ= ကိုယ်ကောင်သည်၊ အာကာသေ= ကောင်းကင်၌၊ လင်္ဃနာကာရပ္ပတ္တံ ဝိယ= ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာသို့ ရောက်သကဲ့သို့၊ ဟောတိ= ဖြစ်၏။

(ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ မြေနှင့်လက်လေးသစ်ခန့် ကွာအောင် ကောင်းကင်သို့ တက်ကြွ၍နေသူများကို ကြားရဖူး၏။)

ဤသို့ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်သောအခါ ထိုဌာနဌ် စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တစ်ဖန်ပေါ် လွင်ထင်ရှား၍ လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ကြောက်ခြင်း, လန့်ခြင်း, အိပ်ခြင်း, ပျင်းရိခြင်း စသော နီဝရဏတရားတို့ ကျွတ်ကွာသဖြင့် ဥပစာရဈာန်ကို ရ၏။

(ဤကား ပဌမစတုက္ကပါဠိတော်နည်းနှင့် အဋ္ဌကထာနည်းကို နှိုးနှော၍ပြပုံတည်း။)

အဋ္ဌကထာ၌ ဂဏနာ, အနုဗန္ဓနာ, ဖုသနာ, ဌပနာ, သလ္လက္ခဏာ, ဝိဝဋ္ဋနာ, ပါရိသုဒ္ဓိ- ဟူ၍လာသော အာနာပါနကမ္မဋ္ဌာန်း

http://www.dhammadownload.com



(၇)ခန်းတို့တွင် ဖုသနာ-ဟူသော ထိရောဌာနနှင့်တကွ ဂဏနာအခန်း, အနုဗန္ဓနာအခန်း, ဥပစာရဈာန်ဟု ဆိုအပ်သော ၄ပနာအခန်းများကို ပြဆိုမှုပြီး၏။ ဤပထမစတုက္ကသည် လိုရင်းပဓာနတည်း။ ယခုအခါ၌ ဤပထမစတုက္ကအလုပ် ပြီးစီးလျှင်ပင် သမထ, ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

**(ဤကား အာနာပါနသတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံတည်း။)**

အကျဉ်းချုပ်အားဖြင့် တပည့်တော်တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ရုပ်အဖွဲ့အစည်း, နာမ်အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းပြီးထားတာကို ဆက်ကြည့်ရှုရမှာပါ ဘုရား။

ဒါကြောင့် မြတ်စွာဘုရား သာမညဖလသုတ္တန် စသည်မှာ "ဝိဇ္ဇာဉာဏ် (၃)ပါး၊ ဝိဇ္ဇာဉာဏ် (၈)ပါး ဟောတဲ့နေရာ ဝိပဿနာဉာဏကထာ" ဆိုပြီးတော့ ဝိပဿနာဉာဏ်ကို ဟောတဲ့အခါမှာ အယဉ္စ မေ ကာယော စာတုမဟာဘူတိကော၊ ဣဒဉ္စ မေ ဝိညာဏံ ဧတ္ထသိတံ ဧတ္ထပဋိဗဒ္ဓံ ဤခန္ဓာကိုယ်ဟာ ဓာတ်လေးပါးနှင့် ပြီးတယ်။ ဤစိတ်ဝိညာဏ်ဟာ ဤရုပ်အပေါ်မှာ မှီတွယ်ဆက်စပ်တယ်ဆိုတာ မြင်အောင် ရှုရမှာပါ။ ပတ္တမြားကျောက် နားလည်သူလို ရှုရမှာပါ စသည် ရှုကြဖို့ တိုက်တွန်းရင်း တပည့်တော်၏စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဘာဒ္ဒန္တအာဂရာဘိဝံသ (၄.၅.၂၀၀၇)**

ဤဝိညာဉ်ခေါ်တဲ့စိတ် သိနေကြပါတယ်ဘုရား။ စိတ်ဆိုရင် မြန်မာတွေက သဘောပေါက်တယ်၊ သိတယ်၊ နားလည်တယ်။ ဝိညာဏ်ဆိုရင်လဲ သိကြတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏"**။

ဝိညာဏ်ရယ်၊ စိတ်ရယ် ဘာသာပြန်လိုက်တာ။ အာရုံကို ယူတတ်တဲ့ အသိသဘောလေးကို စိတ်လို့လဲခေါ်တယ်။ ဝိညာဏ်လို့လဲ ခေါ်တယ်။ မနောလို့လဲ ခေါ်တယ်။ **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"**။

ခန္ဓာငါးပါးဟူသော်ကား ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဤသို့လျှင် ခန္ဓာငါးပါး ဖြစ်သတည်း။

ကျောင်းသားတွေရတဲ့လူက တိုင်ပေးပြီး ဆိုနေကြရဖူးပါတယ်။ သရုပ်နဲ့နာမည်တော့ သိပါတယ်။ သို့သော် သဘောသွားလေးကျတော့ သိဖို့ရာခက်ပါတယ်။

ဆရာတော်ဘုရားကြီးက ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ လင်္ကာကျမ်း ရေးတော်မူခဲ့တယ်။ ခန္ဓာသရုပ် အဓိပ္ပါယ်သိအောင် အဲဒီကျမ်းကြည့်ပါ။

တပည့်တော်တို့လဲ တော်တော်အသက်ကြီးမှ ကိုယ့်ဖာသာကိုယ်တော့ သိသလိုထင်ရရဲ့။ ဒကာ ဒကာမတွေ ပြောတော့မယ်ဆိုရင် ရှင်းအောင်မပြောနိုင်ဘူး။ လုပ်ငန်းခွင်ဝင်တော့မယ်ဆိုတော့ ခက်ပါတယ်။

http://www.dhammadownload.com



ပြီးတော့ ခန္ဓဝိဘင်းကြီးကို အာဂုံကျက်ပါတယ်။ ခန္ဓဝိဘင်းမှာ ရုပ်ဆိုလဲ အများကြီးဖွင့်ပါတယ်ဘုရား။ ဝေဒနာဆိုလဲ အများကြီး။

အာယတနဝိဘင်းကျပြန်တော့ အာယတန(၁၂)ပါး အကြီးအကျယ်ပဲ။ အကျယ်ချဲ့ဟောတာ။ မိမိဉာဏ်က ထိုက်တန်သလောက် လေးပဲမှီတာ။ သူတစ်ပါးကို နားရှင်းအောင် အကျယ်တဝင့်ပြောဖို့ ကျတော့ အင်မတန်ခက်ပါတယ်။

ဆရာတော်ဘုရားများ ခန္ဓာ အာယတန ဓာတ် သစ္စာ အကြောင်း ကျကျနန ဟောတော့မယ်ဆိုရင် သိအောင်လေ့လာမယ် ဆိုရင် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးက သက်တော် (၈၀)ပြည့်မွေးနေ့မှာ မွေးနေ့ဓမ္မ လက်ဆောင်အနေနဲ့ "ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ ခန္ဓာအာယတန ဓာတ်သစ္စာလက်ာ ကျမ်း"ကို ဖြိဖြန့်ဟောကြားပြီးတော့ ပုံနှိပ်ဓမ္မဒါနပြုခဲ့တာ ရှိပါတယ် ဘုရား။

ခန္ဓာငါးပါးနှင့် ပတ်သက်လို့ အပြောသာများနေတယ်။ မြတ်စွာဘုရား ဓမ္မစကြာဟောတော်မူစဉ်ကို ကြည့်မယ်ဆိုရင် **"သံခိတ္တေန ပဉ္စုပဒါနက္ခန္ဓာပိ ဒုက္ခာ"** မြတ်စွာဘုရားက ခန္ဓာငါးပါး များ သရုပ်တောင် အကျယ်မထုတ်ဘူး။ ပဉ္စဝဂ္ဂီငါးပါးသိတာပဲ။ နတ်ပြဟ္မာ ကုဋေ(၈၀) တို့ကလဲ သိတာပဲ။ ဘယ်ကျမှ ခန္ဓာငါးပါး သရုပ်ထုတ်ဟောသလဲ ဆိုတော့ အနတ္တလက္ခဏသုတ်မှာမှ ခန္ဓာငါးပါး သရုပ်ကို ထုတ်ပြတော်မူတယ်။

အော် . . စဉ်းစားကြည့်တော့ ဓမ္မစကြာတရား ဟောတဲ့အခါ ခန္ဓာငါးပါးရှိတယ်ဆိုတာကို ဟောတယ်။ သရုပ်ကို ဟောကြားတော် မမူဘူး။ သို့သော်လဲ တရားနာတဲ့ ပရိသတ်တွေက သိတယ်။ သာမန်နဲ့

http://www.dhammadownload.com



ခန္ဓာငါးပါးကို ကျကျနန သိသလားဆိုတော့ သိဖို့ရာ အင်မတန် ခက်ပါတယ်။

အဲဒီတော့ ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာ အာယတန ဓာတ် သစ္စာလက်ာကျမ်းကြီးမှာ အာယတန သိအောင်ရှင်းပြတယ်။ ဘာကြောင့် အာယတန ခေါ်သလဲ။ ဆရာတော်ဘုရားကြီး ရှင်းပြထား တာလေး။

အာယတနဆိုတာ ဈေးရုံကြီးတွေလို သင်္ဘောဆိပ်ကြီးတွေ လိုပဲလို့ ဥပမာပေးပြီး အကျယ်တဝင့် ရှင်းထားတယ်။

ဓာတ်ကျတော့လဲ ဒီအတိုင်းပဲ။ ပုဂ္ဂိုလ်သတ္တဝါတို့ အလိုမလိုက် သူ့သဘာဝအတိုင်းပဲ ဖြစ်နေတာကို ဓာတ်။

သစ္စာကျတော့လဲ "အစွန့်ရှည်စွာ ဘယ်မျှကြာလဲ တစ်ခါတစ်ရံ မဖောက်ပြန်ပဲ အစဉ်မြဲကို သစ္စာဆို၏"။

သစ္စာမှန်တာတော့ သိတယ်။ ဆရာတော်ကြီးက "အစွန့် ရှည်စွာ ဘယ်မျှကြာလဲ"။ အချိန်တွေ အခါတွေ ဘယ်မျှကြာလဲပဲ ဒုက္ခက သုခမဖြစ်ဘူး။ သမုဒယကလဲ အသမုဒယ ဘယ်တော့မှ မဖြစ်ဘူး။ နိရောဓကလဲ အနိရောဓ မဖြစ်ဘူး။ မဂ္ဂကလဲ အမဂ္ဂ ဘယ်တော့မှမဖြစ်ဘူး။ ပြောင်းပြန်ဘယ်တော့မှ မဖြစ်ဘူး။

မြတ်စွာဘုရားက အိုတာကို ဆင်းရဲတယ်လို့ ဟောတယ်။ ပုဂ္ဂိုလ်တစ်ယောက်က အိုတာ ဘယ်ဆင်းရဲမလဲ။ ငါအိုနေတာ ဘယ်ဆင်းရဲလို့တုန်းလို့ ဘယ်တော့မှ မြတ်စွာဘုရားစကားကို အံမတု နိုင်ဘူး။

"အပဋိဝတ္တိယဂုဏ်နဲ့ ပြည့်စုံတဲ့သစ္စာတရား" တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်က ကန့်ကွက်ဟန့်တားမှု မပြုနိုင်ဘူး။

http://www.dhammadownload.com



ရှေးအစဉ်အလာထဲက သံဃါယနာ ထေရ်အရှင်တို့ မှတ်တမ်းမှာ ဒီစကားပါရှိနေတယ်။

တပည့်တော်တို့ စကားလေးတစ်လုံး ပါဠိစကားလေးတစ်လုံးဟာ အင်မတန်မှ ကျယ်ဝန်းတာ။

- ခန္ဓာ ဆိုတဲ့ စကားလုံး၊
- အာယတန ဆိုတဲ့ စကားလုံး၊
- ဓာတ် ဆိုတဲ့ စကားလုံး၊
- သစ္စာ ဆိုတဲ့ စကားလုံး၊

ဒီစကားလုံးလေးတွေကို ဆရာတော်ဘုရားကြီးက ရှင်းလင်းပြီးတော့ လင်္ကာလေးတွေနဲ့ ရေးထားတာ။

တပည့်တော်များ ဒုတိယအကြိမ်က အခုလို ကလေးသူငယ် လူမမယ်လေးများကို သင်ကြားဖို့ အဘိဓမ္မာပညာ ထိုက်တန်သလောက် ကလေးတွေရဲ့ခေါင်းမှာ စွဲအောင်ဆိုပြီး ပြဋ္ဌာန်းဖို့ စီမံခဲ့ပါတယ်။

ပရမတ္ထသံခိပ်က များတယ်။ ခန္ဓာ အာယတန ဓာတ် သစ္စာ လင်္ကာကျမ်းလေးဟာ သိပ်လဲမများဘူး။ ကလေးတွေလဲ ကျက်လို့ကောင်းတယ်။ တပည့်တော်ပဲ ပြဋ္ဌာန်းစာကို အဆိုပြုပြီးတော့ ကလေးသူငယ်များ သင်ဖို့ပြဋ္ဌာန်းခဲ့တာ။

နောက်ကျတော့ အချို့သောပုဂ္ဂိုလ်များက ဒီလင်္ကာတွေ ကျက်ရတာ ခက်ပြန်တယ်။ စကားပြေလေးပဲ ထည့်တော့မယ်ဆိုပြီး ခုတော့ စကားပြေလေးပဲ။

သို့သော်လဲ လင်္ကာနဲ့ကျတော့ အရှင်ဘုရားတို့ တပည့်တော်တို့ ပလ္လင်ပေါ်စကားပြော တရားဟောမယ်ဆိုရင် ကောင်းပါတယ်။

http://www.dhammadownload.com



သင်တန်းကာလမှာသာ စာအုပ်ကြီးကိုင်ပြီး စကားပြောလို့ ကောင်းတာ ကိုး။ ပလ္လင်ပေါ် စာအုပ်ကြီး ကိုင်ဖတ်နေရင် တပည့်တော်တို့ ဗုဒ္ဓဘာသာ ပရိသတ်က လက်မခံဘူး။ အခြားဘာသာတွေကတော့ စာကြည့်ဟောတာ များပါတယ်။

တပည့်တော်တို့ ထေရဝါဒ ရဟန်းတော်တွေပဲ ပါဠိတော်ကြီး တွေ အလွတ်ကျက်၊ အဋ္ဌကထာကြီးတွေ အလွတ်ပြော အလွတ်ဟော ကြတယ်။

အခြားနေရာတွေမှာတော့ စာ (၄)၊ (၅)၊ (၆)ကြောင်း ပြောရမယ့်ဟာလဲ သူတို့က စာရွက်ကလေးနဲ့ပဲ။ စာရွက်ကလေးနဲ့ ပြောကြတာပဲ။

တပည့်တော်တို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာ အစဉ်အလာ ကတော့ စာအုပ်ကြီးတွေ ကိုင်ပြောနေလို့ လက်မခံတတ်ဘူး။

ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးတွေနဲ့ ခန္ဓာ ငါးပါး ရှင်းမလား။ အာယတန (၁၂)ပါး ရှင်းမလား။ ဓာတ် (၁၈)ပါး ရှင်းမလား။ သစ္စာလေးပါး ရှင်းမလား။ လွယ်လွယ်လေး။ ခက်တာကို လွယ်အောင်လုပ်ပြီးတော့ ညွှန်းပြတော်မူတယ်။

ယမန်နေ့က စိတ်ကို ဆိုဆုံးမပုံလေး **"စိတ္တနိဂ္ဂဟာ"** ဂါထာတွေ ရွတ်ခဲ့ပြီ။

ဒီနေ့ကျတော့ စိတ်ဟာ **"ဣဒ္ဓ မေဝိဉာဏံ ဧတ္တေသိတံ ဧတ္တပဋိဗဒ္ဓံ"** တဲ့။ **"ဝိပဿနာကထာ"**မှာ မြတ်စွာဘုရား ဟောထားတဲ့ စကား။

ဒီစိတ်ဟာ ဒီဓာတ်လေးပါးအပေါ်မှာ မှီတယ်။ ဒီရုပ်အပေါ်မှာ မှီတယ်။ ဒီရုပ်နဲ့စပ်နေတယ်ဆိုတော့ ဆရာတော်ဘုရားကြီးက စုံအောင်

http://www.dhammadownload.com



"ရူပနိဂ္ဂဟာ"လို့ ရုပ်ကိုနှိမ်ပုံကို ရေးထားပြန်တယ်။

ရုပ်ကိုနှိမ်တဲ့နေရာမှာ ပထမရုပ်ရဲ့ အခြေအနေ၊ ရုပ်ရဲ့ဖြစ်ပုံလေးကို ဆရာတော်ဘုရားကြီးက ရေးပါတယ်ဘုရား။

နောက်တစ်ခုက ဘာလဲဆိုတော့ အဲဒီရုပ်ကနေပြီးတော့ လိမ်လည်နေပုံလေးကို ရေးပါတယ်ဘုရား။

အဲဒီ ရုပ်လိမ်မှုကြောင့် သံသရာလည်ပုံလေး ဆက်ရေးပြီးတော့ အခုအခါမှာတော့ ငါ့အလှည့်ရောက်ပြီ မင်းလိမ်လို့ မရဘူး။ လိမ်တာတွေလဲ များခဲ့ပြီ ကြုံးဝါးပြီးတော့မှ ကျင့်ကြံကြိုးကုတ်အားထုတ်မယ်ဟဲ့ ဆိုတဲ့ "ရူပနိဂ္ဂဟာ"နဲ့ ပတ်သက်ပြီး ရေးထားတဲ့ ဆရာတော်ဘုရားကြီးရဲ့ဂါထာကို ရွတ်ဖတ်ပြီးတော့ တပည့်တော်ရဲ့ သင်ခန်းစာကို အပြီးသတ်ပါ့မယ်ဘုရား။

**အနဟာမ္ဟိ အဟံဇာတံ၊ နမယှံ မယှမေဝ၊**

**အနတ္တာပိ အတ္တာဇမ္ဗ၊ ဝိရူပါ ရူပ တေဂတိ။**

ဇမ္ဗရူပ= မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မသာအပုတ်ဟယ်. . . ငါ့ရုပ်၊ တွံ= သင်ရုပ်သည်၊ အနဟာမ္ဟိ= ဘယ်ဂုဏ်သတ္တိ မရှိလုံးလုံး အစွမ်းတုံးသား အသုဉ်းအသွံ အခွန်အကာ ဖြစ်တုံပါ၍ ငါဟု မြှောက်ပင့် မယူသင့်သည် မှန်ပါလျှက်လဲ၊ အဟံဇာတံ= ငါမဟုတ်ပဲ ငါနှင့်မခြား မကွဲပြားအောင် အထင်လွဲအောင် ငါယောင်ငါဟန် ငါသန္တာန်ဖြစ်အောင် နင်ကားပြုလုပ်၍ နေဘိ၏။

နမယှံ= ငါနှင့်မဆိုင် ငါပိုင်ဥစ္စာ မဟုတ်ပါပဲလျှက်၊ မယှမေဝ= ငါ့ရုပ် ငါ့ဟန် ငါ့သန္တာန်ဟု သညာဖောက်ပြား အယူမှားအောင် နင်ကား ပြု၍နေဘိ၏။

http://www.dhammadownload.com



အနတ္တာပိ= ကိစ္စအစု ဘာတစ်ခုမျှ ပြုစွမ်းမှုစွမ်း မြူခြမ်းတစိ မရှိပါဘဲ အဖြုန်းအဖျင်း ဖြစ်ပါလျှက်လဲ၊ အတ္တာ= အကယ်အကယ် အားကိုးဖွယ်လျှင် အကယ်ခိုင်မြဲ အနှစ်ပဲဟု စွဲလန်းမှောက်မှား အထင် ကြွားအောင် နှင်ကားပြု၍ နေဘိ၏။

တေ= သင်ရုပ်၏၊ ဂတိ= လိမ်လည်ညစ်တုံ့ ဖြစ်ပုံအလား အမူသွားသည်၊ ဝိရူပါ= သဘောမမှန် ထူးထွေဟန်ဖြင့် ဖောက်ပြန် ဆန်းပြားလှ၏တကား။

**ဧဝ ဝိရူပ ရူပဿ၊ အမိုဘူတဿ ဝေရိနော။**

**ဟိတံ တေမေ ဝဟန္တဿ၊ ကပ္ပါနေကေ ဝိသီဒယုံ။**

ဧဝံ ဝိရူပ ရူပဿ= သို့စဉ်ကလောက် အမြင်မှောက်အောင် ဖောက်ပြန်ဆန်းပြားသော သဘောရှိသော၊ အမိုဘူတဿ= ငါမဟုတ်ပဲ ငါ့ရုပ်ငါ့ဟန် ငါ့သန္တာန်ဖြစ်အောင် ပြု၍နေသော၊ ဝေရီနော= ငါ၏ရန်သူ ကြီး စင်စစ်ဖြစ်သော၊ တေ= သင်ရုပ်၏၊ ဟိတံ= ကျွေးရေးမွေးရေး ငွေကြေးဥစ္စာ ရရာရကြောင်း ဆိုးကောင်းယုတ်မြတ် အရပ်ရပ်စီးပွား မှုဝန်များကို၊ ဝဟန္တဿ= မလွှဲသာ မရှောင်သာ ဆောင်ရွက်ခဲ့ရသော၊ မေ= ငါ့အား၊ အနေကေ= များစွာကုန်သော၊ ကပ္ပါ= အနတမဂ္ဂ စက်သံသရာ ကပ်ကမ္ဘာတို့သည်၊ ဝိသီဒယုံ= နစ်ဆုံးမျောပါးခဲ့ကုန်ပြီ။

**အလံ တွံ ဒါနိဇာနမိ၊ အန္တရံ မမ အာဂတံ။**

**ဗုဒ္ဓပ္ပါဒေါစ မေလဒ္ဓေါ၊ သဒ္ဓမ္မော အဇ္ဇ ဒိဗ္ဗတိ။**

ဇမ္ဗူရူပ= ပိုးမျိုးရှစ်ဆယ် မှီတွယ်သွားလာ အိမ်သာပြုလုပ် ဟယ် . . ငါ့ရုပ်၊ ဒါနိ-ဣဒါနိ= ယခုအခါ၌၊ တွံ= သင်သည်၊ အလံ= တန်ပါတော့၊ အဟံ= ငါသည်၊ ဇာနာမိ= သင်တမူကား ရန်သူကြီးဟု ငါသိ၏။ မမ= ငါ၏၊ အန္တရံ= အလှည့်အခွင့်သည်၊ အာဂတံ=

http://www.dhammadownload.com



ဆိုက်ရောက်လာပြီ။ ဗုဒ္ဓုပ္ပါဒေါ= ဘုရားပွင့်ရာ အခါကောင်းကြီးကို၊ မေ= ငါသည်၊ လဒ္ဓေါ= ရအပ်ပြီ။ သဒ္ဓမ္မော= ပရိယတ် ပဋိပတ် ပဋိဝေဓ ဟုဆိုအပ်သော သုံးရပ်သော သာသနာတော်မြတ်သည်၊ အဇ္ဇ= ယနေ့၊ ဒိပ္ပတိ= သူရိယာဆယ်စင်း ရောင်စုံကျင်းသို့ ထွန်းလင်းသောအခိုက် ကြုံခဲ့လေပြီ။

**ဟန္ဒတံ သိက္ခာပေဿာမိ၊ ပရဘောဂ ဝိမောဟက။**

**ယံမံတွံ အမှဝေသေန၊ စိရံ ခိန္နတ္တမာနယိ။**

ပရဘောဂ= ပိုးမျိုးအပေါင်း သိန်းပေါင်းများစွာ ခန္ဓာတစ်ပါး တို့၏ အစာမှီတင်းရာ နေအိမ်ဖြစ်ထသော၊ ဝိမောဟက= အရိယာ မျက်စိ မရှိတတ်သူ အများလူကို ဖောက်ပြန်စေတတ် တွေဝေ စေတတ်သော ဟယ် . . ငါ့ရုပ်၊ တွံ= သင်သည်၊ အမှဝေသေန= ငါမဟုတ်ပဲ ငါရုပ်ငါယောင် မှီစွာဆောင်သဖြင့်၊ စိရံ= အနမတဂ္ဂ စက်သံသရာ ရှည်မြင့်ကြာသော ကာလပတ်လုံး၊ မံ= ငါ့ကို၊ ခိန္နတ္တံ= နင့်အရေးကြောင့် အေးကာပူကာ မနေသာပဲ ဖွေရှာလုပ်ကြံ တရံမကင်း ပင်ပန်းခြင်းသို့၊ အာနယိ= သွေးဆောင်ခဲ့ပြီ။ တံ= သင်ရုပ်ကို၊ ဟန္ဒ= ယခု၊ သိက္ခာပေဿာမိ= တံတိုင်းသီလ အဖွဲ့တ္တထောင် နှောင်ကြိုးသတိ ဝီရိယကြိမ်ချက် နာနာနှက်၍ ရက်ရက်ကြီးဆုံးမ ယဉ်ကျေးအောင် သင်ပြကျင့်ကြံပေအံ့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ (၅.၅.၂၀၀၇)**

အာနာပါနအပွနာစျာန်လေးပါးကို ရပြီးမှ ဉာဏ်စတုက္က အစီအရင်သို့ တက်၍ အားထုတ်မှုကို ပြဆိုကုန်၏။

ပါဠိ အဋ္ဌကထာ နည်းအတိုင်း ပြောမယ်ဆိုရင် အာနာပါန ဆိုတဲ့အတိုင်း နီဝရဏတွေ ကင်းကွာအောင် တပည့်တော်တို့ အားထုတ်ခဲ့ကြတာ ဒီနေ့ (၄)ရက်။

မိမိတို့ရဲ့စိတ်ကလေးဟာ စောစောတုန်းက ရေခွက်ကလေး ထဲမှာရှိတဲ့ ရေ၊ ရောင်စုံဆိုးထားမယ်ဆိုရင် မျက်နှာရိပ် မျက်နှာကဲကို ရေမှန်ကြည့်ဖို့ မလွယ်ပါဘူး။

ခွက်ကလေးထဲ ထည့်ထားတဲ့ ရေရောင်စုံဆိုးတာ မဟုတ်ပဲနဲ့ ပွက်ပွက်ဆူနေမယ်ဆိုရင်လဲ မမြင်ပါဘူး။ ပွက်ပွက်ဆူနေရင်လဲ မမြင်နိုင်ပါဘူး။ နောက်ကျုနေမယ် ဆိုရင်လဲ မမြင်နိုင်ပါဘူး။ လှိုင်းတွေ ထနေရင်လဲ မမြင်နိုင်ပါဘူး။ မျက်နှာရိပ် မမြင်နိုင်ပါဘူး ဘုရား။ သို့မဟုတ် ရွှံ့ညွန်တွေ လွှမ်းနေရင်လဲ မမြင်နိုင်ပါဘူး။

အဲဒီလိုပဲ နီဝရဏရောင်စုံဆိုးတာလဲ ပျောက်၊ ပွက်ပွက်ဆူနေတာလဲ ပျောက်၊ နောက်ကျုလှိုင်းထ ရွှံ့ညွန်တွေ ပျောက်ပြီးတော့ ရေခွက်ကလေးထဲမှာရှိတဲ့ရေဟာ ကြည်လင်ပြီးတော့ နေမယ်ဆိုရင် တော့ ရေမှန်ကြည့်တဲ့အခါ မိမိရဲ့မျက်နှာရိပ် မြင်နိုင်ပါတယ်ဘုရား။

မိမိရဲ့ မျက်နှာရိပ်မြင်နိုင်သလိုပဲ။ မိမိတို့သန္တာန်မှာဖြစ်တဲ့ ပရမတ်တရား ဓာတ်တရားတွေကို ကြည့်တဲ့နည်းနဲ့ ကြည့်ပါ။

ရေကြည်ပြီးတော့ ငြိမ်နေရင် ရေမှန်ကြည့်လို့ရသလို မိမိတို့ သန္တာန်မှာရှိတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေကို ဉာဏ်နဲ့ ကြည့်ကြ ရမှာပါ။

http://www.dhammadownload.com



အဲဒီတော့ ဒီ (၄)နံပါတ်ဖြစ်တဲ့ ကျင့်စဉ်နဲ့ အကယ်၍များ အပ္ပနာစျာန်ဖြစ်တဲ့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဆိုက်ရင် အလွန်ကောင်းပါတယ်။

ဆိုက်ပြီးဆိုကြပါစို့။ ဆိုက်ပြီဆိုမှ ဝိပဿနာကူးရင် အထွဋ်အထိပ် အကောင်းဆုံးပါပဲ။

အကယ်၍ အပ္ပနာစျာန်သို့ မဆိုက်မူပဲ ဥပစာရစျာန်မှ တက်မယ်ဆိုရင်လဲ ရတယ်။

(၅) အော် . . . အနုဗန္ဓနာအခန်းမှာ တက်ရင်လဲ ရပါ၏။ အဋ္ဌကထာနည်းအရ။

(၆) ထိုထို၌၌ လှုပ်ရှားပြေးသွားသော စိတ်ဝိတက်၏ ငြိမ်းခြင်းသို့ ရောက်ပြီးသော ဂဏနာအခန်းမှာလည်း ဝိပဿနာသို့ တက်ရပါ၏။

စိတ်ကလေးငြိမ်၊ ဝိတက်ငြိမ် "**အာနာပါန အလျှော်ကျ မောဟ ဝိတက်သာ**" ဆိုတဲ့အတိုင်း အာနာပါနက မောဟနဲ့ ဝိတက်ကို ပပျောက်စေတာ။

အထူးသဖြင့် ဝိတက်ပပျောက်အောင် အားထုတ်ပြီး စိတ်အကြံအစည်၊ စိတ်ရဲ့အနေအထား ငြိမ်သက်အောင် အားထုတ်ပြီးတော့ ဝိပဿနာတက်နိုင်ပါတယ်။

ဝိပဿနာသို့ တက်တဲ့အခါမှာ-

(၁) ဤအာနာပါန အာရုံနှင့်ဖက်တွဲ၍ တက်နည်း၊

(၂) အာနာပါနရှုမှုကို ဥပစာရကိစ္စမျှ ပြုလုပ်၍ ခန္ဓာငါးပါး စသည်တို့တွင် အလိုရှိရာ သင်္ခါရဓမ္မကိုယူ၍ တက်နည်း ဟူ၍ နှစ်ပါးရှိ၏။ အကုန်လုံးခြုံပြီး ပြောတဲ့နည်းပါဘုရား။

http://www.dhammadownload.com



ဝိပဿနာတက်တဲ့အခါ အခုတပည့်တော်တို့ ရိပ်သာများမှာ အခုတက်နေတဲ့နည်းဟာ စာမျက်နှာ (၅၁)မှာ -

(၁) ဤအာနာပါနအာရုံနှင့် ဖက်တွဲ၍ တက်နည်း၊

အာနာပါန ရှုမှတ်မှုကတော့ မကင်းပါဘူးဘုရား။ အဲဒီ အာနာပါနရှုမှတ်မှုနှင့် ဖက်တွဲပြီးတော့ တက်တဲ့နည်း။

(၂) အာနာပါနရှုမှုကို ဥပစာရကိစ္စမှု ပြုလုပ်၍ ခန္ဓာငါးပါး စသည်တို့တွင် အလိုရှိရာ သင်္ခါရဓမ္မကို ယူ၍တက်နည်း ဟူ၍ (၂)ပါး ရှိပါတယ်။

ကမ္မဋ္ဌာနာစရိယများက ဒီ(၂)နည်းထဲက တစ်နည်းနည်း အသုံးချပြီး သွားမှာပါပဲ။ ဤသုတ္တန်ပါဠိတော်၌-

**အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။**

**အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။**

ဟူ၍ အာနာပါနအာရုံနှင့် တွဲဖက်၍ တက်နည်းသည်လာ၏။

တိုက်ရိုက်မြတ်စွာဘုရား ဝိပဿနာတက်ထားတာ လာပါတယ်။ ပါဠိတော်ရဲ့ အဓိပ္ပါယ်က-

**"ထွက်သက်လွှတ်မည်ပြုသည်ရှိသော် အမှတ်တမဲ့ မလွှတ်မူ၍ အနိစ္စထင်အောင် ရှု၍လွှတ်မည်ဟု လွှတ်တိုင်း လွှတ်တိုင်း အနိစ္စ မနသိကာရ ရှေ့သွားမြဲစေရာ၏"**ဟူလိုသည်။

အနိစ္စ မနသိကာရ- အနိစ္စမြင်ပြီ ဆိုရင်တော့ ဒုက္ခလဲ မြင်သွားတာ၊ အနတ္တဉာဏ်ကလဲ ပေါက်ရောက်သွားတာပဲ။

ဤကား ထိုပါဠိတော်၏ တိုက်ရိုက်အဓိပ္ပါယ်တည်း။

တပည့်တော်တို့ ကမ္မဋ္ဌာနာစရိယများက တိုက်ရိုက်ဝိပဿနာ ကူးနည်းလေးအတိုင်း နေ့လယ်ပိုင်းမှာ ပြပြီးတော့ မြတ်စွာဘုရား

http://www.dhammadownload.com



ကိုယ်တော်တိုင် ပေးတဲ့နည်းအတိုင်း အားထုတ်ကြဖို့ ဖြစ်ပါတယ်။

ဝိပဿနာအလုပ် တည်ထောင်မှုသည်-

၁။ ရုပ်ကို အစပြု၍ တည်ထောင်မှု၊

၂။ နာမ်ကို အစပြု၍ တည်ထောင်မှု ဟူ၍ နှစ်ပါးရှိ၏။

ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့ တက်လိုမူကား ထွက်သက် ဝင်သက်ဟူသော ရုပ်ကို အစပြု၍ တည်ထောင်ရာ၏။ အဘယ်ကြောင့်နည်းဆိုသော် ထိုအခန်း၌ ထွက်သက် ဝင်သက် ဟူသော ရုပ်သည်သာလျှင် ဉာဏ်၌ထင်ရှားသေးသောကြောင့်တည်း။ အနုဗန္ဓနာအခန်းမှ တက်ရာ၌လည်း ထို့အတူပင်တည်း။

ဒါကတော့ တပည့်တော်တို့ ဟိုမှာ မသင်ကြားသေးတဲ့ စကားလေးတွေပါပဲ။ တပည့်တော်တို့ ထွက်သက် ဝင်သက်ဟူသော ရုပ်သည် ဉာဏ်၌ ထင်ရှားတယ်။

ထွက်သက် ဝင်သက် ရုပ်ထင်ရှားတယ်ဆိုတာ ပထမ (၄)ရက် တိုင်တိုင် အားထုတ်လာတဲ့နည်းဟာလဲ ရုပ်ထင်ရှားမှု ဝါယောရုပ်ရဲ့ ထင်ရှားမှုဟာ ဉာဏ်ထဲမှာ အင်မတန်ပေါ်လွင်ပါတယ်ဘုရား။

ထမနာနှစ်ခန်းတွင် ဥပစာရသမာဓိအခန်းသည်-

(၁) ဝေဒနာနုပဿနာခန်း၊

(၂) စိတ္တာနုပဿနာခန်း ဟူ၍ (၂)ပါးရှိ၏။

(၁) **ပီတိပ္ပဋိသံဝေဒီ၊ သုခပ္ပဋိသံဝေဒီ** ခိုသော ဒုတိယစက္ကသည် ဝေဒနာနုပဿနာခန်း မည်၏။

ဆရာတော်များ အားထုတ်ကြတဲ့အခါ ထင်ရှားတာလေးကို အခြေခံပြီးတော့ ရှုကြည့်တဲ့နည်းလေးတွေဟာလဲ ဝိပဿနာခန်းမှာ ပါဝင်ပါတယ်ဘုရား။

http://www.dhammadownload.com



(၂)စိတ္တပ္ပဋိသံ ဝေဒီ ချီသော တတိယစတုက္ကသည် စိတ္တာနုပဿနာခန်း မည်၏။

ဝေဒနာကမ္မဋ္ဌာန်း ရှုတော့မယ်ဆိုရင် ဒုတိယစတုက္က၊ စိတ္တာနုပဿနာကမ္မဋ္ဌာန်း ရှုတော့မယ်ဆိုရင် တတိယစတုက္က။

ဝေဒနာခန်းမှ ဝိပဿနာလမ်းသို့ တက်လိုသော် ဝေဒနာဟူသော နာမ်ကိုအစပြု၍ တက်ရမည်။

စိတ္တာနုပဿနာခန်းမှ တက်လိုသော် စိတ်ဟူသော နာမ်ကို အစပြု၍ တက်ရမည်။

အပ္ပနာသမာဓိမှ တက်ရာ၌ကား ဝေဒနာစိတ္တတို့ကိုသော်လည်းကောင်း၊ မိမိရအပ်ပြီးသော ဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကိုသော်လည်းကောင်း အစပြု၍ တက်ရမည် ဆိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ မှာကြားချက်တွေဟာ အင်မတန်ပြည့်စုံပါတယ်။

စာမျက်နှာ (၅၂) ဝိပဿနာလမ်းဖွင့်နည်း။

ယခုအခါ၌ အစဆုံးသော ဂဏနာခန်းမှ ရုပ်ကိုအစပြု၍ ဝိပဿနာလမ်းဖွင့်နည်းကို အကျဉ်းမျှပြဆိုပေအံ့။

ရှေး၌ ပြဆိုပြီးသည့်အတိုင်း ဂဏနာခန်းပြီးသည့်နောက် အနုဗန္ဓနာခန်းသို့ တက်ခွင့်ဆိုက်သောအခါ ထိုအနုဗန္ဓခန်းသို့ မလိုက်မူ၍ **"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"** ဟူသော စတုတ္ထစတုက္က အရ အနိစ္စဝိပဿနာခန်းသို့ တက်ရ၏။

ဂဏနာခန်း၌ ပြီးစီးသော ခဏိကသမာဓိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။ ထားပုံကား-

ဝိပဿနာအလုပ်ကို လုပ်သောသူသည် လူဖြစ်ခဲ့၍ တစ်နေ့လုံး တစ်ညဉ့်လုံးမလုပ်နိုင်ရှိသဖြင့် တစ်နေ့တစ်ညဉ့်အဖို့

http://www.dhammadownload.com



(၂၄)နာရီ ရှိသည်တွင် (၄)နာရီတန်သည်၊ (၃)နာရီတန်သည် အချိန် အမှန်ထား၍ အားထုတ်ရမည်။

အလုပ်ခွင်သို့ ဝင်တိုင်းဝင်တိုင်း စိတ်ဝိတက်ကို သုတ်သင် ခြင်းငှာ ရှေးဦးစွာ အာနာပါနသတိ ဝင်စားရမည်။

ဒါတပည့်တော်တို့ ဝိပဿနာအားထုတ်တော့မယ်ဆိုရင် ညွှန်ကြားချက်က အာနာပါနသတိ ဝင်စားရမယ်။

စိတ်ဝိတက်ငြိမ်သောအခါမှ ဝိပဿနာ မနသိကာရကို အားထုတ်ရမည်။

ဒီမှာတမ်းလေးကလဲ အရေးကြီးပါတယ်ဘုရား။ ဝိပဿနာ မနသိကာရ ထမြောက်၍ မဂ်ဖိုလ်သို့ ရောက်ပြီးသည့်တိုင်အောင် ထိုအာနာပါနသတိကို မလွှတ်ရပြီ။ ဖိုလ်ကို ဝင်စားသောအခါ၌ပင် ထိုသတိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။

ဒီနောက်မှ ဝိပဿနာလမ်း၌-

(၁) ဒိဋ္ဌိဝိသုဒ္ဓိ၊
(၂) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊
(၃) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊
(၄) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊
(၅) ဉာဏဒဿနဝိသုဒ္ဓိ၊

ဟူ၍ ဝိသုဒ္ဓိအစဉ် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်အပြား (၅)ပါးရှိ၏။

ထို (၅)ပါးတို့တွင် ထွက်သက်ဝင်သက်၌ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကို ပြဆိုအံ့။

တပည့်တော်တို့ ပထမထွက်သက် ဝင်သက်နဲ့ ရောတည်လာ ပါတယ်ဘုရား။

http://www.dhammadownload.com



**ဓာတ်ကြီး (၄)ပါး ထင်ရှားပုံ**

ထိုထွက်သက်ဝင်သက်၌ ရေဓာတ်၊ လေဓာတ်၊ မြေဓာတ်၊ မီးဓာတ်၊ အဆင်းဓာတ်၊ အနံ့ဓာတ်၊ ရသဓာတ်၊ ဩဇာဓာတ် ဟူ၍ အမြဲအားဖြင့် ရုပ်ဓာတ် (၈)ပါးရှိ၏။

အသံဖြစ်သောအခါ သဒ္ဒဓာတ်နှင့်တကွ ရုပ်ဓာတ် (၉)ပါး ဖြစ်၏။ ထိုတွင် "မြေ၊ ရေ၊ လေ၊ မီး" ဟူသော ဓာတ်ကြီး (၄)ပါးသည်သာ လိုရင်းပဓာနတည်း။

စောစောကပြောတဲ့ အဘိဓမ္မာတရားတွေကို လောကမှာ တွင်ကျယ်အောင် အသုံးချတဲ့နည်း။ လေးနည်းဆိုတဲ့နေရမှာ ဓာတ်ကြီးလေးပါးကို အသုံးချမှုကို အဓိကထား ပြောကြားခဲ့ပါတယ်။

မြေဓာတ်ဆိုသည်ကား ခက်မာမှုကြီယာတည်း။ ခက်မာမှု ဆိုသည်ကား ခပ်သိမ်းသော ရုပ်အဆောက်အဦဟူသမျှတို့၌ အမာခံမှုကို ဆိုလိုသည်။

ထိုအမာခံမှုသည် လွန်ကဲ၍ ခက်မာသောအဖြစ်သို့ ရောက်သော ဝတ္ထုမျိုးတို့၌ လက်နှင့်စမ်းသပ်ထိပါးလျှင် မာသည်ဟု သိသာထင်ရှား၏။ နေရောင် လရောင် စသည်တို့၌ကဲ့သို့ အမာခံအနေမှု၌ တည်မှုကား စမ်းသပ်၍မရ သိမ်မွေ့လှ၏။

နေရောင် လရောင်တို့မှာလဲ ပထဝီဓာတ်ရှိတဲ့သဘော ပြ၏။ ယုတ္တိအားဖြင့်မူကား ဉာဏ်၌ထင်ရှားပါ၏။

ဖွဲ့စေးမှုဟူသော ရေဓာတ်သည် အမာခံဝတ္ထုမရှိခဲ့သော် အဘယ်သို့ဖွဲ့မည်နည်း။

ပူလောင်မှုဟူသော မီးဓာတ်သည် အမာခံမီးစာမရှိခဲ့သော် အဘယ်သို့ စွဲလောင်မည်နည်း။

http://www.dhammadownload.com



မီးဓာတ်၏အရှိန်အဟုန်ဖြစ်သော ကြွရွထောက်ကန်မှု ဟူသော လေဓာတ်သည် အမာခံထောက်ရာကန်ရာ မရှိခဲ့သော် အဘယ်သို့ ကြွနိုင်ရွနိုင်ပါမည်နည်း။

**"ဤကား ယုတ္တိအားဖြင့် ဉာဏ်၌ထင်ရှားပါ၏။"**

**"အဿာသ ပဿာသကာယ"**ဟု ကာယသဒ္ဒါဖြင့် ဆိုရလောက်အောင် အစုအရုံးတစ်ခု ဖြစ်မှုသည် ရေဓာတ်ဖွဲ့စည်းမှုတည်း။

ထွက်သက်ဝင်သက်၌ ပါရှိသော ပူမှုအေးမှုသည် မီးဓာတ်တည်း။ လှုပ်ရှားမှုသည် လေဓာတ်တည်း။ ထွက်သက် ဝင်သက်တိုးထွက်ဝင်သည်ကို လက်နဲ့ခံကြည့် ပထဝီဓာတ် ပေါ်ပါ၏။ ဒါဓာတ် (၄)ပါးပဲ။

ထွက်သက်ဝင်သက်၌ကား လေဓာတ်လွန်ကဲ၏။ ဤထွက်သက်ဝင်သက်၌ ဓာတ်လေးပါးရှိမှု ယုတ္တိကို သဘောကျနိုင်ပါလျှင် တစ်ကိုယ်လုံး၌ သဘောကျနိုင်တော့သည်။

တပည့်တော်တို့ ထွက်လေဝင်လေ၊ ထွက်သက်ဝင်သက် ဆိုတာ ဝါယောဓာတ်လို့ ဝါယောဓာတ်လွန်ကဲတာကို ပြောတာပါ။ အဲဒီအထဲမှာ ပထဝီလဲပါတယ်။ အာပေါလဲပါတယ်။ တေဇောလဲ ပါတယ်။

အဲဒီလို ထွက်သက်ဝင်သက်မှာ ဓာတ်လေးပါးကို အသီးအသီး မြင်နိုင်လျှင် တစ်ကိုယ်လုံး၌ မြင်နိုင်တော့သည်။

ပထဝီဓာတ်လွန်ကဲတဲ့ ဆံပင်၊ မွေးညင်း အစရှိတဲ့ ကောဋ္ဌာသ (၂၀) ရေဓာတ်လွန်ကဲတဲ့ သည်းခြေ၊ သလိပ် အစရှိတဲ့ (၁၂)မျိုး၊ အဲဒီဓာတ်တွေမှာလဲ သဘောကျနိုင်ပါတယ်။

http://www.dhammadownload.com



သဘောကျသည့်အတိုင်း ထွက်သက်ဝင်သက်၌ ဓာတ်လေးပါးကို အသီးအသီး မြင်နိုင်ပါလျှင် တစ်ကိုယ်လုံး၌ မြင်နိုင်တော့သည်။

စိတ်က တည်ကြည်သွားတဲ့အခါ တစ်ကိုယ်လုံး ထွန်းဖောက်ပြီးတော့သာ ကြည့်ပေတော့။

**ကြိယာလေးချက်**

ထွက်သက်ဝင်သက်၌ ခက်မာမှု၊ ဖွဲ့စေးမှု၊ ပူနွေးမှု၊ လှုပ်ရှားမှု ဟူသော ကြိယာလေးချက်သည်သာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

အဲဒီ ပရမတ်ကို မြင်အောင်ကြည့်ရမှာ။ **"တရားပျောက်ကိုရှာ၊ တရားရှာကိုယ်မှာတွေ့"**၊

ဘာကိုတွေ့သလဲ။ **"ပရမတ်မမြင် ဓာတ်မမြင်၊ ပရမတ်မြင်မှ ဓာတ်မြင်"**။ **"ပရမတ်မမြင် တရားမမြင်၊ ပရမတ်မြင်မှ တရားမြင်"**။

ပရမတ်မမြင်လို့ရှိရင် တရားမြင်တယ်လို့ မခေါ်နိုင်ဘူး။ ခြုံပြီး ကြည့်လို့ ခန္ဓာငါးပါး အနိစ္စ၊ ခန္ဓာငါးပါး ဒုက္ခ၊ ခန္ဓာငါးပါး အနတ္တလို့ မြင်ဖို့ ခက်ပါတယ်။

ဒါကြောင့် အသီးအသီး ထိုလေးချက်ကို ထိအောင် အာရုံပြုသော ဉာဏ်သည်သာ ပရမတ္ထသို့ဆိုက်သော ဉာဏ်မည်၏။

ထွက်လေဝင်လေကို ဓာတ်ခွဲပြီးကြည့်ရတယ်။ ဒါက မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ကြည့်နည်း၊ ရှုနည်းများကို ကမ္မဋ္ဌာနာစရိယများက အသေးစိတ်ကို အရှင်ဘုရားများက ဟောကြားပြသကြမယ်။

http://www.dhammadownload.com



စာမျက်နှာ - ၅၅

သဏ္ဌာယဒိဋ္ဌိဖြစ်ပုံ

ထိုလေးချက်ကို မသိမူ၍ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက်ဝင်သက်ဟု သိမြင်မှတ်သားမှုသည် သဏ္ဌာယဒိဋ္ဌိ လမ်းတည်း။

ဤဒိဋ္ဌိလမ်း၌ကား ထွက်သက်ဝင်သက်၏ အစသည် ချက်တိုင်တည်း။ အဆုံးသည် နှာသီးဖျားတည်း။ အစ၌တစ်ကြိမ်သာ ဖြစ်မှုရှိ၏။ အဆုံး၌ တစ်ကြိမ်သာ ပျက်မှုရှိ၏။ အလယ်၌မူကား အခါခါဖြစ်မှု အခါခါပျက်မှု ဟူ၍မရှိပြီ။ ဝင်သက်၌လည်း ထိုနည်းတူ။ ဝင်သက်၏ အစသည် နှာသီးဖျားတည်း။ အဆုံးသည် ချက်တိုင်တည်း ဟု ဆိုလေ။

ဤကား ပုထုဇဉ်တို့ စိတ်၌ အရိုးစိုက်၌နေသော ဒိဋ္ဌိမှုတည်း။ သမထပိုင်းတုံးက ဒီလို ရှုခဲ့ကြ၊ ဒါမမှန်သေးဘူး။

ထွက်သက်ဝင်သက်၌ ဤဒိဋ္ဌိအရိုးစိုက်ကြီး ပျောက်ကွယ်လေအောင် ထိုထွက်သက်ဝင်သက်၌ပင် သုတ်သင်ရာ၏။

ဒီပြင်အရာတွေ အသာထားအုံး ထွက်လေဝင်လေမှာ သဏ္ဌာယဒိဋ္ဌိ ဖြစ်နေတာကို သုတ်သင်ပါဦး။ ဘယ်လို သုတ်သင်မလဲ။

## သဏ္ဌာယဒိဋ္ဌိ သုတ်သင်ပုံ

ဘယ်လို သုတ်သင်ရာသနည်းဟူမူကား အသီးအသီး ခတ်အမှုကြီးလေးပါးကို ဉာဏ်စိုက်မိ ၍ ပရမတ္ထဓမ္မ အမြင် ပေါက်သော အခါ၌ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက် ဝင်သက်ဟု သိမြင် မှတ်ထင်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည်

http://www.dhammadownload.com



ထိုဉာဏ်ကို ဝင်စား၍ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ကွယ်ပျောက်လေ၏။ အရှည်အတို သဏ္ဌာန် ဟူ၍မရှိ။ ထွက်သက်ဝင်သက်ဟူ၍ပင် မရှိ။

ဓာတ်အမှုန်ကြီး လေးပါးသည်သာရှိ၏ဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

ထွက်သက်ဝင်သက်မှ ကြွင်းသော ဆံပင်၊ မွေးညင်း အစရှိသော တစ်ကိုယ်လုံးမှာလည်း အတိုအရှည် အစရှိသော တစ်ကိုယ်လုံးမှာလည်း အတိုအရှည် အစရှိသော ဒြပ်သဏ္ဌာန်အနေနှင့်ကား ဆံပင်တည်း၊ ဤကား မွေးညင်းတည်း အစရှိသည်ဖြင့် သိမြင်သတ်မှတ်၍ နေကြသော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိကြ၏။

ဓာတ်အမှုန်ကြီးလေးပါးသည် အသီးအသီး ရှိကြ၏။ ထိုဆံပင် မွေးညင်း အစရှိသော တစ်ကိုယ်လုံးမှာလည်း ဓာတ်အမှုန်ကြီးလေးပါး ဉာဏ်အမြင်ပေါက်သည်ရှိသော် သဏ္ဌာန်အသီးအသီးနှင့် ဆံပင်၊ ဆံပင်ဟု သိမြင်ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍နေသမျှ ကာလပတ်လုံး ကွယ်ပျောက်လတ့်။ ဆံပင်ဟူ၍ မရှိမှု ထင်ရှားလတ့်။

ထိုသို့ ထင်ရှားသောအခါ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။ မွေးညင်းစသော တစ်ကိုယ်လုံး၌လည်း ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိကြပုံ၊ ဓာတ်အမှုန်ကြီးလေးပါး အသီးအသီး အမြင်ပေါက်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိ အသီးအသီးဖြစ်ပုံကို ဆံပင်နည်းတူ သိလေ။

ဆံပင်ဆိုတာ ပါဠိလို ကေသာ၊ အင်္ဂလိပ်ကအခေါ် တစ်မျိုး၊ မွန်၊ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ အခြားလူမျိုးတွေကလဲ မေးလိုက်ရင် တစ်မျိုးစီ ပြောတယ်။ သူ့သင်္ကေတနဲ့သူ ပြောတာ။ ဦးကြည်၊

http://www.dhammadownload.com



ဒေါ်ကြည်၊ ဦးဖြူ၊ ဒေါ်ဖြူ စသည် ခေါ်ဝေါ်နေကြတာ။ ပညတ်က မသေချာဘူး။

ပထဝီ-၂၀၊ အာပေါ-၁၂၊ တေဇော-၄၊ ဝါယော-၆၊ စုစုပေါင်း-၄၂ မျိုး။ များသောအားဖြင့် အသိများပြီးနေတာက (၃၂) ကောဋ္ဌာသ တရား၊ တပည့်တော်တို့က ဝါယောဓာတ်အခြေခံပြီးတော့ အားထုတ်ခဲ့တာဆိုတော့ (၄၂)ပုံ။ ဒေသနာတော်ကလဲ (၄၂)ပုံ၊ အဲဒီ (၄၂)ပုံထဲက ဆံပင်၊ တစ်မျိုးထဲကိုပင် အမျိုးမျိုးခေါ်ကြတယ်။

ဆံပင်ကို ကပ်ပြီးမေးလိုက်မယ်ဆိုရင် ဆံပင်လား၊ မဟုတ်ပါဘူးလို့ ဖြေလိမ့်မယ်။ ဒါဖြင့် ဘာလဲလို့မေးရင် ပထဝီပါလို့ နောက်ဆုံး ဖြေလိမ့်မယ်။

ကုသိုလ်လားလို့မေးရင် မဟုတ်ဘူး။ အကုသိုလ်လားမေးရင် မဟုတ်ဘူး။

ဒါဖြင့် ဘာလဲလို့မေးရင် အဗျာကတပါလို့ ဖြေလိမ့်မယ်။ အဗျာကထဲကပါလဲဆိုရင် ရုပ်၊ ဘာရုပ်လဲလို့ဆိုရင် မာတဲ့သဘောရှိတဲ့ ပထဝီလို့ ဖြေလိမ့်မယ်။

ပထဝီတော့ ဟုတ်ပြီ။ သတ္တဝါလား၊ အသက်လားလို့ မေးရင် **"နိဿတ္တ နိဇ္ဇီဝသဘာဝါ"** သတ္တဝါလဲ မဟုတ်ဘူး။ အသက်ဇီဝလဲ မဟုတ်ဘူး။ သဘောလေးမျှပါလို့ ဖြေပါလိမ့်မယ်။

နောက်ဆုံးကျတော့ သဘောလေးပါပဲ။ အဲဒီတော့ ဓာတ်မြင်အောင် ရှုရမယ်။

**"ဓာတ်ပေါ်မှု နာမ်ကရှု"**၊ ဓာတ်ပေါ်မှုကို နာမ်ကရှုရပါတယ်။ တစ်ကိုယ်လုံး ဓာတ်တွေကို ပေါ်အောင် ထင်အောင် ရှုရမယ်။

http://www.dhammadownload.com



ခေတ်ဆိုတာ ဘာလဲ။ မိမိသဘောကို မိမိဆောင်နေတာ ခေတ်၊ ခေတ်ဆိုတာ သဘော၊ သဘောဆိုတာ သတ္တာ အသက်မှ ကင်းတဲ့ သုညပါပဲ။

## သုညဆိုက်အောင်ကြည့်

ဒါကြောင့် ယောဂီသူတောစင်များ တဖြည်းဖြည်း တဖြည်းဖြည်း နက်ရှိုင်း နက်ရှိုင်းလာတဲ့ သာသနာ့ကျင့်စဉ်။ ယနေ့ ဝိပဿနာ အပိုင်း ရောက်ရှိပြီး မိမိတို့ အစဆုံးပျိုးထောင် လာတဲ့ ထွက်လေ ဝင်လေ ပညတ်။ အဲဒါဟာ ပရမတ္ထသစ္စာနဲ့ပြောရင် ဝါယောရုပ်၊ သူ့ရဲ့ သဘောလေးက တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။ တွန်းကန် လှုပ်ရှားတဲ့ သဘောလေးကို မြင်အောင်ကြည့်။ အဲဒီ တွန်းကန် လှုပ်ရှားတဲ့ သဘောလေးကို အနတ္တာနုပဿနာ ဝါယောရုပ်ကို "အနတ္တ"ဟု အဖန်ဖန်ရှုပွားပြီး သုညဆိုက်အောင် ကြည့်ရမယ်။

**သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။**

**ဧဝံ လောကံ အဝေက္ခန္တံ - မစ္စုရာဇာ နပဿတိ။**

မောဃရာဇ= ချစ်သား မောဃရာဇ၊ လောကံ= လောကကြီး ကို၊ လောကံ= ရုပ်လောက နာမ်လောကကို၊ သုညတော= သုညဆိုက် အောင်၊ အဝေက္ခဿု= ရှုပါလေလော့။ (ရုပ်လောက နာမ်လောကကို မပိုင်မစိုးပုံ သုညဆိုက်အောင် ရှုရမယ်။) ဧဝံ= ဤသို့၊ လောကံ= လောကကို၊ အဝေက္ခန္တံ= သုညဆိုက်အောင် ရှုသောသူကို၊ မစ္စုရာဇာ= သေမင်းသည်၊ နပဿတိ= မမြင်နိုင်တဲ့။

http://www.dhammadownload.com



**သုညတ ကမ္မဋ္ဌာန်း**

ဒါကြောင့် ဒကာမကြီးတစ်ယောက်က အရှင်နာဂသိန်မထေရ်မြတ်နဲ့ တွေ့တဲ့အခါ "အရှင်ဘုရား တပည့်တော်မ အသက်လည်းကြီးပါပြီ ဘုရား၊ တပည့်တော်မနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းပေးပါ" လို့ လျှောက်ဆိုတော့၊

အရှင်နာဂသိန်မထေရ်မြတ်က သုညတကမ္မဋ္ဌာန်း ပေးတော်မူတာ။ သုညတကမ္မဋ္ဌာန်းဆိုတာ သတ္တ/ဇီဝ မှ ကင်းဆိတ်ပုံ ရှုရတဲ့ ကမ္မဋ္ဌာန်းမျိုး၊ အခုအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းမျိုးပါပဲ။

**ကလေး လူကြီး**

အဲဒီတော့ သုညတကမ္မဋ္ဌာန်း ရုပ်နာမ်တစ်ခုခု အနတ္တမြင်အောင် ကြည့်သဖြင့် သုညဆိုက်အောင် ရှုမှတ်ပွားများပြီးတော့ နေမယ်ဆိုရင် လူကြီးလူကောင်းတွေနေတဲ့ နေနည်းတဲ့။

အရှင်ရေဝတမထေရ်နဲ့ သဗ္ဗကာမိမထေရ်မြတ်တို့ အတူတူနေကြတာ။ အရှင်ရေဝတမထေရ်မြတ်က အသက်တစ်ရာ၊ သဗ္ဗကာမိမထေရ်မြတ်က အသက်တစ်ရာ့နှစ်ဆယ် တစ်ကျောင်းထဲ နှစ်ပါးနေကြတော့-

သက်တော် (၁၂၀)ရှည်တဲ့ သဗ္ဗကာမိမထေရ်မြတ်က အရှင်ရေဝတမထေရ်ကို "ငါ့ရှင် ရေဝတ သင်ဟာ အဘယ်ကမ္မဋ္ဌာန်းနဲ့ အချိန်များများနေပါသလဲ"တဲ့။

**"ကတမေနဝိဟာရေန ဗဟုလံ ဝိဟာရသိ"**= ဘယ်နေနည်းနဲ့ များများနေပါသလဲဆိုတော့ "တပည့်တော် မေတ္တာဘာဝနာနဲ့ များများနေပါတယ်ဘုရား"တဲ့။

http://www.dhammadownload.com



"သြော်-ငါ့ရှင်က ကလေးလိုနေတာကိုး"တဲ့။

"မှန်ပါတယ် ဘုရား၊ တပည့်တော် ကလေးလိုနေသော်လည်းပဲ ရဟန္တာဖြစ်တာတော့ ကြာပါပြီ။ **"စိရ ပတ္တံ အရဟတ္တံ"**= ရဟန္တာဖြစ်တာတော့ ကြာပါပြီတဲ့။

"အရှင်မြတ်ကော ဘယ်လိုနေပါသလဲ ဘုရား"လို့ အရှင်ရေဝတက မေးတော့ သဗ္ဗကာမိမထေရ်မြတ်က-

**"သုညတ ဝိဟာရေန ခေါ အဟံ အာဝုသော ဗဟုလံ ဝိဟရာမိ"**= ရုပ်တွေ နာမ်တွေကို သုညဆိုက်အောင် ပွားများနေတဲ့၊

"ရုပ်တွေ နာမ်တွေ သုညဆိုက်အောင် ပွားများတဲ့ သုညတကမ္မဋ္ဌာန်းနဲ့ အချိန်တွေကို များများအကုန်ခံပြီးနေပါတယ် ငါ့ရှင်"လို့ ဖြေသတဲ့။

အဲဒီလို ဖြေကြားတော့ သက်တော် (၁၀၀)ရှိတဲ့ အရှင်ရေဝတက သက်တော် (၁၂၀)ရှိတဲ့ သဗ္ဗကာမိမထေရ်ကြီးအား-

"မှန်ပါတယ်ဘုရား၊ အရှင်ဘုရားတို့က လူကြီးလူကောင်းတွေနေတဲ့နည်းနဲ့ သုညတကမ္မဋ္ဌာန်းနဲ့ နေဖော်ရကြပါပေတယ်ဘုရား"လို့ ချီးကျူးပြီး အရှင်မြတ်ကြီးကို အလေးအမြတ် ပြုခဲ့ဖူးတဲ့ထုံး ရှိပါတယ်။

ဒါကြောင့် ယောဂီသူတော်စင်အရှင်မြတ်များဟာလည်း ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့ရဲ့ **"ဥပ္ပါဒဝယ"** ဖြစ်စဉ်နဲ့ပျက်စဉ် ဖြစ်ပုံနဲ့ပျက်ပုံ ရှုမှတ်ပွားများပြီးတော့ ထိုရုပ်ဓာတ် နာမ်ဓာတ်တို့ရဲ့ သဘောသဘာဝ အနတ္တသုညဆိုက်အောင် ပွားများပြီး ဝဋ္ဋဒုက္ခ ခပ်သိမ်း ငြိမ်းနိုင်ကြပါစေသော် ရုပ်နာမ်တို့ကို အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုပွားသဖြင့် ရရှိအပ်တဲ့ အနိမိတ္တ အမည်ရသောမဂ်၊ ဒုက္ခဟု အဖန်ဖန် ရှုပွားသဖြင့် ရရှိအပ်တဲ့ အပဏိဟိတမည်သောမဂ်၊

http://www.dhammadownload.com



အနတ္တာဟု အဖန်ဖန် ရှုပွားသဖြင့် ရရှိအပ်တဲ့ သုညတအမည်ရသော မဂ်၊ တုန်လှုပ်ခြင်းမရှိတဲ့ဖိုလ်၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်တို့ဟာ မြတ်ဘုရား၏ တရားမြို့တော်ကြီးမှာ တရားစည်းစိမ်ခံစံရာ နန်းအိမ်ဗိမာန်ကြီးများ ဖြစ်၍ အဲဒီ နန်းအိမ်ဗိမာန်ကြီးများ၌ တရားစည်းစိမ်ခံစား ခံစားနိုင်ကြပါစေသော်လို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ ဝိပဿနာတရားစကားကို ဒီမှာပဲ နိဂုံး ချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဘဒ္ဒန္တတေဇနိယ (၄.၅.၂၀၀၇)**

အရှင်မြတ်တို့ဘုရား တရားအားထုတ်ရန်အတွက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ကြိုယာပုတ်တွေကို မျှတအောင် ရယူပြင်ဆင်ပေး တော်မူကြပါဘုရား။

ကြိုယာပုတ် ပြင်ဆင်ပြီးတဲ့အခါ မျက်လွှာလေးတွေချ၊ မျက်လုံးလေးတွေ မှိတ်လိုက်ပါမယ်။

မျက်လွှာလေးချ၊ မျက်လုံးလေးတွေ မှိတ်လိုက်တယ်ဆိုရင်ပဲ ဆရာတော် သံဃာတော် အရှင်သူမြတ်များနဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ နာရီတွေ မြောက်များစွာ၊ အချိန်တွေ မြောက်များစွာ ယနေ့ လေးရက်မြောက်နေ့ရဲ့ ဒုတိယအကြိမ် အားထုတ်မှုအပိုင်း ရောက်ရှိလို့လာ။

အဲဒီလို နာရီပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ များများ အားထုတ်လာခဲ့တဲ့ ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ နှာသီးဖျား၊ နှာသီးဝအတွင်း မှာ သတိလေးကပ်လာပါလိမ့်မယ် ဘုရား။

သတိဟာ အလွန်အင်မတန် အရေးကြီးပါတယ်။ ဘုရား တပည့်တော်တို့ လောကထဲမှာ ပြောနေကြစကားပါပဲ။

စားသတိ၊ သွားသတိ၊ လာသတိ၊ နေသတိ၊ ထိုင်သတိ၊ သတိရှိမှ စားတဲ့အခါမှာ ကြည့်လိုက်၊ အစားမတော်ရင် တစ်လုပ်၊ အသွားမတော်ရင် တစ်လှမ်း။

လမ်းတစ်ခုသွားတယ်။ အမှုမဲ့ အမှတ်မဲ့ သတိလွတ်ပြီး သွားမယ်ဆိုရင် ချိုင့်ထဲကျမယ်။ ခြေထောက်ကျိုးမယ်၊ လက်ကျိုးမယ်၊ သတိမထားလို့ပါ။

http://www.dhammadownload.com



အဲဒီတော့ ဒီသတိဟာ အရေးကြီးပါတယ်ဘုရား။ လောကထဲမှာ ဆောင်ရွက်လုပ်ကိုင်နေတဲ့ စီးပွားရေး အစရှိသည် သတိလေးပါ နေရတယ်။ သတိလေးထိန်းပေးရတယ်။ သတိပါနေမယ် ဆိုရင်လဲ အဲဒီလုပ်ငန်းဟာ အမှားဆိုတာ မရှိပါဘူး။ ရှိတောင် အနည်းအကျဉ်းပါပဲ။

မီးဖိုချောင်မှာ ထမင်းဟင်း ချက်ပြုတ်တဲ့အခါမှာ အရေးကြီး တာက ဆားပါ။ ဆားမပါရင် ဟင်းလျာအရသာ မရှိသလို လေးနက်မှု မရှိသလို။

ဒါကြောင့် **"စားသောက်ဖွယ်ရာ ဆားမပါ၊ စားပါသော် လည်း ပေါ့ပျက်ပျက်"၊ "သတိမပါ အလုပ်မှာ လုပ်ပါသော်လဲ အားမတက်"။**

လုပ်ငန်းကိစ္စမှန်သမျှ လောကီ၊ လောကုတ္တရာ လုပ်ငန်း မှန်သမျှ သတိမပါတဲ့အလုပ်ဟာ အားမတက်ပါဘူးဘုရား။

ဆိုကြပါစို့ ယခုသမာဓိရပြီး စိတ်ငြိမ်အောင် အားထုတ်နေကြ တာ။ အကယ်၍ သတိလွတ်နေမယ်ဆိုရင် စိတ်စွမ်းအားတွေ မြင့်မား မလာပါဘူးဘုရား။ စိတ်စွမ်းအားတွေ တက်မလာပါဘူး။

လောကလုပ်ငန်းတွေမှာလဲ ဒီလိုပါပဲ။ တွင်တွင်ကျယ်ကျယ်နဲ့ အားမတက်ပါဘူး။ အလုပ်မဖြစ်ပါဘူး။ ဒါကြောင့် သတိဟာ အရေး ကြီးတယ်။

သမထပိုင်းဆိုတော့ ဒီသတိကိုပဲ ပြောကြရမယ်။ ဝိပဿနာ ပိုင်းရောက်ရင် ဉာဏ်နဲ့ပဲ စကားပြောကြရ၊ သမထပိုင်း အာနာပါန လုပ်ငန်းမှာ သတိနဲ့ထိန်းပေးကြရ၊

နှာသီးဖျား၊ နှာသီးဖျား သတိလေးပို့ဆောင်ပြီး သတိနဲ့ အလုပ် လုပ်ကြရတယ်။

http://www.dhammadownload.com



နှာသီးဖျား၊ နှာသီးဝအတွင်းမှာ တက်လာတဲ့သတိလေးနဲ့ ဒီနေ့ (၄)ရက်မြောက်နေ့ သမထပိုင်းကျင့်စဉ် အနေအားဖြင့် ရောက်ရှိလို့လာ။

အရှင်ဘုရားတို့ ပထမနေ့ကျင့်စဉ်၊ ဒုတိယနေ့ကျင့်စဉ်၊ တတိယနေ့ကျင့်စဉ်များကို သဘောပေါက်နားလည်ပြီး ကျင့်ခဲ့ကြပြီ။

ဒုတိယနေ့ကျင့်စဉ်သည် ပထမနေ့ကျင့်စဉ်ကို အခြေခံပါတယ် ဘုရား။

တတိယနေ့ကျင့်စဉ်သည် ဒုတိယနေ့ကျင့်စဉ်ကို အခြေခံပါတယ်ဘုရား။ ဒါကြောင့် ထွက်သက်ဝင်သက်တို့၏ "အစ အလယ် အဆုံး" သုံးပါးလုံး ပိုင်နိုင်ပြီးနောက် ဆရာတော်ဘုရားကြီး အမိန့်ရှိသလို "ကိလမတိ" ပင်ပန်းတယ်။ (၃)ရက်နေ့ကျင့်စဉ်ဟာ ပင်ပန်းတယ်။

အလွန်မတန် ခက်ခဲပါတယ်။ အလွန်မတန် နက်နဲပါတယ်။ အလွန်မတန် သိမ်မွေ့ပါတယ်။ အလွန်မတန် နူးညံ့ပါတယ်။

ခက်ခဲတယ်၊ နက်နဲတယ်ဆိုတာ တကယ်တမ်းကျတော့ မိမိတို့စိတ်ကပဲ ခက်ခဲနေတာပါ။ ကြိုးစားပြီးအားထုတ်ကြမယ်ဆိုရင် ခက်ခဲတာလဲ ပျောက်သွားပါတယ်။ နက်နဲတာလဲ ပျောက်သွားပါတယ်။

ကိုယ်ကြမ်းတမ်းပင်ပန်းရင် ရှုမှတ်မှုကလဲ ကြမ်းတမ်းပါတယ်။ စိတ်နူးညံ့လာရင် တဖြည်းဖြည်း နူးညံ့လာတယ်။ ရှုမှတ်မှုလေးကလဲ တဖြည်းဖြည်း နူးညံ့လာတယ်။

ဒီနေ့ စတုတ္ထနေ့ရဲ့ကျင့်စဉ် တတိယနေ့ အခြေခံပါတယ်။ ထွက်လေဝင်လေတို့၏ "အစ အလယ် အဆုံး" သုံးပါးလုံး ရှုမှတ်ပွားများ အားထုတ်တာ ပိုင်နိုင်ပြီးနောက်၊

http://www.dhammadownload.com



ရှုန့်ရင်းကြမ်းတမ်းတဲ့ ထွက်လေဝင်လေ နူးညံ့အောင် အားထုတ်ရမယ်။

မနေ့က ခက်ခဲတဲ့ကျင့်စဉ်ကို အရှင်ဘုရားတို့ တပည့်တော်တို့ ခဏတာ တစ်နေ့တာ တစ်ရက်တာလေး အားထုတ်မှာစိုးလို့ ဒီကျင့်စဉ်ကိုပဲ ပိုင်ပိုင်နိုင်နိုင် ကြိုးစားအားထုတ်လိုက်မယ်ဆိုရင် ယနေ့ စတုတ္ထနေ့ ကျင့်စဉ်ဟာ ရှုန့်ရင်းကြမ်းတမ်းတဲ့ ထွက်သက်ဝင်သက်တို့ဟာ သိမ်မွေ့ နူးညံ့လာပါလိမ့်မယ်ဘုရား။

ဘယ်လို သိမ်မွေ့သွားတာလဲ။

အရှင်ဘုရားတို့ တပည့်တော်တို့ နှာခေါင်းအတွင်း ဝင်လာတဲ့လေ၊ ထွက်လာတဲ့လေဟာ ဝင်လေလဲ ဝင်သွားမှန်းမသိအောင်၊ ထွက်လေလဲ ထွက်သွားမှန်းမသိအောင် ထွက်လေဝင်လေ ချုပ်ပျောက် မလောက်ဖြစ်နေအောင် အားထုတ်ရမယ်။

ဒါလောက်ဆိုရင် အရှင်ဘုရားတို့ သဘောပေါက်ပါပြီ။ ဘုရား တပည့်တော်တို့ များသောအားဖြင့် စတုတ္ထနေ့ကျင့်စဉ်ကို သိနေကြတာ ဝင်လေရဲ့ ထိချက်သဘော အမူအယာ၊ ထွက်လေရဲ့ ထိချက်သဘော အမူအရာ ဒါတွေကိုပဲ သိနေကြတာ။

ခံစားချက်ကို ယူရင်တော့ ပါဠိတော်နဲ့ ဆန့်ကျင့်နေပါတယ် ဘုရား။

ယနေ့ ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ နည်းစနစ်အတိုင်း ဘုရားတပည့်တော်တို့ရဲ့ ဆရာတော် နံနက်ပိုင်းအချိန်က ညွှန်ကြား ပြသ သင်ကြားမှုတွေ ပေးသွားပါတယ်။

ထွက်သက်ဝင်သက်တို့၏ အစ အလယ် အဆုံး သုံးပါးသုံး ပိုင်နိုင်စွာ ရှုပွားပြီးရင် ခက်ခဲတာကို ပိုင်နိုင်စွာ ရှုပွားလို့ရသွားရင်

http://www.dhammadownload.com



ရှုနိုင်ရင်းကြမ်းတမ်းတဲ့ ထွက်သက်ဝင်သက်တွေ သိမ်မွေ့နူးညံ့သွားပါ လိမ့်မယ်။ အဲလို သိမ်မွေ့သွားအောင် အားထုတ်ရမယ်။

ဘယ်လောက်ထိ သိမ်မွေ့သွားသလဲဆိုရင် ထွက်လေဝင်လေ ရှုမှန်းရှိုက်မှန်း မသိလောက်အောင် အားထုတ်ရမှာ။

**"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ"**

**"ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ"**

ဝင်လေ ထိချက်ရဲ့ ခံစားချက်၊ ထွက်လေ ထိချက်ရဲ့ ခံစားချက် ဆိုရင် ဘုရားတပည့်တော်တို့ ဘာကိုထောက်ထားရမယ်လို့ မသိပါဘူး ဘုရား။

ယနေ့ ရှုမှတ်တဲ့ ကျင့်စဉ်ဆိုရင် ဘယ်ပါဠိကို ထောက်ထား သလဲဆိုရင် ပါဠိတော်ကို ကိုးကားနိုင်ပါတယ်။

ကာယသင်္ခါရံ= ထွက်သက်ဟူသော သင်္ခါရကို၊ ပဿမ္ဘယံ- ပဿမ္ဘယန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျှက်၊ အဿသိဿာမိ= ထွက်သက်ကို လွှတ်ပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

ကာယသင်္ခါရံ= ဝင်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ- ပဿမ္ဘန္တော= အစဉ်အတိုင်း ချုပ်ငြိမ်းစေလျှက်၊ ပဿသိဿာမိ= ဝင်သက်ကို ရှုပေအံ့။ ဣတိ= ဤသို့၊ သိက္ခတိ= အားထုတ်၏။

ထွက်သက် ဝင်သက်တို့ အစဉ်အတိုင်း ချုပ်ငြိမ်းအောင် အားထုတ်ပါလို့ ဆိုလိုတာပါဘုရား။ စတုတ္ထနေ့ကျင့်စဉ်က-

အရှင်ဘုရားတို့ တပည့်တော်တို့ စတုတ္ထနေ့ကျင့်စဉ်မှာ ဇဝေဇဝါ မဖြစ်ရအောင် ဒုတိယနေ့ကျင့်စဉ်သည် ပထမနေ့ကျင့်စဉ်ကို အခြေခံပါတယ်။

http://www.dhammadownload.com



တတိယနေ့ကျင့်စဉ်သည် ဒုတိယနေ့ကျင့်စဉ်ကို အခြေခံပါတယ်။ စတုတ္ထနေ့ကျင့်စဉ်သည် တတိယနေ့ကျင့်စဉ်ကို အခြေခံပါတယ်။

ရုန့်ရင်းကြမ်းတမ်းတဲ့ မှတ်ရတာခက်တဲ့ တတိယနေ့ ကျင့်စဉ်ကို ပိုင်ပိုင်နိုင်နိုင် ရှုပွားလို့ရပြီဆိုရင် သိမ်မွေ့နူးညံ့သွားပါလိမ့်မယ်ဘုရား။

ဒါကြောင့် ကျေးဇူးရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက-

**"သတိမြဲရာ ပထမာ၊**
**ဒုမှာရှည်တိုသိ၊**
**လုံးစုံလင်းရာ တ,၌သာ၊**
**စ,မှာ ငြိမ်းလေဘိ။"**

စတုတ္ထနေ့ စတုတ္ထကျင့်စဉ်မှာ ဝင်လေထွက်လေလေးတွေ ငြိမ်သွားအောင် ငြိမ်းသွားအောင် အားထုတ်တော်မူကြပါဘုရား။

"ပရိကမ်ပြု၍ သိမ်းပါသည်။"

http://www.dhammadownload.com



# Ledī vipassanānaya nāmako paṭipattinayo

Bhaddanta Jāgarābhivaṃso[1]

Amhākaṃ bahūpakāro Ledīmahātheravaro jātiyā paññāsa vassa kāle sīlasikkhāya tiṁsavasse pariyatti sāsanabhumito paṭipatti sāsanabhumiṃ saṅkami. Evaṃ saṅkamanaṃ vesāliyaṃ sannipatita bhikkhu saṃgamajjhe bhagavā etadavoca- "Yete mayā dhammā abhiññā desitā, te vo sādhukaṃ uggahetvā āsevitabbā bhāvetabbā bahulikātabbā, tayidaṃ brahmacariyaṃ addhaniyaṃ assa ciraṭṭhitikaṃ, tadassa bahujana hitāya bahujana sukhāya atthāya hitāya devamanussānaṃ"ti vuttānurūpaṃ.

Athāparaṃ dvīsu dhammavihārī suttesu vuttaṃ "dhamma vihārī lakkhaṇānurūpaṃ ca, athāparaṃ tesuyeva suttesu iti kho bhikkhu desito mahā pariyatti bahulo (pa) dhamma vihārī.

Yaṃ kho bhikkhu satthārā karaṇīyaṃ (pa) ayaṃkho amhākaṃ-anusāsanīti" vuttānurūñca.

Eka Ledīmahāthero sippugga ṇa kāle piṭakavacanāni uggaṇhitvā sāsanakiccaṃ karoti.

[1] Veenrabel Jāgarābhivaṃso is Chairman of Ledi Vipassana meditation tradition in Myanmar. He is a dvipi-*piṭakdhara,* who memorises and passed the written examinations on two piṭakas. He is also one of the Assistant Secretary Generals of the State Sangha Mahanayaka Committte, the highest *sangha* administrative body, in Myanmar. He was conferred on the Aggamahāpaṇḍita title for his elarning, the Aggamahākammaṭṭhānācariya for his meditation teaching.

Dvi Gaṇavācakakāle gaṇānaṃ tepiṭakāni vacanāni vācetvā sāsanakiccaṃ karoti.

Ti Dhammakathikakāle pāḷito vā aṭṭhakathāto vā, uddharitvā dhammaṃ kathetvā sāsanakiccaṃ karoti.

http://www.dhammadownload.com



Catu Dhammalekhanakāle dhammaṃ likitvā satādhika dīpanīpakaraṇāni uppādetvā sāsanakiccaṃ karoti.

Pañca Dhammadesanākāle anto raṭṭhe bahiraṭṭhe ca dhammaṃ desetvā sāsanakiccaṃ karoti.

Cha Samathavipassanāya dassa na kāle samathavi passanānayaṃ das sen.to sāsanaṃ karoti sāsana kammaṃ karoti.

Satta Pucchita pucchitassa dhammassa pucchanakāle pakāsetmrā vissajjitvā sāsanaṃ karoti sāsana kammaṃ karoti.

Aṭṭha Araññaṃ nikkhamitvā vasituṃ yuttakāle sattasu araññaṭṭhānesu vasitvā sāsanaṃ karoti, sāsana kammaṃ karoti.

Nava Araññaṃ nikkhamitvā samathavipassanaṃ ārabhituṃ yuttakāle samathavipassanaṃ ārabhitvā attānaṃ dhammavihāribhāvaṃ pāpetvā sāsanaṃ karoti. Sāsanakammaṃ karoti. "Attadīpā bhikkhave viharathā" tyādi desanānurūpaṃ akāsi.

Paṭipattisāramidaṃ sāsananti daḷhaṃ saddhāya paṭipattipāḷiyo sammasitvā ānāpāna kammathānaṃ pādamūlaṃ katvā vipassanā ārohanamaggaṃ passitvā vīmaṃsitvā tameva pāḷi paṭipattinayaṃ sayaṃ acari, padānamanuyuñji Buddhapāḷito— laddhanayena evaṃ ledīmahātherena caritavipassanānaya bāvato padhānamanuyuñttanatoledī vipassanā nayoti nāmaṃ ahosi. Ledi vipassanākammaṭṭhānanti sāsane ca loke ca pākaṭo, anto raṭṭhe ca bahiraṭṭhe ca pākaṭo pāsāṇacchattaṃ - viya garukato bhikkhu sāmaṇerehi manussehi ca, ledimahāthereṅa pathamaṃ kato dasito abhinavavipassanānayoti pana adhippāyona gahetabbo.

http://www.dhammadownload.com



Mahāsatipaṭṭhāna pāḷiādito vā, visuddhimagga aṭṭhakathā dito vā uddharitvā gahito nayo daḷho avitatho vipassanā nayo eva abhavi.

Imasmiṃ sāsane sabbaññubuddhato aññena kenaci puggalenapi Nibbānamagga kammaṭṭhāna nayo abhinavo ekamattopi uppādetuṃ na sakkā.

Pāḷiyaṃ aṭṭhakathāsu āgatacattālīsa kammaṭṭhāna mūlaka vipassanānayato adhikaṃ visuṃ kammathānaṃ uppādetuṃ na sakkā.

Ekacattālīsa kammaṭṭhānamaṭṭhīti vā, ekacattālīsa kammaṭṭhāna mūlako vipassanā nayo atthīti vā, abhinavaṃ ekaṃ kammaṭṭhānaṃ uddharitvā pakāsetuṃ samattho ahanti yena kenaci vutte Buddhapāvacanato ekaṅgulādhikaṃ kammaṭṭhānameva bhavissati, saccakammaṭṭhānaṃ na bhavissati.

Ledī vipassanānayo nābhinavo na citranayo, Buddha pāvacanāgataporāṇa nayoyeva bhavatīti vattuṁ yuttaṃ.

Taṃ vacanaṃ vitthāretvā vakkhāmi, ledīvipassanānayo nābhinavo na citranayo, pāvacanāgata atisundaranayo, porāṇanayo, ledīmahātherassa hatthaggahito nayo.

Tikkhagambhīra ññāṇānaṃ ñāṇakiccaṃ pattakāle nayasahassehi patthāritvā ñāṇakīḷana ñānahaṃ sanā asaṅkhyeyā anantāyeva honti.

Nanu āyasamā sāriputto. "Ye dhammā hetuppabhavā, tesaṃ hetuṃ tathāgato āhā"ti āyasmato assajit therassa santikā aṭṭhārasa akkhara vantāni dve pādāni sutamatteneva ayaṃ loko bramhunā nim mito, ayaṃ loko ahetuko tyādikaṃ micchādiṭṭhiṃ pahāya vipassanāvidhiṃ ca utvā anupubbasikkhāya paṭipattiyā sotāpatti maggañānaṃ patto.

Nanu āyasamā sāriputta mahatherena buddhapāvacane ekamekaṃ padam ekamekaṃ vākyaṃ passitvā ñāṇakīḷanakāye cūḷaniddesa mahāniddesa paṭisambhidā pakaraṇāni uppādesīti.

http://www.dhammadownload.com



Amhākaṃ bahūpakāro ledīmahāthero Buddhapāvacanāgata paṭipattinayaṃ passitvā ledīvipassanānaya samuṭṭhāpakopi sāriputta aggasāvaka mahātherānuvattako hutvā ñāṇakīḷana samattho pug galavi seso.

Buddhapāvacanamūlakaṃ katvā ānāpānadīpanī, bo dhipakkhiyadīpanī, vipassanādīpanī, ledīmahākammaṭṭhāna pakaraṇa, paṭṭhānuddesadīpanītyādi satādhikassa pa karaṇassa uppādanaṃ, lekhanaṃ ledīmahātherassa ñāṇa kīḷanakiccaṃ.

Tasmā ānāpānapubbaṅgama vipassanāpaṭipat tikkamaṃ ledīmahāthero ādimajjha pariyosānaṃ sammasitvā vīmaṃsitvā ñāṇakīḷanaṃ katvā niccaṃ hatthaggāha paṭipatti kammaṭṭhānaṃ katvā paṭipajji.

Imasmiṃ thāne paṭipattidhammaṃ mahācakkaratha upamāya das setuṃ yuttaṃ.

Ayaṃ paṭipatticakkaratho maggaphaḷa nibbānasam pāpako mahāvego mahabbaloti ekaṃsena saddhindriyassa kiccaṃ, sad dhāba las sa ca.

Tassa paṭipatticakkarat hassa veguppādanaṃ satipaṭṭhāna satindriya satibala satisambojjhaṅgassa kiccaṃ.

Tassa paṭipatticakkarathassa veguppādanakālato paṭṭhāya cakkabala up pādanaṃ sammappadhā na vīriya vīriyindriya vīriyabala vīriyasaṃbojjhaṅgassa kiccaṃ.

Tassa paṭipatticakkarathassa ve guppā danassa acalabhā vena ṭhapanaṃ pana samādhindriya samādhibala samādhisambojjhaṅgassa kiccaṃ.

Evaṃ vegena gatassa cakkarathassa maggaphala nibbāna saṅkhātassa icchita ṭṭhā nassa gamanatthāya abhimukhīkaraṇaṃ sampāpanañca pana paññindriya paññābala dhammavicaya sambhojjhaṅgassa padhāna kiccaṃ.

http://www.dhammadownload.com



Imāyaṃ upamāyaṃ ledīmahāthero ācariyavaro ānāpāna mūlaka vipassanāpaṭipatticakkaratha kusalo sampājako, teneva.

Tipiṭakavidū bhāsantaravidū āyasamā ādiccavaṃso amhākaṃ daharakāle so tu janavaye "nibbānaṃ naṭ ṭhaṃviya dissati. Vīsati satarāsikāle ledīmahātherena dipanīpakāraṇānaṃ katakāle puna pākaṭaṃ. Imasmiṃ marammaraṭṭhe sāsana sam mup pattiyaṃ piṭakapāvacanato nibbānasampāpaka nayaṃ ledīmahāthero eva passitvā patthagataṃ katvā paṭipajjituṃ sakkotīti āsabhīvācaṃ thomanaṃ abhāsī"ti.

Evaṃ ānāpāna pubbaṅgama vipassanā paṭipatticakka mahārathassa sampājaka nayaṃ anāgāmīti pākaṭo ācariyā U Bho Thet tināmako upāsako ācariyamuṭṭhiṃ gahetvā alabhi. Gahaṭṭha ledīkammaṭṭhānācariyo ahosi.

Tato U Ba Khin, U Goenkā, U Chit Tin, U Than ti kamma ṭhānācariyātyādi mahāsissā ca ācariyamuṭṭhiṃ labhitvā ledīkammaṭṭhanā cariyā bahū ahesuṃ.

Atīta vassasatādhika kālato patthāya ledīvipassanā nayo samub bha vī.

Buddhavipassanā nayassa antoraṭṭhe vā bahiraṭṭhe vā vuḍḍhiyā viruḷhiyā vepullāya kātukāmo Sare Sie Thu, U Bha Khin nāmako upāsako verikkhayaraṭṭhe Bahan nagare Kan oo ārāmikaṃ adhipatiṃ ācariyavaraṃ upasaṅkamitvā evaṃ avoca.

"Ahaṃ bhante bhāsantaracheko pacchimaraṭṭhesu buddhassa vipassanānayaṃ vivattanukātukā Katamo vipassanānayo vivaṭaṃ kātuṃ yutto"ti.

KanOo ārāmiko adhipatiācariyavaro evamāha "Imasmiṃ maramaraṭṭhe upāsaka vipassanānayā bahū, tesu vipassanānayesu yaṃ yaṃ vipassanānayaṃ sayaṃ ārabhitvā nandasi,

http://www.dhammadownload.com



taṃ taṃ vipassanānayaṃ hatthagataṃ katvā ācariyamuṭṭhiṃ gahetvā pacchimaraṭṭhesu pattha ratu, vivataṃ karotū"ti.

Upāsako U Bha Khin nāmako KanOo āramikassa adhipati mahātherassa ācariyavarassa ovādaṃ sirasi pag gayha maramaraṭṭhe pākaṭesu tesu tesu kammaṭṭhānaṭṭhānesu vipassanādhammaṃ ārabhitvā dhammaṃ gavesi, dhammaṃ gavesanto vicaranto anāgāmīti vissutassa upāsakassa santike samathavipassanānayaṃ yāci.
Athassa bahūpakāra ācariyavarena Ledīmahātherena ratanā-puñja nagare Kin Wun mahāamaccassa dassita meva vipassanā kammaṭṭhāna nayaṃ sayampi āraddha vipassanā nayaṃ adāsi.
Sovacassatāguṇadharo U Bha Khin nāmako upāsakopi teneva nayena ārabhitvā dhammaṃ passitvā, abhinandi, dhammupadesaṃ alabhi. U Ba Khin nāmako mahākamma ṭṭhānācariro hutvā āgatāgatānaṃ yogīnaṃ Ledīvipassa nānayaṃ adāsi.

Marammaraṭṭhe vārena mahāsammata rājakālo ahosi, tadā marammaraṭṭha mahāsammato Sao Shwe Thaik itināmako ahosi, sokira attano vasanamahāgehe gabbhe gabbhe surāpānaṃthapetvā pivi,kiraekadā so mahāsammato UBaKhin nāmakassa mahākamaṭṭhānācariyassa santike vipassanā nayaṃ yācitvā ārabhi, vipassanaṃ ārabitvā pana na surāpānaṃ pivīti sutapubbaṃ. Aho ratanattayassa ānubhāvo.

So buddhasāsane saddhājāto buddhapāḷipiṭakassa Shan [Syāma] bāsāya parivattanampi kārāpesi, dhammavinayassa vuḍḍhiyā viruḷhiyā vepullāya ussāhaṃ akāsi, anekāni Shan-bāsāya piṭaka potthakāni ahesuṃ, sāsanassamūlakāraṇa karaṇaṃ aho acchariyaṃ.

Mahākammaṭhānācariya U Ba Khinti visutassa mahāupā-sakassa santikā U Goengāti nāmako upāsako ca, U Chit Tin tināmako upāsako ca, Daw Mya Thwin-tināmikā upāsikā ca, Ledīvipassanānayaṃ sutvā na yo padesaṃ alabiṃsu, aññepi

http://www.dhammadownload.com



nayopadesam laddhā Ledīkammaṭṭhānacariyā yathā ācariya muṭṭhiṃ labhanti, tathā ledīvipassanā nayampakāsesuṃ.

Idāni na vutimatta raṭṭhesu asītimatta bhāsantena satta tyādhika satakammaṭṭhānaṭṭhānāni vivaritvā Ledīvapassanā nayaṃ dassesuṃ. Tīṇimāni bhikkhave vivaṭāni virocanti no paṭicchannāni, katamāni tīṇi, caṇḍa maṇḍalaṃ sūriyamaṇḍalaṃ tathāgatappavedito dhammavinayo, vivaṭo virocati, no paṭicchannoti buddhassa desitaṃ sirasi paggayha akariṃsu.

Evaṃ Ledīvipassānayo, bahiraṭṭhe vivaṭo paramparābhatoti.

Bahiraṭṭhesu buddhasāsanassa vivaṭatthāya katasamitiyā amhākaṃ bahūpakāro ledīmahāthero pubbe Dhamma vinayassa vuḍḍhiyā viruḷhiyā vepullāya ga iakāle tepiṭaka vacanāni sahetani gato, adhunā pana evaṃ tehi piṭaka vacanāni gahetvā na gatā tasmā piṭakavacanāni vā amhākaṃ Ledīdīpanī pakaraṇādīni vā nānābhāsāhi muddāpetvā ṭhapituṃ pattharituṃ gahetvā gantuṃ yuttaṃti ovadi.

Evamidaṃ ovādaṃ sirasi katvā ledīvaṃsānurakkhakā MonYwā nagare mahāledī-ārāme navama ledīmahātherap-pamukhā mahātherā buddhassa piṭaka vacani vā buddha desanāya anurūpāni ledīmahāttherena racitāni likhitāni pāḷibhāsāya vā marammabhāsāya vā bhāsantarena vā visodhetvā muddāpetvā antoraṭṭhe vā bahiraṭṭhe vā vivaṭatthāya ledīmahātherassānumatiyā paripūretuṃ katāni, ṭhapitāni, dhammadānāni katāni.

Ledīmahātherena racitāni buddhadesanāya anurūpāni ledī dīpanīpakaraṇāni sekkhya taung-ācariyavarena likhitāni paṇḍitavedaniya pakaraṇādīni ledīkammaṭṭhānā cariyehi ca yogīhi ca paṇḍitehi ca niccaṃ passitabbāni.

Niccaṃ pasitvā vasantānaṃ ācariyavaro ledīmahāthero santike vipasanānayaṃ kathento viya dento viya bhavissati.

Aññepi bahūpakārassa ledīmahātheravarassa ledīdipanī pakaraṇāni hatthato amuñcitvā ledīkammaṭṭhānācariyā viya

http://www.dhammadownload.com



ca, yogīno viya ca, paṇḍitā viya ca garuṃkatvā vipassanā padhānakammāni karothāti uyyojanaṃ.

Ledīmahāthero anekadīpanīpakaraṇa kārako paṭipatti niyatācāro evampi ovadi, jātiyā paññāsavassapattakāle bhikkhū vā manussā vā, yaṃ vā taṃ vā kāraṇaṃ adassetvā (hatthipāda, hatthihatthaṃ a datvā) bhogasampattigavesavanato nikkhamitvā buddhasāsane bhavasampattiṃ gavesituṃ yuttanti.

Athāpi attani pāramīdhammo atthi vā no vāti jānanatthāya samatha vipassanākammaṭṭhānaṃ ārabhitvā vīmaṃsatū tipi ovadi.

Samathavipassanā kammaṭṭhānassa padhānakammakaraṇa kāle sace samādhiṃ labheyya, nāmarūpaṃ tilakkhaṇato passeyya, attani pāramī dhammo atthīti vinicchayaṃ kareyya.

Sace samādhiṃ na labheyya khaṇikasamādhiṃ vā, upacāra samādhiṃ vā, appanāsamādhiṃ vā, na nāmarūpaṃ tilakkhaṇato passeyya'na attani pāramīdhammo atthīti, vinicchayaṃ kareyyāti ādikaṃ ovādaṃ sirasi paggayha ledīkammaṭhānācariyasamitiṃ katvā samathavipassanā kammaṭṭhānagavesanaṭṭhānāni vivaritvā anekesaṃ yogīnaṃ anekā ledīkammaṭṭhānācariyā anto marammaraṭṭhe dassetvā dhammadānaṃ katvā anekā yogino ledīvipassanānayaṃ gahetvā padhānakammaṃ akariṃsu.

Evaṃ bahiraṭṭhe vā antoaṭṭhe vā padhānakammaṃ anekā yogino padhānakammaṃ anuyuñjiṃsu. Evaṃ anto raṭṭhe vā bahiraṭṭhe vā ledīvipassanānayo vivaṭo hutvā dhamma vinayassa vuḍḍhiyā viruḷhiyā vepullāya ahosi.

**Nigamana kathā**

Ekamūlā ekokkhandho,
tato sākhā pabhijjare.
Tato palāsa paṇṇāni,

http://www.dhammadownload.com



evaṃ nānānikāyakā.
Nānācariya bhāvena,
visuṃ visuṃ pabhijjare.
Sogatonatatherānaṃ,
nayaṃ seveyya paṇḍito.
So gataññō natānaṃ tu,
na hi seveyya sajjano.

Ekamūlā ekakkhandho abhavi ekakkhandhato sākhāyo pabhijjare, tato palāsa paṇṇāni pabhijjanti yathā.

Tathā buddhamūlato saṃghakkhandho abhavi, saṃghakkhan dhato aggasāvaka asītimahāsāvakā pakatisāvakā arahanto sākhāyo pabhijjitvā gatāpi eko eva mūlasaṃgho abhavi, buddhasāsanassa pacchimakāle pana asamavāda visamavāda hatthaggāhaka ācariyasaṅkhātā paṭilomā ahesuṃ, mahakkhandha samagga saṃghato nikkhamitvā pabhijjiṃsu, tesaṃ ācariyānaṃ sissānusissā palāsapaṇṇasaṅkhātā nānānikāyā nānāgaṇā ahesuṃ.

Evaṃ pa bhinnakāle sogata onata therānaṃ buddhavacana garukatānaṃ pariyatti paṭipattinayavaraṃ paṇḍito seveyya.

Buddhavacanato aññamicchādhamma onatānaṃ ācariya paṭirūpakānaṃ vacanaṃ punappunaṃ vīmaṃsitvā attano matiyā vuttaṃ abhinavakataṃ paṇḍito na seveyyāti.

http://www.dhammadownload.com



**Marammrathe Sagaingnagare sitagū buddhatakkasilāyaṁ katāyaṁ pāḷibhāsā sākacchā sabhāyaṁ likhitvāu pakāsito Ledīvipassanā naya nāmako paṭipattinayo, taṁ sammuppattiṁ vakkhāmahaṁ**

Amhākaṁ bahupakāro Ledīmahātheravaro jātiyā paññāsavassa kāle sikkhāya tiṁsavasse pariyatti sāsanabhumito paṭipatti sāsanabhumiṁ saṅkami. Evaṁ saṅkamanaṁ vesāliyaṁ sannapatita bhikkhu saṁgamajjhe bhagavā etadavoca. Yete mayā dhammā abhiññā desitā, tevo sādhukaṁ uggahetvā āsevitabbā bhāvetabbā bahulīkātabbā, tayidaṁ brahmacariyaṁ addhaniyaṁ assa cira - thitikaṁ, tadassa bahujana hitāya bahujana sukhāya atthāya hitāya devamanussānaṁ ti vuttānurūpaṁ.

Athāparaṁ dvīsu dhammavihārī suttesu vuttaṁ dhammavihārī lakkhaṇānurūpaṁca, athāparaṁ tesuyeva suttesu itikhobhikkhu desito mahā pariyatti bahulo (pa) dhammavihārī.

Yaṁkhobhikkhu satthārā karaṇīyaṁ (pa) ayaṁkho amhākaṁ-anusāsanītivuttā nuruñca.

Eka - Ledīmahāthero sippuggaṇakāle piṭaka vacanāni ugganhitvā sāsana kiccaṁ karoti.

dvi - Gaṇa vācakakāle gaṇānaṁ te piṭakāni vacanāni vācetvā sāsanakiccaṁ karoti.

Ti - Dhammakathikakāle pāḷitovā, aṭṭhakathātovā, uddharitvā dhammaṁ kathetvā sāsana kiccaṁ karoti.

Catu - Dhammaleharnakāle dhammaṁ likitvā satādhika dīpanīpakaranāni uppādetvā sāsanakiccaṁ karoti.

Pañcca - Dhammadesanākāle anto raṭṭhe bahiraṭṭhesa dhammaṁ desetvā sāsanakiccaṁ karoti.

http://www.dhammadownload.com



Cha - Samathavipassanāya dassanakāle samathavipassanānayaṁ dassento sāsanaṁ karoti sāsanakammaṁ karoti.

Satta - Pucchita pucchitassa dhammassa pucchanakāle pakāsaṁvatvā vissajjitvā sāsanaṁ karoti sāsanakammaṁ karoti.

Aṭha - Araññaṁ nikkhamitvā vasituṁ yuttakāle sattasu arañña ṭhānesu vasitvā sāsanaṁkaroti, sāsana kammaṁ karoti.

Nava - Araññaṁ nikkhamitvā samathavipassanaṁ ārabhituṁ yuttakāle samathavipssanaṁ ārabhitvā attānaṁ dhammavihāribhāvaṁpāpetvā sāsanaṁ karoti. sāsanakammaṁ karoti. Attadīpā bhikkhave viharathā tyādi desanānurūpaṁ akāsi.

Paṭipattisāramidaṁ sāsananti daḷhaṁ saddhāya paṭipattipāḷiyo sammasitvā ānāpāna kammathānaṁ pādamūlaṁ katvā vipassanā ārohanaṁaggaṁ passitvā vīmaṁsitvā tamevapāḷi paṭipattinayaṁ sayaṁacari, padāna manuyuñji. Buddhapāḷito... laddhanayenaevaṁ ledīmahātherena caritavipassanānaya bāvato padhānamanuyuttato ledī vipassanānayoti nāmaṁ ahosi.

Ledi vipassanākammathānanti sāsaneca lokeca pākaṭo, anto raṭṭheca bahiraṭṭheca pākaṭo pāsaṇacchattaṁviya garukaṭo bhikkhu sāmaṇerehi manussehica, ledimahātherena pathamaṁkato dassito abhinavavipassanānayotipana adhippāyo nagahetabbo.

Mahāsatipaṭṭhāna pāḷiāditovā, visuddhimagga aṭṭhakathāditovā uddharitvā gahitonayo daḷho avitatho vipassanānayo eva abhavi.

Imasmiṁ sāsane sabbaññubuddhato aññena kenaci puggalenapi Nibbānamagga kammaṭṭhānanayo abhinavo ekamattopi uppādetuṁ nasakkā.

Pāḷiyaṁ aṭṭhakathāsu āgatacattālīsa kammaṭṭhāna mūlaka vipassanānayato adhikaṁ visuṁ kammathānaṁ uppādetuṁ nasakkā.

Ekacattālīsa kammaṭṭhānamaṭṭhītivā, ekacattālīsa kammaṭṭhāna

http://www.dhammadownload.com



mūlako vipassanā nayo attītivā, abhinavaṁ ekaṁ kammaṭhānaṁ uddharitvā pakāsetuṁ samattho ahanti yena kenaci vutte Buddhapāvacanato ekaṅgulādhikaṁ kammaṭṭhānameva bhavissati, saccakammaṭṭhānaṁ nabhavissati.

Ledī vipassanā nayo nābhinavo nacitranayo, Buddhapāvacanāgata porāṇa nayoyeva bhavatīti vattuṁyuttaṁ.

*Taṁvacanaṁ vitthāretvā vakkhāmi, ledivipassanānayo nābhinavo nacitranayo, pāvacanāgata atisundaranayo porāṇanayo, ledīmahātherassa hatthaggahito nayo.

Tikkhagambhīraññāṇānaṁ ññānakiccaṁ pattakāle nayasahassehi pattharitvā ñānakīḷana ñānahaṁsanā asaṅkhyeyā anantāyevahonti.

Nanuāyasamā sāriputto. Yedhammā hetuppabhavā, tesaṁ hetuṁ tathāgatoāhāti āyasamato assajittherassa santikā aṭhārasaakkhara vantānidvepādāni sutamatteneva ayaṁloko bramhunānimmito, ayaṁloko ahetuko tyādikaṁmicchādiṭṭhiṁ pahāya vipassanāvidhiṁca utvā anubbasikkhāya paṭipattiyā sotāpatti magga ñānaṁ patto.

Nanuāyasamatā sāripatta mahāthenna bhdduapāvacane ekamekaṁpadaṁ ekamekaṁvākyaṁ passitvā ñāṇakīḷanakāye cūḷaniddesa mahāniddesa, paṭisambhidā pakaraṇani uppādetāni.

Amhākaṁbahupa kāro ledīmahāthero Buddhapavacanagata paṭipattinayaṁ passitvā ledīvipassanānaya samuṭṭhāpakopi sāriputta aggasāvaka mahātherānuvattako hutvāññṇa kīḷana samattho puggalaviseso.

Buddhapāvacanamūlakaṁ katvā ānāpānadīpanī, bodhipakkhiyadīpanī, vipassanādīpanī, ledīmahā kammaṭṭhāna pakaraṇa, paṭṭhānuddesa dīpanītyādi satādhikassa pakaraṇassa uppādanaṁ lekhanaṁ, ledīmahātherassa ñāṇakīḷanakiccaṁ.

Tasmā ānāpānapubbingama vipassanāpaṭipattikkamaṁ ledīmahāthero ādimajjha pariyosānaṁsammasitvā vīmamsitvā ñāṇakīḷanaṁkatvā niccaṁ hatthaggāha paṭipatti kammaṭṭhānaṁkatvā

http://www.dhammadownload.com



paṭipajji.

*Imasmiṁṭhāne paṭipattidhammaṁ mahācakkarathaupamāya dassetuṁyuttaṁ.

Ayaṁ paṭi patticakkaratho maggaphala nibbāna sampāpako mahāvego mahabbaloti ekaṁsena saddhindriyassakiccaṁ, saddhābalassaca.

Tassa paṭipatticakkarathassaveguppādanaṁ satipaṭhānasatindriya satibala satisambojjhaṅgassa kiccaṁ.

Tassa paṭipatticakkarathassa veguppāddanakālato puṭṭhāya cakkabalauppādanaṁ sammappadānavīriya vīriyindriya vīriyabala viriyasaṁbojjhingassa kiccaṁ.

Tassa paṭipatticakkarathassa veguppādanassa acalabhāvena ṭhapanaṁpana samādhindriya samādhibala samādhisambojjhaṅgassa kiccaṁ.

Evaṁ vevenagatassa cakkarathassamagga phala nibbānasaṅkhātassa icchita ṭhānassa gamanathāya abhimukhīkaraṇaṁ sampāpanañcapana paññandriya paññābala dhammavicaya sambhojjhaṅgassa padhāna kiccaṁ.

Imāyaṁ upamāyaṁ ledīmahāthero ācariyavaro ānāpānamūlaka vipassanāpaṭipatticakkarathakusalo sampājako, teneva

Tipiṭakavidū bhāsantaravidū āyasamā ādiccavaṁso amhākaṁ daharakāle sotujana vaye nibbānaṁ naṭṭhaṁviyadissati. Vīsatisatarāsikāle ledīmahātherena dipanīpakāranāṇaṁ katakāle punapākaṭaṁ. Imasmiṁ marammaraṭṭhe sāsanasammupattiyaṁ piṭakapāvacanato nibbānasampāpaka nayaṁ ledīmahāthero eva passitvā patthagataṁ katvā paṭipajituṁ sakkotīti āsabhīvācaṁ thomanaṁ abhāsīti.

http://www.dhammadownload.com



*Evamānāpāna pubbaṅgama vipassanā paṭipatticakka mahārathassasampājaka nayaṁ anāgāmīti pākaṭo ācariya U Bho Thettināmako upasako ācariyamuṭṭhiṁ gahetvā a labhi. Gahaṭha ledī kammaṭṭhānācariyo ahosi.

Tato U Ba Khin, U Goenkā, U Chit Tin, U Than ti kammaṭhānācariyā tyādi mahāsissāca ācariyamuṭhiṁ labhitvā ledīkammaṭhanācariyā bohū ahesuṁ.

Atīta vassasatādhika kālato patthāya ledīvipassanānayo samubbhavī.

Buddhavipassanā nayassaantorathevā, bahiraṭṭhevā, vuḍḍhiyā viruṭṭhiyā vepullāya kātukāmo sare Sie Thu, U Bha Khin nāmako upāsako verikkhayaraṭṭhe Bahan nagare kan U ārāmikaṁ adhipatiṁ ācariyavaraṁupacaṅkamitvā evaṁ avoca,

Aham bhantebhāsantaracheko pacchimaraṭṭhesu buddhassa vipassanānayaṁ vivaṭaṁkātukāmo.

Katamo vipassanānayo vivaṭaṁ kātuṁyuttoti.

Kam U ārāmiko adhipatiācariyavayo evamāha

Imasmiṁmaramaraṭṭhe upasaka vipassanānayābahū tesuvipassanānayesu yaṁ yaṁ vipassanānayaṁ ārabitvā nandasi, taṁ taṁ vipassanānayaṁ hatthagataṁ katvā ācariyamuṭṭhiṁ gahetvā pacchimaraṭṭhesu pattharatu, vivataṁkarotūti.

Upāsako U Bha Khin nāmako Kan U āramikassa adhipatimahātherassa ācariyavarassa ovādaṁ sirasipaggayha maramaraṭṭhe pākaṭesu tesutesu kammaṭṭhāna ṭhānesu vipassanādhammaṁ ārabhitvā dhammaṁgavesi, dhammaṁgavesanto vicaranto anāgāmīti vissutassa upāsakassa santike samathavipassanānayaṁ yāci.

Athassa bahupakāraācariyavarena Ledīmahātherena ratanāpuñja

http://www.dhammadownload.com



nagare Kin Wun mahāamaccassa dassita meva vipassanā kammaṭṭhāna nayaṁ sayaṁpi āraddha vipassanānayam adāsi.

Sovassasattāguṇadharo U Bha Khin nāmako upāsakopi teneva nayena ārabhitvā dhammaṁpassitvā, anandi, dhammu padesaṁ alabhi. U Ba Khin nāmako mahākammaṭhānācariro hutvā āgatāgtānaṁ yogīnaṁ Ledīvipassanānayaṁ adāsi.

Marammaraṭṭhe vārenamahāsammata rājakālo ahosi, tadā marammaraṭha mahāsmmato Sap Shwe Thaik itināmako ahosi, so attanovasamanamahāgehe gabbhe gabbhe surāpānaṁ thapetvā pivikira, ekadā somahāsammato U Ba Khin nāmakassa mahākamaṭṭhā nācariyassa santike vipassanānayaṁ yāsitvā ārabhi, vipassanaṁ ārabitvā pana nasurāpāmaṁ pivīti sutapubbaṁ. Ahoratanattayassa ānubhāvo.

So buddhasāsane saddhājāto buddhapāḷipiṭakassa Shan bāsāya parivattanampi kārāpesi, dhammavinayassa vuḍḍhiyā viruḷiyā vepullāya ussāhaṁakāsi, anekāni Shan bāsāya piṭaka potthakāni ahesuṁ, sāsanassa ṁūlakāraṇa karaṇaṁ ahoacchariyaṁ.

Mahākammaṭhānācariya U Ba Khin tivisutassa mahāupāsakassa santikā U Goengāti nāmako upāsakoca, U Chit Tin tināmako, Daw Mya Twin tināmikā upāsikāca, Ledīvipassanānayaṁ sutvā nayopadesaṁ alabimsu, aññepinayopadesaṁ laddhā Ledīkammaṭṭhānacariyā yathācariyamuṭṭhiṁ labhantitathā ledīvipassanā nayaṁpakāsesuṁ.

Idāni navutimattaraṭṭhesu asītimattabhāsantena sattatyādhika satakammaṭṭhāna ṭṭhānāni vivaritvā Ledīvapassanā nayaṁ dassesuṁ. Tıṇi ṃāni bhikkhave vivaṭāni virocanti nopaṭicchannāni, katamāni, tīṇi, caṇḍa maṇṇlaṁ, sūriyamaṇṇlaṁ, tathāgatappavedito dhammavinayo, vivaṭo virocati, nopaṭicchandotibuddhassa desitam sirasi paggayha akariṁsu.

http://www.dhammadownload.com



Evaṁ Ledīvipassānayo, bahiraṭṭhe vivaṭo paramparābhatoti.

Bahiraṭṭhesu buddhasāsanassa vivaṭatthāya katasamitiyā amhākaṁ bahupakāro ledīmahāthero pubbe dhammavinayassa vuḍḍhiyā viruḷiyā vepullāya gatakāle tehipiṭakavacanāni sahagatāni, adhunāpana evaṁtehi nasahagatāni piṭaka vacanāni tasmā piṭakavacanāni vā amhākaṁledīdīpanī pakaraṇādīni vā nānābhāsāhi muddāpetvāṭhapituṁ pattrituṁ gahetvā gantuṁ yuttaṁti ovadi.

Evamidaṁ ovādaṁ sirasikatvā ledīvaṁsā nurakkhakā Mon Ywā nagare mahāledīārāme navamaledīmahātherappamukhā mahātherā buddhassa pitaka vacanivā buddhadesanāya anurūpāni ledīmahāttherena racitāni likhitāni pāḷibhāsāyavā maramabhāsāyavā bhāsantarenavā visodhetvā muddāpetvā antoraṭṭhevā bahiraṭṭhevā vivaṭatthāya ledīmahātherassā numatiyā paripuretuṁ katāni, ṭhapitāni, dhammadānāni katāni.

Ledīmahātherena racitāni buddhadesanāya anurūpāni ledī dīpanīpakaraṇāni sekkha taungācariyavarena likhitāni paṇḍitavedaniya pakaraṇādīni ledīkammaṭṭhānā cariyehica yogīhica paṇditehica niccaṁpassikabbāni.

Niccaṁpasitvā vasantānaṁ ācariyavaro ledīmahāthero santike vipasanānayaṁ kathentoviya dentoviya bhavissati.

Aññepi bahupakārassa ledīmahātheravarassa ledīdipanī pakaraṇāni hatthato amuñcitvā ledīkammaṭṭhānācariyāviyaca, yogīno viyaca, paṇḍitāviyaca garuṁkatvā vipassanāpadhānakammāni karothāti uyyojanaṁ.

*Ledīmahāthero, anekadīpanīpakaraṇa kārako paṭipatti niyatācāro evaṁpi ovadi, jātiyā paññasavassapattakāle bhikkhū vā manussāvā, yaṁvātaṁvā kāraṇaṁ adassetvā (hatthipāda, hatthihatthaṁ adatvā) bhogasampattigavesavanato nikkhamitvā, buddhasāsane bhavasampattiṁ gavesituṁ yuttanti.

http://www.dhammadownload.com



Athāpi attanipāramīdhammo atthivānovāti jānanatthāya samatha vipassanākammaṭhānaṁ ārabhitvā vīmaṁsatū tipi ovadi.

Jamathavipassanā kammaṭhānassa padhānakammakaraṇa kāle sacesamādhiṁ labheyya, nāmarūpaṁtilakkhaṇato passeyya, attani pāramī dhammo atthīti vinicchayaṁ koreyya.

Sacesamādhiṁnalabheyya khaṇikasamādhiṁvā, upacārasamādhiṁvā, appanāsamādhimi vā, nanāmarūpaṁ tilakkhaṇato passeyya na attani pāramīdhammoatthīti, vinicchayaṁ kareyyāti ādikaṁ ovādaṁ sirasipaggayha ledīkammaṭhānācariyasamitiṁkatvā samathavipassanā kammaṭṭhānagavesanaṭhānāni vivaritvā anekesaṁ yogīnaṁ anekā ledīkammaṭthānācariyā anto marammaraṭhe dassetvā dhammadānaṁ katvā anekāyogino ledīvipassanānayaṁ gahetvā padhānakammaṁ akarimsu.

Evaṁ bahiraṭṭhevā antoaṭṭhevā padhānakammaṁ anekāyogino padhānakammaṁ anuyuñjiṁsu. Evaṁ anto raṭṭherā bahiraṭṭhevā ledīvipassanānayo vivaṭo hutvā dhammavinayassa vuḍḍhiyā viruḷhiyā vepultaya ahosi.

## Nigamana kathā

**Ekamūlā ekokkhandho,**
**tato sākhā pabhijjare.**
**Tato palāsa paṇṇāni,**
**evaṁ nānānikāyakā.**
**Nānācariya bhāvena,**
**visuṁ visuṁ pabhijjare.**
**Sogatonatatherānaṁ,**
**nayaṁ seveyya paṇḍito.**
**So gataññō natānaṁtu,**
**nahi seveyya sajjano.**

Ekamūlā ekakkhandho a bhavi ekakkhandhato sākhāyo pabhijjare tatopalāsa paṇṇāni pabhijjantiyathā.

http://www.dhammadownload.com



Tathābuddhamūlato saṁghakkhandho abhavi, saṁghakkhandhato aggasāvaka asītimahāsāvakā pakatisāvakā arahanto sākhāyo pabhijjitvā gatāpi ekoeva mūlasaṁgho abhavi, buddhasāsanassa pacchimakālepana asamavāda visamavāda hatthaggāhaka ācariyasaṅkhātā paṭilomāahesuṁ, mahakkhandha samagga saṁghato nikkhamitvā pabhijjiṁsu, tesaṁ ācariyānaṁ sissānu sissā palāsapaṇṇasaṅkhātā nānānikāyā nānāgaṇā ahesuṁ.

Evaṁpabhinnakāle sogataonatatherānaṁ buddhavacanagarukatānaṁ pariyatti paṭipattinayavaraṁ paṇḍito seveyya.

Buddhavacanato aññamicchādhamma onatānaṁ ācariya paṭirūpakānaṁ vacanaṁ punappunaṁ vīmaṁsitvā attanomatiyā vuttaṁ abhinavakataṁ paṇḍito na seveyyāti.

Bhaddantajagarābhivaṁsa
Aggamahāpaṇḍita aggamahākammaṭṭhānācariya
Ledīkammaṭṭhānācariya samiti ukkaṭṭha
Kalayvāraññakārāma
Nāgaleṇa guhāthala
Verikkhaya nagara